
www.burmeseclassic.com



BURMESE CLASSIC .com


www.burmeseclassic.com

www.burmeseclassic.com

ကြည်သိန်း


စာမူကြိုတင်ခွင့်ပြုချက် ၊ ၄၅၉၊ ၈၈
ရေခံနှင့်မျက်နှာဖုံးခွင့်ပြုချက် ၊ ၂၄

ထုတ်ဝေသူ၊ ဦးညွန့်ဝေ၊ မြဲ/၀၁၃၈၃၊ ညွန့်
အမှတ်၊ ၁၅၁၊ လမ်း၄၀၊ ရန်ကုန်မြို့
ပုံနှိပ်သူ၊ ဦးသန်းဆွေ၊ မြဲ၊ ၀၂၀၅
နံ့သာပုံနှိပ်လုပ်ငန်း
အမှတ်၊ ၁၃/၁၀၇ လမ်း၊ မင်္ဂလာတော
ရန်ကုန်မြို့




www.burmeseclassic.com

www.burmeseclassic.com



ပထမအကြိမ်
၁၉၈၉၊ ခု ဇန်နဝါရီလ
အုပ်ရေ ၊ ၁၀၀၀
တန်ဖိုး ၊ ၃၄ ကျပ်
မျက်နှာဖုံးနှင့်ရေခံပန်းချီ၊ မျိုးမြင့်
မျက်နှာဖုံးရိုက်၊ ဆန်းသိန်း အောင်
တအုပ်ချုပ်
ကျော်ဆန်းဦး

# ညျိုစာအုပ်နှင့် ပတ်သတ်၍...

(က)

ပြီးခဲ့သော စာအုပ်များနှင့် ပတ်သက်၍ ဝေဖန်စကားများ ရေးသား ပေးပို့ကြသည့် စာဖတ်သူ၊ မိတ်ဆွေ၊ ဆရာများအားလုံးကို ကျေးဇူးတင် ပါသည်။

ဝေဖန် အကြံပေး ထောက်ပြကြသည့် အချက်အလက်များ အားလုံးကို ဦးထိပ်ပန်ဆင်လျက် ကျွန်တော် ဆက်လက်ကြိုးစားပါဦးမည်။

ဤစာအုပ်နှင့် ပတ်သက်၍ ကျွန်တော့်အား စကား အနည်းငယ် ပြောခွင့်ပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည် ခင်ဗျား....။

(ခ)

ကျွန်တော်တို့မှာ ပြီးခဲ့သည့် အတိတ်ဘဝလေးများနှင့် စပ်လျဉ်း၍ မေ့လျော့စရာ အဖြစ်အပျက်လေးများသည် များပြားစွာ မဟုတ်သည့်တိုင် အနည်းငယ်လေးမျှတော့ ကိုယ်စီကိုယ်င ရှိကြလိမ့်မည်ဟု ထင်ပါသည်။

ထိုအဖြစ်အပျက်လေးများ အကြောင်းကို ပြောဆိုသည့် အခါတိုင်း အခါတုန်းက ဆိုသည့် အသုံးအနှုန်းလေးများကို သုံးစွဲခဲ့လ သုံးစွဲနေ ကြပါသည်။

F. A

စေတနာ စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထို''တစ်ခါတုန်းက''သည် တစ်ခါတစ်ရံတွင် အဖြစ်အပျက်တစ်ခုကို ရည်ညွှန်းတတ်သလို၊ တစ်ခါတစ်ရံတွင် အချိန်ကာလလေးတစ်ခု၊ တစ်ခါတစ်ရံ တွင် နေရာဒေသလေးတစ်ခု၊ တစ်ခါတစ်ရံ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၊ (သို့မဟုတ်) တစ်စုတစ်ဖွဲ့ (သို့မဟုတ်) တစ်တန်းတစ်စား၊ အလွှာတစ်လွှာ၊ မျိုးနွယ်စုတစ်စု စသဖြင့် ရည်ညွှန်းရတတ်ပါသည်။ ယခု တစ်ခါတုန်းက တက္ကသိုလ်မှာ— ဆိုသော ဝတ္ထုသည် ဤကဲ့သို့သော အနက်ရှိသည့် စာ တစ်ပုဒ်ဖြစ်ပါသည်။

(ဂ)

ကျွန်တော်သည် ဘဝ၏ ကံအကြောင်းတရားကို အခြေပြု၍ ယခုထိ တက္ကသိုလ် သုံးခုကို ကျင်လည်ခဲ့ရဖူးပါပြီ။

လွန်ခဲ့သော ဆယ်နှစ်ခန့်က ကျင်းပခဲ့သည့် စက်မှုတက္ကသိုလ် မောင်မယ် သစ်လွင် နေ့တစ်နေ့တွင် ကျွန်တော် တက္ကသိုလ်ကျောင်းသား စဖြစ်ပါသည်။

ဤဝတ္ထု ပြီးချိန်တွင် ကျွန်တော်သည် ရန်ကုန်တက္ကသိုလ်၌ ရူပဗေဒ အဓိကဘာသာနှင့် မဟာသိပ္ပံ နောက်ဆုံးနှစ် အပိုင်း (က) တက်နေသော ကျောင်းသားအဖြစ်ဖြင့် ရှိနေဆဲပင် ဖြစ်ပါသည်။

ရန်ကုန်စက်မှုတက္ကသိုလ်တွင် ၄ နှစ်အထိ အတန်းကျမရှိ။ ထို့နောက် မည်သည့် စာမေးပွဲမှ ကျရှုံးခြင်းမရှိဘဲ အနားယူကာလ သုံးနှစ်၊ ထို့ နောက် တက္ကသိုလ်စာပေးစာယူ သင်တန်းတွင် ပြကွဒိန်နှစ် တစ်နှစ် အတွင်း အတန်း နှစ်တန်း ဖြေဆိုအောင်မြင်ခဲ့ပြီးနောက် မဟာသိပ္ပံ နောက်ဆုံးနှစ် အပိုင်း (က) ကို ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံ တက္ကသိုလ်၌ တစ်နှစ်တိတိ ပညာ ဆည်းပူးခဲ့ပြီးနောက် သိပ္ပံ (ရူပဗေဒ)ဘွဲ့ တစ်ဘွဲ့ကို ပိုင်ဆိုင်ပြီး ဆက်လက် စာသင်နေရသော ကျောင်းသားပင် ဖြစ်နေပါသေးသည်။

ထို့ကြောင့် ကျွန်တော့် ဘဝနှင့် စပ်လျဉ်း၍ တစ်ခါတုန်းကဟု ရည်ညွှန်းပြောဆိုမည်ကြံတိုင်း တက္ကသိုလ်နှင့် ပတ်သက်သည့် စကားစုများ သည် နေရာများစွာ ယူလာပါသည်။

ထို့ကြောင့် ကံ့ကော်ပွင့်လေးများသည် ကျွန်တော့်ချစ်သူ ဖြစ်နေ သည်မှာ မဆန်းပါ။





(ဃ)

ဤဝတ္ထုသည် အထက်ပါ စကားစုဧရေးများမှ တစ်ပိုင်း တစ်စ သို့မဟုတ် တချို့တစ်ဝက်ဟု ခေါ်လိုက ခေါ်နိုင်ပါသည်။

သို့မဟုတ်....

ကံ့ကော်ရွက်ရေ အတ္ထုပ္ပတ္တိ၏ ရုပ်ပုံလွှာ ထစ်ဝက်တစ်ပျက်ဟုလည်း ပြောနိုင်ပါသည်။

ထို့ကြောင့် ဤဝတ္ထုတွင် ကျွန်တော် တင်ပြသော အကြောင်းအရာ များနှင့် ပတ်သက်၍ ကျွန်တော့်ဘာသာ ကျွန်တော်လည်း မည်သည့် အခြင်း အရာကို အဓိကထား ဖွဲ့ဆိုသနည်း ဆိုသော အမေးကို ဖြေရန် ဝိဝါဒ မကွဲ တော့ပါ။

(င)

တစ်ခါတစ်ရံတွင် တက္ကသိုလ်သည်ရှေ့တန်းရောက်လာပါသည်။
တစ်ခါတစ်ရံတွင် ချစ်သူငယ်ချင်းများလည်း နေရာယူလာပါသည်။
တစ်ခါတစ်ရံတွင် ကံ့ကော်ပွင့်လေး တစ်ပွင့်သည် လွှမ်းမိုး သွား ပါသည်။
ဤသည်မှာ ကျွန်တော်ပြောလိုရင်းတစ်ချက် ဖြစ်ပါသည်။

(စ)

အားလုံးကို ကျွန်တော် ကျေးဇူးအထူးတင်ရှိပါသည်။

လေးစားလျက်

နွမ်ကျော

(၁၉၈၃)



www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်နှင့်ပတ်သက်၍

## (၁၉၈၈)

မနေ့တစ်နေ့ကဟု ထင်နေဆဲမှာပင် ပြက္ခဒိန်ပေါ်မှ သက္ကရာဇ်ဂဏန်းသည် ၁၉၈၁ မှ ၁၉၈၈ ဟု ပြောင်းသွားခဲ့၏။

ထိုအခါကျမှပင် တစ်ခါတုန်းက အတိတ်ကို တမ်းတလွမ်းဆွတ်ခဲ့သော ပန်းပွင့်လေး တစ်ခုသည် သူကိုယ်တိုင် အတိတ်တစ်ခု ပြန်ဖြစ်နေပြီဖြစ်ကြောင်း သတိပြုမိသည်။

"တစ်ခါတုန်းကတက္ကသိုလ်မှာ..." သည် တစ်ခါတုန်းက အတိတ်ကို အောက်မေ့သတိရသော ပန်းပွင့်လေးတစ်ခု ဖြစ်ခဲ့၏။

ထို့အတွက် ခင်လေးသည် လည်းကောင်း၊ ရွှေရတု တစ်နှစ်စွန်းမှ တက္ကသိုလ်သည် လည်းကောင်း၊ မောင်ထွန်းဝေ၊ ပေါ်ဦး၊ မဖြူနှင့် ကျော်ညွန့်တို့သည်လည်းကောင်း ပို၍ဝေးသောအတိတ်များ ဖြစ်ခဲ့ရလေပြီ။

သို့သော် ပြီးခဲ့သော ကံ့ကော်ပွင့်ရက်များက တက္ကသိုလ် နယ်မြေ အနီးတစ်ဝိုက်မှ ဖြတ်သန်းရင်း တက္ကသိုလ်တွင်ပွင့်နေသည့် ကံ့ကော်များကို အမှတ်မထင် လှမ်းမြင်မိသည်။

ထိုအခါ ကျွန်တော့် နှုတ်ဖျားမှ အလိုအလျောက် ပွင့်အံလာသော စကားတစ်ခွန်းကို ဆိုမိသည်။

"မြကျွန်းသာမှာ ကံ့ကော်တွေပွင့်နေပြီ ခင်လေးရေ..." ဟု။

ရင်ထဲတွင် အတိုင်းမသိသော ဝေဒနာ လှိုင်းတံပိုးတို့ ပြင်းထန်စွာ ရိုက်ခတ်လာ၏။

ဝဲနေကျ မျက်ရည်တို့သည်လည်း ကုန်လွန်ခဲ့ပြီဖြစ်သော ကာလများကဲ့သို့ပင် ပြန်လည်ရစ်ဝိုင်းလာကြသည်။

နားထဲတွင် "ခင်လေးရေ...ခင်လေးရေ" ဟု အမြဲကြားယောင်တတ်သော ကံ့ကော်တောမှ ဥဩသံကိုလည်း အရင်အတိုင်းပင် ကြားနေရသည်။





အင်းလျားရေပြင်ပေါ်မှ ဝေ့ဝဲဆိုင်းနေသော မြူများကို ကြည့်သည်။ နှင်းကာပင် မှုန်ဝါးနေသော မြင်ကွင်းသည် မျက်ဝန်းထဲမှာ ဝေနေသော နှင်းများကြောင့် ဘာမှ မသဲကွဲတော့။

ကာလသာ ပြောင်းခဲ့သော်လည်း ဘယ်သောအခါမှ အဝေးမပျက်သော မျက်ဝန်းမှ နှင်းတို့ကို အကြောင်းပြု၍ "ခုလဲပဲ နှင်းတွေကတော့ ဝေနေဆဲပါပဲ" အမည်ရှိ ခံစားမျှော်လင့်ချက် ဝတ္ထုတစ်ပုဒ်ကို နွေခေါင်ခေါင် နေမလကြီးမှာပင် ကျွန်တော် ထုတ်ဝေဖြစ်ခဲ့သည်။

ခင်လေးကို ရည်မှန်း၍ ခပြစ်နိုင်စွာ တမ်းတမျှော်လင့်ခဲ့ခြင်း တစ်ခု ဖြစ်သည်ဟုတော့ "ခုလဲပဲ နှင်းတွေကတော့ ဝေနေဆဲပါပဲ" ကို ကျွန်တော် ဝန်ခံရပါ၏။

သို့သော်...ဝတ္ထုထဲက ဇာတ်ကောင်အမည်ကို မောင်ထွန်းဝေ ဟု မတတ်ရဲသည့်တိုင် ဦးချစ်ဝေ ဟု ပေးခဲ့ခြင်းအတွက် ကျွန်တော် သိပ်ပြောမလို။

ဇာတ်သိမ်းမှာ ဘာဖြစ်လို့ လွမ်းသင့်ရဲ့သားနဲ့ မလွမ်းတာလဲ၊ ဘာလို့ ဝေါင်းပေးရတာလဲ ဟု မေးသော မေးခွန်းကိုလည်း ကျွန်တော့် ရင်ထဲက မျှော်လင့်ချက်ပါဗျာ... သဘာဝမကျရင် ခွင့်လွှတ်ပါဟု ကျွန်တော် ရိုးသားစွာ အဖြေမပေးဝံ့။

ကျွန်တော့်ကို ခွင့်လွှတ်ပါသိ...

*

## (၂)

"ယာဝရ" အမည်ရှိသော ကဗျာလေးတစ်ပုဒ်ကို ကျွန်တော် ရေးခဲ့ဖူးသည်ကို အမှတ်ရသော မိတ်ဆွေများ ရှိကောင်းရှိပါလိမ့်မည်။

ထိုကဗျာ၏ အဆုံးပိုဒ်တွင် ဤသို့ ရေးခဲ့၏။

နှစ်၊ လ၊ နာရီ
ရာသီဆိုတာ ပြောင်းတတ်တယ်
ဒါပေမယ့်...
ရင်ထဲမှာအိပ်၊ အတိတ်ဆိုတာ
ခြေရာပါကွယ်...
ထင်လှာခွဲရစ်၊ မေ့မပစ်ယင်
အသစ်အသစ်၊ ပြန်ပြန်ဖြစ်ဆို့။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်သလောက်၊ မေ့ပျောက်ခက်တယ်
ကြွေသာကြွေမယ်…နုံ့မပြယ်ဘူး
နွမ်းသာနွမ်းမယ်…နမ်းမပြယ်ဘူး
ပန်းခြောက်လေးတွေလိုပါပဲ။ ။ဟု…

"ခုလဲပဲ နှင်းတွေကတော့ ဝေနေဆဲပါပဲ" ဝတ္ထုတွင် လေးနက်တည်ကြည်စွာ ပြောရမည့်နေရာများ၌ မာန်လည်ဆရာတော်ဘုရားကြီး၏ (စာတစ်ကြောင်းလျှင် စာလုံး ၂၂ လုံး၊ တစ်မျက်နှာလျှင် စာကြောင်း ၃၀ ခန့် ဖျမ်းမျှခြင်းနှင့် စာမျက်နှာ ၄၇၆ မျက်နှာတိတိရှိသော အစအဆုံး လက်ချည့်သက်သက် ရေးထားသည့်) စာလုံးရေ ၃ သိန်းကျော်ရှိသော မကာဒေဝ လင်္ကာကြီးကိုပင် အစအဆုံးဖတ်ပြီး ကျွန်တော် တည်ကြည်စွာ မမှားမယွင်းရေးခဲ့သည်။

[illegible]

[illegible] နေတတ်သည့် [illegible] ခြောက်လေးများ အကြောင်းကို နားလည် ခံစားတတ်သူချင်း ကတော့ ကျွန်တော့် ပြောလိုရင်းကို လက်ခံနိုင်လိမ့်မည်ဟု ထင်မိပါ၏။

*

(၃)

ကျွန်တော့်ရင်ထဲမှာတော့ ဟောင်းပြီးရင်း ဟောင်းရင်း ဖြစ်နေသော ပန်းခြောက်ကလေးများသည် ထာဝရ သင်းပျံ့မွှေးထုံနေဆဲ…

မျက်ဝန်းတွင်ဝေတတ်သော နှင်းတို့သည်လည်း ထာဝရ ဝေနေဆဲပို…

"ဒုတိယအကြိမ်" ဟုပင် စာအုပ်၌ ထုံးစံအတိုင်း မရေးထိုးတော့ဘဲ "ကံ့ကော်ရွက်ရေ အတ္ထုပ္ပတ္တိ၏ ရုပ်ပုံလွှာ တစ်ဝက်တစ်ပျက်" ဟု ၁၉၇၁





ခုနှစ်က ကျွန်တော် တင်ပွဲခဲ့သော "တစ်ခါတုန်းကတက္ကသိုလ်မှာ" ကို အသစ်တစ်ဖန် ပြန်လည်ထုတ်ဝေလိုက်ပါသည်။

လှည့်စားခြင်းနှင့် အထိမ်းအမှတ်ပြုခြင်းကိုသည်း ကြင်နာတတ်သူတိုင်း ခွဲခြားသဘောပေါက်ပါစေဟု ဆုတောင်းမိပါ၏။

*

(၄)

"တစ်ခါတုန်းက တက္ကသိုလ်မှာ" ကို ပြီးခဲ့ပြီဟု ဝတ္ထုတစ်ပုဒ်၏ အနေနှင့်ကော၊ ရင်တွင်းခံစားမှု အနေနှင့်ကော ဘယ်သောအခါမှ ကျွန်တော် သတ်မှတ်၍ရနိုင်မည် မဟုတ်ပါ။

အခါအခွင့်သင့်တိုင်း အသစ်အသစ် ပြန်ဖြစ်နေမည်ဖြစ်သလို…

တစ်နေ့သောအခါတွင်လည်း ဘယ်သောအခါမှ ပြီးဆုံးသွားမည် မဟုတ်သည့် မောင်ထွန်းဝေနှင့် မခင်လေးတို့၏ နောက်ဆက်တွဲဇာတ်လမ်း တစ်ပုဒ်ကို ထပ်မံတင်ပြဖို့ စိတ်ကူးမျှော်လင့်ချက် အမြဲရှိပါသည်။

နာမည်ကြီးခဲ့သော ဝတ္ထုတစ်ပုဒ်ကို အမှီပြု၍ နောက်ထပ် ဇာတ်ချက်ခွင်းဟု စာဖတ်သူမိတ်ဆွေများ အထင်လွဲသွားမှုပျောက်၊ သံသယ ကင်းရှင်းနိုင်သည့် အချိန်တစ်ချိန်ရောက်လျှင် ကျွန်တော် ကြိုးစားပါဦးမည်။

*

(၅)

ကျွန်တော့် ဝတ္ထု အသစ်များကို ပုံမှန်အတိုင်း "လှိုင် စာပေ" မှ ထုတ်ဝေဖြန့်ချိလျက် ရှိပါသည်။

ထိုအချိန်တွင် "ပန်းဝေသီမဂ္ဂဇင်း" ကို စတင် မွေးဖွားသူ တစ်ဦး ဖြစ်သော "ငွေတာရီစာပေ" မှ "မောင်ကျော်လှိုင်" က စီစဉ်သူ "မောင်သိန်းဝ" နှင့် တွဲ၍ ပန်းဝေသီထဲမှာ ကျွန်တော့် ဝတ္ထုတို၊ မဂ္ဂဇင်းဝတ္ထု ရှည် နှိပ်မြီးထားများကို အလျှဉ်းသင့်သလို ထပ်မံပုံနှိပ် ဖော်ပြနေရာကနေ စိတ်ကူး တစ်ခုရလာဟန် ရှိပါသည်။

"အိပ်မက်ထဲက မနှင်းဆီ" ဟု ကျွန်တော် အမည်ပေးထားသော စာစုသည်လည်း ပုံစံတစ်မျိုးဖြင့် ပြန်လည် စုစည်းထားသည့် ကျွန်တော့် ဆက်ဆောင် ပန်းခြောက်လှလှလေးများပင် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခု ကျွန်တော် အမြတ်နိုးဆုံးသော ပန်းခြောက်လေးတစ်ပွင့် ဖြစ်သော တစ်ခါတုန်းက တက္ကသိုလ်မှာကိုလည်း ကျွန်တော့်နည်းတူ မြတ်နိုးတွယ်တာစွာဖြင့် အသစ်ပြန်ပြန်ဖြစ်အောင် သူတို့ပင် စီစဉ်ခဲ့ပါသည်။

ဘာဖတ်သူ မိတ်ဆွေများကလည်း မြတ်နိုးတွယ်တာကြသည် ဆိုပါက ယခုအခါ အမည်လောက်သာ မှတ်မိတော့ပြီး တစ်ချို့စာအုပ်ကို ကျွန်တော့်ထံမှာပင် ရှာမရတော့သည့် "တစ်ပင်ထဲ ရှင်ထဲကနွယ်"၊ "အချစ်ဆုံးလဲ ဖြစ်ခဲ့ဖူးပါတယ်"၊ "တမင်စိမ်းတယ်လို့ ဆိုရက်ပါနဲ့ကွယ်"၊ "ဟိုဘက်ကမ်းက မီးသိန်းသိန်း"၊ "ညဉ့်ဦးယံ ပြန်ဘက်ပါလိမ့်" စသည့် ရနံ့မပြယ်သေးသော၊ နမ်းမပြယ်သေးသော ပန်းခြောက်လေးများကို အသစ်ပြန်ပြန် ဖြစ်အောင် စီစဉ်ဦးမည်ဟုလည်း ကြိုးစားနေကြပါသည်။

*

(၆)

ယခု တစ်ခါတုန်းကတက္ကသိုလ်မှာကို စီစဉ်နေချိန်၌သည်း ၁၉၇၀ ခုနှစ်က စီစဉ် ထုတ်ဝေခဲ့သူ ဖြစ်သော ဥာဏ်ဝင်းစာပေမှ ကိုဥာဏ်ဝင်း (သတ္တဝေဒ) (ယခု ကွယ်လွန်)ကို များစွာသတိရ အောက်မေ့မိကြပါသည်။

အဆိုရှင်တရားကို ဆင်ခြင်မိခြင်းနှင့် ယှဉ်တွဲခံစား ရေးသားထားသော ဤဝတ္ထုကို ပြန်လည် ဖတ်ရှု ပြင်ဆင်ရင်းနှင့်လည်း ထိုစဉ်က ဤဝတ္ထု၌ ဇာတ်ကောင် တစ်ကောင်အဖြစ် ရေးသားခဲ့သည့် ကိုတင်မောင်မွေး(ကိုမွေး) ရန်ကုန်တက္ကသိုလ် အနုပညာအသင်း (ယခု ကွယ်လွန်)၊ ကျွန်တော့် စာပေဟောပြောပွဲများတွင် ခင်လေးအကြောင်း မေးမြန်းတိုင်း ဘူဘဘောကျ၍ ကျွန်တော့်နှင့် အတူတွဲ၍ ဟောပြောသော ဝေပုံ၊ ရန်ကုန်ပွဲတိုင်းတွင် ခင်လေးအကြောင်း မပါမဖြစ် ထည့်ပြော ရစ် ဘိုက် တွန်း တတ် သည့် ဗိုလ်မှူး (ဗိုလ်ဇေကို) (ယခု ကွယ်လွန်) တို့ကိုလည်း လွမ်းဆွတ်မိကြောင်း မှတ်တမ်းပြုပါရစေ...

*

(၇)

ဤစာအုပ်ကို အသစ်ပြန်ရေးသားခြင်း မဟုတ်သော်လည်း ပြောင်းလဲလာသော စာပေမူအရ၊ ခေတ်နှင့် မလျော်ညီတော့သော အချို့ နေရာ အနည်းငယ်ကို ပြန်လည် ပြင်ဆင်ဖြည့်စွက်ပြုပြင် ရေးသားခြင်း ပြုလုပ်ထားပါသည်။

သို့သော် မည်သို့ပင်ဖြစ်စေ ဤဝတ္ထုတွင်...





တက္ကသိုလ်နယ်မြေ၏ ငြိမ်းချမ်းသောကာလမှ အလှများ....

ငြိမ်းချမ်းစွာ ပညာသင်ကြားခြင်း၏ မွန်မြတ်သန့်ရှင်းသော အကျိုးတရားများ....

မြကျွန်းသာ ကံ့ကော်တော၏ ဂုဏ်ယူအားကျဖွယ် အကျင့်စရိုက်ကောင်းလေးများ....

အစဉ်အလာဝရ နိုင်ငံနှင့် ပြည်ထောင်စုကို ချစ်ခင်မြတ်နိုးသော စည်းကမ်း စနစ်ကျနစွာ မိမိ၏ ကိုယ်ကျင့်တရား ကောင်းခြင်းကို မိမိ ဂုဏ်ယူတတ်သော၊ အချင်းချင်း စည်းလုံးညီညွတ်သော၊ အရာရာကို အကောင်းအဆိုး ခွဲခြားမြင်တတ်သည့် ဆင်ခြင်တုံတရားဖြင့် လောက အလှတရားကို ဖန်တီး တည်ဆောက်တတ်သော၊ တည်ဆောက်ဖန်တီးထားသော အလှတရားများကိုလည်း မိမိတို့ကိုယ်တိုင် ကာကွယ် စောင့်ရှောက်တတ်သော၊ ကိုယ်ကျိုးစွန့်သော၊ အချင်းချင်း လေးစားချစ်ခင် ယုံကြည်တတ်သော၊ အဖျက်တရားနှင့် မှားယွင်းမှုများကို တည်ကြည်စွာ ဆန့်ကျင် ကျော်လွှားတတ်သော.... သည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ ဂုဏ်ယူဖွယ် ဝိသေသများ အပါအဝင်....

ကျွန်တော် ခံစား တင်ပြသော ဇာတ်လမ်း ဇာတ်ကွက်၊ ခံစားမှု၊ ရည်ရွယ်ချက်၊ စေတနာ...စသည်တို့ အာဘော်ခံမှ ပြောင်းလဲထိခိုက်ခြင်းမရှိပါကြောင်းနှင့်....

ဤဝတ္ထုကိုဖတ်ရှုပြီး....

လူငယ်တိုင်း၊ ကျောင်းသား ကျောင်းသူတိုင်း....

တက္ကသိုလ်ကို မြတ်နိုးချစ်ခင်တတ်ပါစေ....

ငြိမ်းချမ်းစွာ ပညာသင်ကြားခြင်းကို မိမိတို့ဆန္ဒနှင့် အညီ လိုလားခံယူ ကျင့်သုံးနိုင်ကြပါစေ....

အချင်းချင်း စိတ်ဝမ်းမကွဲဘဲ အနာဂါတ် ပြည်ထောင်စုကို လှပစွာ ခိုင်မြဲစွာ တည်ဆောက်နိုင်ကြပါစေ....

ကျွန်တော်တို့ချစ်သော တက္ကသိုလ်အားလုံး အစဉ် လှပပါစေဟု ဆန္ဒပြုလိုက်ပါသတည်း။

လေးစားခင်မင်လျက်

(နွဲ့ချော)



www.burmeseclassic.com

www.burmeseclassic.com

မြကျွန်းသာမှာ ကံ့ကော်တွေပွင့်နေပြီ ခင်လေးရေ....
ကံ့ကော်တောတစ်ခွင်လုံး မွှေးပျံ့ထုံသင်းနေလေရဲ့....
ဂျပ်ဆင်ယောဘက်က လွင့်လာတဲ့ ညြသံလေးကိုလဲ
ကြားနေရတယ်....
သူဆိုတာကတော့....ညြ....ညြလို့ ထင်တာပဲ....
ကိုယ် ကြားနေရတာကတော့.... ခင်လေး....
ခင်လေး....ရယ်လို့ ပဲပေါ့....
သတိရတယ်....ခင်လေးရယ်....
သတိရတိုင်းလဲ လွမ်းရတယ်....
လွမ်းရတိုင်းလဲ မျက်ရည်ဝဲရတယ်....
အတိတ်ဆိုတဲ့ အိပ်မက်နှမ်းလေးတွေ
ပျောက်စေချင်ပါပြီ ခင်လေးရယ်....
ဘဝဆိုတာ သစ်ရွက်လေးလိုဖြစ်ရင်
ဘယ်လောက် ကောင်းမလဲ....
သစ်ရွက်ဆိုတာ....
ဝေတုံးက ဝေခဲ့တယ်....



၅

ကြွေချိန်ကျတော့လဲ အနှောင်အတွယ် ကင်းကင်းနဲ့
ကြွေသွားတတ်တယ်....
ပန်းပွင့်လေးတွေလိုပေါ့....
ပန်းပွင့်လေးတွေလဲ....
လန်းတုံးက သန်းခဲ့ကြတယ်....
နွမ်းချိန်ကျတော့လဲ အတွယ်အတာ ကင်းကင်းနဲ့
နွမ်းသွားတတ်တယ်....
ခင်လေးနဲ့ ပတ်သက်တဲ့ အတိတ်ဆိုတာလေးတွေလဲ....
သစ်ရွက်လေးလို ကြွေသွားစေချင်တယ်....
ပန်းပွင့်လေးလို နွမ်းသွားစေချင်တယ်....
ဒါပေမယ့်....ခင်လေးရယ်....
ခင်လေးကို....ကိုယ် ဘယ်လိုမေ့လို့ရမှာလဲ...
တက္ကသိုလ်မှာ ကံ့ကော်လေးတွေ....
အချိန်မှန် ပွင့်တတ်ကြတယ်...
ပွင့်လာတဲ့ ကံ့ကော်ပန်းလေးတွေနဲ့ အတူ...ညြငှက်
လေးကလဲ ခင်လေးရေ... ခင်လေးရေ.... လို့
တမ်းတမ်းတတလေး လာခေါ်တတ်တယ်....
အဲဒီအခါတိုင်းမှာ ဘယ်သူမှ မမြင်နိုင်တဲ့
အိပ်မက်ရဲ့ ခြေရာလေးတွေကို....
ကိုယ် တွေ့နေရတော့တယ်....
ကံ့ကော်ပင်အောက်မှာ....
ခြေရာလေးတွေ တွေ့မိတယ်....
ခြေရာလေး လေးခု။
ပန်ပေးတုန်းက ခြေရာလေးနဲ့...
ပန်နေတုန်းက ခြေရာလေးရယ်....
ကံ့ကော်ပင်ထက်မှာ...



www.burmeseclassic.com

www.burmeseclassic.com

## ၅

လက်ကလေးတွေ တွေ့မိတယ်....
လက်ကလေး လေးခုါ
ပန်ပေးတုန်းက လက်ကလေးနဲ့ ....
ပန်နေတုန်းက လက်ကလေးရယ်....
ဪတော့...
ကံ့ကော်ပွင့်လေးတွေမှာ
အမြုံးလေးတွေ တွေ့မိတယ်....
အမြုံးလေးက နှစ်ခုါ
ပန်ပေး တုန်းက အမြုံးလေးနဲ့ ....
ပန်နေတုန်းက အမြုံးလေးရယ်ပေါ့ကွယ်....
ခင်လေးတော့ တွေ့မှ တွေ့နိုင်မယ်....
ခင်လေးတော့ သတိရချင်မှ ရတော့မယ်....
ကိုယ်ကတော့ မမေ့နိုင်မယ်မထင်တော့ဘူး ခင်လေး....
ဘာဖြစ်လို့ ယဲဆိုတော့....
မြကျွန်းသာမှာ ကံ့ကော်တွေ ပွင့်နေကြပြီလေ....။

*

စေတနာ စာပေ

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com



သင့်ညာဖက်ကို အမြန်ဆုံး လှည့်ကြည့်လိုက်ပါ။

ရှေ့တည့်တည့်မှ မြင်လိုက်ရသော စာတမ်းကြောင့် ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

စောစောက ခံစားခဲ့သော ဒုက္ခများကို မေ့သွားပြီး ထိုင်အက်စကြီးသည် တိုးလို့တန်းလန်း ဖြစ်သွား၏။ မလုံမခြုံများ ဖြစ်နေပြီလားဆိုသော အသိနှင့်အတူ မျက်နှာတစ်ခုလုံး ရှိန်းခနဲ ဖြစ်သွားသည်။

ခက်သည်မှာ ကိုယ်ကကျောင်းသားသစ်၊ ခနေ့တနေ့ကမှ တက္ကသိုလ်နယ်မြေ ခြေချခဲ့သူ။ သည်မှတ်ဝန်းကျင် သည်အနေအသားကို ကိုယ်က ဘာမှသိသူမဟုတ်။

လျှို့ဝှက်အပ်သော နေရာတွင် လူမြင်မခံရသော အလုပ်ကို လုပ်နေသည့်အချိန်မှာ ပိုဆိုးသည်။

ခုလဲ ဘာမှန်းမသိ၊ ညာမှန်းမသိ၊ ကိုယ်ကတော့ လုံခြုံပြီ ပြီး စိတ်ချလက်ချ ရှိခဲ့သည်။ ဤသတိပေးချက် မြင်လိုက်မှ စောစောက လုံခြုံနေသောစိတ်များ ကစင့်ကလဲ ဖြစ်သွား၏။

---

စိတနာ စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သည်ကိစ္စမျိုးကလည်း ကြာကြာဆိုင်းပြီး တွေဝေ
နေချိန်မရ။

ဘာများဖြစ်နိုင်သလဲ ဆိုသည်ကိုပင် ကြာကြာ မစဉ်းစား
သင့်။

အမြန်ဆုံး လုပ်သင့်တာလုပ်မှ ဖြစ်မည်မို့ ညာဘက်သို့
ကမန်းကတန်း လှည့်ကြည့်လိုက်သည်။

မျက်လုံးပြူးသွား၏။

ညာဘက်နံရံပေါ်မှာလည်း စာတမ်းတစ်တမ်း။

"တုတ်ပြီ....မိတ်ဆွေ

ဒါပေမယ့် ကျေးဇူးပြုပြီး

သင့်ဘယ်ဘက်ကို ကြည့်လိုက်စမ်းပါဦး။"

အင်း....ဇာတ်တာတော့ ရှုပ်ပြီဟု ထင်လိုက်၏။

စာတမ်းက နံရံဖြူဖြူတွင် အကြီးကြီးမဟုတ်သော်လည်း
ထင်ထင်ရှားရှား ရေးထားရာ ဘာမှန်းမသိသော်လည်း သူ့
ဆောင်မှုနောက်ကို ကိုယ် မပါ၍ မရတော့။

စောစောက ပျာယာခတ်နေခဲ့သော်လည်း ခုထိ ကိုယ်လုပ်
ရမည့်အလုပ်ကို မလုပ်ရသေး။ ရှင်းရှင်း ပြောရလျှင် နေရာ
တကျမထိုင်ရသေး။ လုံချည်ကိုပင် လိုသလောက် မတင်ရဲဘဲဖြစ်
နေသည်။

နေရာသစ်၏ မလုံလဲစရာအဖြစ်ကြောင့် ကုံးကုံး ကွကွနှင့်
တွိလွိတန်းလန်းကြီး ရှိသေး၏။

ဝမ်းက ရစ်၍နာနေပြီ။

ဧတနာ စာပေ



သို့သော် စိတ်ချလက်ချ မနေနိုင်သေးသဖြင့် ဘယ်ဘက်သို့
ဗျာခနဲ လှည့်ကြည့်လိုက်သည်။

ရော်....လာပြန်ပြီတစ်ခု။

"တုတ်သွားပြီ မိတ်ဆွေ

အစ်ခုဗဲ ကျွန့်ဝါတော့သည်။

နောက်ဘက်အပေါ်သို့ လှည့်ကြည့်လျှင် အဖြေရှိပါသည်။"

သည်တစ်ခါတော့ ကျွန်တော် သိမ်မဆိုင်းတော့။ သိစရာ
ရှိလျှင်လည်း ချက်ချင်းသိလိုက်ချင်ပြီ။ ကိုယ့်အခြေ အနေက
လည်း ကြာကြာဆိုင်းနေလို့ မရတော့။ ကြာလျှင် ဒုက္ခများ
သွားလိမ့်မည်။

ထိုင်တာဝက် ထ,တဝက်ကြီးနှင့် ပုံဆိုးပန်းဆိုး ဖြစ်နေသည့်
အပြင် အနံ့အသက်ကလည်း ဆိုးသည်။

ထို့ကြောင့် သိချင်စိတ်နှင့်အတူ နောက်သို့လှည့်ကြည့်သည်။

မျက်လုံးမိရာအရပ်တွင် ကျွန်တော်နှင့် ဆိုင်သည်ဟု ထင်ရ
သော စာတမ်းမရှိ။

နည်းနည်းလေး မိုးတိုးမတ်တတ် လုပ်ကြည့်မှ တွေ့သည်။
စောစောက မင်ရောင်အတိုင်း စောစောကလက်ရေးနှင့် စာ
တမ်းတစ်ခု။

"သတိထားပါ မိတ်ဆွေ

သူများခိုင်းတိုင်း လျှောက်လုပ်သောသူသည်

ငပေါဖြစ်၏" တဲ့....

သေရော။

ကိုယ့်နဖူးကို ကိုယ့်လက်ဝါးနှင့် ပိတ်ရိုက်မိလိုက်သည်။

ဧတနာ စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းကြီး ခံလိုက်ရပေပြီ။

သည်မှာဖြင့် ဝမ်းနာလွန်းသဖြင့် စာသင်ခန်းထဲမှ ဒရော
သောပါးပြေးလာရသူ၊ အိမ်သာထဲ ရောက်လာသည့်တိုင် ဒ
နှောင့်ယှက်သဖြင့် ကိုယ့်ကိစ္စကိုယ် မလုပ်နိုင်သေးဘဲ ဗျာများ
နေရသူ၊ နောက်ဆုံး စာရင်းချုပ်တော့ ကိုယ်ပဲ ငပေါ်ဖြစ်
သေးသည်။

'ခွေး သူတောင်းစားတွေ'

အယ်သူလုပ်ထားမှန်း မသိသော်လည်း ဟုတ်တိ ပတ်တိနှ
အခန့်သား ရေးထားသော အကောင့်သားများကို ပြစ်ပြ
နှစ်နှစ် တူပ်လိုက်မိ၏။

သို့သော် ဆိပ် ကြာကြာ ဒေါ်ပွချိန်တော့ မရပါ။ ကိုယ့်မှ
ကလဲ ကိုယ့်ပြဿနာနှင့်ကိုယ်၊ လုပ်စရာရှိတာ လုပ်ရန် အရေ
ကြီးသဖြင့် လုပ်ရမည့်အလုပ်ဖြစ်သော အုတ်ခုံပေါ် ထိုင်ချခြင်
အမှုကို ပြုလိုက်မိ၏။

ခုမှလည်း ဗူးခနဲ့ သက်ပြင်းချနိုင်တော့သည်။

အဲ...ပြီးပလားဆိုတော့ မပြီးသေးပါ။

ကျွန်တော်ဆို သည့်ကောင်က တက္ကသိုလ်ကျောင်းသ
အသစ်ကျပ်ချွတ်ကလည်းဖြစ်ပြန်၊ ကဗျာဆရာပေါက်စကလည်း
ဖြစ်ပြန်ဆိုတော့၊ တော်ရုံစပ်စုခြင်းမျိုးသာမက၊ အတော်
အတော်ကိုလည်း စပ်စုစိတ်ကလေးက ရှိနေသည်။

အရေးကြီးသည့် အနေအထားအထိ ကိုယ့်အန္တရာယ် ကိုယ
ဖြေရှင်းပြီးသကာလ၊ မျက်လုံးများက အငြိမ်မနေနိုင်တော
ဖြူဖြူ ဖွေးဖွေးအသွင်ဖြင့် အစကရှိခဲ့သော နံရံပေါ်တွင် ယ





အခါ ပွစာကျဲနေပြီဖြစ်သော လက်ရေးမျိုးစုံဖြင့် နှိုက်နှိုက်
ချွတ်ချွတ် အယုတ်တမာများ ရေးထားသော စာတမ်းများကို
လျှောက်ဖတ်ကြည့်နေမိသည်၊

တက္ကသိုလ်ဆိုသည်က ကျွန်တော့်ခုထိတွေ့မိသလောက်ဖြင့်
တခြားနေရာများထက်စာလျှင်တက္ကသိုလ်မိပိ ထူးကို ထူးသည်။

အယုတ်တမာဟု ကိုယ်ကအလွယ်တကူ ကင်ပွန်းတပ်လိုက်
မိသော်လည်း တကယ်တော့ ယုတ်မာခြင်းနှင့် ဘာမှမဆိုင်ပါ။
လျှို့ဝှက်အပ်သော အချင်းအရာ များနှင့် ပတ်သက် သည့်
အကြောင်းအရာများကို ပညာသားပါပါ တင်ပြထားခြင်း
များသာ ဖြစ်ပါသည်။

အညစ်အပတ်မဟုတ်ပါ။

အကယ်၍ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်သည် တက္ကသိုလ်
ကို ရောက်ခဲ့ပါအံ့။ တခြားအတွေ့အထူး မှာစရာမရှိသေးသော်,
လည်း စေတနာရှေ့ထား၍ မှာလိုသည့် စကားတစ်ခုတော့
ရှိပါသည်။

ထိုစကားမှာ အခြားမဟုတ်ပါ။ တက္ကသိုလ် ရောက်လျှင်
နံရံပေါ်မှ စာတမ်းကလေးများကို ဂရုတစိုက် ကြည့်စေချင်
ပါသည်။

နံရံမရွေး ရေးထားသောစာရှိလျှင် ဂရုပြု လေ့လာစေ
ချင်ပါသည်။

အကယ်၍ ကြည့်သောသူသည် အတွေးအခေါ် ပညာတွင်
စိတ်ဝင်စားသူဖြစ်က ထူးခြားသော ဒဿနများကို ရှာဖွေ
တွေ့ရှိသွားပေလိမ့်မည်ဟု။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သောသူသည် ဟာသပညာကို စိတ်ဝင်စားသူဖြစ်က သူမတူသော ဟာသများဖြင့် ကျေနပ်အားရသွားပါစေမည်။

ဝတ္ထုအကြောင်း၊ စာအကြောင်း၊ ပေအကြောင်းများကို စိတ်ဝင်စားလျှင် ထူးခြားသော ဇာတ်လမ်းလေးများကို ရှာဖွေတွေ့ရှိနိုင်သည်။

ချုပ်ပြောရလျှင် မည်သည့်ဝါသနာရှင် ဖြစ်ပါစေ၊ မိမိသက်ဆိုင်သော ဝါသနာကိစ္စများအတွက် များစွာအထောက်အကူပြုနိုင်သော အချက်အလက်များကို တက္ကသိုလ်နှံ့ရှံပေါ်ရှိ စာတမ်းများတွင် ရှာတွေ့နိုင်ပါသည်။

ကဗျာဆိုလျှင်တော့ ပြောမနေနှင့်တော့။

ပထမဆုံး ကျောင်းစတက်သည့်နေ့က တွေ့ရသည့် ကဗျာခုတိုင် အသည်းစွဲနေသေး၏။

မမေ့ကောင်းစရာ အကြောင်းလည်း မရှိ။

ကျောင်းတက်စ၊ တောကလည်းတောသား ခုမှယောင်တိယောင်တနှင့် လူ့ဘဝကိုရသော လူသားကဲ့သို့ ဖြစ်နေသော ကျွန်တော့်မှာ အတန်းထဲဝင်ထိုင်လိုက်ပြီးကတည်းက ခေါင်းပင် ကောင်းကောင်းမဖော်ရဲ။

မရဲတရဲနှင့် စာသင်ခန်းရှေ့ တည့်တည့် လှမ်းကြည့် လိုက်သောအခါ ကျောက်သင်ပုန်းအပေါ် တည့်တည့် နံရံပေါ်တွင် မြေဖြူနှင့် ထင်ထင်ရှားရှား ရေးထားသော ကဗျာလေးတစ်ပုဒ်ကို လှမ်းမြင်ရ၏။

ပေါ်ဦးကလည်း လက်ကုပ်ပြသည်။





ကဗျာက အချစ်ကဗျာလေး၊ ခံစားချက် အပြည့်အဝနှင့် ဖတ်မိသူတိုင်း ကိုယ်ချင်းစာ၍ ခံစားနိုင်လောက်အောင် အဖွဲ့အနွဲ့ကောင်းသည်။

ခေါင်းစဉ်က ချိန်းတဲ့ညမှာ သူမလာလို့....တဲ့

ကြည့်ပါဦး....

'အခြေမလှတဲ့

စနေညမှာ

ဆီးစပ်ကို မီးဟပ်သလို

ခံစားရပါတယ် အချစ်ရယ်'တဲ့။

ဘယ်လောက် သနားစရာကောင်းလှတဲ့ ခံစားချက်လေး ပါလဲ။

ဒါတောင် ထိုနေရာက စာသင်ခန်းနံရံ။

အခုနေရာကတော့ အိမ်သာဖြစ်သည့်အတွက် အသုံး[illegible]နှုန်းများ နည်းနည်းပိုကြမ်းသည်။ သို့သော် အရပ်အိမ်သာ၊ [illegible]ူး အိမ်သာများကဲ့သို့ တတစ် တခွကြီး မဟုတ်။ ပညာသားပါသည်။

နံရံတစ်နေရာမှ စာတမ်းကမူ ပြန်ပြောပြရန်မသင့်။

တခြား တစ်နေရာတွင်မူ လျှို့ဝှက်အပ်သော ကိုယ်အင်္ဂါ အစိတ်အပိုင်းတစ်ခု၏ အမည်ခွဲများကို နှစ်ဆယ်နှစ်မျိုးထိတိ ရှာဖွေသုတေသနပြုထားသည်။ ပြီးတော့လည်း နှောင်းလူများ ဆက်လက်ကြံဆနိုင်ရန် အလို့ငှာ ရှာဖွေတွေ့ရှိသမျှ ထပ်မံဖြည့် စွက်ကြပါဟု မေတ္တာရပ်ခံထား၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘက်ခြမ်းတစ်နေရာမှ စာသားလေးကမူ ဖော်ပြ သော် ကောင်းအံ့ဟု ထင်သည်။ သို့သော် အချို့နေရာများကို ကိုယ်ပိုင်ဉာဏ်ဖြင့် ဖြည့်စွက်ဖတ်ရန် တိုက်တွန်းအပ် ပေသည်။

အလွန် အတွေးအခေါ် ပါသော စာဖြစ်၍ မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

ရှုပါ....

"ဤနေရာ၌ လုံချည်လှန်၍ ချေးပါနေစဥ်
သင်အချစ်ဆုံးသူကို သတိရကြည့်ပါ။
အဟိ....သင်မရှက်ဖူးလား။
ဟဲ ဟဲ...မရှက်ပါနှင့်။
သင့်အချစ်ဆုံး ချစ်သူသည်လည်း
ဤနေရာရောက်လျှင်
ဤကဲ့သို့ပင် ပြုရပါသည်။
သဘာဝပါ ခင်များ။

ပုံ

ပျင်ခြောက်သုခမိဏ်

တဲ့....

*

လွမ်းနေတဲ့ အချိန်လေးမှာတောင် ရယ်စရာ မောစရာ လေးတွေ ပြန်တွေးမိနေရသေးတယ်လို့ ကိုယ့်ကို အပြစ်တင် မယူလိုလား ခင်လေး....





ခင်လေးရယ်....ရယ်စရာ မောစရာဆိုတဲ့အတိုင်း တစ်ခါက ရယ်စရာလေးတွေဟာ ခုတော့ မောစရာလေးတွေ ဖြစ်နေကြပါပြီ။

ဒါပေမယ့် ကိုယ့်မှာ ပြောစရာလေးတစ်ခုရှိနေတာလဲပါလို့ ဒီအကြောင်းလေးတွေ ပြန်သတိရနေတာပါ....

အဲဒီပြောစရာက ဘာလဲဆိုတော့....

တက္ကသိုလ် ဆိုတာ မပျော်တတ်တဲ့ သူကိုတောင်မှ ပျော်တတ်အောင်သင်ပေးတဲ့ ကျောင်းတော်ကြီး ဖြစ်တယ် ဆိုတာပါပဲ။

*



www.burmeseclassic.com

www.burmeseclassic.com

၂။

"ကနေ့ဆို၊ ကိုယ်ရောက်လာမလားရယ်လို့ အကြိုထောက်ပါလား၊ မြစမ်းရေ၊ နှုတ်ခမ်းလေးတဖွဖွနဲ့၊ သူကပန်ကြားနေ၊ မှန်သားမမြင် ပါးပြင်မခြယ်၊ မှင်ရည်ငယ်မလဲ့၊ အော်.... သုံးနှောင်မဲ့ဆံကော"

နောက်တက်ခန်းဆီမှ ခုနစ်သံချိုရှိ အော်လိုက်သော ဆွေးဆွေး မြေ့မြေ့ တေးသံနှင့်အတူ ထိုအခန်း သည်အခန်းဆီမှ ဩဘာသံများလှိုင်၍ ထွက်လာသည်။

"မဆိုချင်ပါနဲ့ ဘောင်းပန်ထားကြသဗျာ"

ဆိုတာက တစ်မျိုး

"ဖခင်ဘုရင်ကြီးမှာ မကြွားလိုပါ မကြွားလိုပါ"

ဆိုတာက တစ်ဖုံ။

သီချင်းသံ ချက်ချင်းတိတ်သွားသည်။ ထို့နောက် သီချင်းသံရှင်၏ အသံ ပြန်ပေါ်လာသည်။

"ဘယ်ကောင်လဲကွ၊ ဖခင်ဘုရင် ဗိမ္ဗိသာရ လုပ်ချင်တာ၊ ငါ့လဲ ခူနာပေါက်နေလို့ ငုံထားစမ်းပါ၊ ခူနာက လက်မှာတော့ မဟုတ်ဖူး....လက်လိုမဲ့ နေရာမှာ"





ဝါးကနဲ ရယ်သံများ ပေါ်လာသည်။

တစ်ဖက်ခန်းမှလည်း ပက်ပက် စက်စက် ဆဲသံ ပြန်ပေါ်လာ၏။

ကျွန်တော်က အခန်းဖော် ပေါ်ဦးကို ကြည့်၍ မြှုံး လိုက်ပြီး....

"ဒီကောင်တွေ အစကတည်းက သူငယ်ချင်းတွေ ထင်တယ် ပေါ်ဦး"

ပေါ်ဦးက ခေါင်းခါပြ၏။

"ဘယ်က သူငယ်ချင်းတွေရမှာလဲ၊ ဒီရောက်ရင် ဒီလိုပဲ သိသိ၊ မသိသိ ဆဲကြ မြောက်ကြဆိုကြ ခင်သွား မင်သွားကြတာပဲ၊ မင်းစဉ်းစားကြည့်လေ၊ မင်းတောင်မှ ဒီကို သူငယ်ချင်း ဘယ်နှစ်ယောက် ပါလာလို့လဲ"

ကျွန်တော်က ခေါင်းညိတ်ပြရင်း....

"အေး....ဟုတ်တော့ ဟုတ်တယ်"

ပေါ်ဦး စကားကို ပြန်စဉ်းစားကြည့်သည်။ အမှန်ပင်။ ရန်ကုန် ဝ/သ သို့ ကျွန်တော် ပါသည့် ပေါင်းမှ စုစုပေါင်း နှစ်ယောက်သာ ကျွန်တော်တို့ရွာမှ ဝင်သည်။တစ်ယောက်က ကျော်ညွှန့်၊ သူက ဓာတုဗေဒ အဓိကမို့ ကျွန် တော် နှင့် ဘာသာမတူ အဆောင်မတူ။ ကျောင်းစတက်သည့်နေ့တော့ သူ့အတန်း ကိုယ်လိုက်တက်၊ ကိုယ့်အတန်း သူလိုက်တက်နှင့် တတွဲတွဲ လုပ်နိုင်ခဲ့သော်လည်း၊ ယခု တရက် နှစ်ရက် ရှိသေးသည်။သူလည်း သူ့ကိစ္စ သူ့အဖွဲ့နှင့်သူ၊ ကျွန်တော်လည်း ကျွန်တော့်ကိစ္စ၊ ကျွန်တော့်အဖွဲ့နှင့် ကျွန်တော် ဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ရောက်လာသော နယ်ကျောင်းသား မှန်သမျှသည် အားလုံး ကျွန်တော်တို့လိုပင် ဖြစ်ကြပါသည်။ သို့သော် ကျွန်တော်တို့လိုပင် မကြာမီတစ်ဆောင်တည်း ကျောင်းသား၊ တစ်တန်းတည်းဖြစ်သော အနယ်နယ်မှ ကျောင်းသားများနှင့် သူငယ်ချင်း အရင်းအချာများ ဖြစ်ကြကုန်၏။

ခုပဲကြည့်လေ ...ပေါ်ဦးနှင့် ကျွန်တော်ဆို တစ်ခန်းတည်း အတူနေ၍ အစစအရာရာ တိုင်ပင်ဖက်၊ ညီအစ်ကိုရင်းချာကဲ့သို့ ဖြစ်နေကြပြီ။ တစ်ဖက်ခန်းမှ ဝင်းနိုင်တို့ စန်းလွင်တို့နှင့်လည်း ထို့နည်းအတူ....

အခေါ်အဝေါ်များသည်ပင် တွေ့စနှင့် မတူတော့။

အဆောင်ကို ရောက်သည့်နေ့ ညကပင် အသွင်ပြောင်းလဲရေးလုပ်ငန်း လုပ်ပစ်လိုက်သည်။

ပေါ်ဦးက ကျွန်တော်ထက် နာရီပိုင်းစော အဆောင်ဝင်၏။

သူကတော့ ဟန်ကျသည်။ ရန်ကုန်တွင် သူ့အဒေါ်များရှိသဖြင့် အဆောင်မဝင်မီ သုံးလေးပတ်ထဲက ရန်ကုန် ကြိုရောက်နေသူ ဖြစ်သည်။

ကျွန်တော်ကတော့ သူ့လို ရန်ကုန်မှာ ဆွေမျိုးညာတိမရှိ။ သူ့လိုအဆောင်မဝင်မီ သုံးလေးပတ်စော၍လည်း ရန်ကုန်မှာ မနေနိုင်သူဖြစ်ရာ၊ ထိုနေ့က အဆောင်ဝင်နောက်ကျသည်။

အဆောင်ရှေ့တွင် သုံးဘီးကားရပ်လိုက်သောအခါ ပါလာသော အိတ်ယာလိပ်ကိုထမ်း၊ သံသေတ္တာလေး လက်ကဆွဲ၍ အဆောင်မှူးထံ လုပ်စရာရှိသည်များ သွားလုပ်သည်။





အားလုံးပြီးစီးပြီဆိုမှ အခန်းရှိရာ သွားသည်။

အခန်းထဲမှာ မောင်မင်းကြီးသားက ရောက်နှင့်နေ၏။

ကျွန်တော် ယောင်တောင်ပေါင်တောင်နှင့် ဟိုကြည့် သည်ကြည့်နေဆဲတွင် အသားဖြူဖြူ အရပ်သွယ်သွယ် ပါဝါမျက်မှန်နှင့် ကိုယ်တော်ချောက အပြုံးနှင့် ဆီးကြိုနှုတ်ဆက်သည်။

"သူငယ်ချင်းက ဒီအခန်းမှာပဲလား၊ ကဲ ပြော ကိုယ်ဘာကူညီရမလဲ"

သူက ရဲရဲတင်းတင်း ဖော်ရွေနေသော်လည်း ကျွန်တော်က ပြုံးရုံသာ ပြုံး၍—

"ရပါတယ်....ကျေးဇူးပဲ"

"ဘယ် မေဂျာကလဲ"

သည်နေ့ အတော် လေရှည်သောနေ့ ဖြစ်၏။ နည်းနည်းသော့ သတိထားမှ။

တက္ကသိုလ်အကြောင်းကို ကျွန်တော် အတော်လန့်နေသည်။ စတွေ့စဖတ်သည့် ဆိုကတည်းက တွေ့ထားခဲ့သော တက္ကသိုလ်ဝတ္ထုလမ်းများ။ အထူးသဖြင့် ဇဝန၏ ကောလိပ်ကျောင်းသားတို့။ တက္ကသိုလ်ခင်မောင်အေး၏ ကံ့ကော်တောကိုစွန့်ခြင်းတို့မှ သိန်းဖေ၊ မောင်ရှိန်တို့ကဲ့သော လူရွှင် လူပြောင်၊ လူမျက်၊ လူနောက်များကို ဖတ်တုန်းက နှစ်ခြိုက်စွာ ဖတ်ခဲ့သော်လည်း ကိုယ်တိုင်ရောက်သောအခါ ခံရမှာ တွေး၍ကြောက်နေမိသည်။

သို့သော် ခုထိတော့ ခံရစရာ သိပ်အကြောင်း မဖြစ်သေးသဖြင့်....



www.burmeseclassic.com

www.burmeseclassic.com



"ဘားမိစ်ကပါ"

မြန်မာစာအမိကဟု ဆိုလိုက်သည်နှင့် သူ့မျက်နှာ ဝင်းခနဲ ဖြစ်သွားပြီး....

"ဟာ....ဒါဖြင့် ကိုယ်နဲ့အတူပဲပေါ့၊ ဘယ်နယ်ကလဲ"

ကျွန်တော်က ကျွန်တော်တို့အရပ်ကို ပြောပြလိုက်၏။သူက ခေါင်းညိတ်ရင်း....

"အော်...အနီးကလေးပဲ၊ကိုယ်တို့က မန္တလေးကပါ၊ကိုယ့်နာမည် ပေါ်ဦး"

အသားဖြူဖြူ၊ မျက်မှန်နှင့် သဘောကောင်းဟန် ပေါ်ရွှေဟန်ရှိသော မန္တလေးသား၏ ရုပ်ဝင်နှင့် ချီလာသော အမည်ကြောင့် ကျွန်တော် ပြုံးစစ ဖြစ်သွားသည်။

"ကျွန်တော်က ထွန်းဝေပါ"

"ဟာ...ကိုယ့်ဆီပ်ကြိုက်တဲ့ မင်းသားပေါ့"

စကားများသော မန္တလေးသားက အထွန့်လေးနှင့် ထပ်ဖြည့်သည်။

သို့သော်လည်း စကားများသော ပေါ်ဦးကြောင့်ပင် ကျွန်တော်တို့ အခန်းနီးပါး သူငယ်ချင်းများနှင့် ရင်းနှီးမှု ပိုလာကြသည်။

ထိုနေ့ ညဖက်တွင် မန္တလေးသား ပေါ်ဦးက သူတို့မြို့မှ နာမည်ကျော် လက်ဘက်စုံသုတ်ဖြင့် ဧည့်ခံ၍ မိတ်ဆုံစားပွဲလေး တစ်ခုလုပ်သည်။

ထိုဝိုင်းသို့အခန်းနီးပါးမှ ဝင်းနိုင်၊စန်းလွင်၊ အောင်လင်း၊ ခင်မောင်ထွေး စသည်တို့တက်ကြသည်။





ဝိုင်းစစဉ်ကတော့တစ်ယောက်နှင့်တစ်ယောက် တွေ့ခေါင်းဖြစ်နေသဖြင့် အခေါ်အဝေါ်ကအစ သိမ်မွေ့လှ၏။

"လာဗျာ....ကိုဝင်းနိုင်"

"ဟုတ်ကဲ့....ကိုပေါ်ဦး"

"ထိုင်လေ....ကိုစန်းလွင်ရဲ့"

ဘာညာနှင့် သူများကိုလည်း ကိုကလေးတပ်၊ ကိုယ့်ကိုကိုယ်လည်း ကျွန်တော်သုံးနှင့် ယဉ်ကျေးမှုလေးများ ပါနေကြသည်။စကားလည်း သိပ်ပွင့်ပွင့် မပြောရဲသေး။ဟန်လောက်သာ။

သည်မှာ ပေါ်ဦးက စကားတခု စလိုက်၏။

"ဒီမှာ သူငယ်ချင်းတို့၊ မင်းတို့ကို ငါတခုပြောမယ်၊ တို့တတွေဟာ တနယ်တကျေးကနေ မိကွဲ ဖကွဲ၊ ဆွေကွဲ မျိုးကွဲ၊ မိတ်ကွဲ ဆွေနဲ့လာခဲ့ရတာ၊ နောက်ပြီး လေးငါးနှစ်လောက် အတူတူနေသွားအုံးမယ့် သူငယ်ချင်းတွေ"

သူ့စကားဆီ အားလုံး၏ အာရုံများ ရောက်သွား၏။

"ဒီတော့ တစ်ယောက်နဲ့ တယောက် ဟန်တွေ ပန်တွေနဲ့ ကြီးကျယ် မနေချင်ဘူးကွာ၊ ငယ်ပေါင်းကြီးဖော်တွေလိုပဲ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး နေကြချင်တယ်၊ ဘယ့်နှဲ့လဲ"

"ဟာ....ကြိုက်တာပေါ့၊ ကျွန်တော်တို့လဲ ဒီလိုပဲ ဖြစ်ချင်တာပဲ"

ခင်မောင်ထွေး က ခပ်သွက်သွက် ထောက်ပေးသည်။ ပေါ်ဦးက ကျွန်ုပ်လူများကိုလည်း ဆန္ဒယူသလို လှမ်းကြည့်၏။

"ကောင်းတာပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဝင်ပြောလိုက်သော စကားကို ဝင်း နိုင်က မြုံး၍ ထောက်ခံသည်။ ပိန်ညှော်ညှော် ခါးကုန်းကုန်း သွား ခေါခေါ အသားဖြူဖြူနှင့် အောင်လင်း ဆိုသော ကျောင်း သားကလည်း ခေါင်း တညိတ်ညိတ် လုပ်နေ၏။

"ဒါဖြင့်ရင် ခုမင်းတို့ ခေါ်ပြောနေသလို ခင်ဗျား တို့ ကျွန်တော်တို့ ကိုအယ်သူ ကိုအယ်ဝါဆိုတာတွေ ဖြင်ကွာ ငယ် သူငယ်ချင်းတွေလိုပဲ မင်း၊ ငါ၊ ပေါ်ဦး၊ ထွန်းဝေ ဝင်းနိုင်ဘာညာပဲ ခေါ်မယ်...ဘယ်လိုလဲ"

"လုပ်လိုက်လေ၊ ကြာသလားဗျို့"

အခန်း၏ထောင့်တွင် ထိုင်နေသော စန်းလွင်က ဝင်လာ၏

အားလုံးကလည်း ပြုံး၍ ခေါင်းညိတ်လက်ခံသည်။

"တို့တတွေဟာ ဒီအသုံးအနှုန်းလေးတွေသုံးဖို့ နောင်မလွယ် တော့ဘူး သူငယ်ချင်းတို့၊ ဒီလိုပေါင်းပြီး ဒီလို ခေါ်နိုင်တာ တက္ကသိုလ်နယ်မြေဟာ နောက်ဆုံး ဖြစ်လိမ့်မယ် ထင် တယ် နောက်ဆို လူကြီးလိုနေ၊ လူကြီးလိုဟန်ဆောင်ပြီး ဒီလိုခေါ် ပြောရမယ့်သူဆိုလို့....တို့ဘဝမှာ ရှိမှာမဟုတ်တော့ဘူး"

"ငေးလှချည်လား ထွန်းဝေ၊ ဘာတွေးနေတာလဲ"

ပေါ်ဦးက လှမ်းမေးလိုက်မှ ကျွန်တော် အတွေးများပြတ် သွားသည်။

"ခြောင် မဟုတ်ပါဘူး၊ တို့စ တွေ့တဲ့နေ့က မင်းပြောတဲ့ စကားတွေ သတိရလို့ ပါ"

ပေါ်ဦး ကျေနပ်စွာ ပြုံးသည်။





"ငါပြောတာ မဟုတ်ဘူးလားထွန်းဝေ၊ ခုဆို မင်းနဲ့ငါနဲ့ ပြီး လွတ်လွတ်လပ်လပ်နေရတာ မကောင်းဘူးလား"

ကျွန်တော်က သူ့မျက်နှာကို စေ့စေ့ကြည့်ရင်း....

"ဟုတ်တယ်၊ မင်း မဆိုးဘူးကွာ၊ အဲဒီတုန်းက မင်းပြော တာ ငါတောင် မျက်ရည်ဝဲသွားတယ်"

ပေါ်ဦးမျက်နှာ တည်ငြိမ်သွားသည်။ ပြီးမှ လေး လေး နက် လေသံဖြင့် ဖြည်းညှင်းစွာ ပြော၏။

"တို့တွေ ကလေးလိုနေရဖို့ တစ်ဘဝလုံးမှာ လေးနှစ် ပဲ လိုတော့တယ်နော်"

သူ့စကားမှာ တွေးစရာအများကြီး ပါသည်။ အညာသား သွား အသားဖြူ၍ ပါးစပ်အငြိမ်မနေတတ်သော ပေါ်ဦး ည် အမည်နှင့်လိုက်အောင် ကတ်သီးကတ်ဖဲ့ တွေးတတ်ခံစား သည်မှာ ချစ်စရာ။ ကဗျာလေး စာလေး ရေးလေ့ရေးထ ပြီဖြစ်သော ကျွန်တော်သည်ပင် သူ့လိုနက်နက်နဲနဲ မခံ တတ်။

"ထွန်းဝေ၊ မင်းတက္ကသိုလ်ကို မချစ်ဖူးလား"

ကျွန်တော် သူ့အကြောင်း တွေးနေစဉ်တွင် သူ့ကကို နေမိသည်မသိ။ ဖျတ်ခနဲ အမေးတခု ကျွန်တော့်ဆီရောက် သည်။ ကျွန်တော့်ဆီမှ အဖြေကလည်း တုံ့ဆိုင်းစရာမရှိ။

"ချစ်တာပေါ့ကွာ၊ အထူးသဖြင့် ကံ့ကော်ပင်တွေပဲ။ ငါ တိုင်း ဒီမြတင်းပေါက်ကနေမြင်နေတဲ့ တို့အဆောင်ရှေ့က ကော်ပင်တွေကိုကြည့်ပြီး ခံစားနေတာ ပြီးတော့ စာကြည့် သေးက ကံ့ကော်ပင်အုပ်စုကိုလဲ သိပ်သဘောကျတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ တက္ကသိုလ်က နာမည်ကြီး ကံ့ကော်တောပေါ့"

"ကံ့ကော်ပင်တွေတွေ့ရင် ရွာကိုလဲ သတိရတယ်၊ တို့အထက်တန်းကျောင်းရှေ့မှာလဲ ကံ့ကော်ပင်တွေရှိတယ်ကွ"

"ဘာလဲ ကံ့ကော်ပင်အောက်က ကြိုနေမယ့် ကောင်မလေးကိုလား"

သူက ရယ်ကျဲကျဲနှင့် ဝင်နောက်၏။ ကျွန်တော် ခေါင်းခါပြီး....

"မဟုတ်ပါဘူး၊ ဘာမှမဆိုင်ပါဘူး....ရည်းစားများ မူးလို့တောင် ရှူစရာမရှိဘူး"

"ဒါဖြင့် ဘုန်းကြီးဝတ်မလို့လား"

"မဟုတ်ဖူး၊ တက္ကသိုလ်ရောက်မှ ပိုးဖို့ချန်ထားတာ"

"ကောင်းတယ်....ငါလဲ ဒီလိုပဲ"

နှစ်ယောက်သား ရယ်လိုက်ကြ၏။ ပွင့်လင်း ပျော်ရွှင်၍ မျှော်လင့်ချက်ဖြင့် ပြုံမ်းသော ရယ်သံများ။

ရယ်နေရင်းနှင့်ပင် ကျွန်တော်က မှတ်မှတ်ရရ ပြောလိုက်သည်။

"တို့ တက္ကသိုလ်ကြီးဟာ တကယ်လှတယ်ကွနော်၊ စိတ်ကူးယဉ်စရာလဲ သိပ်ကောင်းတယ်။ ကံ့ကော်ပင်တွေ၊ စိန်ပန်းပင်တွေ၊ ရေတမာပင်တွေ၊ ပြီးတော့ သစ်ပုတ်ပင်၊ ဂျဒ်ဆင်ဟောကြီးနှင့် သဘင်ခန်းမကြီး ပြီးတော့ အင်းယားကန်၊ အဲ....ပြီးတော့ အင်မတန်လှပြီး ပိုလှအောင် ဝတ်တတ် ဆင်တတ်တဲ့ ကောင်မလေးလှလှလေးတွေ၊ ငါတော့ တက္ကသိုလ်ကို ချစ်သွားပြီ"





"ငါတော့ ကောင်မလေး လှလှလေးတွေကို ပိုချစ်တယ်"

နှစ်ယောက်သား ရယ်လိုက်ကြပြန်သည်။

"လုပ်မနေနဲ့ဟေ့ ....ငါက မင်းတို့အရင် ပိုချစ်ထားတာ"

နောက်ဖက်ခန်းမှ အမှတ် မထင် ပေါ်လာသော အသံကြောင့် နှစ်ယောက်သား မျက်လုံးပြူးသွား၏။

ကျွန်တော်တို့ စကားများကို အခြားအခန်းများမှလည်း နားထောင်နိုင်၊ နားထောင်နေကြပါလားဟု သတိပြုလိုက်မိ၏။

"ဟေ့ ကောင်တွေ ငါ့ကွယ်ရာမှာ မင်းတို့ သူများ သားသမီးကို မပြစ်မှားနဲ့နော်၊ ဒုသနသောဆိုတာ သိပ် အပြစ်ကြီးတာ။ မနေ့ကပဲ ငါကောင်မလေးတွေ အကုန်လုံးကို ငါ့ဖက်က ယူပြီးသား၊ လက်တောင်ထပ်ပြီးပြီ"

ဘေးခန်းမှအသံ။

ကျွန်တော် ပြုံးလိုက်မိ၏။

*

အဲဒီတုန်းကစပြီး ကိုယ့်ရင်ထဲမှာ အချစ်ဆိုတဲ့ ငှက်ကလေးသာ ဥကပေါက်လာခဲ့တယ်ပေါ့ ခင်လေးရယ်။ ဒါပေမယ့် ငှင်ရှင်မဲ့ပါ။ ချစ်စရာကောင်းတဲ့ နယ်မြေလေးတစ်ခုက ရိုက်ခတ်လာတဲ့ မေတ္တာလှိုင်းလေးတွေကြောင့် နှလုံးသားလေး နိုးကြားစ ပြုလာခြင်းရယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆုံး ခင်လေးရေ....

တကယ်တော့ တက္ကသိုလ်ဆိုတာ မချစ်တတ် သေး တဲ့ လ
တွေကို ချစ်တတ်အောင် သင်ပေးတဲ့ ကျောင်းတော်ကြီး
ဖြစ်ပါသေးရဲ့....။

*

မေလာနှာ ၈၃၄၉

၃။

ဝေါခန့်ရယ်သံများက တင်ခန်းလုံး ဆူညံသွားသည်။

ရယ်သံများကြားရမှ မှားသွားမှန်းသိပြီး ကမန်းကတမ်း
ပြန်ထိုင်ကြသည်။ ရှက်ရှက်နှင့် လုပ်မိလုပ်ရာများလည်း လုပ်
ကြ၏။

ယောကျ်ားလေးများက ပါးစပ်ကြီးများဖြဲ၍ တဟားဟား
အရှက်ပြေရယ်၏။ မိန်းကလေးများကမူ ခုံပေါ်တွင်မျက်နှာ
မှောက်၍ရယ်ရင်း အရှက်ပြေအောင် ပြုကြသည်။

ဖြစ်ပုံက သည်လို....

တက္ကသိုလ် ရောက်၍ သာ တက္ကသိုလ် ကျောင်းသား၊
တက္ကသိုလ်ကျောင်းသူများ ဖြစ်လာရပေမယ့် ကျွန်တော်တို့မှာ
တက္ကသိုလ်၏သဘာဝကို ဘာမှသိကြသည်မဟုတ်သေး။

အကက်တန်းကျောင်းကလိုပင် ဆရာ ဝင်မလာမီ အတန်း
ထဲတွင်ထိုင်၍ တောင်ပြော မြောက်ပြော လုပ်နေကြသည်။
အနီးအနား လူများနှင့် စကားစရှာ၍ မိတ်ဆွေဖွဲ့ကြ၊ မျက်မှန်း
တမ်းမိသူများ၊ သိပြီးသူများနှင့်ဆိုလည်း အတွေ့အကြုံသစ်များ

ဧဝတနှာ ၈၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



ဖလှယ်၊ ရှေးဖြစ်ဟောင်းများ ပြောကြနှင့် ထင်ရာလုပ်နေကြ၏။ တချို့ကလည်း တောင်တွေး မြောက်တွေးနှင့်။

ထိုစဉ်အတန်းထဲသို့ ဆရာဖြူနန်းခနဲ ဝင်လာလိုက်သောအခါ ငယ်ကျင့်အတိုင်း ကမန်းကတန်း ထ ရပ်ကြသည်။ တချို့က မင်္ဂလာပါဆရာ ဆိုသော စကားပင် တဝက်တပျက်ဆိုပြီးနေကြပြီ။

တက္ကသိုလ်မှာက သည်ထုံးစံမရှိ။

ထို့ကြောင့် အကြောင်းသိများ၊ နှစ်ကျများနှင့် အခန်းအဖြိုင်ဖက်မှနေ၍ ကျောင်းသူသစ်များကို မျက်စေ့ အားဆေးကျွေးနေကြသည့် ကိုယ်တော်ကြီး၊ ကိုယ်တော်လတ်တို့က ဝိုင်းဟားသည်။

သည်အဖြစ်သည် ကျောင်းစတက်ပြီး သုံးလေးရက်ရှိသည်အထိ မပျောက်သေး။ တစ်ခါမဟုတ် တစ်ခါတော့ ဖြစ်နေသေးသည်။

နောက်ပိုင်း ဟားသူများထဲတွင် စောစောပိုင်း ရက်ပြီးသားသူများလည်းပါ၏။

ငယ်ကျင့်ဆိုသည်မှာ ပျောက်နိုင်ခဲပါသည်။ သူငယ်တန်းမှစ၍ ဆယ့်သုံးလေးနှစ်လောက် ရလာခဲ့သော အကျင့်ကိုဖြုန်းစားကြီး ဖျောက်ရန်ခက်လှသည်။

ယခုလည်း ဆရာဝင်လာခိုက် တစ်ချို့တစ်ဝက်က မတ်ထတ်ထရပ်လိုက်သဖြင့် တစ်ခန်းလုံး ရယ်သံများ ဆူညံသွားခြင်း ဖြစ်သည်။





ဝေါကနဲ ရယ်သံ၏အနက်ကို ဆရာကရိပ်မိသည်။ ဆရာကပါ ရောရယ်လိုက်သည်။ ရယ်သံများရပ်သွားမှ ဆရာက တည်ငြိမ်သော လေသံဖြင့် စကားစ၏။

"အေးကွာ၊ မင်းတို့ ဘာဖြစ်တယ်ဆိုတာ ဆရာ သဘောပေါက်ပါတယ်၊ ဒီအဖြစ်မျိုးတွေက ဆန်းတော့ မဆန်းပါဘူး၊ နှစ်တိုင်း နှစ်တိုင်း နှစ်စမှာ တွေ့နေကျပါပဲ၊ ရယ်တော့ရယ်စရာပေါ့ကွာ၊ ကြောင်ကြီးတွေ ဖြစ်ဖြစ်သွားတာကိုး"

ရယ်သံတချို့ ပေါ်လာ၏။

"အမှန်တော့ ဒါဟာ ရယ်စရာမဟုတ်ဘူး တပည့်တို့၊ ဆရာပြောမယ်၊ မင်းတို့ သေသေချာချာ သဘောပေါက်အောင် စဉ်းစားကြည့်၊ ဒီကိစ္စလေးဟာ တကယ်တော့ လွမ်းစရာလေးကွ"

ဆရာ၏ အောင်မြင်သော အသံအောက်တွင် ကျောင်းသား ကျောင်းသူများ ငြိမ်သွားသည်။ မျက်နှာချိုချိုဖြင့် သဘောကောင်းဟန်ရှိသော ဆရာက စကားဆက်၏။

"ဆရာဆိုရင် ဒီလိုမျိုး၊ မင်္ဂလာဆိုဖို့ ထရပ်တဲ့ ကျောင်းသားသစ်တွေရဲ့ အဖြစ်ကိုမြင်တိုင်း ရင်ထဲမှာ လှုပ်ခနဲတုန်ခါသွားတယ်"

ကျောင်းဆရာလည်းဖြစ်၊ စာရေးဆရာလည်း ဖြစ်သော ဆရာ၏ စကားလုံးနှင့် လေသံများက တဖြည်းဖြည်း ဆွေးငိုပ် လွမ်းလာသည်။

"လွမ်းစရာတစ်ခုက အော်....ငယ်ငယ်က တ မွန် တ မြတ် သိမ်းသိမ်းခဲ့တဲ့ အလေ့အကျင့်ကောင်းလေး တစ်ခုဟာ ပျက်



www.burmeseclassic.com

www.burmeseclassic.com



သွားတော့မှာပါလားဆိုတဲ့အသိ၊ နောက်လွမ်းစရာတစ်ခုက တို့များဟာ ဟိုး ငယ် စဉ်ကတည်းက အတူနေလာခဲ့တဲ့ ငယ်ကျောင်း၊ ငယ်ဆရာ၊ ငယ်ဆရာမတွေနဲ့ ငယ်သူငယ်ချင်းတွေ ငယ်စာတွေနဲ့ ဝေးခဲ့ပါပြီကော ဆိုတဲ့အသိပဲ"

ကျွန်တော့်ရင်ထဲတွင်လည်း ဆရာပြောသည့်နည်းတူ လှုပ်ခါလာသည်။

"ပြီးတော့ တို့ဟာ အင်မတန် ချစ်စရာကောင်းတဲ့ ငယ်ဘဝလေးတွေကို ထားခဲ့လိုက်ရပြီ၊ ပျော်စရာ ငယ်ဘဝလေးတွေ ကုန်ဆုံးသွားပြီ၊ ဒီဘဝလေးတွေကို ဘယ်တော့မှ ပြန်မရနိုင်တော့ပါလားလို့လဲ သတိပြုမိရော ကြောက်သန့်တကြားနဲ့ ချောက်ချောက်ချားချားလေး လွမ်းလာမိတယ်"

အားလုံး၏ မျက်နှာများတွင် အရိပ်တစ်မျိုးကို တွေ့လိုက်ရ၏။

"အမှန်တော့ တက္ကသိုလ်ဆိုတာ လူကြီးဖြစ်ဖို့ အစပျိုးပေးလိုက်တဲ့ နေရာပဲ"

ဆရာ့စကားများ ရင်ထဲတွင် ပဲ့တင်ထပ်သွားသည်။

"ဒီတော့...လွမ်းစရာဆိုတာကတော့ လွမ်းတတ်ရင် ရှိနေတာပဲမို့ အလွမ်းရှုထောင့်ကချည့် ကြည့်ရင်လဲ ဘဝအမြင်ဟာ မမှန်နိုင်သေးဘူး၊ ဘာဖြစ်လို့လဲ ဆိုတော့ တို့များ တက္ကသိုလ်ရောက်ဖို့ ကြိုးစားလာခဲ့ရတာလေးတွေလဲ ပြန်တွေးကြည့်ပေါ့၊ ဘယ်သူများ တက္ကသိုလ်ကို လွယ်လွယ်လေးနဲ့ ရောက်လာခဲ့လို့လဲ"





ဆရာ့စကားကြောင့် ရင်ထဲတွင် နင့်ခနဲ ခံစားလိုက်ရသည်။

"တစ်ချို့က ဘဝအခြေအနေကောင်းလို့ စာကြိုးစားရုံ သက်သက်နဲ့ ရောက်လာခဲ့ရတယ်၊ ဒါလဲ လွယ်လွယ်လေးလို့ ပြောလို့မရဘူး၊ တချို့ကျတော့ စာကြိုးစားရုံတင် မဟုတ်ဘူး၊ ဘဝရဲ့ များပြောင်လှတဲ့ အဆီးအတား တော်တော်များများကို ဖြတ်သန်းပြီးမှ တက္ကသိုလ် ရောက်လာခဲ့ရတာ"

ဆရာ၏ စကားမြွားဦးသည် တခြား လူများဆိုက်တော့ မသိ၊ ကျွန်တော့်ရင်ဆီသို့ကား တန်းတန်းမတ်မတ်နှင့် နက်နက်ရှိုင်းရှိုင်း လာရောက်ထိမှန်သည်။

ပျံ့ထွက်သွားသောအတွေးစတွင် အမေ့မျက်နှာက ဦးစွာ သာထင်၏။

"သားကိုတော့ တက္ကသိုလ်ပို့ဖြစ်အောင် ပို့ရမယ်သား"

ထိုစကားကို ဆိုစဉ်က အမေ့မျက်လုံးအိမ်တွင် မျက်ရည်များ ဝဲနေခဲ့၏။

"အမေ့ဘဝမှာ နောက်ဆုံးမျှော်လင့်အားထားတာ ဆိုလို့ ဒါပဲ ရှိတော့တယ်"

မျက်ရည်များကြားမှ ပြုံးလိုက်သော အမေ့အပြုံးသည် ကျွန်တော့်ရင်ကို ပို၍ ထိခိုက်စေ၏။

လူ့ဘဝတွင် ဘယ်သောအခါမှ ပြန်၍ တွေ့ခွင့်ရတော့မည် မဟုတ်သော အဖေ့မျက်နှာကို ဖျတ်ခနဲ မြင်ယောင်သည်။ အမေသည် အဖေဖြစ်သွား၍ အဖေပျောက်သွားသောအခါ အမေ့ကို ပြန်မြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုဆို သား ဆယ်တန်းအောင်ပြီ၊ သတင်းစာတွေထဲကလို ဂုဏ်ထူး လေးငါးခြောက်ခု မပါဘူးဘဲထား၊ ဆရာဝန်ကြီး အင်ဂျင်နီယာကြီး မဖြစ်ဘူးဘဲထား၊ တို့ရွာလေးမှာဆို သား အနေနဲ့ ဂုဏ်ယူထိုက်တဲ့ ကျောင်းသားတစ်ယောက်တော့ ဖြစ် နေပါပြီ"

အမေ့ စကားအဆုံးတွင် စာမေးပွဲအောင်စာရင်း ထွက် စဉ်က ကျွန်တော့် အမည်ဘေးတွင် ယှဉ်တွဲပါလာသော 'ဓ' ဆိုသည့် စာလုံးလေးကို ပြေးမြင်လိုက်မိသည်။

ကျွန်တော်တို့ရွာကလေး အတိုင်း အတာ နှင့်သာ ကြည့် မည်ဆိုပါက သုံးလေးငါးယောက်သာ အောင်စာရင်းတွင် အမည်ချိတ်နိုင်၏။ ထိုအထဲတွင် ဆယ်တန်းကို နှစ်ချင်းပေါက် ဂုဏ်ထူး တစ်ဘာသာ၊ မြန်မာစာနှင့် အောင်သည်ဆိုသော အဆင့်မှာ သိပ်အသေးလေး မဟုတ်။

သို့သော် ဒါကြောင့်ချည်းမဟုတ်။

ဆယ်တန်းအောင်လျှင် နှစ်ချင်းပေါက် သည် ဖြစ်စေ၊ မပေါက်သည်ဖြစ်စေ၊ ဂုဏ်ထူးပါသည်ဖြစ်စေ၊ မပါသည် ဖြစ်စေ 'အ' စာရင်းသာဆိုပါက တက္ကသိုလ်တက်ရဖို့ သေချာ နိုင်သည်ပင်။

အမေက သည်လိုပြောတော့ ကျွန်တော် ဝမ်းသာရသည်။

ကျွန်တော့်မှာ ဆယ်တန်းအောင်မှုမဟုတ်၊ ကျောင်းနေ လာ၍ စာကို သွက်လက်စွာ ဖတ်နိုင်ချိန် အထူးသဖြင့် ဝတ္ထု စာအုပ်များ စဖတ်ကတည်းက တက္ကသိုလ်ရူး ရူးခဲ့သည်။





ဆရာ သိန်းဖေမြင့်၊ ဆရာ ဇဝန တို့ခေတ်က ကောလိပ် ကျောင်းသားများ အကြောင်း ဖတ်ရသည့်အခါတွင်လည်း သူ့အရသာနှင့်သူ အားကျမိခဲ့သည်။ ဆရာအောင်လင်းတို့ ဆရာ န်းနိုင်တို့ခေတ် တက္ကသိုလ်အကြောင်း ဖတ်ရပြန်တော့လည်း သူ့အရှိန်နှင့်သူ ပျော်စရာကောင်းသည်များကို တွေ့၍ အရူး ရီ တက်ခဲ့သည်။

ဒီဘက်ခေတ် တက္ကသိုလ်ဝတ္ထုများ ဖတ်ရပြန်တော့ ကိုယ့် ခေတ်နှင့်ကိုယ် ဟပ်ပြီး နေမြင့်သလို အရူးလည်းရင့်ခဲ့သည်။

စင်စစ် တက္ကသိုလ်ဆိုသည်မှာ ဘယ်အချိန်မဆို လှပနေ၍ ဘယ်အခါဆို ပျော်ရွှင်ကြည်နူးစရာ ကောင်းလှသည်ဟု ကျွန် တော် တွေးမိခဲ့၏။

သို့သော် တကယ်ဆယ်တန်းအောင်သောအခါ ကျွန်တော် မှာ ရူးသလောက် မပျော်နိုင်တော့။

အောင်စာရင်းထွက်သည့် နေ့ကဆို ကျွန်တော် မျက်ရည် တ်ကျခဲ့ရသည်။

"ဟ....ဘာလဲကွ ထွန်းဝေရဲ၊ သူများတွေပြောသလို ဝမ်း သာလွန်းလို့ကျတဲ့ မျက်ရည်လား"

အောင်စာရင်းကြည့်အပြီး နှစ်ယောက်သား ဝမ်းသာ အားရနှင့် ရွှေရင်မျှော်တောင်ပေါ် တက်လာကြသည်။ ဘုရား ပေါ်ရောက်၍ ဦးချပြီးသောအခါ ဗုဒ္ဓရှင်တော်မြတ်၏ မျက် နှာတော်ကို အသေအချာ ဖူးရင်း ကျွန်တော် မျက်ရည်ကျ သောအခါ ကျော်ညွန့်က နားမလည် အံ့သြစွာမေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျလာသော မျက်ရည်ကို စင်အောင် သုတ်ပြီး ကျွန်တော် သူ့ကို ခေါင်းခါပြသည်။ သူ့ပို့၍ နား မလည်သွားဟန် တူ၏။

"ဒါဖြင့် ဘာဖြစ်လို့လဲ ထွန်းဝေ"

ထိန်းမရသဖြင့် မျက်ရည်တစ်ပေါက် ကျသွားမိ သော်လည်း ယောကျ်ားတစ်ယောက်ဟူသော ကန့်သတ်ချက်ဖြင့် ကျွန်တော် ဆပ်မျက်ရည်မကျစေတော့။ သို့သော် ရင်ထဲက ဝေဒနာကိုမူ အချစ်ဆုံး သူငယ်ချင်းအား ဖွင့်ပြောလိုက်ချင်လာသည်။

"ငါ...ဝမ်းနည်းသွားတယ် ကျော်ညွန့်၊ ငါ့ဘဝကို ငါ တွေးမိလို့ ဆိုပါတော့"

"မင်း ဘဝက ဘာဖြစ်နေလို့လဲ"

ကျော်ညွန့်ရင်ထဲတွင် ရှုတ်ထွေးသွားဟန် တူသည်။ သူ့လေသံက ဆတ်နေ၏။

"ငါ တက္ကသိုလ်ဆက်တက်ချင်မှ တတ်ရမယ် ကျော်ညွန့်"

"ဘာကွ....ဘာဖြစ်လို့လဲ"

"ဖြစ်တယ်ကျော်ညွန့်၊ မင်းသိတဲ့အတိုင်း ငါ့အိမ် အခြေအနေက သိပ်ကောင်းတာ မဟုတ်ဘူး၊ အဖေမရှိဘူးကွာ၊ အမေမုဆိုးမနဲ့ နေရတယ်။ အမေ့ကုန်ခြောက်ဆိုင်လေး ဆိုတာကလဲ ဒီလောက် ဝင်ငွေကောင်းလှတာ မဟုတ်ဘူး"

ကျွန်တော့်စကားကို ကျော်ညွန့်က ခေါင်းခါ၍ ဝင်ဖြတ်သည်။

"ဒါနဲ့ တက္ကသိုလ်တက်တာနဲ့ ဘာဆိုင်လို့လဲ"





အားယောင်ပြုနေသော သူ့ကို သိပ်စိတ်မရှည်ချင်တော့။

"ဆိုင်တာပေါ့ကွ၊ တက္ကသိုလ်ဆိုတာ တော်ရုံ ငွေကြေးမာတာနဲ့ တက်နိုင်တာမဟုတ်ဘူး၊ တစ်လ တစ်လကို ကျောင်းစရိတ်၊ စားစရိတ်၊ နေစရိတ်၊ နည်းနည်းနောနော ကုန်တာ မဟုတ်ဘူး"

"ဟာ...ဒါတော့ ဒါပေါ့ကွ၊ ဒါပေမဲ့ ဖြစ်အောင်တော့ ယူယူရမှာပေါ့၊ တိုလို့ရှိတာပဲ၊ နောက်ပြီး စတိုင်ပင်ခတွေ ဘာတွေလဲ လျှောက်လို့ရပါတယ်"

ထိုစဉ်က သူ့စကားကို အလိုက်သင့် နားထောင်ခဲ့သော်လည်း အမေနှင့်ပတ်သက်၍ စိတ်ပူခဲ့၏။

အမေက တက္ကသိုလ်ပို့ဖြစ်အောင် ပို့မည်ဟု ပြောသောအခါ ကျွန်တော့် မျှော်လင့်ချက်လေးသည် တဖန်ပြန်၍ ဖိုဖိုဖွံ့ဖြိုး ဖြစ်လာခဲ့၏။

အမေ့မျက်နှာသည် မျက်ရည်ဝဲနေသည့်ကြားမှ မာနရိပ်လေး ဝင်နေသည်။

"အမေ့မှာ ဆွေရယ်မျိုးရယ် ရှိတာမဟုတ်ဘူးသားရဲ့၊ တစ်ကောင်ကြွက် ဘဝနဲ့ မင်းအဖေရှိတဲ့နေရာကို လင့်တစ်ချက်နှာ ဘစ်ရွာထပြီး လိုက်လာခဲ့ရတာ၊ မင်းအဖေ ရှိစဉ်တုန်းကလည်း သူ့ဆွေမျိုးဆိုတဲ့ လူတွေက အယ်သူ့မှ ဆေးဖော် ကျောစက်လုပ်တာ မဟုတ်ဘူး"

တောသူငွေး သားဘဝမှ အမေလို စာမတတ် ပေမတတ် သာမန် ကောက်စိုက်သမ တစ်ယောက်ကို ယူလိုက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အဖေမှာ သူ့ ဆွေမျိုးကြားတွင်သိသိသာသာ မျက်နှာငယ်ခဲ့ရသည်။

"ခု မင်းအဖေမရှိတော့ ပိုဆိုးတာပေါ့"

အမေ့ အသုဘဥ်ပင် တယောက်မှမလာကြသော အဖေ့ဆွေမျိုးသားချင်း ဆိုသူများကို ရင်ထဲနာသွား၏။

"ဒါပေမယ့် သူတို့မှာရှိတာ ဘာလဲသား၊ ပိုက်ဆံပ မဟုတ်လား၊ တစ်ဆွေလုံး တစ်မျိုးပေါင်းမှ ခုနစ်တန်းတောင် ပြည့်အောင် မအောင်တဲ့ ငွေမာန်တွေတက်ပြီး လူကို လူလို မမှတ်နိုင်ကြတာတွေပါ၊ ကျောင်းမှာ သား ပညာထူးချွန်တယ် ဆိုတဲ့ သတင်းကြားတိုင်း သူတို့ ထွန့်ထွန့်လူးခဲ့ကြတယ် မဟုတ်လား"

အမေ့မျက်လုံးတွင် မျက်ရည်များအစား စူးရဲတောက်ပခြင်းများ အစားထိုး ဝင်ရောက်လာသည်။

"ခု၊ သားက အဖေတွေ အမေတွေ မျက်နှာငယ်ခဲ့သမျှကို ပြန်ပြီး ဂုဏ်တင် ပေးရတော့မယ် သား၊ သား တက္ကသိုလ်ကျောင်းကို တက်ဖြစ်အောင် တက်ရမယ်၊ ဘွဲ့ရပညာတတ်ကြီး တစ်ယောက် ဖြစ်ကို ဖြစ်ရမယ်"

ဤသို့ဖြင့် တက္ကသိုလ်ကျောင်း ဖွင့်ချိန်ရောက်သောအခါ ကျွန်တော်သည် မြန်မာစာအဓိကဖြင့် ရန်ကုန်တက္ကသိုလ်ရောက်ခဲ့တော့သည်။

ရွာမှ ထွက်လာခါနီးတွင် အမေမျက်ရည်ကျသကဲ့သို့ ဘိုဆောင်အတွင်းသို့ ကံ့ကော်ရိပ်များကြားမှ ဖြတ်ဝင်လာ





သောအခါ ကျွန်တော့်ရင်သည် ဝမ်းသာမှုဖြင့် တလှပ်လှပ် ခုန်ခါနေခဲ့တော့သည်။

"တကယ်တော့ တပည့်တို့ရေ၊ တို့တွေဟာ ဘယ်တော့မှ နောက်ကြောင်း ပြန်လှည့်လို့မရတဲ့ခရီးရှည်ကြီးတစ်ခုကိုသွားနေရတာကွ၊ ဖြတ်လာခဲ့တဲ့ခရီးလေးတွေကို လွမ်းလှပေမယ့် ပြန်းတချိန်မရတော့ဘူးကွ"

ဆရာ့ စကားများ ပြန်ကြားလာသည်။

"တခြားမကြည့်နဲ့ တက္ကသိုလ်က ကံ့ကော်ပင်လေးတွေကိုကြည့်၊ မနှစ်က ကြွေသွားတဲ့ အပွင့်လေးတွေကို သူမလွမ်းတော့ဘူး၊ လွမ်းနေရင် ဒီနှစ်ပွင့်နိုင်မှာ မဟုတ်ဖူး၊ ဒီနှစ်တက္ကသိုလ်မှာ ကံ့ကော်တွေပွင့်မှာပါ၊ မယုံရင် စောင့်ကြည့်"

ဆရာက မလွမ်းနဲ့ဆိုကာမှ ပို၍လွမ်းလာတော့သည်။

လူဆိုတာ လွမ်းတော့ ဘယ်လွမ်းချင်ပါ့မလဲ ခင်လေး ...မဟုတ်ဘူးလား

လွမ်းတယ်ဆိုတဲ့ ကိစ္စဟာ နာမည်လေးလှသလောက် ခံစားရမှာ အပူမီးကြီးလှတယ်။

ဒါပေမယ့် လွမ်းစရာရှိတော့လည်း...

မလွမ်းချင်ပေမယ့် လွမ်းရတာပဲ....

လွမ်းရလို့ လောင်မြိုက်တဲ့ အပူမီးကိုလည်း ရင်စည်းခံရမှာတာပေါ့။

မလွမ်းတန်၊ လွမ်းပြန်ရင် မျက်ရည်စတွေနဲ့ ဆိုသလို...



www.burmeseclassic.com

www.burmeseclassic.com



သတိရတိုင်း ရင်နာရတယ်။

ခင်လေးရယ်။

တက္ကသိုလ်ဆိုတာ မလွှမ်းထက်သူတွေလဲ လွှမ်းတက်အောင် သင်ပေးနိုင်တဲ့ ကျောင်းတော်ကြီးပါပဲသွား....

*



အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com



၁။

စေတီပုထိုး အဆောက်အဦးကြီးများကို ညှောင့်ပင်သည် ဖျက်ဆီးတတ်၏။ ထိုညှောင့်ပင်သည် အမှတ်မထင် ကျရောက်လာသော ညှောင့်စေ့လေးတစ်စေ့မှ အစပြုခဲ့ပေသည်။

ထို့အတူ လူ့ဘဝစွာင်လည်း လေးနက်ကြီးမားသော ပြဿနာ သို့မဟုတ် အဖြစ်အပျက်များသည် အမှတ်မထင်ပြုလုပ်မိသော အဖြစ်အပျက်လေးတစ်ခုမှ အစ ပြုတတ်၏။

ခင်လေးနှင့် ကျွန်တော့်ဘဝသည်လည်း သည်သို့ပင် ဆိုရမည် ထင်သည်။

တက္ကသိုလ် ကျောင်းသား နှင့် တက္ကသိုလ်ကျောင်းသူ၊ တက္ကသိုလ်တခုထဲတွင် အတူတက်နေသည်ပဲ၊ ဆုံကြတာ ဘာဆန်းသလဲဟု ပြောလျှင်တော့ ပြောနိုင်ပါသည်။

သို့သော် သည်မျှ လွယ်လွယ်ကူကူ ကြုံကြိုက်မိလျှင် ကျွန်တော့် ဖက်ကလည်း သည်မျှ ဖြစ်စရာ အကြောင်းမရှိ။

အကြောင်းလေးရှိလာဖို့အစပြုလာသူက ကျော်ညွန့်။

အချိန်က မှတ်မှတ်ရရ အောက်တိုဘာလဆန်း၊ ကျောင်းတက်ပြီး၍ တလလောက်အကြာ....



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ ကောင်....ထွန်းဝေ၊ တနင်္ဂနွေနေ့ကျ တို့နဲ့လိုက်ခဲ့ပါလား"

အခန်းထဲတွင် မြို့ထဲမှပြန်လာပြီးကာစ၊ ပေါ်ဦးနှင့် လေကန်၍ ကောင်းနေဆဲ အခန်းဝမှ ဝင်လာသော ကျော်ညွန့်က အရင်းအဖျားမရှိသော စကားကို ဆိုသည်။

"အေး....ကောင်းသားပဲ"

ပေါ်ဦးနှင့် နောက်ပြောင်နေဆဲမို့ အ ရှိန် မ ကုန် ဘဲ သူ့ကို ပြန်နောက်လိုက်သည်။

"ဘာကောင်းတာလဲ၊ ဘယ်သွားမှာ မင်းကသိလို့ကောင်းတာလား"

ကျွန်တော်က ရယ်မောလိုက်ပြီး....

"မသိဘူးလေ၊ မင်းက လိုက်ပါလားဆိုတော့ ကောင်းသားပဲလို့ပဲ ပြောရမှာပေါ့၊ နို့ နေပါဦး၊ မင်းတို့က ဘယ်သွားမှာလဲ၊ တို့ဆိုတာ ဘယ်သူတွေလဲ"

ကျော်ညွန့်က စားပွဲနားမှ ကုလားထိုင်ကို လှမ်း ဆွဲ၍ ထိုင်ရင်းနှင့်

"ခွေးကောင်၊ ဘာမှန်းမသိ ညာမှန်းမသိ၊ ခေါ်တိုင်းလိုက်ပုံမျိုးနဲ့ မိန်းကလေးဆို နောက်က တောင်းနဲ့ လိုက်ကောက်ရမယ်"

ကျွန်တော်က သူ့စကားကြောင့် ပြုံးမြုံးပျာပျာလက်ကာပြီး....

"အဲ....အဲ...ဒီလိုအဖြစ်မျိုး ရောက်နိုင်ရင်တော့ ငါမလိုက်ဘူး၊ ဒါမျိုးက မင်းနဲ့ဆို ဗိုစိတ်မချနိုင်သေးတယ်"





သူ့ ပါးစပ်မှ ဆဲသံတစ်ခု ထွက်လာသည်။ ပေါ်ဦးကလည်း ငြိမ်မနေ။

"မင်းတို့စကားတွေကြားရတာ တယ် ကျောချမ်းသကွာ" ဟိုရောက် သည်ရောက်နှင့် လိုရင်းခဖေးသွားသော စကားကို ကျော်ညွန့်က ပြန်ထိန်းသည်။

"ကဲပါ၊ မင်းတို့လုပ်တာနဲ့ လိုရင်းတောင် မေ့သွားတယ်၊ ကို လာမေးတာ၊ တနင်္ဂနွေနေ့ကျရင် တို့ကယ်မစ်စတြာ်က ဆံုပျော်ပွဲစားထွက်မလို့၊ အဲဒါ လိုက်ခဲ့ပါလား၊ ကိုပေါ် တောပေါ့"

"ဘယ်သွားမှာလဲ"

အမှတ်မထင် မေးမိသည်။

"သာမုကန်"

"ခင်ဗျားတို့ ဟာက စောလှချည်လားဗျာ၊ ကျောင်းတက်တာဘာမှမကြာသေးဘူး၊ အစီအစဉ်တွေဘာတွေ လုပ်နေပြီလား"

ပေါ်ဦး၏ အမေးကို ကျော်ညွန့်က ရယ်ကျဲကျဲလုပ်ရင်း....

"မိတ်ဆုံပါလို့ဆိုနေ၊ မိတ်ဖြစ်အောင်ဆုံဖို့ပေါ့၊ ခင်ဗျားသာ စောတယ်ထင်တာ၊ ကျွန်တော်တို့က နောက်တောင်ကျတယ်ထင်သေး၊ ကျောင်းမရောက်ခင်ကတည်းက ကြံထားကြတာ"

သုံးယောက်သား ရယ်လိုက်ကြ၏။

"ငါတို့လိုက်လို့ ဖြစ်ပါ့မလား"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးလေ၊ တို့ပါလာလို့ မင်းတို့ အကြံကြီး ကြ... ထားတဲ့ထဲက ဟာလေးတွေ တို့ဆီပဲ ပါသွားရင် မေ့နေမယ်"

ကျော်ညွန့်မျက်စောင်း ခပ်ရွဲ့ရွဲ့ ရောက်လာသည်။

"အပြောမကြီးပါနဲ့ကွာ၊ ဘိုဆိုင်းယင့်က ကောင်မလေး တွေက မင်းတို့အတ်(စ်)ကကောင့်တွေကို တောကျီးကန်းလို့ သဘောထားတာပါ"

"တောကျီးကန်းချီမှ ပိုနာမယ်နော်"

ပေါ်ဦးက ကျွန်တော်တို့ ဝိဇ္ဇာသမားများကို ထိသဖြ မခံနိုင်။ ဝင်တွယ်၏။ ကျော်ညွန့်က အလိုက်သင့်ရယ်ရင်း—

"ဒါဖြင့် လိုက်မယ်ဒပါ"

"ဟ လိုက်တာပေါ့၊ တို့ကဒီပွဲမျိုး ရှာနေတာ"

"ဒါဖြင့်ပေး၊ တစ်ယောက် ဆယ့်ငါးကျပ်"

လက်ဝါးဖြန့်၍ပြောလိုက်သော သူ့စကားကြောင့် ကျွန် တော်တို့ မျက်လုံးပြူးသွား၏။

"ဟ သာစုံကန်၊ ဒီနားလေး၊ ဆယ့် ငါး ကျပ်တော လား"

"မှန်တယ်၊ ဒန်ပေါက်ကျွေးမယ်၊ လိမ္မော်ရည်တိုက်မယ် တို့မေဂျာကဆို တစ်ဆယ်၊ အပြင်ဧည့်သည် ဆယ့်ငါးကျပ်"

ပေါ်ဦးက ခုတင်ပေါ်တွင် ဆတ်ခနဲ ဆောင့်ကြောင့်ထို လိုက်ပြီး....

"ငါးကျပ်က ဘာလို့ပိုရတာလဲ"

ကျော်ညွန့်က ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။ ရယ် ကြားမှ—





"အရင်းထဲက ပွန်းပါသွားနိုင်တဲ့အတွက် ပိုယူထားတာ"

"အိုကေ၊ ဒါဖြင့် လိုက်မယ်၊ ဟော့ ကောင်ထွန်းဝေ၊ ပေးလိုက်ဆယ့်ငါးကျပ်၊ ခင်ဗျားတို့တော့ ငါးကျပ်နဲ့တန်အောင် ခံရဖို့သာ ပြင်ထား"

ပေါ်ဦးက ပြောပြောဆိုဆို သူ့ ခေါင်းအုံး အောက်မှ ဆယ်တန်တစ်ရွက်နှင့် ငါးကျပ်တန် တစ်ရွက် ထုတ်ပေး၏။ ကျွန်တော်ကလည်းရယ်ရင်းနှင့်ဆယ့်ငါးကျပ်လှမ်းပေးလိုက်၏။

"ဒါဖြင့် ငါသွားမယ်၊ စီစဉ်စရာလေးတွေ ရှိသေးတယ်"

ကျွန်တော်တို့ နှစ်ယောက် ခေါင်းညိတ်ပြ လိုက်သည်။ ကျော်ညွန့် ကုလားထိုင်ပေါ်ကထ၍ အခန်းဝသို့အလှည့်လိုက်၊ ပေါ်ဦးက အသံပြကြီးနှင့် ထအော်၏။

"ပေါ်ဦးတို့ အိုရချည်သေးရဲ့....ဟေ့"

ချက်ချင်းပင် ဘေးခန်းမှ အသံတစ်သံ ပေါ်လာသည်။

"အေးဟေ့၊ ပြီးရင် နာရဦးမယ်၊ သေရဦးမယ်"

ပေါ်ဦးမျက်နှာ ရှုံ့မဲ့သွား၏။

သို့သော် သည်တုန်းက အမှတ်မထင်မှုသာ....။

*



www.burmeseclassic.com

၂။

ဂျိုင်းခနဲ ချိုင့်ထဲ ကားကျသံနှင့်အတူ ဖုံလုံးများ ကား အတွင်းသို့ လုံးရှိုဝင်လာ၏။

ဟင်း...ဟဲ နှင့် တစ်ကားလုံး ဆူညံသွားပြီး၊ နှာခေါင်းကို လက်ကိုင်ပဝါနှင့် ပိတ်သူပိတ်၊ လက်ဖြင့် ကာသူကာနှင့် ရှုပ်ကုန်၏။

“ရှေ့ကားနဲ့ နည်းနည်း ခွာမောင်းဗျို့”

ကားထဲမှ အသံများ ထွက်လာသည်။ ကားဆရာက အရှိန်သတ်လိုက်မှ လုံးဝင်လာသောဖုံများ နည်းသွား၏။

“အမေ့ရေ၊ ကယ်ပါအုံးဗျို့၊ ဟောဒီ ကိုကျော်ညွန့်က ဓာတုဗေဒက ဓာတုကလျာလေးတွေနဲ့ တွေ့ရမယ်ဆိုလို့ လိုက်လာတာ၊ ခုတော့ ဒီသောက်...ဖ-အဲဖုံတွေနဲ့လာတိုးနေပြီဗျ”

ပေါ်ဦးက ထအော်သည်။ ဖုံကိုဖုတ်ဟု မှားမည်ပြုသော သူ့အများကိုရိပ်မိလိုက်သဖြင့် တစ်ကားလုံးပွဲကျသွား၏။ တစ်ဖက်ခြမ်းမှ မိန်းကလေးများကမူ မျက်နှာငုံ့၍ ရယ်နေကြသည်။

ဒညင်းကုန်း အုတ်စက်လွန်ကတည်းက ချိုင့်များ၊ ဖုံများ ဒဏ်ကို အလူးအလဲ ခံနေရသည်။





အားလုံးကတော့ သည်မျှဆိုးရွားသော လမ်းခရီးကြောင့် ဖြစ်နေမည်လား မသိသော်လည်း၊ ကျွန်တော်ကတော့ စိတ်ချိန်မရတော့။

တစ်ကားလုံးသမ္မာန်စီးသကဲ့သို့ အလူးအလိမ့် ဖြစ်နေခြင်းသည် ငှင်းဖုံမှုန့်များကြောင့် မှန်းကျပ်နေခြင်းကို လည်းကောင်း ကျွန်တော် သတိမပြုမိတော့။

ကျွန်တော့် အာရုံသည် မိန်းကလေးများ ထိုင်သည့် ဖက်ခုံတန်းမှ အဝါရောင် ဂါဝန်မလေးဆီ ရောက်နေသောကြောင့်ပင်...

သည့်ရောဂါသည် မနက်က မန္တလေးဆောင်ရှေ့မှ စထွက်ကတည်းက အစပြုခဲ့သည်။

ကျော်ညွန့်က သည်ခရီးကို ကမကထပြု၍ ဖန်တီးကြသော အဖွဲ့တွင်ပါသဖြင့် လူနိုင်ဖြစ်သော ကျွန်တော်တို့ကို ၍ လုပ်စရာရှိသည်များ ဝိုင်းကူလုပ်ခိုင်းသည်။

ရှည်သဖြင့် ပေါ်ဦးကလည်း သူ့လက်ဆွဲတော် အကော်ဒီး မခံ့ကာ၊ ဟိုကျရင် အများပရိသတ်ကို နှိပ်စက်တော့ ဖြစ်သော ဖိုးဆိုချင်၊ မယ်ဆိုချင်တို့နှင့် မန္တလေးဆောင် နှင့် အလုပ်ရှုပ်နေသည်။

ကျွန်တော်ကတော့ ကျော်ညွန့်တို့အဖွဲ့နှင့်တွဲ၍ ဒန်ပေါက်များ ကားပေါ်တင်ခြင်း၊ ဘီလပ်ရည် ပုလင်းများကို ကြီးများတွင် ရေခဲစိမ်ရင်းနှင့် ကောင်းကောင်း အညှင်း ခံရသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



သူတို့အဖွဲ့နှင့်တွဲ၍ လုပ်နေရသဖြင့်သူတို့ဆီတွင် ရေပန်းစ
နေသော နံမည်လေး တစ်ခုနှင့် ရင်းနှီးသွားသည်။ သူတို့မှာ
လည်း သည်ကိစ္စအတွက် ရှောမပြဿနာ။

"ခင်ခင်လေး လိုက်ဖြစ်မှာ သေချာရဲ့လားကွ"

တစ်ယောက်၏အမေးကို စာရင်းစာရွက်များ ပါသ
လွယ်အိတ် လွယ်ထားသော ပုဂ္ဂိုလ်က ပြန်ဖြေသည်။

"သေချာပါတယ် ဆိုကွာ.... ငါ လက်မှတ်ရောင်းတာ
ဆိုမှ"

"ခုထိမလာသေးလို့"

"လာမှာပါ၊ ငါလိုက်မှာမို့ သေသေချာချာ ပြင်ဆင်
လိုပါ"

ကျွန်တော်က သူတို့စကားများကို ရယ်၍ နားထောင်
မိသည်။

"ထွီ....နင်တို့ဟာသလား၊ တန်သလား ကျော်ကျော်မြ
အဲဒါလေးက မင်းကြိုက်၊ ငိုးကြိုက်၊ မင်းတို့လို ကာလသ
တွေနဲ့ လားလားမှမဆိုက်၊ သူ့အခု ပြင်နေတာက ငါ့မိုက

"ဟုတ်တယ် ကျော်ကျော်မြင့်ရ၊ သူက မင်းကြိုက်စိုးကြိ
အောင်မြင့်လို့ မင်းမျိုးနဲ့မှထိုက်ဘာ၊ အောင်မြင့်က သိ
မျိုး၊ တသီလုံး ပေါ်နေတဲ့ အမျိုး"

"ဘယ်ကဟုတ်ရမှာလဲကွ၊ နိုပါတ်တော်ထဲက ခွေးမင်

ပါးစပ်ကပြော လက်ကလုပ်နှင့် ဝေစုမတည့် ဖြစ်နေ
သော လူစုသည် ခဏအကြာတွင် တဖျိုင်တည်း အသံတ
ကို ထုတ်လွှတ်လိုက်၏။





ဟော....”

အားလုံး၏ မျက်လုံးမှုရာ အရပ်သို့ လှမ်းကြည့်လိုက်သော
ဆီဒင်ကားအနီလေးတစ်စီး။

"လာပါပြီ....လာပါပြီ အောင်မှဟေသီ၊ ဒေဝီထိပ်ခေါင်
င်လေး"

"ဟေ့ကောင်တွေ ကိုယ့်အလုပ် ကိုယ် လုပ် ကွာ၊ ပုံမှန်
နအထားအတိုင်းပဲနေ၊ သိပ်မလှုပ်နဲ့ မျက်စိရှုတ်တယ်"

သူတို့ အမှုအရာနှင့် သူတို့စကားများအရ စောစောက
နေကြသော ခင်ခင်လေးဆိုသည့် အမျိုးသမီး လာပြီ
ကြောင်း သတိပြုမိ၏။ သို့သော် ကိုယ်နှင့် သိပ်မဆိုင်သက်
ကိစ္စမဟုတ်သဖြင့် မသိလိုက် မသိဘာသာမင် နေလိုက်

ကျော်ညွှန့်က မနေနိုင်၊ မထိုင်နိုင် လက်ကုပ်၍....

"ဟေ့ကောင် ထွန်းဝေ၊ ကားပေါ်က ဆင်းရင် သေ
ချာချာကြည့်၊ သိပ်မိတယ်၊ တို့ကယ်မက်စတြီ မေဂျာမှာ
ဖလားမဲ၊ ခင်ခင်လေးတဲ့"

အညွှန်းကို အမြင်ကပ်လာသဖြင့်....

"သွားစမ်းပါ၊ ကောင်မလေးလှလှလေးတွေ တို့မြန်မာ
ဘယ်အမှိုက်ပုံ လိုက်ကောက်ကောက် ရတယ်၊ ပေါ
ဘီ"

ပြောမည့်သာပြောလိုက်သော်လည်း လူပျိုတို့၏ ဝတ္တရား
ပေးတာဝန်အရ သူတို့ကြည့်သည့်နေရာသို့ အမှတ်တမဲ့
လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားလေးသည် မန္တလေးဆောင် ဆင်ဝင်အောက်
ရပ်သွား၏။

ကားနောက်ခန်းတံခါးလေး ဖျတ်ခနဲ ပွင့်သွားသည်။

ဦးဆုံးတွေ့လိုက်ရသည်က ကားထဲမှ ကျလာသော
ထောက်လေးတစ်ဖက်၊ အဝါနုရောင် တစ်လက်မခွဲ ဒေါက်
ဖိနပ်လေးနှင့် အဝါနုရောင် ဇာပွင့်လုံချည်လေး၊ ပြီးတော့
သည်နှစ်ခုစပ်ကြားမှ နုံ့သော ပန်းနုရောင် ခြေဖနောင့်
တစ်ဖက်။

စက္ကန့်ပိုင်းမျှရှိသော သည်အချိန်လေးတွင် ကျွန်တော့်
မိသော အချက်ပေါင်း မြောက်မြားစွာ ရှိသွား၏။

နု၍ အိနေသော ခြေဖမိုးသားမွမွလေး။

မြွေ၍သွယ်သော ခြေတောက်အလှ၊ ပန်းနုရောင်ပုလဲ
သေးဖြင့် ကြည်သင် ဖြူသန့်နေသော ခြေသည်းလေးများ
သည် ခြေသည်းများသည် ပိုင်ရှင်က တယုတယ မွေးမြူ
ဟန် ညီညာပြေပြစ်လျက် အလောတော်မျှရှည်သည်။

ခြေထောက်လေးတစ်ဖက်ကို သည်လောက် အမှန်းတ
သလား၊ အပြစ်တင် မစောစေချင်ပါ။

ကမ္ဘာပေါ်မှ အရှုပ်အဆိုးဆုံး ပစ္စည်းမှာ ခြေထော
ဖြစ်၏။

မိန်းမလှလေး တော်တော်များများ၏ ခြေထောက်
များကို ဂရုတစိုက် ကြည့်ကြည့်ပါ။ အများအားဖြင့် သူ
မျက်နှာ၊ ကိုယ်လုံး ကိုယ်ပေါက်ကိုမျှ အားမနာ ဘဲ
ထောက်သည် ထော်လော်ကန့်လန့် လိုက်ဖျက်၏။





အဖုများအထစ်များ ပေါ်တတ်သည်။ အကြောများထင်း
ထင်း ပေါ်နေတတ်သည်။ အသားပတ်သကဲ့သို့ ခပ်သေ့သေ့
ဖြစ်နေတတ်သည်။ ကြီးနေတတ်သည်။ သေးနေတတ်သည်။
ကားနေတတ်သည်။ သိမ့်နေတတ်သည်။ ခြေချောင်း လေး
များ လှလျှင် ခြေဖမိုးဖျက်၏၊ ခြေဖမိုးလှလျှင် ခြေမျက်စေ့
ဖျက်၏။ ခြေမျက်စေ့လှလျှင် ခြေဖနောင့်ဖျက်၏။

ခြေမျက်စေ့နောက် ဖနောင့်ကြား အတွန့်လေးများကို
သေချာကြည့်ပါ။ အသက်ရှစ်ဆယ် အဖွားအို၏ ပါးပြင်တွန့်
နည်းမျိုး ရှိနေတတ်သည်။ တစ်ခါတရံ အသား မာသည်
အပေါ်သို့ လိုတာထက် ပိုတက်နေ၏။

ယခု ခြေဖနောင့်သားလေးများက သည်သို့မဟုတ်၊ နုံ့သော
ပန်းနုရောင် ပိုးသား ခြေအိတ်လေး စွပ်ထားသကဲ့သို့ တင်း
တင်း နုညက်နေသော အသားနှင့် မိန်းမလှလေးတစ်ယောက်
၏ ပါးပြင်ကဲ့သို့ အိအိလေး ဖောင်းနေသည်။

သည်ခြေထောက်မျိုးလေးဖြင့် အနင်းခံရသဖြင့် ကမ္ဘာ
မြေကြီးသည် လည်း ကောင်း၊ မန္တလေးဆောင်ရှေ့မှ ကတ္တရာ
လမ်းမသည် လည်းကောင်း များစွာဂုဏ်ယူသွားပေလိမ့်မည်။

ပို၍ ဝမ်းသာသွားစရာ ထိုခြေထောက်လေး တစ်ဖက်
ပိုင်ရှင်သည် ခဏအတွင်း ကားပေါ်မှ လုံး လုံး လျား လျား
ဆင်းလိုက်ခြင်းပင်ဖြစ်၏။

ထိုခဏငယ်လေးအတွင်းတွင် ကမ္ဘာ ပေါ် ရှိ အလှအပ
ပစ္စည်းများအားလုံး မျက်နှာငယ်သွားတော့သည်။

"လှလိုက်တာ"



www.burmeseclassic.com

ကျွန်တော့် ရင်ထဲတွင် လှုတ်ခနဲ ဆိုလိုက်မိ၏။

စောစောက ကျွန်တော်ပြောမိသော စကားများအတွက် များစွာ ယူကျုံးမရ ဖြစ်သွား၏။

"ဘယ်လိုလဲ တွန်းဝေ"

ကျော်ညွန့်အသံက အတန်ငယ် ခြောက်ကပ်နေသည်။ သူသည်လည်း ခြောက်ချားသွားသော အတွေးများကို ကျွန်တော့်ထံ အမေးဖြင့် ဖြတ်လိုက်ရဟန် တူ၏။

ကျွန်တော်က ခေါင်းညိတ်ပြရင်း....

"အေးကွာ သိပ်လှတာပဲ၊ သူ့ခြေဖနောင့်လေးမှာ ကပ်နေတဲ့ သဲမှုန့်လေးတစ်မှုန့်ရရင်တောင် ဧည့်ခန်းမှာ ဖန်ပေါင်းချောင်နဲ့ ထည့်ပြီး အလှကြည့်နေလိုက်ချင်တယ်"

"ဟာ မအေပေး၊ ခွေးသား ပိုပြီ"

ကားက တုန့်ခနဲ ရပ်သွား၏။

"ရောက်ပြီဟေ့ ဆင်းကြ"

ကျော်ညွန့်၏ အော်သံကြားမှ တွေးလက်စ ရပ်သွားသည်။ မျက်လုံးများသည် အဝါရောင် ဆင်တုနှင့် ဆင်စွယ်နှစ် ပန်းပုရုပ်လေးဆီ ရောက်သွား၏။

တွန့်သွားသော လုံချည်စလေးကို သိမ်းနွဲ့၍ဆန့်လိုက်သော သူ့အမူအယာတွင် စကြာဝဠာလုံးမှ အလှအပများ စုဝေးသွားသည်။

"ဟေ့ ကောင် ဆင်းလေ"

ပေါ်ဦးက ကျောကိုတွန်း၍ ပြောသည်။





ကျွန်တော် ကားပေါ်မှ ဆင်းလိုက်၏။ ပြာသောကောင်းကင် နောက်ခံတွင် သပ္ပာယ်ကြည်ညိုဖွယ်ရာ သာခုကန် စေတီကို ဖူးမြင်လိုက်ရ၏။

ကျွန်တော့်ရှေ့ မလှမ်းမကမ်းတွင် သူငယ်ချင်းများနှင့် မြူး၍ စကားပြောနေသော အဝါရောင်မလေး၊ ပြုံးလိုက်သောအခါ ဘယ်ဖက်ပါးပြင်တွင် အလှပဆုံး ပါးချိုင့်လေး တစ်ခု တင်သွားသည်။

ရင်ထဲမှာ လှပ်ခနဲ ရင်ဖိုသွားသည်။

ပြင်ပဈေးသည်မို့ လက်မှတ်တစ်စောင် ဆယ့်ငါးကျပ်ဖြင့် ဝယ်၍ လိုက်ခဲ့ရသော်လည်း အမှန်တကယ် ကျွန်တော် ပေးလိုက်ရသော ခရီးစားရိတ်မှာ တစ်ထောင့်ငါးရာနှင့် ဆယ့်ငါးကျပ် ဖြစ်သည်ကို မည်သူမျှ မသိလိုက်ကြ။

*

"အခုအချိန်ကစပြီး ပျော်စရာ ကစားပွဲ အစီအစဉ်လေး ပါမယ်။ ပထမအစီအစဉ်က 'ခင်မင်ရိုးသားအဖော်များ' ဆိုတဲ့ အစီအစဉ်ပါပဲ"

ဘုရားပေါ်တွင် တစ်ပတ်ခန့် ပတ်ပြီးသောအခါ အဖွဲ့ခေါင်းဆောင်လုပ်သူက အရှေ့ဖက် စောင်းတန်းအနီး ဘုရားခြံရင်း ကန်ဘောင်ပေါ်တွင် စုရုံးစေ၍ အစီအစဉ်ကို ပြောပြသည်။

F. 4

www.burmeseclassic.com



သူ့အစီအစဉ်နှင့် ပတ်သက်၍လည်း ရှင်းလင်းချက်ပေးသည်။

"ဒီကစားနည်းက ဒီလိုပါ၊ ပထမဆုံး ယောကျ်ားလေးသတ်သတ်၊ မိန်းကလေးသတ်သတ်၊ တစ်စုစီစုပြီး မဲတစ်ယောက်တစ်လိပ်စီ နှိုက်ရပါမယ်၊ အဲဒီမဲလိပ်တွေထဲမှာ စာတမ်းလေးတစ်ခုရဲ့တစ်ဝက်စီပါပါတယ်၊ ကြားနေကြစကားတွဲလေးတွေပါ၊ ရုပ်ရှင်နာမည်တို့၊ သီချင်းနာမည်တို့၊ ဝတ္ထုနာမည်တို့စကားပုံတို့ ပြီးတော့ ခေတ်စားနေတဲ့ စကားလုံးလေးတွေ၊ ဥပမာ ဘာအခုမှ ကြောက်ပါပြီလဲဆိုတာမျိုးပေါ့...."

"မဲတစ်လိပ်မှာ ဘာအခုမှဆိုတာပါမယ်၊ နောက်တစ်လိပ်မှာ ကြောက်ပါပြီလဲဆိုတာ ပါမယ်၊ အဲဒီမဲလိပ်နှစ်လိပ် ပိုင်ရှင်ဟာ တစ်တွဲပေါ့၊ အဲဒီလို စကားစပ်ပြီး တစ်တွဲစီ တွဲရပါမယ်၊ ပထမဆုံး ရှာတွေ့ပြီး တွဲလို့ရတဲ့အတွဲကို သကြားလုံးတစ်ထုပ် ဆုပေးပါမယ်၊ နောက်ကိုးတွဲကို သကြားလုံး တစ်လုံးစီ"

ရယ်သံများပေါ်လာ၏။

"ရှင်းပါပြီနော်"

"ရှင်းတယ်....ရှင်းတယ်"

ခေါင်းဆောင်၏ အမေးကို ဟိုမှသည်မှ ဖြေသံများပေါ်လာ၏။

"ကဲ ဒါဖြင့် မဲစနှိုက်မယ်၊ ဖွင့်တော့မကြည့်နဲ့အုံးနော်၊ အချက်ပေးမှ တပြိုင်တည်း ဖွင့်ရမှာ၊ ယောကျ်ာလေးတွေက ဟိုခွက်ထဲမှာ၊ မိန်းကလေးတွေက သည်ခွက်ထဲမှာ၊ ကဲ စနိုင်ပြီ"





ခေါင်းဆောင်၏ ဝီစီသံအဆုံး တင်ဖက်စီထိုင်နေသော သူ
သို့ မဲတစ်လိပ်စီ လိုက်ဝေသည်။
ျာ်လင့်ချက်ကလေး တစ်ခုနှင့် ရင်ထဲတွင် လှုပ်ရှားနေ
ျွန်တော့်လက်ထဲ မဲလိပ်တစ်လိပ် ရောက်လာ၏။ အား
မျက်နှာများကလည်း ဟိုကြည့်သည်ကြည့်နှင့် ပြုံးစေ့
ဖြစ်နေကြသည်။
ခ"
ပြီ
ါင်းဆောင်အုပ်စုထဲမှ တစ်ယောက်က အချက်ပြလိုက်
ခါ ခေါင်းဆောင်လုပ်သူက—
ဖွင့်ပါ၊ ပြီးတော့ အမြန်ရှာပါ၊ ကျွန်ုပ်တို့ ဟိုနား
င့်နေမယ်"
ကားအဆုံး အားလုံးလိုလို ကိုယ့်မဲလိပ်ကိုယ် ကမျာ
င့်ကြည့်ကြ၏။
န်တော့်လက်ထဲမှ မဲလိပ်ကို ဖွင့်လိုက်သောအခါ မျက်
တွင် အတော် ထော်လော်ကန့်လန့်နိုင်သော စာလုံး
တွေ့လိုက်ရ၏။
င်ခွလိကုပါစီ"
ာက်ကျိုးတော့ နဲ့ပြီဟု တွေးလိုက်မိ၏။ အဆက်အစပ်
နေသာသာ ဘယ်လိုဖတ်ရမှန်းတောင် မသိ။
ှာနေသော အသံများ ဆူညံနေသည်။
ပူည ရှိလားဟေ့၊ ဒီမှာ သစ်ခနဲ့ဆို ရှိတယ်"
ကျူးရှိလား၊ ဒီမှာ နွားရှေ့ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မြမန်းဂီရိ ဒီမှာဟေ့၊ သေလာတောင်၊ သေလာတော ဘယ်မှာလဲ"

တချို့ကျတော့ တော်တော် ကိုးလိုးကန့်လန့်နှင့် ရယ် ကြီး ဖြစ်နေကြသည်။

"မြေးရင်း ဒီမှာဟေ့ ! ဘယ်သူလဲချေးပုံဟုတ်၊ ချေးပုံ ဘယ်သူလဲ"

"ဘုန်းကြီးကြွ ဒီမှာဟေ့၊ မသာရှေ့က ဘယ်သူလဲ"

"တေဇသုနေမကွ၊ ဘယ်မှာလဲ ဘူစိနာဝိဝေ"

ကပ်သီးကပ်သပ် ကျသည့်သူများကတော့ မသက်သာ

"လူဟေ့...လူ ဘာနဲ့စပ်သလဲတော့ မသိဘူး၊ တို လူ"

ထိုစဉ် ကောင်မလေးများဖက်မှ အသံပြန်ကြားရ၏။

"ဟုတ်ပြီ ဟုတ်ပြီ၊ ဒီလာ ဒီမှာခွေး ဒီမှာခွေး၊ လ လူခွေး ဆက်လို့ရပြီ"

ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်က ကျွန်တော်၊ အောင်ရမှန်းလည်းမသိ၊ ဖတ်ကြည့်တော့လည်း အသံပင်မ တတ်။ အဓိပ္ပာယ်လည်း နားမလည်။

"တိန်ခွက်နုပါစိ၊ ဘာလဲဟ တင်ခွနုမါစိ မဟုတ် ပါဘူး"

အတွဲတော်တော်များများမှာ တွဲလို့ရသွားပြီ ဖြစ်သ တစ်တွဲပြီး တစ်တွဲ အဖွဲ့ခေါင်းဆောင်ဆီ ပြေးသွားနေ

ကျွန်တော်မှာတော့ အတွဲလည်းမရှာရသေး၊ ကိုယ် ကိုယ်လွဲ ဘာမှနားမလည်၊ ဘာနှင့်တွဲရမှန်းမသိ၊





စာရွက်ကို သဲသဲမဲမဲ ငုံ့ကြည့်ရင်း ဘာလုပ်ရမလဲ ကြံဖန် စားနေမိသည်။ စဉ်းစားလေမရလေ ဖြစ်နေတော့သည်။ သဲ တိန်ခွက်နုပါစိ။

"သူ့ဆီမှာ ဘာပါလဲ"

အနီးကပ် ကြားလိုက်ရသည့် ညင်သာသာ အသံလေးတစ် ကြောင့် ကမူးကယာ ခေါင်းမော့ကြည့်လိုက်၏။

နှလုံးသွေးများ တန့်ခနဲရပ်သွားသည်။ ရင်ထဲတွင် ထိတ်

ခင်ခင်လေးဆိုသော အဝါရောင် ကောင်မလေးသည် စိတ် သော မျက်နှာဖြင့် ကျွန်တော့်ရှေ့၌ ရပ်နေပါလား။ တော်က ခေါင်းခါရင်း....

"မသိဘူး၊ ခုထိဖတ်လို့ မရသေးဘူး၊ ဒီစာကော"

"ဟင့်အင်း....ခင်လေးလဲ ဖတ်လို့မရဘူး"

"ပြစမ်းပါဦး"

ကျွန်တော် သူ့လက်ထဲမှ စာရွက်ကို ဆောင်းလိုက်သည်။ ာရွက်လေး လှမ်းပေး၏။ လှလိုက်တဲ့လက်ကလေး။ စာရွက်လေး ဖြန့်ကြည့်သောအခါ မျက်လုံး ပြူးသွား၏။

"ဓါကြံဝင်မြူကွာစိရိ"

ကျွန်တော်ပါးစပ်မှ ရယ်သံများထွက်သွားပြီး

"အဲဒါဘာလဲ"

သူ့မျက်နှာတွင်လည်း အရယ်တစ်ခု ပေါ်လာ၏။

"သိဘူး"

ကျွန်တော့် ခေါင်းထဲတွင်အဖြေတစ်ခု ပြေးသတိရလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မှန်းစမ်း ဒီနှစ်ခု ဆက်ဖတ်ကြည့်ရအောင်"

ပြော၍ ကြံဖန်အသံထွက် ဖတ်ကြည့်သောအခါ....

"တိန်ခွက်နုပါစီ၊ အီကြုံလုကွာစံ ဟာ ဟုတ်ပြီ"

"ဘာဟုတ်တာလဲ"

သူက နားမလည်သော မျက်နှာလေးဖြင့် မေး၏။

"ဒီမှာလေ ဆက်လို့ရပြီ၊ တိန်ခွက်နုပါစီ အီကြုံလုကွာ

"ဘာဆိုင်လို့လဲ"

လဲဆိုသောအသံကို ရှည်ရှည်ဆွဲ၍ ပြောလိုက်ပြီး၊ လက်

မဝါဖြင့် ပါးစပ်ကိုပိတ်၍ ရယ်တော့၏။

"ဟုတ်တယ်ဗျ၊ တစ်ခုစီက ဘာအဓိပ္ပာယ်မှ မရှိဘူး။ ကျ

တာအားလုံးကသူ့ အဓိပ္ပာယ်နှင့်သူရှိနေတာဆိုတော့အဓိပ္ပာ

မရှိတာချင်း တွဲရမယ်နဲ့တူတယ်၊ ဒါမျိုးကလဲ ကျွန်တော်

နှစ်ခုပဲပါတာ၊ ဒါပဲဖြစ်မယ်၊ လာသွားမယ်"

"ဟုတ်ရဲ့လား"

သူက ရယ်ချင်စိတ်ကို ထိန်းထားသော မျက်နှာဖြင့် ကျ

တော်ကို မယုံမရဲကြည့်ကာ မေးသည်။ တစ်လောကလုံး

အလှဆုံးအကြည့်။

"လာစမ်း...ဟုတ်ပါတယ်"

နှစ်ယောက်သား ခြေလှမ်းသွက်သွက်ဖြင့် လျှောက်သွ

ကြ၏။ ခပ်သွက်သွက်သာလျှောက်လာကြသည်။ ကျွန်တော်

နှစ်ယောက်နောက်မှာ ဘယ်သူမှမရှိတော့။ ခေါင်းဆော

လုပ်သူကရယ်ရင်း

ငေပ နှာ ၁၃၆၈



"ဟုတ်ပြီ ဟုတ်ပြီ၊ တိန်ခွက်နုပါစီ အီကြုံလူကွာစံအတွဲ

တွေ့လာပြီ၊ နံမည်တွေပြောပါ"

"ထွန်းဝေ"

"ခင်ခင်လေး"

"ခုနောက်ဆုံး ရောက်လာတဲ့ အတွဲကတော့ ကိုထွန်းဝေနဲ့

ခင်ခင်လေးတို့အတွဲ ဖြစ်ပါတယ်၊ သူတို့ကျတဲ့ စာတွက

တော့ တိန်ခွက်နုပါစီ အီကြုံလူကွာစံ....တဲ့"

ဝါးခနဲ ရယ်သံများ ဆူညံသွားသည်။ ကျွန်တော်တို့နှစ်

ယောက် တစ်ယောက်ကို တစ်ယောက်ကြည့်၍ နှစ်နှစ်ခြိုက်

ခြိုက် ရယ်လိုက်ကြ၏။

ဩော်....သေလိုက်ပါတော့ တိန်ခွက်နုပါစီ၊ အီကြုံလူကွာစံ

ရယ်။

*

စေကနှာ ၁၃၆ပ

www.burmeseclassic.com

www.burmeseclassic.com



၃။

လက်ခုပ်သံများ ဆူညံသွားသည်။

ပထမရသည့်အတွဲက ရရှိသော သကြားလုံးထုပ် တစ်ထုပ်ကိုဖောက်၍ လူအုပ်ထဲပစ်ကျဲလိုက်သည်။

ဟေးခနဲ အော်သံနှင့်အတူ သကြားလုံး လုကြရင်း နဖူးချင်းတိုက်သူတိုက်၊ ခေါင်းချင်း တိုက်သူတိုက် ဖြစ်ကုန်ကြ

"ခင်လေးတို့ကျတော့ ကံဆိုးလိုက်တာနော်၊ မဟုတ်တရုတ်ကြီး လာကျတယ်"

ခင်လေးဆီမှ မကျေနပ်သံလေး ပေါ်လာသည်။ ကျွန်တော်သူ့ကို ပြုံးကြည့်ရင်း....

"ကျွန်တော်တော့ ကံကောင်းတယ် ထင်တာပဲ"

"ဘာလို့"

မျက်ခုံးလေး အထက်ပင့်၍ မေးလိုက်သော ဟန်လေးသည် ရင်ထဲသို့ နက်နက်ရှိုင်းရှိုင်း ဝင်သွား၏။ မိန်းမလိမ္မာလှတယ် ဘယ်သူပြောလဲ ထတ်မှတ်ချိး

"နို့မို့ဆို ခင်လေးနဲ့ တစ်တွဲထဲ ဘယ်ကျမလဲ"

ခ်ိတ်ထဲက ပြောလိုက်ခြင်းသာ ဖြစ်ပါသည်။ ပါးစပ်ကမူ ချစ်ဖြူစင် သန့်ရှင်းသော အလှမျက်နှာ ကလေးအတွက် ထိုသို့ ပြောရမှာ ကမ္ဘာနှင့်ချီ၍ အားနာလှ၏။ ထို့ကြောင့်....

"နို့မို့ ခင်လေးနဲ့ကျွန်တော် အပြွင်ထွက်ပြီး ကနေရဦးမှာ"

"အင်း....ဟုတ်ပါရဲ့၊ အဲလိုတော့လဲ ရှက်စရာကြီးနော်"

ထိုအချိန်တွင် ပထမရသော အတွဲသည် ပရိသတ်၏ အာင်းဆိုချက်အရ ယောကျ်ားလေးက သီချင်းဆို၍ မိန်းကလေးက ကပြနေရ၏။

"မှုံ ရွှေရည်....ခိုင်မာလာနှင်းဆီ"

"ခင်လေး၊ ကတတ်သလား"

ကျွန်တော်က စကားစရသည့် အခွင့်အရေးလေးကို လက်လွှတ်နိုင်။ ခင်လေးဆိုသည့် အခေါ်လေးကို ဒုတိယမှ တွဲသုံးကြည့်၏။

"ဟင့်အင်း....ကတတ်ပါဘူး"

မဆိုးတော့၊ အခုခြအနေသည် လုံးဝမဆိုးတော့။ ခင်လေးဆိုသည့် အသုံးအနှုန်း အတည်ဖြစ်သွားပေပြီ။

"ကဲ...ဒုတိယ အစီအစဉ်အနေနဲ့ စောစောက တွဲထားတဲ့ အတွဲအလိုက် ရှစ်တွဲစီမယ်၊ လေးစုစုမယ်၊ ပြီးတော့ အစုလိုက် ပွဲလုပ်မယ်၊ တစ်ကနေ ရှစ်အထိ တစ်စု၊ ကိုးကနေ ဆယ့်ခြောက်ထိတစ်စု၊ ဆယ့်ခုနစ်ကနေနှစ်ဆယ့်လေးအထိ တစ်စု၊ ကျန်တာတစ်စု"





www.burmeseclassic.com

www.burmeseclassic.com



အစုလိုက် ထိုင်ရမည့် နေရာများကိုလည်း ဆက်ပြော ကံကောင်းထောက်မစွာ ကျွန်တော်တို့အစုထဲတွင် ပေါ လည်း ပါလာသည်။

"အစုလိုက်ပြိုင်ပွဲမှာ ပြိုင်ပွဲလေးမျိုး ရှိပါတယ်၊ တစ် အားကစားပြိုင်ပွဲ၊ နှစ်ကဖျော်ဖြေမှုပြိုင်ပွဲ၊ သုံးက အလှ ပြိုင်ပွဲ၊ လေးက ရှာရှာဖွေဖွေစုစည်းလေဆိုတဲ့ပြိုင်ပွဲ၊ အစုလို အမှတ်ပေးမယ်။ ပထမရတဲ့အသင်း ဆုရမယ်၊ ကဲ...ပထမပြိ ပွဲစရအောင်"

ပျော်ပွဲစား အစီအစဉ် လုပ်သူများသည် ကတ်သီးက သတ် လုပ်တတ်သူများ ဖြစ်၏။ ပထမအားကစားပြိုင်ပွဲ သည့် ပြိုင်ပွဲများကို ကြည့်ပါဦး။

"အားကစားမှာ နံပတ်တစ် ပြိုင်ပွဲက ဖားခုန်ပြိုင် တစ်စုကနေ ကိုယ်စားလှယ် တစ်ယောက်စီလွှတ်ပါ၊ လေ ယောက်ပြိုင်မယ်"

အစုလိုက်ခေါင်းချင်း ရိုက်ကုန်၏။

ကျွန်တော်တို့အစုတွင် မောတုဗေဒ အဓိကမှ ဝင်းမြင့် သူက....

"ကျွန်တော် လုပ်ပေးမယ် ဘာမှမပူနဲ့၊ ဒါမျိုး ကျွန်တော် ပိုင်တယ်"

ဆိုပြီး တာဝန်ယူလိုက်သည်။

လေးယောက် တန်းစီပြီး တာလွှတ်လိုက်သောအခါ ဝင်း မြင့်ပင် ပထမရ၏။ မကြီးမငယ်အရွယ်တွေနှင့် ဖားခုန်ကြ ရာတွင် ကျန်သူများ အူနှိပ်နေကြ၏။





"နောက်နံပတ်နှစ် ပြိုင်ပွဲကမျက်စိမှိတ်၊ကြိုးတန်းခုန်အပြေး ပြိုင်ပွဲ၊ ခုနလိုပဲ ကိုယ်စားလှယ်တစ်ယောက်စီ လွှတ်ပါ"

ကျွန်တော်တို့ထဲက ဝင်းမြင့်ပင် ထွက်၏။

ခေါင်းဆောင် လုပ်သူက အရင်ဆုံး ကြိုးတန်းသုံးတန်း ကို အပ်ချည်ကြိုးဖြင့် တန်းပြ၏။

"ကဲ....ခုထဲက ခင်ဗျားတို့ ကြိုးနေရာတွေ၊ ကြိုးရဲ့အမြင့် တွေ မှတ်ထားပါ။ ပြိုင်ပွဲစတဲ့အချိန်မှာ ဘေးကဝင်ပြောယင် ပြောတဲ့အသင်း အရှုံး"

ကြိုးသုံးကြိုးကို တစ်လန်ကွာလောက်စီမှာ တန်းထား ၏။ တစ်တန်းက တစ်ထွာလောက်အမြင့်၊ နောက်တစ်တန်း က တစ်တောင်ကျော်ကျော်အမြင့်နှင့် ကျန်တစ်တန်းက ခါး သည်လောက် မြင့်သည်။

ကိုယ်စားလှယ် လေးယောက်သားမှာ ကြိုးတန်းနေရာနှင့် အမြင့်များကို ချိန်၍ ခန့်ကြည့်နေ၏။

"ကဲ...မျက်စိတွေ ပိတ်မယ်"

ခေါင်းဆောင်က အချက်ပေးလိုက်သည့်အခါ ပြေးမည့် သူများကို မျက်နှာ အဝတ်စည်းလိုက်၏။

ထို့နောက် သုံးပတ်ဆီလှည့်လိုက်ပြီး ပြေးရမည့် နေရာ ဆည့်တည့် ဦးတည်ပေးလိုက်၏။

"ပြေးတော့"

ရှိခနဲ ဝီစီသံနှင့်အတူ လေးယောက်သား ကိုယ့်အကြံနှင့် ကိုယ် ပြေးတော့၏။

ဘေးလူများ တဝါးဝါးနှင့် ပွဲကျနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကတော့ သူ့ကို ညာတာပါတေး လုပ်ထားသည် ထင်လားမသိ၊ နောက်ဖက်သို့ မာန်ပါပါနှင့် ပြန်လှည့်ကာ ဘာမှ မရှိသောဘက်သို့ လေးငါးလှမ်း ပြေးလိုက်၊ လှမ်းခုန်လိုက်၊ ကိုယ့်ကိုယ့် ကားယား ဟန်ကျနေ၏။

ခင်လေးမှာ ရယ်ရလွန်းသဖြင့် မျက်နှာလေးပင် နီနေသည်။

ကျန် သုံးယောက်ကတော့ တည့်တည့်ပြေး၏။

သို့သော် သူတို့ဖြစ်နေပုံကလည်း ရယ်နေရသည်။

တာလွှတ်လိုက်ပြီဆိုကတည်းက ကြိုးတန်းကိုင်ထားသူများက ကြိုးများရုပ်လိုက်ပြီး ဘာမှ ထားမထားတော့။

ဘာမှ မရှိသည့် ကြိုးများကို မမြင်မကန်းနှင့် အားရပါးရ ခုန်ပြီး လဲသူလဲ၊ ဘေးချော်သူချော်နှင့် ဖြစ်နေကြသည်။

ဤပွဲမှာ ဘယ်သူမှ ပန်းမဝင်နိုင်၊ တစ်ယောက်ကဆွမ်းတော်စွန့်သည့် အုတ်ခုံကြီးကို ဝင်တိုက်၏။ တစ်ယောက်က ဘောင်မလေးအုပ်စုထဲ ဝင်တိုးသဖြင့် အော်သံများ ဆူညံသွားသည်။ ဝင်းမြင့်က ချာလည်ချာလည်နှင့် အုတ်နံရံ ဝင်တိုက်၏။

တက်ယ့်ကို ရိုးသားစွာ ပျော်ရခြင်းအစစ်။

ခင်လေးက ရယ်ရလွန်းသဖြင့် ဝဲလာသော မျက်ရည်များကို လက်ကိုင်ပဝါ အဝါလေးဖြင့် တို့ချနေသည်။

"ဒုတိယ အစီအစဉ်စပါမယ်၊ အဲဒါက ပျော်ပြေမှုပြိုင်ပွဲ၊ ခုချက်ချင်းပေါ်လာတဲ့ အစီအစဉ် တစ်ခုစီကိုယ်စီဆွဲပြီး တစ်ဖွဲ့





ကို တစ်ခု၊ ကျွန်တို့အဖွဲ့တွေနဲ့ ပရိသတ်ကို ပျော်ပြေပါ။ ပျော်ပြေမှု အကောင်းဆုံးအဖွဲ့ ရွေးပြီး အမှတ်ပေးပါမယ်"

ကျွန်တော်တို့အဖွဲ့မှာ နံပါတ်လေးအဖွဲ့ဖြစ်၍ နောက်ဆုံးမှ ပြိုင်ရမည်ဖြစ်ရာ ကျွန်အဖွဲ့များ၏ အခြေအနေကို တွက်နိုင်သဖြင့် တစ်ပန်းသာသွားသည်။ ပိုဟန်ကျသည်က အကောင်ဒီယံ ပါသော ပေါ်ဦး ကျွန်တော်တို့အဖွဲ့ထဲ ရောက်နေခြင်းပင်။

ကျန်အဖွဲ့များမှာ တူရိယာပစ္စည်းလည်း မပါ၊ တိုက်ထားသူလည်း မရှိ၊ ရှိသည့်သူများကလည်း နောက်ပိုင်းအစီအစဉ်မှာ ဆိုရန် ချန်ရဦးမည်ဖြစ်ရာ၊ ကျွန်တော်တို့အဖွဲ့ကိုမမှီ။

ကျွန်တော်တို့အဖွဲ့ အလှည့်ရောက်သောအခါ ပေါ်ဦးက သောင်ပေး၏။

"ဟေ့ ကောင် မင်းဆို၊ ငါတီးမယ်"

ကျွန်တော်က မျက်လုံးပြူး၍ ခေါင်းခါပြီး

"ဟာ...မဟုတ်တာကွာ၊ မလုပ်ပါနဲ့၊ မင်းဟာမင်း ဆိုတီးလုပ်ပါ"

အမှန်တော့ ကျွန်တော်မဆိုတတ်၍မဟုတ်။ ပေါ်ဦး နှင့် ကျွန်တော်မှာ တစ်ခန်းတည်း အတူနေရ၍ သူအတီးကိုယ်က ဆိုနှင့် ဟန်ကျနေပြီးသား။ သူကလည်း ကျွန်တော့်အဆိုနှင့် သဘောကျသည်။

သို့သော် ခုပွဲမှာ ကျွန်တော်မဆိုရဲ။ ခင်လေးရှိနေသည့် ဆိုသေးအသိနှင့် ကျွန်တော် ရှုံ့နေမိသည်။

သို့သော်...သို့သော်



www.burmeseclassic.com

www.burmeseclassic.com



"ဟာ....မင်းနဲ့မှဖြစ်မှာကွ၊ မင်း နဲ့ ငါက တီးနေကျ ဆိုနေကျ"

ကျွန်တော် ခေါင်းခါဆဲ–

"ဟုတ်သားပဲ ဆိုစမ်းပါ၊ ခင်လေးလဲ နားထောင်ချင်တယ်"

ကျွန်တော်နှင့်ပေါ်ဦး ငြင်းခုန်နေခြင်းကိုကြည့်၍ ခင်လေးက ဝင်ပြောသည်။

ကဲ....ကျွန်တော် ဘာတတ်နိုင်ဦးမည်နည်း။ ခင်လေးလိုချင်သည်ဆိုလျှင် သမဝါယမက ခွဲတမ်းပစ္စည်းတောင် ဈေးပို၍ပေး၍ အပြင်က ဝယ်ပေးရမည် မဟုတ်ပါလား....

"ကျွန်တော်တို့အဖွဲ့မှာ ကျွန်တော် ပေါ်ဦးက အကော်ဒီယံတီးပြီး ကျွန်တော့်သူငယ်ချင်း လွန်းဝေက–သီချင်းဆိုပါ့မယ်၊ သူဆိုမယ့် သီချင်းက ကိုယ့်ဒူး ကိုယ်ချွန်တဲ့"

ဟာ– ဒီကောင် ဘယ်လိုလုပ်လိုက်တာလဲ ဟု စိတ်ထဲက ထောင်းခနဲ ဖြစ်သွား၏။ ကျွန်တော်ကတော့ ခင်လေး နားထောင်ချင်သည် ဆိုသဖြင့် ခပ်ရိရိ ခံစားမှုသီချင်းလေး ဆိုမလား စိတ်ကူးထားသည်။ မေ ပါနိုင်တို့ ပန်းပုသူဇာတို့ စသဖြင့်.... သူက အသားလွတ် ဝင်၍ ဖျက်သည်။ ဆွေးရော။

ကျွန်တော့် ခေါင်းထဲ မကြည်မလင် ဖြစ်နေချိန်တွင် ပေါ်ဦးက အတောစ၍တီးနှင့်ပြီ။ မတတ်နိုင်တော့။ အလိုက်သင့်ပင် ဝင်ဆိုရတော့သည်။





"ယောကျ်ားကောင်း အတောင်နှစ်ဆယ်ဆိုတာ ကောင်းကြယ် မလွတ်စတမ်းသာ၊ ဝီရိယ၊ လုံ့လကိုသာ ထာဝရ သတိယှဉ်ပါ၊ အထက်ကိုချိန်ကာ၊ ဝတ်နှံသာ ခေါင်ထိပ်၊ ငြိမ့်စိတ်တံခွန် တလူလူဖျာ၊ သူများအားကိုး ခါးကျိုး နုလံမ တကယ့် လူဆိုတာ၊ အတ္တဟိအတ္တနောနာထော၊ မိမိသာ ကိုးကွယ်ရာ"

အစတုံးကမစဉ်းစားမိသော်လည်း ဆိုရင်းဆိုရင်းနှင့် ခံစားအားတွေဝင်လာသည်။ မျက်စိထဲတွင် ခင်လေးစီးလာသောလေးကို မြင်ယောင်လာသည်။ ရွာမှ အမေ့ကုန်စုံဆိုင်တို့ မြင်ယောင်လာသည်။ ပြီးတော့၊ ခင်လေးကိုယ်မှ အဖိုးတန် ပစ္စည်းများ၊ ကျနော့် ကိုယ်ပေါ်မှ တည်းသော လူစဉ်မှီ ဝတ်စုံလေး–

ရှင်ထဲမှာ လှုပ်ရှားလာသည်။ ထို့ကြောင့်ဆိုရသော စာများမှာလည်း အသက်ဝင်လာ၏။

"ကံဉာဏ်ကို ယုံကြည်စွာ ကိုယ့်ကိုကိုယ် အားကိုးကာ ကို စိတ်ကူးကာ၊ အောင်လမ်းကို တွေ့အောင်ရှာ"

အမှတ်မထင် ခင်လေးမျက်နှာကို လှမ်းကြည့်လိုက်၏။ ကျေသာ အပြုံးလေးနှင့် ကြည့်နေသော အကြည့်လေးမှာ မှာလုံးက အားဆေးများ စုသားသည်ယက်ပင် အစွမ်းနေသည်။

"မမှိတ်ပန်းလို လောကမှာမရှိသေးမောင်တွေးကြံယူကာ နဲ့ ချူရင် အလွယ်တကူပါ အိုအတ္တာဟိ အတ္တာနော သော၊ မိမိကိုယ်သာ ကိုးကွယ်ရာ"



www.burmeseclassic.com

www.burmeseclassic.com



သီချင်းအဆုံးတွင် လက်ခုပ်သံများ ပေါ်လာ၏။

ကျွန်တော့် မျက်စိထဲတွင် ဘွဲ့နှင်း သဘင် ခမ်းမကြီး မြင်လာသည်။

တက္ကသိုလ် တက်ရခြင်း ရည်ရွယ်ချက်တွင် နှလုံးသား ဆန္ဒကြောင့်ပိုလာသောအချက်လေးတစ်ချက်လည်းကျွန်တော့ ရင်တွင် တိုးလာ၏။

ကိုယ်ကြိုးစားပါ့မယ် အချစ်ရယ်-အဲ

ခင်လေးရယ်-

*

တတိယပြိုင်ပွဲကတော့ အလိုလို နေရင်းနိုင်ပြီးသား ဖြ သွားသည်။

"ဒီပြိုင်ပွဲကတော့ အလှပြိုင်ပွဲမို့ တဦးစီ မပြိုင်တော့ဘူး ဒီအထဲမှာ 'ကွင်း' ရွေးမယ်၊ အဲဒီ ကွင်း ပါတဲ့အဖွဲ့ အမှတ် ပါတယ်၊ အားလုံးရွေးပေးပါ၊ သာ့စုံကန်မှာ ရွေးခဲ့တဲ့အ ဘုရင်မတယောက်"

သည်အချက်ကတော့ အလိုလိုနိုင်သွားသည်။

အားလုံး၏ဆန္ဒဖြင့် ခင်လေးက အလှဘုရင်မအဖြစ် ခံယူ မတ်တင်ရပ်ပြချိန်တွင်၊ သူ့ မျက်နှာပေါ်၌ ပန်းနုရောင်အ လေး သန်းနေ၏။

အဲ-နောက်ဆုံးပြိုင်ပွဲကတော့ တကယ့်ပွဲပင်ဖြစ်၏။

*





"ဒီအစီအစဉ်ကတော့ ရှာရှာဖွေဖွေ စုစည်းလေ ဆိုတဲ့ ပြိုင်ပွဲပါဘဲ။

"ကျွန်တော်တို့၊ ပစ္စည်းဆယ်မျိုး ရှာရှာဖွေဖွေစုပါမယ်။ ပစ္စည်းတစ်ခုစီကို အမြန်ဆုံး ရအောင် ရှာနိုင်တဲ့အဖွဲ့ကို တစ်ခု တစ်မှတ်နှုန်းနဲ့ အမှတ်ပေးပါမယ်"

ကျွန်တော်တို့ အားလုံး တယောက်မျက်နှာ တယောက် ကြည့်၍ ပြုံးလိုက်သည်။

ဒီပွဲကလည်း ရယ်ရဦးမှာ သေချာသည်။

"ကဲ အသင့်ပြင်ပါ နံပါတ်တစ် ပစ္စည်းကို ကြေညာပါ မယ်"

အားလုံး လှုပ်လှုပ်ရှရှနှင့် အသင့်ပြင်ထားကြ၏။

"နံပါတ်တစ် ပစ္စည်း"

ကြေငြာသူက ခပ်ဆိုင်းဆိုင်းလုပ်၍ထား၏။ ပြီးမှ ခပ်မြန်မြန် လေသံဖြင့်-

"လက်ကိုင်ပဝါတထည်"

ကျွန်တော် ဘာမပြော ညာမပြော ခင်လေး လက်ထဲမှ လက်ကိုင်ပဝါကို ဆတ်ကနဲလု၍ ကျွန်တော်က ပြေးသည်။

"နံပါတ်လေးအုပ်စုက ပထမ"

ကျွန်တော်တို့အုပ်စုက ပထမရသည်။

"နံပါတ်နှစ် ပစ္စည်း"

ကျွန်သည့်အုပ်စုများ မကျေမနပ်နှင့် အချင်းချင်း ဟိုပြော သည်ပြော ပြောနေခြင်းများ ရပ်သွားသည်။

"ပုရွက်ဆိတ်တစ်ကောင်"



www.burmeseclassic.com

www.burmeseclassic.com



ဝုန်းဝုန်း ဝုန်းဝုန်းနှင့်ထ၍ တောင်ပြေး မြောက်ပြေး ပြေးကုန်၏။

သည်ပြိုင်ပွဲမှာတော့ အုပ်စုနှစ်မှ ပထမရသွားသည်။ ကျွန်တော်တို့အုပ်စုမှာ တတိယမှုပင် မချိတ်လိုက်။ နိုင်သည့် အုပ်စုမှာ မြောက်ကြွ မြောက်ကြွ ဖြစ်နေ၏။

"နောက်ပစ္စည်းတစ်ခုက"

ကြေငြာသည့်သူက ခပ်ဆိုင်းဆိုင်း လုပ်လိုက်သည်။ အုပ်စုများအားလုံး လည်ပင်းများ ရှည်လာကြသည်။ တစ်ယောက်တစ်ယောက် ကြည့်၍လည်း ပြုံးလိုက်ကြသည်။ ကျွန်တော်တို့အုပ်စုထဲမှ ပန်ချာပီတစ်ယောက်ကမူ နှုတ်ခမ်းချင်းစေ့၍ပြုံးတုံးတုံးကြီးလုပ်နေ၏။

"အဟမ်း"

မျှော်ပါသည်ဆိုကာမှ ကိုယ်တော်ကလည်း ချောင်းတွေဘာတွေရှင်းလိုက်သေး၏။ ပြီးမှ အားလုံးကို ပြုံးစေ့စေ့ကြည့်ရင်း—

"ခြေသလုံးမွေး လက်တနုတ်စာ"

"အောင်မယ်လေးဗျ"

ကြေငြာသူ အသံမဆုံးခင် ရှေ့မှ ပန်ချာပီကုလား၏ ယယ်သံပါအောင် အော်လိုက်သော အသံကို ကြားရသည်။ ကြည့်လိုက်ရာ ပန်ချာပီ၏ခြေထောက်မှ ခေါင်းလောင်းဘောင်းဘီမှာ ဒူးဆစ်အထိ လန်တက်လျက်ရှိပြီး မည်းမှောင် ရှုပ်ထွေးနေသော ခြေသလုံးမွေးများကြားတွင် ဒင်္ဂါးဝိုင်းခန့် အကွက်တစ်ကွက် တစ်မွေးမှ မရှိတော့ဘဲ ပြောင်တလင်းခါနေ၏။





အပြေးသွားသော ပေါ်ဦး၏လက်ထဲတွင် တစ်ပြုံကြီး ပါ…သော အမွေးများကို မြင်ရသည်။ ပန်ချာပီ ခြေသ…နိုပ်၍ ရှုံ့မဲ့ပြီး အော်နေ၏။

တစ်ဝိုင်းလုံး သူ့ကိုကြည့်၍ အူနှိပ်နေရသည်။ ဗိုက်များ…သာသည်။ ရယ်ရလွန်းသဖြင့် မျက်ရည်များပင်ကျလာ၏။

"နံပတ်လေးအုပ်စု အမြန်ဆုံးနဲ့ အမွေးအများဆုံး စံချိန်…တင်ပြီး ပထမ ရပါတယ်"

ဝေါက်နဲ့ ရယ်သံများ ပေါ်လာ၏။

ပန်ချာပီ ကံဆိုးလေစွ။

သည်လိုနှင့် တွယ်ချိတ်တစ်ချောင်း၊ ပိုင်းလော့ဖောင်တိန်…လက်၊ ပုဆိုးတစ်ထည်။

အဲ…ပုဆိုးတစ်ထည် အရှာမှာတော့ ကျွန်တော်တို့အုပ်စု…မရလိုက်ပါ။ သို့သော် ပေါ်ဦးမျှော်မှာတော့ တစ်…ောင်လောက် အတွင်းခံဘောင်းဘီကြီးနှင့် ကိုရှိုးကားယား…သွားရှာသည်။

ကျန်သည့် ပစ္စည်းများကတော့ သူရလိုက်၊ ကိုယ်ရလိုက်…ရှာရှာဖွေဖွေ ပစ္စည်းဖြစ်လေ ပိုရယ်ရလေနှင့် အားလုံး…တက်နေကြသည်။

အဆိုးဆုံးရှာလိုက်ရသည့် ပစ္စည်းက ဘရာစီယာ တစ်ထည်…

ရတော့ ရလိုက်ပါ၏။ ကံကောင်းလို့။

နောက်ပိုင်း အစီအစဉ်မှာ ကရမည့် မိန်းကလေးများ…



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားအပိုများ ပါလာကြသဖြင့်သာ။ နို့မို့ ဘုရား ဘုရား။

နောက်ဆုံး ပစ္စည်းလေးကတော့ မပြော၍ ပြီးမည်မဟု ပါ။ ကျွန်တော့် အဖို့ သည်ပစ္စည်းလေးမှာ တစ်သက်လုံး မမေ့ နိုင်စရာ ပစ္စည်းလေးပင်။

"နောက်ဆုံးရှာရမယ့် ပစ္စည်းကတော့ တက္ကသိုလ် ကံ့ကော်ရှာ ကျောင်းသားမှုားဖြစ်လို့ မြကျွန်းသာရဲ့ အထိ အမှတ်ဖြစ်တဲ့ ကံ့ကော်ရွက်လေး တစ်ရွက်ပါပဲ။ ဒီကံ့ကော် ရွက်လေးပေါ်မှာ အမျိုးသားတစ်ယောက်၊ အမျိုးသ တစ်ယောက်၊ လက်မှတ်ထိုးပေးရမယ်။ ကဲ ရှာပါ"

အားလုံး ထော်လော်လန်လန် ဖြစ်သွား၏။

ဘုရားရင်ပြင်နှင့် ကန်ဘောင်ပေါ်တွင် ကံ့ကော်ပင် ပင်မှ မရှိ။

ထိုစဉ် တစ်ယောက်က အသံပြုလိုက်၏။

"ဟိုအောက်က ဘုန်းကြီးကျောင်းဝင်းထဲမှာ ကံ့ကော် ပင်တွေ ရှိတယ်"

ဝုန်းခနဲ ဘုရားခြေရင်းမှ လှေကားအတိုင်း အောက် ပြေးဆင်းကုန်ကြ၏။

ကျွန်တော်လည်း အောက်ပြေးဆင်းရန် ခြေအလှမ်း

"နေအုံး၊ နေအုံး ခင်လေးမှာ ပါတယ်"

ခင်လေးက ကျွန်တော့် လက်ကို ဖမ်းဆွဲရင်း သူ့ ဆ ဘက်ကို ကပျာကယာ ဖွင့်လိုက်သည်။ ကျွန်တော် စိတ် ထက်သန်စွာ ကြည့်နေချိန်တွင် သူ့ အိတ်ထဲမှ ပလပ်စတစ်





ဖြင့် ထည့်ထားသော ကံ့ကော်ရွက်ခြောက်လေး လေး ရွက် ထွက်လာ၏။

ကံ့ကော်ရွက်လေး တစ်ရွက်ကို ယူ၍ သူ့လက်မှတ် ထိုး ပြီးမှ

"ရော့၊ သူ့ လက်မှတ်ထိုးလိုက်"

ကျွန်တော့် ရင်ထဲ အေးခနဲ ခံစားလိုက်ရ၏၊ ကျွန်တော်က နိုးကတမ်း လှမ်းယူပြီး လက်မှတ်ထိုးလိုက်သည်။

အောက်ဆင်းသွားသော လူများထံမှ "ရပြီ" ဟု ဆိုသော သံ ကြားလိုက်ရချိန်တွင် ကျွန်တော်တို့ နှစ်ယောက် တစ် ယောက်ကို တစ်ယောက် ကြည့်၍ ပြုံးလိုက်ကြသည်။

ထိုနေ့ညက ကျွန်တော် အိပ်မက် မက်သည်။

ကံ့ကော်တောမှာ ခင်လေးသည် အဝါရောင် ဂတ်စုံလေး ဝတ်၍ အလှဆုံး အပြုံးလေးတစ်ခုကိုပြုံးပြီး ကံ့ကော်ပွင့်လေး များ ခူးသည်။ တစ်ယောက်သောသူသည် ထိုကံ့ကော်ပွင့် များကို ခင်လေးအား ပန်ပေး၏။ ထိုတစ်ယောက်မှာ ကျွန် တော် ဖြစ်နေလေသည်။

*



www.burmeseclassic.com

www.burmeseclassic.com

ဌ။

“အဲဒီနေ့က တို့ကယ်မက်စတြီက ကောင်တွေ ရေ
လည်လည် ဆွေးသွားတာပဲ”

ဦးချစ် ဆိုင်ရောက်၍ စားပွဲတွင် ထိုင်ထိုင်ချင်း ကျော်ညွ
က စကားစလိုက်သည်။ ပေါ်ဦးက ပြုံးရင်း ကျွန်တော့်ဘ
မေးငေါ့၍....

“ဖွအ ဒီကောင့်ပဲ ဖြစ်သွားတာကိုး”

ကျွန်တော့် မျက်နှာမှ အပြုံးသည် ကျေနပ် သေ
အဓိပ္ပာယ်ဆောင်နေမည်မှာ မြေကြီးလက်ခတ်မလွဲ သေချာ
၏။ သို့သော် အထာ ယူချင်သေးသဖြင့်....

“ငါကတော့ ရိုးရိုးသားသား ပါပဲကွာ”

“ခွေးကောင်၊ အပိုတွေပြောမနေစမ်းနဲ့၊ ကံ့ကော်ရွက်
မှာ လက်မှတ်အတူတူထိုးခဲ့တဲ့ အကြောင်း မင်းပြန်ပြောတာ
အခါနှစ်ဆယ်လောက် ရှိပြီ”

ဓာတ်သိ ပေါ်ဦးက ဝင်နှိပ်မှ ကျွန်တော် စပ်ဖြီးဖြီးနှ
ငြိမ်နေလိုက်ရသည်။





“အေးပေါ့ကွာ၊ ဘယ်တတ်နိုင်လဲ၊ မင်းကိုက ကံကောင်းချင်တာကိုး၊ မဲလိပ်တဲ့တော့လဲ ကတ်သီးကတ်သတ် နှစ်ခုမှကျနေ၊ ဒီကြားထဲ ဟိုအုန်းခိုင်ဆိုတဲ့ ငနဲက ရှည်ပြီးတော့ ရှာရခက်မယ်ကွ ဆိုပြီး ကံ့ကော်ရွက်သွားထည့်တော့ မင်းဟာန်ကျသွားတာပေါ့”

ကျော်ညွန့်က၊ မအီမလည်နှင့် ဝင်ပြောသည်။ တစ်ဆက်တည်းပင်....

“အဲဒီ ကံ့ကော်ရွက်ကော”

သူ့အမေးအဆုံး ပေါ်ဦးက ရှုံ့မဲ့၍ ကျွန်တော့်ဘက် မေးဆတ်ပြလျက်....

“သူ့ဆီမှာလေ၊ အိပ်ရာဝင် အိပ်ရာထ အဲဒီ ကံ့ကော်တစ်ရွက်နဲ့ ရှူးနေတာ၊ သောက်မြင်ကိုကမ္ဘာနဲ့ချီပြီး ကပ်တယ်”

“ဘယ်မလဲ”

ပေါ်ဦး စကားကြောင့် ကျော်ညွန့်က ကျွန်တော့်ကို လှမ်းမေး၏။

ကျွန်တော်က အင်္ကျီအိတ်ထဲမှ ကျောင်းသား မှတ်ပုံတင်ထည့်သော ပလပ်စတစ် အိတ်ကလေးကို ဆွဲထုတ်၍ အိတ်ထဲတွင် ထည့်ထားသော ကံ့ကော်ရွက်လေးကို ပြသည်။

“ဒီမှာလေ၊ အချစ်ရဲ့ တန်ဖိုးမဖြတ်နိုင်သော လက်ဆောင်မွန် ရတနာလေး၊ အယ်လီဇဘက် ဘုရင်မရဲ့ သရဖူက စိန်ထက် အဆတသန်းလောက် တန်ဖိုးရှိတယ်”

ပြောလည်းပြော၊ လက်မှတ်ထိုးထားသော ကံ့ကော်ရွက်လေးကို နှာခေါင်းနားကပ်၍ နမ်းပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"သော့က်ရှူး၊ အဲဒါနဲ့ မင်းသေမှာပဲ"

ပေါဦး၏ ကျွန်တော့်ကို ကြည့်မရတော့မှန်း သိသာနေ
သည်။ ကျော်ညွန့်ကလည်း အကြမ်းပန်းကန်လုံးမြှောက်ပြ၍

"ဟော့ ကောင်၊ သိပ်အသားယူမနေနဲ့၊ မျက်နှာကိုရေနွေး
နဲ့ ပက်ထည့်လိုက်မယ်၊ ဒီကကောင်တွေက သိပ် နာလိုတာ
မဟုတ်ဘူး...."

ကျွန်တော်က တဟဲ ဟဲ ရယ်၍....

"သည်းခံ တကာကြီး သည်းခံ၊ ဖူးစာ ဆိုတာက ခက်သာ
လား။ အပိယေဟိ ပိယေဟိ၊ ဝိပ္ပယော၊ ဒုက္ခောတဲ့၊ ချစ်သ
ချစ်သူချင်းသာ ပေါင်းရသည်။ ကျွန်သည့်သူများ မနာ
တိုရှည်နှင့် စိတ်ဆင်းရဲရ၏ တဲ့"

"ဘာဆိုင်လို့လဲ"

"မသိဘူးလေ၊ ငါလဲ ပါဠိစပ်ထဲတွေ့တဲ့ ပါဠိ ကောက်ရွ
လိုက်တာ"

သုံးယောက်သား ရယ်လိုက်ကြသည်။

ရယ်သံ ကျယ်သွားသဖြင့် လက်ဖက်ရည်ဆိုင်ထဲမှ အခြာ
ဝိုင်းများ၏ မျက်လုံးများ ကျွန်တော်တို့ဆီ ရောက်လာသည်

"တစ်ခုတော့ ရှိတယ်ကွ"

ရယ်သံအဆုံး ကျော်ညွန့်က မျက်နှာပိုးသတ်၍ တည်ငြိ
သော လေသံဖြင့် ပြောသည်။ ပေါဦးက ဝင်၍

"အေး ငါ့တစ်ခြမ်းပေး"





ရယ် စ ရာ ပြောသော်လည်း ကျော်ညွန့်က မရယ်။ ကျွန်
တော် ပြုံးကြည့်နေလိုက်သည်။ ကျော်ညွန့်က လေးလေး
နက်နက်အမူအရာဖြင့်

"ငါ အကောင်းပြောမလို့"

"လုပ်ပါ၊ ပြောပါ၊ ပေါဦး မနောက်နဲ့ဦး"

သူ့ မျက်နှာအမူအရာကြောင့် ကျွန်တော်က သူ့ စကားကို
ထောက်ပေးရင်း ပေါဦးကို လှမ်းတန့်လိုက်သည်။

"ကောင်မလေး အခြေအနေက သိပ်မြင့်တယ်၊ မင်းတို့
ငါတို့ ဘဝနဲ့ ဘာမှမဆိုင်ဘူး"

"ဘာလဲ ကောင်မလေးက ထန်းပင်ပေါ်မှာ နေလို့လား"

ပေါဦးက အသားလွှတ် ဝင်ကြောင်၏။ သို့သော် ကျွန်တော
ကိုက်မရယ်ဖြစ်။ ကျော်ညွန့်၏စကားများသည် တော်တော်နှင့်
ရင်တွင်းမှ ပျောက်မသွား။

"မနောက်နဲ့ပေါဦး၊ ငါတကယ်ပြောတာ၊ အထူးသဖြင့်
စကားက ထွန်းဝေအတွက် ပြောနေတာ၊ တနေ့နေ့ကျရင်
ကိစ္စတာ တကြောင်းမဟုတ်၊ တကြောင်းနဲ့ ဝင်ပတ်သက်
တာမှာ အမှန်ပဲ"

ကျော်ညွန့်၏ တည်ငြိမ်သော မျက်နှာကို စေ့စေ့ပြန်ကြည့်
ရင်း ခေါင်းညိတ်ပြလိုက်၏။ ပေါဦးကတော့ မျက်နှာပိုး
သတ်။ ခေါင်း တခါခါလုပ်၍ ဝင်ပြောပြန်သည်။

"ငါတော့ မဆိုင်ဘူးထင်တယ်၊ မမီတဲ့ပန်းဆိုတာ လောက
မှာ မရှိဘူး၊ တံချူနဲ့ ချူရင် အလွယ်လေးပါ။ ဟုတ်တယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား ထွန်းဝေ၊ ဟိုနေ့က ငါ အဲဒါကြောင့် မင်းကို အဲ
သီချင်းဆိုခိုင်းတာ”

ပေါ်ဦး မှတ်နောက်နောက် ဝင်ပြောနေတာလား မ
ခွဲနိုင်။ သို့သော် ရင်ထဲတော့ အားတက်စိတ်ကလေး ပေါ်
လာ၏။

“ခင်လေးအခြေအနေက အတော်မြင့်လိုလား”

ကျွန်တော့်အမေးကို ကျော်ညွှန့်က တစ်လုံးချင်း ဖြေ
သည်။

“ကောင်မလေးအဖေက ကော်ပိုရေးရှင်းတစ်ခုမှာ ဦးစီး
အရာရှိကြီး၊ သူ့အမေက မိဘလက်ထက်ကတည်းက သိန်း
လေးငါးဆယ် ချမ်းသာလာခဲ့သူ၊ သူက တစ်ဦးတည်းသော
သမီး၊ နေတာ ဝင်ဒါမီယာထဲမှာ”

သူ့စကား နောက်ဆက်တွဲများကို ကျွန်တော် မကြား
တော့။ ကျွန်တော့်မျက်လုံးထဲတွင် ငမိုးရိပ်ချောင်းဘေး ရွာ
လေးတစ်ရွာမှ ပျဉ်ကာဓနိမိုး၊ သုံးပင်နှစ်ခန်း အမေ့အိမ်
ကလေး။

စောစောက အမှတ်မထင် ပေါ်လာသော အားတက်
စိတ်ကလေးသည် လွင့်သွားသော ဆေးလိပ်မီးခိုးများထဲတွင်
လွင့်ပါသွားတော့၏။

သိပ်ချစ်တာပဲ
အသဲထဲမှာ ပန်းဝတ်လွှာလို
သိုကာထားမယ်၊ ဖျားလဲမချဉ်း
လေညှင်းမကြူ၊ ကိုယ်ပဲမြူမယ်





အတိုတယ်ပဲ ပြောချင်ပြော။

ကိုယ်စားပွဲတွင် ကိုယ်ထိုင်၍ စိတ်ကူးရသမျှ ကဗျာလေး
ရေးနေစဉ် နောက်ဘက်မှ ဂေါ်ဂေါ်ဂိဂိ အသံကြားရ၏။

လှည့်ကြည့်လိုက်သောအခါ အကောင်ဒီယံထုတ်၍ လက်
စမ်းနေသော ပေါ်ဦး။

“ဟေ့ကောင်၊ သူများတွေ အိပ်ချိန်ရောက်နေပြီကွ”

အချိန်က ကိုးနာရီကျော်နေပြီ ဖြစ်သဖြင့် ပေါ်ဦးကို တန်း
လိုက်သည်။ ပေါ်ဦးက ပြုံးစပ်စပ်လုပ်ရင်း....

“အေးပါ၊ ငါဒီမှာ တီးဖို့ မဟုတ်ပါဘူး၊ လာ မင်းပါ
လိုက်ခဲ့”

“ဟေ့ကောင်၊ ဒီအချိန်ကြီးမှာ ဘာပေါက်မလို့လဲ”

အထာမသိသော ကျွန်တော်က ယောင်ကန်းကန်းနှင့် မေး
လိုက်မိသည်။

“အခေါင် သွားတီးမလို့”

တည့်တည့်ပြောမှ ကျွန်တော် ရိပ်မိတော့သည်။ သူပြော
လိုက်လျှင် ခြောလိုက်ချင်း ကျွန်တော် ထလိုက်ချင်စိတ် ပေါက်
သွားသည်။ သို့သော် ချက်ချင်း ပြန်၍ စိတ်ခေတ်ကျသွား၏။
ကျွန်တော် ဆိုပြခင်သော သူသည် တက္ကသိုလ် ဘယ်အဆောင်
မှာမှ မရှိပါလား။

ရှိတဲ့နေရာကျတော့....

“လာပါကွာ....လိုက်ခဲ့စမ်းပါ၊ အပျော်ပေါ့”

ပေါ်ဦးက သူ့အကောင်ဒီယံကြီးကို ကလေးသက်သို့ တလွယ်
လွယ် လုပ်နေပြီး ကျွန်တော့်ကို အတင်း လက်ကုပ်ခေါ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ထရယ်လိုက်သည်။ သူပြောသလို အပျော်ပဲပေါ့လေ။

"ဒီလိုမှပေါ့ကွ၊ အခန်းသော့ခတ်ခဲ့"

နှစ်ယောက်သား ယုဒသဉ်လမ်းမပေါ် ရောက်သော အခါ လမင်းသည် ထိန်ထိန်သာနေ၏။ သစ်ရွက်များကြားမှ တိုးဝှေ့ဆင်းလာသော လရောင်သည် ယုဒသန်လမ်းမပေါ်တွင် ဟိုတစ်ကွက် သည်တစ်ကွက်။

ရှေ့တည့်တည့်သို့ လှမ်းကြည့်သောအခါ လရောင်အောက်တွင် ထီးထီးမားမားကြီးရပ်နေသောယုဒသန်မျှော်စင်ကြီးကို ဘွားခနဲတွေ့သည်။

ဆောင်းဦးဘက် လူလာပြီ ဖြစ်သဖြင့် အောက်တိုဘာ နှင်းငွေများကို လရောင်ဆမ်းလျက် တွေ့နေရသည်။ ရင်ထဲတွင် အလွမ်းရသလေးတစ်ခုက တရိပ်ရိပ်ပျံ့လာသည်။

"သီတင်းကျွတ်တော့မယ်ကွ"

ပေါ်ဦး၏ စကားကြောင့် ပြည့်လုလု လမင်းကို မော့ကြည့်သည်။ ခါတိုင်းဆိုလျှင် သည်လို လသာ ညမျိုး၌ ရွာလယ်ခေါင်တွင် ဖြတ်စီးနေသော ငမိုးရိပ်ချောင်း သောင်ပြင်ကျယ်ကြီးကို လွမ်းကောင်း လွမ်းမိပေလိမ့်မည်။

ရွာတုန်းကဆိုလျှင် ကျော်ညွန့်နှင့် ကျွန်တော်တို့ နှစ်ယောက်သည် ထိုလသာ ညမျိုး၌ ငမိုးရိပ်ချောင်းကမ်းပါးတွင် သွားသွား ထိုင်နေကျ မဟုတ်ပါလား။

သို့သော် ဒီတစ်ခါတော့ ငမိုးရိပ်သည် ဘယ်ချောင်သို့ တိမ်းရှောင်သွားပြီ မဆိုနိုင်။ မြူထုနှင့် နှင်းမှုန်ကြားတွင် မျက်နှာလေးတစ်ခုကိုသာ မြင်နေ၏။





ယုဒသန်ခန်းမဘေးမှ ဝါးရုံများတွင် ပါးချိုင့်လေးနှင့် ကောင်မလေးတစ်ယောက်ကို မြင်နေရ၏။ ဂျဒ်ဆင်မျှော်စင် ထိပ်ဖျားမှာတော့ ဆင်စွယ်နှစ်ရောင် ပါးမို့မို့နှင့် ခင်လေး၊ သီရိဆောင်မှ ရေတမာပင်ရွက်များပေါ်တွင်တော့ ခင်လေး ထူ သွယ်လျလျ လက်ရေးဖြင့် ထိုးထားသော ထိုးမြလက်မှတ် လေးတစ်ခု။

စိတ်နှင့်အတူ ကျွန်တော့်ခန္ဓာကိုယ်သည် လရောင်ထဲတွင် မျောပါသွားပြီ ထင်၏။

"ကဲ ဆိုကွာ"

သီရိဆောင်အဝင် တံခါးဝအုတ်ခုံ၌ ထိုင်မိလျှင် ပေါ်ဦးက ခပ်တိုးတိုးပြောသည်။ ရင်ထဲတွင် သီချင်းလေးတစ်ပုဒ် အလိုလို ရိုက်ခတ်လာသဖြင့်

"သုံးရာသီ တီးကွာ ပေါ်ဦး"

ပေါ်ဦးက ခေါင်းညိတ်၍ ပြုံးပြသည်။

ပေါ်ဦး၏ အကော်ဒီယံအသံနှင့်အတူ ကျွန်တော့် စိတ်သည် သာဓုကန်ရေပြင်ပေါ်တွင် ပြေးလွှားနေသည် ထင်ရ၏။

"မောင်.... မေ့နိုင်ဘူးတဲ့ ခင့်ကို.... လတော့နှစ်တွေ
ပြောင်းလေပို....အချစ်ဦးလေးကို....လွမ်းနေတဲ့ရက်ကို
မျှော်ရောင်ကာစာဆို....နေ့စဉ်ပဲ တမ်းတပို...."

အဆောင်တွင်း အခန်းအချို့မှ မီးများလင်းလာသည်ကို တွေ့ရ၏။ ခင်လေးများ အိပ်နေပြီလား၊ စိတ်ထဲတွင် တမ်းတ မှာ တွေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"နွေဦးကဆို....သွင်းလေရှူးရှမ်းပို.... ဟိုညောင်ပင်
ညိုညို ငှက်ရွှေဩအာ ချွဲသလို.... ချစ်သူဝေးလို့....
လွမ်းတေးပို့...."

အဆောင်စကြံ သံဇကာဆီသို့ လှရိပ်အချို့ ရောက်လာသည်ကို တွေ့ရ၏။ ကျွန်တော် မျက်လုံးများသည် ခပ်လှမ်းလှမ်း ယုဒသာန်ခန်းမကြီးဆီ ပြန်ရောက်သွားသည်။ သီချင်း၏ဒုတိယအပိုဒ်ကို ဆိုစဉ် ကျွန်တော့် စိတ်များ ကိုယ်ထဲတွင်မရှိ။

ကျွန်တော် ဒီလိုခံစားရခြင်းများအား ခင်လေးကို ဘယ်လိုအသိပေးရပါမည်လဲ။ စိတ်ထဲတွင် တွေးမိသည်။ အကယ်၍ ခင်လေးသည် မေ့မေ့ပျောက်ပျောက် နေတတ်သော လူမျိုး မဖြစ်အံ့။ သူသည်း ထုံ့ကော်ရွက်လေးတစ်ရွက်ကို သတိရချင်ရနေပေလိမ့်မည်။

လွင့်ပါးနေသောစိတ်သည် ယုဒသာန်မြက်ခင်းကို ဖြတ်၍ ကျွန်တော့်ထံ တဖန် ပြန်လာ၏။

"မြူမှုန်မှုန်....ချိန်ခါဆို.... မြောက်ပြန်လေညှင်း....
ငွေနှင်းဖွေးဖွေးစို၊ တကိုယ်ရေထဲနော်.... ငြိုးငွေ့သလို
လို.... ထင်ရောင်ငယ်ပို...."

သည်မှတစ်ဆင့် သီချင်းအဆုံးပိုဒ် ရောက်သည့်အခါ ထွက်သက်ကိုမျှဉ်း၍ ထုတ်မိသည်။ ရင်ထဲမောနေ၏။

"တာတယ်ကွာ၊ ငါတော်ဆေးသွားတယ်၊ သီရိသူတွေ တော့ ခိုက်နေကြပြီ၊ ဟိုမှာတွေ့လား၊ မြူတစ်ပြူတစ်နဲ့"

လှမ်းလာသော အလှမ်းသည် သူ့မြူတစ်ပြူတစ်ရောက်မှ ပျက်သွား၏။





"ဒီမှာ....သူငယ်၊ ခဏ"

တိတ်နေသော ပတ်ဝန်းကျင်မှ ရုတ်တရက် ပေါ်လာသော အသံကြောင့် ဆတ်ခနဲ တုန်သွား၏။

အလန့်တကြား လှည့်ကြည့်လိုက်သောအခါ သီရိအဆောင်ခါးသံတိုင်ကြားမှ အသက်ကြီးကြီး လူတစ်ဦးကို မြင်ရ၏။

"ခင်ဗျာ"

ဘာမှန်းမသိသဖြင့် ပြန်ထူးရင်း ထူးမေးမေးလိုက်သည်။ လူကြီးက လက်ကိုဆန့်တန်းပေးရင်း

"မောင်ရင့်ဆီ အဆောင်ပေါ်က စာပေးလိုက်လို့"

ဪ သည်အချိန်မှာ ဘယ်က ဘယ်လို လူက စာပေးလိုက်ပါသိမ့်ဟု တွေးမိသည်။ ပေါ်ဦးကတော့ သဘောပေါက်ခန့်တုသည်။

"ရိုက္ကကံစီ လုပ်တာနဲ့ ငတယ် ထွန်းဝေ၊ ယူလိုက်လေ"

ကျွန်တော်ကပျာကယာထ၍ ထိုလူကြီးထံမှ စာရွက်ခေါက်လှမ်းယူလိုက်သည်။ ထိုလူကြီးက တစ်ဆက်တည်း အထုပ်တစ်ထုပ်ကိုပါ လှမ်းပေးရင်း....

"ဒါပါ ပေးလိုက်တယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ထိုလူကြီး ပြန်လှည့်သွားချိန်တွင် ကျွန်တော် စာကိုဖွင့်၍ အလောင်နှင့် ဖတ်လိုက်၏။

အတွက်—

သီချင်း ဘိုင်ကောင်းတယ်။

ဆေးသွားတာပဲ....။



www.burmeseclassic.com

www.burmeseclassic.com



ကဲ၊ လက်ဖက်သုတ်လဲ စားပါ။
ပြီးတော့ သီချင်းကောင်းကောင်းလေးတွေ ဆိုပါအုံး
ခံစားမှုလေးတွေပေါ့
သီရိက တောင်းဆိုချင်တာကတော့
"ပျိုသီရိမေ" ဆိုစေချင်ပါတယ်။

ခင်သောသီရိမေချား

"ကဲ ပျိုသီရိမေတဲ့၊ ရလား ပေါဦး"

သီချင်းက ကိုဝေဇင်၏ ရှားရှားပါးပါး ခေတ်ဟော[...] နာမည်ကြီးသီချင်းမို့ ပေါဦး ရမရ မသေချာသဖြင့် [...] လိုက်သည်။

"ရတာပေါ့ဟ၊ ငါ့ ဖေးဗရိတ်ပဲ"

"ဒါဖြင့် တီး"

အလွမ်း မဟုတ်သော်လည်း အလွတ်ဖြစ်သဖြင့် ဆို၍ [...] ရပါသည်။ အလွတ်ရ မှန်သမျှသည် ခင်လေးအတွက် သက်[...] ရည်ပူးထားသကဲ့သို့ပင် ဖြစ်နေသည် မဟုတ်ပါလား။

"ပျို.... သီရိမေ.... ကျက်သရေ တက် နေ ဝန်းသို[...]
ထွန်းကာနေ၊ ပျို သီရိမေ ဇာတာစန်းလာဘ် လျှမ်း[...]
တက်လို့ဝေ.... ရတနာရွှေငွေ....အထွေထွေ.... ပြည့်စေ[...]
ကြောင်းနဲ့ တောင်းဆုကိုခြွေ သတိုးမင်္ဂလာတွေ၊ ဖြိုး[...]
အစဉ်သာဝေ.... စိန်ရွှေငွေတွေ ဒီရေအလားသို့မသွေ[...]





တိုးတက်ပါပေ....ချစ်သဟာ အပေါင်းတွေ မေတ္တာ
လောင်းနေ၊ ဖြိုးဖြိုးဖြာဝေ တိုးတိုးပါစေ....အပေါင်း
မင်္ဂလာတွေ....
ပျိုသီရိမေ....ပျိုသီရိမေ....
ချစ်မေတ္တာ ဟာစ်ကာကြူးလို့ ဆုထူးပန်ခြွေ....အို
မောင်တို့ ခင်တို့ ပျိုသီရိမေ...."

*

F. 6



www.burmeseclassic.com

www.burmeseclassic.com

၅။

"သံဃာဝေယျာဝစ္စအတွက် နည်းများမဆို ကုသိုလ်ပါဝ
တော်မူကြပါ ခင်ဗျား"

ရေကြည်တော် ဝတ်အသင်းဟု စာတမ်းထိုးထားသော ပ
ဖြူခေါင်းစည်း အောက်တည့်တည့်တွင် ရပ်၍ ကျွန်တော်
လည်း သံပြိုင် အော်လိုက်ကြသည်။

တစ်ယောက် ဖလားတစ်လုံးစီ ကိုင်၍လည်း တရျော
ရျောက် ခေါက်နေကြ၏။

ညနေကတည်းက အော်လာခဲ့ကြပြီး ဖြစ်သော်လည်း ခ
မနားကြသေး။ ညောင်းလို့ပင် ညောင်းမှန်းမသိ။ မတ်တ
ရပ်နေသည်ပင် လေးနာရီလောက် ကြာပြီ။

ပေါ်ဦးက အသံပြကြီးနှင့် ထအော်ပြန်သည်။

"သာဓု—သာဓု—သာဓုပါ ခင်ဗျာ၊ ယခု ပြုရ ကြဲဒါ
ကြောင့် ဇာတိက အနာထပိဏ်တို့လို ရတနာစိန် ငွေကြ
ဝပြီးလျှင် ဘေးအသွယ်သွယ်မခ အသွင်အလားတူပေသော
ရှင်ဗာကူ ရောဂါကင်းသကဲ့သို့"





ကျွန်တော်နှင့် စန်းလွင်မှာ တစ်ယောက်ကိုတစ်ယောက်
ကြည့်ပြီး ပြုံးလိုက်ကြ၏။ ဤဆုပေးအရှည်ကြီး နဝေကာရံ
ချိတ်အဆက်တို့ကို တစ်ညနှင့်တစ်ရက် အရကျက်ပြီး အားရ
ရ အော်နေသော ပေါ်ဦးကို သဘောကျ၍ ဖြစ်သည်။
ပေါ်ဦးကတော့ အရှိန်ရနေပြီမို့ သံကုန်တင်၍ အော်
ဟောင်းနေသည်။

"ရှင်ဗာကူရောဂါကင်း သကဲ့သို့ ဩဘာသတင်း သေ
ကျက်ရဘဲ၊ ဇေတဝန်ရ ရှင်သာရိပုတ္တရာ ဆုအဟုန်ရကြ၍ လူ့
ဘဝ အလျှပြည့်ဝစေ၍ အန္တိမဘဝေ နောက်ဆုံးအနေဖြင့်
ဆက်မပွားဘဲ မဂ်တရားကို ဆောစွာကြလို့မို့ သောတာပန်
တော်မူနိုင်ကြပါစေ ခင်ဗျား"

သူ့ ဆုပေးအဆုံး ကျွန်တော်တို့ တစ်သိုက်လည်း ကျွန်
တော်တို့ရသော နိဗ္ဗာန်ဆော်စကားဖြင့် သံပြိုင်အော်၍ ပိတ်
လိုက်ကြပြန်သည်။

"သံဃာဝေယျာဝစ္စအတွက် နည်းများမဆို ကုသိုလ်ပါဝင်
တော်မူကြပါ ခင်ဗျား"

နေရာတကာတွင် စပ်စပ်စုစုနိုင်၍ ပေါက်ပေါက်ရှာရှာ
ကူးရတတ်သော ပေါ်ဦးကြောင့် ကျွန်တော်တို့ သည်
နေရာသို့ ရောက်နေကြခြင်းပင်။

သီတင်းကျွတ်အဖိတ်နေ့ မတိုင်ခင် တစ်ရက်က ဘယ်လိုက
ဘယ်လို အဆက်ရသည် မသိ။ ပေါ်ဦးတစ်ယောက် တစ်ခန်း
ဝင် တစ်ခန်းထွက်နှင့် အဖိတ်နေ့ညတွင် ရွှေတိဂုံဘုရားပေါ်



www.burmeseclassic.com

www.burmeseclassic.com



သို့ သွားရန်၊ ထို့နောက် ရေကြည်တော် ဝတ်အသင်း ဝင်
ကုသိုလ်ပြုကြရန် လိုက်စည်းရုံးသည်။

ယခု ခေတ်တော့ မသိ။ ကျွန်တော်တို့ခေတ် တက္ကသိုလ် ကျောင်းသားများကား ဤကိစ္စမျိုးလည်း စိတ်ပါဝင်စား ပါသည်။

ဘာသာ၊ သာသနာ ကိစ္စ ဖြစ်သည့် အပြင် ကိုယ့်အတွက် လည်း ကုသိုလ်ရေးဖြစ်သည်မို့ ကျောင်းသားများသာမက ကျောင်းသူများလည်း ပါလာကြသည်။

ညနေခင်းကတည်းက ဘုရားပေါ် တံမြက်လှည်း ခြင်း စေတီတော်များ၊ ရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း အစ ရှိသော လုပ်ငန်းများအပြင် အလှူငွေကောက်ခံသူ နေရာတွင်ပါ တက်တက်ကြွကြွ ဖြစ်နေကြ၏။

"ထွန်းဝေ၊-ဟို....ရှေ့မှာ အနီလေး၊ သားနားတယ်"

အနားရှိ စန်းလွင်က လက်ကုတ်ပြလိုက်သဖြင့် လှည့်ကြ လိုက်သည်။ သူက သားနားသည်ပြောသော်လည်း ကျွန်တော် စိတ်ထဲ သားနားသည် မထင်။ ကျွန်တော့်စိတ်ထဲမှာ သားနား သည်ဟု ထင်သည်က—

ရင်ထဲတွင် လှိုက်ခနဲ ဟာသွား၏။

ဟာသွားသောရင်နှင့်အတူ တမ်းတမ်းတတ ဝေဒနာလေး တစ်ခုကို ခံစားလိုက်ရသည်။

"ခုနေများ ခင်လေးအနားမှာရှိရင် ဘယ်လောက်ကောင်း မလဲ"





ဘာပြောပြော၊ ခုလိုနေရာမျိုး၊ ခုကိစ္စမျိုးလေးမှာ ခင် နှင့် အတူတူ လှုပ်ရှားချင်လှ၏။ သည် အတွေးနှင့်အတူ မှာလည်း ခံစားမှုလေးတစ်ခု ပေါ်လာသည်။

"ဒီကိစ္စမျိုးကို ခင်လေး စိတ်ဝင်စားချင်မှ ဝင်စားမှာ ဒါမျိုးက တို့လို တော်သားတွေပဲ စိတ်ပါတက်ကြွတာ တ်လား။ ခုနေ ခင်လေး တို့ကို မြင်ရင်တောင် ဒိုက်ဖတ် လို့ ထင်ချင် ထင်အုံးမှာ"

တိုင်းတစ်ခု၏ အခြားသည် အားငယ်စရာကောင်းလှ၏။ အသည်းပူဆာ မနေသာ၍ ကိုယ့်ဘက်ကတိတ်တခိုး တိုးတိုး ချစ်နေမိသော်လည်း ခြားနားသော ဘဝ၏ အဟန့် အားကိုမူ ကျွန်တော် မကျော်ဖြတ်ရဲ။

"ခုနေမှာ သူ ဒီလိုအလုပ်မျိုး ဘယ်လုပ်မလဲလေ။ မီးထွန်း ဘော်၊ ပျော်ပွဲရှင်ပွဲ၊ မင်းပွဲ စိုးပွဲတွေမှာပဲ ဝတ်ကောင်း လှတွေနဲ့ တင့်တင့်တယ်တယ်နေချင်မှာပေါ့"

သရောင်အောက်တွင် မီးရောင်များဖြင့် ရွှေရည်ဝင်းနေ သော ဒဂုံရှင်စေတီတော်ကို လှမ်း၍ ဖူး မျှော်လိုက်သည်။ ဆာဓာတ်ပို ဆံတော်ရှင် ရွှေတိဂုံ စေတီတော် မြတ်ကြီး သည်း ရင်ထဲမှ တိုးတိုးလေး တိုင်တည်နေမိ၏။

"အိုခြင်း၊ နာခြင်း၊ သေခြင်းဖြင့်အဆုံးရှိသော လူ့လောက တွင် မနေ၏လွှမ်းမိုးခြင်း၊ ရာထူးဌာနန္တရဖြင့် လွှမ်းမိုးခြင်း၊ သော လူ့အတန်းအစားတွင် လွှမ်းမိုးခြင်းတို့မှ ကင်း အောင် ကယ်မတော်မူပါဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ကောင်....ထွန်းဝေ....ဟိုမှာကြည့်စမ်း၊ ဘယ်သူ
လို့"

ပခုံးကို ဆတ်ခနဲ ကိုင်လှုပ်ခံရ၍ နားထဲသို့ တိုးဝင်လာသော ပေါ်ဦး၏ အသံကြောင့် အတွေးစများ ပြတ်တောက်သွား သည်။

"ဘယ်မှာလဲ"

ကျွန်တော်က ယောင်ကန်းကန်းဖြင့် ပေါ်ဦးဘက် လှ ကြည့်လိုက်ရင်း မေးလိုက်သည်။ ပေါ်ဦးက အရှေ့ဘက် ဆောင်းတစ်ခုဆီသို့ လက်ညှိုးညွှန်ရင်း

"ဟိုမှာ"

ရင်ထဲက နှလုံးသွေးများ ရပ်သွားသည်။

ထိတ်ခနဲဖြစ်သွားသော ရင်နှင့်အတူ ကိုယ့်မျက်လုံးများ ကိုယ်မယုံ။

'ခင်....လေး....'

ဟုတ်ပါသည်။ ခင်လေးမှ ခင်လေးအစစ် ဖြစ်ပါသ ပန်းနုရောင် အထက်အောက် ဆင်တူဝတ်ထားပြီး ဆံပ ကျောလယ်ထိ ဖြန့်ချထားသည်။ သူ့လက်ထဲတွင် ပန်းစ တစ်စည်း။

ထို့ပြင်....ထို့ပြင်....

တလှုပ်လှုပ် ခုန်လာသောရင်ကို သတိပြုမိ၏။

ခင်လေး၏နံဘေးတွင် အမျိုးသားတစ်ယောက်၊ စပို အဖြူရောင်၊ ဘောင်းဘီအရှည်အဖြူရောင်နှင့် အရပ်ထော ထောင် မောင်းမောင်း လူချောချောတစ်ယောက်။





ထိုသူက ကျွန်တော်တို့ရှိရာဘက်သို့ ခင်လေးအား လက်ညှိုး ၍ ပြလိုက်သည်။ မီးရောင်ကြောင့် ထိုသူ့လက်မှ လက်ပတ် ရီသည် ဝင်းခနဲ အရောင်လက်သွား၏။

မသိမသာ ကျွန်တော့် ကိုယ်ကျွန်တော် ပြန်ငုံ့ကြည့်မိသည်။ ကေတီခလေးဆောင် တက်ထရွန် ရှပ်လက်ရှည်ကို လက်ဖျံ ေါ်အထိ လက်နှစ်ခေါက် ခေါက်၍ တင်ထား၏။ လက် ဘက်ဝတ်မှ နာရီလေးသည်လည်း ခုခေတ်တွင် လူရာမဝင် တော့သောပုံ၊ ပြီးတော့ နှစ်ရှစ်ဆယ် ချည် ချော လုံချည် စိပ်နှင့်။

မှန်မကြည့်သော်လည်း သိသာပါသည်။ ကျွန်တော့် ဆံပင် ည် ထိုသူ့ဆံပင်ကဲ့သို့ ပုံကျကျဖီးထားမည်မဟုတ်၊ ရှုပ်ရှုပ် ထွေး မဟုတ်သော်လည်း ခပ်ပွပွတော့ ဖြစ်နေပေမည်။ န်တော့် မျက်နှာသည်လည်း ထိုသူ့မျက်နှာကဲ့သို့ မှန်မှ သန့်သန့်နှင့် လှလှပပရှိနေမည်မဟုတ်။ လတ်သည်ဆိုသော အသားသည် မီးရောင်ဖြင့် ခပ်ပြောင်ပြောင် လက်နေပေလိမ့် မည်။

သူတို့နှစ်ယောက် နောက်ဘက်တွင် အင်ဒိုနီးရှားပါတိတ် ဟာဝေယံရှပ်နှင့် အသားဖြူဖြူ ခန့်ခန့်လူကြီးတစ်ဦး၊ တော့ ဇာပဝါဖြူဖြူခြုံထားသော တစ်ကိုယ်လုံး အဖိုး န်ပစ္စည်းများနှင့် အမျိုးသမီးကြီး ခပ်ခန့်ခန့်တစ်ဦး။

"သူ့ဘေးက ဘယ်သူလဲ မသိဘူးကွ၊ နောက်ကလူတွေက မိဘတွေလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



စန်းလွင်က အနားမှ တကွတ်ကွတ်ရှတ်၍ ထင်ကြေးပေး နေသည်။ ကျွန်တော်စိတ်ထဲတွင်လည်း အတွေးတို့ဖြင့် ယောက် ယက်ခတ်နေ၏။

တစ်ဦးတည်းသောသမီး၊ ထို့ကြောင့် အစ်ကိုမဟုတ်နိုင်၊ ဦးလေးအရွယ်လည်း မဟုတ်၊ ထို့ပြင် မိဘများလည်း ပါလာ သေးရာ ခိုးကြောင်ခိုးဝှက် ရည်းစားလည်း မဖြစ်နိုင်။

အာခေါင်များ ခြောက်လာ၏။

"ဟော တို့ဆီ လာနေကြတယ်ကွ"

တို့ဆီဆိုခြင်းမှာ ဝတ်အသင်း အလှူခံမဏ္ဍပ်ကို ဆိုလို ကြောင်း ကျွန်တော် သိလိုက်၏၊

ခင်လေးအကြည့်သည် ကျွန်တော့်ဆီ ရောက်လာသည်၊

အံ့အားသင့်သွားဟန် မျက်လုံးလေးဝိုင်း၍ ပါးစပ်လေး ဟ သွားသည်။ ပြီးမှ အပြုံးလေးတစ်ခု ချက်ချင်းပေါ်လာ၍ သူ့ ဘေးမှလူနှင့် နောက်မှလူကြီးများကို တစ်စုံတစ်ခု လှည့်ပြော ရင်း ကျွန်တော့်ဆီ ရောက်လာသည်။

ခုထိ ကျွန်တော် ဘာလုပ်ရမည်မသိသေး။

"ကိုထွန်းဝေတို့ပါလား"

ခင်လေးဆီမှ ချင်းရင်းနှီးနှီးလေသံ ကြားရသည်။

ကျွန်တော် ပြန်ပြုံးပြဖို့ သတိရလာသဖြင့်

"ဩော်....မခင်လေး၊ ဘုရားဖူးလာတာလား"

ခင်လေးက ချစ်စဖွယ်ပြုံး၍ ခေါင်းညိတ်ပြီး

"ဟုတ်တယ်၊ ခင်လေးတို့ သီတင်းကျွတ် အဖိတ်နေ့ညဆို ရွှေတိဂုံ အမြဲတက်တယ်၊ ဒါခင်လေးရဲ့ ဖေဖေနဲ့ မေမေလေး





...ခင်လေးရဲ့ အစ်ကို ကိုကိုလတ်၊ ဟောဒါက ခင်လေးတို့ ...ကျောင်းက ကိုထွန်းဝေလေ"

ခင်လေးက ကျွန်တော့်ကို တလှည့်၊ သူ့မိဘများနှင့်သူ့ ...ကိုဆိုလှသူကို တည့် မိတ်ဆက်ပေးသည်။

ကျွန်တော့်ရင်ထဲမှ အလုံးတစ်ခု တစ်ဝက်တစ်ပျက်ခန့် ...ကျသွားသည်။

"ဟုတ်ကဲ့ခင်ဗျာ၊ အခုလိုသိရတာ ဝမ်းသာပါတယ်"

ကျွန်တော့်စကားကို အားလုံးကပြုံး၍ အသိအမှတ်ပြု ...သည်။

"ခင်လေး လှူစရာရှိ လှူလိုက်လေ၊ သူတို့လဲ အလုပ်ပျက် ...သည်"

ကိုကိုလတ်ဆိုသူက ဝင်ပြောလိုက်သည်။ ခင်လေးက သူ့ ...လင်းဘက်အိတ်ထဲမှ အကြွေအချို့ကို ထုတ်ယူလိုက်ပြီး ကျွန် ...တော့်ခွက်ထဲထည့်လိုက်၏။

"သွားမယ် ကိုထွန်းဝေ၊ ခင်လေးတို့ ဘုရားပတ်လိုက်ဦး ...မယ်၊ သွားမယ်နော်"

ခင်လေး၏ နှုတ်ဆက်ခြင်းအဆုံး အားလုံးကလည်း ပြုံး၍ ...နှုတ်ဆက်၏။ ကျွန်တော်ကလည်း ပြန်ပြုံး၍ ဦးညွှတ်ပြသည်။

ခင်လေး၏ကျောပြင်ကို ကျွန်တော် အမှတ်မထင် ငေးလိုက် ...မိ၏။

"သာဓု သာဓု သာဓုပါခင်ဗျာ၊ ယခု ပြုရသည့် ဒါန ...ကြောင့်"



www.burmeseclassic.com

www.burmeseclassic.com



စောစောက ဘယ်ပျောက်သွားမှန်း မသိသော ပေါ်ဦး၏ အသံကျယ်ကြီး ပေါ်လာသည်။

ရင်ထဲမှ ဝေဒနာ၏အနက်ကို ကျွန်တော်ဝေခွဲမရတော့။

*

"အဲဒါပဲကျော်သွန်၊ သူ့ဘေးမှာ ပါလာတဲ့လူဟာ ဘယ်သူဖြစ်နိုင်လဲ၊ သူ့အစ်ကိုလို့ သူပြောတာ ဖြစ်နိုင်ပါ့မလား"

"အတိအကျတော့ ငါလဲ ဘယ်ပြောတတ်ပါ့မလဲ ထွန်းဝေးရေ၊ သူ့ အိမ်၊ သူ့ အတွင်းခံရေး ငါသိတာက မင်းထက် ဘာမျှ ပိုမှာမို့လဲ"

ကျွန်တော့မျက်လုံးများသည် အပန်းဖြေရိပ်သာရှေ့ရှိပန်းခင်ကွင်းကြီးကို ထောက်ထားသော တိုင်ကြီးကို ကြည့်လိုက်၏။ ကျော်သွန်စကားများမှာ တိုအုတ်တိုင်သောက်ပင် ကျွန်တော့ စိတ်သစ်ကိုင်းကျကို ထောက်မတ် မပေးနိုင်။

"နေပါဦး ထွန်းဝေ၊ ငါ တခုမေးမလို့"

ကျော်သွန်ကို အလျင်စလို မော့ကြည့် လိုက်သည်။ သူ့ မျက်နှာတွင် အပြုံးတစ ရှိနေ၏။

"ဘာမေးမလို့လဲ"

ကျွန်တော့ အမေးကို သူချက်ချင်း မဖြေ၊ သူ့ မေးခွန်းအတွက် သူရှိန်နေပုံရ၏။ သူ့ လှုပ်ရှားမှုကို အစအဆုံး လိုက်ကြည့်နေမိသည်။ သူ့ မျက်နှာတွင် အပြုံးရိပ်တခု ပေါ်လာ၍ ကျွန်တော့ကို စူးစိုက်ကြည့်ပြီး၊





"မင်း ဒါတွေကို လိုက်ပူရအောင် မင်းနဲ့ သူနဲ့ ဘာဆိုင်လို့လဲ"

သူ့အမေးက ချက်ကောင်းကို လာထိသည်။ ကျွန်တော့် မျက်နှာတွင် ရှိန်းကနဲ အပူငွေ့တခု ဖြတ်သွား၏။

"ကဲ ဆိုစမ်းပါဦး"

ကျွန်တော် ခေါင်းကို ငုံ့၍ ဆေးလိပ်ပြာကို အုတ်ခုံနှင့် ထိုးခြေ လိုက် သည်။ ထို့နောက် တစ်ဝက် သာ သာ မျှ ကျန်သေးသော စီးကရက်ကို တောက်ထုတ်လိုက်သည်။ ရင်ထဲမှာ လှုပ်ခတ်နေသော စိတ်ဘဝင်သည် မငြိမ်။

"ဆိုင်တော့ မဆိုင်ဘူးပေါ့ကွာ"

"ဒါဆို ဘာလို့ စဉ်းစားနေသေးလဲ"

ကံ့ကော်တောသည် မျက်လုံးအိမ်အစပ်သို့ ရောက်လာ၏။ တန်းလျှားပေါ်မှာ ချစ်သူနှစ်ဦး။

"ငါ သူ့ကို သိပ်ချစ်တယ်ကွာ"

"အင်း ရောဂါက မသေးပါလား"

သူ့ စကားနှင့် သူ့ မျက်နှာ၏ အနက်ကို ကျွန်တော်မသိ။ သူ့လှုပ်ရှားဟန် ဖြတ်လတ်လာသည်ကိုသာ သတိထားမိလိုက်သည်။

"တက္ကသိုလ်သွားဖို့ နဂိုက ထားခဲ့တဲ့ ရည်ရွယ်ချက်တွေ ဘယ်ရောက်သွားပြီလဲ"

ကျွန်တော့် တကိုယ်လုံး ဆတ်ခနဲ တုန်သွားသည်။ ရင်ထဲမှာ စကားများစွာပြည့်လျှံလာ၏။ စောစောက ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တော့။ ကျွန်တော့်ဘက်က ပြန်ပြောရန် အချိန် ဖြစ်လာပြီ။

"ဘာဆိုင်လို့လဲ ကျော်ညွန့်၊ ခုနက ငါပြောတဲ့ စကားက ငါနှလုံးသားရေးရာ ခံစားမှုသက်သက်ပဲ၊ လူငယ် တစ်ယောက်မှာ ခံစားလေ့ ခံစားထ ရှိတဲ့ ခံစားမှုပဲ။ ငါ့ဘဝ လမ်းကြောင်းနဲ့ ဘာပတ်သက်လို့လဲ၊ ခုလဲ တက္ကသိုလ်ရောက် ပြီး ကတည်းက သူ့ကိုစွဲချည်း ငါလိုးပမ်း နေတာမှ မဟုတ်တဲ့ ကျော်ညွန့်၊ ဒီနေ့ထိ ငါကျောင်း တစ်ချိန်မှ မပျက်သေးဘူး"

သူ့အပြုံးသည် ပိပြင်လာ၏။ အရယ်ဘက်သို့ ကူးလာသည်။ စကားများမှာ ရယ်သံစွက်နေသည်။

"ဟုတ်ပါပြီ၊ ငါလဲ မင်းကို ဒီလောက်ထိ မပြောသေးပါဘူး၊ ဒါပေမယ့် ရေရှည်ကို တွေးမိလို့"

"ဘာလဲ၊ ဘာရေရှည်လဲ၊ ရေရှည်မှာ ငါက ဘာဖြစ်မှာမို့လို့လဲ"

ကျော်ညွန့်မှာ ပြောလိုရင်းတစ်ခု ရှိနေသည်ကတော့ သေချာပြီ။ သူ့စကား အသွားအလာသည် တစ်မျိုး ဖြစ်နေ၏။

"ထွန်းဝေ၊ မင်းနဲ့ ငါက ငယ်သူငယ်ချင်းတွေနော်၊ မင်း ဘဝကို ငါသိတယ်၊ ငါ့ဘဝကို မင်းသိတယ်။ ဘဝဆိုတာ တက္ကသိုလ်ကျောင်းမှာရောက်နေတဲ့ ကာလ မျက်မြင်လေးကို ပြောတာ မဟုတ်ဘူး၊ တက္ကသိုလ်ကျောင်းသားဆိုတဲ့ ကာလဟာ ဘဝရဲ့ အလှဆုံးအချိန်လေးတစ်ခု။ ငါပြော





တဲ့ ဘဝက အကျည်းတန်တာတွေ အများကြီးပါတဲ၊ ပြီးခဲ့တဲ့ ဘဝ၊ ပြီးတော့ လက်ရှိ တစ်ခြားတစ်နေရာက ဘဝ"

"မင်းပြောတာ ငါသိတယ် ကျော်ညွန့်၊ သိပ်စကားလုံးတွေ ဖွဲ့နွဲ့မနေနဲ့၊ လိုရင်းကိုပြော၊ မင်းဘာပြောချင်သလဲ"

လေသံပြတ်နေသော်လည်း ကျွန်တော့် စကားမှာ ဒေါသ ပါ၏။ ကျော်ညွန့် စေတနာကို အကြွင်းမဲ့ ယုံပါသည်။

"ငါပြောချင်တာ ရှင်းရှင်း ပြောမယ် ထွန်းဝေ၊ မင်းနဲ့ သူနဲ့က ဘဝချင်းမတူဘူး၊ သူ့ကိုချစ်ရင် မင်းစိတ်ဆင်းရဲမယ်၊ ဒါပဲ"

ရင်ထဲမှာ ဘဝင် မကျမှုပေါင်း မြောက်မြားစွာ ပေါ်လာ၏။

"နေပါအုံး ကျော်ညွန့်ရ သူက ဘာမို့လို့ ဒီလောက်ဖြစ်နေရတာလဲ၊ သူက ချေးပါရင် ရွှေတုံးတွေ ထွက်နေလို့လား"

အိမ်သာထဲမှာ တစ်ခါက ဖတ်ဖူးသော စာတမ်းလေးကို ပြောသတိရသည်။ မခံချင်စိတ်များလည်း ပေါ်နေ၏။ ကျွန်တော့ စကားခက်ထန်သွားသဖြင့် ကျော်ညွန့် မျက်နှာ ကွက်ကနဲ ပျက်သွားသည်။

"ငါ့စေတနာနဲ့ ပြောနေတာ ထွန်းဝေ"

"ငါသိတယ် ကျော်ညွန့်၊ ဒါပေမယ့်"

"မဟုတ်ဘူး ထွန်းဝေ၊ မင်းနဲ့ ငါ အတိုက်အခံ မပြောဘူး၊ ဒီကိစ္စ မင်းကိစ္စ၊ မင်းကြိုက်သလိုလုပ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာကို ကျွန်တော် စေ့စေ့ကြည့်သည်။ သူက
စော်ကို စူးစူးပြန်ကြည့်၏။ ကျွန်တော် ဟားတိုက်ရယ်ချလို
သည်။ ပြီးမှ

"မင်း ငါ့ကို စိတ်ဆိုးသွားလား ကျော်သွန်း၊ ငါ့စကာ
မှားသွားရင် တောင်းပန်ပါတယ်၊ အမှန်တော့ ရိုတောင်
ဖို့ကောင်းပါသေးတယ်၊ ဘာမှမဟုတ်တဲ့ကိစ္စကို တို့ကာ
ဒီမှာရေးကြီးခွင်ကျယ်လုပ် ပြောနေတာ၊ မုန့်ဆီကျော်
ဘယ်နေမှုန်းပောင် မသိသေးဘူး"

"မဟုတ်ပါဘူး၊ မင်းက သိပ်စားနေလို့ဖြစ်မှာပါ"

ကျွန်တော် ရယ်လိုက်ပြန်သည်။ ရှက်ရယ်။

"ခံစားတာပေါ့ကွာ၊ အချစ်ဦးပဲ"

"ပြောရင်းဆိုရင်း ကဲသာပြီ"

ကျွန်တော်ကရယ်၍ အိတ်ထဲမှ ဆေးလိပ်တစ်လိပ် ထုတ်
မီးညှိလိုက်သည်။ သူက တစ်စုံတစ်ခု သတိရဟန် ဖျတ်ခနဲ

"တစ်ခုတော့ ရှိတယ်ကွ၊ စိတ်ထဲမှာတော့ သိပ်မျှော်လ
ချက်ကြီးမထားတဲ့ မင်းသူ့ကို လိုက်ကြည့်ပါလား"

"အင်း လုပ်လိုက်ကျော်သွန်း၊ တားတုန်းကလည်း မင်း၊
မြောက်ပေးတော့လဲ မင်း"

သို့သော် သူ့စကားက သိပ်မဆိုးချင်။

"ဘာကယ်လား"





"အဟုတ်ပြောတာ လိုက်ကြည့်၊ တချိတည်း ကောလိုက်
ာလဲ ဖြတ်သွားတာပေါ့"

"ခွေးကောင်၊ ဖွ နမိတ်မရှိ နမောမရှိ"

နှစ်ယောက်သား ရယ်လိုက်ကြသည်။

ရင်ထဲတွင် တဒိတ်ဒိတ် ခုန်သွား၏။

❋



www.burmeseclassic.com

www.burmeseclassic.com

## ၆။

"ကဲ အမှတ်တစ် အစီအစဉ် စတော့"

ခပ်တိုးတိုး ပြောလိုက်သော်လည်း ပေါ်ဦးအသံသည် နား ထဲတွင် အမြောက်ပစ်သံလောက် ကျယ်သွားသည်ထင်လိုက်ေ

ရင်ထဲတွင် ပျို့တိုတိုကြီး ဖြစ်လာသည်။

ခင်ရွှေလေးကတော့ ဘာမှသိပုံမပေါ်။ တောင်ငူ စားသော တန်းအစွန်ဆုံး မမြအသုတ်ဆိုင်တွင် သူငယ်ချင်းတစ်ယော နှင့် ရယ်လိုက်မောလိုက်။

စိမ်းနုရောင် အထက်အောက် ဆင်တူဝတ်ထားသည်။

ကျွန်တော်က စီးကရက်ဆိုင်မှ ဒူးယားတစ်လိပ်ဝယ်၍ မီးညှိ သည်။ ပေါ်ဦးက ခါးကိုမသိမသာ တွန်း၍

"သွားနဲလေကွာ"

ကျွန်တော်က သူ့လက်ကိုပုတ်ပြီး

"အေးပါ နေစမ်းပါဦး၊ ဒီမှာ နောက်ဖေးဘောင် သွ ချင်သလိုလို ဖြစ်နေတယ်"

"ဟာ-သောက်၊ ငါကလော်ထုတ်လိုက်ရမကောင်းရှိမေ မယ်။ ခုဟာက သာမုံကန်တုန်းကလို၊ ဘုရားပေါ်မှာလို၊ စကာ





ပြောရုံပဲ မင်းကိုလုပ်ခိုင်းတာကွ ဝင်ရောရုံပဲ၊ ခွီးတဲ့မှ မဟား ယား ဝင်လုပ်ခိုင်းတာ ကျနေတာပဲ"

"အေးပါ ပေါ်ဦးရာ ငါသိပါတယ်၊ ဒါပေမယ့် ခုဟာက အသိသာသာကြီး ဝင်ရောရမှာ ဖြစ်နေလို့"

"ဟော"

ပေါ်ဦး၏ ဟောသံကြောင့် အသုတ်ဆိုင်ဘက် လှမ်းကြည့် သည်။ ခင်လေးနှင့် သူ့ အဖော်မှာ ထ,ရပ်ပြီး

"ထတ်-ထတောင် ထသွားပြီ"

ပေါ်ဦးက မကျေမနပ်နှင့် ပြော၏။

"နေ-နေ-ရတယ်-ငါဝင်မယ်"

ခင်လေးတို့နှစ်ယောက်သည် တောင်ငူဆောင်အပြင် လမ်း ဘက်အထွက် ကျွန်တော် နောက်က ခပ်သုတ်သုတ် လိုက်သွား သည်။

ခင်လေးတို့နှင့် မလှမ်းမကမ်း ရောက်လာသည်။

"မခင်လေး"

နှစ်ယောက်စလုံး ချာခနဲ လှည့်ကြည့်၏။

"အော....ကိုထွန်းဝေပါလား"

အော ဆိုသော အသံလေးသည် နားထဲသို့ လှလှပပလေး ဝင်သွား၏။

"မခင်လေးတို့ အသုတ်ဆိုင်က ထသွားတာတွေလို့ လိုက် လာတာ"

"ကိစ္စက"

အဲ....စပြီ၊ ပြဿနာက



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တော့ ဟုတ်သည်။ သူ အသုတ်ဆိုင်က ထသွားတာ နှင့် ကျွန်တော် ထ လိုက်လာတာ ဘာ ပတ် သက် သ နည်း ခေါင်းထဲတွင် အ လုပ်များ သွား သည်။ ကြွံစမ်း ထွန်း ဝေ ကြံစမ်း၊ မင်းဘာဖြစ်လို့ ထလိုက်တာလဲ။

ဖျတ်ခနဲ စကားတစ်ခုရသည်။

"ဘာရယ် မဟုတ်ပါဘူး၊ မခင်လေးတို့ကို တွေ့တော့ မခင်လေးတို့ပဲဆိုပြီး လိုက်လာခဲ့တာ"

ကောင်းလိုက်သည့်စကား၊ ပညာရှိတွေတောင်ကျွန်တော့် လောက် စကားကို ရှင်းအောင် ပြောနိုင်မည်မထင်။

ခင်လေး ပြုံးလိုက်သည်။

"ဒီရောက်တော့ ဟုတ်နေရောလား"

"အေးဗျ၊ ခုတော့ ပိုသေချာသွားတာပေါ့"

သည်တခါ သုံးယောက်သား ရယ်လိုက်ကြသည်။ မဆိုးဘူး ဒီလောက်ဆို အခြေအနေကောင်းပြီ။

"ဟဲ့ -လမ်းမမှာ မတ်တတ်ကြီး၊ ဟိုမှာ ထိုင်ရအောင်"

ခင်လေး၏ အဖော်က အားဆောင်နှစ်ချကြား ကွက်လပ် အပင်အောက်မှ ခုံတန်းလျားဆီ မေးငေါ့ရင်း ပြောလိုက် သည်။

"ဟုတ်သားပဲ၊ လာလေ ကိုထွန်းဝေ"

ရင်ထဲမှာ ကင်းမြီးကောက် ထ ထောင်ချင်စိတ်များပေါ် နေသည်။ ခုတော့လည်း ရောက်နဲ့အသင့်၊ ကြာအသင့် တယ် ဟုတ်ပါလား ဟူ၍။





တန်းလျားတွင် သူတို့နှစ်ယောက် ဝင်ထိုင်သည်။ ကျွန် က မတ်တတ်ပဲ ရပ်လိုက်၏။

"လာလေ...ဒီမှာ ဝင်ထိုင်ပါလား"

ခင်လေးက သူ့အဖော်ဘက် ခပ်ကပ်ကပ်ထိုင်၍ ကျွန် ကို တန်းလျားအစွန်ဘက် လက်ဖြင့်ပြသည်။

"ရပါတယ်၊ ခဏပဲဟာ"

ထပ်မပြောတော့၊ သူ့အဖော်ဘက်သာ လှည့်၍

"အော်...မိတ်ဆက် ပေးရအုံးမယ်၊ ဒါ ခင်လေး အချစ် ဆုံး သူငယ်ချင်း မဖြူလေ၊ ဖြူဖြူနိုင်တဲ့၊ မဖြူ ဒါ ဘားမိတ်က ကိုထွန်းဝေ"

"ဟုတ်ကဲ့"

ကျွန်တော် ခေါင်းညိတ်၍ ပြုံးပြလိုက်သည်။ မဖြူက ပြုံးပြရင်း

"မင်းသားကြီး ဦးထွန်းဝေနဲ့ ခပ်ဆင်ဆင်ပါပဲ"

ကျွန်တော် ရယ်၍

"မျက်နှာနဲ့ ကိုယ်လုံး ကိုယ်ပေါက်၊ ပြီးတော့ အသံလေး လောက်ပဲ ကွာတာပါ"

"ကိုထွန်းဝေ အဆောင်ကလား"

ခင်လေးက ဖြတ်မေးလိုက်သဖြင့် ရယ်နေသောကျွန်တော့် လို တန်းလန်းနှင့် ရပ်ပစ်လိုက်ရ၏။ ပြီးမှ ဒဂုံ၊ ရွှေဘို ဆောင်များဘက် လက်ဖြင့် ညွှန်ပြရင်း...

"ရွှေဘိုမှာပါ"

"ဒါဖြင့် နယ်ကပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ကျွန်တော်တို့ရွာ နာမည်ကို ပြောပြ သည်။

"အော်"

ခင်လေးက အော်သာဆိုသည်။ မဖြူကမူ

"ဟာ...ဒါဖြင့်ဟန်ကျတာပေါ့၊ နေ့ခင် ဝန်ထမ်းကျေ တွေ ဘာတွေတက်ရရင် လည်စရာအိမ် ရတာပေါ့"

"ရပါတယ်၊ သင်တန်းကျောင်း ဆရာတွေက ရွာ အသိရှိရင် ပိုခိုင်းတတ်တာ တစ်ခုပဲ"

"ကောင်းတယ်၊ သူ့နာနာခိုင်းလို့ ဆရာတွေ မြှောက် လိုက်"

မျက်စောင်းဖြင့် ပြောလိုက်သော အမူအရာလေး ကျွန်တော့်နှလုံးသားများ ပါသွားသည်။ ရယ်လိုက် ဘယ်ဘက်ပါးမှ ပါးချိုင့်လေးသည် ခွက်ခွက်လေး ထင်နေ ကျွန်တော့် အကြည့် အတန်ငယ် ရဲသွား၍လားမသိ၊ ခင် ကပျာကယာ အကြည့်လွှဲသည်။

"ကိုထွန်းဝေက သီချင်းအဆိုကောင်းတယ်လို့ ပြောတ

မဖြူက ပြောပြန်သည်။

"ဟော်....ဒါ....မခင်လေး ဖောက်သည်ချပြီ ထင်တယ်

ခင်လေးက မော့ကြည့် ကြည့်၍....

"မဟုတ်ဘူးလား"

ကျွန်တော်က ခေါင်းခါရင်း

"ကျွန်တော်က တောသားပါဗျာ၊ တောသီချင်းလော ဆိုတတ်တာပါ"





ဟာ...ခင်ခင်လေးတို့က ဒီရောက်နေတာကိုး"

အားဘက်မှ ယောကျ်ားသံ ကြားလိုက်ရသည်။ ဖျတ်ခနဲ ကြည့်လိုက်၏။ ရပ်သွားသော ကားအဖြူလေး တစ်စင်း မှ လူတစ်ယောက် ဆင်းလာလေသည်။ ဆင်းလာသည် ငယ်တူကျောင်းသား တစ်ယောက်၊ မျက်နှာပေါ်တွင် လုနီးပါး သကာရည် လောင်းထားသည်။

ဘာလုပ်မလို့လဲ အောင်မြင့်လွင်"

ကိုယ့် ဘရာသာ မနေ့ကပဲ ပါရီကပြန်ရောက်လို့ ခင်ခင် အတွက် ချာလီဟစ်ပုလင်းနဲ့ ဟဲစပရေးတစ်ဘူး၊ ဆွဲထား တယ်၊ အဲဒါ လာပေးတာ"

သူ့လက်ထဲတွင် ပလပ်စတစ် အမာအိတ်ကလေးနှင့် ရေမွှေး လင်း။ ဆံပင်ဖျန်းရေမွှေးဆီ တစ်ပုလင်း။

ကျွန်တော်က သက်ပြင်းကို မသိသာအောင် ချလိုက်ရင်း

ကျွန်တော် သွားဦးမယ်မခင်လေး၊ ကိစ္စသေးရှိသေးလို့"

ခင်လေးက အားတုံ့အားနာဟန် မျက်နှာဟု ထင်ရသော နှာဖြင့်ကြည့်ပြီး....

ဟုတ်ကဲ့၊ ကိုထွန်းဝေ အားရဲင်လာခဲ့ပေါ့"

ကျွန်တော် ခေါင်းညိတ်ပြသည်။ မဖြူဘက် လှည့်၍လည်း

သွားဦးမယ်နော်"

မဖြူ ခေါင်းညိတ်သည်နှင့် ကျွန်တော် အနီးမှ ထွက်ခွာ

ပြန်တွင် ကျွန်တော်မပျော်။

*



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲကွ၊ ဒီခေတ်ရဲ့ မေတ္တာတရားဆိုတာက တိုက်တို့၊ [illegible] တို့၊ ငွေတို့၊ ကျော်ကြားမှုတို့အပေါ်မှာ မူတည်နေတာ၊ [illegible] တလေ နှလုံးသားရဲ့ပြဿနာတစ်ခုကို ခေါက်ထီး တစ်[illegible] ဝမ်းဆက် တစ်စုံနဲ့ ဖြေရှင်းသွားလို့ လဲ ရတယ်"

ကာလပေါ် ဝတ္ထုအကြောင်းကို ရှင်းရင်း လေချော်[illegible] နေသော ဆရာ့စကားများသည် ကျွန်တော့်ရင်ကို မီးတော[illegible] ဖြင့် မြိုက်နေ၏။

"အသည်းနှလုံးထဲက ချစ်တာမျိုးတို့၊ မေတ္တာစစ်တို့၊ [illegible] တရားတို့ ဆိုတာတွေ ခေါက်ထားလိုက်၊ ရန်ကုန်ယဉ်ကျေ[illegible] မှာ ကိုရိုလာတစ်စင်းဟာ ဖူးစာရေးနတ်ပဲ"

ကျွန်တော့် မျက်လုံးထဲတွင် စောစောက အောင်မြင်[illegible] ဆိုသော လူစီးလာသည့် ဖောက်ဝက်ဂင်ကား အဖြူ[illegible] ပြေးမြင်လိုက်သည်။

"ဟိုတုန်းက သစ္စာထားကြသလို အာသာဝတီ နွယ်[illegible] ပန်းတွေလဲ ယူမပေးနဲ့၊ မူဝံကြယ်ကိုလဲ ဆွတ်မပေးနဲ့၊ [illegible] ရင်း ပစ္စည်းလေးတွေသာ ဆောင်ထား၊ မင်းတို့ကို ကော[illegible] လေးတွေက ယောကျ်ားတံခွန် လူရည်ချွန်လို့ သဘော[illegible] လိမ့်မယ်"

တောင်တွင်းကြီးသား မြန်မာစာဆရာသည် ဒီဗွစကျူ[illegible] ရနေသလား တွေးထင်လာသည်။

တဟားဟား ရယ်၍ သဘောကျနေကြသော ကျော[illegible] သားများကို လှမ်းကြည့်မိသည်။ ကျွန်တော်ရယ်ရန် [illegible] နေ၏။





"ကဲ ဆရာလဲ ပြောရင်း၊ ဆိုရင်းနဲ့ စကားတွေ တခြား [illegible]ရောက်ကုန်ပြီ၊ ဒါက မိတ်ဆက်စကားလေးပါ၊ တတိယနှစ် [illegible]သင်ရမယ့် ကာလပေါ် ဝတ္ထုကျတဲ့ အခါကျမှ ရှည်ရှည် [illegible]ဝေး နားထောင်ကြတာပေါ့၊ ခုဒီနေ့ မင်းတို့ သင်ရ [illegible]မှာက"

တည်ငြိမ်သော လေသံနှင့်အတူ ဘာသာရပ်ဘက် ဦးတည် [illegible]သွားသော ဆရာ့စကားကြောင့် စောစောကရယ်မောနေကြ [illegible]သော ကျောင်းသားများ၏ အာရုံသည် ဆရာ့စကားများ [illegible] စုစည်းရောက်ရှိကုန်၏။ စောစောက ဆရာ့စကားများ [illegible]သည် သူတို့ရင်ထဲမှ ပျောက်ပျက် လွင့်ထွက်သွားကြပေတော့ [illegible]သည်။

ခုမှ စောစောက စကားများ၏ အနက်ကို ပိပိပြင်ပြင် [illegible]တွေးဆ လာသူက ကျွန်တော်။

ကျော်ညွန့်ပြောသည့် စိတ်ဆင်းရဲလိမ့်မယ်ဆိုတာ ဒါများ [illegible]သွားဟု တွေးမိသည်။

သည်ပြဿနာအတွက် ကျွန်တော်တစ်ချူမှ ရအောင် ရှာနိုင်ပါ့ [illegible]မလား။

*

"လုပ်မနေနဲ့ မော့ကောင်၊ ဒီမှာငါပြောမယ်၊မင်းကောင် လေးက ဟိုင်ရှုပ်ကို ဘယ်လိုခေါ်လဲ"

"အောင်မြင့်လွင် တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအမှိုက်ကကော ကောင်မလေးကိုဘယ်လိုခေါ်လဲ"
"ခင်ခင်လေး တဲ့"
"အေး ဒါဖြင့် သေချာတယ်၊ သူတို့နှစ်ယောက် ဘာ
မဟုတ်ဘူး၊ အမြင့်ဆုံးအဆင့်မှာ ကျောင်းနေဘက် သူငယ်
ချင်းပဲ၊ သာမှုစိတ်ဓာတ်ကျမနေနဲ့၊ သူလဲလူပဲ၊ ကိုယ်လဲလူပဲ
လိုက်သာလိုက်၊ ဘုရင့်သမီးနဲ့ သူတောင်းစားတောင် ညာ
ဖူးသေးတာ၊ ခွေးတဲ့မှပဲ၊ မင်းဥစ္စာက စစ်မရောက်ခင် မြ
ကုန်လိုက်တာ၊ ဒါလေးနဲ့များ ဖြစ်နေတဲ့ ရုပ်ကဲ မျော
ဘိန်းစား၊ အသုဘမှာ ဖဲရိုးနေတဲ့ အတိုင်း"
သူ့ ပေါက်တီးပေါက်ရှ ဥပမာကြောင့် ကျွန်တော်ပ
ပြုံးလိုက်မိသည်။ ခုထိ ကျွန်တော့်ဘက်မှ ဒိုင်ခံ အားပေးသ
ပြုနေသူမှာ ပေါ်ဦး တစ်ယောက်တည်းသာ ရှိသည်။ သူ့
ကျွန်တော် တူသောအချက်မှာ အဆင့်အတန်း ကွာခြား
ကြောင့် မဖြစ်နိုင်ဆိုသော အချက်ကို လက် မခံနိုင်မှု ပ
ဖြစ်၏။
သူက ကျွန်တော့ပခုံးပုတ်ရင်း ဆက်ပြောသည်။
"ဟေ့ကောင်၊ ဘာမှအပိုတွေ မင်းမစဉ်းစားနဲ့၊ ကိုယ်
ကိစ္စကိုယ်စဉ်းစား၊ အခု မင်းကောင်မလေးဆီ သွားစကာ
ပြောတယ်၊ ကောင်မလေးက ကြည်ကြည်ဖြူဖြူ လက်
စကားပြောတယ်၊ အားရှင်လာပါလို့လဲ ဖိတ်တယ်၊ တော်
ပြီပေါ့ကွ"
သူ့စကားကိုပြုံး၍နားထောင်ရင်း၊ အဆောင်ဝရံတာ
မြင်နေရသော ယူဒသန် မျှော်စင်ကြီးကို မော့ကြည့်နေမိ၏





အကြည့်သည် ထိပ်ဖျားသို့ ရောက်အောင် မနည်း တက်
ရသည်။
"သူများကိစ္စက သူများကိစ္စပဲ၊ သူများက ချာလီရေမွှေး
တဲစပရေးတို့ ပေးတယ်၊ နောက်ပိုးတာပဲကွာ၊ သူလဲ
ချင်တာပေးမှာပေါ့၊ အရေးကြီး တာက ဒီလို လူတွေ
းထဲကနေ မင်း ဘယ်လိုရအောင်ပိုးမလဲ၊ ဒါပဲစဉ်းစား"
"ဒါတော့ မင်းပဲ အားကိုးရမှာပဲ"
ကျွန်တော် သူ့ကိုပြုံးကြည့်ရင်း ပြောလိုက်သည်။ သူ့
နှာတွင် ကျေနပ်ပြုံးတစ်ခု ထင်းကနဲ ပေါ်လာပြီး
"အေး-ဒါတော့ မင်းတော်တယ်၊ ဆရာ့ရွေးတဲ့ အထဲမှာ
လာဘ်အမြင်ဆုံးပဲ၊ ဒီမှာ ဘာမှအားမငယ်နဲ့ တပည့်၊
ဆရာ ပေါ်ဦးဆိုတာ နှယ်နှယ်ရရ မဟုတ်ဘူး၊ တို့
လေးရာဇဝင်မှာ အင်မတန် ထင်ရှား ကျော်ကြားခဲ့တဲ့
ရှိ အမတ်ကြီးနဲ့ တနာမည်ထဲရှိတဲ့ ပုဂ္ဂိုလ်၊ ငါ့တပည့်
အောင် ဆရာ အစွမ်းကုန် လုပ်ပေးမယ်၊ မပူနဲ့၊ ဒါပေ
ယ်"
ကျွန်တော် သူ့ကို ဖျတ်ခနဲ လှည့်ကြည့်၏။
"ဒါပေမယ့် ဘာဖြစ်လဲ"
"ဒါပေမယ့် ခုတော့ ဗိုက်ဆာတယ်၊ လာ လှည်းတန်းမှာ
ချက်သွားစားမယ်၊ မင်း ငါ့ကို ဝယ်ကျွေး"
"ခွေး သူတောင်းစား"
ဆဲသာ ဆဲလိုက်ရသည်။ စိတ်ထဲကတော့ သူ့ကို ကျေးဇူး
င်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုထွန်းဝေ"

အခန်းထဲဝင်၍ ပိုက်ဆံယူရန် အလှည့်လိုက်၊ အဆော
အောက်ဘက်မှ အော်ခေါ်သံကြား၍ တံ့ကနဲ ပြန်ကြည့်
အဆောင်အောက် ငုံ့ကြည့်လိုက်သည်။ အနုပညာ အသ
ကိုတင်မောင်ဋွေး။

"ဟော့လူ စနေ့နေ့ကျ မမေ့နဲ့နော်"

မျက်မှန်ထူထူ အရပ်ရှည်ရှည်နှင့် အနုပညာအလုပ်နှင့်
သို့မှ မအပ်စပ်အောင် ထူးချွန်နေသည့် လူကြမ်း မင်းသာ
ပေါက်နေသော ကိုတင်မောင်ဋွေးကို ခေါင်းညိတ်ပြရင်း

"ဟုတ်ကဲ့-ဟုတ်ကဲ့၊ စိတ်ချပါ ကိုဋွေး"

"ဘာလုပ်ဖို့လဲ"

သည်ကိစ္စကကျွန်တော် ဘာသာကျွန်တော်ကြိုးစားလုပ်ထ
သော အလုပ်ဖြစ်သဖြင့် ပေါ်ဦးက ယောင်ကန်းကန်းနှင့်
မေး၏။

"ခု မမေးနဲ့ ပေါ်ဦး၊ စနေ့နေ့ကျမှ မင်းပါလိုက်
ခုကိစ္စမှာ မင်းလဲပါစာယ်"

အဆောင်လှေကားမှ ပြေးဆင်းလာသောအခါ ခြေလှ
များ သွက်လက်ပေါ့ပါးနေသည်။

ဆီချက်ခေါက်ဆွဲတစ်ပွဲတော့ ကောင်းကောင်းတန်ပါ

*



ရ x

အရှိန်ရလာပြီဖြစ်သဖြင့် ဒိုးသံကစီးနေ၏။ တီးကွက်က
မှိုင်လာသဖြင့် လူမှာမြောက်ကြွနေသည်။

"သောက်တော့ မူးရယ်နဲ့...ကိုယ်မကွာ....
ကိုယ်မကွာ....မင်းကျော်စွာရယ်လို့ မကျော်
လား....ဝေးရာကရွှား"

"ဟေး...."

တစ်ဝိုင်းလုံး ရှင်နေကြသည်။

ရွာစား၏ ခေါင်းသည် ဗယ်ညာယိမ်းနေ၏။

မန္တယ်၏ ကချက်များကလည်း သွက်လာသည်။

'လောင်းစရာ...ငွေမရှားပါဘူး...ကစား
စရာ.... ငွေမရှားပါဘူး.... ကြက်ကျားကိုတဲ့
တိုက်မယ့်ပြင်.... မြင်းစိုင်းကျော့ရှင်...."

တီးသံနှင့် ဆိုသံမှာ အကခန်းတခုလုံးတွင် ပဲ့တင်ရိုက်ကာ
မှိုင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒိုးသားရေနှင့် လက်အတွေ့တွင် ကျေနပ်အားရမှုကို ရှာတွေ့သည်။

ဘက်စုံသမား ကိုစိန်မြင့်၏ လင်းကွင်းသံသည် သာသည်။ ကျောင်းသား ကျောင်းသူတချို့ အပန်းဖြေ ရိပ်သာ၏ နံရံ တရုတ်ကပ် တံခါးကြီးများကြားမှ တစ် ယောက် ပြီး တစ်ယောက် ဝင်ရောက်လာကြသည်။

"ပုဆိုးကွက်ဝါကြက်ပြာ ပိုက်ပါလို့ အလိုက်
ကလေးရယ်နဲ့ ပျော်ရအောင် ရွှေခန်းသူ
မြတ်မောင်"

အဆိုနှစ်ကျော့အဆုံး အကူးဆိုင်းမှာ ကြည့်နေသူများကို ပင် မရိုးမရွ ဖြစ်လာစေသည်။ ဝိုင်းထဲတွင် ထိုင်နေသော ကျောင်းသူ တယောက်မှာ လက်ချိုး၍ ကနေ၏။ ရွှာစား ခေါင်းပိုယိမ်းလာသည်။ မန္တယ်၏ လှည့်ပတ်မှု မြန်လာသည်။ စခွန့် ပတ်မကြီးမှာ ယမ်းခါနေ၏။

"ရွှေခန်းသူ ယဉ်လေနွဲ့ရယ် ရွှေခန်းသူရယ်
လေ ယဉ်လေနွဲ့ရယ်၊ ဘိန်းလေးလေး ဘိန်း
လေး မှော်ဝင်ကျော်လေး"

ရွှာစား ပါးစပ်ပြနေ၏။ နှဲသမား၏ နှဲအဝသည်အထက် အောက် လူးလာခတ် ပြေးနေသည်။

ကိုစိန်မြင့်၏ လင်း ကွင်း နှစ်ခု ထိခတ်မှု အလျင်သည် ကြောက်ခမန်းလိလိ၊

စေတနာ စာပေ



သားရေနှင့် လက်၏ ထိခတ်မှုကြောင့် လက်ဖျားများ ...လာသည်။

အပန်းဖြေ ရိပ်သာအတွင်း စတိုးဆိုင်များဘက်မှ တံခါး ပေါက်မှ လူတချို့ ဝင်လာသည်။

"ချစ်လို့ရယ်တဲ့တင်ပါသလေ့....ယဉ်ရှာရော့
သလား.... ကြိုက်လို့ရယ်တဲ့ တင်ပါသလေ....
ယဉ်ရှာ ရော့သလား....ကိုကြီးကျော်ရေ"

ဗျို ဗျို ဗျို ဆိုသော အသံများကို အခန်းထဲရှိသည့် ...အားလုံး ဝိုင်းအော်ကြသည်။

"မောင်ကြီးကျော်ရေ"

"ဗျို....ဗျို"

"ဤဇမ္ဗူမှာ ပြိုင်ဘက်ရှား အလို မိုးကျနတ်သား"

နှဲသံနှင့် လင်းကွင်းသံ၊ ဝါးသံ ဗုံသံ၊ ရော၍ စည်သည်။ ကျွန်တော် အနိုင်ဆုံးနှင့် ကျွန်တော်အပျော်ဆုံး ဒိုးဆစ် ဖြစ်နေသဖြင့် ကျွန်တော် ဒိုးတီးဟန်မှာ ကခုန်နေသလို ဖြစ် နေသည်။ တဝိုင်းလုံးကလည်း ကျွန်တော်ကိုကြည့်၍ပြုံးနေ၏။ ဆေးပေါ့လိပ်ခဲ၍ အုပ်စုတီးနေသော ကိုစိန်မြင့်က လှမ်း၍ နောက်နေသည်။

"မြှောင်းတူးကို လျှောက်ပါလို့....မြှောင်း
တူးကို....မြှောင်းတူးကိုအလိုရှင်အလိုတော်....
မြှောင်းတူးကို....မြှောင်းတူးကို လျှောက်ပါလို့
အနောက်ကလေး ရွှေဂူနီ ....ဝေးကွာခဲ့ပြီ"

စေတနာ စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာတဲ့ကောင်လေး၊ ကြိုးစားလိုက်စမ်း၊ ငယ်ငယ်လေး ရှိသေးတယ်"

ကျွန်တော်က အားပါးတရ တီးနေရင်း ဝင်လာနေသော ရပ်ကြည့် ပရိသတ်များဘက် ခေါင်းငဲ့၍ ကြည့်လိုက်သည်။

တီးနေသော လက်များသည် ရပ်သွားတော့မလို ဖြစ်သွား၏။

ခင်လေး။

ကိုစိန်မြင့်၏ လင်းကွင်းသံနှင့်အတူ ရင်ထဲ ထိတ်ခနဲဖြစ်သွား၏။

ပထမတွင် လက်အရှိန် တန့်သွားသည်။

မနွယ်၏ လည်တိုင်သည် ညင်ညင်မော့၏။

ခင်လေး၏ မျက်လုံးများ ဟိုသည်ဝဲသည်။

"ညနေ....ညနေ....စည်တာယ်လေ....ဂူနီကျော့
စံကွန်း...ညနေ.... ညနေဆီရယ်လေ.... ကိုကြီး
ကျော့စံယွန်း....ကိုကြီးကျော်....ပလီလွန်းတယ်
ဆေးရှိုက်တဲ့ ကျွန်း...."

စိတ်များကို ကိုင်ယမ်းနေသော ဆိုင်းချက်တွင်ကျွန်တော့ ရင် တဒိုးဒိုး ခုန်နေ၏။

ခင်လေးက ကျွန်တော်မြင်သွားမှန်းသိ၍ပြုံးပြလိုက်သည်။ ကျွန်တော်က လက်တစ်ဘက်ဖြင့် တီးရင်း အခန်း ဘေးဘက်မှ ပသပ်စတစ် မေ့တွက်တာ ထိုင်ခုံများဆီ လက်ညှိုးညွှန်ကာ၊ လာလေဟု အသံမထွက်အောင် ခေါ် လိုက်၏။





ချိုသံ ဦးစွာ ပေါ်လာသည်။

ခင်လေးက လက်ကာ၍ မြုပြီး အပြုံးနှင့်ရပါတယ်ဟု အသံ မဲ့ပြောသည်။

မနွယ်၏အသံ ချက်ချင်းဝင်လာသည်။

"ရွှေပြုံးကို သွားမယ်လို့ ဆံဖျားရယ်တဲ့ သိုးထောင် ပြင်လောက်အောင်ဆေး"

"ကျောက်ပြွင်ကြီးငယ်နဲ့ မှန်ဘီးကိုယူခဲ့ပါ ညို့နွဲ့ရွှဲလေး"

၍အပိုဒ်ကို တစ်ဝိုင်းလုံး ထပ်ကျော့သံမြန် အော်မြန် ပြီ။

အမြန်အလှန် တစ်လှည့်စီ ဆိုနေသော အသံ၊ လေးရာမှ သည်းဖြည်း မြန်လာသော စီးချက်နှင့်အတူ ရင်ခုန်သံ မြန် လာသည်။

အတီးပိုဒ်တစ်ခုလုံး မြန်ဆန်သည်။

ကိုယ့်လမိုင်းနှင့်ကိုယ် ဖြစ်နေသဖြင့် ရင်ထဲအနည်းငယ် လှုပ် ရှားသည်မှအပ အတီးနှင့်အဆိုတွင် အနာရှိပျက်မသွား။

"ရွှေပြုံးက ပန်းခွာညို၊ မွှေးလှတယ်ဆို....
ပန်စေလို့ လောင်းညို လျှော့ကလေးနဲ့ ချိုးချည်
ခဲ့လေး"

တစ်ဝိုင်းလုံး အော်သံတွင် အပြုံးများစွာ ဝေနေ၏။

တစ်ချက်တစ်ချက် လှည့်အကြည့်မှာ စိတ်ဝင်တစား ကြည့် နေသော ခင်လေးနှင့် မဖြူ၏အပြုံးကို မြင်နေရသည်။ ရင်ထဲ ကျေနပ်မှုလေးများဖြင့် ရွှင်လန်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်သည် လွတ်လပ်မှုဖြင့် အရပ်မျက်နှာများစွာသို့ တူ
ခွာသည်။

ပြေးလိုက်၊ ပြန်လာလိုက်။
ပြန်လာလိုက်၊ ပြေးလိုက်။
အကြည့်သည်လည်း လူးလာခတ်၏။

ခင်လေး...မဖြူ၊ မနွယ်...ရွာစား...နဲ့...ကိုစိန်မြင့်...ပတ်
ခင်လေး၊ မဖြူ...ပတ်မ...မဖြူ...ခင်လေး၊ ခင်လေး...မဖြူ

"မရှက်ဘူးလား၊ မကြောက်ဘူးလား၊ သောင်း
ကြူးတဲ့ မင်းညီနောင်...ရွှေပြုံးသူများမောင်
ရှက်တတ်ရင် သောက်ပါရိုးလ၊ ကြောက်တတ်
ရင် သောက်ပါရိုးလ၊ ပုဆိုးစွန်တောင်သက်တန့်
သွေးနဲ့...ဘိုးတော်ကြီးမြေး"

*

"ဆိုင်းသံတွေကြားလို့ ခင်လေးတို့ ဝင်လာ ကြည့်တာ
ကိုထွန်းဝေက ဘယ်ဆိုးလို့လဲ"

သီချင်းဆုံးသည်နှင့် ကျွန်တော် ခုံပေါ်ကဆင်းပြီး ခင်လေး
တို့ဆီ လျှောက်လာခဲ့သည်။ အနားရောက်ရောက်ချင်း ခင်လေး
က လှမ်းပြောလိုက်ခြင်း ဖြစ်၏။

"ဝါသနာပေါ့ဗျာ"

ခင်လေးက ပြုံးရင်းနှင့် ခေါင်းညိတ်သည်။ ကျွန်တော်
ထိုင်ခုံများကိုညွှန်၍





"လာလေ မခင်လေးနဲ့မဖြူ၊ ထိုင်ပါဦး၊ ရပ်ကြည့်နေရတော့
ညောင်းမှာပေါ့"

"ရပါတယ်"

နှစ်ယောက်လုံး သံပြိုင်ပြောသည်။ ကျွန်တော့် ခေါင်းထဲ
ကြံတစ်ခု ဖျတ်ခနဲ ဝင်လာသည်။

"မခင်လေးတို့ အိမ်မပြန်ရသေးဘူးပေါ့"

"ဟင့်အင်း၊ ကားက ဝပ်ရှော့ပို့ထားလို့ ကျောင်းထဲမှာပဲ
နေမယ်၊ ဖေဖေ ညနေခွဲးဆင်းမှ ဝင်ကြိုဖို့ အိမ်ကိုမှာလိုက်
တယ်"

"ဒါဖြင့်အတော်ပဲ၊ အတီးကလဲ ခဏနားဦးမှာ၊ လာဗျာ
ခင်လေး အအေးလိုက်သောက်ပါ၊ ခဏတဖြုတ် စကားပြော
တာပေါ့"

"အို...မလုပ်ပါနဲ့၊ ခင်လေးတို့ မသောက်တော့ပါဘူး"

"သောက်ပါဗျာ၊ ဒါနလေး မြောက်သွားအောင်"

"ဟုတ်သားပဲ ခင်လေးရဲ့၊ လိုက်သောက်လိုက်ပါ၊ တို့
သောက်တော့လဲ သူ့ပိုက်ဆံကုန်သလိုပေါ့"

မဖြူက ဝင်ရောက်၍ ဖြေရှင်းလိုက်သဖြင့် ရယ်ရယ် မောမော
မောနှင့် ကျွန်တော့် အကြံ အောင်သွားသည်။ သို့သော်
ဒီအတိုင်းသွားလို့ မဖြစ်လေး။

"ခဏနော်၊ ပေါ်ဦးကို သွားပြောလိုက်ဦးမယ်"

ဆိုကာ အနားရှိစန္ဒယားခန်းသို့ ဝင်လာခဲ့သည်။

ကျွန်တော့် ပျာပျာသလဲ အမူအရာကြောင့် စန္ဒယားတီး
နေသော မြန်မာစာ ကျောင်းသားကိုတင်ဝင်းလှိုင်နှင့်အနား

F. 8



www.burmeseclassic.com

www.burmeseclassic.com



မှာ ထိုင်နေသည့် ပေါ်ဦးက ပြုံးပြုံးဖျာဖျာ မော့ကြ[illegible]
သည်။

"ဟ….ဘာဖြစ်လာတာလဲ"

"ပေါ်ဦး မင်းမှာ ပိုက်ဆံ ဘယ်လောက် ပါလဲ"

ပေါ်ဦးက သူ့ အိတ်သူ ငုံ့ကြည့်သည်။ ပြီးမှ အိတ်ထဲလ[illegible]
နှိုက်လိုက်ပြီး

"တစ်မတ်"

"ဟာ….နင့်မေလွှား၊ အဲဒါမှ ဒုက္ခပဲ"

"ဘာဖြစ်လို့ လဲ"

ကိုတင်ဝင်းလှိုင်က လှမ်းမေးသည်၊ ကျွန်တော်က ရယ်[illegible]
ကျဲလုပ်၍

"ကောင်မလေးကို အအေးတိုက်မလို့ ၊ ကျွန်တော့အိတ်[illegible]
လဲ နှစ်ကျပ်ပဲရှိတယ်၊ ခေါ်ကလဲ ခေါ်ပြီးနေပြီ၊ အဆော[illegible]
ပြန်ပြေးမှ ထင်တယ်"

ကိုတင်ဝင်းလှိုင်က ဟက်ဟက်ပက်ပက်ရယ်၍

"နေ….နေ၊ မပြေးနဲ့….ရော့ ကျွန်တော့ဆီက ယူသွား၊ [illegible]
ဝိစ္စပြီးမှ ပြန်ပေး"

သူ့ အိတ်ထဲမှ နှစ်ဆယ်တန်တစ်ရွက် ထွက်လာသည်။ ကျွ[illegible]
တော်ယူရမှာ အားနာသဖြင့် ချက်ချင်း လက်မလှမ်း။

"ယူပါဗျ၊ အလကားပေးတာ မဟုတ်ပါဘူး၊ [illegible]
တာပါ"

စိတ်ထဲဆုံးဖြတ်ချက် တစ်ချက်ချပြီး သူ့ ပိုက်ဆံကို လှမ်း[illegible]
လိုက်၏။





"ကျေးဇူးပဲဗျာ၊ ခဏနေ ပြန်ပေးမယ်နော်"

"ရပါတယ်"

ကျွန်တော်က ကမန်းကတမ်း ပြန်လှည့်ထွက်သည်။ ပေါ်
[illegible] နောက်တောက်တောက် အသံကို နောက်ဘက်မှ ကြား
[illegible]ရ၏။

"ချစ်သူလာသောနေ့မှ အိတ်ထဲဗလာကွယ်" တဲ့

သရော….။

*

"ကိုထွန်းဝေတို့ ခုနကဆိုတဲ့ သီချင်းက ဘာသီချင်းလဲဟင်၊
[illegible]ယ် နားထောင်လို့ ကောင်းတယ်"

[illegible]းယမ်းဘီလူးဆိုင်၌ ထိုင်ထိုင်ချင်း ခင်လေးကမေးသည်။

"အပျိုတော်သီချင်းပါ မခင်လေး"

စပျာကသိမြေရှင်း အအေးဆိုင်မှ ကောင်လေးကိုလှမ်း
[illegible]လိုက်၏။

"ကဲ ဘာသောက်မလဲ"

"မဖြူ"

ခင်လေးက မဖြူဘက် မေးဆတ်၍ မေးလိုက်သည်။ မဖြူက

"သဘောသီးပဲ ကောင်းပါတယ်"

"မခင်လေးကော"

"သဘောသီးပဲ"

ကျွန်တော်က ကောင်လေးဘက် လှည့်၍



www.burmeseclassic.com

www.burmeseclassic.com



"သင်္ဘောသီးသုံးခွက်"

ခေါင်လေး လှည့်ထွက်သွားသောအခါ မဖြူက စကား စသည်။

"ဇာတ်တွေမှာ ဆိုတဲ့သီချင်းလား"

ကျွန်တော်က ခေါင်းညိတ်၍

"ဆိုပါတော့ ကျွန်တော်တို့ဇာတ်တွေ၊ အငြိမ့်တွေ၊ သေး တွေမှာ ပွဲစ, ချင်းကတဲ့ အကပေါ့၊ ခုတော့သိပ်မရှိ တော့ပါဘူး၊ ရှိလဲ ကကြိုးမစုံတော့ဘူး၊ တဖြည်းဖြည်း မည်တော့ ပျောက်တော့မယ်"

"ခင်လေးကြည့်တော့ ကြည့်ဖူးတယ်၊ ဒီလိုမကောင်းဘူး"

ကျွန်တော်က ရယ်၍

"ဒါလဲ ပျော်စရာပဲကောင်းတာ၊ ပညာအရတော့မကော င် ဘူး၊ တကယ့် နတ်ကတော် အက၊ အပျိုတော် အက ဆိုင်းကောင်းကောင်းနဲ့ဆို တစ်နာရီကျော်ကျော် ကရတာ ခုထက်နေတဲ့ အပျိုတော်တွေကတော့ ကို့ ယို့ ကား ယား မျက်စိနောက်ရုံပဲ ရှိမယ်"

"ဘယ်လိုကွာလို့လဲ"

မဖြူအမေးကို ကျွန်တော် ဖြေသင့်-မဖြေသင့် စဉ်းစာ လိုက်သည်။ သို့သော် ရိုးရိုးသားသားစကားမှာ ဖြေမထွေ ရဲစရာ မရှိသဖြင့်

"နတ်ကတော်အကဟာ အတော်လိုတယ် မဖြူ၊ အတော် မောအောင် က,ရတာ၊ အားလုံး က,နည်းက ဆယ့်နှစ်မျိုး လောက်ရှိတာ၊ မျက်စပစ်တာ၊ ရင်သား....အဲ...."





ပြောရမှာ ခက်သလိုဖြစ်နေ၍ တုန့်ကနဲ ရပ်လိုက်သည်။ ခင်လေးက မျက်မှောင်ကျုံ့ကြည့်ယင်း

"ပြောပါ၊ သူ့ အခေါ်အဝေါ်ပဲဟာ၊ ဘာတတ်နိုင်မလဲ"

"ရင်သားတစ်ဘက်လှုပ်တာ၊ နှစ်ဘက်လှုပ်တာ၊ တင်ပါး လှုပ်တာ၊ စကောဝိုင်းလှုပ်တာ၊ အားလုံးပေါ့လေ ဆိုင်းချက် အကိုက်လုပ်ရတာ၊ ကြိုးစုံကရင် တဟားဟား ရယ်နေရ တာ၊ ၁၉၀၆ ခုနှစ်လောက်က မမှုံကြီးဆိုတာ နာမည်ကြီး ဆယ့်နှစ်ကြိုးဖော်အောင် က,တတ်တယ်လို့ ပြောတယ်၊ ဘိုလဲ ကောင်းတယ်တဲ့"

ကျွန်တော့် စကားကို စိတ်ဝင်တစား နားထောင်ကြသည်။ ခင်လေးကတော့ ဘာမှမပြော။ မဖြူက

"ကိုထွန်းဝေက မြန်မာစာကျောင်းသား ဝိသတာပဲ၊ အနု ပညာ ဘက်ကလဲ ဖြစ်တယ်၊ ပြောတတ် ဆိုတတ်လဲရှိတယ်"

ကျွန်တော်ခပ်ပွင့်ပွင့် ရယ်လိုက်သည်။ စိတ်ထဲကလည်း ပြော တစ်ခုရလာပြီဟု သိလိုက်ပြီး

"အဒေါ်အားဖိုးလေး စိတ်ချမ်းသာသွားအောင်မမြှောက်ပါနဲ့ ဗျာ၊ ကျွန်တော်တို့ အလုပ်က မဖြူတို့၊ မခင်လေးတို့ ကြိုက်တာမျိုးတွေ မဟုတ်ပါဘူး၊ ဒါမျိုးက တောကြိုက်ပါ"

"ဘာဖြစ်လို့"

"ကျွန်တော်တို့က၊ ခုခေတ်စားနေတဲ့ လျှပ်စစ် ဂီတာတို့ ဒီရိယို ကျတော့ နားထောင်ရုံပဲ တတ်တော့တာ၊ ဘာ တစ်လုံးမှ လိုက်မမီတော့ဘူး၊ အောင်ရယ်၊ ချစ်သူရယ်၊ အရိုင်း ဆိုတာမျိုးမှ မခင်လေးတို့၊ မဖြူတို့ ကြိုက်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် စကားအဆုံး ခင်လေးက နှုတ်ခမ်း စူ‌ယော
ယောင်ဖြင့်–

"အမယ်– ဒီလို မပြောပါနဲ့နော်၊ မကြိုက်ဘဲနဲ့ ဘယ်သူ
အကြာကြီးရပ်ကြည့်နေမလဲ၊ ခင်လေးကတော့ နားထော
ကောင်းရင် အကုန်ကြိုက်တာပဲ"

"ခင်လေး နှင်သေချာတယ်နော်"

မဖြူကမူ ပြောင်စပ်စပ်မျက်နှာဖြင့် ဝင်မေးသဖြင့်၊ ခင်လေ
က ကြောင်အမ်းအမ်း ဖြစ်သွားပြီး

"ဘာကိုလဲ"

"နားထောင်ကောင်းရင် ကြိုက်တာဆိုတာလေ"

"အင်းလေ"

"ဟိုနေ့ကသီချင်းဆိုတာ နားထောင်ကောင်းတယ်ဆို"

"ဟယ်–ဖြူမ နှင်မကောင်းဘူး"

ခင်လေး မျက်နှာတွင် ရှက်သွေးလေးများ ဖျန်းသွား
မဖြူ၏ပေါင်ကိုလည်း လှမ်းဆိတ်လိုက်သည်။ မဖြူက တခစ်
ရယ်နေ၏။

ကျွန်တော်က ပြုံးရိသာပြုံး၍ကြည့်နေလိုက်သည်။

စိတ်ထဲမှာ ရိပ်မိလိုက်သော်လည်း ခင်လေး ရှက်သွားမ
စိုးသဖြင့် မသိသလိုဟန်ဖြင့် ပြုံးနေလိုက်၏။

ဦးယမ်းဘီးလူး၏ အအေးဆိုင်မှ သဘောသီး ဝါနီ
များသည် ကမ္ဘာပေါ်တွင် အချိုမြိန်ဆုံး သစ်သီးများ
နေ၏။





သိပ်ချစ်တာပဲ

အသက်ထဲမှာ၊ အသားမွေးမိုတ်
အိပ်ပါလားကွယ်၊ တခြားရုပ်ရှာန်၊
ကြားလေခံယင်၊ မြင်ယံဝေးကွာ
ကိန္နရာလို၊ ရာစုနှစ်ပေါင်း
ထောင်သောင်းထိတို၊ ရက်ဆက်ငိုမယ်
ပိုလွန်းတာပဲ....မှတ်ချင်မှတ်။

ထိုနေ့ကစခဲ့သော ကဗျာပိုဒ်လေးနှင့် ဆက်၍ နောက်ထပ်
ဗျာတစ်ပုဒ်ကို ရေးချလိုက်သည်။

ထို့နောက် ကုလားထိုင်မှထ၍ ခါးဆန့်လိုက်၏။ တော်
သောက်ပြီ။ နောက်ထပ် တထိုင်တည်းဆက်မရေးချင်သေး။
နေသော ကြည်နူးမှုကို တစ်ခါတည်း ဖွင့်မထုတ်လိုက်ချင်။

ပေါ်ဦးဆီ ကြည့်သည့်အခါ ညနေကမြို့ထဲ သူ့ အဒေါ်
အိမ်သွားမည်ဆိုပြီး ထွက်သွား၍ ပြန်လာကတည်းက ဝတ္ထု
စာအုပ် တစ်အုပ်နှင့် ခုတင်ပေါ်တွင် ပက်လက်ကြီး ငြိမ်ကျနေ
၏။ ကျွန်တော် သူ့နားကပ်သွား၍

"ပေါ်ဦးထကွာ၊ မင်းစာအုပ် နောက်မှဖတ်"

ပေါ်ဦးက စာအုပ်မှ မျက်နှာမခွာ။ ခါးခါးသီးသီး လေ
သံဖြင့်

"ဟာနေစမ်းပါ၊ ဒီမှာ ဝတ္ထုက ဖတ်ကောင်းနေတုန်း"

ကျွန်တော်က လေသံဆတ်ဆတ်ဖြင့်

"ထားလိုက်စမ်းကွာ၊ နောက်မှ ဖတ်ပါလို့ ဆိုနေ"

ပေါ်ဦးက မျက်မှောင်ကျုံ့၍ လေသံမာလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါလို့ ဆိုနေတယ်၊ ဒီမှာ သိပ်အရေးကြီးနေလို့ မင်းသမီးက မင်းသားနား ကပ်ပြီး လေလည် သွားတော့ မင်းသားက တအားဝမ်းသာပြီးချေးခြောက်တော့ ကော်ဇောက်စားတဲ့အခန်း ရောက်နေတယ်၊ပြီးတော့ မနေနိုင် မထိုင်နိုင် ဟိုလူ့ လျှောက်ပြော၊ ဒီလူ့ လျှောက် ပြောနဲ့ မင်းသား အညွှန်းခန်းကွ"

"ခွေးမသား"

ဆတ်ခနဲ စာအုပ်ကို ဆွဲယူလိုက်ပြီး ခုတင်ပေါ် ပစ်တင်လိုက်သည်။

"ထ...ခု မင်းသားက ဝမ်းသာအားရနဲ့ သူ့သူငယ်ချင်းကို နဘန်းကျင်းတဲ့ အခန်း ဆက်မလို့"

ပေါ်ဦးက ဟားတိုက်ရယ်၍ ထဆိုင်ပြီး

"ကဲ ဘာပြောမလဲ၊ပြောအုံး တစ်ခါထပ်ပြောအုံး၊ ဒီတစ်ခါ ဒီအကြောင်း ထပ်ပြောရင် တရာ့ သုံးဆယ့်ခြောက်ခါ ရှိပြီ"

"သွားစမ်းပါ၊ ဘယ်က တရာ့သုံးဆယ့်ခြောက်ခါရမလဲ၊ သုံးခါပဲရှိသေးတယ်၊ ခု မင်းကို ခေါ်တာက ပြောမလို့ မဟုတ်ပါဘူး၊ လမ်းလျှောက်မလို့"

သူက ရယ်ပြန်သည်။

"လုပ်မနေနဲ့ ထွန်းဝေ၊ အပိုတွေ လုပ်မနေနဲ့၊ လမ်းလျှောက်ရင်း မင်း ဒါပဲ ပြောမှာမဟုတ်လား"

ကျွန်တော် ရယ်ကျဲကျဲလုပ်၍



"နည်းနည်း နားလည်မှုရှိပါ သူငယ်ချင်းရာ၊ အခုဖြစ်နေရာ တစ်ခါမှ မတာခဲ့ဘူးတဲ့ အချစ် အရှိုင်းလေးပါ၊ တော့ သိနားစရာကောင်းပါတယ်၊ သူ့ ခမျာ ဒါလေးနဲ့ပဲ နှပ်နေရတာပါ"

"အေးပေါ့ မင်းကတော့ဟုတ်တာပေါ့၊ ဒါပေမယ့် ကြားရတဲ့ကောင်ကျတော့ အခံရခက်တယ်ကွ၊ ငါ့ကျတော့ ငယ် သူငယ်ချင်းလဲ လူလှတ်လေး ချစ်ဒုက္ခ တလေး ကောင်မလေးနဲ့ပါလာတဲ့ သူငယ်ချင်းလေးနဲ့ အောင်တော်ရင် ကောင်းမလားနဲ့ ဆိုတာမျိုးတော့ ယောင်ကောင် ဆတ်ချွမှာ မဟုတ်ဘူး"

ကျွန်တော် ဟားတိုက် ရယ်ချလိုက်၏။

"ဟော့ကောင်၊ မင်းညနေက ငါ့တို့ကို လိုက်ချောင်းတယ် ပေါ့"

"အမယ်မယ်၊ ပြောလိုက်တဲ့ လေသံကတော့ကွာ၊ သူတို့ ရည်းစားတွေလိုလို ဘာလိုလိုနဲ့၊ ထပ်သရီး၊ ချောင်း မလိုဘူး ကိုယ့်လူ၊ စန္ဒယားခန်းကနေ တံခါးဖွင့်ကြည့် မင်းတို့သုံးယောက် ထွက်သွားတာ မြင်တယ်"

ကျွန်တော်က ခေါင်းတညိတ်ညိတ်လုပ်ပြီး

"ဟုတ်ပါပြီ...ဟုတ်ပါပြီ၊ ကဲ စိတ်ချလက်ချနေ၊ ငါ မင်း ငါတို့ အသင်ပြေပြီးရင် မဖြူနဲ့ အောင့်သွယ်ပေးမယ်"

ပေါ်ဦး မျက်နှာ စပ်ဖြီးဖြီးနှင့် ကိုယ်ကို တွန့်လိမ်၍

"ဟီး...ဟီး...ဘာတဲ့ မဖြူတဲ့လား၊ အသံလေးကြားတာ ရင်ထဲ ဘယ်လိုကြီး ဖြစ်မှန်း မသိဘူးကွာ"

www.burmeseclassic.com



"အဲ....ငါတော့ အရူးဘုံမြောက်မိပြီ ထင်တယ်"

ရယ်ရင်း မောရင်း ပြောရင်း ဆိုရင်းနှင့် ကျွန်တော်
အဆောင်ပေါ်မှ ဆင်းလာကြသည်။ ဂျဲဒ်ဆင်နှောက်မှ ဖြတ်
အဓိပတိလမ်းမပေါ် လျှောက်လာကြသည်။

"မန္တလေးဆောင်ဘက် လျှောက်ရအောင်"

"လုပ်လေ မင်းသဘောပဲ၊ ကိုယ့်ရောဂါ ကိုယ်အ
ပါဟာ"

"နေပါအုံး၊ မင်းမဖြူကို ကြိုက်တယ်ဆိုတာ တကယ်
လား"

ကျွန်တော်က ခေါင်းထဲတွင် ပေါ်လာသော အ
တစ်ခုကြောင့် သူ့ကို မေးလိုက်၏။ အချင်းချင်းမို့ ပြောသ
မဟုတ်။ ပေါက်တတ်ကရ ရှောက်ယှပ်နေ၍သာ ပေါ်တေ
တော ပုံစံ ပေါက်နေသည်။ သည် မန္တလေးသား ပုံစံ
အတော်သားနဲ့သား။

အသားဖြူဖြူ သွယ်သွယ်နှင့် နဂိုရုပ်ကလည်းမဆိုး၊ သ
ကြားထဲ ကော်ကိုင်းမျက်မှန်အနက်နှင့်ဆိုတော့ မိန်းမကြို
ပုံစံမျိုးပင်။ သည်ကောင်နှင့် မဖြူသာဆိုလျှင်

အဟဲ သူလည်းကောင်း၊ ကျွန်တော် လည်းကောင်း
သလို ဖြစ်နိုင်၏။

ပြီးတော့ သည်နှစ်ယောက်က ရှတ်နောက်နောက် နေ
ချင်းလည်းတူသည်။ သူတို့နှစ်ယောက်သာရလျှင် မေ့လ
သည့် ခလေးသည် ဝမ်းက ကျွတ်ကလည်းက အူနှိပ်နေ
မည်။





"ဘာလဲ....မင်းက တကယ်လုပ်ပေးမလို့လား"

ကျွန်တော်က ရယ်၍

"တောင်လုပ်ပေးစရာမလိုဘူး၊ မင်းသာ သေချာလိုက်၊
င်းတို့နှစ်ယောက်က ပုံစံချင်း တူတယ်၊ ငါတို့ အရင်တောင်
ကြည့်ချင်ကြည်သွားမှာ"

ပေါ်ဦးက အားရပါးရ ရယ်၏။

"အခုဟား ဟေး...တယ်ဟုတ်တဲ့ ငါပါလားဟ"

သဘောကျစွာ ရယ်နေသော သူ့ကိုကြည့်၍ ကျွန်တော်
းလိုက်သည်။ သို့သော် သူက ရယ်ရင်းနှင့်....

"လုပ်ပါနဲ့ကွာ....ငါ့မှာလဲ....ငါ့ကိစ္စနဲ့ငါရှိပါတယ်၊ မြို့ထဲ
ငါ့အဒေါ်အိမ်သွားသွားနေတာ အဲဒီကိစ္စကွ"

သူပြောမှ ညနေဘက်ဆို သူမြို့ထဲ ထွက်ထွက်သွားတတ်
သည်ကို အမှတ်ရမိ၏။

သူက သူ့ကိစ္စနှင့်သူ ရှိပြီးသား ဆိုသဖြင့် ဘာမှ ထပ်
ပြောတော့ဘဲ ငြိမ်နေလိုက်၏။ ကိုယ့်ကိစ္စနှင့်ကိုယ် တိုင်ပင်
ရာ ပြောရမည့် စကားကို စဉ်းစားသည်။

အတွေးထဲ ဦးစွာဝင်လာသည်မှာ ညခနတုန်းက နောက်
င်း ဖြစ်ရပ်များ။

*

"ကိုထွန်းစေတို့ မိဘတွေက ဘာလုပ်လဲ"

မဖြူ၏ အမေးကို ကျွန်တော်က ဆေးလိပ် မီးခိုးများ
တ်ထုတ်လိုက်ပြီး....

"ကျွန်တော့် အဖေက မရှိတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အို..."

ခင်လေး နှုတ်မှ လွှတ်ခနဲ အသံထွက်လာ၏။

"အဒေမက ဈေးရောင်းတယ်၊ ရွာက ဈေးထဲမှာ ကျ ခြောက်ဆိုင် ဖွင့်ထားတယ်၊ စားနိုင်ရုံ၊ သောက်နိုင်ရုံပါ များ..."

"ညီအစ်ကို မောင်နှမတွေကရော"

သည်တစ်ခါ ဝင်မေးသူက ခင်လေး။

"ကျွန်တော့်မှာ ညီအစ်ကို မောင်နှမ မရှိပါဘူး မခင် လေး၊ ကျွန်တော် တစ်ယောက်ပဲ ရှိပါတယ်"

"ဒါဖြင့် ခင်လေးလိုပဲပေါ့"

မဖြူက ပြုံးစစဖြင့် ဝင်ပြော၏။ ခင်လေး မျက်စောင်း မဖြူဆီ ဒိုင်းခနဲ ရောက်သွားသည်။ မဖြူက ပြုံးစစနှင့် မသိသလို လုပ်နေလိုက်၏။

"ထူတော့ မတူပါဘူးမျာ...မခင်လေးက တစ်ဦးတည်း သော သမီး၊ ကျွန်တော်က ဥတစ်လုံးတစ်ကောင်ကြွက်"

"ကဲပါ...ဒီစိတ်ညစ်စရာတွေ လျှောက်ပြောမနေ ပါနဲ့ တခြား စကား ပြောရအောင်"

ခင်လေးက စကား လမ်းလွှဲ ပေးသည်။

"ကိုထွန်းဝေတို့ အခန်းက အတော် စာကျက်ရမှာပဲနော်"

မဖြူက စာအကြောင်း ပေအကြောင်းသက် ဦးလှည့် လိုက်သည်။

"ခုထိတော့ မပြောတတ်သေးဘူး မဖြူ၊ ဘာသာတွေက တော့ ကျွန်တော်လဲ ခုမှ တွေ့ဖူးတာတွေပဲ"





"ကိုထွန်းဝေက ဆယ်တန်းတုန်းက ဝိဇ္ဇာ မဟုတ်ဘူးလား"

ကျွန်တော် ပြုံး၍ ခေါင်းခါရင်း...

"ကျွန်တော် သိုင်းယင့်စ်ကပါ"

"ဟုတ်လား...'တို့တယ်' ဘယ်လောက်ရလို့လဲ"

သည်အမေးကို မဖြေလို။ သူမေးသည့် အဓိပ္ပာယ်ကို ကျွန်တော် သိသည်။ သိပ္ပံကျောင်းသားတစ်ယောက် မြန်မာစာ ဘာသာက ရရခြင်းမှာ အမှတ်ပေါင်း သိပ်နည်းမည်အထင်နှင့် မေး၏။ သို့သော် မဖြေသည်က ပိုကောင်းမည် ထင်သဖြင့် ဆယ်တန်းတွင် ရသော အမှတ်ပေါင်း အမေးကို ကျွန်တော် ပေါ့ပေါ့ တမင်လုပ်၍ ဖြေလိုက်သည်။

"သုံးရာလေးဆယ့် တစ်မှတ်ပါ"

"ဟယ်...အများကြီးပါလား၊ 'ဒီ' ဘယ်နှစ်လုံးလဲ"

"တစ်ခုထဲပါ၊ မြန်မာစာဂုဏ်ထူးရပါတယ်"

"ဘာဖြစ်လို့ ဘားမိစ် ယူတာလဲ"

သူမေးသော အမေး၏အနက်ကို ကျွန်တော် ကောင်းစွာ သဘောပေါက်လိုက်ပါသည်။

ကျွန်တော်တို့နှစ်က သည်အမှတ်နှင့် ဆိုလျှင် တက္ကသိုလ် ကောင်မြင့်မြင့် လျှောက်နိုင်၏။ စီးပွားရေးတက္ကသိုလ်မှ သုံးရာ ဆယ့် ခြောက်မှတ်သာ ရှိသည်။ ဝိဇ္ဇာသိပ္ပံတွင် ကြိုက်ရာ ဘာသာ အဓိကယူနိုင်သည်။

"ဝါသနာကြောင့်ပါ မခင်လေး"

"ခင်လေးသာဆိုရင်တော့ ဝါသနာတွေ ဘာတွေ မသိဦး



www.burmeseclassic.com

www.burmeseclassic.com



စားမိပါဘူး၊ အမြင့်ဆုံးရမယ့် မေဂျာ ရအောင် လျော့
တာပဲ”

ကျွန်တော် ပြုံးလိုက်၏။

“ဒီလိုလဲဘယ်ဟုတ်မလဲ မခင်လေးရယ်၊ ကိုယ့်စိတ်မပါ
ဘာသာတွဲကြီး သွားယူမိရင် တလျှောက်လုံး စိတ်ညစ်နေ
ရမှာပေါ့”

“ကိုထွန်းဝေကမြန်မာစာကိုဘာလို့ ဝါသနာပါတာလဲ”

မဖြူက ဝင်မေးသည်။ ကျွန်တော့်အဖြေကို ခင်လေးက
လည်း နားစွင့်နေပုံရသည်။

“ကျွန်တော်က စာဖတ်ဝါသနာပါတယ် မဖြူ၊ ဝတ္ထုတို
ကဗျာတို့၊ ယဉ်ကျေးမှု ဆောင်းပါးတို့ ပြီးတော့ စာလေး
ဘာလေးလဲ ရေးချင်တယ်၊ ဒီဝါသနာနဲ့ဆို မြန်မာစာယူတာ
ကောင်းမယ်ထင်လို့”

“အင်းလေ...ဒါလွဲ ဟုတ်တာဘဲ”

ခင်လေးက စဉ်းစဉ်းစားစား မှတ်ချက်ချသည်။ မဖြူက
ရယ်ကျဲကျဲ အမူအရာ ပြန်ပေါ်လာပြီး...

“ခုကော ဘာတွေရေးနေလဲ၊ မဖြူတို့တော့ စာရေးဆရာ
လာခင်နေပြီထင်တယ်”

ကျွန်တော့်မျက်နှာမှ အပြုံးသည် ရုတ်ရိပ်မှ လွင့်မည
မဟုတ်။

“ခုတော့ မရေးသေးပါဘူး မဖြူရာ၊ ကြိုးစားတုန်းပါ”

“ကြိုးစား၊ ကြိုးစား၊ စာရေးဆရာကြီးဖြစ်အောင် မဖြူ
တို့လဲ ဇာတ်လမ်းလေး ဘာလေး ကူရှာပေးပါ့မယ်”





ခင်လေး၏လက်ကလေးသည် မဖြူပေါင်ကို ဆိတ်ဖြီးသား
သွား၏။

“အလယ်လယ် နာလိုက်တာ ခင်လေးရာ၊ ဒီက အကောင်း
ပြောတာပါ”

ကျွန်တော် ပြုံးနေလိုက်သည်။ မဖြူက ဆက်၍...

“မဖြူလဲ စာဖတ်ဝါသနာပါတယ်၊ ရေးတော့ မရေး
ဘူး၊ ဖတ်ပဲ ဖတ်ချင်တာ”

“မဖြူ ဘာတွေများဖတ်လဲ”

“ကာတွန်းစာအုပ်တွေလေ”

ခင်လေးက ဝင်ရှုပ်၏။ မဖြူက ခင်လေးကို မျက်စောင်း
ထိုးပြီး...

“မဟုတ်တာ၊ မဖြူ စုံထောက်ဝတ္ထုတို့၊ လျှို့ဝှက်သည်းဖို့တို့၊
ဘာတို့ပဲ ဖတ်တယ်၊ အချစ်ဝတ္ထုတော့ တစ်ခါတလေ ဖတ်ပါ
တယ်၊ ဆောင်းပါးတို့ ဘာတို့တော့ မဖတ်ချင်ဘူး”

“မခင်လေးကော စာဖတ်ဝါသနာ မပါဘူးလား”

“ခုတော့ မပါသေးပါဘူး”

“အဲ ဘာဖြစ်လို့”

“နာမည်ကြီး စာရေးဆရာက ခုမှ ကြိုးစားတုန်း ဆိုလို့”

“အဲ သေရောဗျာ”

ရယ်သံလေးများသည် ကျွန်တော်တို့ကို ရိပ်မိုးပေးထား
သော သစ်ရွက်လေးများကပင်အားကျလာအောင်လှိုင်နေ၏။

*



www.burmeseclassic.com

www.burmeseclassic.com



"မင်းပြန်ပြောပြတာတော့ နားထောင်ရတာ ငါ့ေ[...]
ခပ်ဆိုတ်ဆိုတ်ပဲ၊ ခင်လေးတက် မဖြူက မင်းတို့ ဗိုသဘော[...]
နေသလိုပဲ၊ တော်ကြာကျွ ကျော်ဇော လှသူကြီး ည[...]
တော့ လှထိုးသားဖြစ်ပြီး မဖြူနဲ့ ငြိနေမှဖြင့်"

"ဟာကွာ တောက်တီးတောက်တဲ့"

ပေါ်ဦး၏ ရယ်သံတစ်ဝက်နှင့်မှတ်ချက်အဆုံး၊ ကျွန်တေ[...]
ခပ်သွက်သွက်ဝင်၍ ပြောလိုက်သည်။ ပေါ်ဦးက ခေါင်းခါ[...]

"မတောက်တီး မတောက်တဲ့နဲ့ ကိုယ့်လူ၊ တကွသိုလ်[...]
ဒီဇာတ်လမ်းမျိုးတွေ တစ်ပုံကြီး၊ တော်ကြာ ထွန်းဝေ[...]
မဖြူနဲ့ငြိ၊ ပေါ်ဦးနဲ့ ခင်လေးက ခွေးကျန်....ဟီး....ဟီး"

"ခွေးမသား ပေါက်ကရ လျှောက်မပြောနဲ့၊ နိမိတ်[...]
နမ္မာမရှိ၊ ခင်လေးက ငါ့ခင်လေးကွ၊ မကြာခင် သေ[...]
ပေါက် ကြည့်တော့မယ်၊ စောင့်ကြည့်နေ"

"အေး အေး ပြောပါကွာ၊ ကိုယ့်ဘက်ကလဲ ဖေးဖေ[...]
မမ ပြော၊ မင်းသိပ်နာသွားနေဦးမယ်"

အစိပတိလမ်းပေါ်မှ ရယ်သံသည် မန္တလေးဆောင် [...]
များသို့ သွား၍ ပဲ့တင်ရိုက်၏။ မန္တလေးဆောင်သည် ခ[...]
တဲ့တဲ့ လရောင်အောက်တွင် ငြိမ်သက်စွာ ရှိနေသည်။

ခင်လေးရှိသော အချိန် မဟုတ်၍လား မသိ။ မန္တလေ[...]
ဆောင်သည် နွေခင်းဘက်ရွှေ့ဘက် မလှ။

ကျွန်တော့်အထင်သည် မမှားချေ။

ခင်လေး ရှိသောကြောင့် မန္တလေးဆောင်သော မက[...]
လောကကြီးတစ်ခုလုံးသည် လှနေခြင်းဖြစ်ပါ၏။

❀



ရောင်းရှင်းတို့
သစ်ပုတ်ပင်ကြီးသည်
ရွက်သစ်လဲပြီ....။
နံ့သာမြကျွန်းက
နံ့သာရော်ရွက်အပေါင်း
ညောင်းညာကြွေကျ
မြေမှာလူးပြီ....။
ထွေတလာကို
တဒင်္ဂမေ့ချေဦး။
တခဏဆိုသည်မှာ
ဘာမှမကြာလှချေ။
သည်တော့
စာအုပ်ပြင်လော့။
ညလုံးပေါက်
မီးကိုထွန်းလော့....။



www.burmeseclassic.com

www.burmeseclassic.com



ဖူးစကပ် စာရွက်ဖြူပေါ်တွင် ကူးရေးနေသော အော... ပြည့်၏ 'ညလုံးပေါက်စေ' ကဗျာလေးကို တစ်ခေါက်ပြန်ဖ... လိုက်သည်။

ထို့နောက် ကျောဘက်ကိုကော်သုတ်၍စာကြည့်စားပွဲ... နံရံတွင် ကပ်လိုက်၏။

ပြီးမှ သတိရသဖြင့် စာရွက်ကို ကမန်းကတမ်း ပြန်ခွာ... အောက်ဘက်မှာ စာကြောင်းတစ်ကြောင်း တိုးလိုက်သ...

ထို့နောက် ကော်သုတ်ပြီး ပြန်ကပ်လိုက်၏။

အနက်ဖြင့် ရေးထားသော ကဗျာအောက်တွင် အနီ... ရေးထားသော စာတမ်းလေးက ထင်းခနဲ မြင်နေရသည်။

"စာမေးပွဲနီးပြီ၊ စာကျက်တော့"

စာရွက်လေးကို ကျေနပ်စွာကြည့်ပြီး ကုလားထိုင်တွ... ဝင်ထိုင်လိုက်သည်။ ပထမနှစ် နှစ်ဝက်စာမေးပွဲသည် တစ်... လောက်သာ လိုတော့၏။ သည်ကြားထဲမှာ တန်ဆောင်တိုင်... ဘာတို့က ရှိသေးသည်။

တန်ဆောင်တိုင်တော့ဘယ်မှမသွားဟုဆုံးဖြတ်လိုက်သည်...

ခဏဆိုတာ ဘာမှ မကြာပါဘူးလေ....။

ကဗျာထဲက အတိုင်း သံယောင်လိုက်၍ ရွတ်လိုက်သည်... ဟုတ်သည်။ သည်ခဏကိုတော့ လုပ်လိုက်ရဦးမည်။ သည်ခဏ... လေး ကြိုးစားလိုက်လျှင် ဘဝအတွက် အဆင်ပြေနိုင်သည်... ကျွန်တော့်မှာ တံချူလေးတစ်ခု လိုနေသည် မဟုတ်ပါလား...

အင်း....တံချူဆိုမှ ခင်လေးကို သတိရသည်။





...ကျွန်တော် လက်ချိုး၍ ရေကြည့်လိုက်၏။ တစ်လ၊ နှစ်လ၊ ...။

...ဘာလိုလိုနှင့် သုံးလပင် ရှိချေပြီ။ ကျွန်တော့်မှာ ဘာမှ ...ခြားသေး။ သို့သော် လုံးလုံး လျားလျား မထူးခြား ...တော့မဟုတ်။ ဟိုတစ်ခါက အအေးဆိုင်မှာ တွေ့ပြီး ...ည်းက နောက်ပိုင်း သူ့ဆီ မကြာခဏ ရောက်သည်။

...နေလယ် ကျောင်းဆင်းချိန်ဆို ကင်တင်းမှာ မကြာခဏ ...ဆိုင်ဖြစ်သည်။

...ကြာခဏတွင် မပါသော ကျန်ရက်များမှာ ကျွန်တော် ...ဖြစ်။ တစ်ခါတစ်ရံစာကိစ္စ သူငယ်ချင်း ကိစ္စများကြောင့် ...ဖြစ်။ အများအားဖြင့်ကမူ ခင်လေးဆီမှာ ညော်သည့် ...၍ ဖြစ်သည်။

...ဦး ပြောသလို ကိုယ့်ကိစ္စပဲ ကိုယ်တွေး၍ ကိုယ့်အလုပ် ...လုပ်မည့်စိတ်များ ထားမိသည့် အချိန်တွင်တော့ သိပ် ...ကြောင်းမဟုတ်။ သူလို ကိုယ်လို သူ့ဘက်ကိုယ့်ဘက် လှည့် ...ကြည့်လျှင်မူ ရင်ထဲ မောမောသွား၏။

...တစ်ခါတစ်ရံတွင် ငါမဖြစ်နိုင်တဲ့ ကိစ္စများ စိတ်ကူးယဉ်ပြီး ...ကော်လုပ်နေသလားဟုပင် အတွေး ဝင်ဝင်လာသည်၊

...သေသေချာချာ ပြန်တွေးကြည့်လေ အားကဲ လျော့လာ ...ဖြစ်နေ၏၊ ကျွန်တော်နှင့် တစ်ချိန်တည်း၊ တဖြိုင်တည်း ...စားနေသူများ အကြောင်းကို အသေးစိတ် လိုက်မစုံမိ ...ကြောင့် သူတို့အခြေအနေကို တိတိကျကျ မသိသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အမှတ်တမဲ့ ခန့်မှန်းကြည့်လျှင်ပင် ကိုယ်ထက် အဆများ
ဆာသည့်သူများ ဖြစ်ကြောင်း သိနိုင်၏။

ကားနှင့်လာတာ၊ သုံးတာဆွဲတာ၊ အဖိုးတန်ပစ္စည်း
ကိုယ်ပေါ်တွင် ဆင်ယင်ထားနိုင်တာ၊ ပြီးတော့ ဘဝအ
အလာကောင်းသော နေရာများမှလာတာ၊ ဒါတွေဖ
တော့ပဲ ကြည့်ကြည့်ပါဦး၊ ဝတ်တာ စားတာ တစ်ခုနှင့်
ကျွန်တော် ကျွမ်းပစ်ကျသွားသည်။

"ဒါဖြင့် ဘာအားကိုးနဲ့ မင်းကမျှော်လင့်နေတာလဲ"
မေးကြည့်။

ကျွန်တော့်မှာ ဖြေစရာမရှိ။

ထူးထူးထွေထွေရယ်လို့ အားကိုးစရာ ကျွန်တော့်မှာ ဘာ
မရှိပါ။

ကိုယ်က ချစ်တာပိုပါတယ်၊ ဘာညာ ကြီးကြီးကျယ်ကျ
လျှောက်ပြောရအောင်လည်း တခြားသူများကလည်း အ
လုံး ကိုယ့်လိုပဲမို့ ဒီလောက်ဒုက္ခခံပြီး ကြိုးစားနေရတာ
မည်ပင်။

စိတ်နေစိတ်ထား ဖြူစင်ရိုးသားမှု ဘာညာကျတော့
ကျန်သူများကလည်း အုတ်ကြားမြက်ပေါက်များ မဟုတ်
ကိုယ်ထက်တောင် သာချင်သာနေနိုင်သည်၊

"ကဲ...ပြောပါ၊ ဒါဖြင့် ဘာလို့မျှော်လင့်နေတာလဲ"
ထပ်မေးဦး။

သည်တော့ ကျွန်တော်ကလည်း လွယ်လွယ်ပဲ ဖြေရပါ
မျှော်လင့်ချင်လို့ မျှော်လင့်တာပေါ့...ဟု၍။





လောကဆိုတာက ပုံသေနည်း ရှိတာမဟုတ်။

သူ့သဘောသူဆောင်ပြီး သူ့ဘာသာသူ ဖြစ်ချင်ရာဖြစ်
သော လောကမှာ မနက်ဖြန်ဆိုတာ ဘယ်သူက ခန့်မှန်း
သာမှတ်လို့။

အဲ.... ပိုကောင်းတာက ပုံသေကားချတွက်၍ မရသော
လောကကြီးတွင် ပို၍ပုံသေကားချ တွက်၍မရသော ကိစ္စမှာ
အချစ်ဖြစ်၏။

မည်သည့် လောကအမြင်နဲ့ ကြည့်ကြည့်၊ နမူးစာအနေနဲ့
ပြောပြော၊ မျက်စိမမြင်သော ကျူးပစ် ခေါ် မြှားနတ်
သားင်၏ မြှားကလေးနဲ့ပဲ တင်စားတင်စား၊ အချစ်သည်
သချ်ာမဟုတ်၊ ဓာတုဗေဒမဟုတ်၊ ရူပဗေဒမဟုတ်။

တစ်နှင့် နှစ်ပေါင်း သုံးဆိုသော ပုံသေနည်းသည် သင်္ချာ
သာ ရှိ၏။

ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင် ထုထည်အားဖြင့် နှစ်အချိုး
တစ်ပေါင်းလျှင် ရေ ဖြစ်သည် ဟူသော ဖော်မြူလာ သည်
ဓာတုဗေဒ၌သာ ရှိ၏။

ရွေ့သွားသော အရွေ့ကို လိုချင်လျှင် ရွေ့နေသော
အလျင်နှင့် ရွေ့စဉ်ကြာသောအချိန်ကို မြှောက်ဆိုသော ညီ
မျှခြင်းသည် ရူပဗေဒ၌သာ ရှိသည်။

အချစ်မှာ ဘာမှပြောလို့မရ။

ခင်လေး ကျွန်တော့်ကို ပြန်မချစ်ဟု ဘယ်သူက ပြောနိုင်
သနည်း။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် နဖူးမှာ ခင်ခင်လေးဟု စာရေးမထား… ဘယ်သူ ပြောနိုင်သနည်း။

ယောင်ကန်းကန်းနှင့် ပစ်လိုက်သော အချစ်နတ်… ဗီးနပ်စ်၏ သားတော် မျက်ကန်းကျူးပစ်လေး၏ အချစ်… သည် ကျွန်တော့် ရင်မှာ စိုက်မနေဟု မည်သူပြောရဲသန…

မဟာဇနကမင်းသား သဘော်ပျက်ပြီး ပင်လယ်ထဲ… တုန်းက ဘာအားကိုးနဲ့ ကူးခဲ့သနည်း။ ခေါင်းထဲမှာ မေခ… ကိစ္စကို ယောင်၍ပင် စဉ်းစားမိမည်မဟုတ်။

အဟက်… ကြီးကျယ်တယ်တော့ မထင်နဲ့ပေါ့ဗျာ။

ဇနကနှင့် ကျွန်တော်သည် ခယာကျိုးချင်းအတူတူပါ။

ဇနက မင်းသား လို ဘုန်းကံရှင်မဟုတ်လို့ မေခလာ… မကယ်တော့လဲ ဘာတတ်နိုင်မှာလဲ၊ မကယ်ဘူးလို့လဲ ဘယ်သူ… ပြောနိုင်သလဲ။

မတိုက်ဘဲနဲ့ ရှုံးသည့် စစ်ပွဲလေးသာ မဖြစ်ချင်။

ရောဘတ်ဟဲရစ်၏ ကဗျာလေးကို မှတ်မိမည်ထင်၏။

အချစ်ဆိုတာ…

သူသူငါငါ ဝင်နွှဲနိုင်တဲ့ စစ်ပွဲတစ်မျိုးပါ။

သူရဲဘော ကြောင်သူတွေဟာ

ဘယ်တော့မှ အောင်ပွဲ မရပါ–တဲ့။

ကျွန်တော် ဘယ်တော့မှ သူရဲဘော မကြောင်နိုင်ပါ။

*





"သည်နေ့ ရုံးက ဆရာတစ်ယောက်ရဲ့ အသုဘ ပို့ရော… ကလပ်စ်တွေ ပိတ်လိုက်တယ်"

အတန်းတွင်းသို့ လာပြောသော ဆရာ တစ်ယောက်၏ …ကြောင့် ကျောင်းသားအားလုံး လှုပ်လှုပ်ရွရွနှင့် အပြင် …ထွက်ကုန်ကြသည်။

"ဘာလုပ်ကြမလဲ"

ပေါ်ဦးက စပ်ဖြီးဖြီး မျက်နှာဖြင့် ပြောသည်။

ကျွန်တော် ခဏ စဉ်းစားလိုက်ပြီး

"အဆောင်ပြန် စာကျက်မယ်ကွာ"

"ဟာ… မင်းကလဲ"

ပေါ်ဦးက မကျေမနပ်ဖြင့် ကျွန်တော့်ကို ကြည့်၏။

"မင်းက ဘာလုပ်ချင်လို့လဲ"

"ရုပ်ရှင်လေး ဘာလေး သွားကြည့်မလားလို့"

ကျွန်တော်က ခေါင်းသွက်သွက်ခါ၍

"စာမေးပွဲ နီးပြီကွ"

"ဟာ မင်းကလဲ တစ်လလောက်လိုပါသေးတယ်"

ကျွန်တော်က သူ့ပခုံးကိုင်၍

"တစ်ဘာသာအတွက် ကျက်ရက်က သိပ်မရှိတော့ဘူး၊ …သာပါ ပေါ်ဦးရာ၊ ရုပ်ရှင်က ဘယ်အချိန်ကြည့်ကြည့် ရပါ…တယ်"

"မားဒါးအင်းသာဒစ်(စ်)က ထွက်တော့မှာ"

"ဟော့ကောင် လုပ်မနေနဲ့ ဝိဇယမှာ ပြန်ဝင်အုံးမှာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဇွတ်ဆွဲခေါ်သဖြင့် ပေါ်ဦးမှာ မကျေမနပ် ကြီး ပြန်လိုက်လာသည်။

"လာပါ၊ မင်းကျေနပ်အောင် အရှည်ကြီးဆိုင်မှာ လက်ဖက်ရည်တိုက်ပါမယ်"

တောင်ငူဆောင် နောက်ကင်တင်းမှ နာမည်ကြီး အရှည် ကြီး လက်ဖက်ရည်နှင့်ဆွယ်မှ ငနဲသားမှုန်နေသည်များ သ သာသွားသည်။

နှစ်ယောက်သား ရာမည နောက်ပေါက်မှ စကြံ အတိုင် တောင်ငူဘက် လျှောက်လာကြသည်။

"ဟော"

ဟောခနဲ အသံပြု၍ ခင်လေးက မဖြူ၏ ပခုံးကို ကိုင်ပြီ ရယ်သည်။ ရာမညမှ အထွက် နှစ်ယောက်သား တိုက်မိမည ဖြစ်သွားကြ၍ ဖြစ်သည်။

"မခင်လေးတို့ကော ကလပ်စ် မရှိဘူးလား"

"ဟင့်အင်း ဆရာတွေ အသုဘ ပို့မလို့တဲ့"

"ကျွန်တော်တို့လဲ ဒီလိုပဲ၊ ဒါနဲ့ ခုဘယ်သွားမလို့လဲ"

ခင်လေးနှင့် မဖြူ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်၍ ပြုံးရင်း

"ပျင်းတာနဲ့ ဒီဘက်ထွက်လာခဲ့တာ၊ ကိုထွန်းဝေလဲ ရှိနိုင် ရှိမှာပဲဆိုပြီး မဖြူ ခေါ်လာတာနဲ့"

"အေးပါ ထားပါ၊ ငါပဲ ခေါ်လာတာပေါ့"

ကျွန်တော် ကျေကျေနပ်နပ်ကြီး ရယ်လိုက်မိ၏။ လူတွေ ရှိနေလို့ ပေါ့။ လူသာမရှိလျှင် နံဘေးက အုတ်တိုင်နှင့်ခေါင်းနှင့်





ဆောင့်သည်။ ခင်လေးတို့သည် တစ်ခါတစ်ရံ ကျွန်တော် သတိတရရှိကြပါလား ဟူ၍ ဝမ်းသာသော အင်အားဖြင့်

"ဒါဖြင့် လာလေ...ဦးချစ် ဖြစ်ဖြစ် သွားထိုင်ရအောင်"

"ဟင့် အင်း ဦးချစ်တော့ မထိုင်တော့ပါဘူး၊ တစ်နေ့ က သွားတာပေါ့"

ခေါင်းထဲတွင် ဖျတ်ခနဲ စဉ်းစားမိသည့် တစ်ခု ပေါ်လာ ဖြင့်

"ဘုရား သွားမလား"

ခင်လေးက စဉ်းစားဟန်ပြုသည်။ ပြီးမှ မဖြူဘက်လှည့်၍

"ဘယ်လိုလဲ...သွားမလား"

"သွားလေ ကောင်းသားပဲ၊ စာမေးပွဲလဲ နီးခနဲတော့ ဆု လေး ဘာလေး တောင်းရတာပေါ့"

သူ့ စကား မလွှတ်တလွှတ်လေး ပြောလိုက်သည်။ ခင်လေး မျက်စောင်းနုနုလေး သူ့ထံ ရောက်သွားပြန်၏။

"ပေါ်ဦး လိုက်ခဲ့ပါလား"

ပေါ်ဦးက ခေါင်းကို သွက်သွက်ခါသည်။

"ဟာ...မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

ကျွန်တော်က တအံ့တသြနှင့် မေးလိုက်၏။ သူက မင်သေ သေဖြင့်...

"အရှည်ကြီးဆိုင်မှာ လက်ဖက်ရည်ကျကျတစ်ခွက် သောက် ရအုံးမယ်၊ အဆောင်ပြန်ပြီး စာကျက်ရအုံးမယ်၊ စာမေးပွဲက နီးပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



"ခွေးကောင်"

စိတ်ထဲက ကျိတ်တွယ်လိုက်၏။

"လာပါကွ ပေါဦးရ၊ လိုက်ခဲ့ပါ"

ပေါဦးက ရယ်ကျဲကျဲဖြင့်

"သွားပါ....ငါအလကားနောက်တာပါ၊ စန်းလွင် ခေါ်ပြီး ရှမ်ရှင်သွားကြည့်မလို့"

သူက ပြောပြောဆိုဆို မဖြုန့်နှင့် ခင်လေးတို့ကို နှုတ်ဆ ထွက်သွားသည်။

တော်တော်လေးကြာမှ ကမန်းကတမ်း ပြန်လှည့်၍

"အော်....ဟော့....ဟော့....ထွန်းဝေ နေအုံး"

ကျွန်တော် ချာခနဲ လှည့်၍ သူ့ကို စောင့်သည်။ သူ ခပ်ကျယ်ကျယ် လေသံဖြင့်

"ခဏဆိုတာ ဘာမှမကြာဘူးနော်....ထွန်းဝေ"

"ဟာ....ဘာများလဲလို့"

ပေါဦးက ဟားဟားဟားရယ်၍ ပြန်ထွက်သွား၏။ ဘာမှ မသိသော မဖြုန့်နှင့် ခင်လေးက

"ဘာပြောတာလဲ"

ကျွန်တော်က ကျွန်တော့် စာကြည့်စားပွဲရှေ့တွင် ကပ် ထားသော ကဗျာလေးကို ပြောပြလိုက်သည်။

သူတို့ကရယ်သည်။ ခင်လေးက

"စာတွေ တော်တော် ကျက်နေပလား"

"အဟဲ... အဲဒီစာကပ်ပြီးကတည်းက တစ်ရက်မှ မကျက်ရ သေးဘူး"





သုံးယောက်သား ရယ်လိုက်ကြသည်

ကျွန်တော် မပြောပါလား။ လောကဆိုတာ တစ်မျိုးကြီး ပါလို့။

*

"သုံးဘီးနဲ့ သွားရအောင်"

"ဟာ ပိုက်ဆံကုန်ပါတယ်၊ ဘတ်စ်ကားနဲ့ပဲသွားတာပေါ့"

ဈေး....ခက်တော့နေပြီ။ ဘတ်စ်ကားစီးနေကျ ကျွန်တော်က သုံးဘီးနဲ့သွားမယ်ဆိုတာမှ ကိုယ့်ပိုက်ဆံပေါ်မှ မဆင်းသော မချောက ဘတ်စ်ကားနဲ့ ချွေတာချင်သည်။

"မဟုတ်တာ....လာပါ၊ သုံးဘီးနဲ့ပဲ သွားပါမယ်"

ကျွန်တော်က အလွတ်ပြေးလာသော သုံးဘီးတစ်စီးကို က်တား၍ ငှားသည်။ တစ်ယောက်တစ်ကျပ် သုံးကျပ်နှင့် ညှိသွား၏။

နောက်ခန်းတွင် သုံးယောက်လုံးထိုင်သည်။ ခင်လေးက

"ဘယ်လောက်တဲ့လဲ"

"သုံးကျပ်"

"ဟင်....များလိုက်တာ၊ ဘတ်စ်ကားနဲ့ဆို ဒီလောက်ကုန်မှာ မဟုတ်ဘူး"

ကျွန်တော်က ရယ်၍

"ကျွန်တော်က ဆင်းရဲသားပါ မခင်လေးရယ်၊ မခင်လေး ဆက်တောင် ပိုက်ဆံကို တွယ်တာတတ်တာပေါ့၊ ဒါပေမယ့် ဒါက ဒီလိုသွားတာ ပိုအဆင်ပြေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို အဆင်ပြေလို့လဲ"

"ဘတ်စ်ကားဆို အဝေးကြီးလျှောက်ရမယ်၊ ရှစ်စီးရင်ကိုးစီးရင်အလုံလမ်းကနေ လမ်းလျှောက်ရမယ်၊ အဝေးကြီးဆယ့်ခြောက်စီးရင်လဲ ကြည့်မြင်တိုင်အကျ တစ်ပတ်ကြီး ပတ်ပြီးမှ လင့်လမ်းမှာရပ်မယ်၊ အဲဒီကနေ ဘုရားကို တမျှော်ကြီး လျှောက်ရဦးမယ်"

ကျွန်တော့်စကားအဆုံး ခင်လေးကရယ်၍

"အမယ်၊ ရန်ကုန်ရောက်တာ မကြာသေးဘူး၊ တယ်သိနေပါလား၊ ခင်လေးတောင် မသိဘူး"

"ကဲ ကဲ မှန်မှန်ဖြေလိုက်နော်၊ ဘယ်သူနဲ့ သွားဖူးလာလို့ ဒီလောက်တောင် သိနေရသလဲဆိုတာ"

မဖြူက ဝင်နောက်သည်။ ခင်လေးက

"အို...မဟုတ်ပါဘူး"ဟုဆိုကာ မဖြူပေါင်ကို ရိုက်၏။

"တောသားရဲ့ အဲ့ထုတ် ဆိုတာ မျိုး ပေါ့ဗျာ၊ ရန်ကုန်ရောက်ပြီး မသွားတတ် မလာတတ်ဖြစ်မှာစိုးလို့၊ ဘတ်စ်ကားတွေ အစအဆုံး လိုက်စီးပြီး မှတ်ထားတာ"

သည်လိုနှင့် ကားလေးသည် ရွှေတိဂုံဘုရားအနောက်ဘက်စောင်းတန်းခြေရင်းသို့ ရောက်လာသည်။

ကားရပ်ကာနီးသောအခါ ခင်လေးက အတင်းပိုက်ဆံထုတ်ရှင်း၏။

သိတယ်မဟုတ်လား၊ ဘယ်ရမလဲ၊ နောက်မှ ရေသောက်ပိုက်မှောက်၍ အငတ်ခံမည်။ ဒီနေရာမျိုးတွင်တော့ ကျွန်တော် တစ်ပြားမှ မလျှော့နိုင်။





"ခင်လေးတို့တော့ ကိုထွန်းဝေကို ခေါ်ညွှန်းသလို ဖြစ်နေပြီ"

"ရပါတယ်၊ စတိုင်ပင်လေးက ထုတ်ထားတာ မကြာသေးဘူး"

ခင်လေးထံမှ အကြည့်တစ်မျိုး ကျွန်တော့်ဆီ ရောက်လာသည်။ ပြီးမှ လေသံတစ်မျိုးဖြင့်

"ငွေတွေ ဘာတွေလိုရင် ပြောနော် ကိုထွန်းဝေ၊ အားနာနဲ့၊ နယ်ကလာတက်တဲ့ ကျောင်းသားတွေ ငွေပြတ်ရင် ဒုက္ခရောက်တယ်လို့ ကြားဖူးတယ်"

ကျွန်တော်က ခေါင်းခါ၍

"ရပါတယ် မခင်လေး၊ ခုထိတော့ ကျွန်တော် ငွေမပြတ်သေးပါဘူး၊ နောက်ပြီး ကျောင်းတက်ရင်း ရနိုင်မယ့် ဝင်ငွေတစ်ခုခုလဲ ရှာထားမလားလို့"

ပြောသာ ပြောလိုက်ရသည်။ ပြီးခဲ့သည့် လပိုင်းတုန်းက ဒေါ်ဦးနှင့်ကျွန်တော် ပိုက်ဆံမရှိ၍ အခန်းအောင်းနေရသော အဖြစ်ကလေးကို ဖျတ်ခနဲ သတိရလိုက်သည်။

"ဘာလုပ်မလို့လဲ"

"ကျူရှင်လေး ဘာလေးတစ်ခုခုမှာ စာ ဝင်ပြမလို့"

"ပြလို့ရရဲ့လား"

ဘွဲ့မရခြင်းကိုမေးလား၊ အဆက်အသွယ်ရှိမရှိကို မေးလားကျွန်တော် မဝေခွဲနိုင်။ သို့သော် ခြုံ၍ဖြေလိုက်၏။

"ကလေးတန်းလေးတွေပဲ ဖြစ်ဖြစ်ပေါ့၊ ရန်ကင်းဘက်က ကျောင်းလာတက်တဲ့ သူငယ်ချင်းတစ်ယောက်က သူ့အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျူရှင်မှာ ငါးတန်း ခြောက်တန်းအတွက် သင်ချာပြဖို့ ပြော
တော့ ထားတယ်"

"ကိုထွန်းဝေက တော်တယ်နော်၊ အသက်နဲ့မလိုက်အောင် စဉ်းစားတွေးခေါ်တတ်၊ လုပ်အတတ်ကိုင်တတ်နေပြီ၊ ခင်လေး လောကကြီးအကြောင်း ဘာမှနားမလည်ဘူး"

"ဘဝက သင်တာပေါ့ ခင်လေးရယ်"

စကားတပြောပြောနှင့် စောင်းတန်းမှ တက်လာကြသည်။

ရင်ပြင်တော်ပေါ် အရောက် ဝင်းဝင်းဝါဝါ ရွှေတော် ကြီးလဲ့သို့ ခန့်ညားတင့်တယ် သပ္ပာယ်လှသော ရွှေတိဂုံစေ ကြီးကို ဖူးမြင်လိုက်၏။

စိတ်ထဲတွင် ရေကြည်တော် ဝတ်အသင်းတုန်းက အသံများ ပြန်ကြားလာ၏။ မြင်ကွင်းများ ပြန်မြင်မိ၏။ သို့သော် ချက်ချင်း စိတ်ထဲက ပျောက်ပစ်လိုက်၏။

နားလည်ရခက်သော လောကကြီးတွင် အချစ်သည် နားလည်ရ ပိုခက်၏ဟူသော စကားလေးကို အားကိုးတကြီး ဖက်တွယ်လိုက်မိသည်။

ဘုရားရှင်ပင် လောကကြီး၏အနက် အဓိပ္ပာယ်ကို ဖွင့်ဆို သည့်အထဲ၌ အနတ္တ အစိုးမရခြင်း ဟု ဟောကြားခဲ့သည် မဟုတ်ပါလား....

*

"ကိုထွန်းဝေတော့ ကုသိုလ်ရဦးမယ်"

မဖြူစကားကြောင့် ကျွန်တော်လှည့်ကြည့်လိုက်ပြီး....





"ဘာဖြစ်လို့လဲ"

"ခြောက် အချိန်အားနေလို့ ဘယ်သွားရမှန်းမသိတဲ့လူတွေ ဘုရားခေါ်လာလို့လေ၊ ကုသိုလ်ပြုဖြစ်အောင် တိုက်တွန်း သဟာ ကုသိုလ်ပိုရတာပဲ မဟုတ်လား"

"အင်း ဆိုပါတော့လေ"

နှစ်ယောက်စလုံးက ကျွန်တော့် ပေါ့တော့တော့ လေသံ ကြောင့် ရယ်လိုက်ကြသည်။

ခင်လေးက ပြုံး၍....

"အတော်ပဲ စာမေးပွဲလေး ဘာလေး ကောင်းကောင်း နိုင်အောင် ဘုရားမှာ ဆုတောင်းသွားဦးမှ"

ကျွန်တော်က ခင်လေးစကားအဆုံး ဟင်းခနဲ ရယ်လိုက် သည်။ ခင်လေးက မျက်စောင်းထိုး၍....

"ဘာရယ်တာလဲ"

ကျွန်တော် ဘာမှပြန်မဖြေ၊ မဖြူက ခင်လေးကို ကျော် ကြည့်၍....

"ဘာလဲ၊ သူ့လဲ ဆုတောင်းတာကို မယုံတဲ့သူပဲလား"

ကျွန်တော်ရယ်လိုက်သည်။ ပြီးမှ ခပ်အေးအေးလေသံဖြင့်

"ဆုတောင်းတာကို မယုံလို့ မဟုတ်ပါဘူး၊ ဆုတောင်းမှာ တော့ ယုံပါတယ်"

"ဘာကို မယုံတာလဲ"

ခင်လေး၏လေသံမှာ အတန်ငယ်စူအောင့်ရိပ် ပါနေသည်။ ကျွန်တော့် အဖြေကို စောင့်သလို လှည့်ကြည့်၏။

"ဆုတောင်းရင် ပြည့်ဖို့ကို မယုံတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဆုတောင်းရင် မပြည့်ဘူးလို့ ဘယ်သူပြောလို့လဲ"

"ဘုရားကလေ"

ခင်လေးက နှစ်နှစ်ခြိုက်ခြိုက် ရယ်သည်။ ပြီးမှ ပြောင်း... စပ်ဖြင့်

"ကဲ ပြောပြပါဦး၊ ခင်လေးတို့တော့ ဘုရားကို ... လိုက်လို့"

သူ့ စကားသူသဘောကျဟန်ဖြင့် ရယ်နေသည်။ ကျွန်တော်... က ခပ်အောင့်အောင့် လေသံဖြင့်....

"မခင်လေးက စကားကတ်ပြီဗျာ၊ ကျွန်တော် အယ... ပြောတာပါ၊ ဘုရားဟော ကျမ်းဂန်ထဲမှာ ပါတာကို ပြော... တာပါ"

"အင်း ပြောပါဦး"

သူ့ ရွတ်နောက်နောက် လေသံကြောင့် ကျွန်တော် ဘာ... ဆက်မပြော။ မဖြူကဝင်၍

"ဟဲ့ ခင်လေးကလဲ မနောက်ပါနဲ့၊ ကဲ–လုပ်ပါဦး ကိုထွ... ဝေ ဘုရားဟောက ဘာပြောလို့လဲ"

သည်တော့မှ ခင်လေးက မျက်နှာပိုးသတ်၍

"ခင်လေးက ပျော်လို့ စတာပါ ကိုထွန်းဝေရဲ၊ တကယ်... စိတ်ချည့်ပဲ"

သူ့ အမူအရာကြောင့် ကျွန်တော်ပြုံးမိသည်။ ပြီးမှ လေ... ကို တည်ငြိမ်အောင်ပြု၍....





"ပိဋကတ်တော်ထဲက ဝိနည်းမဟာဝါ ပါဠိတော်ထဲမှာ အတိုက္ကန္တဝရော၊ ဒေါ ဇိဝက ကထာဂတာတိ–လို့ ဟောခဲ့တယ်"

"အဲဒါ ဘာပြောတာလဲ"

"အင်း အဓိပ္ပာယ်က အချင်း ဇီဝက ဘုရားတို့ မည်သည် ဆုပေးခြင်းတို့စမှ လွန်မြောက်ပြီးသူသာဖြစ်၏တဲ့။ ဆိုလိုတာက ဆုပေးခြင်းကို ဘုရားတို့မည်သည် ပြုလုပ်ပေးရိုး မရှိဘူးလို့ ပြောတာပဲ"

"ဪ...."

"ဒီစကားမျိုးကိုပဲ ဝိသာခါကျောင်းအမကြီးကိုလဲ့ ပြောခဲ့တယ်၊ အဲဒီ ပါဠိတော်ထဲမှာပဲ ပါတယ်၊ နောက်ပြီးတော့ မဟာပရိနိဗ္ဗာနသုတ်ထဲမှာလဲ ရှင်အာနန္ဒာကို ဒီသဘောမျိုး အတိုင်း အထူးဖွင့်ပြီးတော့ ဟောခဲ့တယ်"

"ဒါဖြင့် ဘုရားက ဆုတောင်းတာ မကြိုက်ဘူးပေါ့"

မဖြူ၏အမေးကို ကျွန်တော် ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်၊ ဘုရားအလိုက ဓမ္မပဒထဲမှာတော့ ရှင်းတယ်။ ဓမ္မပဒက အတ္တဝဂ်၊ ကုမာရ ကဿပမှာတာ ဝတ္ထုမှာ...

အတ္တာဟိ အတ္တနော နာထော
ကော ဟိ နာထော ပရောသိယာ၊
မိမိသည်သာ မိမိ၏ ကိုးစားရာ ဖြစ်၏။
သူတစ်ပါးသည် မိမိ၏ ကိုးစားရာ အဘယ်မှာ ဖြစ်နိုင်အံ့ နည်းလို့ ဟောခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ထင်တယ်၊ ကိုထွန်းဝေက ကိုယ့်ဒူးကိုယ်ချွန် သိချင်းကို ကြိုက်တာ"

ခင်လေးက သာမုကန်တုန်းက အဖြစ်ကို မှတ်မှတ်ရရ ပြန် ပြောသည်။ ရင်ထဲတွင် ကျေနပ်မှုကြောင့် ပီတိလေးများ ပွားသွား၏။

"ကိုထွန်းဝေက ဒါတွေ ဘယ်လိုလုပ်တတ်သလဲ"-

မဖြူ၏အမေးကလည်း ထပ်ချပ်လိုက်လာသည်။

"စာအုပ်တွေထဲကပဲ မဖြူ၊ ဗဟုသုတပေါင်းစုံ အသိပညာ အားလုံးဟာ စာအုပ်တွေထဲမှာ ရှိတာပဲဟာ"

"အင်း—ကိုထွန်းဝေ ပြောတာနဲ့ ဘုရားမှာ ဆုတောင်း ကိစ္စတောင် မလုပ်ရဲတော့ဘူး"

ခင်လေး၏ စိတ်ပျက် လက်ပျက် ပြောလိုက်သံကြောင့် ကျွန်တော် ရယ်ချင်သွားသည်။ နှစ်နှစ်ခြိုက်ခြိုက်ပြုံးလိုက်ပြီး—

"ကျွန်တော်က သဘောကိုပြောတာပါ မခင်လေး၊ ဒါပေ မယ့် ကျွန်တော်တို့ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ ကတော့ ဆုတောင်း ဆုယူ ဆိုတာ ပြုမြဲလေ့ပဲ မဟုတ်လား။ ငရဲမကြီး ပါဘူး၊ ဘာဖြစ်လဲ ဆုတောင်းချင် တောင်းပေါ့"

"ကိုထွန်းဝေကော ဆုတောင်းမလား"

ကလေးလိုအဖော်လာစပ်သောသူ ကိုပြုံးကြည့်လိုက်သည်။

"ဘာဖြစ်လို့ လဲ၊ ကျွန်တော့် ဆုတောင်းမှ မခင်လေးက ဆုတောင်းမလို့ လား"





အမေးကိုမဖြေ။ ကျွန်တော့် စကားသည် သူ့နားဦး ဖြစ်သွားသည် မသိ။ မဆိုင်သော စကား တစ်ခွန်းကို

င်လေးပဲ ခေါ်ပါ ကိုထွန်းဝေရယ်၊ မခင်လေး—မခင် ဆိုတာ တမျိုးကြီးပဲ၊ နားထောင်ရတာ ထောင့်တောင့် ကြီး"

...အချိုရှာ သကာသာမက ပျားရည်ကော၊ ထန်း ...၊ သကြားဈေး အစုံတွေ့လိုက်သလို ပျော်သွား၏။ လိုခေါ်ရင် ခင်လေး စိတ်ဆိုးမှာ စိုးလို့"

သိမှ မျက်စောင်းတစ်ခု ဒိုင်းခနဲရောက်လာ၏။ ပိုရန် အစိမ့်ပွာယ်ပြန်သော် ရနိုင်ကောင်း၏ ထင်သည်။

...ခေါ်ပါရှင်... ခေါ်ပါ၊ အခေါ်ခံရမယ့် လူကိုက ားလှားနဲ့ ပြောတာပါ၊ စိတ်ဆိုးမှာ မပူ ရတော့

က ဝင်နှောက်၏။ ခင်လေးက ရှက်ပြုံးဖြင့် မဖြူ ကို ရိုက်သည်။

...ဒါဖြင့်လာ၊ စကားတွေ များမနေနဲ့၊ ဘုရားရှိခိုး အောင်"

လေးက စကားဖြတ်၍ တန်ဆောင်းပေါ် တက်ရန် သည်။

ယောက်သား တန်ဆောင်းပေါ် တက်လာခဲ့၏။ ားလုံးထိုင်မိကြသောအခါ လက်အုပ်ချီကာနီး ခင်လေး မ်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆုတောင်းဖြစ်အောင် တောင်းနော်"

ကျွန်တော်က သူ့ကို လှမ်းပြုံးပြရင်း ခေါင်းညိတ်
စိတ်ထဲမှလည်း

"တောင်းရမှာပေါ့ ခင်လေးရယ်၊ တောင်းတဲ့
ခင်လေးသိရင်သာ ကိုယ့်ကို စိတ်မဆိုးပါနဲ့"

ဆုတောင်းတာ ပြည့်မပြည့်ဆိုသောကိစ္စသည် ကျွန်
နှင့် အတော် အလှမ်းဝေးသော တစ်နေရာသို့ လွင့်သွ
ဝတ်ပြုဦးချအပြီးရင်ထဲမှတိုးတိုးလေး ဆုတောင်းလိုက်

"တပည့်တော်တို့သည် မကြာမီ ချစ်သူများအဖြစ်ဖြ
ဖူးခွင့်ရပါစေ ဘုရား"

*

ထိုနေ့ညက အဆောင် ပြန်ရောက်သောအခါ ရေး
ကဗျာလေးတို့ အဆုံးသတ်ဖြစ်သည်။

သိပ်ချစ်တာပဲ....
ရင်ထဲဆွေးတိုင်း၊ တွေးမိတယ်လေ
ပန်းကြွေလေးသာ၊ ကိုယ်ဖြစ်ပါရင်
ခြေရာလေးမှာ၊ ခိုနားပါမယ်
တခါရက်စက်၊ လာလမ်းဖျက်လို့
ခွဲထွက်ရှောင်သွား၊ မထားခြေရာ
မှန်းသွားမှာပဲ၊ စိုးရိမ်ဆဲကွယ်
သဲလွန်းတယ်လို့ ဆိုချင်ဆို။





ဆို....
ရှိမှာလဲ ကိုယ်ပါပဲ
သဲကျွမ်းမှာလဲ ကိုယ်ပါပဲမို့
လွန်းသဲလွန်း၊ အူတိုလွန်းမှ
အလှမ်းသက်သာ စိတ်ဖြေသာမယ်
သာပဲဖြစ်ဖြစ်၊ ရှောင်မပစ်နဲ့
သိပ်ချစ်တာပဲ အချစ်ရယ်။
ကဗျာခေါင်းစဉ်လေးကို သိပ်ချစ်တာပဲ ဟု ပေးလိုက်၏။

*

င်ဘာ စာမေးပွဲများ ပြီးသောအခါ ကျွန်တော် အိမ်
သည်။

ဆောင်းည၏ အအေးဓာတ်များ ကြားမှပင် ကျော်ညွန့်
အဖော်စပ်၍ မိုးရိပ်ကမ်းပါး၌ ထိုင်ဖြစ်၏။

မိုးရိပ်ချောင်း ရေပြင်တွင် ခင်လေး မျက်နှာ လှလှ
ကို လမင်း၏ အရိပ်အဖြစ် မြင်ရသည်။

အမေ့ဆီ ပြန်ရသဖြင့် ဝမ်းသာကြည်နူးမှု ဖြစ်ရသော်
သည်တစ်ခါ ရွာအပြန်သည် ကြာလွန်းသည် ထင်မိ၏။

အဘယ်ကြောင့်ဆိုသော် ကျောင်းဖွင့်လျှင် ခင်လေးကို
ခွင့်ပန်တွေ့မည်ဟု ဆုံးဖြတ်ထားသောကြောင့်ပင်။

ကျောင်းဖွင့်၍ အဆောင်ပြန်ဝင်သောနေ့က ကံ့ကော်ပင်
ကို တွေ့သောအခါ အထူးရင်ခုန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကံ့ကော်ပင် ကံ့ကော်ရွက်များ ကြားတွင်လည်း ဖျားဖျားရောက်နေသည်ထင်ရသော ကံ့ကော်ဖူးလေး ကို တွေ့လိုက်ရသည်။

ရင်ခုန်လွန်းအားကြီး၍လား မသိ၊ ရင်ခုန်၍ ခုန်နေမှ မသိတော့။

*



၃။

အတွက်....

မင်္ဂလာပါခင်လေးရယ်....

ပျော်ရွှင်ချမ်းမြေ့ခြင်းမှန်သမျှ ခင်လေးအတွက် ဖြစ်ပါစေလို့ ဆန္ဒပြုပါတယ်။

ခုလို ထူးထူးခြားခြား စာစာစ်ခွေ၊ ပေတာစ်ဖွဲ့ ရေးလိုက်တာကို ခင်လေး အံ့သြသွားလိမ့်မယ်။ ဘာများ လဲဆိုတဲ့ အတွေးလေးတွေ ဝေဝေ ဝါးဝါး ပွားကောင်းပွားမှာပဲ။

မအံ့သြပါနဲ့ ခင်လေးရယ်၊ အတွေးလဲမပွားပါနဲ့။

မပြောရဲတဲ့ စကားလေးတွေ၊ ရင်ထဲက ဝေဒနာလေးတွေကို ပြေမှ ပြေပါစေ၊ ကြားမှ ကြားပါစေဆိုတဲ့ စိတ်နဲ့ ပန်းရောင် စာရွက်လေးတွေကို အားကိုးတကြီး အကူအညီတောင်းလိုက်ရတာပါ။

ဝေဒနာဆိုတာက ခက်သားလား ခင်လေးရယ်....

ဝေမျှ ခံစားလို့ရတဲ့ ဝေဒနာ က တော့ အလွယ်တကူ ဖွင့်ပြောသာ ဖွင့်ဟသာမို့ အမှတ်ထင်ထင်ဆိုသလို သိနိုင်ကြတယ်။



www.burmeseclassic.com

တစ်ယောက်တည်းသာ သိတဲ့ဝေဒနာကတော့
ဘယ်သူသိမှာလဲ။
ဘယ်သူက နားလည်မှာလဲ။
ဒီတော့....
စာရွက်လေးတွေကို ပြောပြရတယ်။
စာရွက်လေးတွေကမှတစ်ဆင့်–
ချစ်တယ်ခင်လေးရယ်လို့ တိုးတိုးလေး ပြောပါရစေ။
ဖဝါးနဲ့မနာ နားနဲ့နာပါ ခင်လေး။
ကျွန်တော် ခင်လေးကို ချစ်နေမိခဲ့ပါတယ်–
တကယ်တော့ ဒီစကားဟာ ကျွန်တော့်ဘဝမှာ ပြောရ အခက်ဆုံး စကားတစ်ခွန်းပါ။

ရင်ထဲမှာ ဘယ်လိုပဲ ခံစားနေရပေမယ့် ဖွင့်ပြောလိုက်ရင် မှားများသွားမလားဆိုတဲ့ အတွေးက အကြိမ်ကြိမ် ခြောက်လှန့်ခဲ့တာမို့ မျိုသိပ်ခဲ့ရပေါင်းလဲ အခါခါပါ။

သင့်တော်ပါ့မလားဆိုတဲ့ အတွေးကပဲ ကြိမ်ဖန်တလဲလဲ တန့်တားခဲ့တာကြောင့် ရင်ထဲကဝေဒနာ ငှက်ကလေးကို မေ့ပျောက်ခြင်း သံကွန်ခြာနဲ့မညှာမတာ သော့ပိတ် ချော့သိမ်းခဲ့တာလဲ အထပ်ထပ်ပါ။

ဒါပေမယ့် ခင်လေးရယ်....

နွေဦးမှာ ပွင့်လာမယ့် ကံ့ကော်ပွင့်သေးတွေကို ဘယ်သူ တားလို့ ရမှာလဲ....

ကံ့ကော်ပွင့်လေး တွေနဲ့အတူ အေးဆိုဖို့ ရောက်လာမယ့် ဥသြငှက်လေးကို ဘယ်သူတားလို့ ရမှာလဲ။





ရင်ထဲက မေတ္တာတရားသိတဲ့ အရာလေးကလဲ ကံ့ကော်ပွင့် လေး တစ်ပွင့်ပါ။ ဥသြငှက်လေး တစ်ကောင်ပါ။ မိုးရယ်၊ ဆောင်းရယ်လို့ ဝေဒနာနစ်ဥကာလလေးတွေ တုန်းကတော့ ငြိမ်ခဲ့ တယ် တားတယ် လုပ်လို့ ရကောင်းရမယ်။ ကုန်ဆုံးခဲ့တဲ့ ဆောင်းလေးများနဲ့အပြိုင် လွမ်းသက်ကြွာ အခါသင့်လို့ သံမှာ ဆိုလာတဲ့ နွေဦးလို အခါမျိုးမှာတော့ ဥကပေါက်တဲ့ ငှက် ကလေးလိုပဲ၊ သူ့အခွံသူ ခွဲရရပါတော့တယ်။

သိပ်ချစ်တယ် ခင်လေးရယ်။

လောကကြီးမှာ ရှိသမျှ အရာအားလုံးထက် ခင်လေးကို ချစ်တယ်။

တစ်ချိန်တည်းမှာပဲ ခင်လေးဆီက အတုံ့အပြန်မေတ္တာကို အဖွဖွ တမ်းတလာတယ်။

ဒါကြောင့်မို့လဲ၊

ဘာပဲဖြစ်ဖြစ် ရင်ထဲမှာမွန်းနစ် ဆို့ကြပ်နေတဲ့ ဝေဒနာ လေးကို မျိုသိပ်မထားဘဲ ပြောတော့မယ်လို့ ဆုံးဖြတ်လိုက် တော့တယ်။

ကြာခဲ့ပြီလေ၊ ဝေဝေဝါးဝါး အတွေးလေးတွေနဲ့ ခင် လေးရဲ့အနားမှာ ကျွန်တော့်ဝိညာဉ် အမြဲနားခဲ့ပေမယ့် ပြောရဲတဲ့စကားလေးတွေကြောင့် ပင့်သက်တွေနဲ့ပဲ မောခဲ့ရ တယ်။

ချင်မောတယ် ခင်လေး

www.burmeseclassic.com



ပြောရမယ့်စကားလေးတွေ ရှိနေတာ သိရဲ့သားနဲ့ ...
ခက်နေလို့ ဖုံးဝှက်သိုသိပ်နေရတဲ့ ကျွန်တော့်ဘဝကို ...
ကြည့်ပေါ့ကွယ်၊

လွမ်းရတာ ကြာပြီမို့၊

ဒီတစ်ခါတော့၊

မပြောကောင်း မဆိုကောင်း ခင်လေးရဲ့ အကြင်နာ...
ရင်ပါကွဲရင် ကွဲပါစေတော့၊ မကြင်သာသေးရင်လဲ ...
ဝေးပါစေတော့။

ဆုဝေ ပူလောင်နေတဲ့ သောကအိမ်ထဲမှာ မလှူးသာ ...
သာ ရင်မှာ မျိုသိပ်နေရတဲ့ ဘဝထက်စာရင်တော့၊

ဘာ့ပဲဖြစ်ဖြစ်ဆိုပြီး

ကိုယ့်မေတ္တာကို ပန်းလေးတစ်ပွင့်လို အပ်ပါတယ်ခင်...

ပန်ချင်လဲ ပန်သွားပါ၊

ခြွေချင်လဲ ခြွေသွားပါ၊

မပန်ချင်ရင် ခြွေခဲ့နိုင်ပါတယ်၊

မခြွေရက်ရင် ပန်သွားပါရယ်လို့ပဲ။

ထာဝရ...

ကျွန်...

"ကောင်းတယ်ဟ"

"ဘာကောင်းတာလဲ"

ကျွန်တော် မနက်အိပ်ရာမှ အထ ခေါင်းရင်းဘက်မှ ပေါ...
လာသော ပေါ်ဦး၏အသံကြောင့် ကျွန်တော်ပြုံးပြုံးပျာပျာ
ထ၍ မေးလိုက်သည်။





"မင်း....ရည်းစားစာလေ....သိပ်ကောင်းတယ်ငါတောင်
မင်းကို ကြိုက်ချင်စိတ် ပေါ်လာတယ်"

"ဟာ....ခွေးမသား"

ကျွန်တော် ဟာမန်းကဲတမ်း အိပ်ရာမှထ၍ သူ့ လက်ထဲမှ
စာခေါက်ကို လု၏။ သူက လျှောလျှောရှုရှုပေးလိုက်ပြီး....

"အမယ်လေး....မလုပ်ပါနဲ့ မောင်ရာ၊ ရော့ပါ....မင်း
အိပ်နေတုန်း ငါ သေသေ ချာချာ ဖတ်ပြီးပါပြီ၊ ခွီး....
အချင်းချင်း ဖြစ်နေလို့ကတာ"

သည့်တော့မှ ကျွန်တော် ခပ်ရှက်ရှက်ဖြင့်....

"ညတုန်းက ငါသတိရလွန်းတာနဲ့ လျှောက်ရေးထား...
တာကွ၊ ပြန်တောင်မဖတ်ရသေးဘူး၊ ရှီး-ခုမှပြန်ဖတ်ကြည့်ရ...
ဦးမယ်၊ ဘေးလူဖတ်ရင် ရှက်စရာကြီးဖြစ်ရင် ဖြစ်နေမှာ"

ပေါ်ဦးက ခွက်ထိုးခွက်လန် ထ၍ ရယ်၏။

"သေလိုက်ပါလား လွန်းဝေရယ်၊ ရည်းစားစာ ဆိုတာ...
ဘယ်လိုဘဲရေးရေးဟ၊ ဘေးလူဖတ်ရင်တော့ ရယ်စရာကြီးပေါ့...
နို့-မင်းဟာက ဘေးလူဖတ်ရအောင် သတင်းစာထဲ သွား...
ထည့်မှာမို့ လား၊ နို့ တစ်ဘုတ်မှာ သွားကပ်မှာ မို့ လား၊
ကိုယ့်ကောင်မလေး ကိုယ်ပေးတာ၊ ကိုယ်ခံစားရသလိုပဲ ရေး...
ပေါ့ကွ"

"ပြောနိုင်လားကွ၊ ဘေးလူမဖတ်ဘူးလို့....ခုပဲ မင်းဖတ်...
ပြီးပြီ"

"တော်စမ်းပါကွာ....အလုပ်မဟုတ်တာတွေ လုပ်နေ...
ဒါပဲပေး၊ သွားနှုး မျက်နှာသစ်၊ အဝတ်အစား...ပြီးရ...



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးဆီကို တစ်ခါတည်း သွား၊ တစ်ခါတည်း ပေးပစ်ခဲ့၊ ဒါမျိုးကကြာကြာဆိုင်းလို့ ကောင်းတာမျိုးမဟုတ်ဘူး"

"ဟာ....ရပါတယ်ကွ၊ ဒီလောက်လောစရာ မလိုပါဘူး၊ ညနေ ကျောင်းဆင်းကာနီးမှ သွားပေးမလို့"

ပေါဦးက မျက်နှာရှုံ့မဲ့လိုက်ပြီး

"ဟ....ဘယ်နှယ့်လောစရာမလိုရမှာလဲ၊ ဒါမျိုးမှာ စိန္တယာကသိပ်စကားပြောတယ်နော်၊ မင်း မပေးခင် တစ်မိနစ်လောက်စောပေးသွားတဲ့ ရည်းစားစာရှိရင် မင်း အလိုလို ဒုတိယဦးစားပေး ဖြစ်သွားမှာ မင်းသိရဲ့လား"

သူပြောတော့လည်း ဟုတ်သလိုလိုဖြစ်နေ၏။ ထို့ကြောင့်

"အေး....ဟုတ်တော့ ဟုတ်တယ်၊ အေးကွာ၊ ရှုပ်ပါတယ်၊ မတူးပါဘူး၊ ခုပေးလဲဒါပဲ၊ နောက်ပေးလဲဒါပဲ၊ မင်းပြောသလိုပဲ ခုဘဲသွားပေးမယ်၊ မင်း ငါနဲ့ လိုက်ခဲ့စမ်းပါ"

"ဟာ....ဒီအတိုင်းတော့ မသွားနဲ့ကွ"

ကျွန်တော် သူ့ကို မျက်လွှာလှန်၍ကြည့်လိုက်သည်။

"ဘာဖြစ်လို့လဲ"

ပေါဦးက ရယ်သည်။ ရယ်သံနှင့်ဆက်ပြော၏။

"ဘာဖြစ်ရမလဲ၊ မျက်နှာမှာ ချွေးတစ်ပိဿာလောက်နဲ့ အာပုတ်စော်ကနံသေး၊ သွား....မျက်နှာသစ်ဦး၊ ရေမိုးချိုး အဝတ်အစားလဲပြီးမှ သွား"

ပေါဦး၏ အတည်ပေါက် အခကြောင်းရိုက်မှုကြောင့် ဒေါပွ၍ သူ့ကို ပြစ်ပြစ်နှစ်နှစ် ဆဲလိုက်ပြီး....

"ဒီအတိုင်းတော့ သွားမလားကွ"





ပြောပြောဆိုဆိုနှင့် တန်းပေါ်မှ မျက်နှာသုတ်ပဝါနှင့် ဆပ်ပြာခွက်၊ သွားတိုက်ဆေး၊ သွားပွတ်တံတို့ကိုယူ၍ ရေချိုးခန်းဘက် ဆင်းသည်။

အခန်းဝမှထွက်ကာနီး ပေါဦးက လှမ်းအော်၏။

"အေးမော့....မင်းသွားရေချိုးနှင့်၊ ငါ ဘုန်းကြီးပင့်ထား လိုက်မယ်"

"ခွေးသား"

*

"ဟိုမှာ"

ပေါဦးက လက်ကုတ်လိုက်သဖြင့် ကျွန်တော်ကပျာကယာ လိုက်ရှာသည်။

မတွေ့။

"ဘယ်မှာလဲကွ"

"ဟိုမှာလေ...."

သူပြသည့်နေရာကို ကျွန်တော် လှမ်းကြည့်သည်၊ ခင်လေးကို မတွေ့။ ဘာရာကြော် ကြော်နေသော ကုလားမကြီး တစ်ယောက်သာ ရှိ၏။

"ဘာလဲကွ"

"ဟိုမှာလေ....ဘာရာကြော် ကုလားမကြီး၊ မနက်စောစော ဗိုက်ဆာလို့ ဝယ်စားရအောင်လို့"

"ဟာ....ခွေးမသား၊ မင်း တော်တော်ရှုပ်တာပဲ၊ ငါ အဟုတ်မှတ်လို့ ရင်ထဲ ဒိတ်ခနဲ ဖြစ်သွားတာဘဲ"



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ဦးက တဟားဟားရယ်၍ ဘာရာကြော်သည်ကြီးဘေး ဝင်ထိုင်၍ ဘာရာကြော် တစ်ခုပြီးတစ်ခု ကောက်စား၏။

ထိုစဉ် မန္တလေးဆောင်ဘက် လှမ်းကြည့်နေသော ကျွန်တော့် မျက်လုံးများသည် တစ်စုံတစ်ခုကို ဖျတ်ခနဲတွေ့လိုက်၏။

ကားလေး၊ ကားအနီလေး။

"ဟာ....လာပြီဟ၊ ငါသွားမယ် ပေါ်ဦး၊ မင်းနောက်က လိုက်ခဲ့"

ကျွန်တော်က ပြောပြောဆိုဆို တောင်ငူဆောင် အဝင် ထိပ်ခါးဖက် ခပ်သွက်သွက်လျှောက်လာခဲ့သည်။

ပေါ်ဦး ဘာရာကြော် ပလုပ်ပလောင်းနှင့် ကပျာကသီ ထရပ်ပြီး....

"ဟေ့ကောင် ထွန်းဝေ နေဦး၊ ပိုက်ဆံပေးခဲ့ဦး၊ ငါ့မှာ တစ်ပြားမှ မပါဘူးကွ"

ကျွန်တော်က သူ့ကို ယို့ကားယား ဖြစ်နေပုံကို ကြည့်၍ ရယ်ရင်း....

"မနေနိုင်တော့ဘူး၊ တစ်မိနစ်ဆို တစ်မိနစ် သိသာတယ်၊ တော်ကြာ စီနီယာ နောက်ကျသွားမယ်၊ ပိုက်ဆံမပါရင် အဲဒီကာပဲ စောင့်နေ၊ ငါပြန်လာမှ ရှင်းမယ်"

ပေါ်ဦးဆီမှ ဆဲသံတစ်ခု ကြားလိုက်ရ၏။

သူ ဘာပြောပြော ကျွန်တော် စိတ်မဝင်စားတော့။ ကျွန်တော့်စိတ်သည် မန္တလေးဆောင် ဆင်ဝင်အောက်သို့ ရောက် သွားနှင့်ပြီ။

*





ဆင်ဝင်အောက် အုတ်ခုံတွင် ထိုင်နေသော ခင်လေးကို
င်လိုက်ရသည်။

ထဲမှာ အေးခနဲ ဖြစ်သွား၏။

လိုက်တဲ့ ခင်လေး....လေ။

ဝါရောင်လုံချည်၊ အဝါရောင် ဆွယ်တာလေးဝတ်ထား တ်ခုံပေါ်တွင် ခြေနှစ်ချောင်းချိတ် ထိုင်နေသောခင်လေး နှင်းမှုန်မှုန်အောက်တွင် ကံ့ကော်ပွင့်လေးလို လှနေ၏။

အကြည့်က မန္တလေးဆောင် အဝင်ဝဘက် လှည့်နေ ကျွန်တော့်ကို မြင်ဟန်မတူ။ ထို့ကြောင့် ဘေးတိုက် နေသော သူ့ကို မျက်တောင် မခတ် ကျေနပ်အောင် င့်ရသည်။

လနီးပါး မမြင်ခဲ့ရသော ခင်လေး သည် ခါတိုင်း သားထက်ပင် ပိုလှနေ၏။

ကျွန်တော် ခြေလှမ်းများကို နှေးပစ်လိုက်သည်။ မျက်စိရှေ့ တ်နေပြီဖြစ်သဖြင့် မြင်နေရသော အလှရှုခင်းလေးကို တယ ကြည့်လိုသေးသည်။ ဖြစ်နိုင်လျှင် သည်အတိုင်း နေသော ခင်လေးကို ကျွန်တော့် စာကြည့်စားပွဲပေါ်တွင် သက်လုံးတင်ပြီး ကြည့်နေချင်သည်။

ကျွန်တော် ရောက်သွားသဖြင့် သည်ရှုခင်းလေး လှုပ်ရှား မည်ကို တတိယကမ္ဘာစစ်ဖြစ်မည့်ထက် ပို၍စိုးရိမ်သွား၏။

ပေါ်ဦးပြောသလို ခုချိန် တစ်မိနစ်လောက် နောက်ကျ းမည် မဟုတ်တော့။ မန္တလေးဆောင်ရှေ့တွင် ကျွန်တော်နှင့် ယောက်မှအပ တစ်ခြားလူများ မရှိသေး။



www.burmeseclassic.com

www.burmeseclassic.com



ခြေသံကြားသဖြင့် နှင့်တူ၏၊ ခင်လေး ဖျတ်ခနဲကျွန်တော်ဘက် လှည့်သည်။

"ဟယ်..."

ခင်လေးမျက်နှာပေါ်တွင် အံ့ဩခြင်းနှင့် ဝမ်းသာခြင်း တပြိုင်တည်း တွေ့သည်။ နှုတ်ခမ်းများက ပြုံးသည်။ ပါး ချိုက်လေး ထင်းသည်။ မျက်လုံးများဝိုင်း၍ မျက်ခုံးများ ပင့်သည်။

ကျွန်တော် သူ့ကို အားပါးတရ ပြုံးပြ၍

"ခင်လေး တစ်ယောက်တည်းလား"

သူက နှုတ်ခမ်းကို စေ့လျက်နှင့်ပင် ပြုံးရင်း ခေါင်းညိတ် ပြီးမှ နှုတ်ခမ်းများ လှုပ်ရှားသည်၊

"ကျောင်းကို စောစောရောက်ချင်တာနဲ့ အိမ်က စော ထွက်လာတာ၊ ခုကျတော့ ဘယ်သူမှ မရောက်သေးလို့၊ မ ကလဲ စောစောလာမယ်ဆိုပြီး"

ကျွန်တော်က ကျောင်းအဝင်ခြေသံ့တံခါးဘက်သို့ လှ ကြည့်လိုက်သည်။ ဝင်လာသော ကျောင်းသူ တစ်ယော နှစ်ယောက်ထဲတွင် မဖြူမပါ။

"ခင်လေး ပျင်းနေရင် ကျွန်တော်နဲ့ လမ်းလျှောက် အောင်၊ ကျောင်းချိန်လိုသေးသားပဲ၊ မိနီးဘက် လမ်းလျှော ယင်း စကားပြောတာပေါ့"

ခင်လေးက ကျွန်တော့်ကို တချက်ကြည့်ရင်း

"သွားလေ...ကောင်းသားပဲ"





နှစ်ယောက်သား မန္တလေးဆောင် ဝင်းတံခါးမှ ထွက်၍ အဓိပတိလမ်းအတိုင်း လျှောက်လာကြသည်။

အဓိပတိလမ်းမသည် နှင်းထဲတွင် မှုန်ဝါးဝါး ဖြစ်နေ၏။ ကျွန်တော်တို့သည် ရေတမာပင်များ မိုးထားသော လမ်း ဘက်သို့ ကူး၍ ကျောက်ပြားခင်း လမ်း လေးအတိုင်း လျှောက်လာကြသည်။

အတော်လေး လှမ်းမိမှ ခင်လေးက စကား စသည်။

"ကိုထွန်းဝေ ရွာမှာ အတော် ပျော်ခဲ့ရဲ့လား"

"ဟင့် အင်း"

"ဘာဖြစ်လို့"

လက်ပိုက်၍ လမ်းလျှောက်နေသော ခင်လေးဘက် တစ် ချက် ကြည့်၍

"ကျောင်းကို လွမ်းလို့"

"အမယ်...."

ခင်လေးက ပြုံးစစဖြင့် သမင်လည်ပြန် ကြည့်သည်။

"အဟုတ်ပြောတာ၊ ရွာရောက်ကတည်းက ကျောင်းပြန် ဖွင့်ရက်ကို မျှော်နေတာ"

"ကေန္တတော့ ကိုထွန်းဝေ ကျောင်းမှာ လွမ်းစရာ ရှိပြီနဲ့ တူတယ်"

ကျွန်တော် ပြုံးသည်။ ပြီးတော့မှ ရှေ့တည့်တည့်ကြည့်ရင်း

"ရှိတာပေါ့။ ကျောင်းကြီးကိုလဲ လွမ်းတယ်၊ သူငယ်ချင်း တွေကိုလဲ လွမ်းတယ်၊ ကံ့ကော်ပင်တွေကိုလဲ လွမ်းတယ်"

"ပြီးတော့ကော"



www.burmeseclassic.com

www.burmeseclassic.com



"အင်း....ပြီးတော့ ခင်လေးတို့ကိုလဲ လွမ်းတာပဲပေါ့"

"အမယ်၊ ခင်လေးတို့က စောစောက သူငယ်ချင်းတေ
ထဲမှာ ပါပြီးသွားပြီလေ"

"ဒါဖြင့်ရင် ကုန်ပြီပေါ့"

ခင်လေးက ရယ်ပြန်သည်။

"မဟုတ်သေးပါဘူး၊ ရှိအုံးမှာပါ"

"မရှိတော့ပါဘူး ခင်လေးရယ်၊ တကယ်ပါ"

"အင်းလေ၊ ခုတော့လဲ ယုံရတာပေါ့"

ကျွန်တော် ရယ်နေလိုက်သည်။ ဘာမှ ထပ်မပြောတော့ စစ်ကိုင်းဆောင်အလွန် စစ်ကိုင်းလမ်းကို ဖြတ်ပြီး သောအား ကံ့ကော်တောဆီ ရောက်လာသည်။

"အဲဒီနေရာလေးက လှတယ်နော်"

ခင်လေးက ကံ့ကော်တောကိုညွှန်း၍ ပြောလိုက်သည်။

"အဲဒါက ကံ့ကော်တောပေါ့ခင်လေး၊ ချစ်သူတွေဆို ကံ့ကော်တောဟာ အချစ်သင်္ကေတလေး တစ်ခုပေါ့"

"ကိုထွန်းဝေ အတွက်ကကော"

"ကျွန်တော့် အတွက်ကတော့ လောလောဆယ် ဘာ အဓိပ္ပာယ် မရှိသေးပါဘူး။ လှရုံသက်သက်မှာပဲ ရှိပါသေး တယ်"

"အင်းလေ၊ ခုတော့လဲ ယုံရတာပေါ့"

ခင်လေးသည် စောစောက စကားကို နှင်ခါထပ်ပြော

ကျွန်တော့်ရင်ထဲမှ စကားများစွာကို ပြောထွက်လုနီးပါ လှုပ်ရှားနေကြသည်။ စာ မပေးဘဲ တစ်ခါတည်း ပြောလို





င် ကောင်းမလား စဉ်းစားမိ၏။ သို့သော် ဖြစ်လာမည့် ခြေအနေကို ကျွန်တော် တိတိကျကျ ရင်မဆိုင်ရဲ။

"ပြန်လှည့်ရအောင်"

သူ့ စကားကြောင့် အတွေးပြတ်သွားပြီး နှစ်ယောက်သား နောက်ကြောင်း ပြန်လှည့်ခဲ့ကြသည်။

အပြန်လမ်းတွင် သူက နောက်လိုက် စ လိုက် လုပ်နေသော ားများကို အလိုက်သင့် ပြန်ပြောနေခဲ့သော်လည်း ရင်ထဲ ာ အလုပ်များစွာရှုပ်နေ၏။

အခြေအနေကိုလည်း အကဲခတ်နေမိသည်။

သိပ်တော့မဆိုး။ ကိုယ့်ဘက်ကသာကိုယ်၊ သာသာ ထိုးထိုး က်ကြည့်လျှင် အခြေအနေ အများကြီး ကောင်းသည်။ သူ ပြောဆိုသည့် စကားလေးများတွင် သံယောဇဉ်အငွေ့ကို တွေ့ ၏။ သူ့ အပြုံးလေးများတွင် ရင်းနှီးမှု ပါသည်။

စိတ်ထဲတွင် တစ်ခုပဲတွေးမိသည်။ သူ့ စာကို လက်ခံယူပါ့ မလား ဟူသော စိုးရိမ်အတွေး။

သူလဲ တက္ကသိုလ်ကျောင်းသူတစ်ယောက်မို့ ကျွန်တော့် စာ တ်ပေးလျှင် သူ ကောင်းကောင်း သဘော ပေါက် ပါလိမ့် ည်။ သည်အချိန်မှာ သူ့ တုန့်ပြန်မှုကို အကဲခတ်ရုံသာ။

ကြည်ကြည်ဖြူဖြူ လက်ခံရှိကတော့....

ဖိုးထွန်းဝေတို့ အဓိပတိလမ်းမပေါ်မှာ ကင်းမြီးကောက် ထောင်ပြီး လမ်းလျှောက်ရုံသာ ရှိတော့၏။

"ကိုထွန်းဝေ ဘာတွေ တွေးနေတာလဲ"

သူ့ စကားကြောင့် ဖျတ်ခနဲ သတိဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေရာက မန္တလေးဆောင်ရှေ့ ပြန်ရောက်နေ၏။ အ
တန်ပေပြီ။

"ဪ....ဘာမှ မဟုတ်ပါဘူး၊ တစ်ခုကို သတိရလို့"

"ဟုတ်လား၊ ဘာ သတိရလို့လဲ"

"ခင်လေးကို ပေးစရာတစ်ခုရှိလို့"

သူ့မျက်နှာတွင် အံ့ဩရိပ် ပေါ်လာလည်း။

"ခင်လေး....ကို"

"ဟုတ်တယ်၊ ခင်လေးကို"

"ဟာ တယ်ဟုတ်ပါလား၊ ဘာများလဲ"

သူ့မျက်နှာတွင် ဝင်းခနဲအပြုံးရိပ်ကိုတွေ့၏။ ကျွန်တေ
လက်ထဲရှိ စာအုပ်များကြားထဲမှ စာညှပ်ထားသော စာ
ကို ယူလိုက်ပြီး....

"ရော့....ခင်လေး"

ခင်လေးက ကျွန်တော့်ကို မျက်မှောင်ကျုံ့ကြည့်ရင်း

"ဘာတွေလဲ"

"ခင်လေး ဖွင့်ကြည့်ရင် သိပါလိမ့်မယ်"

"ခု ကြည့်ရမလား"

ကျွန်တော် ပျာပျာသလဲ လက်ကာ၍

"ဟင့်အင်း....ခု မကြည့်နဲ့၊ နောက်ပြီးမှကြည့်"

"အင်း....ပြီးရော၊ ပြီးရော"

ပြီးရောဆိုလျှင်တော့ လစ်စရာပဲ ရှိပြီမို့

"ကဲ ကျွန်တော်သွားမယ်နော် ခင်လေး၊ ဟိုမှာ ပေါ
စောင့်နေလိမ့်မယ်"





ခင်လေးက ပြုံး၍ ခေါင်းညိတ်ပြသည်၊

ကျွန်တော် ချာခနဲ လှည့်ထွက်လာခဲ့သည်။ နှစ်လှမ်း၊ သုံး
လှမ်း လှမ်း၍ ပြန်ကြည့်သောအခါ ခင်လေးသည် ကျွန်တော့်
ပြုံး၍ ကြည့်မြဲကြည့်နေသည်ကို တွေ့လိုက်ရ၏။
ခမ်းသာလွန်းသဖြင့် ထ မခုန်မိရန် ထိန်းထားလိုက်ရသည်။
လှမ်းလာသည့် ခြေလှမ်းများသည်လည်း မြေကြီးနှင့် လွတ်
နေ၏။

မန္တလေးဆောင် ကွယ်သည်နှင့် ပေါ်ဦးဆီ တအား ပြေး
သွားမိသည်။ ဘယ်သူကြည့်ကြည့် ဂရုမစိုက်တော့။

တစ်လောကလုံး အပျော်များ ကျွန်တော့်ဆီ စုပြုံရောက်
လာသည်။

အပျော်ဆုံးနေ့....။

*



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

"သန်းဝေ ဟိုမှာကြည့်စမ်း"

ပေါ်ဦး၏ အသံကြောင့် သူပြသည့်နေရာကို ဖျတ်ခနဲလှမ်း ကြည့်သည်။ သူ့အသံမှာ စက်ဆုတ်ခြင်းများစွာ ပါနေသည်။ ဆုမည၊ ဦးချစ်၊ တောင်ငူ၊ သုံးပွင့်ဆိုင်၏ ကြားကွက်လပ် တွင် မြင်းချေးရောင် ကိုရှိလာကားတစ်စင်း၊ ရှေ့ထံခါး က်လုံးပွင့်နေသည်။ ကားကိုက လောကကြီးကို နည်းနည်း သောက်ဂရုမစိုက်ဟန် ပေါက်နေ၏။

လူတွေကတော့ သည့်ထက်ပင် သော့က် မြင် ကပ် စရာ ာင်းနေပေ၏။

တော့သားပဲ ပြောချင်လဲပြောတော့၊ တကယ်လဲ တောက သူမို့နာစရာတော့မရှိပါ။ သို့သော် သည်အခြေအနေအထိ က်လာပြီးမှတော့ ကျွန်တော်တို့ မျက်လုံးများသည်လည်း ည်လောက် ခေတ်နောက်မကျပါ။

သို့တိုင်၊ သည်ကောင်တွေ ကြည့်ရတာတော့ နည်းနည်း ားမှ ဘဝင်မကျ။

---

စေတနာ ၈၁၉၆

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ရှည်၊ ထားပါ၊ ဒါက သိပ်ထူးဆန်းသည့် အ
မဟုတ်။ကျွန်တော်တို့ကိုယ်တိုင်ပင်ဂုတ်မထောက်တောင် ေ
လံတော့ဖုံးပါသည်။ ဆံပင်ရှည်ခြင်းကို မည်သည့် လူငယ်
ခေတ်ယဉ်ကျေးမှုအနေနှင့် လိုလိုလားလား လက်ခံနေ
သားပါ။

သည်ကောင်တွေ ဆံပင်ကျတော့ နည်းနည်း လွန်ကို
သည်။ တစ်ကောင်၏ဆံပင်ကို ဥပမာကြည့်ပါ။ နို့ကြေ
ကြောင် ကောက်ကွေးကွေး ဆံပင်များသည် ဘေးဘတ် က
နေသလို အရှည်ကလည်း ဈောလယ်ထိ၊

ပိုဆိုးတာက နှုတ်ခမ်းမွေး။

လေးကမှာ အလှကားနေရင်း ကိုယ့်ထမင်းကိုယ်စ
ကိုယ့်ပစ္စည်းနှင့်ကိုယ် အမြင်ကပ်ခံရခြင်းကိစ္စတွင် နှုတ်ခမ်းမ
မသောတ်ရှော်ထားခြင်းသည် ထိပ်ကပါသည်ဟု ဆိုချင်သည်

အသားကမဲမဲ သည်ဆံပင်ရှည်၊ သည်နှုတ်ခမ်းမွေးနှ
သည်မျှ ချဉ်စရာကောင်းသော အကောင်က တစ်ကောင်။

ကျန်တစ်ကောင်က အသားဖြူဖြူ၊ ဆံပင်ရှည်ရှည်၊ မျ
လုံးမွေးမွေး၊ မျက်ခွံ အိအိနှင့် တလောကလုံးကို တစ်ယော
တည်း ဒိုင်ခံလုပ်ကျွေးနေရသည့် မျက်နှာမျိုး။

နောက်တစ်ကောင်က ကတုံးပြန်ပေါက်စ ဆံပင်နှင့် စ
ချွန်းချွန်း မျက်နှာပိုင်ရှင်၊ ပိန်သေး ညောင်နာ၍ ဖင်ကိုလ
ကျစ်လိမ်ကျစ်လုပ်ပြီး လမ်းလျှောက်တတ်သည်။

ဝတ်ထားတာလည်း ကြည့်ပါဦး။ နှုတ်ခမ်းမွေးနှင့် ကိုလိ
လိုကောင်က ကြားရ၍ မတော်သော အသံထွက်သည့် စ





န်းပါစပို့ရှပ်အင်္ကျီလက် ကို့ လို့ ကန့်လန့်ပြတ်နှင့်ဂျင်းဘောင်း
ပေညစ်ညစ်။

တရုတ်ကားထဲမှ လူမိုက်ပုံစံကောင်က ရှန်အားလို ခပ်
ပါးအသားနှင့် ဆေးရုံတွင် ဂျာဒူးဝါလားမများ ဝတ်
သည့် အင်္ကျီပုံစံမျိုး ချုပ်ထားသောအင်္ကျီတွင် ပုတီးစေ့ လား
လားမသိ၊ တွဲလောင်းတွေ့ပါသည်။ အောက်ပိုင်းတွင် နှစ်
လောက်အစနှင့် ဘောင်းဘီ။

ကျန် ဘိန်းစားညှော်မိနေသော ပုံစံဖြင့် ကောင်ကတော့
အောက်က စွပ်ကျယ်လက်ရှည်ကို အင်္ကျီနီရဲရဲခံ၍ ပုဆိုးအပြာ
စ်ထည် အောက်ကဝတ်ထားပြီး အင်္ကျီနီပေါ်တွင် ဂျင်းဂျာ
င်တစ်ထည် ထပ်ဝတ်ထားသည်။

ကဲထားတော့၊ ဝတ်တာစားတာကတော့ ခေတ်မီအောင်
တ်တာဆိုပြီး နိုင်ငံခြားက ဏလေကချေများကို ထောက်ပြ
င်သောက်ပြ၊ သောက်ကျင့်လေးများကျတော့ သည့်ထက်ပို
းသည်။

"ဒါ ဟိုနေ့ကဟာတွေ မဟုတ်ဘူးကွ"

ပေါ်ဦးက ခပ်စိုက်စိုက်ကြည့်ရင်း ခပ်တိုးတိုးပြောသည်။

"အင်း....ဒါတွေက သတ်သတ်"

ကျွန်တော် ခေါင်းညိတ်ရင်း ပြန်ပြောသည်။

ကျွန်တော်တို့ ရည်ညွှန်းပြောဆိုသော 'ဟာတွေ' ဆိုသည်
မှာ သူတို့နောက်တွင် ကပ်ပါသော အမျိုးကောင်းမလေး နှ
ယောက်တို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထမိခြေဖျားဖုံး၊ လည်ဟိုက် လက်ပွအင်္ကျီ၊ ဆံပင်ကော
ကောက် ထိုးထိုးထောင်ထောင်နှင့် ဆတ်တောက်ဆတ်တော
မလေးနှစ်ယောက်။ တစ်ယောက်က ပါးရိုးချောင်ချောင်၊
ရိုးတွင်းနက်နက်၊ လက်ပွအင်္ကျီလက်တွင်းမှ ကျူရိုးနှစ်ချော
လိုထွက်လာသော လက်မောင်းနှင့် တစ်စက်မှ မင်္ဂလာမရှိသော
အနက်ရောင် အထက်အောက်ဆင်တူ ဝတ်ထားသည်။

ကျန်တစ်ယောက်က မျက်နှာပေါ်မှာ ရောင်စုံ၊ ပြော
တင်းစင်း ဆေးခြယ်၍ အခါမရွေး ရမက်ခိုးဝေနေသည့် မျ
လုံးပိုင်ရှင်၊ ဘာပုံမှန်းမသိသည့်အင်္ကျီကို ဘယ်လိုချုပ်ထားမှ
မသိသော ထမိနှင့်ဝတ်ထား၏။

"အဲဒါပေါ့ကွ၊ ကံ တော်တောက ခွေးချီးတွေဆိုတာ"
ပေါ်ဦးလေသံကြောင့် ကျွန်တော်ရယ်လိုက်မိ၏။
"ဘယ်မျှား အလေလိုက်ကြဦးမလဲ မသိဘူး"

သူပြောလည်း ပြောစရာဖြစ်၏။ သည်ကောင်တွေကို အသ
လို မျက်မှန်းတန်းမိပြီး ဖြစ်နေသဖြင့် သူတို့ဘာလုပ်သည်၊ ဘာ
ကိုင်သည် ဆိုသည်များကိုပါ သတိပြုမိနေသည်။

စာသင်ခန်းထဲတွင် တစ်ခါမှ မတွေ့ဘူးသော်လည်း တင
နေ့ တစ်နေ့ သည်ကားတစ်စင်းနှင့် တင်တင်ခေါ်သွားသည်
သည်လို ကောင်မလေးမျိုးများမှာ မနည်းတော့။

မျက်နှာ ပြောင်းတပ်ထားသော ပုံစံတူလေးများ။
"တို့တက္ကသိုလ်မှာ ဒီလိုကောင်တွေ ဒီလိုကောင်မမျိုးတွေ
ရှိတာ သိပ်နာတယ်ကွာ"





ကျွန်တော် ခေါင်းထဲတွင် ဆရာ သိန်းဖေမြင့်၏ သပိတ်
မှောက် ကျောင်းသားထဲမှ ပျော်ပွဲစားရုံ၊ တပင်ရွှေထီးဇာတ်
အမှတ်ရလိုက်၏။

"ဒါကတော့ကွာ တက္ကသိုလ်နဲ့ မဆိုင်ပါဘူး၊ လူ့စရိုက်၊
လူ့အမှိုက်တွေပါ"

"အေးလေ....ဒါတော့ ဒါပေါ့၊ ဒါပေမယ့် အပြင်က လူ
တစ်ယောက်ယောက်ကများ ဒါတွေကိုတွေ့လို့ တက္ကသိုလ်
ကျောင်း သား၊ ကျောင်းသူတွေမှန်းသိရင် ဘယ်လောက်
ရှက်စရာ ကောင်းလိုက်မလဲ"

သူ့စကားအဆုံး ကျွန်တော် ဟက်ဟက်ပက်ပက် ရယ်လိုက်
သည်။ ပေါ်ဦးက မျက်စောင်းခဲ၍

"မင်းက ဘာရယ်တာလဲ"

ကျွန်တော်က သူ့ဒေါသကို အဲရယ်ဖြင့်သာ တုံ့ပြန်ရင်း
"ပေါ်ဦးရယ်၊ ယိုသူမရှက် မြင်သူရှက် လုပ်မနေပါနဲ့၊
ဘာယကာရှင်တွေကတောင် မရှက်တတ်တာ"

"ဟာ...ရွာနာတယ်ကွ"

"နာတယ်ဆင်ရင် ကိုယ် မလုပ်နဲ့ပေါ့ ပေါ်ဦးရ။ အဲဒီလို
လူမျိုးနဲ့မပေါင်းနဲ့ပေါ့၊ မင်းမယုံယင်ကြည့်ပါ၊ ဒါမျိုးတွေ
တက္ကသိုလ်မှာ ကြာကြာ မခံပါဘူး၊ မင်းကြားဖူးမှာပေါ့၊
ခွေးရူးကောင်းစား တမှန်းတည့်ဆိုတာ"

"အဲဒီ တမှန်းတည့် အတွင်းမှာ ဒီ ခွေးရူးတွေ ကိုက်လို့
တလောကလုံး ခွေးရူးတွေဖြစ်ကုန်မှာ မင်း မစိုးရိမ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သူ့ကို စာနာစွာနားလည်မိသည်။ ထို့ကြော
သူ့ပခုံးကို ညင်သာစွာပုတ်၍

"ပေါဦး၊ မင်း စေတနာကို ငါ သဘော ပေါက်တ
ဒါပေမယ့် ဒီလောကကို မင်း ဒီလောက်အထင်မသေးနဲ့
ကောင်း၊ လောကကြီးမှာ အမှားကအမှန်ကို နိုင်သွားတ
လို့ ဘယ်တုန်းကမှမရှိခဲ့ဖူးဘူး၊ယာယီသာလွှမ်းယင်လွှမ်းမ
ရေရှည်နဲ့ ထာဝရမှာ အမှန်တရားပဲကျန်ခဲ့တာပဲ။မင်းကြို
ရာဇဝင်သမိုင်းတွေ ပြန်ကြည့်"

ပေါဦးက ခေါင်းတညိတ်ညိတ်လုပ်ရာက

"ဒါတော့ ဒါပေါ့ကွာ"

"အဲဒီ ဒါလေးဟာ ပေါ့သေးသေး မဟုတ်ဘူး ပေါ
မင်း ယိုက်လာနေတဲ့ လူအုပ်ကြီးကိုကြည့်"

ကျွန်တော်ညွှန်ပြလိုက်သောနေရာတွင် အတန်းဆင်း၍
လာကြသော ကျောင်းသားကျောင်းသူများ၊

မင်းပြောတဲ့ပုံစံမျိုး ဘယ်နှစ်ယောက်များပါလို့ လဲ
လို့ပဲ တို့တက္ကသိုလ်တစ်ကျောင်းလုံးမှာကော အဲဒီလို လ
ဘယ်နှစ်ယောက် ရှိလို့လဲ။ အဲဒီထဲမှာ မင်းလို တို့လို စိတ်
ရှိတဲ့ လူတစ်ဝက်ပဲ ပါပါစေ၊ မနက်ဖြန်အတွက် ဘာမှ
တော့ သူငယ်ချင်း"

သူသက်ပြင်းချသည်။ ပြုံးတော့ပြုံးသည်။ သူ့ မျက်နှာ
တွင် စောစောက အရိပ်များ မရှိတော့။ ကျွန်တော်ကသ
ဆက်၍





"စိတ်ချပါ ပေါဦးရာ၊ တက္ကသိုလ်ကို မင်းအထင်မသေးပါ
မင်းပြောသလို တို့တက္ကသိုလ်မှာ တို့တက္ကသိုလ်ရဲ့ အလှကို
နေတဲ့ စုန်းပြူးတွေ သိုးမည်းတွေ လူနည်းစုရှိချင်ရှိနေ
မယ်၊ ဒါပေမယ့်တို့တက္ကသိုလ်ရဲ့ဂုဏ်ရည်ဟာ အဲဒီလူတွေရဲ့
မိုးမှုကြောင့် ဘယ်တုန်းကမှ မလှမပမပျက်စီးခဲ့ပါဘူး....။

"....နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသား လွတ်မြောက်ရေးဆို
ပြည်ထောင်စုအရေး၊ အမျိုးသားရေးတွေမှာ တို့ဘတွေ
သမိုင်းကြောင်းလှခဲ့သလို နောင်အရှည်သဖြင့်လဲ ပြည်သူ
းလုံး သာယာဝပြောမယ့် လူ့ဘောင်သစ် တည်ဆောက်
၊ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲ
၊ ပြည်သူ့ တိုးတက်ဖွံ့ဖြိုးရေးဆိုတဲ့ အမျိုးသားရေးဘာ
န်တွေကိုလဲအမြဲတန်းကျေပွန်အောင် ဆောင်ရွက်သွားကြဦး
ပါ....

"ဟိုတုန်းကလဲ တို့တွေမှာ အားမာန်နဲ့သတ္တိတွေ အပြည့်ရှိ
သလို ဒီနေ့လဲ တို့မှာ တို့တိုင်းပြည် တို့ယဉ်ကျေးမှုနဲ့ တို့ပြည်
ထောင်စုအတွက် မကုန်ခန်းနိုင်တဲ့ အားမာန်သစ်တွေ စည်း
လုံးညီညွတ်မှုတွေ ရှိနေပါတယ်၊ တက္ကသိုလ်ဟာ ဘယ်တော့မှ
အလှမပျက်ပါဘူး ....စိတ်ချ"

ပေါဦးက ကျွန်တော့စကားကို နားထောင်ရင်း....

"အေးပါကွာ၊ ငါနားလည်ပါတယ်၊ တက္ကသိုလ်ကိုရောက်
ဘယ်လိုကြိုးစားခဲ့ရတယ်ဆိုတဲ့ တို့ဘဝတွေကလဲ ရှိခဲ့
တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့၊ သူမျှားမှားတာကို တိုက်မှားမှန်း သိနေမှ...
သူမျှားမှားတိုင်း တိုလိုက်မှားစရာအကြောင်း မရှိဘူး...
မျှားပျက်တိုင်းလဲ တိုလိုက်ပျက်စရာအကြောင်း မရှိဘူး...
ယုံကြည်တဲ့ အမှန်ဘက်မဲ တို့ရပ်တည်ပြီး တို့ကိုယ်ကျင့်တ...
တို့ယဉ်ကျေးမှုကို တို့ထိန်းသိမ်း စောင့်ရှောက်ရမှာပေါ့"

အပြုံးများ ပြန်လည်ရောက်ရှိလာသည်။

"မဂ္ဂက်...ဗော့နှစ်လိပ်ပေးစမ်းပါ"

ခုမှ သတိရလာဟန်ဖြင့် ပေါ်ဦးက အနားမှ မဂ္ဂက်စ... ကျွန်တော်တို့ဖာသာ အမည်ပေးထားသော မဂ္ဂက်ကွမ်း... ဆိုင်ဘက် လှမ်းပြောလိုက်သည်။

ထိုနောက် လာပို့သော ဆေးလိပ်နှစ်လိပ်ထဲမှ တလိ... ကျွန်တော့်ပေးသည်။ သူက အုန်းဆံကြိုးနှင့်ထ၍ မီးညှိပြီး... ထိုင်သည်။

ပြီးမှ ကျွန်တော့်ဘက် မီးကမ်းပေးလိုက်ပြီး....

"မင်းကိစ္စကော အကျိုးအကြောင်း သိပြီလား"

ခင်လေးကို ဖျတ်ခနဲသတိရသည်။ ရင်ထဲ၌ဖိုသွားပြီး...

"ဟော့ အေး၊ ငါမနက်ဖြန်တော့ သွားမေးမယ် စိတ်... တယ်"

ပေါ်ဦးက လက်ချိုးတွက်၍

"မင်းဟာက သုံးရက်တောင်ရှိပြီပဲ"

ကျွန်တော် ရယ်လိုက်သည်။ ဆေးလိပ်ဖြာခါပြီးမှ

"ငါ မမေးရဲသေးလို့"

သူက သဘောကျစွာ ရယ်သည်။





"အခြေအနေက မင်းပြောသလိုဆို ကောင်းသားပဲ"

"အော်...ဒါက ငါထင်တာကိုးကွ"

"ခွေးမသား၊ အဲဒီနေ့က ငါ ကုလားမကြီးကို မနည်း... ပြောပြီး တိုင်စောင့်နေရတာ"

နှစ်ယောက်သား အမှတ်မဲ့စွာ ရယ်လိုက်၏။

"ထားပါကွာ၊ မနက်ဖြန်ကျမှင်တော့ သေချာပေါက်သိရ... ပါ"

ကျွန်တော့ပါးစပ်မှ ခပ်ပေါ့ပေါ့ ပြောလိုက်သော်လည်း ...င်ထဲတွင် အရှိန်း လှုပ်ရှားသွားသည်။ ရင်ထဲမှာ ဖိုနေသည်။ ...ကြောင့် သက်သာရာ သက်သာကြောင်း

"အော်...မင်းကို ငါ တစ်ခုပြမလို့"

"ဘာလဲ"

ကျွန်တော်က လွယ်အိတ်ထဲမှ စာအုပ်တစ်အုပ် ထုတ်ယူ... လိုက်သည်။ ကျွန်တော် ကဗျာလေးများ ရေးလေ့ရှိသည့် ...စာအုပ်။

"ဒါဖတ်ကြည့်စမ်း ပေါ်ဦး"

ပေါ်ဦးက စာအုပ်ကို လှမ်းယူ၍ကြည့်သည်။

တစ္စတီဗီ ချစ်နေကြတယ်

နီကြွင်ကြွင် မန်ကျည်းရည်
ခပ်ချဉ်ချဉ် ဘယ်သူသောက်မှာလဲ
ညိုနီနီ ထန်းလျက်ရည်
ချိုရီရီ ဘယ်သူသောက်မှာလဲ



www.burmeseclassic.com

www.burmeseclassic.com



ရောလိုက်လေ ရေခဲထည့်
ကော်ာင်းလိုက်တဲ့ဖျော်ရည် ဝီသတဲ့အရသာ။
မင်းနဲ့ငါ....စေတနာထည့်
ကောင်းလိုက်မယ့်ဘဝ ပီသမယ့်အချစ်။

"အဲဒါဘာလဲ"

အူကြောင်ကြောင်နိုင်လှသော သူ့အမေး။

"ကဗျာလေ"

ပေါ်ဦးကရယ်၏။ ရယ်ရင်းနှင့်

"အဲဒါကဗျာလား၊ မသိပါဘူး၊ ကိုမြတ်သူတို့ ဆိုင်အတွက် မန်ကျည်းဖျော်ရည် ကြော်ငြာလားလို့"

"ထတ်သရီး...အဲဒါ ခံစားချက်တွေကွ"

"အေး....ကောင်းတယ်၊ လုပ်သာလုပ်"

သူ့ပြောင်စပ်စပ် အပြောကြောင့် ကျွန်တော် ရယ်လိုက်သည်။

"ဘာလဲ....မင်းက ကဗျာပုံစံကို သိပ်မကြည်လို့လား၊ ဒါကတော့ တစ်ခါတလေ စိတ်ကူးလွတ်လပ်မှုလေး ရှာတာပါကွာ၊ ဒါမျိုးမှကဗျာလို့ ငါမပြောပါဘူး၊ ဒါပေမယ့် ဒါမျိုးလေးတွေလဲ ကဗျာပါပဲ"

ပေါ်ဦးက ရယ်ရင်း

"မဟုတ်ပါဘူး၊ ကဗျာပုံစံကို ငါမပြောပါဘူး၊ ကဗျာ ခေါင်းစဉ်ကို သဘောကျလို့"





သူပြောမှ ကျွန်တော် သတိထားမိသည်။ 'ခေါင်းစဉ်အလို တော့ ကျွန်တော့ဘက်က ကျွန်တော် အပိုင်တွက်ပြီးသား နေ၏။

"ဟာကွာ....ဒါကတော့"

ကျွန်တော်စကားကို အဆုံးမသတ်မိ။

ဘာ ဆက်ပြောရမှန်းလည်း မသိ။

*



www.burmeseclassic.com

www.burmeseclassic.com

၂။

ဒဂုံဆောင်ရှေ့ အရောက်တွင် တောင်ပိန္နဲပင် အော
ခင်လေးတို့ကို လှမ်းမြင်သည်။

"မင်းသွားတော့၊ ငါ တောင်ငူပေါ်တီကို အော
စောင့်နေမယ်"

ပေါ်ဦးကို ခေါင်းညိတ်ပြ၍ ခင်လေးတို့ဘက် ခြေ
ဦးတည်သည်။

ရင်ထဲမှ တဒိတ်ဒိတ်ခုန်သံသည် ကျယ်လောင်လာ၏။

ကျွန်တော့ဘက်ကို ကျောပေးထားသဖြင့် ခင်လေ
မဖြူသည် ကျွန်တော့ကိုမမြင်။ တစ်ယောက်နှင့်တစ်ယော
ဘာပြော နေကြသည်မသိ။ ကျောပြင်နှစ်ခုလုံး သိမ့်သိ
အောင် ရယ်နေသည်ကို တွေ့ရသည်။

ခင်လေး၏ ဆံပင်လေးများသည် ခုံတန်းလျားကျော
ပေါ်တွင် နွဲ့နွဲ့လေး လျောကျနေသည်။

ခင်လေးထံမှ သင်းပျံ့ပျံ့ရနံ့လေးတစ်ခု လေပြေထဲတ
ပါလာ၏။





ခြေလှမ်းကို ရပ်လိုက်သည်။ ကျွန်တော် ရောက်လာသည်ကို
တို့ သိဟန်မတူ။ ရယ်သံလေးများ ကြားနေရသည်။

"မခင်လေး"

ခပ်တိုးတိုးခေါ်လိုက်သော ကျွန်တော့အသံသည် မသိ
သာ တုန်သွားသည်ကို သတိပြုမိ၏။

ဖျတ်ခနဲ သူ လှည့်ကြည့်သည်။

မဖြူ၏ ခေါင်းပေါ် ချာခနဲ လှည့်လာ၏။

ခင်လေး၏ မျက်နှာမှ အပြုံး ရုတ်ချည်းပျောက်သွားသည်။

တစ်ဘက်သို့ ပြန်လှည့်၍ ခေါင်းငုံ့၏။

ခင်လေး၏မျက်နှာတွင်တင်းကနဲ အရိပ်ညိုတစ်ခုဝင်သည်။
က်မှောင်သည် စုဆုံ၍ မျက်လုံးတွင် စူးရှမှုတစ်ခု ပေါ်လာ
ည်။

"ဘာလဲ"

ပြတ်တောက်တင်းမာသောအသံ။

စောစောက ကြိုတင်သီကုံးလာသော ရင်ထဲမှ စကားစ
ားသည် ပုလဲလုံးများသဖွယ်ပင် သီထားသောကြိုးမှ ပြတ်
လွင့်စင် ဖရိုဖရဲ ဖြစ်သွား၏။

နုတ်ခမ်းပေါ်တွင် ကြီးမားလေးလံသော ဝန်ထုပ်ဝန်ပိုး
ား ရောက်လာသည်။ ကျွန်တော့ခန္ဓာကိုယ်သည် တောင်
ရွက်ခြောက်များကြားတွင် သိမ်ငယ်ချိနဲ့သွား၏။

"ကျွန်တော်"

ဆက်လိုက်ရမည့် စကားများသည် လည်ချောင်းတွင်
ကျမ္မပြုံ့ကွဲသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ ကိုထွန်းဝေ၊ ရှင်ဘာမှမပြောနဲ့တော့၊ ကျ ရှင့်ရဲ့ ဘာစကားမှ မပြောချင်တော့ဘူး"

ပြောင်းလဲမှုများအားလုံးကိုကျွန်တော်သဘောမပေါ မိန်းမများ၏ ထူးဆန်းသော မျက်လှည့်အတတ်ပညာ တွင် အံ့ဩတွေဝေသွားမိသည်။ တင်းကျပ်သွားသော စကားတချို့ အံထွက်၏။

"ခဏလေးနေပါအုံး...ခင်လေး၊ ကျွန်တော်ပြောပါ အုံး"

"မပြောနဲ့ ကိုထွန်းဝေ၊ ရှင်ဘာပြောမလဲဆိုတာ ကျ သိတယ်၊ ကျွန်မဘာမှ မကြားချင်တော့ဘူး"

မြေညီပေါ်မှ ဝါနေသော သစ်ရွက်များ အပါ လောကကြီး တစ်ခုလုံး စိမ်းသွားသည် ထင်မိ၏။ မျက် ပေါ်တွင် အပူငွေ့ တစ်ခု ဖြတ်သန်းသွားသည်။ ညှိုးကျ သော မျက်နှာကို ပြင်ကြည့်သည်။ မရ။

သက်ပြင်းတစ်ခုသည် ရင်ထဲမှ နှလုံးသားကိုယူ၍ အပြ ထွက်၏။

"ဒါ အဖြေပဲဆိုပါတော့ မခင်လေး"

"ဟုတ်တယ် ကိုထွန်းဝေ၊ ဒါ ခင်လေးအဖြေပဲ၊ ယောက်ရဲ့ ခင်မင်မှုကို အခွင့်အရေးယူတာလောက် အော တန်းကျတဲ့အပြုအမူ လောကမှာ မရှိတော့ဘူး ထင်တယ်"

ရင်ထဲတွင် ကျင်ခနဲ ခံစားလိုက်ရ၏။ ဆူဝေသွားသော ဦးနှောက် အသိကို ထိန်းချုပ်လိုက်ရသည်။ တရိပ်ရိပ်ကျလာ သော ပွဲသိမ်းပြည်ဖုံးကားတစ်ခုကို မြင်သည်။





တစ်စုံတစ်ခုသော စွဲချက်ကိုမျှ လျှောက်လဲချက်ပေးလိုစိတ် မရှိတော့။

'အောက်တန်းကျတဲ့ အပြုအမူ' ဆိုသော စကားရပ်များ နားထဲတွင် ထပ်ပြန်တလဲလဲ ပဲ့တင်ရိုက်နေသည်။

"ကောင်းပါပြီ မခင်လေး၊ ကျွန်တော် သွားပါအုံးမယ်၊ ခင်လေးစကားကို ကျွန်တော်နောင်တနဲ့အတူ တစ်သက်လုံး မှတ်ထားပါ့မယ်၊ ကျွန်တော့အပြုအမူအတွက် မခင်လေး ကျွန်တော့ကို တစ်သက်လုံး ခွင့်မလွှတ်ပါနဲ့"

ချာခနဲ ကျောခိုင်းသည်။

ခန္ဓာကိုယ်သည် အမှုန်အမွှားလေး တစ်ခုအဖြစ်ဖြင့် လေ ထုပြင်ထဲသို့ လွင့်စင်သွားသည်။ တရှိန်းရှိန်း ဖြစ်နေသော မျက်နှာနှင့်အတူ ရင်ထဲတွင် ဆူဝေလောင်မြိုက်နေ၏။

မျက်စေ့အစုံကို ယောင်၍ ပိတ်လိုက်မိသည်။

နောက်ဘက်ဆီမှ စော့စော့ကလို ရယ်သံများ ပြန်ကြား ရသည်။

ကျွန်တော့လက်အစုံသည် တင်းကျပ်စွာ ဆုပ်ပြီးသား ဖြစ် သွား၏။ အံကို တင်းတင်းကြိတ်မိသည်။

ကျွန်တော့ ခြေထောက်အောက်မှမြက်ပင်သည် ကျွန်တော် ဖြစ်နေ၏။

*

ခပ်ဝေးဝေး ရောက်သည်အထိ သူတို့ဆီမှ ရယ်သံများ ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့ပါးကိုကျွန်တော် ဘယ်ပြန်ညာပြန် ရိုက်ချင်...
သည်။

ပေါဦးသည် ကျွန်တော့ကို စိုးရိမ်သော သောကမျက်...
ဖြင့် ကြိုနေ၏။

ပေါဦးမှီနေသော တောင်ငူဆောင် ဆင်ဝင်အုတ်တိုင်...
ခေါင်းဖြင့် မြေးမဆောင့်မိရန် စိတ်ကို မနည်းထိန်းထားလို...
ရသည်။

"တောက်"

ရင်ထဲမှ တောက်ခေါက်သံသည် ဦးနှောက်အထိ လာရိုက်...
လေသည်တကား။

✻



အင်းယားလမ်းသည် အမှောင်ဖြင့် တိတ်ဆိတ်နေ၏။

...ချက်တချက်တွင် ပုဇွန်းရင်ကွဲ၏ အသံကာ လွမ်းမိုးသည်။

...နိုကြွင်ကြွင်မီးမှုငွေလေးများသည် နှင်းထုကြောင့် ချိုနွဲ့
...နေသည်။

ကတ္တရာ လမ်းမကြီးသည် အေးလွန်းသဖြင့် တုတ်တုတ်မျှ
...လှုပ်။

ပတ်ဝန်းကျင်တွင် အအေးသာရှိသည်။

သို့သော် ရင်တွင်း၌မအေး။ မအေးသဖြင့်အအေးကိုလည်း
...မှု။ ပေါဦးကမူ ဆွယ်တာကို တင်းတင်းဆွဲသည်။

"အေးကွာ၊ ဘယ်လိုကြီးမှန်းလဲ မသိဘူး"

အတန်ကြာ ဖွဲစည်းမှုရနေသော တိတ်ဆိတ် ခြင်းသည်
ပေါဦးအသံဖြင့် ပြိုကွဲနေ၏။

"ချစ်ရင်လဲ ချစ်တယ်၊ မချစ်ရင်လဲ မချစ်ဘူး ရိုးရိုးသား
သားပြောပေါ့၊ ခဟာက"

မကျေမနပ်ဖြင့် ပြောနေသော သူ့စကားကို တုန့်ပြန်...
မကြိုးစားမိ။ ကိုယ့်အတွေးနှင့်ကိုယ် ယောက်ယက်...နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နေ့လယ်တည်းက လှုပ်နေသော စိတ်သည် ခုထိ
ရာ မရသေး။

"ပြီးတော့လဲ ဘာမှမဖြစ်သလို သူက အရယ်မပျက်၊ 
မပျက်၊ စကားဆက်ပြောနေသေးတယ်၊ သိပ်စော်ကား
တယ်ကွာ၊ မိန်းမတွေဟာ ကောင်းကို မကောင်းဘူး"

ကျွန်တော် ခေါင်းခါပြီး သူ့စကားအဆုံးတွင် ကို
တွေးကို ဖြတ်၍ ဝင်ပြောမိသည်။

'ဆိုင်တော့ မဆိုင်ပါဘူး ပေါ်ဦးရာ၊ ဒါ စော်ကား
လို့ ဘယ်ပြောလို့ဖြစ်မလဲ၊ ငါနဲ့ပတ်သက်တဲ့ ခံစားမှု
မှာမှ မရှိဘဲ၊ ငါ့ကို သူပြောစရာ ပြောပြီးရင် သူနေချင်
ဆက်နေမှာပေါ့၊ ငါမကျေနပ်တာက ငါ့ကိုယ်ငါ"

"ဘာဖြစ်လို့လဲ"

ပေါ်ဦးက လှည့်ပြန်လှည့်၍ မေးသည်။ ဘဝင်ကျသော
အသံမဟုတ်။

"သူပြောသလိုပဲ ငါ သိပ်အောက်တန်းကျသွားတယ်၊ 
ရိုးရိုးသားသားခင်တာကို ငါ့ဘက်ငါ သိပ်တွက်လွန်းသွား
တယ်၊ စောစောထဲက ငါသိဖို့ကောင်းတာပေါ့ကွာ၊ ငါ့
ကောင်ကို သူဘယ်လိုလုပ် စဉ်းစားမှာလဲ"

"ဟေ့ကောင်၊ မင်းစကားကို ငါလုံးဝလက်မခံနိုင်ဘူး"

ပေါ်ဦးက ခါးခါး သီးသီးငြင်းသည်။ ကျွန်တော်ခေါင်း
ခါ၍

"ဒါ...အမှန်တရားပဲ ပေါ်ဦး"





"မဟုတ်ဘူးကွ၊ ဒါအမှန်တရား မဟုတ်ဘူး၊ လွတ်လပ်တဲ့
မိန်းကလေး တစ်ယောက်ကို လွတ်လပ်တဲ့ ယောကျ်ားလေး
တစ်ယောက်က အခါမရွေး ချစ်ခွင့်ပန်နိုင်တဲ့ အခွင့်အရေးရှိ
တယ်"

ကျွန်တော် နာနာကျည်းကျည်း ရယ်လိုက်သည်။

"အေး...ဟုတ်တယ်၊ အဲသလိုပဲ၊ အဲဒီလို ချစ်ခွင့်ပန်လာတဲ့
အခါ မိန်းကလေး တယောက်ကလဲ သူငြင်းချင်တဲ့ ပုံစံနဲ့
ငြင်းလို့ရတယ်၊ ဒါသူ့ အခွင့်အရေးပါ"

ပေါ်ဦးက ကျွန်တော့ကို အံ့သြစွာကြည့်၏။

"ဘာလဲဟ၊ မင်းက သူ့ဘက်ကပြန်ပြီး ရှေ့နေလိုက်နေ
တာလား၊ မင်းက ဘယ်လိုကောင်လဲ"

သူ့အမေးကို ကျွန်တော် သဘောကျသွားသည်။ အမှောင်
ထဲမှ မီးရောင် ကျိုးကျဲဖြင့် ရတနာဆောင်ကို ကြည့်ရင်း

"ဘယ်လိုကောင်မှ မဟုတ်ဘူး ပေါ်ဦး၊ သူ့ဘက်က ရှေ့
နေလိုက်တာလဲ မဟုတ်ဘူး၊ ငါ ခံစားနေရတဲ့ ဝေဒနာ
သက်သာနိုင်သလောက် သက်သာအောင် သူ့ကို ခွင့်လွှတ်
နေတာ"

"ဘာ...သူ့ကို ခွင့်လွှတ်နေတာ"

ကျွန်တော် ခေါင်းညိတ်၍

"ဟုတ်တယ်...သူ့ကိုခွင့်လွှတ်နေတာ၊ သူ့ကိုခွင့်လွှတ်နိုင်
ရင် ငါ့ဝေဒနာ သက်သာသွားမယ်"

ပေါ်ဦးရယ်သည်။ ရယ်သံသည် ကံ့ကော်ရွက်များကြား
သို့ တိုးဝင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝေဒနာ သက်သာအောင်က လွယ်ပါတယ် ထွန်းဝေ... အခု လှည်တန်းသွားမယ်၊ အဖြူတပိုင်းဆို မေ့လွန်း... သက်သာလွန်းလို့ ဟိုဘက်တောင်လွန်သေး"

"မင်းတကယ်ပြောတာလား၊ အဟုတ် ငါ့အရက်သော... ယင် ဝေဒနာ သက်သာမှာလား၊ သူ့ကို မေ့သွားမလား"

"သိမ်မေ့... သိမ်သက်သာတာပေါ့ကွ၊ နည်းနည်းသောက် ... မေ့၊ များများသောက် များများမေ့ သိမ် သစ္စာရှိတ... သောက်ရင် မူးတယ်၊ မူးရင် မေ့တယ်၊ မေ့ရင် သက်သာ... တယ်၊ လှာအခုသွားချမယ်"

ကျွန်တော်က စဉ်းစားဟန်ပြု၍

"မင်းဟာက ဘယ်လောက်ကြာအောင် သက်သာနေမှာ... လဲ၊ မေ့နေမှာလဲ"

"သောက်သလောက်ပေါ့ကွ၊ မူးနေသမျှ မင်းမှာတခြား ဝေဒနာ မရှိစေရဘူး"

"အမူးပြေယင်ကော"

"ထပ်သောက်ပေါ့"

"ဒါဖြင့် တသက်လုံးမေ့ချင်ယင် ဘယ်လိုလုပ်မလဲ"

"တစ်သက်လုံး သောက်ပေါ့ကွာ"

"ဒါဖြင့် အဲဒီလူလောကကြီးထဲမှာ ငါဘာလုပ်ဖို့ နေဦးမှာလဲ"

"ဟာ...ချစ်တဲ့သူက မုန်းပြီဆိုမှတော့ လောကဆိုတာ ဘာ အဓိပ္ပာယ် ရှိဦးမှာလဲ"





ပေါ်ဦးက သည်စကားကို ခပ်ဆတ်ဆတ် ပြောချသည်။ ...န်တော် ခေါင်းခါသည်။ ရယ်သည်။ အနာရယ်။

"သူ့ကို ငါချစ်တာ၊ ငါ့ကိုပြန်ချစ်ဖို့လေးတင် မဟုတ်ဘူး ငါ့ဘာသာငါ ချစ်ချင်လို့ ချစ်တာ၊ သူမုန်းပေမယ့် သူ့ ငါချစ်ရမယ်၊ မင်းပြောသလို မူးရူးနေမယ့်အစား သူ့ ငါခွင့်လွှတ်မယ်၊ ခွင့်လွှတ်လို့ရရင် သူ့ကို ငါတစ်သက် ...း ချစ်သွားလို့ရပြီ"

ပေါ်ဦးကပြုံး၍ ခေါင်းတဆတ်ဆတ် ညိတ်သည်။ ပြီး ...နောက် ကျွန်တော့ပခုံးကို ကိုင်ဖက်၍

"ထွန်းဝေ၊ မင်းဟာ ငါထင်တာထက်တောင် ပိုတော်နေ ...ါလား ဘူငယ်ချင်း၊ လောကကြီးက မင်းလိုလူအတွက်ကြည်... ...နေမယ် မထင်ပါဘူးကွာ၊ မင်းစိတ်မလျော့နဲ့၊ မင်းကိုခင်လေး ...တစ်နေ့ ချစ်လာမှာပါ"

သူ့စကားသည် နှင်းမှုန်များကဲ့သို့ပင် ယာယီအအေးကို ...ခန့်တီးနေခြင်းဟု ကျွန်တော် သဘောပေါက်သည်။

သို့သော် ကျွန်တော် ဘာမှ ထပ်မပြောတော့။

ကျွန်တော့ မျက်လုံးအစုံသည် မှောင်နေသော အင်ယား ...လမ်းတလျှောက်ကို ဝေဝေဝါးဝါး လှမ်းကြည့်လိုက်မိသည်။

ရှည်လျားသော လမ်းမ၏ ခပ်လှမ်းလှမ်း တစ်နေရာတွင် တက္ကသိုလ်ရိပ်သာလမ်းနှင့် ဆုံရာ မီးပွိုင့်မှ မီးရောင်လေးကို လှမ်းမြင်လိုက်ရ၏။

မှုန်သောအလင်းသည် အနီရောင်ကိုပြသည်။

*

ရပ်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာပေါ် ခေါင်းချလိုက်သည်နှင့် ခင်လေးကို အ...
တွေ့သည်။

အလင်းပြောက်ကျား စွန်းသော ခြင်ထောင်အမိုး...
ခင်လေးသည် တင်းမာသော်မျက်နှာဖြင့် ရပ်နေ၏။

တစ်နေ့လုံး ထိန်းထားသော မျက်ရည်သည် ခုမှ ...
တင်းတင်း ဝဲရဲလာသည်။

အင်းယားလမ်းမှပြန်လာပြီး အိပ်မရသဖြင့် ထိုင်ရေးခဲ့သော
ကဗျာလေးသည် နားဆဲတွင် အသံဖြင့် ပဲ့တင်ရိုက်လာ၏။

ပြန်ပါ့မယ်လေ....
ဝေဝေဝါးဝါး၊ လမ်းဆုံကြားဝယ်
ဗျာများမသင့်၊ ဝေးရာလွင့်မယ်
သခင့်ဝန်းကျင်....မငြိမ်းချမ်း။
သခင့်ထံမှာ
အရှက်သောက်မှု၊ ဆည်းဆာကျထိ
ဘစသက်လုံး ခိုချင်လည်း....၊
သခင့်အနမ်း
နှင်းသောက်ပန်းနှင့်၊ အလွမ်းသင့်၍
လေလွင့်မြူးတူးနေချင်လည်း....၊
ပန်းများမဖူး
ကြယ်မမြူးသော၊ ချစ်ဦးသဲကျွန်း
ကန္တာရစွန်းမှာ
အလွမ်းဘီလူး စောင့်တော့တယ်....၊





...နှင်မိုက်ညိုပြာ
...ခင့်ရွာမှာ၊ ကြိမ်စာတတ်မျိုး
...ယာဆိုးနှင့်၊ အညှိုးဆိပ်လူး
...န်းဘီလူးလဲ စောင့်တော့တယ်....၊
...ည်တော့....
...ွားပါ့မယ်လေ....
...ဝေဝါးဝါး၊ မျှော်လင့်အားနဲ့
...စောင့်စားမသင့်၊ ဝေးရာလွင့်မယ်
...ခင့်ဝန်းကျင် နေတစ်ထောင်....။
...က်ပြင်းနှင့်အတူ မျက်ရည်များ စုလာ၏။ အာရုံထဲတွင်
...တ်ထိုးထားသော ကံ့ကော်ရွက်လေးတစ်ရွက် ထင်လာ
...၏။
သို့သော်လည်း သည့်အာရုံကို ခင်လေးအသံက ဝင်ဖျက်
...၏။

"တော်တော့ကိုထွန်းဝေ....ရှင်ဘာမှမပြောနဲ့တော့၊ကျွန်မ
...ဘာစကားမှ မပြောချင်ဘူး"

မျက်လုံးကို အတင်း မှိတ်ပစ်မိသည်။ အ တင်း ထိုး ထွက်
...လာသောရှက်စိတ်ကို ရအောင်ဖျောက်ပစ်သည်။ သို့သော်
...လေး၏အသံသည် ကျွန်တော့် ကြိုးစားခြင်းကို တဖန်ပြန်၍
...က်၏။

"ဒါ ခင်လေးအဖြေပဲ၊ တစ်ယောက်နဲ့တစ်ယောက်ရဲ့ ခင်
...မှုကို အခွင့်အရေး ယူတာလောက် အောက်တန်းကျ...
...အမှု လောကမှာ မရှိတော့ပါဘူး ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုန်းခနဲ တောက်လောင်သော ရှက်စိတ် ယမ်းမီးကြော နံရံကို လက်သီးဖြင့် တအားထိုးချလိုက်သည်။

ထိုညက အိပ်မက်ထဲတွင် ကွင်းပြင်ကျယ်ကြီး တစ်ခုထ ကျွန်ဖော်တစ်ယောက်တည်း အစအဆုံးမရှိ တဟုန်ထိုး ထွ ပြေးနေမိ၏။

ညသည် မလှ။

❋



## ၄။

"ဟလို...ဟိုရှေ့က ဇာတ်ထောင်ဆရာအိမ်နဲ့တူတယ်၊ ဗျို အိမ်ရှင်တို့၊ အိမ်ရှင်တို့ မရှိကြဘူးလား"

"ရှိပါခင်ဗျား၊ ကြွပါ...ကြွပါ"

"ဟုတ်ကဲ့၊ ကိုက်တတ်တဲ့ခွေးများရှိရင် တဆိတ်လှတ်လိုက် ခေါ်ပါ"

ဝိုင်းကြည့်နေကြသော အုပ်စုထဲမှ ရယ်သံတချို့ ထွက်လာ ၏။ ရှိုးလွန်းနေပြီဖြစ်သော ရွေးပြက်လုံးဖြစ်သော်လည်း လုပ် နေကြသော လူများ၏ အမူအရာကြောင့် မရယ်ဘဲ မနေနိုင်။

"ဟာ...ဘယ်လိုလဲဟ၊ ခေါ်ထားစမ်းပါ လုပ်စမ်းပါ"

"အေး....အေး၊ ခေါ်ထားစမ်းပါ၊ ဒါနဲ့ ဇာတ်ဆရာ မရှိ ဘူးလား"

"အော်...ရှိပါတယ်၊ ရှိပါတယ်"

"ဟင်...ကျုပ်က ခင်ဗျားမှတ်လို့"

"အဲ...အဲဒါမှဒုက္ခပဲ၊ ဇာတ်ဆရာက ကျုပ်ဗျ"

ဘာမဟုတ်သော ကြောင်လုံးနှင့်ပင် ပရိတ်သတ်က ပွဲကျ နေပြီ။ ဒါဆိုရင် ဒီအစီအစဉ်လေးမှာ အတော်ကောင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ယခုနှစ် တက္ကသိုလ်အနုပညာအသင်း ပဒေသာက တင်ဆက်ရန် အစီအစဉ်တစ်ခုဖြစ်သော ခေတ်သုံးခေတ် အ သဘင် သရုပ်ဖော်ကကွက်မှ ရှေးခေတ်အကကို တိုက်နေ ခြင်းပင်။

လူပြက်များက တင်မောင်ဌေး၊ အောင်ကျော်စိုးနှင့် ဦး၊ မန္တလေးသား ပေါ်ဦးက သူ့နယ်ထွက် ပြက်လုံးမို့ မသိ ပိုပိုင်သည်။

"ပွဲလိုချင်လို့သား"

"ဟုတ်ကဲ့၊ ကျုပ်တို့ရွာက ဘုန်းကြီးပျံအတွက် အ သမီးအဖွဲ့က ငှားခိုင်းလို့ပါ၊ ခင်ဗျား ရက်အားရဲ့လား"

"ဟာ….အောက်တီးတောက်တဲ့၊ ပွဲအားလား မေးပါ

ကျွန်တော်က ဗုံများတွင်ကပ်ထားသော ပတ်စာအနှ သတ်ကို လက်ဖြင့် လိုက်ညှိရင်း ပြုံးမိသည်။

"အင်းပါဗျာ၊ ပွဲအားရက်မေးတာပါ"

"ခင်ဗျားက ဘယ်နေ့လိုချင်လို့လဲ"

"လာမယ့် အင်္ဂါပါ"

"အင်း-အင်း-အားပါတယ်"

"နို့ ကောင်းကော ကောင်းရဲ့လား"

"ဟာ….အာဆိုင်လို့လဲ"

"ဘာဖြစ်လို့လဲဗျ"

"ပွဲငှားတာ ပွဲအကြောင်းမေးမှပေါ့၊ ဘယ်နို့ နို့ ကောင်း လားဆိုတော့၊ ကျုပ်က နို့ကလားမှ မဟုတ်တာ"

ပေါ်ဦးက ရင်ကို လက်ဖြင့်ဖိပြီး





လေး တော်သေးတာပေါ့၊ ဒီလိုတွေးပုံမျိုးနဲ့ မင်းသာ သွားမေးမိရင် ပါးအကျိုးပဲ၊ ကျုပ်မေးတာ ပွဲ သား မေးတာပါဗျာ"

ပါရှင်…တော်ကြပါအုံး၊ ကျွန်မလဲ ပရိတ်သတ်များ ပြေပါရစေဦးလို့"

သမီးလုပ်သူ မြသန္တာက ဝင်ပြောသည်။ ထိုအခါမှ လူရှိပေးလိုက်ပြီး

အား၊ ဟုတ်သားပဲ၊ သမီးလေး မမြရင်ကို ပရိတ်သတ် သဲ မျှော်လင့်နေရှာမှာပေါ့"

သာနှင့်မင်းသမီးကိုလေပါတီမမြရင်အဖြစ်ပရိသတ်နှင့် ပေးသည်။ မြသန္တာက လေပါတီ၏ တစ်နာရီတည်း နှင့် ကသည်။

"ရွှေကြာပဒုံ…. နေအရုဏ်ခသည့်နှယ်…. မရွှင် နိုးပါ….တဲ့ မယ့်ဟာဒယအိမ်ဝယ်….အပါးရပ်လို့ နှစ် ကပ်လို့ တိုင်ပင်ချင်တယ်…. မမြရင်ရဲ့ ငယ်ချစ် လေး….လေပါတီရဲ့ ငယ်ချစ်ကလေး….

သစဉ်မကွာပါတယ်…မကြာမီလဲ နောင်အမြဲနှစ်လ ….မြရင်မှာ မောင်ရယ်….တစ်နာရီတည်းမောင်နဲ့ ပါရစေ"

ရယ်မဟုတ်သော်လည်း ကနေသော မြသန္တာနေရာ ခင်လေးရောက်လာ၏။

နိုင်တော့ရင်ထဲတွင် တမ်းတမ်းတတ ဝေဒနာလေးတစ် လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်လေးသာ သည်လိုဆိုရင် ဘယ်လောက်ကောင်းမ

တောင့်တစိတ်လေးနှင့်အတူ ရင်ထဲမှာ လပ်ဟာ၍

သည်။ သည်တော့မှ ခင်ခလေးနှင့် မတွေ့ရသည်မှာ ဆယ့်

ငါးရက် ရှိပြီ ဖြစ်ကြောင်း အမှတ်ရသည်။

အချိန်ကြောင့် စ,ဦးခံစားမှုများဖြစ်သောရှက်ခြင်း၊

ငယ်ခြင်းများနေရာတွင် တမ်းတခြင်းနှင့်အလွမ်းတို့ အစား

နိုင်ပြီ။

"ဖူးစာနှစ်ခိုင်....သဘောတူဖွင့်မယ်ကြံရွယ် ချစ်ကဲ့

လားကွယ်....ကြိုက်ကဲ့လားကွယ်၊ မေးစမ်းပါရစေ...

တိုးတိုးတိတ်တိတ်ရယ်.... မောင်မလာရင်.... လေသာ

ဆောင် မှန်ပြတင်းက...."

မြသန္တာအဆိုနှင့်အညီ ခြောက်လုံးပတ်ကို လိုက်ဖြည်

ရင်းက လှုပ်လှုပ်ရှားရှား ဖြစ်သွားသော ပေါ်ဦး၏

ကြောင့် သူ့ဆီ လှမ်းကြည့်လိုက်သည်။

ပေါ်ဦးက မျက်ရိပ်ဖြင့် တံခါးဝဘက် လှမ်းပြ

ကျွန်တော် သူပြရာသို့ ကြည့်လိုက်သည်။

အသက်ရှူခြင်းကို ခဏမေ့သွား၏။

"ခင်လေးတို့ပါလား"

ရင်ထဲတွင် တိုးတိုး ရေရွတ်လိုက်သည်။ ဘာမှန်းမသိ

မျှော်လင့်စိတ်လေးနှင့် ဝမ်းသာသလိုလည်း ဖြစ်သွား၏။

တော့အကြည့်ကို ခင်လေးမြင်သည်။ မျက်လွှာချလိုက်၏။

ဘေးမှ မဖြူက ခေါင်းငုံ့ထားသည်။

သူတို့မျက်နှာများသည် သိသိသာသာ ညှိုးနေကြ၏။





အတီး အဆိုများ ခဏရပ်သွားသည်။

ပေါ်ဦးက ကျွန်တော့ဘက် လက်ညှိုးညွှန်ရင်း ခင်လေးတို့

မျက်လုံးဖြင့် မေးသည်။ ပေါ်ဦးက သူ့ကိုယ်သူ လက်ဖြင့်

န်ရင်း မေးဆတ်၏။ ခင်လေးက ခေါင်းညိတ်သည်။

ပေါ်ဦးက နားမလည်ဟန်ဖြင့် ကျွန်တော့်ကိုကြည့်သည်။

န်တော့်ကိုလည်း ဘာလဲဆိုသော အဓိပ္ပါယ်ရသည့်အကြည့်

မေးသည်။ ကျွန်တော်ကမသိကြောင်း အမူအရာဖြင့်ပြ၏။

ခင်လေးက ထပ်၍ ခေါင်းညိတ်ခေါ်သည်။

ပေါ်ဦးက ခေါင်းညိတ်ပြပြီး ဝိုင်းကို ခွင့်တောင်းကာ

လေးတို့ဆီ ထွက်သွားသည်။

ခင်လေးတို့က အခန်းပြင်အရင်ထွက်၍ စောင့်သည်။ အခန်း

သို့ ပေါ်ဦးထွက်လိုက်သွားသည်။

အားလုံး၏ မျက်လုံးများ ကျွန်တော့ဆီရောက်လာ၏။

ကျွန်တော့်ခေါင်းသည် အလိုလို ငုံ့သွား၏။

ရင်ထဲသို့ လှုပ်ရှားနေသော ငါးကလေးတစ်ကောင်ရောက်

၏။

*



www.burmeseclassic.com

www.burmeseclassic.com



"မြသန္တာ ဆက်ဆိုလေ"

အာရုံများ အားလုံးသည် ကိုယ့် အလုပ်ဆီကိုယ်ပြန်ေ ကုန်ကြ၏။

ဒိုးများပေါ် လက်တင်လိုက်ရသော်လည်း ကျွန်တော ရှိသည် အခန်းပြင်သို့ ရောက်နေ၏။

"ဘယ်အပိုဒ် ပြန်ဆိုရမလဲ"

မြသန္တာ၏ အမေးကို ရွှာစားက ဖြေ၏။

"စောစောက နေရာက ဆက်ဆို"

စောစောနား အပိုဒ်ကို အတီးဖြင့် မျိုးပေးလိုက်ေ အခါ မြသန္တာက အဆင်သင့်သော နေရာမှ ကောက်

"တွေ့ချင်တာတွေ များပြားလွန်းလို့ ဖိုးလမင်းကိုေ သွယ်ခိုင်းမယ်...ပြောလိုက်စမ်းပါ မောင်ရယ်...ခင့်အ ကိုယ်စားလှယ်...ခရာတာတာ ရှင့်မျက်နှာ ချို့လှတယ် စဉ်မလွှာပါအမယ်၊ မကြာမီလဲ နောင်အမြန်စလရှည်... မှာ မောင်ရယ်.... တနာရီထဲ မောင်နဲ့ချစ်ပါရစေ"

အကာပိုဒ်ရောက်လာသဖြင့် အတီးများ သွက်လာသည် ဆစ်လေးများလည်း လှလာသည်။ ဒိုးသားရေနှင့်လက်ထိ တိုင်းတွင် ရင်ခုန်နေသည်။

ပေါ်ဦး ပြန်ဝင်အလာကို ကြိုနေသော ရင်ခုန်သံများ ဟန်တသည်။

ခေါင်းထဲတွင်လည်း အမေးများစွာ လွန်းထိုးနေ၏။

ဘာကိစ္စများပါလိမ့်။

ဘာဖြစ်လို့ ပေါ်ဦးကို ခေါ်ရပါလိမ့်...။





ငါနဲ့မဆိုင်ဘူး ထင်ပါတယ်။ ငါနဲ့ဆိုင်ရင် ငါ့ကို ခေါ် ပေါ့။ အင်းလေ၊ ငါနဲ့ဆိုင်စရာလဲ မရှိတော့ပါဘူး။ တခြား နေမှာပါ။ အနုပညာသင်းနဲ့ ပတ်သက်တာ တစ်ခုခု ဖြစ် ပေါ့။

မောနေသော ရင်ကို ဖြေသောစကားများ လည်ချောင်း တွင် အသံမြည်၍ လှုပ်ရှားနေသည်။

သီချင်းတစ်ပုဒ်လုံး ဆုံးသွားသည့်တိုင် ပေါ်ဦးဝင်မလာ။ အားလုံး ခဏ နားလိုက်ကြသည်။ ကျွန်တော် စောစော ချထားသော ဆေးပေါ့လိပ်ကို ကောက်၍ မီးညှိလိုက် သည်။

"ဘာဖြစ်လဲ မသိဘူး"

ကျွန်တော်တို့အကြောင်းကို သိတန်သလောက် သိနေသော င်မောင်ဌေးက ကျွန်တော့်နား ဝင်ထိုင်၍ မေးသည်။

"မသိဘူး ကိုဌေး၊ တခြားကိစ္စ နေမှာပါ"

"အေးကွာ၊ မင်းနေရာကနေ ဘယ်လိုခံစားနေရမယ် ဆို တာ ငါ ကိုယ်ချင်းစာပါတယ်"

သူ့ အသံက ကြင်နာမှု၏ အရိပ်ပါသည်။ ကျွန်တော် က စကားကို ငြင်းရန် ခေါင်းခါသည်။ ရယ်လည်းရယ်သည်။

"ဒီလောက် မတော်ပါဘူး ကိုဌေးရာ"

ပြောမယ့်သာ ပြောလိုက်ရသော်လည်း ကိုယ့်စကားကို ကိုယ့်ရင်မှာင် မယုံ။

*



www.burmeseclassic.com

www.burmeseclassic.com



သုတ်သီးသုတ်ပြာနှင့် ပေါ်ဦး ပြန်ဝင်လာသည်။
ကျွန်တော့်ဆီ တန်းလာ၏။
ကျွန်တော့ပခုံးကို လက်ဖြင့်ပုတ်လိုက်ပြီး
"အရေးကြီးတယ် ထွန်းဝေ၊ မင်းနဲ့ ငါ စကားပြောစ ရှိတယ်၊ ခဏလေးစောင့်၊ ဒီပြက်လုံးတစ်ခု တိုက်ပြီးဘာ မင်းနဲ့ ငါ တစ်နေရာကို လစ်မယ်"
ကျွန်တော် အံ့အားတသင့်ဖြင့် သူ့ကိုကြည့်သည်။ ဘာ ပြန်မပြောမိ။ ပြောအောင်လည်း သူကမစောင့်။ ချက်ချ ပြန်လှည့်၍ အောင်ကျော်စိုးတို့ဘက် သွားသည်။
ကျွန်တော့ ရင်ထဲမှ တဒိတ်ဒိတ်သည် စောစောကအတိုင်း ပြန်ဝင်လာသည်။ အိပ်မက်မက်နေသလို ခံစားနေရသည်။ ခေါင်းထဲတွင်လည်း ပဟေဠိပေါင်း များစွာနှင့်။
"အရေးကြီးတယ် ဆိုပါလား"
ပေါ်ဦး၏ အသံကိုလည်း ပြန်ဆန်းစစ်နေမိသည်။ သူ အသံမှာ အရေးကြီးသော ဟန်မှုလွှဲ၍ အခြားရှာမတွေ့။ အား တက်သရေလည်း မရှိ။ ပျော်စရာလည်း မဟုတ်။ ဝမ်းနည်း စရာလည်းမမြင်။ ထူးခြားမှုတစ်ခုသာ တွေ့ရ၏။
ကျွန်တော် နေရထိုင်ရ ခက်လာသည်။
ပေါ်ဦးကတော့ သူ့အလုပ် သူစနေပြီ။
"မင်းတို့က စောစောက ဇာတ်အကြောင်း၊ ပွဲအကြောင်း ပြောတော့ ငါလဲ ငါတို့ရွာက ဇာတ်တစ်ဇာတ်အကြောင်း သတိရတယ်ကွာ"
"အင်း....ဆိုစမ်းပါဦး"





"ငါတို့ရွာမှာ ဘကြီးသောင်းဆိုတာ ရှိတယ်ကွ၊ သူကဇာတ် သ၊ ဇာတ်နဲ့ ပတ်သက်လို့ တစ်လုံးမှ နားမလည်ဘူး၊ စည်း ခေါင် မလိုက်တတ်ဘူး၊ အရက်ပဲ သောက်တတ်တယ်၊ းရင် မူးနေတာပဲ၊ ဒါပေမယ့် ကိုယ့်လူ၊ တို့ရွာတဝိုက်က တွေ ရွာတွေက ပွဲဟော့ဆိုရင် ဘကြီးသောင်း ဇာတ်မှ"
"ဘာလဲ သူက လူကြီးလား"
"ဟော့ကောင်၊ ဘကြီးသောင်းနည်းက သိပ်ကောင်းတယ်၊ တစ်ရွာမှာ ဇာတ်တွေ ဆိုင်းတွေပါမယ့် အလှူ၊ မင်္ဂလာ ဆောင်၊ အသုဘ၊ ဘုန်းကြီးပျံရှိရင် သူအရင်ဆုံး ဦးဆောင် သွားတယ်၊ ပြီးရင် အဲဒီအိမ်က လုပ်စရာမှန်သမျှ သူအကုန် ပ်တော့တာပဲ၊ မဏ္ဍာပ်ထိုး၊ ရေခပ်၊ ထင်းခွဲ၊ ထမင်း က်တာကအစ၊ တံမြက်လှည်းအဆုံး သူအကုန်လုပ်တယ်"
"အင်း....ဟုတ်ပြီဟေ့"
"အလှူရှင်တွေက အားနာလာတဲ့အထိ လုပ်တယ်၊ ပြော ရတောင် မလိုပါဘူးကွာ၊ အဲဒီမှာ သူ့ဇာတ်သူ့ဆိုင်းပဲ ွားတော့တာပဲ"
"အင်း ဇာတ်ကတော့ မျိုးကောင်းပဲ၊ လုပ်ပါဦး"
"မင်းသားရယ်လို့လဲ သတ်သတ်မှတ်မှတ် မရှိဘူး၊ သူ့ဆီ မှာ ဝါးလက်ခုပ်တီးတဲ့ကောင် တစ်ကောင်ရှိတယ်၊ သာ အောင်တဲ့၊ ဒီကောင်က ဘိန်းလေးဘာလေးရှူတယ်၊ ရွာထဲ မှာ ထမိန်စုတ်တို့ အင်္ကျီစုတ်တို့ နဲ့နဲ့ပါးပါး ခိုးတတ်တယ်"
"တော်သဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ယောက်က သာမောင်တဲ့၊ သူက ထန်း... သမား၊ ကြက်သမား။ သူက ရွာစားဆိုင်းဆရာပေါ့၊ ကြီး... တဲ့လူက မင်းသားဝင်လုပ်တာပဲ"

"ဟင်း၊ လုပ်လိုက်ဟေ"

"ဘကြီးသောင်း ဇာတ်ထွက်ပြီဆို လူတွေက စိတ်ပျက်... ပေါ့၊ အဲ...ဘကြီးသောင်းရှေ့တော့ သွားမပြောနဲ့ ၊ ဘ... သောင်က ဘာပြောတယ် မှတ်သလဲ"

"ဘာတဲ့လဲ"

"ဟေ့ကောင်တွေ လာမရှုည်နဲ့ ၊ မင်းတို့ပဲတွေးကြ... သာအောင်ကွာ၊ သာခမောင်ကွာ မြီးတော့ ငါပါ... ဒီကြားထဲကမှ မကောင်းဘူးဆိုတော့လဲ ရီးမှ မတတ်နိုင်... ဆိုပြီး တွက်ထည့်လိုက်တာပဲ"

ရယ်သံများ ဝေါခနဲ ထွက်လာ၏။

အားလုံးတဲမှ-မရယ်မိသူက ကျွန်တော်။ သူတို့ စကားမျ... ထက် ကျွန်တော်သိချင်နေသော ကိစ္စက ကျွန်တော့ကို လှ... နေသည်။

လေရှည်နေသော ပေါ်ဦးကို ကြည့်၍ စိတ်တိုလာသည်။

ခဏအကြာ ရယ်ရယ်မောမော စကားပြောနေရာမှ ပေါ်... ဦး ကျွန်တော့ဆီ လျှောက်လာသည်။ ကျွန်တော့်စိတ်များ လှု... ရှားလာ၏။

"လာ ထွန်းဝေ၊ အပြင်သွားမယ်"

ကျွန်တော်ချက်ချင်း ထရပ်လိုက်မိသည်။

*





"အဲဒါပဲ ထွန်းဝေ၊ အဲဒါ သူတို့က မင်းသဘောကို သိချင်တယ်တဲ့"

အံ့ဩထိတ်လန့်မှုများ တစ်ကိုယ်လုံး ပျံ့နှံ့သွားသည်။

ကျွန်တော့ နားကိုပင် ကျွန်တော်မယုံ။

ပေါ်ဦးကိုလည်း အလန့်တကြား ကြည့်လိုက်မိ၏။

သူ နောက်များ နေတာလားဆိုသောအတွေး ချက်ချင်း ဝင်လာသည်။ မဖြစ်နိုင်။ ဘယ်နည်းနဲ့မှ မဖြစ်နိုင်။ ပေါ်ဦး နောက်နေတာပဲ ဖြစ်ရမည်။

"သွားကွာ ပေါ်ဦး၊ လာနောက်မနေနဲ့"

လေသံဆတ်ဆတ်ဖြင့် ပြောလိုက်သည်။ စင့်စစ် သူနောက် ရိုးမှန်လျှင် ဟန့်သွားစေရန်

ပေါ်ဦး ကျွန်တော့ကို မျက်မှောက်ကျုံ့၍ ဘုကြည့်ကြည့် ပြီး

"ဟေ့ကောင်၊ သူများတွေ ဒီလောက် ပြဿနာတက် နေချိန်မှာ မင်းကိုငါ့ဘာမှ နောက်နေစရာမလိုဘူး၊ မင်းမယုံ ရင်လာလိုက်ခဲ့၊ သူတို့ဆီသွားမယ်"

"ဘာ သူတို့ဆီသွားမယ် ဟုတ်လားသူတို့အခုဘယ်မှာလဲ"

"မန္တလေးဆောင်ရှေ့က စောင့်နေမယ်လို့ ပြောတယ်"

ကျွန်တော် ပေါ်ဦး မျက်နှာကို စေ့စေ့ကြည့်သည်။ သူ့ ဟန်က အတည်ပြောနေတာ ဖြစ်နိုင်သည်။ ကျွန်တော်ပြန်၍ စဉ်းစားကြည့်နေမိ၏။

သူပြောသည့်ကိစ္စ ဖြစ်နိုင် မဖြစ်နိုင် တွေးကြည့်မိသည်။ သူ ပြောသည့် စကားများကတော့ ရှင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုထွန်းဝေ၊ သူတို့ခုနက လာတာမင်းနဲ့ တွေ့ချင်လို့ ဒါပေမယ့်မင်းနဲ့ တိုက်ရိုက်မပြောရဲတာနဲ့ ငါကနေတစ်ဆင့် ပြောပေးပါဆိုပြီး ငါ့ခေါ်သွားတာ"

"ငါ့ မပြောရဲရအောင် သူတို့က ဘာဖြစ်နေလို့လဲ"

ကျွန်တော့ စိတ်ထဲတွင် သိပ်မရှင်း။

"အေး ငါပြောပါ့မယ်၊ ဒီလိုကွာ ခင်လေးက မင်းကို ဟိုနေ့က အပြတ်ကော်ထားတယ်၊ ဒီတော့ မင်းသူ့ကို စိတ်ဆိုးနေသလားလို့ သူတို့စိုးရိမ်နေတယ်၊ ဒါပေမယ့် ခုပြဿနာတက်တဲ့ အခါကျတော့ မင်းကိုပဲ အကူအညီ တောင်းမှ ဖြစ်မယ်ဆိုပြီး သူတို့အရဲစွန့် လာကြတာတဲ့"

ကျွန်တော်က ဂျဒ်ဆင်ဟောကို ကျော့မှီလိုက်ပြီး

"ပြဿနာက"

"ပြဿနာက မဖြူပြဿနာပဲ"

"ဘယ်လို...မဖြူပြဿနာ၊ ဟုတ်လား"

"ဟုတ်တယ်၊ ခု မဖြူမှာ ဒါရှိနေတယ်တဲ့"

ပေါ်ဦးကဲ သူ့ဗိုက်ရှေ့တွင် လက်ဝိုင်းရှဲ ပြလိုက်သည်။

"ဘာ"

အံ့သြသောစိတ်ကို ကျွန်တော် မျိုသိပ်၍မထားနိုင်။ လွတ်ကနဲ ပါးစပ်မှ ထွက်သွား၏။

"အေး ဒါပဲကွာ၊ ငါထပ်မပြောချင်တော့ဘူး"

"နေပါအုံး၊ သူ့မှာ ဘယ်ကရည်းစားရှိလို့လဲ၊ ဒါက ရှ,ရှ မှာလဲ"





ပေါ်ဦး မျက်နှာတွင် ပြုံးစစ ဖြစ်သွား၏။ ခေါင်းကို အေးရ ပါးရ ညိတ်ပြီး

"ငါလဲဒါပဲ မေးတာပေါ့ကွ၊ သူတစ်ခါမှ တွဲတာ ပြူတာ မတွေ့ဘဲနဲ့"

"အေးလေ"

"ဒါပေမယ့် သူပြောတာ ဟုတ်တယ်ကွ၊ သူ့ရည်းစားက သူတို့ ရပ်ကွက်ထဲကတဲ့၊ ဆယ်တန်းကျပြီး နေခဲ့တဲ့အကောင်၊ အဲဒါ သူတို့ တော့ မော်လမြိုင်နဲ့ဒီ မှောင်ခိုကူးနေတယ်တဲ့၊ အဲဒါ သူတို့ ချင်းကလဲ ရှုံးမှာ တိတ်တိတ် လက်မှတ်ထိုးပြီးသား"

လောကကြီး၏ ရှုပ်ထွေးပွေလီပုံကို ကျွန်တော် တအံ့တသြ နားထောင်နေမိသည်။

"ဒါဖြင့်လဲ ဘာပြဿနာရှိလဲကွာ၊ ယူလိုက်ကြပေါ့"

"ယူလို့မဖြစ်တော့ဘူး"

အံ့သြစိတ်က ပိုတိုးသွားပြန်သည်။

"ဘာဖြစ်လို့လဲ"

"အဲဒီလူက ဘိန်းဖြူမှုနဲ့ ထောင် ငါးနှစ်ကျသွားပြီတဲ့"

"အဲ....အဲဒါမှ ဒုက္ခပဲ"

"အေး....အဲဒါကြောင့် မင်းဆီ ပြေးလာတာပေါ့"

ကျွန်တော့် ခန္ဓာကိုယ်တစ်ခုလုံး ဆတ်ခနဲတုန်သွားသည်။ သူ့ကို ဖျတ်ခနဲ စိုက်ကြည့်ရင်း

"ငါနဲ့ ဘာဆိုင်လို့လဲ"

သူက ဟက်ဟက်ပက်ပက် ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့တော့ ဘာမှ မဆိုင်ပါဘူး၊ မင်းကို အကူအညီ တောင်းမလို့တဲ့"

"ဘာ၊ ဒါတော့ ငါဘယ်လိုလုပ်ကူမလဲကွာ၊ ဒီခေတ်မှာ ဒီအမှုမျိုးက ဘယ်သူမှ တတ်နိုင်တာ မဟုတ်ဘူး"

ပေါဦးက ခေါင်းခါ၍

"ဒါပြောတာ မဟုတ်ဘူး၊ မဖြူရဲ့အရှက်ကို ကာကွယ်တဲ့ အနေနဲ့ မင်းက မဖြူကို လက်ထပ်ယူဖို့ပြောတာ"

"ဟာ ဘယ်ဖြစ်မလဲ"

"အေးလေ၊ ဒါတော့ မင်းသဘောပေါ့၊ မဖြူပြောတာက ဒါကြီးကို မဖြူဖျက်လို့ မပစ်ချင်ဘူးတဲ့၊ ရဲလဲကြောက်တယ်တဲ့၊ ဒီအတိုင်းလဲ မမွေးရဲဘူးတဲ့၊ မင်းကသာ ကူညီရင် သူ့ကို ဟန်ဆောင်အနေနဲ့ လက်ထပ်ပေးပါတဲ့၊ နာမည်ခံပေးပါတဲ့၊ ဒီကိစ္စ ပြီးပြီးချင်း သူ ကွာပေးပါ့မယ်တဲ့"

ကျွန်တော့်ခေါင်းထဲတွင် ငြင်းဆန်မှုများ ပေါ်လာ၍

"မဖြစ်နိုင်တာကွာ၊ ငါက အသားလွတ်ကြီး"

"ဒါတော့ မင်းသဘောလို့ ငါပြောပြီးပါပကော၊ သူပြောတာ ငါက ပြန်ပြောရတာ၊ ဒါပေမယ့် ငါ တစ်ခု စဉ်းစားမိတယ်"

"ဘယ်လိုလဲ"

"မင်းက လက်မခံဘူးဆိုရင် ဘာဖြစ်သွားမလဲဆိုတာ"

သူ့စကားကြောင့် ဖျတ်ခနဲ သတိဝင်သည်။ ဟုတ်သည်။ အကယ်၍ ကျွန်တော် လက်မခံဘူးဆိုလျှင် မဖြူဘာဖြစ်မည်နည်း၊ ပေါဦးက ဆက်ပြောသည်။





"မင်းတို့ ငါတို့လိုလူမျိုးထဲကတော့သူပြောသလို ဘယ်သူမှ …ာ မဟုတ်ဘူး၊ ရွှေပိတင်ယောက် ဒါမှမဟုတ် အေ့ဇာစ် …ာက်ကို အစာညီယူ၊ ပြီးတော့မှကွာ၊ ဟာ....ဒါလဲ သူ့ …ျိုးနဲ့ သူလုပ်ရမှာ မဟုတ်ဘူး၊ ပြီးတော့ တကယ်ယူရမှာ"

…နောက်တစ်လမ်းမှာ မတွေးရဲစရာလမ်း၊ အန္တရာယ်ထူပြော …လွှတ်သည့် လမ်း။

…ျွန်တော် တွေခနဲ ဖြစ်သွားသည်။

…ေါဦးက ကျွန်တော်မထင်သော စကားတစ်ခုကို လွှတ် …ပြော၏။

"အဲဒါပြီးတော့ ခင်လေးကပြောတယ်၊ တကယ်လို့ မင်း …ာကိုကူညီရင် မဖြူနဲ့ကွာပြီးတာနဲ့မင်းကို သူလက်ခံမယ်လို့ …ဘာယ်၊ သူ့သူငယ်ချင်းဘဝတော့ မနစ်မွန်းစေချင်ဘူး …သူ့သူငယ်ချင်းဒုက္ခမှာလဲ သူမကြည့်ရက်ဘူးတဲ့၊ မင်းလဲ မနစ် …ဝရပါဘူးတဲ့၊ အဲဒါပဲ ထွန်းဝေ၊ သူတို့က မင်းဆဘော …သိချင်တယ်တဲ့"

"ပေါဦး သူတို့ဘယ်မှာလဲ"

အတွေးအဆုံးတွင် ပေါဦးကို ဖျတ်ခနဲလှမ်းမေးလိုက်သည်။ …ါဦးက

"ဟာ....ငါပြောပြီးပါပကော၊ မန္တလေး ဆောင်ရှေ့က …ာင့်နေမယ်တဲ့"

ကျွန်တော့ ခြေလှမ်းများကို ချက်ချင်း ခပ်သွက်သွက် …မ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများသည် ယုဒသာန်ခန်းမဘေးမှ ကံ့ကော်ပင်များဆီ ရောက်သွား၏။

ကံ့ကော်ရွက်များသည် မီးလျှံကဲ့သို့ နီရဲပူပြင်းနေကြသည် တကား။

*



၉

"ပေါ်ဦးပြောတာ ဟုတ်သလား ခင်လေး"

လှုပ်ရှားနေသော စိတ်ကိုမနည်းထိန်း၍ မေးလိုက်ရသည်။ မဖြူကော ခင်လေးပါ ခေါင်းမဖော်၊ ခင်လေးက ငုံ့လျက်နှင့် ခေါင်းညိတ်၏။

"မဖြူကော....တကယ်ပဲလား"

မဖြူက ငုံ့ထားသော မျက်နှာကို လက်ဝါးဖြင့်အုပ်၍ သိမ့်ခနဲ တစ်ချက်ရှိုက်သည်။

ကျွန်တော့် ခေါင်းထဲတွင် လုပ်ရမည့်အလုပ်များကို ကမန်းကတမ်း တွေးသည်။ ယခုအချိန်တွင် ကျွန်တော့်စကားလုံးများကို တစ်ခြမ်းပင် အမှားမခံနိုင်။ လေသံကိုလည်း တတ်နိုင်သမျှ ညင်သာစေရန် စိတ်ကိုထိန်း၍—

"မဖြူ၊ ကျွန်တော်တစ်ခုမေးမယ်။ တကယ်လို့ ကျွန်တော်က မဖြူကို မကူညီဘူးဆိုပါတော့၊ မဖြူ ဘာလုပ်မလဲ"

မဖြူထံမှ ရှိုက်သံတစ်ချို့ ထွက်ပေါ်လာသည်။ ငုံ့လျက်နှင့်ပင် တုန်ခါသော အသံဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"မဖြူ မသိဘူး ကိုထွန်းဝေ၊ မဖြူ ရှက်လဲ ရှက်တ မဖြူ သိပ်မိုက်တာပဲ၊ အို....မဖြူ သေသွားရင် အေးမှာပ

ကျွန်တော် သက်ပြင်းကို မှုတ်ထုတ်လိုက်၏။

"မဟုတ်ဘူး မဖြူ၊ ပါတာဘတိပါတာကံရယ်၊ အဖန် ရာရယ် ကိစ္စကလဲ့ရင် မဖြူမှာ တခြားနည်း မရှိတော့ လား"

"မဖြူ မတွေးတတ်တော့ဘူး ကိုထွန်းဝေ၊ ရင်ထဲမှာ ရှ တာနဲ့၊ ကြောက်တာပဲ ရှိတယ်။ ကိုထွန်းဝေကိုလဲ မဖြူ ဒု မပေးချင်တော့ပါဘူး၊ မဖြူထိုက်နဲ့ မဖြူကံ ရှိပါစေတော့ မဖြူကိစ္စ မဖြူဘာသာပဲ ဖြစ်သလိုလုပ်လိုက်ပါတော့မယ်"

ကျွန်တော် အံကြိတ်လိုက်မိသည်။ ကျွန်တော့်ထံမှ ဘာသံမှ ပေါ်မလာသဖြင့် ခင်လေး ခေါင်းမော့လာ၏။ ခင်လေး မျက်နှာတွင် ရှက်စိတ်ကြောင့် ရဲနေ၏။

"မဖြူ ထင်ရာလုပ်သွားမှာ ကျွန်တော်စိုးရိမ်တယ် ကိုထွန်း ဝေ၊ ကိုထွန်းဝေ ဘာမှမနစ်နာစေရပါဘူး၊ ကိုပေါ်ဦးပြော ထားသလိုပါပဲ"

BURMESE CLASSIC .com

စိတ်ထဲမှာ ထောင်းခနဲ ဒေါသပြန့်ဝင်လာ၏။

ခင်လေးကို စေ့စေ့ကြည့်၍ ရင်ထဲမှ ဆုံးဖြတ်ချက် အခိုင်အမာ ချလိုက်သည်။

ကြိတ်ထားသော အံသွားနှစ်ခုကြားတွင် ခင်လေး ရော သွား၏။

*





ခမ်းနည်းပါတယ် ခင်လေး၊ ဒီပုံစံမျိုးနဲ့ ကျွန်တော် မကူညီနိုင်ပါဘူး"

ကျွန်တော့် မာကျော ခက်ထန်သော လေသံကြောင့် သားက တအံ့တသြ မော်ကြည့်သည်။ ပေါ်ဦးက ချာခနဲ တော့် ဘက်လှည့်၏။ မဖြူ ရှိုက်သံများ ရပ်သွားသည်။

"ဒီမှာ မဖြူ၊ ခင်ဗျား မငိုနဲ့တော့၊ ခင်ဗျားကို ကျွန် အစအဆုံး ကူညီပေးမယ်၊ အဲဒီလိုကူညီတာဟာ ဘယ် ကမှ သနားသဖြင့် မေတ္တာထားဖို့၊ အဖိုးအခအနေနဲ့ ခံဖို့၊ တန်ရာတန်ကြေးပေးတဲ့ မေတ္တာတရားနဲ့လဲယူဖို့ ခွ မဟုတ်ဘူး"

ဖြူ မျက်နှာ မော့လာ၏။ ခင်လေး ခေါင်းငုံ့သွား

"ကျွန်တော် လူတစ်ယောက် အနေနဲ့ ပြီးတော့ အစ်ကို ယောက် အနေနဲ့ ကူညီမယ်"

ဖြူ မျက်နှာလက်ကနဲ ဖြစ်သွား၏။ ကျွန်တော့် အကြည့် ခင်လေးဆီ ကူးသွားသည်။

"မခင်လေး၊ မခင်လေးကိုတော့ ပြောရမှာ အားနာ တယ်၊ ဒါပေမယ့် ကျွန်တော်ပြောစရာရှိတာကိုတော့ နား အောင် ပြောလိုက်ချင်တယ်၊ ကျွန်တော့် ဘဝမှာ မခင် ဟာ ပထမဆုံးနဲ့ နောက်ဆုံး ချစ်ရသူပါ၊ ဒီတစ်သက် မခင်လေးကလွဲလို့ ကျွန်တော် ဘယ်သူ့ကိုမှ ချစ်လဲမချစ် တော့ဘူး၊ ချစ်လဲ မချစ်တော့ပါဘူး၊ ကျွန်တော် အချစ် အားလုံး မခင်လေးကို ပုံပြီးပေးခဲ့ပြီးသားပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်စကားကို ခဏတန့်သည်။ ပြီးမှ ဆက်၍

"ဒါပေမယ့် မခင်လေးဆီက အချစ်ကို ကျွန်တော် မျိုးနဲ့ ဘယ်တော့မှ မယူဘူး မခင်လေး၊ မခင်လေ မသိထားရစေဘဲ မေတ္တာရဖို့ ဒုက္ခရောက်နေတဲ့ လူတစ်ယော ကိုအကူအညီပေးပြီး လဲလှယ်ယူရလောက်အောင် ကျွန် အောက်တန်းမကျပါဘူး"

ကျွန်တော်က အိတ်ထဲမှ ကျောင်းသားမှတ်ပုံတင်ကတ် လေးကို ထုတ်ယူလိုက်သည်။ ပလပ်စတစ် အစာထဲမှ ယောက် လက်မှတ်ထိုးထားသော ကံ့ကော်ရွက်လေးကိုယူ

"မခင်လေး လိုလိုချင်ချင်မရှိပဲ ကျွန်တော် မခင် ပတ်သက်ရင် ဆက်မဲ့ ပစ္စည်းလေး တစ်ခုတောင် ကျွန် မလိုချင်ပါဘူး၊ ရော့ မခင်လေး၊ ဒါ ကျွန်တော့် ဘ အမြတ်နိုးဆုံး ပစ္စည်းလေးပဲ၊ မခင်လေးပြန်ယူပါ"

ခင်လေး၏ မျက်လုံးအိမ်တွင် ဝဲနေသော မျက်ရည်မျာ တွေ့ရ၏။ သို့သော် သူ့ မျက်နှာမှာ ညှိုးရိပ်ဟူ၍ မျှတ မတွေ့။

"ကဲ... မဖြူ၊ ညီမလေး ဘာမှမပူနဲ့ အစ်ကို... မဖြူကို အဆုံးကူညီမယ်၊ ဘာလုပ်ရမလဲဆိုတာ ပေါ်ဦးဆီကို ပြော လိုက်၊ ခုတော့ အစ်ကို့ကို ခဏခွင့်ပြုအုံး"

မဖြူက ပြုံး၍ ခေါင်းညိတ်၏၊

"မခင်လေး ကျွန်တော် သွားမယ်"

ခင်လေးက ပြုံး၍ ခေါင်းညိတ်၏။





ကျွန်တော့် ရင်သည် ဟာင်းလင်းပွင့်ထွက်သွားခဲ့လေပြီ။ ဘာဆိုဘာမှ မရှိတော့။

*

"မနက်ဖြန်မနက် ကိုးနာရီမှာ မင်းနဲ့ မဖြူ ရုံးမှာ လက် ထိုးရမယ်၊ မင်းအိမ်ကိုတော့ လောလောဆယ် အသိ းနဲ့ အုံးပေါ့ကွာ၊ အကာအကွယ် သဘောမျိုးလေးပဲ ထားတာပဲဟာ၊ နောက်မှ ဖြေးဖြေး အသိပေးပေါ့"

အဆောင်ရှေ့တွင် ငေါင်၍ ထိုင်နေသော ကျွန်တော် ည် ပေါ်ဦး ပြန်လာသည်ကိုပင် မသိလိုက်။ ပေါ်ဦးက းတွင် လာထိုင်ပြီး လိုရင်းပြောချလိုက်မှ သူပြန်ရောက် မှန်း သိသည်။ ကိုယ့်ဘဝကိုလည်း ကိုယ်တိတိကျကျ သိ ၏။

"မင်းဘာဖြစ်နေလဲ ထွန်းဝေ၊ မင်း သိပ် နှောင်တ ရနေ း"

ပေါ်ဦး လေသံက မထီတထိ ရှိသလို ဖြစ်သွားသဖြင့် ကျွန် သူ့ ဘက် ဆတ်ခနဲလှည့်ပြီး

"အလုပ်တစ်ခုလုပ်ရင် ငါဘယ်တော့မှ နှောင်တ မရဘူး ဦး၊ မဖြူကို လက်ထပ်ပေးရတဲ့အတွက် နှောင်တရစရာ ဘာမှ မရှိဘူး"

"ဒါဖြင့် မင်းက ဘာဖြစ်လို့ မှိုင်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို တစ်ခုခုပြန်ပြောမည်ဟု လုပ်ပြီးမှ ကိုယ့်နှုတ်ကို ထိန်းလိုက်သည်။ ပြောရျလည်း ဘာထူးတော့မှာလဲ။

စကားလုံး အချို့သည် ရင်တွင်း၌ပင် နစ်မြုပ် ပျော ကွယ် သွား၏။

"ခင်လေးနဲ့ ငါ့အဝဟာ ဒီမှာတင်ပဲ ပြီးသွားပါ လား"

အောက်နှုတ်ခမ်းကို သွားဖြင့် ကိုက်လိုက်မိသည်။ တော် အကြည့်များသည် အဆောင်ရှေ့ ကံ့ကော်ပင်လေ ရောက်သွား၏။

အပင်ပေါ်တွင် ကံ့ကော်ပွင့်လေး တစ်ပွင့်။

သို့သော် ကျွန်တော့်အတွက် ဘာများ ထူးခြား မည်နည်း။

"မင်း ဘယ်လို ခံစား နေရတယ် ဆိုတာ ငါ သိပါ ထွန်းဝေ၊ မင်းကို ငါတစ်ခုပြောမယ်"

ကျွန်တော် သူ့စကားကို နားထောင်၏။ သို့သော အကြည့်ကို ကံ့ကော်ပွင့်လေးဆီမှ မခွာ။ အသိမဲ့ စကားတ အလိုလိုပြောလိုက်မိသည်။

"ဘာလဲ"

"မင်း....သိပ် စိတ်အနှောင့်အယှက်ဖြစ်နေရင် မဖြူကို လက်ထပ်လိုက်ရမလား၊ ပြီးတော့ ခင်လေးကို မင်း ကြိုးစားကြည့်ပေါ့"

ကျွန်တော် ဆတ်ခနဲ မတ်တတ်ထရပ်လိုက်သည်။





"တော်တော့ကွာ ပေါဦး၊ မင်း ဒီအကြောင်း ငါ့ကို ဘာမှ ထပ်မပြောနဲ့တော့၊ ငါ့အတွက်လဲ မင်း ဘာမှ စိတ် အပင်ပန်းခံပြီး တွေးမနေနဲ့၊ သွားကွာ ရေမိုးချိုးတော့"

ပေါဦးက ကျွန်တော့်ကိုစူးစူးစိုက်စိုက်လေး ကြည့်သည်။ ပြီးတော့ ပြုံးသည်။

"မင်း စိတ်ဓာတ်ကို ငါ အရမ်းချီးကျူးတယ် ထွန်းဝေ၊ ယုံပါနဲ့ကွာ၊ စိတ်ကောင်းရှိတဲ့လူဟာ ဘယ်တော့မှ စိတ်မဆင်း ရဲပါဘူး၊ မင်း ငါပြောတာ သေသေချာချာ မှတ်ထား၊ ငါပြောတာမှန်ရင် မင်း ငါ့ကို အရှည်ကြီးဆိုင်မှာ လက်ဖက် ရည် တစ်ခွက်တိုက်"

ကျွန်တော် သူ့ကို မချိပြုံးဖြင့် ခေါင်းညိတ်ပြလိုက်သည်။

ဘာအဓိပ္ပာယ်ကို ကျေနပ်သဘောတူကြောင်း ကိုယ့်ဟာ ကိုယ် ကောင်းကောင်း မဝေခွဲတတ်လိုက်။

*

တကိုတီအော်နေသော ပုဇဉ်းရင်ကွဲသံများကို အဆောင် အပေါ်ထပ်ကနေ ကြားနေရသည်။

တစ်ခါတစ်ခါ ပြည်လမ်းဘက်မှ ကားဟွန်းသံများကို ကြားရ၏။

အအေးငွေ့သည် မျက်နှာကို လာနမ်းသည်။

ဘယ်နှစ်ကြိမ်မြောက် ချမိမှန်းမသိသည့် သက်ပြင်းကို မှုတ် ထုတ်လိုက်ပြီး အခန်းတွင်းသို့ ပြန်ဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာပေါ်တွင် လှဲနေသော ပေါ်ဦးက

"ထွန်းဝေ၊ သီချင်းသွားဆိုရအောင်"

နောက်ကျိနေသော စိတ်ကြောင့် ငြင်းလိုက်မည် စိတ်ကူးသေးသည်။ သို့သော် ဒီအတိုင်း ထိုင်နေရတာထက်စာလျှင်ဒါလေးက စိတ်ပြေသက်ပျောက် ဖြစ်နိုင်သည် တွေးမိ၍—

"အေးကွာ...ကောင်းတယ်၊ ကျော်ညွန့်ကြီးလဲ သွားခေါ်မယ်၊ ဒီညတစ်ညလုံး တို့သီချင်း လျှောက်ဆိုရအောင် မအိပ်တော့ဘူး"

"ဖြစ်မသွားကွ၊ မနက်ကျ သွားရဦးမှာ"

"ဟေ့ကောင် ဖြစ်ဖြစ်–မဖြစ်ဖြစ် ရှည်မနေနဲ့၊ သွားမယ်ထ၊ ဒီည ဝအောင် ပျော်ပစ်မယ်"

"အမယ်...ငါ့သတို့သားက တယ်ဟုတ်ပါလား"

သူ့အပြောကြောင့် ကျွန်တော် ရယ်လိုက်၍

"ခွေးကောင်၊ ပေါက်ကရတွေ လာပြောမနေနဲ့၊ လုပ်—ထ သွားမယ်"

ပေါ်ဦးက ဟပျာကယာထ၍ သူ့လက်စွဲတော် အကော်ဒီယံကြီးကို ခုတင်အောက်မှ ဆွဲထုတ်သည်။ အငြိမ်မနေနိုင်သော ပါးစပ်ကလည်း

"ထွန်းဝေတို့များ တယ်ကံကောင်း၊ မိန်းမ ရတာတောင် အဆစ်ကလေးနဲ့၊ ဒီကြားထဲ နောက်တစ်ယောက်က ထပ်ဘုတ်ကင် လုပ်ထားသေးတယ်"

သူ ပြက်လုံးကို ကျွန်တော်ပင် ဟန်မဆောင်နိုင်အောင် ရယ်လိုက်မိသည်။





ခေါင်းထဲတွင် ဖြစ်ပျက်သမျှအကြောင်း အကောင်းချည်း တွေးတောသွားလိုက်ချင်သွားမယ်။ စိတ်အဆွေးတို့သည် ခေါင်းထဲသို့ ပြန်မလာခဲ့တော့။

နှစ်ယောက်သား အဆောင်ပေါ်မှဆင်းလာ၍ ကျော်ညွန့်အဆောင်ရှိရာ အရင်သွားသည်။ ကျော်ညွန့် ဘာမှန်းမသိ၊ ညာမှန်းမသိ ထလိုက်လာ၏။

အောက်ရောက်မှ သူက

"ဘာစိတ်ကူး ပေါက်သွားကြလို့လဲ၊ မိုးကြီးချုပ်မှ"

ပေါ်ဦးက ရယ်သံဖြင့် ဝင်ဖြေသည်။

"မေးမနေနဲ့၊ နက်ဖြန်ညနေကျရင် အားလုံးပြောပြမယ်၊ ဇာတ်လမ်းက ခုမှစတုန်း ရှိသေးတာ"

ကျော်ညွန့် ဘာမှ ထပ်မပြောတော့။ သုံးယောက်သား ...တီလမ်းအတိုင်း လျှောက်လာကြသည်။

အတန်ကြာ တိတ်ဆိတ်သွားခြင်းကို ပေါ်ဦးက စ၍ ဖြိုခွင်း...၏။

"ထွန်းဝေ၊ ကိုယ့်ဒူးကိုယ်ချွန် ဆိုမလား"

...ချင်ထဲမှာ ကျွန်ခန်း ဖြစ်သွား၏။ ပေါ်ဦးဘက် လှည့်ပြောရင်း

"ဟေ့ကောင် မင်းမရှုပ်နဲ့၊ ဟိုတုန်းကလဲ မင်းရှုပ်လို့ ဇာတ်လမ်း စတာ"

ပေါ်ဦးက အားရပါးရ ရယ်၍

"အေးပေါ့ကွာ၊ စထဲက ငါရှုပ်တဲ့ဇာတ်လမ်း၊ ပြီးတော့လဲ ငါပဲ ဖိတ်ပေးရမှာပေါ့၊ လုပ်ပါဆို"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခေါင်းခါလိုက်သည်။

"မဆိုချင်ဘူး ဟော့ကောင်၊ တခြားဟာ ဆိုမယ်၊ သတိရပြီ သုံးရာသီ တီး"

"ဘာလဲကွ၊ ခံစားချက်လေးလား"

"နောက်ဆုံး နှုတ်ဆက်ခြင်းပေါ့ကွာ"

ကျော်ညွန့်က ကျွန်တော်တို့ စကားများကို နား သဖြင့် တစ်ယောက်တစ်လှည့် ကြည့်သည်။ သူ ဘာမှမ ကျွန်တော် သီချင်းစဆိုဖြစ်သည်။ သည်တစ်ခါမှ ခံစားချ ပို့ပြည့်လာ၏။

"မောင်....မေ့နိုင်ဘူးကွဲ့ ခင့်ကို....လူတွေ နှစ်တွေပြော လေပို"

*



ညက တစ်ညလုံး မအိပ်သဖြင့် လက်တစ်နှိုက် ဖြစ်နေသော ကြောင်းများကို မှန်ထဲတွင် မြင်ရသည်။

ကျွန်တော်နှင့်အတူ အဝတ်အစားလဲရင်း ပေါဦးက

"ခင်လေးက မင်းကိုတွေ့ရင် ဘယ်လိုနေမလဲ မသိဘူး"

ကျွန်တော်က အံ့ဩစွာ လှည့်ကြည့်၍

"ဘာလဲ ခင်လေးပါ လိုက်မလို့လား"

"လိုက်မှာပေါ့ကွ၊ သူက သက်သေလုပ်မှာပဲ"

သူ့စကားကြောင့် ခဏမျှ ငိုင်သွားသည်။ ရင်ထဲမှလည်း

"အင်း....ဝ အောင် ရက်စက်လိုက်ပေါ့ ခင်လေးရယ်"

သို့သော် စိတ်ထဲတွင်ရှိနေကြ ယောကျ်ားမာန့်က ခေါင်း ထောင်လာသည်။ ကိုယ့်ဘက်က နောက်ဆုံးပိတ် ပြောချင်တာ လေးတွေ ပြောပြီးပြီ။ ဘာပြောပြော ကိုယ့်ဘက်က တွက်လျှင် သိပ် အရှုံးကြီးမဟုတ်။

"ကောင်းပါတယ်၊ ငါက လိုက်မှလိုက်ပါ့မလားလို့"

ပေါဦးက သဘောကျစွာ ရယ်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ကွာ ဒီလိုသဘောထားစမ်းပါ၊ ငါသော
လိုက်ရဲသေးတာ"

"မင်းနဲ့ ဘာဆိုင်လို့လဲ"

"ဟဲဟဲ လောကကြီးမှာ မဟင်တာတွေဖြစ်တတ်တယ်
စပ်ဖြဲဖြဲ ပုပ်နေသော ပေါဦးအား မမှိုမကန်း လှမ်း
လိုက်၍

"ခွေးမသား၊ ပေါက်တတ်ကရ လာမပြောမနေနဲ့
နဂိုထဲက စိတ်ကသိပ်ကောင်းတာ မဟုတ်ဘူး၊ ငါ့စိတ်
သိတယ်မဟုတ်လား"

ပြောကာမှ ပေါဦးက ပိုရယ်သည်။ အားရပါးရရယ်
"ငါသိပါတယ်၊ မင်းစိတ်က ငါ့ဘကြီးစိတ်မျိုး၊ ငါ့ဘ
က စိတ်ဆိုးရင် သူများနဲ့တူတာ မဟုတ်ဘူး၊ ဒါပေမယ့်
သာသွားရော တစ်ခါမှ စိတ်ဆိုးတာ မတွေ့လိုက်ရဘူး"

ကျွန်တော် ပြုံးလိုက်ပြီး သေတ္တာတည်းမှ တစ်ခုတည်း
သော တိုက်ပုံအင်္ကျီကို ထုတ်၍ ဝတ်လိုက်သည်။

"ဟ- တယ်ဟုတ်ပါလား၊ လက်ထပ်မယ့် သတို့သား
တယ် ကြက်သရေရှိတာပဲ၊ ရုပ် တစ်စက်မှမပျက်ဘူး၊ အိပ်
သလိုလေးပဲ"

"ခွေးမသား"

အူမြူးနေသော သူ့ကို ပက်ပက်စက်စက် ဆဲလိုက်မိသည်။
ထို့နောက် အင်္ကျီကော်လံကိုပြင်၍ တိုက်ပုံနေသားကျအောင်
ပြုသည်။ ထိုစဉ် နောက်ဘက်မှ 'ရှူး-ရှူး' ဆိုသော အသံကြား၍
လှည့်ကြည့်လိုက်သည်။





ကျွန်တော် လှည့်အကြည့်လိုက်၊ ကျွန်တော့် ရင်ဘတ်ကို
စောကအတိုင်း 'ရှူး-ရှူး' အသံပြု၍ ပေါဦးက ရေ
လှမ်းဆွတ်သည်။

"ဟ ဘာလုပ်တာလဲ"

"ဒဲ-ဟဲ သတို့သားဆိုတော့ ရေမွှေးလေး ဘာလေးဆွတ်
ပေါ့၊ ဒါမှမရရင် ဖွဲပြာလောင်းထည့်မယ်"

သည်တစ်ခါ သူ့ကိုဆဲလိုက်သည့်အသံကိုမူ ပြန်ပြောရန်
ငါ။

သို့သော် သူပြောသည်နှင့် ကျွန်တော့်ဖြစ်ရပ်မှာ ဘာ
ထူး၍ ခြားနားတော့ပါသနည်း။

*

ကားအနီလေးသည် ကျွန်တော်တို့ ရှေ့တွင် ထိုးရပ်သွား၏။

"ကိုပေါဦး နောက်ကို လာခဲ့ပါလား"

ခင်လေးက သူ့ဘက်မှ တံခါးဖွင့်၍ ပြောလိုက်သည်။
ကျွန်တော့် ရင်ထဲ မျက်ခနဲဖြစ်သွား၏။ သည်အတိုင်းဆို ကျွန်
တော် တစ်ယောက်တည်း ရှေ့မှာထိုင်ပေါ့။

ကျွန်တော် ကားတံခါးကို ခပ်ဆတ်ဆတ်ဖွင့်၍ ရှေ့ခန်း
တွင် ဝင်လိုက်သည်။ အံကို မသိမသာကြိတ်ထားလိုက်၏။
ကားထဲ ဝင်ထိုင်လိုက်ပြီး ချက်ချင်းပင် နောက်ကြည့်မှန်မှ
ပေါဦးဆီ လှမ်းကြည့်သည်။ ပေါဦးက စပ်ဖြဲဖြဲနှင့် မျက်စိ
မှိတ်ပြ၏။ သူ့ဘေးတွင် ခင်လေး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နောက်ကို လုံးဝ လှည့်မကြည့်။ တရိပ်ရိပ်ပြေ နေသော ကားအောက်သို့ ပြေး၍ဝင်လာသည့် ကတ္တရာလမ်း နက်ကျောကျောကိုသာ စိုက်ကြည့်နေမိသည်။

"ဟေ့ ကောင်၊ ရော့"

မခိုးကိုဖုတ်ပြီး ပြောလိုက်သော ပေါ်ဦး စကားကြော မသိမသာလေး ငဲ့ကြည့်လိုက်သည်။

ဒူးယားတစ်ဘူး ဖွင့်လျက်

ကျွန်တော် လက်ပြန်လှမ်းယူလိုက်ပြီး ကားမောင်းသူ တစ်လိပ်ပေး၍ ကျွန်တော်တစ်လိပ် မီးညှိသောက်သည်။

အဆင်တော့ ပြေသွားသည်။ မငြိမ်သောစိတ်ကို လမ်း ထားစရာလေးတစ်ခု ရထားပြီ။

"ကိုထွေး၊ တိရစ္ဆာန်ရုံကို မောင်း"

ခင်လေး၏အသံ ပေါ်လာသည်။ အံ့သြသွားသလိုဖြစ်သွ သော်လည်း နောက်မှ သတိရသည်။ သည်ကိစ္စအတွက် သူ သည် ကားကို သုံးချင်မှ သုံးပေမည်။ ညာတာပါတော့နှ ကားကို တိရစ္ဆာန်ရုံသို့ အထွက် ပြကောင်း ပြထားမည် ထင်၏။

ကျွန်တော် ဆေးလိပ်သာ မဲဖွာနေတော့သည်။ သူ ဘာသ သူ တိရစ္ဆာန်ရုံမကလို့ အရှေးထောင်သွားပြပြ ကိုယ်နှင့်မဆိုင် ခပ်နာနာလေး တွေးလိုက်မိသည်။

တိရစ္ဆာန်ရုံရှေ့ ကားရပ်သောအခါ လေးယောက်သား ဆင်းသည်။

"တစ်ခုခု ဝင်စားရရင် ကောင်းမယ်"





ဖြူအသံကို ခုမှ စကြားရသည်။ ကျွန်တော် ဘာမှမပြော။ ...းမှ အစွန်းကွာနေသော တံဆိပ်ဖတ်ကလေးကို စူးစိုက် ...နေလိုက်သည်။

...ရစ္ဆာန်ရုံတွင်း ရောက်သောအခါ မဖြူနှင့် ပေါ်ဦးက ...သွားသည်။ ခင်လေးက နောက်ချန်နေခဲ့၍ ကျွန်တော့် ...ပလာပြီး

"ခင်လေးကို စိတ်ဆိုးနေလား ကိုထွန်းဝေ"

...န်တော်သည် မျက်နှာကို ခုမှ သေချာကြည့်သည်။ သူ့ ...ာတွင် ပါးချိုင့်ရိပ်ရိပ်ထင်သော အပြုံးနှင့်

"ကျွန်တော် ခင်လေးကို စိတ်ဆိုးစရာ အကြောင်းမရှိဘူး ...တယ် ခင်လေး"

"မဟုတ်ဘူးလေ၊ ကိုထွန်းဝေ မျက်နှာမကောင်းလို့"

"မဖြူကိစ္စကြောင့် မဟုတ်ပါဘူး"

...ရယ်လိုက်သလား ကျွန်တော်မသိ။ သို့သော် အသံမှု ...ပ်ကိုမူ ကျွန်တော် ဖမ်းမိသည်။

"ဒါဖြင့် ခင်လေးကိစ္စကြောင့်ပေါ့"

ကျွန်တော် ဘာမှပြန်မဖြေ။ ဆိတ်ဆိတ်နေ ဝန်ခံ ဆိုသော ...းကို သူမှမဟုတ် ကလေးလေးပင် ကြားဖူးလိမ့်မည်ဟု ...လိုက်သည်။

"အဲဒါတော့ ကိုထွန်းဝေက သက်သက် စိတ်ဒုက္ခခံတာပဲ ...ကိုပေါ်ဦး မနေ့က ပြောတာကို ကိုထွန်းဝေမှ သဘော ...သဲ"



www.burmeseclassic.com

www.burmeseclassic.com



မဖြူကို ကူညီလျှင် သူ လက်ခံမည်ဆိုသော စကား
ညွှန်းသည်ထင်၏။ ကျွန်တော် ချာခနဲ သူ့ကို လှည့်
လိုက်ပြီး

"ကျွန်တော် မခင်လေးဆီက ဒီလိုမျိုး မေတ္တာကို
တော် မလိုချင်ဘူး"

သူရယ်သည်မှာ တကယ်ဖြင့်ကြောင်း တိတိကျကျ
သည်။

"အင်းလေ....ကိုထွန်းဝေ မလိုချင်တာတော့ မ
ဘူးပေါ့"

ကျွန်တော် အံ့ကို ကြိတ်မိသည်။ သို့သော် ဘာမှ
မပြောဖြစ်တော့။

တိရစ္ဆာန်ရုံအလယ် စားသောက် ဆိုင် က လေးရှေ့
ရောက်လာပြီ ဖြစ်သည်။

*

"ထိုင်ကွာ....ထွန်းဝေ၊ ဘာစားမလဲ"

ကျွန်တော် ခေါင်းခါသည်။ မျက်မှောင်ကတော့ ကျုံ့
မိဆဲ။

"စားပါ....ကိုထွန်းဝေ၊ ရင်အေးသွားအောင် လိ
ရည် သောက်ပါလား"

မဖြူက အပြုံးဖြင့် ဝင်ပြော၏။

သူတို့ကြားတွင် ကျွန်တော် ဘယ်လို သတ္တဝါမျိုး ဖြ
မှန်း ကိုယ့်ကိုကိုယ် မသိ။ ရုပ်မားအားလုံးကို တစက်မှ





င်။ စကားများအားလုံးကို တလုံးမှ နားမထောင်ချင်
တော့။ ဘာလဲ ရင်အေးသွားအောင် ဆိုတာ။

"ကဲပါ မှာလိုက်ပါ၊ လိမ္မော်ရည် လေးပုလင်းနဲ့ ကိတ်
"

ခင်လေးက ဆတ်တောက်တောက် လေသံဖြင့် ဝင်ပြော
ည်။ ပေါ်ဦး ကပျာကယာထ၍ သွားသည်။ ကျွန်တော်
နောက်က ကပ်လိုက်လာခဲ့၏။ သည်နေရာမှ ကိုယ်တိုင်ယူ
စ်ကြောင့်တော့ ဟုတ်မည် မထင်။

ကိတ်မုန့်နှင့် လိမ္မော်ရည် ပုလင်းများ ယူလာ၍ အားလုံး
းထိုင်မိသောအခါ မဖြူက စာရွက်နှစ်ရွက်ကို ပေါ်ဦး
ား ပေးသည်။ မဖြူ ကမ်းပေးလိုက်သော စာရွက်နှစ်ရွက်ကို
ါ်ဦးက ယူ၍ အသေအချာ ကြည့်သည်။

ပြုံးသွားသော မျက်နှာကို ရုတ်ချည်း တည်ပစ်၍ ဟန်လုပ်
ားသော မျက်နှာငယ်။ ဆိုသာနေသော အားနာသံဖြင့်

"စာချုပ်လေး ဖတ်ကြည့်ပါအုံး ထွန်းဝေ"

ကျွန်တော် သူ့ကို ဘုကြည့်လှမ်းကြည့်ပြီး ခေါင်းခါပြ
ိုက်၏။

"ကြည့်လိုက်ပါ ကိုထွန်းဝေ၊ အကျိုးအကြောင်း သိရ
တော့ ပိုကောင်းတာပေါ့"

မဖြူ စကားကြောင့် စာရွက်ကို စိတ်မပါလက်မပါ လှမ်း
လိုက်သည်။

စာချုပ်တံဆိပ်ခေါင်းပါ စက္ကူနှစ်ရွက်။

F. 15



www.burmeseclassic.com

www.burmeseclassic.com



လေးခေါက် ချိုးထားသော စက္ကူကို ဖြန့်ကြည့် လိုက်သည်၊ ငါးကျပ်တန် စာချုပ်ခေါင်းကို အရင်ဖတ်မိသည်။

လက်နှိပ်စက်နှင့် ရိုက်ထားသော စာတမ်းက

"နှစ်ဦးသဘောတူ ထိမ်းမြား လက်ထပ်မင်္ဂလာ သစ္စာ လက်ထပ်စာချုပ်" လျှောက်လွှာစာရေးသုံး လက်နှိပ်စက်ဖြင့် ရိုက်ထားသဖြင့် စာလုံးများက သိပ်မပြတ်သားချင်။

သတို့သားအမည်....

ကျွန်တော့် မျက်လုံးများ ပြူးကျယ်သွား၏။

သတို့သမီးအမည်... မဖြူဖြူနိုင်။

ကျွန်တော် ဆတ်ခနဲ မော့ကြည့်လိုက်၏။ မျက်မှောင်ကျုံ့ထားခြင်းသည် ပို၍ စုသွားသည်၊ ပေါဦး၏ ရယ်ကျဲကျဲ မျက်နှာကို တွေ့ရ၏။

"အဲဒါ ဘာလုပ်တာလဲ ပေါဦး"

"အောက်ဆုံးက စာတမ်းကို ဖတ်ကြည့်ပါအုံး၊ ထွန်းဝေ"

ကျွန်တော့် မျက်လုံးများ စာချုပ် ၏ အောက်ဘက်သို့ ရောက်သွားသည်။ အထက်ပါ လက်ထပ်စာချုပ်ကို ကမာရွတ် မြို့နယ် တရားရုံးရှေ့၌ (၁၀-၁၂-၇၁) နေ့တွင် အမည်ပါ သတို့သားနှင့် သတို့သမီး အသီးသီးတို့ လက်မှတ်ရေးထိုး သ ပြု လက်ထပ်ကြပါသည်။

ထိုစာတမ်း၏ အပေါ်ဘက်တွင် လက်မှတ်နှစ်ခု။

တစ်ဘက်က မောင်ပေါဦး- သူ့အောက်က သတို့သား လက်မှတ်။





ကျန်တစ်ဘက်က မဖြူဖြူနိုင်၊ သတို့သမီးလက်မှတ်ဆိုသော စာတမ်းကို တွေ့ရ၏။

နေ့စွဲ၏ ထူးခြားမှုကို ချက်ချင်း သတိထားမိသည်။ ကျောင်းပိတ်ရက်ထဲတုန်းကပါလား။

"ရှင်းပြီလား ထွန်းဝေ"

ကျွန်တော် သူတို့မျက်နှာများကို တစ်လှည့်စီ ကြည့်လိုက်သည်။

အားလုံး၏ မျက်နှာများက ပြုံးနေသည်။

ကျွန်တော့်မှာ သူတို့ကြားထဲတွင် အရူး တစ်ယောက်လို ဖြစ်နေ၏။ အံ့ဩလွန်းသဖြင့် ဘာပြောရမှန်း မသိ။

ပေါဦးက ရယ်၍

"ခင်လေးက ငါ့ညီမ ထွန်းဝေ၊ ရန်ကုန်က ငါ့အဒေါ်အိမ်ဆိုတာ ခင်လေးတို့အမေအိမ်ပဲ၊ မင်း ငါ့ကို တစ်ခါမြူနဲ့ ပြောတုန်းက ငါပြောခဲ့တဲ့ ငါ့မှာ တစ်ခြားကိစ္စ ရှိတယ် ဆိုတာ အဲဒီကိစ္စပဲ"

"ဒါဖြင့်"

စကားအဆုံးသတ်မိသော်လည်း မျက်နှာပေါ်တွင်ပြုံးရိပ် တစ်ခု ဝင်သွားမှန်း ကိုယ့်ကိုကိုယ် သိလိုက်၏။

"တို့အားလုံး ပေါင်းပြီး မင်းစိတ်ကို စမ်းလိုက်ကြတာပဲ ထွန်းဝေ"

ကျွန်တော့်စိတ်ထဲ မကျေမနပ် ဖြစ်သွားသဖြင့်

"ဟာကွာ၊ မင်းတို့လုပ်တာ မဟုတ်ဘူး၊ ငါ့ကို အရူးလုပ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ဦးက ရယ်၍

"ဘာလဲထွန်းဝေ၊ မကျေနပ်ဘူးလား၊ မင်းက မဖြူ တစ်ကိုယ်လက်ထပ်ရမှ ကျေနပ်မှာလား၊ သူငယ်ချင်း ဒု-သ- သော နော်"

"ဟာ....ငါ အဲဒါပြောတာ မဟုတ်ဘူး"

"ဒါဖြင့် ဘာပြောတာလဲ ကိုထွန်းဝေ"

ခင်လေးက သဘောကျစွာ လှမ်းမေးရင်း ရယ်သည်။

"ဟော-ဒီထဲမှာ ခင်လေးကလဲကောင်းကောင်းအိုက်တ ကောင်းခဲ့တာပေါ့"

"အမယ် အိုက်တင် ကောင်းတာ မဟုတ်ဘူး၊ တ လုပ်ကြည့်နေတာ"

ကျွန်တော် သူ့စကားကို နားမလည်။

"ဘယ်လို ခင်လေး"

"ဩော်....တကယ် လုပ်ကြည့်တာပါလို့၊ ခုအတိုင်း ကိုထွန်းဝေ မလုပ်ရင် ခင်လေး ကိုထွန်းဝေကို စိတ်က တောင် မထည့်ဘူး"

ရင်ထဲမှ ဝမ်းသာမှုအဟုန်သည် ဆောင့်တက်လာ၏။

"ဟင်..ဒါဖြင့် ခုတော့ကော ခင်လေး"

ခင်လေးက တခစ်ခစ်ရယ်၍

"စောစောထဲကပြောသားပဲ၊ မဖြူကိုကူညီရင် ခင်လေး လက်ခံပါမယ်လို့၊ ဒါပေမယ့် ကိုထွန်းဝေက မလိုချင် ဆိုတော့"

ကျွန်တော်ထိုင်နေရာမှ ဝုန်းခနဲထ၍





"ဟာ....ဒီလိုတော့ လိုချင်တာပေါ့ ခင်လေးရာ၊ ဘယ်ရ လဲ"

အပျော်ကြောင့် လစ်သွားသော သတိဖြင့် သူ့ဆီပြေး သွားရန်မြင်သည်။

"ဟိုး....ဟိုး....ဆရာ၊ ဒီမှာ သူ့အစ်ကို တစ်ယောက်လုံး ဘရာ့ရှေ့မှာ ရှိနေပါတယ်၊ အနေအထိုင် ဆင်ခြင်ပါ"

ပေါ်ဦးက အလန့်တကြား ထအော်၏။

"ဟေ့ ကောင် ယောက်ဖ၊ မင်းဘာမှ ဝင်မရှုပ်နဲ့"

"အို...."

ခင်လေး ကပျာကယာ ခေါင်းငုံ့၏။

"ဟာ....ခွေးမသား"

ပေါ်ဦးက မျက်နှာရဲရဲနှင့် လှမ်းဆဲ၏။

မဖြူက တခစ်ခစ်ရယ်၏။

"ကဲ....မှတ်ပြီလား"

ကျွန်တော် ကျေကျေနပ်နပ်ကြီးပြော၍ ကုလားထိုင်ပေါ် ပြန်ထိုင်လိုက်သည်။

"သွားစမ်းပါ၊ ဘာမှန်းလဲ မသိဘူး"

ခင်လေးဆီမှ ချစ်စဖွယ်မျက်စောင်းနှင့်အတူ ကမ္ဘာပေါ် တွင် ချစ်စရာအကောင်းဆုံး အသံလေးတစ်ခု ကြားလိုက်ရ၏။ အားလုံး၏ ရယ်သံများ ဝိုင်းထဲတွင် ဝေဝေဆာသွား၏။ စားပွဲခုံစောင်းကြီးကို ဟီးဟီးဆိုပြီး ကိုက်စားလိုက်ခ်င် စိတ် ပေါက်လာပြီ။ ဟေး....

✲



www.burmeseclassic.com

www.burmeseclassic.com

၄။

စိမ်းလမ်းသော သစ်ရွက်များနှင့်ပန်းပွင့်ရောင်စုံလေးမျာ[း]
၏ အလှနှင့်ငြိမ်းချမ်းမှုကို ပြည့်ပြည့်ဝဝ ခံစားနေရသည်။

အနောင်အဖွဲ့ အတွင်းတွင် ရှိသော်လည်း လွတ်လပ်[စွာ]
သော ငှက်ကလေးများ၏ တေးသံကို လုံးစေ့ပတ်စေ့ နား
ထောင်၍ ရလာသည်။

"မင်းတို့ ဒီမှာ အေးအေး ဆေးဆေး စကားပြောချ[င်]
ပြောနေကြဦးလေ၊ တို့ဟိုဘက် လျှောက်ကြည့်ဦးမယ်"

ပေါဦးထွင်လိုက်သော လမ်းကိုမြင်သည်။ သို့သော်အ[ပြ]
အတိုင်းမဝင်။ အလိုက်သင့်စွာဝင်၍

"သွားလော တို့ ဒီနားမှာပဲ ရှိနေမယ်"

ကျွန်တော်က သူ့ကိုအားနာ၍ ပြေပြေပြစ်ပြစ် ဝင်သော်
လည်း သူ့ဗီဇက ငြိမ်မနေ၊ ထလှုပ်၏။

"ဒီနားမှာနေတာတော့ ဟုတ်ပါတယ်၊ ငါ့ညီမကို ငါဝိ[တ်]
ချလက်ချ ထားခဲ့လို့ဖြစ်ပါ့မလားကွာ"

"အို...ကိုပေါဦးကလဲ"





ခင်လေးမျက်နှာတွင်ပန်းရောင်သွေးလေးတစ်ခု လျှပ်တိုက်
ပြေးသည်။

"ကဲ...ပေါဦး၊ သွားတော့ကွာ၊ မင်း တောင်ပြော
မြောက်ပြောတွေ လုပ်မသွားနဲ့"

ခင်လေးဘက်က ဝင်၍ ရပ်ပေးသည်ကို ပေါဦးက မကြည်
သင်ဟန်လုပ်၍ မဖြူကို လက်တို့ထွက်သွား၏။

ကျွန်တော့်ရင်ထဲ တလှပ်လှပ်ခုန်လာသည်။

ခင်လေး၏ငုံ့နေသော မျက်နှာသည်လည်း ပြန်မော့မလာ
တော့။

မနီးမဝေး သစ်ပင်ရိပ်တွင် ခုံတန်းလျားလေးတစ်ခုကိုတွေ့
သည်။

"ခင်လေး၊ ဟိုမှာသွားထိုင်ရအောင်"

ခင်လေးက ကျွန်တော့ကို မဝံ့တဝံ့ မျက်လွှာ ပင့်ကြည့်
သည်။ ဘာမှတော့မပြော။ ခြေလှမ်းများကို ထိုင်ခုံဆီ
ဦးတည်၏။

သူက ခုံတဘက်စွန်းတွင် ဝင်ထိုင်သည်။ ကျွန်တော် သူနှင့်
အနီးဆုံးဝင်ထိုင်၏။ သူ့ဆီမှ လေသံတုန်ရီရီ ခပ်တိုးတိုးပေါ်
လာ၏။

"အို...ဟိုဘက်တိုးပါဦး"

"ဟင့်အင်း...မတိုးဘူး"

ဒေါသကင်းသော မျက်စောင်းလေးတစ်ခု ရောက်လာ[၏]

"တိုးပါ ကိုထွန်းဝေရယ်၊ လူတွေမြင်ရင် မကောင်းပါ
ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကရယ်၍ မသိမသာ ခွာပေးလိုက်ပြီး

"လူတွေမြင်တော့ ဘာဖြစ်လဲ ခင်လေး၊ ခင်လေးနဲ့ ကျွန်တော်က အရင်လိုမှ မဟုတ်တော့တာ"

"အမယ်....အရင်လိုပါပဲနော်"

သူက ပက်ခနဲ ပြန်ပြောလိုက်သော်လည်း အကြည့် ကျွန်တော့်ထံမရောက်ရဲ။ မျက်နှာမှာ အပြုံးစထင်သည်။

"ဘယ်လို၊ ကျွန်တော့ကို အရမ်းချစ်တာပဲ၊ ဟုတ်လား ခင်လေး၊ ဝမ်းသာလိုက်တာဗျာ"

ချစ်စရာကောင်းသော မျက်နှာလေးကိုတွေ့လိုက်ရသည်။ မျက်နှာကို တမင်လှဲလိုက်ရင်း....

"သွားစမ်းပါ၊ ဘာမှန်းလဲမသိဘူး ဘာတွေလာပြောနေတာလဲ"

"ခင်လေးချစ်သလို ကျွန်တော်လဲ ချစ်တာပါပဲ ခင်လေးရာ၊ ကျွန်တော့ကို စိတ်မချမဖြစ်ပါနဲ့၊ တစ်သက်လုံး အိုအောင်မင်းအောင် သားတွေ သမီးတွေ တစ်ဒါဇင်"

"ဟေး....ပေါက်ကရတွေ မပြောနဲ့ကွာ၊ ခင်လေး ရှက်တယ်"

သူ ကျွန်တော့်ပါးစပ်ကို ကမန်းကတမ်း လှမ်းပိတ်သည်။ မျက်နှာ ကျွန်တော့်ဘက် လှည့်လာ၏။ ရှက်ပြုံးကို မြင်ရသည်။

ကျွန်တော့်ပါးစပ်ဆီ ရောက်လာသော သူ့လက်ကို ဖမ်းဆွဲထားလိုက်ပြီး

"ကဲ....ကျွန်တော် စကားအကောင်း ပြောမယ်နော်၊ မနောက်တော့ဘူး၊ ခင်လေး ကျွန်တော့်ကို မှန်မှန်ဖြေ"





သူက ချစ်စဖွယ်ပြုံး၍ ခေါင်းညိတ်ပြ၏။ ရင်ထဲမှာ ငြိမ်းသွားသည်။ တကယ်တော့ သည်အပြုံး၊ သည်အမူအရာများသည် ကျွန်တော့်ဘဝတွင် ဘယ်သောအခါမှ ပြန်ညီရရှိတော့မည်မဟုတ်ဟု ကြေကွဲစွာ တွေးခဲ့ရသော အရာများပင်။ သည်မက်မက်မောမော တောင့်တခဲ့ရသော အားလေးများ ကွယ်ပျောက်သွားမည်ကို အရင်ကထက် ပိုစိုးသာသည်။

"ခင်လေး ကျွန်တော့်ကို ချစ်တယ်နော်"

"အို"

သူက တဖျာကယာ ခေါင်းငုံ့ပစ်သည်။

"ပြောပါခင်လေးရယ်၊ ကျွန်တော်လေ ခင်လေးကို သိပ်ချစ်ခဲ့ရပါတယ်၊ သိပ်ချစ်သိပ်တမ်းတနေတဲ့အချိန်မှာ ခင်လေး မေတ္တာကို ကျွန်တော် ဆုံးရှုံးပြီဆိုတာ သိလိုက်ရတော့ ကျွန်တော် ဘယ်လိုပြောရမှန်းမသိတဲ့ ခံစားမှုမျိုးနဲ့ ကြေကွဲဝမ်းနည်းခဲ့ရပါတယ်၊ ခင်လေးနဲ့ ဝေးရပြီလို့ ခံစားလိုက်ရတဲ့ အချိန်တိုင်းမှာ ကျွန်တော့်အတွက် လောကကြီးဟာ ဘာမှ အဓိပ္ပာယ်မရှိသလို ဖြစ်သွားတယ်"

သူ့ မျက်နှာ မသိမသာ ပြန်မော့သည်။ ကျွန်တော့်ကို မရဲတရဲကြည့်သည်။

"ခုတော့ကော"

သူ့ အမေး၊ သူ့ လေသံ၊ သူ့ အမူအရာကို အလုံးစုံ ပြည့်ဝအောင် ကျွန်တော်ပြောမပြတတ်။ သို့သော် ကျွန်တော့်ရင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ခုလုံးကို ဆွဲလှုပ်ရှားပစ်နိုင်သော စွမ်းအင် အပြည့်ရှိသည် တော့ ကျွန်တော်သိလိုက်၏၊ ကျွန်တော်ပြုံးလိုက်ပြီး

"ခုတော့ သိန်းဆုဆယ်ကုဋေလောက် ပေါက်တဲ့ သူ တောင် ဝမ်းသာရတာပေါ့ ခင်လေးရယ်၊ ဒါပေ အရေးအကြီးဆုံးတစ်ခု လိုနေသလိုပဲ"

သူ့မျက်လုံးများ ဝိုင်းစက်သွားသည်။ အံ့ဩမှုကို ချစ် ကောင်းအောင် ဖော်ပြနိုင်သော အတုမရှိသည့် အမူ လေး။

"ဘာလိုလို့လဲ ကိုထွန်းဝေရဲ့"

"ခင်လေးက ကျွန်တော့်ကို ချစ်တယ်လို့မှမပြောသေး"

"ပြောစရာလိုသေးလို့လား ရှင်ရယ်"

မျက်လုံးချင်း ခဏလေးဆုံသည်။ သည် ခဏ လေး ခင်လေး၏ မျက်ဝန်း၌ စကားလုံးပေါင်း ကုဋေ ကု တွေ့ရ၏။

ကျွန်တော် ရယ်လိုက်သည်။ အပျော်လေးများ ဝင်လာ

"လိုတာပေါ့ ခင်လေးရယ်၊ခင်လေးမပြောရင် ကျွန်တေ ဘယ်လိုလုပ်သိမလဲ၊ ခင်လေးက ကျွန်တော့ကို ချစ်မှန်းမ မချစ်မှန်းမသိ"

လွတ်လပ်ပွင့်လင်းသော အရယ်လေးဖြင့် သူပြောသည်။

"မချစ်ပါဘူးဆို...ပြောပြီးပြီပဲ"

ကျွန်တော် ဖျတ်ခနဲ လှုပ်ရှားလိုက်သည်။

"ဟော့"





သူ့ လှမ်းတားလိုက်သော်လည်း မမီတော့။ လျင်မြန်သော ကျွန်တော့်လှုပ်ရှားမှုအဆုံး ခင်လေးသည် ကျွန်တော့်ရင်ခွင် ရောက်နေ၏။ သူ ကပျာကယာ ရုန်းထ၏။

"လွှတ်ပါ....ကိုထွန်းဝေရယ်....လွှတ်စမ်းပါ၊လူတွေမြင်ကုန် မှမယ်"

"မလွှတ်ဘူး ခင်လေး၊ ခင်လေး ကျွန်တော့်ကို အဖြေပေး သေးရင် လွှတ်မယ်"

"ဟင့်အင်းကွယ်၊ သူ သိပြီးသားပဲ ဥစ္စာ၊ ခင်လေး ရှက် တယ်"

နွေးထွေးသော အတွေးနှင့်အတူ ကျွန်တော့ရင် တဆတ် ဆတ် တုန်လာသည်။ သွေးများလည်း ဆူလာသည်။

"ရှက်ရင်ပြော၊မပြောရင် ထပ်သက်လုံး မလွှတ်တော့ဘူး"

"လွှတ်ပါကွယ်။ လူမြင်ကွင်းကြီးထဲမှာ သူသိပ်ကဲတာပဲ"

ကျွန်တော့ အတွေးအပွေ့ သည် ပို၍ တင်းကျပ်လာသည်။ ကျွန်တော့အသံသည် မသိမသာ တုန်ရင်လာ၏။

"ကဲ မပြောဘူးလား ခင်လေး၊ကျွန်တော့စိတ်တွေဖောက် ပြန်လာပြီနော်၊ မပြောရင် ဖက်နမ်းမှာပဲ"

"ဟော့....မလုပ်နဲ့ မလုပ်နဲ့၊ ပြောမယ်....ပြောမယ်"

သူ့ အသံသည်လည်း သိသိသာသာ တုန်ရင်လှုပ်ရှားနေ၏။

"ကဲ....ပြော"

သူ ကျွန်တော့မျက်နှာကို စေ့စေ့ကြည့်သည်။ ကျွန်တော် ရှန်းရှန်းစားစားကြည့်နေသော အကြည့်ကြောင့် ကျွန်တော့ ရင်တွင် မျက်နှာဝှက်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



''ချစ်တယ်....ချစ်တယ်....ကဲလွှတ်''

ကျွန်တော် သူ့မျက်နှာကို ညင်သာစွာ မငဲ့မလိုက်ရင်း

''တကယ်နော် ခင်လေး၊ တကယ် ချစ်တယ်နော်''

မျက်နှာနှစ်ခုသည် နီးကပ်လာ၏။

သူ့မျက်နှာတွင် အနိုပ်ခလေးတစ်မျိုးကို တွေ့ရသည်။ မှာ မောဟိုက်သံပါလာ၏။

''ချစ်ပါတယ်လို့ ပြောပြီးပြီပဲကွယ်''

''ကိုယ် ခင်လေးကို သိပ်ချစ်တယ်ကွယ်''

ကျွန်တော့မျက်နှာသည် ဆတ်ခနဲ တိုးကပ်သွား၏။ သူ့ ညင်သာသော ညည်းသံလေး ကြားလိုက်ရသည်။

ခရမ်းပြာရောင် ထိကရုံးပွင့်လေးများသည် မျက်နှာ သွားကြ၏။

သစ်ရွက်စိမ်းလေးများသည် မမြင်ဟန်ပြုလိုက်၏။

လေပြေလေညှင်းများသည်ပင် ကျွန်တော်တို့ နှစ်ယော အကြားမှ ဖြတ်သွား၍ မရတော့။

ချစ်တယ်....ခင်လေးရယ်။

*



''ကဲ....မှတ်ထား၊ ကဲဦး....ကဲဦး''

တပြုံးပြုံးထ၍ ခင်လေးက ကျွန်တော့်ရင်ခွင်ထဲမှ ရုန်း သည်။

ကျွန်တော်ရယ်၍ လွှတ်ပေးလိုက်၏။

''လူတွေတော့ မြင်သွားပလား မသိဘူး''

သူက ကပျာကသီ ပတ်ဝန်းကျင်ကို စူးစမ်း၏။ ကျွန်တော် သူ့နောက်ဘက်ကိုကြည့်၍ မျက်လုံးပြူးပြီး

''ဟာ....ဒုက္ခပဲ၊ ဟိုမှာ ကြည့်နေတယ်''

''ဟင်....ဘယ်သူလဲ''

သူက ချာကနဲ လှည့်ကြည့်၏၊ သူ့အကြည့်တွင် ဘာမှမတွေ့ သဖြင့်

''ဘယ်မှာလဲ–ဆို''

''ဟိုမှာလေ''

ကျွန်တော်ပြသည့်နေရာ သစ်ကိုင်းပေါ်တွင် ငှက် တစ်ကောင်သည် ငုတ်တုတ်လေး ထိုင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



“အို—ဘာမှန်းလဲ မသိဘူး၊ ခင်လေးက အစ်ကိုတို့မှ
ပြန်လာလို့လားဆိုပြီး လန့်သွားတာပဲ”

ကျွန်တော်သဘောကျစွာ ရယ်မိသည်။ အစ်ကို ဆိုသော
အသုံးကို ပေါ်ဦးနှင့် ပတ်သက်၍ ပထမဆုံး ကြားရခြင်း
ပေါ်ဦးဆိုမှ မေးစရာစကားလေးများကို သတိရသည်။

“ခင်လေးနဲ့ ပေါ်ဦး မောင်နှမဆိုတာ အစက ဘာ
မပြောတာလဲ ခင်လေး”

ခင်လေးကနှစ်နှစ် ခြိုက်ခြိုက်ရယ်သည်။

“အစ်ကိုက ဒီဇာတ်မှာဒါရိုက်တာပဲ ကိုထွန်းဝေ၊ သူ့ကို
မေးကြည့်၊ သူအကုန်သိတယ်”

ကျွန်တော်က ရယ်၍ ခေါင်းညိတ်ပြီး

“အင်း ဟုတ်တယ်၊ ဒီနေရာမှာ စကားသိပ်ပြောပြီးအချိန်
ဖြုန်းဖို့ မကောင်းဘူး”

သူ့ မျက်နှာ ရဲကနဲဖြစ်သွားပြီး

“အို ခင်လေးပြောတာဒီလိုမဟုတ်ဘူး၊ ခင်လေးအဲဒီကိစ္စ
တွေ့ချက်လို့ ပြန်မပြောချင်တာ၊ ဟာကွာ ကိုထွန်းဝေက
သိပ်ဆိုးတာပဲ၊ ဒါဆို ခင်လေးသွားတော့မယ်”

ကျွန်တော်က ထရပ်ဟန်ပြင်နေသော သူ့ကိုလှမ်းဆွဲ၍

“အမလေး၊ ဒီလိုတော့ မလုပ်ပါနဲ့ ခင်လေးရယ်၊ ကျွန်
တော် မပြောတော့ပါဘူး”

သူက မျက်စောင်းထိုး၍၊ စူအောင့်အောင့် လေသံဖြင့်

“ဟင်း သိပ်ကဲတာပဲ၊ လူကြည့်တော့ ထုံသလို အသလို
လူရိုးပုံလေးနဲ့၊ လူဖြင့် မတွေ့ရသေးဘူး၊ ဖက်လားပွေ့လား”





သူ့ ဖာသာသူ စကား တန့်သွားသည်။ ကျွန်တော်က
၍

“ပြောလေ ခင်လေး၊ နောက်ဘာလားရှိသေးလဲ”

“သွား”

နှစ်ယောက်သား ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။
လောကကြီးထဲက လောကအလှလေးတစ်ခု...

*

“ကိုထွန်းဝေ”

ခင်လေးအသံက နားထဲသို့ ထောင့်တောင့်တောင့် ဝင်
ည်။

“ပြော....ခင်လေး”

“ခင်လေး ကိုထွန်းဝေကို ပြောထားစရာလေးရှိတယ်”

ကျွန်တော်မှရှတ်နောက်ဘဲ ငြိမ်၍ နားထောင်နေလိုက်၏။
မျက်နှာတွင် လေးနက်မှုလေးများကို မြင်ရသည်။

“ခင်လေးပြောတာကို သေသေချာချာ နားထောင်ပါ
ထွန်းဝေရယ်၊ ကိုထွန်းဝေက ခင်လေးအစ်ကိုရဲ့ သူငယ်
င်းဆိုတော့ ခင်လေးထက် အသက်လဲကြီးပါတယ်၊ အတွေး
ခေါ်လဲ ရှိပါတယ်၊ ခင်လေးလေ ကိုထွန်းဝေကို အစ်ကို
လဲ အားကိုးတယ်၊ ပြီးတော့ ချစ်သူလိုလဲ ချစ်ပါတယ်”

ဖြူစင်နုသန့်နေသော ခင်လေး၏ မျက်နှာလေးကို တမြတ်
နိုး ကြည့်လိုက်မိသည်။ မရှိဘူးဆိုတာတောင် ခင်လေးသည်
န်တော့ထက် နှစ်နှစ်လောက် ငယ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်လေးတစ်သက်မှာခုထိ ဘယ်ယောကျ်ားလေး မဝင်စားခဲ့ပါဘူး၊ ကိုထွန်းဝေဟာ ခင်လေးရဲ့ သူပါ"

ရင်ထဲမှာ နွေးထွေးသော ခံစားမှုလေးဖြင့် ပြ သွား၏။

"ပြီးတော့ ခင်လေးမှာ ဆုံးဖြတ်ချက်တစ်ခုရှိတယ်၊ တယောက်ကို ခင်လေး ဘယ်တော့မှ လွယ်လွယ်နဲ့မ ရွေးဖြီးလို့ ကိုယ်တကယ်ချစ်ပြီဆိုရင်လဲ ဘာမဆို ရဲ ရင်ဆိုင်ပြီး ချစ်မှာပဲ၊ တစ်သက်မှာ တစ်ယောက်ပဲ တစ်ချစ်ကိုပဲ တစ်သက်လုံး ပိုင်ဆိုင်ချင်ပါတယ်ရှင်"

မြတ်နိုးမှုတန်ဖိုးသည် အမြင့်မားဆုံး အတိုင်းအတာ မြင့်တက်သွား၏။

"ဒါပေမယ့် ကိုထွန်းဝေ၊ ခင်လေးတို့ ချစ်ခရီးလ လွယ်လွယ်ကူကူတော့ သွားရလိမ့်မယ်မထင်ဘူး။ ခင်လေ စိတ်နဲ့ ခင်လေးရဲ့ မိဘအသိုင်းအဝိုင်းစိတ်က မတူဘူး၊ ဒီ ခင်လေးနဲ့ ကိုထွန်းဝေ နှစ်ယောက်စလုံးမှာ တဘက် စောင့်စည်းမှု ထိန်းသိမ်းမှုတွေလိုသလို တဘက်ကလဲ စားမှု ကြိုးစားမှုတွေ လိုလိမ့်မယ်ထင်တယ်"

ကျွန်တော် သက်ပြင်း ချလိုက်၏။ ခေါင်းလည်း တဆ ဆတ်ညိတ်၍ နားထောင်သည်။ ခင်လေး စကား အဆုံး ကျွန်တော် စကားစသည်။

"ကျွန်တော် သဘောပေါက်ပါတယ် ခင်လေးရယ်၊ ပြ စားကြီး ပျော်နေလို့ ခင်လေးကို မပြောသေးတာပါ၊ အခု





နေအရပ်ရပ်ဟာ ခင်လေး မပြောလဲ မြင်သာပါတယ်၊ အတွက် ကျွန်တော် အမြဲကြိုးစားပါ့မယ်၊ စွန့်စားပါ့မယ်၊ ကျန်တဲ့ တဘက်ဖြစ်တဲ့ စောင့်စည်း ထိန်းသိမ်းမှု အတွက်က တော့ စိုးရိမ်ပါနဲ့ ခင်လေး၊ ကျွန်တော်...."

သူကျွန်တော့်ကို မော့ကြည့်သည်။ ကျွန်တော် သူ့ကို စူး စူးစိုက်စိုက်ကြည့်ယင်း

"ခင်လေးနဲ့ လက်ထပ်တဲ့နေ့ မရောက်မချင်း အထိန်း အကုပ်မဲ့ ကျွန်တော်ဘယ်တော့မှ မနေပါဘူး၊ ကျွန်တော်စိတ် ခတ်ကလဲ ကျွန်တော့်ကို ခွင့်မပြုပါဘူး၊ ပြီးတော့ ဒီတစ်သက် ခင်လေးကလွဲလို့ ဘယ်သူ့ကိုမှ စိတ်နဲ့တောင် မပစ်မှား ပါဘူး"

"ဝမ်းသာလိုက်တာကိုထွန်းဝေရယ်"

သူ့မျက်နှာတွင် ကျေနပ်မှု အပြုံးလေး များကိုမျက်ရည် ရစ်ဝိုင်းသော မျက်လုံးများနှင့်အတူ တွေ့လိုက်ရ၏။

"အဲ ဒါပေမယ့် ဒါတော့မကောင်းဘူး ခင်လေး"

ဖျတ်ကနဲသူကြည့်သည်။

"ဘာလဲ ကိုထွန်းဝေ"

"အဲဒါပေါ့ ခင်လေး"

သူနားလည်ပုံမပေါ်။ မျက်လုံး ဝိုင်းလျက် ကျွန်တော့ကို ကြည့်၏။

"ဘာကိုလဲ ကိုထွန်းဝေ"

"အဲဒီကိုထွန်းဝေဆိုတာကိုပေါ့-ခင်လေး"

သူသဘောပေါက်သွားသည်။ အရှက်ဖြင့် မျ ရှင်း

F. 16



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ခင်လေး ဘယ်လိုခေါ်ရမလဲ"

"ခင်လေးသဘောနဲ့ခေါ်ချင်သလိုခေါ်ပါ၊ ဒီကိုထွန်း
ဆိုတာကြီးသာ"

သူပြုံးသည်။ ခေါင်းညိတ်ပြသည်။

"ဒါဖြင့် ခင်လေးကြိုက်သလိုခေါ်မယ်နော်"

"အင်း"

သူမျက်လွှာမတင်၊ မပွင့်တပွင့်လေသံဖြင့်

"ကိုကို...လို့"

ကျွန်တော် ထမခုန်မိစေရန် စိတ်မနည်းထိန်းထားလိုက်
၏၊ ကျွန်တော် ခေါ်ခိုင်း၍ခေါ်လျှင်ပင် သည်မျှဝမ်းသာမည်
မထင်။

"အစ်ကိုတစ်ယောက်လို ချစ်တာရော၊ ချစ်သူလိုချစ်တာ
ပေါင်းပြီး ခေါ်ထားတာ၊ ခင်လေးကို ပေးထားတဲ့ ကတိ
တွေကို မေ့မယ်ကြံရင် ခင်လေးခေါ်ဘာလေး အမြဲသတိ

"စိတ်ချ ခင်လေး၊ ခင်လေးကို ကိုယ်တစ်သက်လုံး သစ္စာ
ချစ်နေမယ်၊ ကိုကို ဆိုတာလေးတော့ တစ်ခါလောက် ခေ
လိုက်ပါဦးလို့"

"ဟင်း....သူပိုပြီ"

"မပိုပါဘူး ခင်လေးရယ်၊ ကိုယ် တကယ်ပြောတာပါ"

"ယုံပါတယ်ကိုကိုရယ် တဲ့၊ ကဲ ကျေနပ်တော်မူပြီလား"

သည်လိုဆိုတော့လည်း မောင်ထွန်းဝေတစ်ယောက် လွ
မင်းစွာ ကျေနပ်တော်မူပြန်လေသတည်း။

*





"အော် ခုမှသတိရတယ်"

ခင်လေးက ပျာပျာသလဲလှည့်၍ တစ်ဘက်စွန်းတွင် တင်
သော သူ့ဆလင်းဘက်ကို ယူသည်။ ကျွန်တော် စိတ်ဝင်
းဖြင့် သူ့လှုပ်ရှားမှုကို စောင့်ကြည့်သည်။

သူက အဖြူရောင် ပခုံးလွယ်အိပ်လေးကိုဖွင့်၍ တစ်စုံတစ်ခု
ထုတ်ယူလိုက်သည်။

"ရော့...."

ရှင်ထဲဝယ် တုန့်ခါမှုလေးတစ်ရပ် ပေါ်လာ၏။

ကံ့ကော်ရွက်ခြောက်လေး နှစ်ရွက်။

အပေါ်က ကံ့ကော်ရွက်လေးပေါ်တွင် ကျွန်တော့် လက်
နှင့် သူ့ လက်မှတ်၊ ဟိုတစ်ခါက သူ့ကို ပြန်ပေးလိုက်သော
ကော်ရွက်လေး။

နောက်တစ်ရွက်တွင် ဘာမှမပါ။

ကျွန်တော် ကံ့ကော်ရွက် အလွတ်ကလေးကို ယူလိုက်ပြီး
ဘက်ခြမ်းတွင် ကျွန်တော်လက်မှတ်ထိုးလိုက်သည်။

"ခင်လေးကို ဘယ်တော့မှမမုန်းဘူး၊ တစ်သက်လုံးသစ္စာ
ချစ်မယ်၊ ပေးထားတဲ့ကတိတွေကိုလဲ မဖောက်ဖျက်ပါဘူး
စာချုပ်လေး၊ ကဲ....ခင်လေး....ရော့"

ခင်လေးက ကျေနပ်စွာပြုံး၍ ကံ့ကော်ရွက်လေးကို ယူ
ပြီး ကျန်တစ်ဘက်စွန်းတွင် သူ့လက်မှတ် ထိုးလိုက်သည်။

"ခင်လေးကလဲ ကိုကို့ကိုဘယ်တော့မှမမေ့ဘူး၊ တစ်သက်
ကိုကို့ကို ချစ်သွားပါမယ်၊ ကိုကို့အနားကခင်လေးဘယ်
မသွားပါဘူးဆိုတဲ့ ကတိနဲ့ လက်မှတ်ထိုးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ခင်လေးက ကံ့ကော်ရွက်လေးနှစ်ခုကို နှာချင်းဆိုင် ထပ်လိုက်ပြီး

"ကဲ....ကံ့ကော်ရွက်လေးတွေက စာချုပ်၊ ကံ့ကော လေးတွေက သက်သေ၊ ကံ့ကော်ပင်ကြီးက တရားသူကြ ဒါ ခင်လေး စာကြည့်တိုက်ကို သွားတုန်းက ကံ့ကော် ထဲက ယူထားတာ၊ ခင်လေးချစ်တဲ့သူနဲ့ စာချုပ်ဖို့"

ကျွန်တော် သူ့ကိုမြတ်နိုးစွာကြည့်၍ ပြုံးလိုက်သည်

"ကံ့ကော်စာချုပ်လေးတွေက ပိုပြီးတော့တောင် ခိုင် ပါသေးတယ်ခင်လေးရယ်၊တစ်သက်လုံးသိမ်းထားမယ်နော

"တကယ်နော်....ကိုကို"

ကျွန်တော် ခေါင်းညိတ်ပြလိုက်၏။

ခင်လေးက ကံ့ကော်တစ်ရွက်ကို ကျွန်တော့ဆီ လှမ်း သည်။

"ရော့....ကိုကို"

နောက်တစ်ရွက်ကို သူက စေ့စေ့က ပလပ်စတစ် လေးထဲ သိမ်းလိုက်ရင်း

"ဒါက ခင်လေးဖို့"

ကျွန်တော်ခေါင်းညိတ်၍ ကျွန်တော့် ကံ့ကော်ရွက် ကို ကျောင်းသား မှတ်ပုံတင်ထည့်သည့် ပလပ်စတစ်အိတ် ထဲ ယူယစွာထည့်သည်။ ထို့နောက် ဘယ်ဘက်တွင်သာ သော ကျွန်တော့်အင်္ကျီအိတ်ထဲသို့ ထည့်ရင်း

"ကိုယ့်ရင်ခုန်သံလေးတွေ အမြဲကြားနေ ရအောင်...

ခင်လေးမျက်နှာမှာ အပြုံးလေးတစ်ခု ပေါ်လာသည





အမှာပေါ်မှာ တစ်ခုတည်းရှိသော ကံ့ကော်ရွက် အချစ် ချုပ်လေးတွင် လက်မှတ်ထိုး၍ ကျွန်တော်တို့ နှစ်ယောက် အသက်ချင်း ထပ်လိုက်ကြချေပြီတကား....။

*

"ဟိတ်"

အနောက်ဘက်မှ အလန့်တကြား ပေါ်ထွက် လာသော ကြောင့် နှစ်ယောက်သားလန့်ပြီး ဖက်လိုက်ကြ၏။

"ဟာ....သေရောကွာ၊ ငါက အပိုင်ဆိုပြီး လှန်လိုက်တာ၊ ကဲဆုံးတော့ ငါနှမပဲ အဖက်ခံရပြီး အရင်းထဲက ပါ ပြီ"

ပေါ်ဦး၏တဟားဟားရယ်သံနှင့်ပြောလိုက်သော စကား ကြောင့် ကျွန်တော်တို့နှစ်ယောက် ကမန်းကတမ်း ခွာလိုက် ၏။

"အစ်ကိုကလဲ လန့်သွားတာပဲ"

ပေါ်ဦးက မျက်နှာဟန်လုပ်၍ မနည်းတည်ရင်း

"ဟ....လန့်ရင်ထွက်ပြေးရတယ်၊ ဘယ်နှဲ့ ဟိုကောင့်ထဖက် တာလဲ၊ တော်ပြီ နောက်မလှန်နဲ့တော့"

သူ့နောက်က ကပ်ပါလာသော မဖြူကလည်း ရယ်

ကျွန်တော်က ရယ်နေရာမှ ဖျတ်ခနဲတည်၍ မကြားတ လေသံဖြင့်

"ပေါ်ဦး နှုတ်ခမ်းနီတွေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော...."

ပျာပျာသလဲ ဖြစ်သွားသော ပေါ်ဦးက ကမျာက်
သူ့နှုတ်ခမ်းကို လက်ဖြင့်သပ်သည်။ ထို့နောက် လက်ဝါး
ပြန်ကြည့်၍

"ဘယ်မှာရှိလို့လဲကွ...."

"ဟိုမှာလေ မဖြူနှုတ်ခမ်းမှာ၊ မင်းက ဘာဆိုင်လို့
နှုတ်ခမ်း မင်းစမ်းတာလဲ၊ မင်းဆီ နှုတ်ခမ်းနီက ဘယ်လို
ရောက်မှာလဲ"

ကျွန်တော် ဖမ်းလိုက်သော အကွက်တွင် ဝင်သွားသ
နှစ်ယောက်စလုံး ရှက်သွားပြီး မဖြူက ကျွန်တော့်ကို
ရိုက်သည်။

"ဟာ....ကိုထွန်းဝေကြီး မကောင်းဘူး"

ပေါ်ဦးက–စပ်ဖြဲဖြဲလုပ်၍

"အေး ဒီတစ်ခါတော့ ငါခံလိုက်ရတာပဲ၊ ဒါပေမယ့်
ရှက်စရာ မဟုတ်တော့ပါဘူးနော် မိန်းမရယ်"

ဟန်နှင့်ပန်နှင့် ပြောလိုက်သော ပေါ်ဦးစကားကြော
မဖြူ မျက်နှာရဲခနဲ ဖြစ်သွားပြီး၊

"မောင်နော်၊ ပေါက်ကရတွေ လျှောက်မပြောနဲ့"

မဖြူဆီမှ ကြားလိုက်ရသော 'မောင်' ဆိုသည့် ခေါ်
ကြောင့် ခင်လေးနှင့်ကျွန်တော် တစ်ယောက်မျက်နှာ
ယောက်ကြည့်၍ ပြုံးလိုက်ကြသည်။

"ဘာလဲဟေ့ကောင် ဘာရယ်တာလဲ"





ကျွန်တော် မထိန်းနိုင်တော့သဖြင့် ဝါးလုံးကွဲ ထရယ်
လိုက်ပြီး

"အော်....မင်းနဲ့မောင်ဆိုတဲ့ အခေါ်နဲ့ သိပ်ဟပ် နေလွန်း
လို့ ငါရယ်တာပါကွာ"

"အိုး"

မဖြူခေါင်းငုံ့၍ ရယ်သည်။

ပေါ်ဦး တွိုလိုတန်းလန်း ဖြစ်သွားပြီး

"ခွေးမသား"

အားလုံး ရယ်လိုက်ကြသည်။ ရယ်နေရာမှ ပေါ်ဦးက ခင်
လေးကို လက်ညှိုးဆတ်ခနဲ ထိုးလိုက်သည်။

"ဟော"

ခင်လေး ကြောင်အန်းသွား၏။ ပေါ်ဦးက ကျွန်တော့်
ဘက်လှည့် ခါးထောက်ပြီး လေသံမာယောင်ပြု၍

"ဟေ့ကောင် မင်းငါ့ညီမကို ဘာလုပ်လိုက်သလဲ"

ကျွန်တော် ရယ်ချင်စိတ်ကို ထိန်းရင်း

"ငါ ဘာမှမလုပ်ပါဘူးကွ၊ မယုံရင် သူ့မေးကြည့်"

"အို....တော်စမ်းပါ၊ မဟုတ်တရုတ်တွေ"

ခင်လေးက ရှက်ကန်လေး ထကန်သည်။ ပေါ်ဦးက မနေ
ဘဲ ကျွန်တော်တို့နှစ်ယောက်ကို တစ်ပြန်စီကြည့်၍

"ဟေ့ကောင်၊ ဘာမှ ဘူးကွယ်မနေနဲ့၊ မင်းဘာလုပ်
လိုက်သလဲမသိဘူး၊ ငါ့ညီမပါးမှာ အချိုင့်ကြီးတောင် ဖြစ်
သွားတယ်"

"ကဲ....မှတ်ထား"



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ဦးစကားမဆုံးခင် ခင်လေးက သူ့ကျောကိုဗုန်း...
ထုသည်။

ပေါ်ဦး ကျောကော့သွား၏။

ရယ်သံလေးများ ဆူညံသွားသည်။

ခင်လေး၏ ပါးပြင်မှ ချိုင့်ခွက်လေးသည် ပို၍ နက်ရှိုင်း...
လာလေ၏။ ကျွန်တော်က ပါးချိုင့်လေးကို သေချာစွာကြည့်...
အဖြေးအခေါ် ကောင်းသော ပေါ်ဦးကို ချီးကျူး ဩဘာ...
ပေးလိုက်သည်။

"သောက်ပေါ၊ ကိုယ့်နှမကိုယ် ဒီလိုပြောရသလားဟ"

စိတ်တောင်မကောင်း၊ ပြောရတာ အားနာလိုက်တာ...

❋



# အပိုင်း (၄)

www.burmeseclassic.com

www.burmeseclassic.com

"မင်းအတော် လျှို့လျှို့ဝှက်ဝှက် လုပ်နိုင်တဲ့ ကောင်မဲ ပေါ်ဦးရာ၊ တစ်ခန်းထဲနေတဲ့သူကိုတောင် မင်းရအောင်ပတ်နိုင်တာ ငါတော့အံ့ဩရော"

ပေါ်ဦး အားပါးတရရယ်သည်။

"ဟာ၊ ဒါတော့ ငါတော်တယ်တယ်ခေါ်မလဲ၊ မင်းညို့တာတော့ မင်းမှမတွေးဘဲနဲ့ကွာ၊ အစောကြီးထဲက မင်းကိုပြောနေတာပဲ၊ ရန်ကုန်မှာ ငါ့အဒေါ်အိမ်ရှိပါတယ်လို့"

"ငါကဒါပဲသိတာကိုးကွ၊ တစ်ခါမှ မင်းက ခေါ်မသွားတာ၊ ပြီးတော့ ခင်လေးကို ငါကြိုက်နေတာ မင်းသိတာဟိုနှစ်စထဲက၊ ဒါတောင် မင်းကအခါပေး ဝင်လုပ်နေပြီး မောင်နှမဆိုတာ ဖွင့်မပြောပဲ"

ပေါ်ဦးက အရယ်မပြတ်။ ခုတင်ပေါ် လှဲ၍ နံရံကိုမှီလိုက်ပြီး

"ဟုတ်တယ်၊ ငါက ငါ့နှမရှိတဲ့နေရာကို မင်းကို ခေါ်သွားရမလား၊ ပြီးတော့ တက္ကသိုလ်မှာ ကိုယ့် နှမတစ်ယောက်ရှိကြောင်း လျှောက်ပြောနေရင် ငါခံရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နို့ ဘာလို့ မင်းက ငါ့အခါ ပြန်ပေးနေတာလဲ"

"ဒါက နောက်ပိုင်းမှပါ၊ ဒီလိုကွာ၊ မင်းကို အစကနေ ငါပြန်ပြောပြမယ်၊ ဟိုး မင်းနဲ့ငါ စသိထဲကပေါ့"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

ပေါ်ဦးက ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိလိုက်၏။ သူ ဆီမှမှုတ်ထုတ် လိုက်သော မီးခိုးငွေ့များသည် ကျွန်တော်တို့ နှစ်ယောက်၏ ခုတင်နှစ်ခုကြားတွင် လုံးထွေးဝေ့ဝဲနေ၏။

သူပြောမည့်စကားကိုကျွန်တော် စိတ်ဝင်တစားစောင့်နေမိသည်။

တစ်ခါတစ်ရံ ကိုယ်မသိလိုက်သော ကိုယ့်အရိပ်တစ်ခု အကြောင်းကိုပြန်ကြားရသည်မှာ ကိုယ့်ဟာကိုယ်ပင် အံ့အားတသင့် ဖြစ်ရ၏။

ပွဲဦးထွက် မင်းသားတစ်ယောက် ကိုယ့်ရုပ်ရှင်ကား ကိုယ်ပြန်ကြည့်ရသလို ဖြစ်ပေလိမ့်မည်။

အလွယ်ဆုံး ဥပမာပေးရလျှင် ကက်ဆက်ထဲ ကိုယ့်အသံသွင်း၍ ကိုယ်ပြန်နားထောင်ဖူးသူတိုင်း ခံစားမှုမျိုး။

သို့မဟုတ်

ကျွန်တော်ကိုယ်တိုင်ဒင်္ဂါးတစ်ပြားဖြစ်စဉ် ကျွန်တော်မမြင်ရသော အခြားတစ်ဘက်မှ ကျွန်တော့်မျက်နှာ...

❀



အခန်းထဲတွင် ပစ္စည်းပစ္စယများချခြင်းဖြင့် အလုပ်ရှုပ်နေ
ဘွဲ့ အခန်းဝဘက်ရိပ်ကနဲ လှုပ်ရှားမှုတစ်ခု တွေ့လိုက်ရသည်

သူ ချာကနဲ လှည့်ကြည့် လိုက်သောအခါ အခန်းဝတွ
သေတ္တာတဘက်ဆွဲ၊ အိပ်ရာလိပ် ပခုံးပေါ် ထမ်းထားသော
ကျောင်းသားတစ်ယောက်။

ထိုကျောင်းသားက အခန်းထဲသို့ ချက်ချင်းမဝင်ရဲသေး
သည် ကြည့်နေ၏။ ပေါ်ဦး စိတ်ထဲတွင် သူ့ အခန်း
ဖြစ်မည်ဟု တွေးလိုက်ပြီး

"သူငယ်ချင်းက ဒီအခန်းမှာပဲလား၊ ကဲပြော၊ ကိုယ်
ကူညီရမလဲ"

သူကရဲရဲတင်းတင်းပြောလိုက်သော်လည်း ကျောင်းသ
အမဝံ့မရဲမျက်နှာဖြင့် ပြုံးရုံသာပြုံးပြီး

"ရပါတယ်"

ထို့နောက် ဟိုမေး သည်ပြောနှင့် သူ့အကြောင်း
အတော်လေးသိလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ဦးနှင့်ဘာသာတူယူသူ၊ ရန်ကုန်နှင့် မနီးမဝေးဗဟို ဝန်ထမ်း တက္ကသိုလ်ရှိသော မြို့ငယ်လေးတမြို့မှ လာတက်သူ နာမည်က ထွန်းဝေ ဟူ၍

သည်နေ့ကို မြင်မြင်းချင်းဆိုသလို ခင်မင်သွားသည်။

အသားလတ်လတ်၊ အရပ်မနိမ့်မမြင့်၊ ဆံပင်ရှည်သည်ဆိုရုံ လေး ရှည်ထားသော ထွန်းဝေဆိုသည်မှာ သာမန်အားဖြင့် မြင်နေကျ ကျောင်းသား တယောက်ထက် ဘာမှမပိုသော် လည်း သူ့မှာ ထူးခြားချက်လေးများ ရှိသည်ကိုသတိပြုမိ၏။

ရုပ်အနေ ကြည့်ကောင်းရုံသာသာမျှ ရှိသော်လည်း သူ့ မျက်လုံးအစုံက ထူးခြားသည်။ သူ့ မျက်လုံးများသည် ပွင့် လင်းရိုးသားသောသဘောကို အပြည့်အဝ ဖော်ပြနေသည်။

ပိုထူးခြားသည်မှာ သူ့အပြုံး၊ မည်သူမဆို သူ့အပြုံးကို မြင်လျှင် ချက်ချင်း ခင်မင်သွားနိုင်သည်ဟု ထင်သည်။

သည်မျှနှင့် ခင်မင်စရာ ကောင်းသည်မဟုတ်။ ညဘက်ကျ တော့ ပိုခင်စရာကောင်းလာသည်ကို ပေါ်ဦး သတိထားမိ လိုက်သည်။

ညနေဘက် ပေါ်ဦး တည်ခင်းသော လက်ဖက်ရည်ဝိုင်းတွင် ရှေးဟောင်းနှောင်းဖြစ်များပြော၍သူငယ်ချင်းဟောင်းများ သဖွယ်ခင်မင်ကြရန် သူက ဖိတ်ခေါ်လိုက်သောအခါဦးဆုံးပါ လာသည်က ထွန်းဝေ....

"ဟုတ်တယ်၊ မင်းမဆိုးဘူးကွာ၊ အဲဒီတုန်းက မင်းပြော လိုက်တာ ငါတောင်မှ မျက်ရည်ဝဲသွားတယ်"ဟု နောင် အခါ အမြဲပြောလေ့ပြောထရှိသလိုပင် သူ့စကား အဆုံး





းဝေ မျက်လုံးများ၌ မျက်ရည်များဝဲနေသည်ကို တွေ့ရ ။

နောင်အခါ ထွန်းဝေ ဘဝများကို မေးရင်း စမ်းရင်းဖြင့် သိလာရသောအခါ သူပို၍ ခင်မင်လာရှိ၏။

သူ့ သူငယ်ချင်းသည် တကယ်ပင်စိတ်ကောင်းနှလုံးကောင်း သော ခင်မင်ဖွယ် အပြုံးပိုင်ရှင်ဟူ၍။

*

"ဟေ့ကောင် ထွန်းဝေ၊ တနင်္ဂနွေနေ့ကျ မင်းတို့နဲ့လိုက်ခဲ့ သွား"

ထွန်းဝေ၏ ရွာတုန်းက သူငယ်ချင်း ကျော်ညွန့်စကားကို းလာသောအခါ မှနေ့ညနေက ပေါ်ဦး သူ့အဒေါ်အိမ် းစဉ် သူ့ညီမဝမ်းကွဲဖြစ်သူခင်ခင်လေးပြောခဲ့သည့်စကား သတိရ၏။

"အစ်ကို...ခင်လေးတို့ မာတုဗေဒမေဂျာက သာဓုကာန်ကို ာ်ပွဲစားထွက်မလို့၊ အစ်ကိုလိုက်ခဲ့ပါလား"

သူရောက်နေချိန်တွင် ခင်ခင်လေးနှင့်အတူ ရှိနေသော ဖြူနိုင်ကိုကြည့်၍

"ဘယ်လိုလဲ ဖြူ...လိုက်ကြမယ်မဟုတ်လား"

ဖြူဖြူနိုင်မှာ ခင်ခင်လေးနှင့် အထက်တန်းထဲက အတူတူ ၍ ပေါ်ဦး မန္တလေးက်လာလည်စဉ် သိကျွမ်းခဲ့ရပြီးခင်ခင် ား၏ အကူအညီဖြင့် ယခုအခါ သူ့ချစ်သူဖြစ်နေသော င်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မဖြူက ခေါင်းခါရင်း

"မဖြူ ဒီတစ်ခါတော့ လိုက်နိုင်မယ်မထင်ဘူးမောင်
က မေမေ့ကိုပြောပြတော့ မေမေက တနင်္ဂနွေနေ့မှာ
တစ်ခုရှိတယ်၊ ဧည့်သည်တွေလာလိမ့်မယ်၊ မြို့ထဲ
လှည့်ဖို့ရမယ်လို့ ပြောတယ်"

သူတွေသွား၏။ သည့်လိုဆို သူလည်း မလိုက်ချင်တော့

"မောင်လိုက်ရင် လိုက်သွားလေ၊ ခင်လေးတစ်ယော
တည်း ဖြစ်နေမယ်"

"ဟုတ်သားပဲ၊ မဖြူမအားလဲ အစ်ကိုပဲလိုက်ခဲ့ပေါ့"

ပေါ်ဦးကပြုံး၍

"နေပါဦးဟာ၊ ငါစဉ်းစားပါဦးမယ်၊ ဟိုကောင့်
ကြည့်ဦးမယ်၊သူပါလိုက်မှ နို့ မို့ ငါတစ်ယောက်တည်းဖြ
နေမယ်"

"အမယ် ခင်လေးပါတာပဲ"

ပေါ်ဦးက ပြုံးပြုံးဖြဲဖြဲ လက်ခါပြ၍

"အမလေး နေပါစေ အစ်မ၊ မလုပ်ပါနဲ့၊ နင်နဲ့ငါ
နှမမှန်း ကျောင်းမှာ မသိပါစေနဲ့၊ ငါပေါက်ကရနေပုံ
နင် ငါ့နှမမှန်းသိရင် ခေါင်းတောင်ဖော်ရဲမှာ မဟုတ်ဘူး

ခင်ခင်လေးက မျက်စောင်းခဲ၍

"ဒါနဲ့များ သူ့ ထွန်းဝေဆိုတဲ့ကောင်ကျတော့ နင်နဲ့
သလေး၊ ငါသဘောကျတယ်လေးနဲ့ လာလာအောင်သွ
ပေးနေပြီး"





ပေါ်ဦးက ရယ်လိုက်သည်။ခင်ခင်လေးကိုလည်း လက်ညှိုး
ပြ၍

"ငါ့ဖာသာငါ ဒီကောင့်ကို သဘောကျနေလို့ နင့်ကို
ညွှန်းနေတာပါဟာ၊ ဟိုကောင်က ခုထိ နင်ရှိမှန်းတောင်
မသိသေးပါဘူး"

"အော်....တော်တော် တော်တဲ့အစ်ကို၊ ယောက်ဖများ
ကိုတ် သဘောတူရသေးသတဲ့၊ အစ်ကိုသဘောကျရင် အစ်ကိုပဲ
ယူလိုက်ပါလား"

"အေး၊ ကောင်းသားပဲ၊ ဟာ....နင်ကလဲ ပေါက်ကရ"

သုံးယောက်သား လွတ်လွတ်လပ်လပ် ရယ်လိုက်ကြသည်။

"ဒါဖြင့် အဲဒီနေ့ကျ ခေါ်ခဲ့ပေါ့၊ အစ်ကို့ တောသားကို
ခင်လေးကြည့်မယ်၊ ဒိုက်ဘဲဆိုရင်တော့ ရှုံ့ စော်နံ ပြန်လိုက်
ဦးပဲ အစ်ကိုရေ"

"အေးပါဟာ၊ နောက်မှ ဟိုကောင်တစ်ချက်ပြုံးလိုက်တာ
နဲ့ နေပါဦး ခင်လေးရယ်၊ ငါ နဲ့နဲ့လေးလာပါရစေဦးလို့
မတားရစေနဲ့"

"အို....ဒါ အစ်ကိုကပြောရမယ့်စကားလား မောင်ရဲ့"

"အင်းလေ၊ ပေါ်တောတောနဲ့"

သည်မျှနှင့် ပြီးလာသောကိစ္စသည် တိုက်တိုက်ဆိုင်ဆိုင် သူ
ပြန်ရောက်သည်နှင့် သည်ကိစ္စပင်ကြားနေရသဖြင့် အံ့သြသွား
မိသည်။

သို့သော် သူက သူ့အကြံနှင့်သူ၊ ထွန်းဝေမသိစေဘဲ ခင်



www.burmeseclassic.com

www.burmeseclassic.com



လေးနှင့် ထွန်းဝေ ခင်မင်သွားအောင်တော့ ပြုလုပ်ပေးမည်
စိတ်ပိုင်းဖြတ်လိုက်ပြီး

"အိုကေ....ဒါဖြင့်လိုက်မယ်၊ ခဟ့ ကောင်ထွန်းဝေ ...
လိုက် ဆယ့်ငါးကျပ်"

ဤသို့ဖြင့် ခင်ခလေးနှင့် ထွန်းဝေတို့ ရင်းနှီးသွားကြ၏။

ပြန်လာတော့ ပေါ်ဦးပင် အံ့အားသင့်သွားအော...
ထွန်းဝေသည် ခင်ခင်လေးကို အသေအလဲ စွဲလန်းသွားသည်...
တွေ့လိုက်ရ၏။ အထူးသဖြင့် သူမသိလိုက်သော ကံ့ကော်...
လေးကိစ္စ။

*

"အေးပေါ့၊ မင်းဘယ်သိလိုက်မလဲ၊ မှင်း ဘုရားအော...
ဘက်ပြေးဆင်းပြီး ကံ့ကော်ရွက်သွားရှာတုန်း ဒီမှာ အဆ...
ပြေသွားတာကိုး"

ပေါ်ဦး ပြန်ပြောသည်ကို နားထောင်ရင်း ကျွန်တော်...
ဝင်ထောက်ပေးလိုက်၏။

ပေါ်ဦးက ပြုံးလိုက်ပြီး

"နောက်တစ်ခု မင်းကိုငါပြရင် မင်း သိပ်အံ့ဩသွားမယ်
ငါကတော့ ငါထွင်တဲ့လမ်း လိုက်လာကြပြီဆိုပြီး ပျော်တာ
ပေါ့ကွာ"

ပြောရင်းနှင့် ပေါ်ဦးက သူ့သေတ္တာထဲတွင် တရိုတသေ
သိမ်းထားသော ဒိုင်ယာရီ စာအုပ်လေးထဲမှ စာရွက်တစ်ရွက်
ကို ထုတ်ယူလိုက်သည်။ ထို့နောက် ကျွန်တော့ဆီပေးလိုက်၏။
ကျွန်တော်က စိတ်ဝင်စားစွာ လှမ်းယူပြီး ကြည့်လိုက်သည်။





...ဒီနေ့ သူ့ကို စတွေ့ဖူးတယ်။
အစ်ကိုပြောတာ မလွန်ပါဘူး သူရယ်။ သူ့ကိုလေ မြင်မြင်
...ပဲ ခင်လေး ခင်သွားပါတယ်။ အစ်ကိုပြောသလိုပဲ ခင်
... သူ့ကို ပထမဆုံး သတိထားမိလိုက်တာက သူ့အပြုံး
သူ့မျက်လုံးပဲ။

သာရိုကန်မှာ မဲလိပ်နဲ့ လူတွဲတော့ ကြုံကြုံဖန်ဖန် သူနဲ့
...တယ်။ ဖူးစာဆိုတာ ဒါပဲလားလို့တောင် တွေးမိတယ်
...ယ်။

သူ့ကို တို့ခင်သွားတဲ့ အထဲမှာ အဓိက ကတော့ သူ့ နေပုံ
...ပုံနဲ့ သူ့စကား ပြောပုံ ဆိုပုံပဲ။

...ပြင် လူတွေဆို ကြည့်တာတော့ ကြည့် တာ ပဲ ပေါ့။
...လေးလဲ မှန်မကြည့်ဘူးတဲ့ လူမှမဟုတ်တာ။ ခင်လေး လှ
...ဆိုတာ ခင်လေးလဲ သိတာပေါ့။ ဒါပေမယ့် တခြားလူ
...ကြည့်သလို စားမတတ် ဝါးမတတ် မျက်လုံးတွေ၊ ...
...ပြောတဲ့ ချစ်တယ်ဆိုတာ ပေါ်တင်ကြီး ပြောသလိုဖြစ်
...တဲ့ မျက်လုံးတွေထဲမှာ သူ့မျက်လုံးတွေဟာ သိပ်အေးချမ်း
...ပဲ။

သူ့မျက်လုံးမှာလဲ သံယောဇဉ် ဆိုတာလေးတွေ တွေ့မိ
...မယ့် အားငယ်နေတဲ့ အရိပ်လေးတွေ တွေ့ရပြန်တယ်။
...ချိန်ထဲမှာလဲ ညီမလေးတစ်ယောက်လို တယုတယ ကြည့်ပုံ
...အးတွေလဲ ပါတယ်။

ခင်လေး အစ်ကိုသာဖြစ်ရင် ဘယ်လောက် ကော...လဲ
...့ တွေးမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သူ့ကို စိတ်ထဲမှာ နာမည်လေး တင်းတောင် ပေးထားမိသေးတယ် သိရဲ့လား၊ ကိုကိုလို့။

ကိုကို နေ့ပဲ ထိုင်ခုံလေးကိုလဲ ခင်လေး တခြားလူ မ နိုင်တဲ့ တိတ်တခိုး မျက်လုံးလေးတွေနဲ့ မှတ်ထားလိုက်မိ တယ်။ သွားတာ လာတာကအစ ဖျတ်ဖျတ် လတ်လတ် ယောကျ်ားပီသသလို၊ သီချင်းဆိုတော့လဲ အပြုံး မပျက်တ နဲ့ ယောကျ်ားဆန်တဲ့ သီချင်းကိုမှ ရွေးဆိုတယ်။

ခင်လေးနားက ကောင်မလေးတွေကဆို ကိုကို့ကို စိုက်ကြ နေလိုက်တာ တစ်ခါတည်းပဲ ထဆွဲတော့မယ့်အတိုင်း၊ မျ လိုက်တာ။

ဒါပေမယ့် ခင်လေးကိုပဲ ကိုကို စိတ်ဝင်စားနေတ ဆိုတာ ခင်လေးရိပ်မိပါတယ်။ ကိုကို့ မျက်လုံးတွေက ခ ခဏပဲ၊ ခင်လေးဆီ ဓဲ့ဓဲ့လာတာ မဟုတ်လား။

အတိုကို ကြည့်ချေချင်လွန်းလို့ လှုပ်လှုပ်လှုပ်လှုပ် လုပ် နေတဲ့ ဟိုကောင်မလေး တစ်ခါတည်း မေ့သွားပြီဆို ခင်လေးသိတာပေါ့။

ကိုကို့မှာ ဝတ်ဆောင်မှု ထူးထူးခြားခြားလေးတွေ ရှိတ လို့ ခင်လေးထင်တယ်၊ ဘာဖြစ်လို့လဲ သိလား။

ကိုကို့မှာ ဘာများ တခြား ထူးထူးခြားခြား စိတ် စားစရာရှိလို့လဲ ကိုကိုရယ်။ ကိုကိုဝတ်လာတဲ့ အဝတ်အစား တွေ ခင်လေး အကုန်မှတ်မိတယ်။

ရှပ်အင်္ကျီ အဖြူလေး လက်ခေါက်ထားတတ်တယ်။ အ လက်ခေါက်ပုံလေးကတော့ လှတယ်ဆိုရမှာပေါ့လေ၊ လ





ရှုံ လေးပေါ်မှာပဲ အင်္ကျီလက်ကို နှစ်ခေါက်လောက် ခေါက် ခင်ထားတာ။ လုံချည်က ကချင်ပုဆိုး အနက်ပေါ်မှာ အစိမ်း နဲ့ အဝါစင်းလေး။ ပြီးတော့ ကိုကို လက်က တကိုင်ကိုင် လုပ် နေလို့လား မသိဘူး၊ ဖိနပ်တောင် မှတ်မိတယ် ကိုကိုရေ့။ သပ်နှမ်းနှမ်း ကတ္တီပါအနီ ကြိုးသေး မန္တလေး ဖိနပ်လေးနဲ့။

ခင်လေးပဲ ကံ ကောင်း သလား၊ ကိုကိုပဲ ကံကောင်း သလားတော့ မပြောတတ်ဘူး။ ကစားပွဲ နောက်ဆုံး အစီ အစဉ်လေးမှာ ကံ့ကော်ရွက်လေးပေါ်မှာ နှစ်ယောက်အား လက်မှတ်ထိုးကြတာလေ။

ခင်လေး အရှူးမလေးလိုပဲ ကိုကိုရဲ့ သူများတွေလို ပစ္စည်း သုလှုတွေ၊ ပို့စကဒ်တွေ၊ တံဆိပ်ခေါင်းတွေ၊ ပန်းခြောက် လေးတွေ စုတာ ဝါသနာမပါဘူး။ ဒါပေမယ့် ခင်လေး။ ကံ့ကော်ရွက်လေးတွေတော့ ချစ်တယ်။

ခင်လေး ဆလင်းဘက်ထဲမှာ ကံ့ကော် ရွက် ခြောက် လေးတွေ အမြဲပါတယ်။

အဆင်သင့်သွားတာပေါ့နော်....ကိုကို။

အောက်က လူတွေ တက်မလာခင် ခင်လေးလဲ ကဗျာ ဆယာ အိတ်ထဲက ကံ့ကော်ရွက်လေးထုတ်ပြီး လက်မှတ် ထိုးလိုက်တာပေါ့။ နိမိတ်ကတော့ ကောင်းပါတယ် ကိုကို ရယ်။ ခင်လေးသိမ်းချော်တဲ့ ကံ့ကော်ရွက်လေးပေါ်မှာ ကိုကို နဲ့ ခင်လေးရဲ့ လက်မှတ်လေး နှစ်ခု အတူတူ ပါသွားလို့ဘဲလေ။

ပြန်ခါနီးတော့ ခင်လေး ကိုကို့ကို စိတ်ဆိုးတယ် သိ လား။



www.burmeseclassic.com

www.burmeseclassic.com

ခင်လေးက အဲဒီ ကံ့ကော်ရွက်လေးကို တမင်တကာ သိမ်း
ထားမလို့ ညစ္စာ၊ သူက ဘာမပြော ညာမပြောနဲ့ အဲဒီ
ကော်ရွက်လေးကို ယူသွားပြီး၊ ခင်လေး မမြင်အောင် သ
အင်္ကျီအိတ်ထဲက အိုင်စီကဒ်ကာဗာထဲ ထည့်လိုက်တယ်
ဟင်း....သူ သိပ်လုံ့ညတာပဲ—

*

"ဇာတ်က သူ့ဟာနဲ့သူ အစထဲက အိုကေနေတာ ပေါ်
ရယ်၊ မင်း အဲဒီစာရွက် ဘယ်လိုရတာလဲ"

"နောက်တစ်ခေါက်ငါ သူတို့ဆီသွားလည်တော့ ခင်လေ
မရှိဘူး၊ ခင်လေးအခန်းထဲက စားပွဲပေါ်မှာ သူ့ ဒိုင်ယာ
လေး တွေ့လို့ သူ့မှာ ရည်းစားတွေ ဘာတွေများ ရှိနေ
သလားဆိုပြီး ခိုးဖတ်တာ၊ ဒါတွေ့တာနဲ့ ငါကူးထားတာ
တစ်နေ့ကျရင် ငါမင်းကို ပြမလို့"

သူ့စကားကြောင့် ကျွန်တော်က ခုတင်ကို လက်ဖြင့်
ရိုက်ရင်း

"ဒါနဲ့များ ပေါ်ဦးရယ်၊ ငါစိတ်ခတ်ကျအောင် မင်း
မို့လို့ ကူလီကူမာ ဇာတ်လမ်းတွေ လုပ်ရက်တယ်"

"ဟ၊ အဲဒါက နောက်မှ အကြံရတာကွ၊ အဓိက ကတော့
မင်းစိတ်ကို ငါသိချင်တာပဲ၊ များသောအားဖြင့် ယောကျ်ား
တွေဟာ တခြားကိစ္စမှာ ယောကျ်ားပီသမေမယ့် မိန်းကလေး
နဲ့ ပတ်သက်လာရင် သိပ်ခံနိုင်ရည် မရှိကြဘူး"





ကျွန်တော် သူ့စကားကို ငြိမ်၍ နားထောင်သည်။ နှစ်
ယောက်သား သောက်ထားသဖြင့် တစ်ခန်းလုံးတွင်ဆေးလိပ်
မီးခိုးများ ပြည့်နေသည်။

"ဒါကြောင့် ခင်လေးကို ငါလုပ်ခိုင်းသလို လုပ်ဟာ၊ ဒီ
ကောင့်စိတ် ငါစမ်းအုံးမယ်ဆိုပြီး မင်းကို ကောခိုင်းတာ၊
ငါစိတ်မချလို့ တောင် ခပ်လှမ်းလှမ်းက လိုက်ကြည့်ခဲ့သေး
တယ်"

ဖြစ်ခဲ့ပုံ ပြန်တွေးကြည့်တော့ သူပြောသည်နှင့် ဒက်ထိကိုက်
နေ၏။ ခင်လေးနှင့် ပတ်သက်သော ကိစ္စတွင် သည်တစ်ခါ
သာ သူ့အနိုးကပ်ရှုံးနေ၏။

"ခင်လေးကောရင်၊ မင်းထင်ရော လုပ်မလား၊ အရက်တွေ
ဘာတွေနဲ့ မူးရူးနေတော့မလားဆိုပြီး ငါ စမ်းတာပေါ့။
မင်းက ခွင့်လွှတ်ဖို့ ကြိုးစားနေတယ်ဆိုတော့ ငါမင်းကို
သဘောကျသွားတယ်"

ကျွန်တော် ပြုံးသည်။ ကိုယ့်ရှေ့တွင် ကိုယ့်ကို ပြောင်ချိုး
မွမ်းနေခြင်းကို တုန့်ပြန်ရုံ သက်သက် ပြုံးခြင်း ဖြစ်သည်။

"အဲ၊ နောက်တစ်ခါ ပိုအံဝင်သွားတာက ကျောင်းပိတ်
ရက်တုန်းက၊ မဖြူနဲ့ ငါ ရုံးမှာ လက်မှတ် ထိုးလိုက်ကြတယ်၊
ဒါက တခြားကြောင့် မဟုတ်ပါဘူးကွာ၊ သူ့အိမ်က တ
ခြား ယောကျ်ားလေး တစ်ယောက်နဲ့ စေ့စပ်ဖို့ စိုင်းပြင်းနေ
လို့ စိတ်ချရအောင် လုပ်ထားခဲ့တာပဲ"

"အဲဒီမှာ ငါ အကြံရလို့ မဖြူရယ် ငါရယ်၊ ခင်လေး
ရယ် သုံးယောက်တိုင်ပင်ပြီး လုပ်လိုက်ကြတာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခေါင်းတညိတ်ညိတ် လုပ်နေလိုက်၏။

"အစကတော့ ခင်လေးရော မဖြူကပါ ရှက်စရာ ဆိုပြီး လက်မခံကြပါဘူး၊ ဒါပေမယ့် ယော ကျ်ား ယောက်ျားရဲ့စိတ်ကို စမ်းသပ်ဖို့ အကောင်းဆုံး အကြံဟာ ဒီနည်း ပဲဆိုပြီး ငါပြောပြလို့ သူတို့ရှက်ရှက်နဲ့ လိုက်လုပ်ကြတာပေါ့

အဲဒီတော့ ငါ့အလူးအလဲ ခံလိုက်ရတာပေါ့"

ပေါ်ဦးက ရယ်၍

"မင်းသေသေချာချာ ပြန်စဉ်းစားကြည့်၊ အဲဒီတုန်းက ငါပြောတဲ့ စကားတွေမှာ တခြားတစ်ဘက်က လှည့်တွေး ရင် မင်း အဲဒီထဲက သိနိုင်တယ်၊ မင်းဟာ မင်းခိတ်ကူးနဲ့ မင်း တော့ မင်းလိုရာ မင်းဆွဲတွေးခဲ့လို့"

ကျွန်တော် မှတ်မိသမျှ တချို့တစ်ဝက်ကို ပြန်စဉ်းစား ကြည့်သောအခါ သူပြောသည့် အတိုင်း ဖြစ်နေသည်ကို သတိ ထားမိ၏။

"ရှင်းပလား"

ကျွန်တော် ခေါင်းညိတ်၍

"အေးပါကွာ၊ ခုတော့လဲ ရှင်းသွားပါပြီ၊ ဒါပေမယ့် နေပါအုံး၊ မင်းကို တစ်ခုမေးချင်လို့၊ မင်းနဲ့ မဖြူက ဘယ် တော့ တကယ်ယူကြမှာလဲ"

သူ ရယ်လည်း ရယ်ချင်းနှင့်

"ပုံမှန်အတိုင်း ဆိုရင်တော့ ကျောင်းပြီးမှပေါ့ကွာ၊ သူ့ အိမ်က ရှုတ်ရှုတ် ရှုတ်ရှုတ်လုပ်ရင်တော့ တစ်မျိုးပေါ့"





သူ့ စကားအဆုံး ခင်လေးပြောသော စကားလေးတစ်ခု သတိရသည်။

"ခင်လေးတို့ ချစ်ခရီးလမ်းက လွယ်လွယ်ကူကူတော့ သွား မှာမယ် မထင်ဘူး" ဟူသော ပြင်းတစ်ချက်ကို လေးကန်စွာ သက်လိုက်မိ၏။

ပေါ်ဦးတို့အဖို့မှာ ပြဿနာကို ရင်ဆိုင်ဖြေရှင်းစရာ လက် ကော၊ အင်အားပါ အပြည့်ရှိ၏။ ကျွန်တော့်မှာ ဘာမှ ပါလား။

*



www.burmeseclassic.com

www.burmeseclassic.com

၃။

တက္ကသိုလ်တစ်ခုလုံးမှာ စည်ကားနေသည်။

တစ်နေရာ တစ်ခုစီဖြစ်သော်လည်း အားလုံးမှာ တ[illegible]
တည်း ဖြစ်နေကြ၏။

မိန်းဘက်မှလည်း တစ်ချိန်တည်း လှုပ်ရှားနေကြသည်

ကျွန်တော်တို့လည်း သည်ဘက် အခြမ်းမှာ၊

"တို့လူလေးများ ဆိုသလေး"

အနုပညာ အသင်းမှ အသံအောင်အောင်နှင့် သီချင်းအ[illegible]
ကောင်းသော ကိုမောင်မောင်ခင်၏ တိုင်ပေး လိုက်သော
အသံအဆုံး

"ဝေ လေလေ"

ဆိုသောအသံနှင့်အတူ ကိုထွန်းရွှေ၏အ,သုံးလုံး သီချင်း[illegible]
သံပြိုင်လိုက်ဆိုကြ၏။

ဒိုးပတ်သားရေ မျက်နှာပေါ်သို့ ကျွန်တော့် လက်များ
သည် တက်ကြွမှုနှင့်အတူ စီးစီးပိုင်ပိုင်ရှိလှ၏။

ရှေ့ဘက်ဆီမှ လို့ ဆော်သံဆိုင်းဘုတ် သယ်လာသော လူ[illegible]
ဆီမှလည်း ကြွေးကြော်သံများ ညီညီညာညာ သိဆိုနေသံ[illegible]
ကြားရ၏။





"စာမတတ်သူ ပပျောက်ရေး၊ တို့အရေး....တို့အရေး"

ကျွန်တော်တို့ ဝိုင်းဆီမှလည်း မောင်မောင်ခင် ဦးဆောင်
သော အသံနှင့်အတူ တစ်အုပ်လုံးဝိုင်းဆိုသံများ မြိုင်ဆိုင်နေ၏။

"ဝါးဖတ်ပေါ်မှာ မီးသွေးခဲနှင့် ဖြစ်တဲ့နည်းနဲ့ စာကို
သင်စေ အ,သုံးလုံးကြေ....အ,သုံးလုံးကြေ....အ,သုံးလုံးကြေ"

တဖြည်းဖြည်းနှင့် ကျွန်တော်တို့ လူအုပ်ကြီးသည် တိုင်ထူမည့်
နေရာအနီးသို့ ရောက်ကြ၏။ ဝိုင်းကြည့်နေသော လူအုပ်ထဲတွင်
ခင်လေးကို လှမ်းမြင်ရ၏။

ခင်လေးက ပြုံးပြသည်။

ကျွန်တော်က ပြန်ပြုံးပြရင်း လက်က ဝါး လွှတ်မသွား
အောင် ဒိုးကိုလိုက်တီးနေရ၏။

"တင်းကုတ်နဲ့ ကနဖျင်းတွေ သင်တန်းဖွင့်ကြတော့ ××
ဟုတ်ပေ×× ကျောင်းပိတ်ရက် စာသင်ခန်းတွေ သင်
တန်းဖွင့်ကြတော့ ×× ဟုတ်ပေ"

လက်ခုပ်သံများ၊ တို့အရေး၊ တို့အရေး ဆိုသောအသံများ
ညံနေသည်။

"အရေးအဖတ် အတွက်၊ ထက်ထက်မြက်မြက် အ,
သုံးလုံးကြေ"

ကျွန်တော်တို့ဝိုင်းမှ သီချင်းအဆုံး ဒိုးအရှိန်တီး၍ [illegible]
[illegible] ဝင်ကတော့သည်။

အမျိုးသားရေးမို့ ကြိုးစားပါ၊ ကျုပ်တို့ကိုယ်မှာ
ချွေးတလုံးလုံး ဖန်ပြာခွက်နဲ့ ကျောက်စက်ရေ [illegible]



www.burmeseclassic.com

www.burmeseclassic.com



မောပြေအောင် တိုက်ပမ့်မ နှယ်ချဲခေတ်ရှဲ့စိန်စမ္မ
ထိုတခေတ္တမှာအမှောင်ဖုံးခဲ့

လက်ဗွေအမှတ် ကြက်ခြေခတ်၊ မျက်ခြေဖြတ်မှာ
အ့သုံးလုံးပဲ၊ တစ်ယောက်တတ်လျှင်ဆယ်ယောက်သင်၊
တစ်မြို့ပြီးရင် တစ်ပြည်လုံးဟေ

ဝထ၊ ကာလသ၊ လူ့ ဘောင်သစ်ရဲ့အခြေပြု....

စာမတတ်သူ၊ တိုင်းကူ၊ ပြည်သူချစ်တဲ့ ကျောင်း
တော်သားတို

ဏ် ကော်ရိုပ်က လယ်ကွင်းချို၊ ကျောင်းသား
ဟူသည် ပြည်သူ့ ရင်သွေး

အ့သုံးလုံး-အ့သုံးလုံး-ပြည်သူအပြုံး အ့သုံးလုံး

အချအချီ အတိုင်အဖောက်ဖြင့် တက်ကြွသော အားမာ
နိုင်မာသော ယုံကြည်ချက်တို့၏အသံသည် ကြက်သီးမွေးညှ
များ ထလာစေသည်။

ဆိုင်းဘုတ်ကြီး တဖြည်းဖြည်းမြင့်တက်လာချိန်တွင် ကြေ
ကြော်သံများ သံချပ်သံများရော၍ တခဲနက် ပေါ်လာ
ကြည့်နေသူများအားလုံး လက်သီး လက်မောင်း တန်းလာ
သည်။

"စာမတတ်သူမမျှာက်ရေး၊ တို့အရေး၊ တို့အရေး"

ဒိုးကိုတစ်ဘက်မှ အားရပါးရ တီးနေချိန်တွင် တခါ
ပေါ်ဦးနှင့် ကျွန်တော်ပြောဖူးသော စကားများကို သတိ
လှသည်။





"ဟိုတုန်းကလဲ တို့တွေမှာ အားမာန်နဲ့ သတ္တိတွေအပြည့်
ခဲ့သလို၊ ဒီနေ့လဲ တို့မှာ တို့တိုင်းပြည်၊ တို့လူမျိုး၊ တို့ပြည်
သောင်စုအတွက် မကုန်ခန်းနိုင်တဲ့ အားမာန်သတ္တိတွေ၊ စည်း
း ညီညွတ်မှုတွေ ရှိပါတယ်၊ တက္ကသိုလ်ဟာ ဘယ်တော့မှ
လူမပျက်ပါဘူး၊ စိတ်ချ၊ မင်းလိုတို့လိုစိတ်မျိုးရှိတဲ့ လူတစ်
တ်ပဲရှိပါစေ၊ မနက်ဖြန်အတွက် ဘာမှမပူနဲ့တော့သူငယ်ချင်း"

ရင်ထဲတွင် 'တို့' ဆိုသော တက်ကြွမှုလေးများ လှုပ်ရှား
သာ၏။

ထိုနေ့က အဆောင်ပြန်ရောက်တော့ ကျွန်တော် ကဗျာ
သး တစ်ပုဒ် ရေးဖြစ်သည်။ ထိုနေ့က ခံစားခဲ့သော တက်ကြွ
များ၏ အရိပ်ပင်။

ကဗျာလေးက....

မနေ့ကများ.... "အချိ....ဗို့"
ကုန်သွားသည့်အတွက် မလွမ်းမကပါ
မနက်ဖြန်အတွက် တို့ရှိသည်။
နေ့ညများစွာ
တို့နေလာရ၊ ကြာပြီလေ....

နေ့ဟောင်း လဟောင်း၊ စွန့်ပြောင်းထားကြ
မ့်ဆန်းလှ၍၊ ညနေ့ဟူသည်
နာရီသနွေ၊ စက်မီးနေကြား
မွေးဖွားသစ်မြဲ သိပြီမို့....
မနေ့ကလို



www.burmeseclassic.com

www.burmeseclassic.com



နေ့အိုများစွာ၊ ဆုံးရှုံးမှာကို
ရင်ဖိုတတ်ခြင်း တို့မရှိ။
တို့အသိမှာ—
လာမည့်နေ့သစ်၊ လိုက်ကာလှစ်လျှင်
မဖြစ်စကား၊ တို့ပြောကြား၍
အားနာရမှာ စိုးရိမ်၏။
သည်ညနေမှာ
ဗလာသက်သက်၊ မျက်နှာဝှက်၍
မနက်ဖြန်ကို မရှက်ချင်၊
တို့နေခဲ့ရာ၊
ခဏတာဝယ်၊ နာရီလေးများ
စိန်စီထားရန်၊ မေ့ထွားလာသည်။
တို့ရှိသည်
တို့...ရှိသည်တွက်
ပြက္ခဒိန်မှာ၊ နက်ဖြန်ခါသည်
ရက်ရာဇာပဲ ဖြစ်ရမည်။

*

"ဟေ့ ကောင် မြန်မြန်လုပ်၊ ဟိုမှာ ခင်လေးတို့ စော[င့်]
နေတယ်"

တောင်ငူဆောင်ထဲတွင် ပစ္စည်းများ သိမ်းဆည်းနေစ[ဉ်]
ပေါ်ဦး၏စကားကြောင့် ကျွန်တော် သံဇကာကြားမှ အပြ[င်]
ဘက် လှမ်းကြည့်လိုက်သည်။





ခေါင်းရင်းဘက် ခုံတန်းလျားလေးတွင် ခင်လေးနှင့်မဖြူ၊
ကျွန်တော့်စိတ်ထဲတွင် တစ်စုံတစ်ခုကို သတိရလိုက်သဖြင့်
စောင့်နေသော ပေါ်ဦးအား လှမ်းပြောသည်။

"နေဦးကွာ၊ ငါ တစ်ခု မင်းကိုမေးစရာရှိလို့၊ ဟိုနေ့က
ားပြောနေရင်းတော့ သတိရသား၊ ပြောရင်း တခြား
ားတွေ ရောက်သွားတာနဲ့ မေ့သွားတာ"

သူက ကျွန်တော့် အမေးကို စောင့်နေဟန်ဖြင့် ဘာမှ ဝင်
ပြော။ ကျွန်တော်လည်း မေးရမှာ တွန့်သလို ဖြစ်နေ၏။
ဘက်က သိပ်သဘောထားသေးရာ စပ်စုရာကျမလား
းမိသည်။ သို့သော် သူငယ်ချင်းတွေပဲလေ၊ ကိစ္စမရှိပါဘူး။
စ္စလေးက ကြိုပြီး ရှင်းရှင်း လင်းလင်း သိထားတော့ ပို
ာင်းတာပေါ့ဟု တွေး၍

"ဒီလိုကွာ.... တို့ ရွှေတိဂုံဘုရားပေါ်မှာ အလှူခံတန်းက
လေးဘေးမှာ ပါလာတဲ့ ကိုကိုလတ်ဆိုတဲ့သူက ဘယ်သူလဲ၊
နေ့ကကော မင်း ဘာဖြစ်လို့ ရှောင်သွားတာလဲ"

ပေါ်ဦးမျက်နှာ ကွက်ခနဲပျက်သည်။ မျက်မှောင်ချက်ချင်း
သည်။ သူ့ အမူအရာကြောင့် သူ့ စကားအတွက် ရင်ထိတ်
၏။

"ဟာကွာ၊ ဒီလူ့ကို မေ့ထားလိုက်စမ်းပါ၊ ငါ ဒီလူ့ကို
စက်မှ ကြည့်မရဘူး၊ ဒါကြောင့် အဲဒီနေ့က ရှောင်ထွက်
ားတာ"

သူကပြောမှ ပိုထိတ်သွား၏။ ခင်လေးပြောသည့် မဖြူ[ကြ]ောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြူးသော ချစ်ခရီးဆိုသော ကိစ္စတွင် သူများပါနေ၍လ
စိုးရိမ်လာသည်။

"ဘာဖြစ်လို့လဲ"

ကျွန်တော့်မေးသံက မရဲတရဲဖြစ်နေသည်။ သူ့ စကား
မကြားရဲ၊ ကြားကလည်း ကြားချင်နေသည်။

"သူက ခင်လေးအဖေဘက်ကကွ၊ ကိုနဲ့ တစ်ဘက်စီ
ခင်လေးတို့နဲ့လဲ ဝေးပါတယ်၊ သုံးလေးဝမ်းတော့
မယ်"

"သူက ဘာလုပ်လဲ"

အစဉ်အတိုင်းလာမည့် စကားကို ကျွန်တော် မစောင့်
ဖြတ်၍ မေးမိသည်။ သူက အတန်ငယ် စဉ်းစားဟန်ပြု၍

"သူက မက်စ်ကကျောင်းဆင်းပြီးသား၊ ဖောရင်းကု
တစ်ခုမှာ ရက်ပ်လုပ်နေတယ်၊ နိုင်ငံခြားကုမ္ပဏီ ကိုယ်စားလှ
ဆိုတော့ အလုပ်ဖြစ်မှာပေါ့ကွ၊ အတော်ထောတယ်၊
မိဘတွေကိုယ်၌ကလဲ ချမ်းသာတယ်၊ ဟိုတုန်းက လိုင်စင်သူ
တွေပေါ့"

ခုထိတော့ ကိုယ်နှင့်ပတ်သက်သည့်ကိစ္စ တစ်စုံတစ်ရာ မ
သေးသဖြင့် ရင်ထဲမှာ လှုပ်ရှားမှု သိမ်မရှိ။ နိုင်ငံခြားကု
မကလို့ သိကြားမင်းရှိကိုယ်စားလှယ်ပဲဖြစ်ဖြစ် ကိုယ်နှင့်မ
လိုင်စင် သဌေးသားမကလို့ အနာတပိုက် သူဌေးသား
ပါစေ။ ကိုယ့်ကိစ္စထဲဝင်မလာလျှင် အရေးမကြီး။ ထို့ကြော

"မင်းကော ဘာလို့ မကြည်တာလဲ"





သူ ရှုံ့မဲ့သွားသည်။ အတော်အသင့်လေး ကြည့်မရရှိတော့
တာ။

"ဟာ....သိပ်ကြီးကျယ်တဲ့ ကောင်ကွ၊ တော်ရုံ လူကို လူလို့
သင်တာမဟုတ်ဘူး၊ ပြီးတော့ ရှုပ်လဲ သိပ်ရှုပ်တာ"

ဘုရား....ဘုရား၊ သည်ပုဂ္ဂိုလ်၏ ဂုဏ်ထူးဂုဏ်ပဒ်များ သည်
မှုနှင့် ရပ်သွားပါစေဟု ဆုတောင်းလိုက်မိ၏။ ကိုယ့် ကိစ္စနှင့်
သူ့ ကိစ္စကြား မျဉ်းတစ်ကြောင်းခြားနေလျှင် တော်ပါပြီဟု
တွေးမိသည်။ သို့သော် ကျွန်တော့်ဆုတောင်း မပြည့်။

"ပြီးတော့ သူက ခင်လေးကိုလဲ ကပ်နေတာ၊ ခဏ ခဏ
အိမ်အလည်လာ၊ ဘာပစ္စည်း ညာပစ္စည်းတွေ ယူလာပေး
ခင်လေးဖို့ဆိုတာက တစ်မျိုး၊ အဘိုးကြီး အဘွားကြီးအတွက်
ဆိုတာက တစ်မျိုး၊ ဘာအမျိုးလဲကွာ"

ပစ်မှတ်က တည့်တည့်လာထိသည်။ ကျွန်တော် စိုးရိမ်သော
ကိစ္စသည် တစ်စက်မျှ မလွဲပါ။ ဟုတ်တော့ ဟုတ်ပြီ။ ဒါပေမယ့်
ရေနစ်သူမှတောင် ဆွဲမိဆွဲရာ ဆွဲတတ်သေးတာ။ ကျွန်တော်
သည်း နောက်ဆုံးအားထားရာ ကောက်ရိုးတစ်မျှင်ကို လှမ်း
ဆွဲ၏။

"ခင်လေးကကော ဘယ်လိုလဲ"

ပေါ်ဦးက ယောကျ်ား မျက်စောင်းဖြင့် ကျွန်တော့်ကို
ကြည့်သည်။ ကျွန်တော့်ကို သိပ်ကျေနပ်ပုံမပေါ်။

"ဟေ့ကောင်၊ ခင်လေး ဘယ်လိုဆိုတာ မင်းကိုပြောရ
လိုသေးလို့လား၊ ဘာလဲ ခင်လေးက နှစ်ဂူစံနေတယ် ထင်လို့
လား...."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပျာပျာသလဲ ဖြေရှင်းချက် ပေးသည်။

"ငါစိတ်ထဲမှာ သိပ်စိုးရိမ်သွားလို့ပါ ပေါဦးရာ၊ ငါ့မှာ မင်းသိတဲ့အတိုင်း"

"ငါသိပါတယ် တွန်းဝေ၊ မင်း ငါ့ကို ရှည်ရှည်ဝေးဝေး ရှင်းပြမနေနဲ့၊ မင်းကို ငါ အပြတ်ပြောမယ်၊ ဒီကောင်ကြီးကိစ္စကတော့ တစ်နေ့မဟုတ် တစ်နေ့ မင်းတို့ကိစ္စမှာ ဝင်ရှုပ် မှာဘဲ၊ ဒါပေမယ့် မင်းအာမှ ဒါကိုထည့်မတွေးနဲ့၊ ခင်လေးက ငါ့စိတ်မျိုးပါပဲ"

ရင်သည် မမေးသော်လည်း အပူသက်သာသွား၏၊ အပြောအဆက်ကိုလည်း လှမ်းကြည့်မိသည်။ ကျွန်တော်တို့ဘက် ကြည့်လိုက်သော ခင်လေးကို မြင်၏။ ကျွန်တော်က ပေါဦးကို

"ဒါဖြင့်လဲ ပြီးတာပါပဲကွာ၊ လာ သွားစို့၊ စောင့်နေတာ သူတို့ ဒေါကန်နေတော့မယ်"

ပူနေသော ရင်သည် နေစရာမရှိ။

*

ပူနေသောအကြောင်းကို အချဉ်ရည်ထဲတွင် လှိမ့်လိုက်သည်။

"အား...အပူကြီးပါလား"

ပေါဦးက အကြောင်းကိုကိုက်ရင်းနှင့်အော်သည်။ ကျွန်တော် ပြုံး၍ ကြည့်လိုက်သောအခါ ခင်လေးနှင့် အပြုံးချင်း ဆုံသည်။

ရေထဲတွင် ပျော်နေသူများ၏ အော်ဟစ်သံများ ခပ်လှမ်းလှမ်းမှ ကြားနေရသည်။





"ဒီနေ့ သူတို့ အတော်ပင်ပန်းသွားမှာပဲ"

စောစောက အသုံးလုံးလှုပ်ရှားမှု လို့ ဆော်ပိုစတာ ဆိုင်းတင်မဲ့ အခမ်းအနားကို ရည်ရွယ်၍ ပြောခြင်း ဖြစ်သည်။

"အေး...တစ်ယောက်ကလဲဒိုးပတ်တစ်လုံးနဲ့၊ တစ်ယောက်ကလဲ အော်လိုက် ဟစ်လိုက်နဲ့ သူတို့ပဲ စိုလဲ့စိုတယ်"

ကျွန်တော်တို့ ရယ်နေလိုက်သည်။

"ကိုကိုက ဒါတွေ ဘယ်တုန်းက တတ်တာလဲ"

ခင်လေး၏ အမေးတွင် ပါလာသော ကိုကိုကြောင့် ပေါဦး မျက်လုံးပြူးပြူး၏။ မဖြူက ပြုံးနေသည်။ ခင်လေးမျက်နှာ ပန်းရောင်နှင့် ပေါလာသော်လည်း ကြာရှည် မပျော်။ ခင်လေး၏သတ္တိကို ကျွန်တော်ပင် သဘောကျသွား၏။

ကျွန်တော်က ရယ်လိုက်ပြီး

"ဒီလိုပေါ့ ခင်လေးရယ်၊ ကိုယ်တို့တောမှာက ဝါသနာ ပါရင် ဒိုးပတ်တို့၊ ခြောက်လုံးပတ်တို့ မတီးတတ်တဲ့ လူ ရှိပါဘူး"

"စာတွေ ဘာတွေကော ရေးနေတုန်းပဲလား"

ကျွန်တော်က ခေါင်းညိတ်ရင်း

"ခုတော့ ကဗျာလေးတွေပဲ ရေးဖြစ်ပါတယ်"

"ကိုကိုရေးတဲ့ ကဗျာလေးတွေ ခင်လေးကို ပေးတော်ပါလား"

ကျွန်တော်က ပြုံး၍ ခေါင်းညိတ်၏။

"မဂ္ဂဇင်းတွေ ဘာတွေကော မပို့ဘူးလား"

မဖြူက ဝင်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မပို့သေးပါဘူး မဖြူရယ်၊ ဒါပေမယ့် ပို့တော
မလို့ လုပ်နေပါတယ်၊ ရှမ၀ကို ကဗျာလေးတွေ စ
ကြည့်မလို့ စဉ်းစားထားတယ်"

"ဟာ....မလုပ်ပါနဲ့ကွာ"

ပေါ်ဦးက အလန့်ထည်က် ဝင်ကန့်ကွက်၏။ ကျွန်
က ဘာမှန်းမသိသဖြင့် သူ့ကို ကပျာကယာ ကြည့်ရင်း

"ဘာဖြစ်လို့လဲ"

"ရှမ၀က ရုဇဝင်နဲ့ နေလာတဲ့ မဂ္ဂဇင်းပါ၊ မင်းက
ထည့်မှ တစ်သက်လုံး ကောင်းလာတာလေးတွေ ပျက်
ပါ့မယ်"

သူ့ဟာသကို အားလုံး ဝိုင်းရယ်ကြ၏။

အင်းယား ရေစပ် အကြော်ဆိုင်လေးမှ စကားဝိုင်း
သည် ချိမြိန်စရာ ကောင်းလှသည်။ အင်းယားကန်ကြီး
ခါတိုင်းထက်ပို၍ လှနေ၏။

ကျွန်တော်က အနောက်ဘက်ကို မျက်နှာမူပြီး ထိုင်
သဖြင့် ခပ်လှမ်းလှမ်းမှ ဘွဲ့နှင်းသဘင် အဆောက်အဦကြ
ကျောဘက်ကို မြင်နေရသည်။ စိတ်ထဲတွင် သည်လို အမြ
နေသွားနိုင်ရန် စာကြိုးစား၍ မြန်မြန်ဘွဲ့ရမှ ဖြစ်မ
တွေးနေမိသည်။

"ဟော....ငိုင်သွားမါလား"

ခင်လေးက ကျွန်တော့်ကိုကြည့်၍ ရွတ်နောက်နေ
ဆိုသည်။ ကျွန်တော်က ဘွဲ့နှင်းခမ်းမဘက် မေးဆတ်၍





"အော်....ကွန်ုပ်ဂို ကြီးမြင်ပြီး တွေးမိလို့ပါ၊ ဘွဲ့တွေဘာ
တွ မြန်မြန်ရမှ ဖြစ်မယ်၊ နို့မို့ အမြဲတန်း စိတ်ပူနေရမှာ"

ခင်လေးက နှုတ်ခမ်းစူ၍

"အမယ်....သူက ဘာများ စိတ်ပူစရာလိုလို့လဲ"

ကျွန်တော် ပင့်သက်တစ်ချက်ကို ရှိုက်၍ ယူလိုက်သည်။ ပြီးမှ
ပ်လေးလေး လေသံဖြင့်

"ပူရတာပေါ့ ခင်လေးရယ်၊ အချစ်ဆိုတာ ဘဝနဲ့ကင်း
ို့ ရတာမှ မဟုတ်ဘဲ"

"ငါသူ့ကို ကိုကိုလတ် အကြောင်း ပြောပြလိုက်တယ် ဟ"

ပေါ်ဦးစကားအဆုံး၊ ခင်လေးမျက်နှာတွင် ကွက်ခနဲ ပျက်
သွား၏။ ဒေါသ၏ အရိပ်လေးများ သူ့မျက်နှာပေါ်တွင်
ပေါ်လာသည်။

"သွားစမ်းပါ၊ အဲဒီလူကြီးအကြောင်း မပြောပါနဲ့၊ ဖေဖေ
ို့ မေမေတို့က အလကားနေရင်း အထင်ကြီးနေပြီး ကိုကို
လတ် ကိုကိုလတ်နဲ့ တလတ်ထဲ လုတ်နေလို့ သာ ဒီက လိုက်လိုက်
လျောလျော ဆက်ဆံနေရတာ"

သူက ဖော့ပေးလိုက်သော်လည်း ကျွန်တော်က ပိုပြီးသွား
သည်။

"ကိုယ်ကတော့ စိတ်ပူမိတာ အမှန်ပဲ ခင်လေး"

"ပူရင် မြန်မြန်နီးအောင် ကြိုးစားပေါ့"

မဖြူက ဝင်ပြောလိုက်ခြင်း ဖြစ်သည်။ ခင်လေးကတော့
ိုလိုက်တာ ဆိုသော အဓိပ္ပာယ်ရှိသည့် အကြည့်ဖြင့်ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



"အမလေး...သဲမနေနဲ့ ကိုယ်းတော်ရယ်၊ ခုမှ ရည်း
ဖြစ်တာ တစ်ပတ်ရှိပါသေးတယ်၊ သိပ်နီးချင် မနေပါနဲ့

"အော်...ငါ့အခုမှ သတိရတယ်"

ပေါ်ဦး၏ ကြားဖြတ် စကားကြောင့် အာရုံများ
လုံး သူ့ဆီသို့ ရောက်သွားသည်။ သူ့စကား အစများသ
အထိတ်တလန့် နိုင်လှသည်။

"မနက်က ငါ ဇော်မြင့်နဲ့ တွေ့တယ်"

ရင်ထဲတွင် လှုပ်ခနဲ ဖြစ်သွားသည်။ ဒါဆို သတင်းကော
ဖြစ်ရမည့်များ၏။

"ဘာတဲ့လဲ"

"အော်၊ သူ့အစ်ကို ကျူရှင်က ဆရာတစ်ယောက်
မေးပွဲနီးမှ ကျောင်းစာရေးနဲ့ စကားများပြီး ထွက်သွား
တဲ့၊ အဲဒါ မင်းသူ့ကို တစ်ခါပြောထားတာ သတိရလို့
မင်းလုပ်နိုင်မလား မေးခိုင်းတယ်"

"ဟာ၊ အဆင့်ပြေတာပဲ"

ခင်လေးက ဖျတ်ခနဲ ကျွန်တော့်ကို ကြည့်၍

"ဘာလုပ်မလို့လဲ"

"အော်၊ တစ်ဘက်က ဝင်လေး ဘာလေးရအောင်
ပြမလို့"

"ဘယ်မှာလဲ၊ အဲဒီကျူရှင်က"

"ရန်ကင်းမှာ"





ခင်လေးက ဘာမှမပြောတော့ဘဲ၊ ကျွန်တော့်ကိုမျက်လွှာ
လှန်၍ စိုက်စိုက်လေးကြည့်သည်။ သူ့အကြည့်လေးတွင် ဝဲနေ
သော မျက်ရည်လေးများကို တွေ့ရ၏။

သည်မျက်ရည်လေးများ၏ အနက်စစ် အနက်မှန်ကို ကျွန်
တော် မည်ကဲ့သို့သော နည်းဖြင့် သိရပါနည်း။

❀



www.burmeseclassic.com

www.burmeseclassic.com

၄။

သူ့လက်ထဲမှ လက်ကိုင်ပဝါ မိုးပြာရောင်လေးသည် တု
တုန် လှုပ်လှုပ်ဖြင့် တွန့်လိမ်နေ၏။

ခင်လေးက လက်ကိုင်ပဝါကို လက်ညှိုးတွင် ပတ်လိုက် ပြ
ဖြေလိုက်၊ ပြန်ပတ်လိုက်၊ ပြန်ဖြေလိုက် လုပ်နေသည်။ စိတ်
လှုပ်ရှားမှုအတိုင်းအတာသည် မြင်သာနေ၏။

"ခင်လေး စိတ်လှုပ်ရှားနေလား"

မြေးလွှားနေသော သူ၏စိတ်များ တည်ငြိမ်သွားစေရ
စကား စ ပေးလိုက်သည်။

"ဟုတ်တယ်၊ နှစ်ယောက်တည်း တစ်ခါမှ မသွားဘူးတော့
သိပ်ကြောက်တာပဲ"

ကျွန်တော်ပြုံးလိုက်သည်။ သူ့စိတ်လှုပ်ရှားမှုကို ဖြေပေးရန်
လိုအပ်နေကြောင်း သတိပြုမိသဖြင့်

"ဘာကို ကြောက်တာလဲခင်လေး၊ ကိုယ့်ကိုလား၊ ဘေးကို
လား"

ခင်လေး၏မျက်စောင်း ဒိုင်းခနဲ ရောက်လာသည်။





"သူ့ ဘာဖြစ်လို့ ကြောက်ရမှာလဲ၊ အိမ်က တစ်ယောက်
ယောက်များ မြင်သွားမလားလို့ စိုးရိမ်နေတာ"

သုံးဘီးကား၏ တုန်ခါမှုကြောင့် နှစ်ယောက်လုံး၏ ကိုယ်
များ လှုပ်ခါနေသည်။ ဟံသာဝတီအဝိုင်းမှ ဦးဝိစာရလမ်းဘက်
သို့ လိုက်သဖြင့် နှစ်ယောက်စလုံး ယိုင်သွားသည်။ ရယ်သံ
များတိုး ပေါ်လာသည်။

"တွေ့တော့လဲ ဘာဖြစ်လဲ ခင်လေးရဲ့ နားဖောက်ပြီးသား
ဖြစ်တာပေါ့"

ကျွန်တော့်ပေါင်ကို သူ လှမ်းရိုက်သည်။ မကျေမနပ် ဟန်
လေးနှင့် စေ့ထားသော နှုတ်ခမ်းကို တွန့်သည်။ ပါးချိုင့်လေး
ပေါ်လာ၏။

"နားဖောက်ပြီးသား ဖြစ်ပါလိမ့်မယ် အားကြီး၊ ပြဿနာ
ဘက်ကုန်လို့ ဒုက္ခရောက်မှာတော့ ထည့်မတွက်ဘူး"

ကျွန်တော်က သိပ်အလေးအနက် မထားသောဟန်ဖြင့်
စကားကိုရယ်ပြီး ဖေါ့ပစ်လိုက်သည်။

"ဒါနဲ့၊ ခင်လေးက ကိုယ့်ဘက်မှာ အမြဲရှိမယ်ဆို"

သူ့မျက်နှာ ရုတ်ချည်း တည်ငြိမ်သွားသည်။ အပြောင်
အပျက် အမူအရာများ လုံးဝ မရှိတော့။

"ဒါတော့ဒါပေါ့ ကိုကိုရယ်၊ ဒါပေမယ့်ခင်လေးတို့ အခြေ
အနေက ဒီအထိ ရောက်ဖို့ မဖြစ်နိုင်သေးဘူး မဟုတ်လား"

ကျွန်တော် တွေသွားသည်။ သူပျော်အောင် လုပ်နေရင်း
နှင့် သူ မပျော်လာ။ သူ့ပူပန်မှုသာ ကျွန်တော့်ဆီ ကူးလာ၏

"အဲဒါက ဘာဖြစ်သွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ညှိုးသွားသော ကျွန်တော့်မျက်နှာကို သတိပြုမိသည် [illegible] သည်။ သူ့မျက်နှာမှာ အပြုံးလေးတစ်ခု ပေါ်လာ၍ [illegible] တော့်ကို လှမ်းမေးသည်။ ကျွန်တော် ပြုံးကြည့်သော် [illegible] အပြုံးသည် မပီ။ မျက်နှာပေါ်မှ တစ်စုံတစ်ခုသည် [illegible] နေ၏။

"ခင်လေးပြောတာနဲ့ ကိုယ်တောင် ကြောက်လာပြီ"

သူ ရယ်သည်။ ချက်ချင်းပြောင်းသွားသော သူ့ အမူ [illegible] သည် ကျွန်တော့် သောက်ကို တစ်ဖန်ပြန်၍ ဖော်ပေးနေသ [illegible] ထင်၏။

"တကတည်း၊ စိတ်ကလဲ အားငယ်လိုက်တာ ယောက် [illegible] မဟုတ်သလိုပဲ၊ ကိုကိုက အာအရေးလဲ၊ ခင်လေးနဲ့လဲလဲနေ [illegible] တစ်ယောက် တောက်လိုက် လိုက်တာပေါ့၊ ကိုကို့မှာ မရှာ [illegible] ပါဘူး"

ကျွန်တော့် မျက်နှာ အနည်းငယ် လျော့သွားသည်။ သူ့ [illegible] စူးစူးကြည့်၍

"မဟုတ်က ဟုတ်ကတွေ လာပြောမနေနဲ့နော် ခင်လေး [illegible] နောက်တစ်ယောက်ဆိုတာ ကိုယ့်မှာ မရှိဘူး၊ အဲဒီလို ကျပ်က [illegible] ပြော၊ ခုတစ်ခါတည်း သုံးဘီးကားနဲ့ ခိုးပစ်လိုက်မယ်"

သူ မျက်လုံးပြူး၍ ပခုံးတွန့်သွားသည်၊

"အပြောကတော့ ချောနေတာပဲ၊ တကယ်လဲ ခိုးရဲတာ မဟုတ်ဘဲနဲ့"

ဖျတ်ခနဲ ကျွန်တော် ခေါင်းငုံ့သည်။ ကားဆရာနောက်ဘက် ပေါက်မှ နေ၍ ကားဆရာကို လှမ်းပြောမည် ပြင်သည်။





ခင်လေးရယ်၍ ကျွန်တော့်ပါးစပ်ကို လှမ်းပိတ်၏။

"ဟော့....ဘာလုပ်မလို့လဲ၊ အလကားပြောတာ၊ ဘွာ....

ဘွား၊ ကြည့်....သူက အဟုတ်လုပ်မှာ"

ကျွန်တော် ခါးပြန်ဆန့်၍ သူ့လက်လေးကို ဖွဖွကိုင်ရင်း

"ကိုယ် တကယ် ခိုးပြေးမှာ၊ စားစရာမရှိရင် ကူလီထမ်း ကျွေးမယ်၊ ကိုယ်တစ်လုပ်မှ မစားရချင်နေ၊ ကိုယ့်ချစ်သူကို တော့ အငတ်မထားဘူး စိတ်ချ"

ခင်လေးမျက်နှာတွင် ကျေနပ်ပြုံးလေး ထင်လာ၏။ ပုလဲ ရည် ပါးပါးလဲ့နေသော မျက်ဝန်းညိုညိုဖြင့် ကြည့်ရင်း

"ယုံပါတယ် ဆရာကြီးရယ် ယုံပါတယ်၊ ဒါပေမယ့် ခဏ လေးတော့ စောင့်ပါဦး ကိုကိုရယ်နော်"

အပြုံးလေးများသည် တစ်ဦးနှင့်တစ်ဦး ကြင်နာစွာ ထွေး ပိုက်မိကြသည်။ ဆုပ်ထားသောလက်ကို တင်းတင်းလေး ဖမ်း လိုက်၏။

"ဘယ်လိုလဲဆရာလေး၊ ရုပ်ရှင်ရုံပဲမောင်းရတော့မှာလား"

နှစ်ယောက်သား မျက်လုံးပြူး၍ တစ်ယောက်ကို တစ် ယောက် ကြည့်လိုက်၏။ ကားဆရာသည် ကျွန်တော်တို့ နှစ် ယောက်၏စကားများကို ကြားနေရသဖြင့် ဝင်နောက်လိုက် ခြင်း ဖြစ်သည်။

ကျွန်တော် နောက်ပေါက်မှ ငုံ့ကြည့်ရင်း

"ဟုတ်ကဲ့ အစ်ကိုရေ၊ ခဏလေးတော့ စောင့်ပါဦးတဲ့ [illegible] တကယ်ခိုးရင် အစ်ကို့ကို လှမ်း အကြောင်းကြားလိုက်ပါ မယ်"



www.burmeseclassic.com

www.burmeseclassic.com



ကားဆရာက ရယ်၍

''စိတ်ချ စိတ်ချ၊ ကျုပ် ကိုယ်တိုင် ထဘီထုပ်ထမ်းပြီး ပို့ပေးမယ်''

လမ်းအနေအထားနှင့် စက်အရှိန်ကြောင့် တုန်ခါနေသော ကားလေးထဲတွင် ရယ်သံလေးများ ပြန့်နှံ့သွားသည်။

ပြန်လှည့်လိုက်သော မျက်လုံးလေး များသည် ရွှေတိဂုံဘုရား၏ အနောက်ဘက်မုခ်နှင့် စေတီတော်ကြီးကို လှမ်းမြင်လိုက်ရ၏။ ခင်လေးကို လက်ညှိုးညွှန်ပြလိုက်သည်။

ခင်လေးက လှည့်ပြန်လှည့်ကြည့်၍ လက်အုပ်လေး ချီလိုက်သည်။

ကျွန်တော့် ရင်ထဲတွင် တိုးတိုးလေး ဆုတောင်းမိလိုက်သည်။

''အရှင်ဘုရား၏ တန်ခိုးတော်ကြောင့် ဤပျော်ရွှင်မှုမျိုးလေးများသည် ထာဝရ တည်ရှိနေပါစေဘုရား'' ဟူ၍

ဘုရားရှင်သည် ဆိတ်ဆိတ်နေတော်မူ၏။

*

''ရော့...အစ်ကို''

ကားဆရာက ပြုံးဖြဲဖြဲနှင့် ကျွန်တော်လှမ်းပေးသော ဆယ်တန်ကိုယူ၍ ကျပ်တန်များ ပြန်အမ်းသည်။ တလက်စတည်း အရွှန်းစကားလေး တစ်ခုကိုပါ ဆို၏။

''ဒီတစ်ခါတော့ ရုပ်ရှင်နဲ့ပဲ ကျေနပ်လိုက်ဦးပေါ့ကွာ''

ကျွန်တော် ရယ်နေလိုက်သည်။





ရုပ်ရှင်ရုံဘက်တွင်တော့ တန်းစီနေကြသော လူအုပ်ကြီးမှာ ကြောက်ခမန်းလိလိ။

အနားမှ ဖြတ်လျှောက်သွားသော သန့်သန့်ပြန့်ပြန့် ဝတ်ထားသော လူတစ်ယောက်က မကြားတကြား ဆိုသွားသည်။

ကျွန်တော် ခင်လေးလက်ကို ဖွဖွဆုပ်၍ ရုံရှေ့တက်သည့် ဆင်ခြေလျှော လမ်းကလေးအတိုင်း လျှောက်လာသည်။

သမ္မတရုံ၏ တစ်ဘက်ထိပ်မှ တန်းစီလာသော ပရိသတ်သည် အနောက်တစ်ဘက်စွန်း ဆင်ခြေလျှောလမ်းလေးအထိ ကွေ့ပတ်နေသည်။ ကြော်ငြာကပ်ထားသော နံရံဘက်မှ ကပ်၍ လူအုပ်ကြား တိုးလာခဲ့သည်။ ခင်လေးက ကျွန်တော် ကိုင်ထားသောလက်ကို လွှတ်၍ ကျွန်တော့် လက်မောင်းကိုတွယ်၍ လိုက်လာသည်။

လူအုပ်ကြား တိုးနေရင်း ကျေနပ်ဝင့်ကြွားသော ပီတိလေးများ လှိုင်လာ၏။

တိုးရင်း ဝှေ့ရင်းနှင့် ရုံအတက် လှေကားထစ်သို့ ရောက်သည်။ ကြိုတင်လက်မှတ် ဖြတ်ပိုင်းလေးပြ၍ နှစ်ယောက်သား သံတံခါးမှ တိုးတိုးခွေ့ခွေ့လေး ရုံတွင်းရောက်လာသည်။

ကြိုတင်လက်မှတ်များကို ရုံဝင်လက်မှတ်နှင့်လဲလှယ်ပြီးသော အခါ အပေါ် ထပ်တက်သည့် လှေကားဆီ လျှောက်လာကြ၏။

ဘွားခနဲ မြင်လိုက်ရသော မြင်ကွင်းတွင် ကျွန်တော်တို့ နှစ်ယောက်။

မှန်ထဲတွင် ကျွန်တော်တို့နှစ်ယောက် အကြည့်ချင်း ဆုံသွားသည်။ မှန်ထဲက တစ်ယောက်၏ အရိပ်ကို အပြင်မှတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



က ကြည့်၍ပြုံးပြလိုက်သည်။ ခင်လေး၏ လှသောအပြုံးသည် မှုန်၏ ဘက်ချင်း ပြောင်းပြန် ပေါ်မှုကြောင့် လျော့မသွား သို့သော် မှုန်ထဲမှ ခင်လေးတွင် ညာဘက်သို့ ပါးချိုင့်ရှော နေ၏။

"ရှက်စရာကြီး"

ခင်လေးက တိုးတိုးပြော၍ ကျွန်တော့်လက်မောင်း တွယ် ထားသောလက်ကို ဖြုတ်သည်။

"ဘာဖြစ်လဲ ခင်လေးရဲ့ ဒါ အလှအပပဲဟာ"

"ဟင့်အင်း၊ ရှက်တယ်"

ခင်လေးအပြုံးတွင် ပန်းရောင်နှောနေသည်။

ကံကောင်းစွာဘော့မဟုတ်။ ကြိုတင်လက်မှတ် လာဝယ် သည့်နေ့က ချွေးတလုံးလုံးဖြင့် ကြိုးစားထားသည့် ရလဒ်အဖြစ် နောက်ဆုံးခုံတန်းအစွန် ထောင့်လေးမှာ နေရာ လှလှလေး [illegible] သည်။

ကျွန်တော်တို့ရှေ့ တည့်တည့် အစွန်နှစ်ခု အားလုံး၌လည်း ကျွန်တော်တို့လို။

ဒေ့ါခံတီးလုံးနှင့်အတူ အလင်းရောင်များသည် တဖြည်း ဖြည်း မှိန်ဖျော့သွား၏။

"ရော့"

ကြော်ငြာစာတမ်းများ ထိုးနေစဉ် ခင်လေးက ကျွန်တော့် ဆီ အချဉ်ထုပ်တစ်ထုပ် လှမ်းပေးသည်။ ကျွန်တော်က ခေါင်း ခါ၍

"ဟင့်အင်း"





ခင်လေးမျက်နှာတွင် မကျေနပ်ရိပ်လေး ပေါ်လာသည်ကို [illegible]ဖျော့သော အလင်းရောင်တွင် တွေ့၏။ လှလှလေး စူထား [illegible]သော နှုတ်ခမ်းနှင့်အတူ

"စားလေ၊ ဒါ ကိုကိုဖို့ပဲဟာ"

"နေပါဦး ခင်လေးရဲ့"

ပြောရင်းနှင့် ကျွန်တော်က သူ့လက်နှင့် အချဉ်ထုပ်ကို [illegible]က်ဝါးနှစ်ဘက်ဖြင့် ညှပ်ဖိရင်း သူ့ပေါင်ပေါ် ပြန်တင် [illegible]သည်။

ဖျတ်ခနဲ လင်းသွားသော အလင်းရောင်တွင် နိုင်ငံတော် [illegible]၊ ကျွန်တော်တို့ ကမန်းကတန်း ထရပ်လိုက်ကြသည်။ [illegible]င်တော်သီချင်းဆုံးမှ ကျွန်တော်တို့ ပြန်ထိုင်လိုက်သည်၊

"ဗဟိုသတင်းစဉ်"

ဆိုသော စာတမ်းနှင့် အဖွင့်တီးလုံး ပေါ်လာသောအခါ [illegible]ာက်ထပ်မှာ ဟားခနဲ အသံများ ပေါ်လာ၏။

"ဘာလဲ၊ ကိုကိုက ခင်လေးဝယ်လာတာ မစားဘူးလား"

စူစူအောင့်အောင့်လေသံကြောင့် ကျွန်တော် သူ့နားနား [illegible]ပ်၍ တိုးတိုးလေး

"ခွံ့ပေးမှ"

"ဟင်း....ကိုကိုကလဲ ကလေးကျနေတာပဲ"

"ခင်လေးရဲ့ကိုကိုက ကလေးပဲဥစ္စာ"

"တော်ပါ"

ပြောသော်လည်း သူတကယ်မတော်ခိုင်း။ လက်တန်းပေါ် [illegible]င် တင်ထားသော တံတောင်ဆစ်ဖြင့် ခပ်သာသာတွက်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com



အချဉ်ထုပ်ကို ဖောက်သည်။ ရှုပ်ရှင်ကြည့်ရမည့် ကျွန်
မျက်လုံးများသည် ခင်လေးလက်ကလေးများဆီ ရောက်

"ရော့၊ ကလေးကြီး စားတော်မူပါဘုရား"

ချစ်ငေါ့ငေါ့လေသံနှင့် မရမ်းပြုးဖတ်ကလေး ကိုင်
သောလက်သည် ကျွန်တော့်နှုတ်ခမ်းဆီ ရောက်လာ၏။
တော်က သူ့လက်ကို ဖမ်းထားလိုက်ပြီး

"ဟင့်အင်း၊ ဒီလိုခွံ့ကျွေးဖို့ ပြောတာမဟုတ်ဘူး"

မှောင်လုလု အလင်းရောင်တွင် ခင်လေး၏ မျက်
လက်လက်လေး ဖျပ်ခနဲရောက်လာသည်ကို တွေ့ရသည်

"ဒီလိုမခွံ့လို့ ဘယ်လိုခွံ့ရမှာလဲ"

ကျွန်တော် သူ့ဘက် သိသိသာသာ တိုးလိုက်ရင်း

"ပါးစပ်နဲ့ခွံ့"

"ဟင်၊ ခွံ့ချင်ပါဘူး"

"ဒါဖြင့် ကိုယ် ဘယ်လိုလုပ် စားမလဲ"

"ဒီတိုင်းစားပေါ့"

"ဟင်၊ စားချင်ပါဘူး"

ကျွန်တော်က သူ့လေကိုတုရှဲ ပြောလိုက်သည်။

"ဟင်း၊ သိပ် ကဲတာပဲ"

ပြောသာ ပြောသည်။ မရမ်းပြုးသည် သူ့နှုတ်ခမ်း
ရောက်သွား၏။

"အင့်"

လေသံဖြင့် ရောက်လာသော စကားသံနှင့်အတူ ခပ်
မော့ မျက်နှာပေး ကျွန်တော့်ဘက်လှည့်သည်။





ကျွန်တော့်မျက်နှာသည် သူ့ မျက်နှာအနီး တိုးကပ်
သွား၏။

သင်းပျံ့သော မွှေးရနံ့လေးတစ်ခု ရလိုက်သည်။

မရမ်းပြုး၏ ချိုချဉ်ချဉ် အရသာလေးသည် နှုတ်ခမ်းဖျား
ဆီ ရောက်လာ၏။ အချိုများသည် နှုတ်ခမ်းနှစ်ခုလုံးတွင် ကူး
သွားသည်။

သမ္မတရုံကြီးသည် အောင်ဥယျာဉ် ဖြစ်သွား၏။

ဘယ်တုန်းက ရောက်လာမှန်းမသိသော ဒန်းပန်းလေးများ
ဝေဆာပွင့်ဖူးလာသည်။ ချိုမြိန်သော ပန်းသီးလေးကို တွေ့
လိုက်ရသည်။

မရမ်းပြုးလေးသည် အချစ်၏ နှုတ်ခမ်းဖျားလေးများ
တွင် လူးလာခတ်သွား၏။

"ကိုကိုရယ်...."တဲ့

*

ဒိုင်းခနဲ ပေါက်ကွဲသံကြီးတစ်ခု ပေါ်ထွက်လာသည်။

ပြေးလွှား လှုပ်ရှားနေသော လူအုပ်များ၏ နောက်ကွယ်
တွင် လိမ္မော်ရောင် ပေါက်ကွဲမှုများ ဆက်တိုက် ပေါ်လာ
သည်။ မီးများလည်း ဟုန်းဟုန်းတနေ၏။

ကြီးမားခန့်ထည်၍ ရန်သူပိုင်ဆိုင်သော အဆောက်အအုံ
ကြီးသည် တစ်စစီ လွင့်စင်ပြိုကွဲနေသည်။

ပိတ်ကားပေါ်တွင် သောက်သောက်လဲ သေနေသော
လူများကို မကြည့်အား။ ခင်လေးသည် သူ့ကရင်ပတ်ပိုး
လေး ထုတ်၍ မျက်နှာကိုတို့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှန်းလဲ မသိဘူး၊ ရုပ်ရှင်တောင် ကောင်းကောင်း မကြည့်လိုက်ရဘူး"

ဒေါသမဟုတ်သော ဒေါသသံကို ကျွန်တော် သိပ်ချစ်သွားသည်။

"နောက်တပွဲ ဆက်ကြည့်ရရင် ကောင်းမယ်နော်"

"သွား"

ခင်လေး၏ လက်ကလေးသည် ကျွန်တော့် ပခုံးစွန်းကို ဖြတ်တိုက်သွားသည်။

ဘယ်လိုဖြစ်၍ ဘယ်လိုဖြစ်သွားမှန်းမသိသော ဇာတ်လိုက်သည် ဘာမှန်းမသိသည့် ဇာတ်လမ်း၏ အဆုံး၊ ဘယ်သူမှန်းမသိသည့် မင်းသမီးကိုဖက်၍ ဘယ်နေရာမှန်းမသိသည့် နေရာတွင် ဘာလုပ်ကြမှန်းမသိ ရောက်နေကြ၏။

ထိုင်ခုံပေါ်မှ ထရပ်လိုက်သံများကြောင့် တရုံးရုံးဆူညံသွားသည်။

ပြီးပါပြီ–ဟု အဓိပ္ပာယ်ရှိသော အင်္ဂလိပ်စာတန်းလေးသည် အဝေးဆီမှ တဖြည်းဖြည်းနီးလာ၏။

ဖျတ်ခနဲ မီးများ လင်းလာသည်။

အကျင့်ပါနေသဖြင့် ကျွန်တော် ထရပ်လိုက်သည်။

"နေအုံး...လေ"

ခင်လေးဆီမှ စူအောင့်အောင့်လေသံ ကြားရသည်။ ကြည့်လိုက်ရာ စောစောက မတ်ဖိမှန်လေးကို ကိုင်လျက် ဆံပင်ကို သပ်ရင်း ကျွန်တော့်ကို မျက်စောင်းထိုး၍

"နေအုံး၊ သူများကို ကြည့်ပေးအုံး"





ကျွန်တော့် နှုတ်ခမ်းကို ကျွန်တော် ယောင်၍ လက်ဖြင့် သုတ်လိုက်မိ၏။

*

"ဟယ်...ဒုက္ခပဲ"

အလန့်တကြား ပြောလိုက်သော အသံကြောင့် ကျွန်တော်က ထိတ်ခနဲဖြစ်သွား၏။ သူက ကျွန်တော့် ကိုယ်နှင့် ဝင်းခနဲ ကွယ်လိုက်သည်။

"ဘာလဲ"

ကျွန်တော်က သူလန့်သည့်အရာ ဘာမှန်း မသိသဖြင့် ကြောင်တက်တက်နှင့် ဟိုကြည့် ဒီကြည့်လုပ်သည်။

"လာစမ်းပါ၊ မြန်မြန်သွားရအောင်"

သူက မြန်ဆိုသဖြင့် ကျွန်တော် ခြေလှမ်းများ သွက်ပစ်လိုက်သော်လည်း ဘာကြောင့်မှန်း ကျွန်တော်မသိ။

"ဘာဖြစ်လို့လဲ ခင်လေး"

"ဟိုကားနားမှာ ကိုကိုလတ်"

ဒိုင်းခနဲ ရင်ထဲ လှုပ်သွား၏။

ကမန်းကတမ်း ကားများဘက် ကြည့်သည်။ ကျွန်တော်တို့ဘက် မျက်နှာမူထားသော သူ တစ်ယောက်မှ မတွေ့။

သို့သော် ကျွန်တော်တို့ကို ကျောပေး၍ ကားထဲ ဝင်ထိုင်လိုက်သူကို ဂရုစိုက်ကြည့်လိုက်သည်။ ဟုတ်သည် ကိုကိုလတ်၊ ကားထဲဝင်၍ ထိုင်လိုက်သောအခါ သူ့မျက်နှာကို တေးတိုက်မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



စပို့ရှပ် ငှက်ခါးရောင် ဝတ်ထားသော ကိုကိုလတ်…
သူ့ မာစီဒီးကား အနက်လေးကို ဆောင့်ခနဲ မောင်း…
သွား၏။

"သွားပါပြီ....ခင်လေးရဲ့"

သည်တော့မှ ခင်လေး ခေါင်းမော့သည်။

မောင်းထွက်သွားသော ကားဘက်သို့ စိုးရိမ်တကြီး …
ကြည့်ရင်း

"မြင်များသွားသလားမသိဘူး ကိုကိုရယ်"

ကျွန်တော် ဘာမှပြန်မဖြေမိ။ မြင်သွားလား၊ မမြင်…
လား ဆိုသည် ကျွန်တော်မသိ။ သည်လူကို သည်မျှ အ…
တလန့် ရှိရခြင်းအတွက်မူ ရင်ထဲ၌ တမျိုးကြီးဖြစ်သွားသ…

အိတ်ထဲမှ ဒူးယားကို အနားရှိ အုန်းဆံကြိုးဖြင့် …
လိုက်သည်။

ဆေးလိပ်ကို မကျေမနပ်ဖြင့် ရှိုက်ယူလိုက်၏။

*



…၏ ကော်ရိပ်၏ သင်းပျံ့သောရနံ့ကို ရသည်။
…ခုံတန်းလျားလေးပေါ်တွင် လွယ်အိတ်လေးနှစ်ခု ထပ်တင်
…၏။

"လိုက်တော့ လိုက်ချင်တယ် ကိုကို၊ ခင်လေး အိမ်ပြော
…သို့ဦးမယ်"

ခင်လေးက ခုံတန်းလျားတွင် ဝင်ထိုင်ရင်း စောစောက
…သွားသော စကားစကို ပြန်ဆက်သည်။

"လိုက်ဖြစ်အောင် လိုက်ပါ ခင်လေးရာ၊ ဒါမျိုးက ကြုံလဲ
…ခဲပါတယ်၊ ကိုယ့်ဖာသာကိုယ် ဒီခရီးမျိုးထွက်ဖို့က လွယ်
…မဟုတ်ဘူး"

ခင်လေး ခေါင်းတညိတ်ညိတ် လုပ်သည်။ တစ်စုံတစ်ခုကို
…စားနေပုံရ၏။ ချက်ချင်းပင် ဝင်းသွားသော မျက်လုံးအစုံ
…

"ပျော်စရာကတော့ ကောင်းမယ်နော်"

"ပျော်စရာတင် ဘယ်ကမှလဲ ခင်လေးရာ၊ နိုင်ငံအတွက်လဲ
…များကြီး အကျိုးရှိတာပေါ့၊ ကုသိုလ်လဲ ရပါတယ်၊ တိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည့်တိုးတက်ဖို့ကိစ္စမှာ လူတိုင်း စာဘတ်ဖို့က သိပ်အ
တယ်''

''မန္တလေးဘက်မှာနေ''

ကျွန်တော်က ခေါင်းညိတ်ပြရင်း ခြေထောက်နား
ကော် ရွက်ခြောက်လေး တစ်ရွက်ကိုယူ၍ ကပ်နေသော
ကို လက်ဖြင့် သပ်နေမိသည်။

''ဟိုနေ့က ဘာဖြစ်သေးလဲ''

ကျွန်တော်က အေးစက်နေသောစကားဝိုင်းကိုအ
အလဲ ဖြစ်စေရန် စကားဦးလွှဲပစ်သည်။ ကျွန်တော်
သော ဟိုနေ့ကသည် ရုပ်ရှင်ကြည့်သောနေ့က အဖြစ်ကို

ခင်လေး ဖျတ်ခနဲ ကျွန်တော့်ဘက် လှည့်သည်။

''ဘာကို ပြောတာလဲ''

ကျွန်တော့် လက်ထဲရှိ ကံ့ကော်ရွက်လေးကို လေ
ယမ်းလိုက်ပြီး

''ရုပ်ရှင်ကြည့်တဲ့နေ့က ကိုကိုလတ် တွေ့သွားတဲ့ ကို

သူ ရယ်သည်။ သိပ်အလေးထားစရာ ကိစ္စမဟုတ်
အနက်အဓိပ္ပာယ်ဟု ကျွန်တော် နားလည်လိုက်သည်။
ကျွန်တော့်လက်ထဲမှ ကံ့ကော်ရွက်လေးကို ယူလိုက်ပြီး

''အမှတ်တမဲ့ မို့ ခင်လေးလဲ လန့်သွားတာပါ၊ မြင်သွ
အရေးမကြီးပါဘူး၊ ကောင်းတောင်ကောင်းသေးတယ်''

ထိုနေ့တည်းက လေးနေသော ရင်သည် ရုတ်
ပေါ့သွား၏။ သက်သာသွားသောစိတ်ကို မိမိရရ ခံစား
နိုင်သည်။





''အာစိမှာ ဘာရှိလို့လဲ'

ခင်လေး၏ စကားသည် အခြားအကြောင်းအရာ တစ်ခုသို့
းသွားပြန်သည်။ အပန်းဖြေ ရိပ်သာဘက်မှ ဆူညံစွာ ပေါ်
ွက်လာသော အော်ဟစ်သံများနှင့် လက်ခုပ်သံများဆီ
ာက်သွား၏။

''ဘော်လီဘောပွဲနဲ့ တူတယ်''

''သွားမလား''

မျက်ခုံးအပင့်နှင့်အတူ ပြုံးရိပ်လေးနှင့် သူပြောသည်။ ကျွန်
တော် ပြုံးလိုက်၍

''မသွားချင်ပါဘူး''

''ဘာဖြစ်လို့''

ကျွန်တော်က ကံ့ကော်တော၏ ရိပ်မိုးနေသော ရွက်အုပ်
များဆီ မော့ကြည့်ရင်း

''ဒီနားလေးက စိတ်ချမ်းသာတယ်''

''ဖြစ်ရပြန်ပြီ''

ချစ် မျက်စောင်းသည် ရင်ကိုသာ လှုပ်၏။

''ဟုတ်တယ်၊ ဖြစ်နိုင်ရင် ဒီထက်ကောင်းတဲ့ နေရာတောင်
သွားချင်တယ်''

ခင်လေးက ခေါင်းကိုငုံ့ကြည့်ကာ

''ဘယ်လဲ''

''ရုပ်ရှင်ရုံကို''

''အို...ဘာမှန်းလဲ မသိဘူး၊ သွား''



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်နေသော စကားဝိုင်းလေးသည် ခုမှ စည်ပင်သာယာလာ၏။ ပတ်ဝန်းကျင်လေးကလည်း လှုပ်ရှားလာသည်။ကျွန်တော်တို့ ဘေးဘက် ခုံတန်းဆီမှသည်း ရယ်သံလေးများ ပေါ်ထွက်လာသည်။

မျက်လုံးများသည် ဘွဲ့နှင်းသဘင် ခန်းမရှေ့၌ စုရုံး စုဝေးဖြစ်နေကြသော လူအုပ်ဆီ ရောက်သွားပြန်သည်။

"ခင်လေး....ဟိုမှာ"

ကျွန်တော်ပြသည့် နေရာသို့ခင်လေး လှမ်းကြည့်လိုက်သည်။

"ဩော်....ဒီနေ့ ရီဟာဇယ်ရှိတာပဲ"

နောက်နေ့တွင် ပြုလုပ်မည်ဖြစ်သော ဘွဲ့နှင်းပွဲ အတွက် အစမ်းလေ့ကျင့်ခြင်း ပြုနေကြသည့် လူအုပ်မှာ ဟိုသွား ဒီသွားဖြင့် လှုပ်ရှားနေ၏။ သူတို့နှင့် ကျွန်တော်တို့မှာ အတော် အလှမ်းဝေးနေသဖြင့် မျက်နှာများကို သဲသဲကွဲကွဲ မမြင်နိုင်။ သို့သော် တက်ကြွရွှင်လန်းသော မျက်နှာလေးများ ဖြစ်နေကြမည်မှာ သေချာလှ၏။

"အားကျစရာကြီးနော်"

သူက ကျွန်တော့် စကားကို ပြုံး၍လက်ခံသည်။ကျွန်တော်က ဆက်၍

"ကိုယ်တော့ ကျောင်း မြန်မြန်ပြီးချင်လှပြီ"

"ခင်လေးတော့ မပြီးချင်သေးပေါင်"

သူက ကျွန်တော့် စကားအသွားအလာကို ရိပ်မိဟန်ဖြင့် ပြောင်နောက်နောက် အမူအရာ တမင်လုပ်သည်။





"ကျောင်းပြီးတာနဲ့ ကိုယ်တော့ ခင်လေးကို ရအောင် ခိုးမှာပဲ"

ခင်လေး လက်ကလေးသည် ဖတ်ခနဲ ကျွန်တော့် ပေါင်ကို ...ရိုက်၏။ မျက်စောင်းက ထပ်ချပ်ပါလာသည်။

"ဟင်း... မိဘ လုပ်ကျွေးမယ်တော့ မစဉ်းစားဘူး"

"အမယ်....သိပ်စဉ်းစားတာပေါ့၊ဒါပေမယ့် တစ်ယောက်...သည်း သက်သက်တော့ လုပ်မကျွေးပါဘူး၊ ချွေးမပါ အိမ်...ပြီး ထားမှာပေါ့၊ အမေနဲ့ အဖော်ရအောင်"

ခင်လေး အမူအရာ ပျာပျာသလဲ့ ဖြစ်သွားသည်။ နှုတ်ခမ်း...သိသာအောင် စူလိုက်သည်။ မျက်နှာကိုလည်း ဟန်ဖြင့်...င်း၍

"ကြည့်စမ်း၊ သူ့ဟာသူတော့ ချောနေတာပဲ၊လိုက်နိုင်ပါ...၊ တောကို ရွှံ့တွေဗွက်တွေနဲ့ ညစ်ပတ်ပေတူးနေတဲ့ ရွာ"

ကျွန်တော် ရယ်လိုက်၏။ သူ့ဘက်သို့ မသိမသာ တိုးလိုက်...ာ....

"မရဘူး အမိရေ၊ ရွှံ့ကြောက်လို့ မရတော့ဘူး၊ ခင်ဗျား...အး ကြိုက်ထားတာက တောသားဗျ၊ ဟိုတုန်းက ယောင်...ဘက်ဆိတ်ထုံးပါ၊ ခုခေတ်မှာ ဆံရှည်နောက် ဆံတိုပါတဲ့...ကြားဖူးဘူးလား"

"မကြားဖူးပါဘူး၊ ခေတ်ဟောင်းက အယူအဆတွေ...အားလုံးကို တော်လှန်ပစ်လိုက်ပြီ"

သူ့လေသံနှင့် သူ့အမူအရာကြောင့် နှစ်ယောက်သား...တက်ဟက်ပက်ပက် ရယ်လိုက်ကြသည်၊ ရယ်ခြင်းကြောင့်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



များ လှုပ်ရှားကြသော်လည်း နှစ်ယောက်သား ဧးမ
သူက ကိုယ့်အက်လှုပ်၍ ကိုယ်က သူ့ဘက်လှုပ်ဖြင့် လက်မေ
များ နွေးထွေးသွားသည်။

ရယ်သံလေးများမှ မဆုံးမီ

"အဲ...ပြောရင်း ဆိုရင်း"

ခင်လေး ဖျတ်ခနဲ ခေါင်းငုံ့လိုက်၏။ အဓိပတိ
ပေါ်တွင် ကားနက်လေးတစ်စီး၊ မာစီဒီး နှစ်ရာ့နှစ်
အက်စ် အမျိုးအစား၊ မျက်နှာချင်းဆိုင်ဘက်မှ လာနေသ
နံပါတ်နှင့် ကားမောင်းလာသူ၏ မသဲမကွဲ သဏ္ဌာန်
ကိုကိုလတ်။

အရှိန်နှေးနှေးဖြင့် မောင်းလာသောကြောင့် ကျွန်
က ကားလေး ကျော်လွန်သွားရန် အတော်ကြာကြာ
စောင့်ရသည်။ ရင်ထဲတွင် ခိုးလိုးခုလုလေးတစ်ခု ပြန်
လာ၏။

ကိုကိုလတ်နှင့် ကြုံဆုံမှုများက များလှချည်လား၊
ခြား ကုမ္ပဏီ ကိုယ်စားလှယ်နှင့် တက္ကသိုလ် အာမတ်
သနည်း။ သံသယနှင့်အတူ အမေးတစ်ခု ခေါင်းထဲတွင်
လာ၏။ တမင်များ ကိုကိုလတ် လိုက်ကြည့်နေရော့သလာ

သက်ပြင်းချသံလေးတစ်ခု ခင်လေးဆီမှ ကြားရသည်

အတန်ကြာ စကားမဆိုဖြစ်။ ကံ့ကော်တောသို့ လေ
သံနှင့် ပတ်ဝန်းကျင်မှ တီးတိုးသံလေးများသာ ရှိနေသည်။

ဒုတိယမြောက် သက်ပြင်းချလိုက်သူကတော့ ကျွန်တော်။

*





"ရှုရီ-နုမေ ဗုဒ္ဓါယ၊ ဘုရားသခင်သာသနာ အနှစ်ထစ်
ထောင် မြောက်ရာ နှစ်ဆယ်ရှစ်နှစ် လွန်ခဲ့ပြီရကား ဤ
အရိမဒ္ဒါပုရ် မည်သော ပြည်၌အား ရှုရိကြီးဘာဝနာဒိတျ
ဓမ္မရာဇ မည်သောမင်း ဖြစ်၏။ ထိုမင်း၏ ပါယ်မယား တစ်
ယောက်သော်ကား ကြီ လောကဝဋ္ဋံသကာဒေဝီ မည်၏....
တောက်"

ခပ်တိုးတိုး စာရွတ်သံအဆုံး ကျယ်လောင်သော တောက်
ခေါက်သံတစ်ချက် ပေါ်လာသည်။ ခေါင်း တဗျင်းဗျင်း
ကုတ်သံကိုလည်း ကြားရ၏။ ကျွန်တော့် အတွေးလက်စ ဖြတ်
လိုက်ပြီး ပေါ်ဦးဘက် လှည့်၍

"ဘယ်လိုဖြစ်တာလဲဟ၊ စာကျက်နေတာကလဲ"

ပေါ်ဦးဟာ စာအုပ်ကို စားပွဲပေါ် အသံမြည်အောင် ပစ်ချ
လိုက်ရင်း

"ပြောချင်ပါဘူးကွာ၊ ဟိုတုန်းက ကြားဖူးတာက ပုဂံ
ရာဇဝင် တုတ်ထမ်းဖြင့်ရတယ်ပဲ ကြားဖူးတယ်၊ ခုတော့ ပုဂံ
ကျောက်စာအလွတ်ကျက်မှ တွေ့တဲ့လူ တုတ်နဲ့လိုက်ရိုက်ချင်စိတ်
ပေါ်နေတယ်"

ကျွန်တော်က သူ့ညည်းချင်းကို သဘောကျစွာ ရယ်
လိုက်ပြီး

"ဒါတော့ကွာ၊ မြန်မာစာကျောင်းသားပဲ၊ ဒီလော
တော့ ရှိမှာပေါ့၊ နောက်နှစ် နောက်နှစ်ကျ ဒါထက် ပိုပြီး
မယ်"



www.burmeseclassic.com

www.burmeseclassic.com



'တော်ပြီ၊ ကျောင်းဆက်မတက်တော့ဘူး၊ မိန်းမပဲ ယူ အောင် သင်ခိုင်းပြီး အေးအေးဆေးဆေး ထဘီနွား ခိုတော့မယ်"

"ကောင်းတယ်၊ ခုခေတ်မိန်းကလေးတွေက ထဘီနွား ကြမ်းတိုက်ဝတ်တတ်ပါဘိသနဲ့၊ ခွေးချေးပုံ ဒရွတ်တိုက်လာတဲ့ ထဘီနွား သွားစားမိမှ ငန်ကျွတ် ငန်ကျွတ်ကလေးနဲ့ ရနံ့မွှေး နေမယ်"

ခုတင်ပေါ်တွင် နံရံကိုမှီ၍ ထိုင်နေသော စန်းလွင်က သာ သာကလေး ဝင်နှက်သည်။

"ထိ...ပေါက်တီး ပေါက်ရှ"

ပေါ်ဦး အသံအဆုံး ဝိုင်းရယ်လိုက်ကြသည်။

စောစောက ရှုပ်ထွေးနေသော စိတ်များ လွင့်စင်သွားသည်။ စိတ်ပျက်လက်ပျက်နှင့် ပေါ်ဦးသည် ခုတင်စောင်းတွင် ထိုင်၏။ စန်းလွင်က ပေါ်ဦးပခုံးကိုပုတ်၍

"လုပ်မနေပါနဲ့ ပေါ်ဦး၊ သူများထက်ထူးပြီး နှပ်ုးချေး မပါချင်နဲ့၊ ဒီအချိန် ဘယ်ကျောင်းသားမှ စာမကျက်သေးဘူး၊ ဒီအာမ်းကိုဘော့င် ဖရီးတမ်းလို့ခေါ်တာ မင်းမသိဘူးလား"

ဟုတ်တော့ဟုတ်သည်။ ဒီဇင်ဘာ ကျောင်း ပိတ်ရက် နှင့် မတ်လ ကျောင်းပိတ်ရက်ကြား စာသင်ချိန်ကို ဖရီးတမ်းလွတ်သော ကာလဟု သတ်မှတ်သည်။ စာမေးပွဲလုံးဝမရှိ။ စာမေးပွဲက ဇွန်၊ ဇူလိုင်လောက်မှ ရှိတော့သည်။

ပေါ်ဦးက စပ်ဖြီးဖြီးလုပ်၍





"အဲဒီအချိန် စာကြည့်ရင် သူများနည်းနည်း အထင်ကြီးသွားလို့"

ကျွန်တော်က လှဲနေရာမှ ခေါက်ခနဲ ထထိုင်၍

"ဟေ့ကောင်၊ ဒီတက္ကသိုလ်မှာ အရူးကို အထင်ကြီးတဲ့ကောင် တစ်ကောင်မှ မရှိဘူး"

ပေါ်ဦးမျက်စောင်း ချက်ချင်းရောက်လာသည်။ လေသံ အကျမနုပ်နှင့် သတိပေးဟန် လက်ညှိုးထောင်ရင်း

"မင်းစကား မင်း ပြန်ရုပ်သိမ်းပါ ငါ့ညီ၊ မင်း အသက်ငယ်ငယ်လေးပဲ ရှိပါသေးတယ်၊ မင်းရဲ့ နှလုံးသား တစ်ခုလုံးဟာ ငါ့လက်ထဲမှာ ရှိတယ်ဆိုတာ နည်းနည်းဂရုပြုပါဦး"

သူ့စကားကြောင့် စန်းလွင်က ဖြုံးဖြုံးမြဲမြဲထ၍

"ဘယ်လို ထွန်းဝေနှလုံးက မင်းလက်ထဲမှာ ဟုတ်လား၊ မင်းတို့နှစ်ယောက် တစ်ခန်းထဲနေပြီး ရိုးမှရိုးရဲ့လားကွာ"

ကျွန်တော် ဝါးလုံးကွဲ ထရယ်၏။ ပေါ်ဦးမျက်စောင်း ထိုကောင့်ဘက် လှည့်သွားပြီး

"နှလုံးသားကွ၊ မင်းဘာမှ ဝင်မရှုပ်နဲ့၊ ကာယကံရှင်နဲ့ ဒီကိစ္စ အကျေအလည်ဆွေးနွေးရမယ်၊ ဒီစော်ကားမှုဟာ ငါ့ အသရေကို ထိခိုက်တယ်"

စန်းလွင်ကတမင် အူနှိပ်ရယ်ဟန်ပြု၍

"ဟုတ်တယ် ထွန်းဝေ၊ ပြန်ရုပ်သိမ်းပါ၊ နို့မို့ သရေထိရင် ဗိုက်မှာ ခွေးရူးဆေး ဆယ့်လေးလုံး ထိုးနေရမယ်"

"ခွေးမသား"



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ချီ ပေါဦးလှိမ့်ခံနေရ၏။ ထိုအခိုက် တံခါးပေါက်မှ အောင်လင်း ဝင်လာသည်။ ကျွန်တော်တို့ ရယ်နေသည်ကို ကြည့်ပြီး ခပ်မာန်မာန်ဖြင့် ဝင်ပြောသည်။

"ဟေ့ ကောင်တွေ၊ ဘာလို့ဒီလောက်ဆူနေတာလဲ၊ ဒီမှာ ဖဲ့ရှုံးလို့ စိတ်ညစ်နေတဲ့ကောင်၊ အာရုံပျက်တယ်ကွ"

သူ့စကားကြောင့် ကျွန်တော်သူ့ကို လှမ်းကြည့်လိုက်သည်။ သူ့အိတ်ကပ်သည် ပြားချပ်လာ၍ သူ့လက်တွင် နာရီရာဖြူဖြူ လေးသာ ရှိတော့၏။ ခါတိုင်းပတ်နေကျ ဆီကိုဖိုက် နာရီလေး မရှိတော့။ သည်တစ်ခါ ဝင်တွယ်သည်က ပေါဦး

"ရှိန်း-ကုန်လာပြန်ပြီ မဟုတ်လား၊ အိတ်ထဲမလဲ လေတောင် မရှိတော့ဘူး၊ လက်မလဲ နာရီမပါဘူး၊ မင်းတို့ ငါ့ပစ္စည်းကို ကျင်ကျပ်ဖြုန်း သိလား၊ မင်းရှေ့မင်းအမေရှေ့ ပစ်ပြီး ငါ ထွက်သွားမှ မင်းတို့ ခွေးလုံးလုံးဖြစ်မယ်"

အောင်လင်းကလဲ အညံ့မခံပါ။ ချက်ချင်းတုန့်ပြန်၏။

"ပေါဦးရယ်၊ တခြားဟာ ဖြစ်ချင်ဖြစ်ပါ၊ ခွေးဖြစ်တာ တောင် မင်းဘဝက ခွေးတစ်ကောင်လုံးမှာ လုံးလုံးရှည်ရှည် လေးဖြစ်တဲ့ ပစ္စည်းမှ ဖြစ်ချင်တယ်ဆိုတော့"

ဝါးခနဲ ရယ်သံများ ပေါ်လာ၏။ ပေါဦးက အနားမှ ခေါင်းအုံးဖြင့် အောင်လင်းကို လှမ်းပစ်သည်။ အောင်လင်းက ဆီးဖမ်းလိုက်ပြီး ကျွန်တော့် ခုတင်ဘက်တွင် ဝင်ထိုင်သည်။

စန်းလွင်က အောင်လင်းကို လှမ်း၍

"ဘာလဲ ရှုံးလား၊ ဘယ်သူတွေနဲ့လဲ"





အောင်လင်းက နဂို ခေါ်သောသွားကို ပို၍အရုပ်ဆိုးသွား ရုံ့မဲ့လိုက်ပြီး

"ဟာကွာ၊ မက်စ်က အောင်မြင့်တို့ အတင်းခေါ်တာနဲ့ သွားတာ၊ ငါကလဲ ကံဆိုးပါတယ်၊ ဖဲဝေပြီးလို့ မှောက်ဖို့ လိုက်ရင် တစ်ပဲ၊ လှန်ဖဲလဲ တစ်ပဲ၊ ဒါလေး အားကိုးပြီး ဦးအောင်လုပ်၊ တက်ပါပြီ ချီးပုံးတို့ ကိုးတို့ ကင်းတို့ ရော"

သူ့ဖဲဝေါဟာရကို ကောင်းကောင်း နားမလည်သော် သူ့စကား အသွားအလာကြည့်၍ တစ်ခုမှ အဆင်မပြေပုံ ဆိုသည်ကို သိလိုက်သည်။

ရယ်ရမောရ လွန်းသဖြင့် ခင်လေးဆီမှအပြန်ပါလာသော အကလေးသည် တခြားကမ္ဘာသို့ ရောက်သွား၏။

တစ်ဘက်ခန်းမှ အော်သံ ပေါ်လာသည်။

"ဟေ့ကောင်၊ ဘေးကလူတွေ အားနာပါဦး ××တဲ့မှပဲ× တွေ"

စန်းလွင်က အားလုံးကြားလောက်အောင် အသံပြဲကြီးဖြင့်

"အေးဟေ့၊ အားလုံးပဲ တောင်းပန်ပါတယ်၊ ငါတို့တွေက ×××တွေကို ထင်သလိုဖြစ်သွားတယ်၊ ဘေးက ×× ကို အားနာပါတယ်၊ မကျေနပ်ရင် × ×နေကြ"

ဝါးခနဲ ရယ်သံများ ပေါ်ထွက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရိုးသားဖြူစင်၍ ပျော်စရာ ကောင်းလှပါ... မည်သူမျှ မယုတ်မာ၊ မညစ်ပတ်၊ ခွင့်လွှတ်စရာ ကလေး... သာ ဖြစ်ပါသည်။

လူကြီးများဖြစ်လာသောအခါ ကျွန်တော်တို့ ထို... မပြောသလို ထိုကဲ့သို့လည်း သန့်ရှင်းတော့မည်မဟုတ်။

*



၆။

အတန်းချိန် ပြီးလုပြီဖြစ်သဖြင့် နိဂုံးချုပ် မှတ်မိစရာလေးများမမေ့ရန် ကျွန်တော် ပြန်ထိုင်ပေးလိုက်သည်။

"ကဲ...အားလုံးပြန်ဆိုမယ်၊ တစ်ခုကိန်းနဲ့ ဗပ်ဝမ်းတွဲ ဘာလေးထည့်မလဲ"

အင်္ဂလိပ်စာမှကောဝုစ်ကိန်းခေါ် တစ်ခုကိန်းနှင့် ပစ္စုပ္ပန်ကြိယာခေါ် ယခုခေတ်အင်္ဂလိပ်စာသုံးကြိယာ၊ တစ် သို့မဟုတ် ဗပ်ဝမ်းအတွဲကို သံချပ်လေးစပ်၍တိုင်ပေးလိုက်သည်။ ကလေးများထံမှ သံပြိုင်ထွက်ပေါ်လာ၏။

"အက်စ်၊ အီးအက်စ်၊ အိုင်အီးအက်စ်"

"ပြန်ဆိုမယ်၊ တစ်ခုကိန်းနဲ့ ဗပ်ဝမ်းတွဲ၊ ဘာလေးထည့်မလဲ"

"အက်စ်၊ အီးအက်စ်၊ အိုင်အီးအက်စ်"

"ဟုတ်ပြီ အများကိန်းနဲ့ ဗပ်ဝမ်းတွဲ ဘာလေးထည့်မလဲ"

"ဒီအတိုင်းပဲ၊ ဒီအတိုင်းပဲ"

ကြိယာ သုံးနှုန်းမှုနှင့်ဆိုင်သော အခြေခံ သီအိုရီလေးများမှာ ကလေးများ ပါးစပ်တွင် သံချပ်ကလေးများ ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သည်သံချပ်မှတ်နည်းလေးများကို လေးငါးခေါက် တိုး ဖောက်ရွတ်ဆိုပြီးသောအခါ အတန်းဖြုတ်လိုက်၏။

ကျောင်းအုပ်လုပ်သူ ဆရာဦးမြင့်မောင်က စာသင်ခုံမြင့် ပေါ်မှ ဆင်းလာသော ကျွန်တော့်ကို ပြုံးကြည့်ရင်း....

"ကောင်းတယ်ဗျာ၊ ဆရာ့စာသင်နည်းတလေးတွေ၊ ကဲ လေးတွေ မှတ်မိလွယ်တယ်၊ အင်္ဂလိပ်စာ သဘောတရား လေးတွေလဲ ပါတယ်"

"သိပ် တိတိကျကျကြီးတော့ မဟုတ်ဘူးပေါ့ ဆရာရယ် သူတို့အတန်းနဲ့တော့ သုံးလို့ဖြစ်ပါတယ်"

ဖို့ဦးထွက် အဆင်ပြေမှုကို ရလိုက်သဖြင့် စောစောပိုင်းက ဖြစ်ပေါ်နေသော ဖြစ်မှဖြစ်ပါ့မလားဆိုသည့် စိတ်ကလေး သည် အေးအေးချမ်းချမ်း ဖြစ်သွား၏။

"တော်သေးတာပေါ့ဗျာ၊ ကျွန်တော့်မှာ စာမေးပွဲနီးမှ ကလေးတွေတော့ ဒုက္ခရောက်တော့မှာပဲ အောက်မေ့တာ၊ ဆရာနဲ့က ပိုတောင် အဆင်ပြေနိုင်ပါသေးတယ်၊ ဆရာအစက သင်ဖူးသေးသလား"

ကျွန်တော်က ဦးမြင့်မောင်နှင့်အတူ ရုံးခန်း စာပွဲတွင် ဝင်ထိုင်လိုက်ရင်း

"ကျွန်တော် ဒါပထမဆုံး အတွေ့အကြုံပဲဆရာ၊ ဒါပေမယ့် ကျူရှင်စပြရမယ် ဆိုကတည်းက ကျွန်တော်ကလဲ ဂီတသမား၊ ဒိုးတီးနေသူဆိုတော့ စမ်းပြီးလုပ်လိုက်တာပဲ"

"ဟာ...ကောင်းတယ်.... ကောင်းတယ် ဆက်လုပ်ဗျာ၊ အော် လက်ဖက်ရည်သောက်ဦး"





ကျွန်တော့်ဘက် ရွှေ့ပေးလိုက်သော လက်ဖက်ရည် ပန်း ကို လှမ်းယူရင်း

"ကျေးဇူးပဲဆရာ"

ဆရာ ဦးမြင့်မောင်က ခေါင်းတညိတ်ညိတ်နှင့် စဉ်းစားနေ

"ဆရာနဲ့ ကျွန်တော် အလုပ်စကား ပြောရအောင်ဗျာ"

အခေါ်ခံလေ့ခံထ မရှိသေးသဖြင့် ကျွန်တော့ကို ဆရာတ င်းနေခြင်းကိုတစ်မျိုးဖြစ်သော်လည်း သည်လိုပဲတစ်ယောက် တစ်ယောက် ခေါ်ပြော ဆက်ဆံရမှာဖြစ်သဖြင့် ငြိမ်နေ က်သည်။ တဆက်တည်းပင် ကျွန်တော်က ခေါင်းညိတ်၍

"ဟုတ်ကဲ့၊ ပြောပါဆရာ"

"ကျွန်တော့ဆီမှာ ငါး၊ ခြောက်၊ ခုနစ်၊ ရှစ်၊ အတန်း သးတန်း၊ တစ်ပတ်မှာ တစ်တန်းအင်္ဂလိပ်စာ သုံးချိန်ဆို သာ့ ဆယ့်နှစ်ချိန်ပေါ့ဗျာ၊ ဆရာသင်ရမယ်"

"ဟုတ်ကဲ့"

"ဆရာ ဘယ်လောက်ယူမလဲ"

"အင်...."

ကျွန်တော့် ချက်ချင်း ဘာပြန်ဖြေရမှန်းမသိ။ ယခုမှ မိတ် ဆက်ရသော ကျူရှင်လောကတွင် ငွေစကား၊ ကြေးစကား ကျွန်တော်မဆိုတတ်။ ထို့ကြောင့်

'အာ....ဒါကျွန်တော်မပြောပါရစေနဲ့ ဆရာ၊ ကျွန်တော် ပြောလဲမပြောတတ်ပါဘူး၊ ဆရာသင့်သလိုစီမံပါ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ကျွန်တော့် ကျောင်းစရိတ်နဲ့ နည်းနည်းပါးပါး
ဖို့စုံဖို့ရရင်ပြီးပါတယ်"

ဦးမြင့်မောင်က အတန်ငယ် စဉ်းစားနေ၍ ခဏကြာ
"ဒီလိုလုပ်ဗျာ"
"ဟုတ်ကဲ့ ပြောပါဆရာ"

သူ့ ဆီမှ ချက်ချင်းထွက်မလာသောစကားသံကိုကျွန်
မျှော်လင့်တကြီး စောင့်နေမိသည်။ သူက ဆေးလိပ် နှစ်
သုံးချက် ဖွာလိုက်ပြီး

"ကျွန်တော့ဆီမှာ ကျောင်းသား တစ်တန်းကို တ
လောက်ရှိတယ်၊ ဒီလိုလုပ်ဗျာ၊ လောလောဆယ်တော့ န
တယ်များတယ် မထွက်နဲ့၊ နောက်နှစ်ကျတော့ကျောင်းအ
အခြေအနေကြည့်ပြီး စီစဉ်တာပေါ့၊ ခု စာမေးပွဲ မ
နှစ်လလောက်မှာ ဆရာ ဝမ်းဆက်ရှင်ကို တစ်ရာနဲ့၊ ဖိုး
ရှင်အတွက် လေးရာယူပေါ့"

အတန်း တစ်တန်းကို တစ်ရာ၊ အတန်းလေးတန်း လေ
ဆိုသဖြင့် ကျွန်တော့်ရင်ထဲ ဒိန်းခနဲ ဖြစ်သွား၏။ သို့သော် အ
အရာ မပျက်အောင်တော့ ထိန်းထားလိုက်၏။ အံ့သြသော
စိတ်နှင့် ဘာမှပြန်မဖြေဖြစ်။

"ဖြစ်ပါတယ်နော်...ဆရာ"

သူကပင် အားနာသလို လေသံနှင့်ပြောရာ ကျွန်
ကပျာကယာ ပြန်ဖြေလိုက်၏။

"ဖြစ်ပါတယ် ဆရာ ဖြစ်ပါတယ်"





ဦးမြင့်မောင်က ကျေနပ်ဟန်သလို ကိုယ်ကို ဆတ်ခနဲ မတ်ရင်း
ဆဲ့ကို ဆွဲဖွင့်လျက်

"ကျွန်တော်ခုလအတွက် ရှင်းပေးလိုက်ပါမယ်၊ ကျွန်တော်
ကျူ ရှင်ထုံးစံက လကြိုရှင်းပါတယ်၊ ဒီလအတွက်ဒီလဆန်း
ာက်လတိုင်းလဲ လဆန်းမှာ ရှင်းပေးပါတယ်၊ တစ်ခုပဲပြော
တာက ဆရာအတန်းလေးတော့ မှန်အောင် စင်ပေးပါ
လေးတွေ အခြေအနေ ဆရာသိပါတယ်"

"ဟုတ်ကဲ့ပါ ခင်ဗျာ...ကျွန်တော် သဘောပေါက် ပါ
ယ်"

ဦးမြင့်မောင်က အံဆွဲထဲမှ တစ်ရာအုပ် လေးအုပ်ယူ၍ စား
ပေါ် တင်ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဆရာ"

ငွေများကို လှမ်းယူသော လက်များ မတုန်အောင် သတိ
၍ လှမ်းယူရ၏။ ဆရာဦးမြင့်မောင်က တစ်ချက်ရယ်ရင်း

"ဆရာကတော့ ဖွဲ့ဦးထွက်မှာ ဒီလောက်ရလို့ သိပ်ဝမ်းသာ
းမှာပဲ ထင်တယ်၊ တယ်ငွေရလွယ်လိုက်တာလို့များ တွက်
ားပဲ၊ မှတ်ကနဲ့ ဆရာရေ၊ ကျွန်တော့မှာကလဲ ကျောင်း
း စုပြီးသားမို့လို့၊ အောင်မြင်ပြီးသား ကျောင်းကလဲ
နေလို့၊ ဆရာသင်တာလဲ သဘောကျလို့၊ ပြီးတော့ ဆရာ
ကျွန်တော်ကလဲ ဆိုက်ဆိုက်မြိုက်မြိုက်ကူကြုံလို့၊ ကျူရှင်
ာကမှာ လုံးလည်ချာလည်လိုက်နေတဲ့လူတွေ အများကြီး
တချို့ဆို အခန်းခတောင် မကျေဘူး၊ ဒီအခွင့်အရေး
ာင်းလေးနဲ့ ဆရာအဆင်သင့်တုန်း ကြိုးစားပြီး သင်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဆရာ၊ စောစောက သင်တဲ့အချိန်မှာ ဆရာသာ ကြို မ[illegible] စားထားဘူးဆိုရင် ဝမ်းနည်းပါတယ်ဆိုတဲ့ စကားသေ[illegible] ဆရာ ပြန်ရမှာ''

ဦးမြင့်မောင်၏ ရှည်လျားသော ရှင်းပြစကားများကို [illegible] တော် ကောင်းစွာ သဘောပေါက်ပါသည်။

မနက်ဖြန်ကို ကျွန်တော် ချက်ချင်း ရောက်ချင်လာ[illegible] သည်။ သည်ဝမ်းသာ သတင်းကို ခင်လေးကြားလျှင် [illegible] ဝမ်းသာလိုက်ပါမည်နည်း။

*

''ဟာ၊ မင်းဟာကဗြုန်းစားကြီး ထိထပေါက်သလိုပဲ[illegible] ဟ''

ပေါ်ဦးက ကြားကြားချင်း အံ့သြသောလေသံဖြင့်ထ[illegible] သည်။ ကျွန်တော်က ခေါင်းညိတ်ပြရင်း

''အေး၊ သူပြောတော့ ငါလဲ ငါ့နားတောင် ငါမယုံ[illegible] ဘူး၊ ဒီလောက်ရလိမ့်မယ်လို့ ငါ့စိတ်ထဲ လုံးဝ မျှော်[illegible] မထားတာကွ''

ပေါ်ဦးက ကျွန်တော့်ကို စိုက်ကြည့်ရင်း

''ကံလဲပါတာပေါ့ကွာ၊ အားလုံးက အဆင်ပြေချင်[illegible] ကြုံဖန်ကြုံကြိုက်သွားတာကိုး၊ မင်း ဇော်မြင့်ကို ကျေးဇူး[illegible] ရမယ်ကွ''

ကျွန်တော်က ခေါင်းညိတ်ရင်း





''ကျေးဇူးတင်တာပေါ့ကွာ၊ သူတင် ဘယ်ဟုတ်မလဲ၊ သူ့အစ်ကို ဆရာဦးမြင့်မောင်ကော၊ ဒီအကြံပေးတဲ့ မင်းကိုကော၊ ထွက်သွားတဲ့ အရင်ဆရာရော၊ ငါတော့ ခင်လေးကိုတောင် ပြေးပြီး ပြောချင်လိုက်တာ''

ပေါ်ဦးက ကျွန်တော့်ကို နားလည် စာ နာ ဟန် ဖြင့် ကြည့်၍

''မနက်ဖြန်မှ ပြောပါကွာ၊ လူချင်းတွေ့မှ ပြောတာက ပိုကောင်းပါတယ်''

''အေးပေါ့ကွာ၊ ဒါပဲကောင်းပါတယ်''

''မင်း သိပ်ကံကောင်းတဲ့ကောင်ပဲ ထွန်းဝေ၊ ကံဆိုတဲ့ သဘောက သိပ်ထူးဆန်းတယ်နော်၊ မထင်တာတွေ ဖြစ်တတ်တယ် သိလား''

''အေးပေါ့ကွာ၊ ငါလဲ ကံကိုပဲကျေးဇူးပိုတင်ရမလို ဖြစ်နေပြီ''

''လုပ်စမ်းပါဦးကွ၊ စောစောက ကံကောင်းတယ်ဆိုတာလဲ ကြားတယ်၊ လေးရာဆိုတာလဲ ကြားတယ်၊ ဘယ်သူလဲ ကံကောင်းတာ၊ ထွန်းဝေလား''

အခန်းဝဘက်မှ အသံပြဲကြီးနှင့် အောင်လင်းဝင်လာသည်။ သူ့နောက်မှာ စန်းလွင်၊ ဝင်းနိုင်။

''ဟား....မင်းတော့ ဆွေးပြီ ထွန်းဝေ''

ပေါ်ဦးက ကျွန်တော်ကြားသာရုံ ပြော၏။ သို့သော် နားပါးသော စန်းလွင်က



www.burmeseclassic.com

www.burmeseclassic.com



"ထပ်သရီး၊ ဘယ်ကဆွေးရမှာလဲ၊ ပိုက်ကောင်းသွားတာ ဒီက သီလဆမာဓိရှိတဲ့ ပုဂ္ဂိုလ်တွေ ကန်တော့ရတာ ဘယ် လောက် ကုသိုလ်ရတယ်မှတ်သလဲ၊ ဘယ်ဘဝထဲက ဆုတောင်းခဲ့ သလဲမှ မသိတာ၊ ဘာဖြစ်တာလဲ ငါတို့ကို မှန်မှန်ပြော"

သည့်အချိန်မှာ ကျွန်တော်ကိုယ်တိုင်ပင် အပေါင်းအသင်း များကို ကျေးချင် မွေးချင်စိတ် ပေါ်နေသဖြင့် သူတို့ကို အမှန်အတိုင်း ပြောပြလိုက်၏။ ကျွန်တော့် စကားအဆုံး စန်းလွင်က

"ဒါဖြင့် လာ ကိုယ်တော်လေး၊ ဘာမှစဉ်းစားမနေနဲ့ ငါတို့ မတားမည့်ဆဲဘူး၊ လှည်းတန်းသွားမယ်၊ မော်လ မြိုင်ထမင်းဆိုင်မှာ ထမင်းအဝကျွေး၊ ထမင်းမစားခင် အစာ ကြေဆေးလေး နဲနဲဖြည့်၊ ဒါပဲ"

"ဟုတ်တယ်၊ တို့အားလုံး သဘောတူတယ်"

ကန့်ကွက်မဲတစ်ချပ်မှ မဝင်မလာသဖြင့် ကျွန်တော်တို့အား လုံး လှည်းတန်းသို့ ချီတက်သည်။

ကျွန်တော့်ရင်ထဲတွင် မနက်ဖြန်အတွက် ရင်တလှပ်လှပ် ခုန်နေ၏။

စောစောက ပြောခဲ့သည်မှာ ဘာမှန်းမသိသော ကံဆိုသည့် အရာသည် ကျွန်တော့်အတွက် တစ်သက်လုံး ကောင်းမှု ကောင်းနိုင်ပါမလား တွေးမိသည်။ ရယ်ရလွန်းသောသူသည် ငိုရတတ်၏ဟုလည်း ကြားဖူးသည်။ ကံဆိုသည်မှာ အလှည့် နှင့် အဆိုးအကောင်းကို ဖန်တီးပေးနေတတ်ခြင်း သဘော အား ကျွန်တော် မေ့လို့မဖြစ်ပါချေ။

*





ခြုနှင်းများကြားတွင် ကံ့ကော်ပွင့်လေးများကို တွေ့ ကရသည်။

ပွင့်ဦးလေးများဖြစ်သဖြင့် ဝေဝေ ဆာ ဆာကြီး တော့ တ်။ ရွက်စိမ်းပြန့်ပြန့်လေးများ ကြားတွင် ဟိုမှာတစ်ပွင့်၊ သည်မှာတစ်ပွင့်။

ပင်အောက်တွင် ကလေးနှစ်ယောက်နှင့် ကျောင်းသား းယောက် ရောက်နေကြသည်။ ဟိုတစ်ပွင့် သည်တစ်ပွင့် တ်ညိုးညွှန်၍ အပင်ပေါ်တက်ရန် ပြင်ဆူပြင်၊ တံချူဖြင့် ရန် ပြင်ဆူပြင် လုပ်နေကြ၏။

ကံ့ကော်ပွင့်လေးတစ်ပွင့်လောက် ယူသွားရလျှင် ကောင်း ားဟု တွေးသည်။ သို့သော် သည်လူအုပ်နှင့် ကိုယ် လုခူး ချိန်မရ။

နောက်မှပဲလေဟု ဖြေတွေး၍ ဒဂုံလမ်းအတိုင်း တောင်ငူ ဆောင်ဘက်သို့ လျှောက်လာခဲ့သည်။

ပြောရမည့်စကားကိုစဉ်းစားမိသည်။အတွေးစလျှင်စချင်း တုန်းက လှည်းတန်းမှအပြန်မူးမူးနှင့်ပြောလာသော ပေါဦး ားများကို သတိရသည်။

"ဒီမှာ ထွန်းဝေ၊ မင်းကို ငါတစ်ခုပြောမယ်၊ ခင်လေးကို င်း ဘယ်လောက် ချစ်တယ်ဆိုတာ ငါ သိတယ်၊ မင်းနဲ့ပတ် က်လို့ ငါ ဘယ်လောက် သဘောတူတယ် ဆိုတာလဲ မင်း သိတယ်၊ ဒါပေမယ့်"

ကျွန်တော့်ပခုံးကို ဖက်ထားသော ပေါဦးကမှီထားရာမှ နည်းငယ် ခွာလိုက်သည်။သူ့စကားများကြောင့်ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



၏ လွင့်နေသောအာရုံသည် တည်ငြိမ်သွား၏။ ရှိဝေေ
ဦးဈောက်များသည် သူ့ထံမှ နောက်ထပ်ပေါ်ထွက်လာ
စကားများကို မျှော်လင့်နေမိသည်။

"ခင်လေးနဲ့ ပတ်သက်တဲ့ အသိုင်းအဝိုင်းမှာ ငါလို
ငါတစ်ယောက်တည်း ပါလိမ့်မယ် ထွန်းဝေ၊ အဲဒါမှ
ထားဖို့အချက်ပဲ၊ ပြောရယင်ကွာ၊ သူတို့စိတ်မှာ
လူကိုတောင် လူလို့ထင်မှာ မဟုတ်ဘူး၊ မင်းနဲ့ ခင်
ကိစ္စ သူတို့သိယင် မီးမီးလောင်လိမ့်မယ်"

ပြောလက်စ စကားကို သူ ခဏရပ်သည်။ ထို့နော
ခေါင်းကို တစ်ချက် ဆတ်ခါလိုက်ပြီး

"လာ....ဟော့ကောင်၊ တို့ဒီပုံနဲ့ အဆောင်ပေါ်မတက်
သေးဘူး၊ ဟိုအပင်ကြီးအောက်မှာ ခဏထိုင်မယ်"

တောင်ငူဆောင်ဘေး ကွက်လပ်ရှိ တောင်ပိန္နဲ ပင်
အောက်ကို လက်ညှိုးညွှန်သည်။ ကျွန်တော်က နောက်
ခပ်လှမ်းလှမ်းမှ ဝါလာသော စန်းလွင်တို့အုပ်စုကို လှည့်ကြ
သည်။ သူတို့လည်း သုံးယောက်သား ပခုံးဖက် ခေါင်းချ
ဆိုင်၍ ဆူပွက်နေအောင် စကားပြောလာကြသည်။

ကျွန်တော်နှင့် ပေါ်ဦးသည်ပင် အောက်မြေ ရှင်းရှင်း
ရာတွင် သည်အတိုင်း ထိုင်ချလိုက်၏။

"ဟော့ကောင်တွေ ငါတို့သွားနှင့်မယ်"

အောင်လင်း၏ အသံ ခပ်လေးလေး ပေါ်ထွက်လာ
ကျွန်တော်က

"အေး....သွားနှင့်၊ ငါတို့ ဒီမှာ ထိုင်အုံးမယ်"





သူတို့အုပ်စုသည် စောစောက ပြောလက်စ စကားကို
ဆက်လက်ငြင်းခုံရင်း တောင်ငူဆောင် တံခါးမှ ထွက်၍
အဆောင်ဘက် လျှောက်သွားသည်။ ပေါ်ဦး၏ခပ်လေးလေး
အသံ ပြန်ပေါ်လာ၏။

"ခင်လေးကိုတော့ ငါယုံတယ်၊ သူ့မှာဒီကိစ္စမျိုးမရှိဘူး၊
ဒါလဲ သိပ်ပြောစရာ မလိုပါဘူးကွာ၊ မင်းလဲ သိမှာပါ၊
ဒါပေမယ့် မင်းတို့လွယ်လွယ်နဲ့တော့ အဆင်ပြေမှာ မဟုတ်
ဘူးလို့ ငါထင်တယ်"

ကျွန်တော်သူ့ကိုဘာမှ ဝင်မပြောဖြစ်။ မြေညီညီသဲပြင်ကို
လက်ညှိုးဖြင့်ခြစ်ရင်း နားထောင်နေမိသည်။

"မင်းအခုလို အလုပ်အကိုင်လေး အဆင်ပြေသွားတာ ငါ
သိပ်ဝမ်းသာတယ်၊ တကယ်ပြောတာ ထွန်းဝေ၊ မင်း ငါ
ပြောတာ ယုံလား၊ ငါသိပ်ဝမ်းသာတယ်၊ တကယ် ပြော
တာ"

သူတော်တော် တွေနေပြီ ဖြစ်ကြောင်း သတိပြုမိသည်။
စကားလုံးများ ထပ်လာပြီး ကျွန်တော့အဖြေကို သူက စကား
ရပ်ပြီး စောင့်နေသဖြင့်

"ယုံပါတယ် ပေါ်ဦးရာ၊ မင်းမှမယုံရင် လောကကြီးမှာ
ငါဘယ်သူ့ကို သွားယုံရမှာလဲ"

ပေါ်ဦးက ခေါင်းကို လေးလေးညိတ်သည်။

"အေး...မင်းငါ့ကိုယုံရင် ငါပြောတာ သေသေချာနား
ထောင်၊ မင်းအလုပ်ကို မင်းသေသေချာချာလုပ်၊ ပြီးတော့
သိက္ခာဆံလဲစုထား၊ မင်းတို့ ပြဿနာက တနေ့မဟုတ် တနေ့

www.burmeseclassic.com

www.burmeseclassic.com



အကြီးအကျယ်တကာ်မှာပဲ သေချာတယ်၊ မှင်းတို့ ပြဿနာ အကြီးအကျယ်တက်လိမ့်မယ် သေချာတယ်”

ညကတည်းက စွဲနေခဲ့သော သူ့စကားများသည် အိပ်ယာဝင်သည်အထိ ပျောက်မသွားသလို၊ ခုလည်း နားထဲတွင် ပြန်ပဲ့တင်နေ၏။

ကျွန်တော် သက်မကို လေးလံစွာ ချမိသည်။ ရင်ထဲတွင် ပူပန်မှုလေးများ ခိုကပ်လာသည်။ အမှန်တော့အစကတည်းက ခင်လေး၏ အခြေအနေနှင့် ကျွန်တော်၏ အခြေ အနေအရ ဘယ်နည်းနှင့်မဆို ပြဿနာ ဆိုတာ ရှိကိုရှိမည်ဟု တွက်ဆပြီးသား။

သို့သော် ခုထိဘာပြဿနာမှ မတွေ့ရသေး။ ပူပန်နေသည်မှာ အနာဂတ်အတွက်၊ အနာဂတ်တွင်ပေါ်ဦး မြောသလို ကြီးမားသော ပြဿနာတရပ် တကာယ်ပင် စောင့်နေသလား။

သည်ပြဿနာဆိုတာကြီးကို ပြေးတွေ့လိုက်ချင်သည်။ မြန်မြန်တွေ့ချင်သည်။ ပြဿနာ၏ အတိုင်းအဆကို မခန့်မှန်းနိုင်ဘဲ တသိတ်ထိတ်စောင့်နေရတာထက်စာလျှင် လတ်တလော တွေ့ကြုံဖြေရှင်းပစ်လိုက်ချင်သည်။

လောကမှာ ပြဿနာတို့မည်သည် လူကလုပ်မှ ဖြစ်သည်ဟု ကျွန်တော်ယုံသည်။ လူလုပ်၍ ဖြစ်လာသော ပြဿနာကို လူတစ်ယောက်သည် ဘာကြောင့် မဖြေရှင်းနိုင် ရမည်နည်း။ အပင်ပန်းကြီးနှင့် အပင်ပန်းကလေးသာရှိမည်။ မဖြေရှင်းနိုင် မရှိဟု ကျွန်တော်ယုံသည်။

လိုသည်မှာ သတ္တိနှင့် ယုံကြည်မှု။





ခင်လေးသာ ကျွန်တော့ ဘက်တွင် ရှိပစေ။ မည်သည့် ပြဿနာသည် မည်မျှပင်ကြီးစေ ကျွန်တော့ လက်အောက်၌ ခေစ့စေ့ညက်ညက် ချေပစ်နိုင်ပါသည်။ ခု အနေ အထားမျိုးကိုတော့ ကျွန်တော်မကြိုက်။

ရှိမည် ရှိမည်သာ ကြားနေရသည်။ ပြဿနာကို ကျွန်တော် မတွေ့။ အဲ...မတွေ့ဆိုသည်တော့ သိပ်မဟုတ်ချင်။ ကိုကိုလတ်ကိစ္စကိုတော့ မေ့ထား၍မရ။ ဒါလဲထားပါလေ။ ဒါကတော့ ခင်လေး ကျွန်တော့ဘက်ရှိလျှင် အလိုလိုပြေလည်သွားမှာပါ။

သွားနေကျ ခြေလှမ်းများဖြစ်သဖြင့် မန္တလေးဆောင်ရှေ့သို့ အလိုအလျောက် ရောက်လာသည်။ ခင်လေး မရောက်သေး။

တက္ကသိုလ်ကို နှင်းတို့နှင့်ဆက်နေကြပြီ။

*

“ဟော”

ခင်လေးသည် ကားပေါ်မှ ဆင်းဆင်းချင်း ကျွန်တော့်ကို အံ့သြဝမ်းသာသော အာမေဋိတ်ကို ပြု၏။

“အစောကြီးပါလား၊ ကိုကိုစောင့်နေတာ ကြာပလား”

ကားနားတွင်ဟန်မပျက်ရပ်နေ၍ ကားနောက်ပြန်လှည့်၍ မောင်းထွက်သွားသောအခါမှ ရှင်လန်းသောအပြုံးဖြင့် ပြောရင်း ကျွန်တော့်ဆီ လက်ကမ်းသည်။

ကျွန်တော်က သူကမ်းလာသောလက်ကို လှမ်းဖေးရင်း ကျွန်တော့်ဘေးသို့ ဝင်ထိုင်စေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ခုပဲရောက်တာပါ၊ ခင်လေးကို ပြောစရာရှိလို့"

ခင်လေးက ကျွန်တော့်ပခုံးကိုမှီတွယ်ထားရာမှ ခြေထောက်လေးများကို လှုပ်ရှဲဆော့ရင်း

"အင်း ပြော"

ကလေးလေးလို နွဲ့တဲ့တဲ့ဟန်ဖြင့် စကားတောက် ပေးသော သူ့အမူအရာကြောင့် မရိုးမရွဖြစ်လာသော် ကျွန်တော်က သူ့ခါးလေးကို ခပ်တင်းတင်း သိမ်းဖက်ရင်း

"ကိုယ် အလုပ်ရပြီ"

ခင်လေးမျက်နှာမှာ ချက်ချင်း လင်းလက် တောက်ပသွားသည်။

"ဟယ်....တကယ်"

ကျွန်တော်ပြုံး၍ ခေါင်းညိတ်ပြလိုက်ပြီး

"တကယ်ပေါ့–လခလေးဆုတောင်"

"အို....ဟန်ကျတာပေါ့၊ ဝမ်းသာလိုက်တာ ကိုကိုရယ်"

"ဟား....ဟား....ဟား"

ကျွန်တော့်နောက်ဘက်ဆီမှ ဖြတ်သွားသော ကျောင်းသား တယောက်၏ ရယ်သံကြောင့် အတွေးသည်ပြတ်တောက်သွား၏။

ကျွန်တော် သက်ပြင်းချလိုက်မိသည်။

အတွေးထဲတွင် ကြည်နူး ပျော်ရွှင်ခဲ့ရသော အဖြစ်ကလေးသည် ရုတ်တရက် ပြယ်လွင့်သွား၏။ စောစောက ခင်လေးကို ထိုင်စောင့်နေစဉ် ယဉ်မိသောစိတ်ကူးထဲမှ ခင်လေးသည် ယခု





ထိုအခြေအနေက ခင်လေးကို စောင့်နေရတာကြာပြီ ဖြစ်သော်လည်း ခင်လေး ခုထိမလာသေး။

ဘာများဖြစ်လို့ပါလိမ့်။

စိတ်ထဲနွေးလာသည်။

ကျွန်တော် နာရီကိုငုံ့ကြည့်လိုက်၏၊ ရှစ်နာရီဆယ်မိနစ်ရှိပြီ၊ အခန်းတက်ရဦးမည်ဆိုသည်ကို သတိရလာ၏။ အဆောင်ရှေ့ကလပ်ကြီးကို ဖြတ်၍ တက္ကသိုလ်ရိပ်သာလမ်းဘက် မျှော်ကြည့်သည်။

ခင်လေးတို့ကားနှင့်တူသော အရိပ်အယောင်ပင်မမြင်ရပေ။

"ခင်လေး ကျောင်း ဘာဖြစ်လို့ နောက်ကျ နေပါလိမ့်၊ ကျောင်းများ မတက်ဘူးလား"

ပူပန်သောစိတ်များ ဝင်လာပြန်သည်။ စောစောက စိတ်ထဲတွင် ကြည်နူးလိုက်ရသော အဖြစ်ကလေးသည် ဘယ်ရောက်သွားပြီမသိ။

ထိုအချိန် နောက်ကျနေသော ကျောင်းသားတချို့နှင့် ကျောင်းသူတချို့သည် ကျွန်တော့်အနီးမှ ဖြတ်၍ သူတို့အသီးသီး၏ ဆရာ အခန်းတွင်းဝင်နေကြသည်။

"ဟေ့ ကော်င်၊ ဘာလုပ်နေတာလဲ"

ကျော်ညွန့်အသံ ဖျတ်ခနဲ ကြားသည်။ သူလည်း ကျောင်းနောက်ကျနေဟန် ရှိသည်။

"ခင်လေးကို စောင့်နေတာ"

"အော်"



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာမှချက်ချင်းဆက်မပြော။ အတန်ကြာရပ်နေပြ

"ငါသွားမယ်၊ အတန်းနောက်ကျလိမ့်မယ်"

ကျွန်တော်ခေါင်းညိတ်ပြလိုက်၏။ ခင်လေးတို့ အတ

သည်ကတော့ သေချာပြီ။ ဒါဆို ခင်လေး ဘာလို့ နော

နေပါလိမ့်။

အဆောင်ရှေ့တွင် လူပါးသွားသည်။

လက်မှနာရီသည် ရှစ်နာရီမိနစ်နှစ်ဆယ်ကိုပြနေ၏။

ကျွန်တော် မှီထားသောတိုင်မှ ခွာလိုက်၏။ သည်အခါ

မှ ဆက်မစောင့်ချင်တော့။ ခင်လေး လာသည့်တိုင်အောင်

အတန်းကြီးကစောင့်နေပြီ။ ကျွန်တော့် အတန်းကလည်

သည်။

စိတ်ပျက်လက်ပျက်နှင့်ကျွန်တော်မန္တလေးဆောင်မှဖြ

နောက်ဘက်စေခင်းတန်းမှ ရာမညဆောင်သွားရန် ရည်

သည်။

သံတံခါးနားရောက်မှ လာများလာပလားဆိုသော

ဖြင့် နောက်လှည့်ကြည့်သည်။ မရှိ။

မန္တလေးဆောင် အလယ် ကွင်းပြင်ကို ဖြတ်လျှောက်သေ

အခါ ရင်တွင်းမှစိတ်သည် ကိုယ်နှင့်ပါမလာတော့။

*

"တွေ့လား"

စာသင်ခန်းထဲသို့ နောက်ဘက် တံခါးမှဝင်၍ နောက်

စွန်တန်းတွင် ထိုင်သောပေါ်ဦးနား ဝင်ကပ်သည်။ ပေါ်ဦ

ဘေးလူမကြားအောင် ခပ်တိုးတိုးလေသံဖြင့် မေးသည်





"ဟေ့ အေး ခုထိမလာသေးဘူး"

"သူ အတန်းရှိတယ်မှတ်လား"

ပေါ်ဦးက စေခဲ့မရသောမျက်နှာဖြင့် မေးသည်။ ကျွန်

တော်က ခေါင်းညိတ်ပြီး

"ရှိတယ်။ ကျော်ညွန့်နဲ့တောင် တွေ့သေးတယ်"

ကျွန်တော်တို့ တိုးတိုး တိုးတိုး ကြိတ်ပြောနေစဉ် ဆရာ့

မျက်လုံးများသည် ကျွန်တော်တို့ဆီ ဝဲနေကြောင်း သတိပြု

မိသည်။ ထို့ကြောင့် ပေါ်ဦးကိုလက်ကုပ်၍ ဆရာ့ဘက် လက်

သိုးထိုး ညွှန်ပြ၏။

ပေါ်ဦးက စကားမဆက်တော့ဘဲ ရှေ့တည့်တည့် ပြန်

လှည့်သည်။

စာသင်နေသောဆရာ့နေရာတွင် ခင်လေးရောက်နေ၏။

*



www.burmeseclassic.com

www.burmeseclassic.com

၇။

"ဗ့ိး....စကားပြောချင်တာအူကိုယားနေတာပဲကွာ၊ဆရာ
ကလဲ ငါတို့ဆီပဲ မျက်လုံးရောက်နေလို့"

ဆရာအတန်းထဲမှ ထွက်ထွက်ချင်း ပေါ်ဦးက စာအုပ်ကို
ဘုံးခနဲ ပစ်ချ၍ဆိုသည်။ စာသင်တာလည်း တစ်လုံးမှနားမ
လည်လိုက်။ ကိုယ့်ဖာသာကိုယ် အတွေးများနှင့် ရှုပ်ရှက်ခတ်
နေသော ကျွန်တော်က

"ဘာဖြစ်လို့ မလာတာလဲ မသိဘူး၊ ငါတစ်ခု စဉ်းစား
မိတယ်"

"ဘာလဲ"

ကျွန်တော်ပြောပြသင့် မပြောပြသင့် ချိန်ဆနေမိသည်။
ကျောင်းသူတစ်ယောက်သည် အခါမရွေး ကျောင်းပျက်တတ်
သည်မှာ မဆန်း။ သူ့ဘာသာသူ အကြောင်းတစ်ခုခုကြောင့်
ကျောင်းပျက်သည်ကို ကိုယ့်ကိစ္စနှင့်ကိုယ် တွေ့ချင်အားကြီးနေ
သဖြင့် စိတ်ပူပြီး တွေးမိတွေးရာ တွေးတာများလား ပြန်ချင့်
ချိန်သည်။





"ဘာကိုလဲလို့ မေးနေတယ်ကွ"

ပေါ်ဦး၏ စိတ်မရှည်သံကို ကြားသည်။ မထူးပါဘူး ပြော
ာ ဘာလွန်စရာ ရှိတာမှတ်လို့၊ ပေါ်ဦးကို ပြောတာပဲဟု
းလိုက်ပြန်သည်။ ထို့ကြောင့်

"ဟိုနေ့က ကိုကိုလတ် ကျောင်းထဲမှာ ရှာတာထင်တယ်၊
ါ ငါတို့ကို ကံ့ကော်တောမှာတွေ့ပြီး ပြဿနာရှာထား
ျားလားလို့"

ပေါ်ဦး မျက်မှောင်ကျုံ့သွားသည်။ ကျွန်တော့် စကား
စ်နိုင် မဖြစ်နိုင် ဝေခွဲနေပုံပေါ်၏။ ထို့နောက် မေးစေ့ကို
ဝါးဖြင့် ပွတ်ရင်း

"မဖြူကော လာလား"

"ဟေ့အေး၊ မတွေ့ဘူး"

သူက ဘယ်လက်ဖြင့် မျက်နှာကို သပ်သည်။ ပြီးမှ ခေါင်း
ရှ

"ကားတွေ ဘာတွေလမ်းမှာပျက်နေလို့ ဖြစ်ပါလိမ့်မယ်
ား ကားဆိုတာ ပျက်တတ်တာပဲ"

သူပြောမှ ရောဂါပိုတက်သွားသည်။

"လမ်းမှာများ တစ်ခုခုဖြစ်နေလို့လား"

ကျွန်တော့်စကားကြောင့် ပေါ်ဦးက သူ့လက်ထဲမှ မီးမရှိ
ာ ဆေးပေါ့လိပ်တိုကို ဆတ်ခနဲ လွှင့်ပစ်သည်။ ကျွန်တော့်
သည်း ဘုကြည့်ကြည့်သည်။

"ဟေ့ကောင်၊ မင်းပေါက်ကရတွေ လျှောက်တွေးမနေနဲ့
ဲ့မှပဲ၊ မင်းဘာပြောချင်တယ်၊ ဘာဖြစ်နေတယ်ဆိုတာ သူ



www.burmeseclassic.com

www.burmeseclassic.com



သိတာ့မဟုတ်ဘူးကွ၊ မင်းနဲ့လဲ ချိန်းထားတာမဟုတ်ဘ
အိပ်ရာထ ပျင်းရင်လဲ ကျောင်းနောက်ကျ နိုင်တာပဲ၊
သွား၊ အဖွားကြီးအိုကြီး ကျနေတာပဲ၊ တောင်တွေး
တွေးနဲ့၊ မင်းကောင်မလေးက ခုထိ အိပ်ပုတ်ကြီးပြီး၊
လည်ပင်း စွပ်နေရင်တောင် စွတ်နေမှာ"

သူ့စကားကြောင့် ကျွန်တော် ပြုံးလိုက်ပြီး

"ဖဟ ကောင်၊ အဲဒါ မင်းနှမကွ"

"ဖြစ်ဖြစ်၊ ဒါသူ့ကိစ္စ၊ သူဖြစ်သူခံပဲ"

"ခွေးမသား၊ ငါ့ခင်လေးက မင်းမဖြူလို မဟုတ်ဘ

ကျွန်တော်တို့စကားဝိုင်းသည် ချက်ချင်း ပုံစံပြောင်း
သည်။ ပေါ်ဦးကတော့ တစ်စက်မှမလျော့။

"မဖြူဖြစ်တော့ ဘာဖြစ်လဲ၊ ဒီအကျင့်မျိုးရှိလေ
သဘောကျလှေပဲ၊ နောင် အိပ်ရာထတိုင်း မင်္ဂလာရှိနေ
ပေါ့"

"ဟာ....မအေပေး"

ကတ်သီးကတ်သတ် ယုတ်မာတတ်သော သူ့ကိုပစ်
နှစ် ဆဲလိုက်မိ၏။ ပေါ်ဦးက သဘောကျစွာ ဟားတိုက်
ရင်း

"ဟေ့ကောင်လာ၊ မနက်လေးဆောင်ဘက် တစ်ခေ
လျှောက်ကြည့်ရအောင်"

ကျွန်တော် ဝမ်းသာအားရ လက်ဖျောက်တစ်ချက်
လိုက်ပြီး

"အေး၊ ကောင်းတယ်၊ ငါ့ယောက်ဖ ပညာရှိတယ်"





သူ့ဆီမှ ဆဲသံတစ်ခုပေါ်လာပြန်သည်။ တစ်နေ့တစ်နေ့
ဘသို့လို ကျောင်းသားများ၏ပါးစပ်မှ မနာသော ဆဲလုံး
းစထားလျှင် မြန်မာ့ရှယ်စုံကျမ်းမျိုးအတွဲထစ်ရာလောက်
နပြီလားမဆိုနိုင်။ အဆဲမပါလျှင်စကားမပြောတတ်တော့။
နှစ်ယောက်သား ခုပ်သွက်သွက် လျှောက်လာ ကြစဉ်
ျောင်းတက်သံချောင်း ခေါက်သံကြားရသည်။
အင်း....ဒီတစ်ချိန်လဲ နောက်ကျဦးမှာပဲ....

*

"ကဲ....ကြည့်ကြည့် သေချင်ဆိုး၊ ဝ့အောင်ကြည့်၊ဟိုမှာ"
ပေါ်ဦးဆီမှ ခပ်ငေါ့ငေါ့ လေသံနှင့်အတူ ကျွန်တော့ရင်
းချမ်းသည်။ မျက်နှာတွင်လည်း အပြုံးရိပ် အလိုလိုပေါ်
၏။

တစ်တန်းတည်း ရှေ့ဆုံး ဒုတိယတန်း အလယ်ခုံတွင် ခင်
းနှင့်မဖြူ။

ဖက်ဖူးနုရောင် စိမ်းစိမ်းလေး ဝတ်ထားသော ခင်လေး
သ်လှုပ်ရှားလှုပ်နေ၏။ ဖွာကျနေသောဆံပင်သည် နောက်ခုံနှင့်ထိ
ည့် နေရာ၌ တွန့်ခွေနေသည်။

"ရှိးတဲ့မှပဲ၊ ဖြစ်လိုက်ရင် အသဲအသန်"

ပေါ်ဦးက ခုထိကျေနပ်ပုံမပေါ်။ သူ့မဖြူကိုပင် သေသေ
ာချာ ကြည့်ချင်ပုံမပေါ်။

"ဟို့ရှေ့တံခါးပေါက်နား သွားရပ်ပြီး မင်းရောက်နေ
ာကို အသိပေးလိုက်ပါဦးလား"

www.burmeseclassic.com



"နေစမ်းပါကွာ"

ကျွန်တော်က ပေါ်ဦးကို လှမ်းယာန့်လိုက်ရင်း နော

လှည့်သည်။ ပေါ်ဦးက နားမလည်ဟန် ကြောင်ကြည့်၍

"ဒါက ဘယ်လဲ"

ကျွန်တော်က ပြုံးလိုက်ပြီး

"ပြန်မယ်လေကွာ"

"ဟင်....ဒါပဲလား"

ကျွန်တော် ခပ်တိုးတိုး ရယ်လိုက်ပြန်သည်။ သူ့ကိုလ

၍ ခေါ်လာခဲ့ရင်း

"လာစမ်းပါ၊ သူ အတန်း တက်နေတာ တက်ပ

ကျောင်းကိုလာပြီဆိုရင် တော်ပြီ၊ နေ့လယ်မှ ပြန်လာခ

ပေါ်ဦးက မျက်မှောင်ကျုံ့မပျက်

"အေးကောင်းတယ်၊ ဒီခေတ်က မင်းခေတ်ပဲ၊ မင်း

သလိုလုပ်၊ ဘာလဲ ကဲလပ်စ်ပြန်တက်မလို့လား"

ကျွန်တော် နာရီကို ဖျတ်ခနဲ ငုံ့ကြည့်သည်။ ကိုးနာ

ဆယ်....

"ဟာ...သိပ်နောက်ကျနေပြီကွာ မတက်တော့ဘူး၊

ဦးချစ်ဆိုင်သွားမယ်"

"အေး၊ အဲဒါ ငါအကြိုက်ဆုံးစီမံချက်ပဲ"

အေး သွားသောရင်ကြောင့် ခြေလှမ်းများ သွက်

ပေါ့ပါးသွားသည်။ တစ်ခါက ဖတ်ဖူးသော မောင်စိန်

(ပုတီးကုန်း)၏ ကဗျာကလေးကို အမှတ်ရလိုက်၏။





နေဆယ်စင်းနှင့်၊ လှမင်းဆယ်ဆူ
ပြိုင်တူသာကြ၊ ခံစားရအောင်
နှောင်တွယ်ကျွမ်းရစ်၊ သောကဖြစ်သည်
အချစ်ဆိုတာ ဒါလားခင်....

*

စောစောက လှမင်းဆယ်ဆူသည် ရိပ်ခနဲ ပျောက်ကွယ်သည်။

အလျှံညီးညီး ပူပြင်းလှသော နေဆယ်စင်းကို ဝင်းခနဲ မြင်လိုက်ရ၏။

လှမ်းလာသော ခြေလှမ်းများ ဖျတ်ခနဲရပ်သွားသည်။

မြင်ကွင်း၏ အကျည်းတန်မှုကို ကျွန်တော် မသက်မသာခံစားလိုက်ရသည်။ ရင်ထဲတွင် အမည်မသိသော ခံစားမှုများ ပြောင်းဆန်လာသည်။ ခံပြင်းမှုလား၊ ဝန်တိုမှုလား၊ မကျေနပ်မှုလား၊ ရှုပ်ထွေးမှုလား၊ ကျွန်တော်မသိ။

တစ်ချိန်တည်းမှာပင်ရှေ့ဘက် လှမ်းရန်ပြင်ထားသော ခြေလှမ်းများကို ဖျတ်ခနဲပြန်ရုတ်သည်။ နောက်ကြောင်းတော့ မလှည့်ချင်။

ထို့ကြောင့် အနီးရှိ လက်ဖက်ရည်ဆိုင် အပြင်စားပွဲတွင် ဝင်ထိုင်လိုက်ကြ၏။

ခင်လေးတို့ရှိနေသော နေရာက ထိုင်နေကျ မန္တလေးနှင့် တောင်ငူဆောင်ကြား ခုံတန်းလျားလေးမှာ။ ကျွန်တော် ရောက်နေသည့်နေရာကတောင်ငူဆောင် စားသောက်ဆိုင်းမှ



www.burmeseclassic.com

www.burmeseclassic.com



အထွက် ခပ်လှမ်းလှမ်းဖြစ်ရာ ကျွန်တော် ဝင်ထိုင်လိုက်သော အရှည်ကြီး လက်ဖက်ရည်ဆိုင်မှ စားပွဲသည် အသင့်တော်ဆုံး နေရာဖြစ်သွား၏။

ခင်လေးတို့ ရှိသည့်ဘက်နှင့် ဘေးတိုက်ကျနေသဖြင့် ကျွန်တော် မျက်နှာထားရသက်သာသလို ကျွန်တော့်ကိုလည်း မှတ်မိ တရက် သတိမပြုမိနိုင်။

ထို့ပြင် မျက်စိ တစေ့ကြည့်ရုံနှင့် မြင်နေနိုင်သောနေရာ ဖြစ်သဖြင့် ခင်လေးတို့လှုပ်ရှားမှုများကို သဲသဲကွဲကွဲ အကဲခတ်နိုင်သည်။ အသံမကြားနိုင်သည်ကတော့ ကိစ္စမရှိ။

ခင်လေးတို့၏ အမူအရာကိုကြည့်ရုံဖြင့် ဘာဖြစ်နေသည်ကို ကျွန်တော် ခန့်မှန်းနိုင်ပါသည်။

အဲ....ခင်လေးတို့ဆိုသည်က မဖြူနှင့် ခင်လေးမဟုတ်၊မဖြူ ပါတော့ပါသည်၊ သို့သော်သူက ခုံတန်းလျားပေါ်မှာ၊ကျွန်တော် အာရုံစူးစိုက်ရမည့်သူများက ခင်လေးနှင့် ကိုကိုလတ်။

သူတို့က ခုံတန်းလျားဘက်အဆင်း ကတ္တရာလမ်းစပ်တွင် ရပ်လျက်....။သူတို့နှစ်ယောက်အမူအရာကိုကြည့်ခြင်းဖြင့် တစ်စုံ တစ်ရာကို အချေအတင်ပြောနေမှန်း သိသာပါသည်။

ကိုကိုလတ်ဆိုသော သူ၏မျက်နှာတွင်မကျေနပ်မှုနှင့်ဒေါသ ကို တွေ့ရသည်။ ခင်လေး၏ဘေးတိုက်မျက်နှာတွင် အနီရောင် လဲ့လဲ့ ပြေးနေ၏။

ကိုကိုလတ်ထံမှ ခပ်ပြတ်ပြတ် စကားပြောဟန် တစ်ခုအဆုံး ခင်လေးခေါင်းခါသည်။ ကိုကိုလတ်အမူအရာ ချက်ချင်းပြောင်း ပြောင်းသွား၏။ လေသံကိုနှိမ့်၍ တစ်စုံတစ်ခု ထပ်ပြောသည်။





ခင်လေးခေါင်းခါသည်။ခင်လေး၏ဦးခေါင်းသည် ခါလျက် နှင့် တဖြည်းဖြည်း ငုံ့သွား၏။

ကိုကိုလတ် တတွတ်တွတ်ပြောနေသည်။

"အစ်ကို ဘာသောက်မလဲ"

အာရုံသည် တခြားရောက်နေသဖြင့် စားပွဲထိုးချာတိတ်၏ မေးသံသည် ကျွန်တော်ကိုယ်ကို ဆတ်ကနဲ တုန်ခါသွားစေ သည်။

သူ့ဘက် ကပျာကယာလှည့်ပြီး

"လက်ဖက်ရည်တစ်ခွက်ပေးကွာ"

ချာတိတ် လှည့်ထွက်မည်အပြု၊ တစ်ခုကို သတိရသဖြင့်

"အော်....ဟော့ကောင်၊ ဒူးယားနှစ်လိပ်လဲယူခဲ့"

ကောင်လေးဘက် လှည့်အကြည့်လိုက် လက်ဖက်ရည်ဆိုင် တွင်းမှ ကျွန်တော့်ဘက် ဖြတ်ဝင်လာသော ပေါ်ဦးကိုတွေ့ သည်။ ပေါ်ဦးသည် အာအိုင်တီမှ သူ့ သူငယ်ချင်း တစ် ယောက် လာနေသဖြင့်နောက်ချန်နေခဲ့ပြီးခုမှ လိုက်လာခြင်း ဖြစ်သည်။

"ဘယ်လိုလဲ"

ကျွန်တော် သူ့အမေးကို ပြန်မဖြေဘဲ ခင်လေးတို့ဘက် ဦးခေါင်းဆတ်၍ လှည့်သည်၊

အဲ...မြင်ကွင်းက ပြောင်းသွားပြီ....

ကိုကိုလတ် မရှိတော့။ ခင်လေးက ဒေါဒေါကနေရာမှာရပ် နေဆဲ။

ကားတစင်းဆောင့်ထွက်၍မောင်းသွားသံ ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မသွားသေးတာလဲ"

ပေါ်ဦးအမေးကို ကျွန်တော် မဖြေနိုင်သေး။ သူ[illegible] လက်ကာပြ၍ နေရာမှ သုတ်သီး သုတ်ပျာထ၍ ထွက်[illegible] ခဲ့သည်။

"အစ်ကို...လဖက်ရည်"

ချာတိတ်အသံ နောက်ဘက်မှ ပေါ်လာ၏။ ကျွန်တေ[illegible] ကမန်းကတမ်းလှည့်၍ ခုံပေါ် လက်ညှိုးထိုးပြရင်း

"ပေါ်ဦးသောက်လိုက်ကွာ၊ ပြီးရင်လိုက်ခဲ့"

ကျွန်တော် ခြေလှမ်းသွက်သွက်လှမ်းသည်။

ခင်လေး ကျွန်တော့်ကို မြင်သွား၏။

ကျွန်တော်အံ့အားသင့်သွားသည်။ ခင်လေး မျက်နှာ[illegible] မျည်ရည်စများနှင့်ပါလား။

*

"ဘာဖြစ်လို့လဲ ခင်းလေး"

ခင်လေးချက်ချင်းမဖြေ။ မျက်နှာကိုငုံ့၍ လက်ကိုင်ပဝ[illegible] ဖြင့် မျက်ရည်စများကို သိမ်းသည်။

"လာ...ကိုထွန်းဝေ၊ ဒီမှာထိုင်၊ ပြီးတော့မှ အေးအေး[illegible] ဆေးဆေးပြော။ ခင်လေးလဲ လာလေ"

မဖြူ လှမ်းပြောသည်။ ကျွန်တော်ခင်လေး လက်မောင်း[illegible] ကိုဖွဖွဆုပ်၍

"လာလေ ခင်လေး၊ ကိုယ့်ကို သေသေချာချာပြောပြစမ်း[illegible] ပါအုံး"





ခင်လေး ခြေလှမ်းစလှမ်းသည်။ မျက်နှာကို မော့သည်။ မျက်လုံးအိမ် အစပ်တွင် နီတီတီလေး ကျန်နေသော်လည်း မျက်ရည်စ မရှိတော့။

ပေါ်ဦး သုတ်သီးသုတ်ပျာ ရောက်လာသည်။

"ဘာဖြစ်တာ—လဲ....ဖြူ"

မဖြူက မျက်ရိပ်ဖြင့် မမေးရန်တားသည်။ ရှေ့ဘက်မှခုံတန်းကို မျက်လုံးဖြင့် ညွှန်၍ သူပါ ပြောင်းသည်။ ပေါ်ဦး၊ မဖြူရှိရာ သွား၏။

ခင်လေးနှင့်ကျွန်တော် စောစောက မဖြူထိုင်သောခုံတွင် ထိုင်မိသည်။

ကျွန်တော်အလောတကြီး မမေးချင်။ သူ့ အမူအရာကို ကြည့်၍ သူ့အပြောကိုစောင့်သည်။ ကျွန်တော့်ကို အတန်ကြာ ကြည့်ပြီးမှ

"ကိုကိုရောက်နေတာ ကြာပလား"

ကျွန်တော် လဖက်ရည်ဆိုင်တွင် ထိုင်နေသည်ကို သူမြင်မည် ဟု သိလိုက်၏။

"ကိုကိုလတ် မပြန်ခင်လေးတင်ပဲ ခင်လေး"

ဘာဖြစ်လို့လဲဆိုသော အမေးကို မမေးမိရန် လျှာကိုထိန်းသည်။ ခင်လေး သက်ပြင်းချသည်။ သူ့မျက်နှာမှာ ခုထိ မလန်းလာ။

"ပြဿနာပဲ ကိုကိုရယ်"

ကျွန်တော် သူ့ကိုမကြည့်။ ချိတ်ထိုင်ထားသောခြေမှ ခြေဦးဆီ အကြည့်ထားသည်။ သူ့ဆီမှ ကြားရသော [illegible]



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ထားသော စကားမဟုတ်။ သို့သော် လိုရင်းကို တော့ သိချင်နေပြီ။ ထို့ကြောင့်

"သူ ဘာပြောသွားလဲ ခင်လေး"

လက်ကြားမှ တငွေ့ငွေ့ တက်နေသော ဆေးလိပ်မီးခိုး များကို ကြည့်ရင်း သူ့အဖြေကို စောင့်သည်။

"ခင်လေး နေတာထိုင်တာနဲ့ပတ်သက်လို့ သူမကျေနပ်ဘူး လို့ ပြောတယ်"

ရင်ထဲမှာ လှုပ်ခါသွား၏။ စကားမှာ အနက်နှစ်မျိုးပါ သည်မို့၊ တစ်မျိုးက အစ်ကိုတစ်ယောက်ထံမှလာသောအနက် မျိုး၊ ကျန်တစ်မျိုးက....

"ဒီတော့ ခင်လေးက ဘာပြောလိုက်လဲ"

ကျွန်တော် သူ့ကိုကြည့်သည်၊ သူ ကျွန်တော့်ကို ကြည့်နေ ဆဲပင်။

"ခင်လေး နေတတ်သလိုနေတာပဲလို့ ပြောလိုက်တယ်"

"သူက"

"အထူးသဖြင့် ခင်လေး ခုတလော လူတစ်ယောက်နဲ့ တွဲ သွား တွဲလာ လုပ်နေတဲ့ကိစ္စပဲတဲ့"

ရုပ်ရှင်ရုံတုန်းက သူမြင်သွားမည်ဖြစ်ကြောင်း မှန်းမိသည်။ ဟိုနေ့ကလည်း ခင်လေးကို လိုက်ရှာ၊ လိုက်အကဲခတ်တာ ဖြစ် နိုင်သည်။

"ခုလဲ ခင်လေးကို သူနဲ့လိုက်ခဲ့ဖို့ ပြောတယ်၊ တစ်နေရာရာ သွားမယ်၊ စကား အေးအေးဆေးဆေးပြောမယ်လို့ ပြော တယ်"





ကျွန်တော် မြင်ခဲ့ရသော မြင်ကွင်း အခြေအနေအထားသည် ညီ နေရာတွင်ဖြစ်မည်ဟု တွေးမိသည်။ ခင်လေး ခေါင်းခါသည်ကို မြင်ခဲ့ရပြီ။ ကျွန်တော် ဝင်မမေးတော့၊ ခင်လေး ဆက်ပြော သည်။

"ခင်လေးက မလိုက်ချင်ပါဘူးလို့ ခါးခါးသီးသီး ငြင်း လိုက်တယ်"

ပြောရင်းနှင့် သူခဏတန့်သည်၊ သူ့မျက်လုံးများတွင် မျက် ရည်ကြည်များ ဝဲလာပြန်သည်။

"သူအမျိုးမျိုးပြောပြီး ခေါ်တာကို ခင်လေးကငြင်းတော့ သူဒေါပွသွားတယ်၊ ပြီးတော့ ခင်လေး လုံးဝ မသိတဲ့ ကိစ္စ တစ်ခုနဲ့ ပတ်သက်ပြီး သူပြောသွားတယ်"

ကျွန်တော် ဖျတ်ခနဲလှည့်ကြည့်သည်။ သည်စကားကတော့ လုံးဝမမျှော်လင့်မထားသော စကား။

ခင်လေး၏ ဝဲနေသော မျက်ရည်များသည် ပါးပြင်ပေါ် လိမ့်ဆင်းလာသည်။ ခင်လေးက လက်ကိုင်ပဝါဖြင့် အသာ အယာသုတ်သည်။ ကျွန်တော် နေ၍ထိုင်၍ မရတော့။

"ဘာပြောသွားလို့လဲ ခင်လေး"

ခင်လေး၏ မျက်လုံးအိမ်တွင် အရေကြည် လဲ့လဲ့ တို့မ ပျောက်။ ကျွန်တော့်ကို စူးစူးကြည့်သည်။ သူ့အကြည့်မှာ ကျွန်တော့်ရင်ကို ထွင်းဖောက်၏ ထင်သည်။ သူ့စကားကို ခပ်လေးလေး ပြောလိုက်သည်။

"ဒါဖြင့်ရင် ခင်လေးကို သိထားအောင် ပြောလိုက်မယ် တဲ့၊ ခင်လေးနဲ့သူနဲ့ဟာ လက်ထပ်ဖို့ လူကြီးချင်း စီစဉ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့၊ ခင်လေး စိတ်ကူးယဉ်ပြီး မလုပ်သင့်တာ‌ ေ
လျှောက်လုပ်နေမိရင် ရပ်တန်းကရုပ်တော့တဲ့၊ မရပ် ရ
အားလုံး စိတ်မကောင်းစရာတွေ ဖြစ်ကုန်လိမ့်မယ်တဲ့"

သူစကားသည် ငိုသံအောက်တွင် တိမ်၍ ပျောက်သွား၏။ ကျွန်တော့်ရင်ထဲမှ အပူသည် လှိုက်၍တက်လာ၏။ အသိစိတ်သည် ကိုယ်နှင့် ခဏ ကင်းကွာသွားသည်။

*



ပိတောက်ပင်ကြီးဆီမှ သစ်ရွက်ဝါများ တစ်ရွက်ပြီးတစ်
က် ကြွေကျနေ၏။

မပူသော်လည်း ခြောက်သွေ့ထီးကျန်လှသည့် နွေပြခင်း
ကာလပင်။

သစ်ရွက်ကြွေများသည် တစ်ချက်တစ်ချက် တိုက်လာသော
သရူးတွင် ဆောက်တည်ရာမရစွာ ပြေးလွှားနေ၏။ ရင်တွင်း
ကို သစ်ရွက်ကြွေများတွင် မြင်သည်။

လွင့်မျောနေသော အကြည့်များသည် မန္တလေး၊ အမရ
တိုင် ခြံစည်းရိုးဆီရောက်၏။ ဖုံများလူးသော သံတိုင်များ
သည် နေရောင်အောက်တွင် ဖျင်းရိထိုင်းမှိုင်းနေ၏။ သံတိုင်
ားကြားမှ တက္ကသိုလ်ရိပ်သာလမ်း ကတ္တရာပြင်ကို ဖြတ်မြင်
သည်။ တစ်ခါတရံတွင် တက်ကြွစွာ လှုပ်ရှား နေတတ်၍
စ်ခါတရံတွင် တာဝန်မပျက် လှုပ်ရှားနေတတ်သော တက္က
သိုရိပ်သာလမ်းကျယ်ကြီးသည် ယခုအခါ နွမ်းနွမ်းနယ်နယ်
ျာခင်းလဲလျောင်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



သစ်ရွက်ကြွေများနှင့် ဖုန်မှုန့်များ ကစားနေသော တစ်ဘက် အနားသတ်နှင့် ပလက်ဖောင်း စကြံ့ တို့သည် သက်စွာ ငိုက်မြည်းနေသည်။ ပလက်ဖောင်းပေါ်တွင် လျှောက်လာသူ တစ်ဦးကိုတွေ့သည်။ ဗီတို ကန္တာရခရီး ဆန့်လှ၏။

သည်မှ ခမ္ဘာရုံတံတိုင်းကို ကျော်ဖြတ်လိုက်သောအခါ ရိပ်အုတ်ဆိုင်းဆိုင်းတွင် ငြိမ်သက်နေသော စာတိုက်အဆော အဦးနှင့် ကွက်လပ်ကို မြင်ရသည်။ ဘယ်ဘက်သို့ မြင် ရွေ့လာသောအခါ တက္ကသိုလ်ဆေးရုံ၊ ထိုနောက် လ ကျယ်က ဖြတ်လာသည်။ ထိုနောက် ယခုအခါ ဘာမှမရှိ ပြီ ဖြစ်သော မြေကွက်လပ်ကျယ်ကြီး။

အကြည့်သည် ကိုယ့်ခြေရင်း ပြန်ရောက်လာ၏။

သည်နေ့ ခင်လေး ကျောင်းမတက်။

ပြဿနာကို ကြိုမြင်နေရသလို ခံစားရသည်။ ခင် ကျောင်းမတက်ခြင်းသည် ကျောင်းသား ကျောင်းသူ ယောက်၏ သာမန်ကျောင်း ပျက်ကွက်ခြင်း မဟုတ်ဟု နေသည်။

စောစောက ကျွန်တော်မဖြူနှင့်တွေ့ပြီးပြီ။ ခင်လေးမ က သူ့ ဆီဖုန်းဆက်၍ ကျောင်းမတက်ဘူး ပြောသည်ဟု နှာမကောင်းစွာ အသိပေးသည်။

မနေ့ထဲက မျက်နှာမကောင်းသော ပေါ်ဦး သည်လ သည့်စကားကို မည်သည့်ထင်မြင်ချက်မှ ဝင်မပေး။





မိနစ် လေးငါးဆယ်ခန့် စောင့်နေရဦးမည့် နေ့လယ် ကျောင်းတက်ချိန်ကို ကျွန်တော် မည်သို့ဖြတ်သန်းရမည်နည်း။ ထို့မှတစ်ဆင့် ညနေ ကျောင်းဆင်းချိန်မှ နောက်တစ်နေ့ ကျောင်းတက်ချိန်အထိ ခရီး။ ထိုနောက်ခင်လေးဆီမှ သတင်း စကား တစ်စုံတစ်ရာ ကြားရသည်အထိ။ ထို့မှ ခင်လေး၏ သတင်းစကားကို အကြောင်းပြု၍ ဖြတ်သန်းလှုပ်ရှားရဦးမည့် ပြဿနာခရီး။

မြောက်မြားလှစွာ ပြီးမြောက်ခဲ့သော်လည်း မတန့်နိုင် သေးသည့် တစ်စုံတစ်ရာကြိမ်မြောက် သက်ပြင်းချလိုက်မိ၏။

မျက်လုံးထဲတွင် သမုဒ္ဒရာမုန်တိုင်းကြားမှ မာန်ဟုန်ပြင်းလှ သော လှိုင်းလုံးကြီးများကို မြင်နေသည်။

တစ်ချိန်တည်း၌ပင် ရွာလယ်မှဖြတ်စီးလာသော ငမိုးရိပ် ချောင်းလေးကို မြင်၏။

ပိတောက်ရွက်ခြောက်လေးတစ်ခုသည် မျက်နှာကိုလာရိုက် သည်။

စိတ်ညစ်လိုက်တာ....

*

"အဲဒါ ဘာဖြစ်လဲ၊ ဒါ စိတ်ဓာတ်ကျစရာလားကွ"

ပေါ်ဦးက ခတ်ငေါက်ငေါက်ပြောသည်။ ကျွန်တော့ရင် ထဲတွင် ပြောင်းဆန်အောင် လှုပ်ရှားနေ၏။

ကြားရသော သတင်းက ထင်ထားသည့်အတိုင်း ဖြစ်နေ သည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်က ခင်လေးကျောင်းမလာသည့် ကိစ္စနှင့်ပတ်သက်၍ ကျွန်တော် နေမရထိုင်မရဖြစ်နေခြင်းကို ကြည့်၍ ပေါ်ဦး သူစုံစမ်းပေးမည်ဆိုကာ ညနေကျောင်းဆင်းချိန်တွင်ခင်လေး တို့အိမ် သွားသည်။

ခင်လေးနှင့်သူ တွေ့ခဲ့ရသည်။

အခြေအနေက သိပ်မကောင်း။ ခင်လေး အခြေအနေနှင့် ပတ်သက်၍ ကိုကိုလတ်က သူ့မကျေနပ်ချက်များ အားလုံး ခင်လေးမိဘများအား ဖွင့်ပြောသည်။

သည့်မှာ ပြဿနာအစပြုသည်။

ညနေက ပေါ်ဦးပြန်လာတော့ ဒီကောင့်အမူအရာ သိသာနေသည်။ ပြဿနာတရပ်ကို စိတ်မသက်မသာ ဆော ချဉ်းလာရမှန်း မြင်တာနှင့်သိ၏။

သူ့ပုံစံက အရေးတကြီး ဆောင်ရွက်စရာကိစ္စတခုပါလာ သလို အလေးသိုးဆယ်သည်း ဖြစ်နေရာ....

ဝရံတာလက်ရမ်းကို လက်ထောက်၍ ရပ်နေသော ကျွန် တော်သည် သူ့အမူအရာကြောင့် သူ့အပြောကိုပင်မစောင့်နိုင် တော့

"ဘယ်လိုလဲ ပေါ်ဦး"

ပေါ်ဦးက ချက်ချင်းပြန်မဖြေ၊ အခန်းထဲသို့ လက်ဖြင့် ညွှန်ယင်း

"လာ ဟေ့ကောင်၊ အခန်းထဲကျမှ ငါသေချာ ပြောပြ မယ်၊ ပြဿနာက သိပ်မကောင်းတော့ဘူး ဖြစ်နေပြီ"





ကျွန်တော့ရင်ထဲ ထိတ်ခနဲဖြစ်သွားပြီး သူ့နောက်က ကပ် လိုက်သည်။ ခုတင်ပေါ်ထိုင်မိသောအခါ

"ဇာတ်က ရှုပ်ကုန်ပြီ ထွန်းဝေ၊ လိုကိုလတ်ဆိုတဲ့ကောင် က လိုက်တာ၊ ဒီလောက်စောစော မဖြစ်သင့်တာတွေ ဖြစ် ကုန်ပြီ"

သူ့စကားများကြားရလေ၊ ကျွန်တော်ရင်ပိုလေဖြစ်လာ၏။ ထို့ကြောင့် ဘာမှဝင်မမေးမိရန်၊ သူ့စကားစ မပြတ်သွားရန် အာကိုထိန်းထားလိုက်သည်။

"အမှန်က ကိုကိုလတ်နဲ့ ခင်လေးနဲ့ မိဘချင်းသဘောတူ ထားတယ်ဆိုတာ ဟုတ်တယ်။ ဒါပေမယ့် ခုလောလောဆယ် လေးစားဖို့မဟုတ်ဘူး၊ ငါသိထားတဲ့ ကိစ္စကလဲ ဒီအတိုင်းပဲ၊ ဒါကြောင့် အစကထဲက ပြဿနာရှိမယ် ရှိမယ်နဲ့ တစ္စတ် တတ် ပြောခဲ့တာပေါ့၊ ဒါပေမယ့် ခုအတော အတွင်း ဒီလောက် မြန်မြန်ဆန်ဆန် ဖြစ်လိမ့်မယ်လို့ ကို မထင်ဘူး၊ ခကောင်ကြီး လုပ်လိုက်တာနဲ့ ပြဿနာက ဆိုးကုန်ပြီ"

မျက်လုံးပြူးသွားသည်။ ပြောသည့်ပြဿနာသည် မည်မျှ အတိုင်းအတာအထိ ဆိုးနေကြောင်းသိချင်သည်။ သူကလည်း ရပ်မနား ဆက်ပြောပါသည်။

"မနေ့က ကိုကိုလတ် ဒီကနေ ဒေါ်ပွပြန်သွားပြီး ဝင်ဒါ သာအိမ် တန်းသွားတယ်။ ခင်လေးအမေရော အဖေရော နေတော့ ကိုကိုလတ်က ခင်လေး ဒီလိုဒီလို ဖြစ် နေတဲ့ အကြောင်း၊ တစ်ခါ ဘုရားပေါ်မှာတွေ့ခဲ့တဲ့ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ကောင်နဲ့ တွဲနေတဲ့ကြောင်း တိုင်တယ်၊ သူဝင်တားဘ
လဲ တားလို့မရတဲ့အကြောင်း ပြောတယ်”

ရုပ်က ယောက်ျား ပီသချောမောသလောက် မိန်းမ
ဆော ကိုကိုလတ်ဆိုသည့်သူကို စိတ်ထဲက ချဉ်သွား၏။

“ဒီတော့ အဖိုးကြီး အဖွားကြီးတွေလဲ ရှူးရှူးရှဲရှဲ ဖြစ်
တာပေါ့၊ သူ့သမီးကို ပြန်လာပစေ၊ ဘာဖြစ်တယ် ညာ
တယ်နဲ့ သမီးလေးတော်လှ ယောင်းမမြင်းစီး ထွက်
ဘာညာပေါ့ကွာ၊ ဒါလဲမြင်ရော ငနဲက အခြေအနေကော
ပြဆိုပြီး ဝင်တွန်းတော့တာပေါ့၊ ကျွန်တော် ပြောသ
ခင်လေးနဲ့ ကျွန်တော် လက်ထပ်ထားပါရစေ၊ ပြီးတော
ကျောင်းဆက်တက်ပေါ့၊ ကျွန်တော်တော့ ခင်လေးကို ဝ
မချနိုင်တော့ဘူး၊ ချက်ချင်း လက်ထပ်ဖို့ စီစဉ်ပေးပါ အ
ဘာညာနဲ့ ချွဲတယ်ထင်ပါရဲ့ကွာ”

သူကပြောရင်းနှင့် ခံတွင်းချဉ်လာဟန်တူသည်။ခေါင်းရ
စားပွဲပေါ်မှ ဆေးပေါ့လိပ်အသစ်တစ်လိပ်ကို ကောက်၍ ထ
ဦးကို သွားဖြင့်ကိုက်ဖြတ်သည်၊ ထိုနောက် ခေါင်းမှုမှတ်လို
ပြီး အစီခံကို လက်သဲဖြင့် ခြစ်သည်။ ပြီးမှ စားပွဲစွန်းတ
တစ်ချက် နှစ်ချက် ဆောင့်ရင်း

“ခင်လေး ပြန်လာတော့ ဒီကိစ္စ အိမ်မှာ အကြီးအကျ
ပြဿနာတက်တော့တာပဲ”

သူ့ဆေးလိပ်ကို သူမီးညှိသည်။ ကျွန်တော် မရိုးမရွ ပြ
လာ၏။





“ခင်လေးကို အိမ်ပေါ် ရောက်ရောက်ချင်း အဖွားကြီးက
ခင်လေးကို ခေါ်ပြီး အဲဒီကိစ္စ မေးတယ်တဲ့ကွာ။ ဒီတော့
ခင်လေးက မထူးတော့ဘူး ဆိုပြီး ပွင့်ပွင့်လင်းလင်း ပြော
တယ်ပေါ့၊ သူသိပ်ချစ်တဲ့ချစ်သူပါပေါ့၊ နှစ်ယောက်ထဲသွား
တာတယ်ဆိုတာလဲ တစ်ယောက်နဲ့ တစ်ယောက် စည်းနဲ့ကမ်းနဲ့
နေကြတာပေါ့၊ မိဘဂုဏ်သိက္ခာ ကိုယ့်ဂုဏ်သိက္ခာ ထိခိုက်မဲ့
အထိ ဘယ်တော့မှ မလုပ်ဘူး ဆိုပြီးတော့ပေါ့ကွာ၊ ဒါကို
ဆက်သက်မယ့် ကိုကိုလတ်က ဘာမဆိုင် ညာမဆိုင် ဝင်ပြော
တာဆိုပြီး လုပ်တာပေါ့”

ခုထိ ပြဿနာသစ်ဆိုတာ ကိစ္စနှင့်ပတ်သက်၍ တစ်စွန်း
တစ်စမျှ မသိရသေးသဖြင့် ကျွန်တော် နေမရ ထိုင်မရ ဖြစ်
လာသည်၊ သို့သော် သူ့အရှိန်ကိုမပျက်စေလို၍ ဘာမှတော့
ဝင်မပြော။ သူ ဆက်ပြောသည်။

“ဒီတော့ အဖိုးကြီးနဲ့ အဖွားကြီး ဝုန်းဒိုင်း ထကျဲတာပေါ့၊
ဒီတော့ အဖွားကြီးက အေး ဒါဖြင့်လဲပြီးတာပဲ၊ ဒါပေမယ့်
သမီး သိထားဖို့က သမီးမှာ လက်ထပ်ရမယ့်သူ ရှိပြီးသား
ဆိုတာမမေ့နဲ့၊ ဒီကောင်လေးနဲ့ကိစ္စကို သမီး ချက်ချင်းဖြတ်ရ
မယ်လို့ ပြောတယ်”

ရင်ထဲတွင် လှုပ်ခနဲ ဖြစ်သွား၏။ နောက်ဆုံးတော့ သည်
ဟာတာပဲဆိုက်ရမှာပဲဟု အားလျော့စွာ တွေးမိသည်။

“ခင်လေးကပျာပျာသလဲထတဲ့ပြီး သမီး ကိုကိုလတ်နဲ့တော့
လက်မထပ်ချင်ဘူး မေမေ၊ သမီး သူ့ကို အစ်ကိုလိုပဲခင်တယ်



www.burmeseclassic.com

www.burmeseclassic.com



လိုလဲပြောရော၊ အဖိုးကြီးနဲ့ အဖွားကြီး ရေရေလည်လည် ဒေါကန်သွားတယ်''

ပေါ်ဦး မျက်နှာထင် မခံချင်သည့် အမူအရာများ ထင်းထင်း သာသာ ပေါ်နေသည်။

''အဖိုးကြီးရော အဖွားကြီးကပါ ဝိုင်းပြီး မလိုချင်ဘူး၊ အားမှ စကားလပ်မရှည်နဲ့၊ ဒီမတ်ချိုလကျောင်းပိတ်တာနဲ့ လက်ထပ်ပေးတော့မယ်၊ ကျောင်းပိတ်တဲ့ အထိလဲ ကျောင်းမတက်နဲ့တော့ဆိုပြီး၊ လက်ထပ်ပေးမယ့် အစီအစဉ်တွေ အားခုပ်ဆွဲတော့တာပဲတဲ့''

ကျွန်တော် စိတ်ထဲ ပူလောင်ခံပြင်းနေသည်။ သည်နေရာတွင် ငြိမ်မနေနိုင်တော့သဖြင့်

''ဘယ်လို....ပေါ်ဦး၊ ကိုကိုသတ်နဲ့ခင်လေးက ဒါဖြင့် လက်ထပ်တော့မှာပေါ့''

''ဟုတ်တယ်ထွန်းဝေ၊ ခင်လေးလဲ တငိုတည်းငိုနေတာပဲ။ လူကြီးတွေက ငါနဲ့စကားပြောတာတောင် သိပ်ကြိုက်ချင်ပုံ မရဘူး၊ ငါနဲ့မှင်း သူငယ်ချင်းဆိုတာများ သိနေပြီလားတော့ မဆိုနိုင်ဘူး၊ ဒါပေမယ့် တစ်ခုတော့ တို့မှာ ကံကောင်းတာ ရှိနေတယ်၊ ငါနဲ့ခင်လေး ဆက်သွယ်လို့တော့ရသေးတယ်''

''ဒါဖြင့်''

ကျွန်တော့် စကားကို ပေါ်ဦးက လက်ကာပြလိုက်ပြီး

''နေ....နေ၊ ငါပြောပြမယ်၊ လောလောဆယ် အဖိုးကြီးနဲ့ အဖွားကြီး စီစဉ်ချင်တာတွေ စီစဉ်ပစေ၊ လွှတ်သာထား၊ ငါနဲ့ ခင်လေးလဲ ကြိုတင် တိုင်ပင်ခဲ့တယ်၊ အရေးကြီးတာက





မင်း စီစဉ်စရာရှိတာတွေ စီစဉ် ထားတော့၊ ခင်လေးလဲ လောလောဆယ်တော့ သူ့ကို လူကြီးတွေ သိပ်အကဲမခတ်အောင် လိုက်လိုက်လျောလျော နေပြထားမယ်လို့ပြောတယ်''

တစ်ကိုယ်လုံး မီးဖြင့် မြိုက်ထားခံလိုက်ရသလို ဖြစ်နေ၏။ စိတ်ဓာတ် ကျခြင်းကြောင့် ချက်ချင်းမင် ခေါင်းငိုက်စိုက် ကျသွားသည်။ ရင်ထဲတွင်လည်း ပူထူနေသည်။

ကျွန်တော့် မျက်နှာမှာ ဟန်မဆောင်နိုင်လောက်အောင် ရှုတ်ချည်း ညှိုးကျသွားသည် ထင်၏။ ပေါ်ဦးထံမှ ခပ်ငေါက်ငေါက်လေသံ ပေါ်လာသည်။

''အဲဒါဘာဖြစ်တာလဲ၊ ဒါ စိတ်ဓာတ်ကျစရာလားကွ''

ကျွန်တော့် အသံများ လှုပ်ရှားမနေအောင် မနည်းထိန်းပြီး ပြောလိုက်ရသည်။

''စိတ်ဓာတ်ကျသွားတာတော့အမှန်ပဲပေါ်ဦး၊အခြေအနေက စိတ်ဓာတ်တက်စရာမှမဟုတ်ဘဲကွာ၊ဒါပေမယ့် ငါစိတ်တော့ မပျက်ပါဘူး၊ ယောကျ်ားပဲ ဖြစ်ချင်တာကို ဖြစ်တဲ့နေရာက နေပြီး စလုပ်ရမှာပေါ့၊ ငါ ခင်လေးကို ရအောင်ယူမယ်၊ သူ့ကို ငါ လွှက်လွှတ်ဆုံးရှုံး မခံနိုင်ဘူးကွာ၊ တစ်ခုပဲရှိတယ် လောလောဆယ် ငါဘာလုပ်ရမလဲ''

ပေါ်ဦးက ဆေးလိပ်မီးခိုးများကို အလုံးလိုက် မှုတ်ထုတ်လိုက်ပြီး

''ခင်လေးက ငါ့ကိုပြောလိုက်ပါတယ်၊ သူနဲ့ပတ်သက်လို့ ဘာမှ စိတ်မပူနဲ့တဲ့၊ သူ့မိဘတွေ ယုံအောင် နေပြလိုက်ပြီး ကျောင်းပြန်တက်ခွင့်ရအောင် လုပ်ပါ့မယ်တဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ရကောရပါ့မလားကွာ၊ တော်ကြာ အဆက်အသွယ် [illegible]ပြတ်သွားမှဖြင့်"

အစိုးရိမ် အပူပန်လွန်နေသော အမူအရာကြောင့် ပေါ်ဦး က လက်ကာရင်း

"နေစမ်းပါဦး ထွန်းဝေရာ၊ သိပ်အပူမလွန်ပါနဲ့၊ သူပြောတာလဲ ဟုတ်ပါတယ်၊ ခုလောလောဆယ် ကိုကိုလတ်[illegible] ကျေနပ်ပြီး ပေါ့နေတုန်းမှာ ကိုယ့်ဘက်က တဖြည်းဖြည်း အကြံယူကြတာပေါ့၊ မင်းကိုလဲ စိတ်မပူပါနဲ့လို့ ပြောသေးတယ်"

ကျွန်တော့ ရင်ထဲမှာသိပ်မရှင်း၊

"နေပါဦး၊ ဒါဖြင့်သူက ဒီနေ့ကစပြီး ကျောင်းမတက်တော့ဘူးပေါ့"

ပေါ်ဦးက စဉ်းစဉ်းစားစားဟန်ဖြင့် စကားကို ခပ်လေးလေးပြောသည်။

"အေးပေါ့ကွာ၊ မင်းပဲစဉ်းစားကြည့်ပေါ့၊ သူ့နေရာမှာ အယုံသွင်းဖို့ အကောင်းဆုံးလုပ်တာဟာ လူကြီးတွေပြောအလို နေလိုက်ဖို့ပေါ့၊ ဒါပေမယ့် သူဒီအတောအတွင်း ကျောင်းပြန်တက်နိုင်အောင် လုပ်ပါမယ်လို့ ပြောတယ်၊ ဒါတော့ သူ့အစီအစဉ်နဲ့ သူလုပ်လိမ့်မပေါ့၊ မင်းသိထားရင် ပြီးတာပဲဟာ"

ကျွန်တော် ဘာကိုဘယ်လိုသိ၍ ဘယ်လို နားလည်ရမည်ကို ကျွန်တော်သဘောမပေါက်။ ကျွန်တော် သိလိုက်သည်မှာ မှတ်ချီလမှာ လက်ထပ်မည့် ခင်လေး၏အကြောင်း။ ဒီအတော[illegible]တွင်း သိပ်သေချာလှသည်မဟုတ်သော ကျွန်တော့ဘက်က [illegible]ဉ့်မျှော်လင့်ရမှု။

"အင်း…မတ်ချီလ ဆိုပဲ"

ဘာမှမလိုတော့ပါလား။

*







www.burmeseclassic.com

www.burmeseclassic.com

၉။

"ကိုယ်တော့ သိပ်စိတ်ပူနေပြီ ခင်လေးရယ်"

ရင်ခွင်ထဲမှ ခင်လေး၏မျက်နှာတွင် ညှိုးလျော်မှုလေးမျ
ထင်နေသည်။

"ခင်လေးလဲ စိတ်ညစ်တယ် ကိုကိုရယ်၊ ကိုကိုလတ်နဲ့ ကို
စောစောပိုင်းကလို ဆိုတာပဲဖြစ်ဖြစ် ရသလောက် အချိ
ထားလို့ ရတယ်၊ ကိုကို ကျောင်းပြီးတာနဲ့ ဘာ အလုပ်
ရတာဝင်လုပ်ပြီး ဖြစ်သလိုရုန်းကန်လို့ ရသေးတယ်၊ ခုတော

ကျွန်တော် တွေသွားသည်။ သည်တစ်ခါ တွေခြင်းကတေ
စိတ်ပျက်အားလျော့စွာ တွေခြင်းမဟုတ်။ တစ်စုံတစ်ခုသေ
ဆုံးဖြတ်ချက်ကို မည်သို့ ဖွင့်ဟရမည် ဆိုသည့် စကားလုံးရွေ
ချယ်မှုအတွက် တွေသွားခြင်းပင်။ ချက်ချင်း စကားရသည

"တကယ်လို့ ပြတ်ပြတ်သားသား ဆုံးဖြတ်ဖို့ အချိန်ရော
ပါပြီတဲ့၊ ခင်လေး ဘာလုပ်မလဲ"

သူ့ထံမှ စကားသံ ပေါ်မလာ။ ကျွန်တော့်ရင်ခွင်ထဲ
ထားလျှက်နှင့်ပင် ကျွန်တော့် အင်္ကျီ ကြယ်သီး လေး များ
ကိုင်ရင်း





"ခင်လေး ပြောတာထက် ကိုကိုပြောအာက ပိုမကောင်း
ဘူးလား ကိုကို"

ကျေနပ်မှုလေးများ ကျွန်တော့်ရင်ဝယ် ပေါ်လာသည်။
ခင်လေး၏ ငုံ့နေသောမျက်နှာကို အသာပင့်ယူ၍

"ကိုကို ခင်လေးကို ခိုးမယ်၊ ကိုကို့မှာ အလုပ်လဲ ရှိပြီပဲ၊
ဘာပဲဖြစ်ဖြစ် ဖြစ်တဲ့ဘဝကို ရဲရဲရင်ဆိုင်မယ်၊ ကျောင်းကိုလဲ
နေအောင် ပြန်တက်မယ်၊ ခင်လေးလဲ ကျောင်း ပြီးအောင်
တက်၊ နောက်ဆုံး မတတ်သာရင်တောင်မှ ကိုယ်ပဲ ကျောင်း
ဆက်မယ်၊ ခင်လေး ကျောင်း ပြီး အောင် တက် ရ မယ်၊
ကိုယ်က ပြင်ပဝိဇ္ဇာ ဖြေလို့ရတယ်"

ခင်လေး ခေါင်းကို သွက်သွက်ခါသည်။ ကျွန်တော့် မျက်
နှာကို ငေးခငးကြည့်၍

"ခင်လေးက အရေးမကြီးပါဘူးကိုကို၊ ကိုကို ကျောင်း
ဆက်တက်နိုင်ဖို့က အ ရေး ကြီး ပါ တယ်၊ ခင်လေးက မိန်း
ကလေးပဲ၊ ကိုကို့ ဝင်ငွေနဲ့ မလောက်ရင် ခင်လေး ဈေး
ဖြစ်ဖြစ်ရောင်းမယ်၊ ကိုကိုတော့ ကျောင်းမထွက်ရဘူး"

ကျွန်တော့် ရင်ထဲတွင် ကျေနပ်မှုလေးများနှင့်အတူ နှင့်ခနဲ
ခံစားလိုက်ရ၏။

"အို...မဟုတ်တာ ခင်လေးရယ်၊ ခင်လေး ဘာဖြစ်လို့
ဈေးရောင်းရမှာလဲ၊ နောက်ဆုံး ကိုယ်ကူလီထမ်းရင် ထမ်းမယ်၊
ခင်လေးပင်ပန်းတာ ကိုကို မကြည့်ရက်ဘူး"

ခင်လေးက ကျွန်တော့် ရင်ခွင်မှ ဆတ်ခနဲ ထ ထိုင်သည်။
ကျွန်တော့်ကို စေ့စေ့ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ကိုကိုက ခင်လေးကို သူဌေးသမီးမို့ ခြေမွေးမီးမလောင်၊ လက်မွေး မီးမလောင် ထားချင်တယ် ဆိုတာ သဘောလား၊ ဝေးသေး ကိုကိုရေ၊ ခင်လေးမှာ ဒီစိတ်မျိုး ရှိရင် ကိုကို့ကိုတောင် မချစ်ခဲ့ဘူး"

ကျွန်တော်က ပြေရာ ပြေကြောင်း ဝင်ပြောရန် ရည်ရွယ်၍

"မဟုတ်ဘူးခင်လေး၊ ကိုကို ပြောတာက"

"မပြောနဲ့ကိုကို၊ ခင်လေး ကိုကို့စိတ်ကို နားလည်တယ်၊ နားလည်လို့ ကိုကို့ကိုချစ်တာပဲ၊ ဒါပေမယ့် ခင်လေး ကိုကို ပြောတာ လက်မခံဘူး၊ ကိုကိုကို ကျောင်းဆက်တက်မှ ဖြစ်မယ်၊ ခင်လေးကြောင့် ကိုကို့ကျောင်းကို ဘယ်နည်းနဲ့မှ အထိခိုက်မခံရဘူး"

"မဟုတ်တာ ခင်လေးရယ်"

"ဟုတ်တယ်ကိုကို၊ ခင်လေးအိမ်က ခင်လေးကို ကျောင်းထားတဲ့ရည်ရွယ်ချက်နဲ့ ကိုကို့အိမ်က ကိုကို့ကို ကျောင်းထားတဲ့ ရည်ရွယ်ချက်၊ ရည်ရွယ်ချက်ချင်းက မတူဘူး"

ကျွန်တော် သူ့မျက်နှာကို ဖျတ်ခနဲ ကြည့်သည်။ သူဆက်ပြောပြန်သည်။

"ပြီးတော့ ခင်လေးတက္ကသိုလ်ကိုတက်တဲ့ ရည်ရွယ်ချက်မှာ ဘာမှ ဒီလောက် ထွေထွေထူးထူး ရှိတာမဟုတ်ဘူး၊ ဆယ်တန်းအောင်ရင် တက္ကသိုလ်တက်ရမယ်ဆိုလို့ တက်လိုက်တာ၊ ကိုကို တက္ကသိုလ်တက်တာက ဒီလိုမှ မဟုတ်တာ"

ခင်လေးနှင့်ပြိုင်၍ မငြင်းလိုတော့သဖြင့် ကျွန်တော် ရယ်လိုက်သည်။ ပြီးမှ





"ကဲပါ ခင်လေးရယ်၊ ခင်လေးသဘောအတိုင်းပါပဲ၊ ဒါပေမယ့် ကိုယ်ပြောတာလဲ နားထောင်ပါဦး၊ အကောင်းဆုံးနည်းလမ်းက ခင်လေးရော ကိုကိုရော ကျောင်းတက်ရရင် ကောင်းဘူးလား"

"ဒါကတော့ အကောင်းဆုံးပေါ့ ကိုကိုရယ်၊ ဖြစ်လာခဲ့ရင်ပေါ့"

သူ့စကားအဆုံးတွင် ခင်လေး တွေဝေဝေ ဖြစ်သွားသည်။ ခင်လေး၏ အကြည့်များတွင် ခပ်မှိုင်းမှိုင်း အရိပ်တစ်ခု ပေါ်လာသည်။ အကြည့်သည် အဝေးသို့ ရောက်သွား၏။ လှေလှော်ရှက်တိုက်အသင်းနှင့် ရေကူးအသင်းကြား တောင်ခြေရိပ်မှသည် အင်းယားကန်ရေပြင်ကိုဖြတ်၍ အဝေးမှ ကျွန်းငယ် မှိုင်းညို့ညို့ဆီ ဦးတည်သွားသည်။ ခဏအကြာတွင် စဉ်းစားပြီးသည့် စကားတစ်ခုကို သူပြောသည်။

"ခင်လေးကြောင့် ကိုကို့ ပညာရေး မထိခိုက်ပါစေနဲ့ ကိုကိုရယ်"

*

"အဲဒီကိစ္စကို ငါ နဲ့နဲ့မှ သဘောမတူဘူး ထွန်းဝေ"

သထုံလမ်းအတိုင်း လျှောက်လာခဲ့ကြသည်။ ရေကူးကန်အလွန်လေးတွင် ကျွန်တော့်စကားအဆုံး ကျော်ညွန့်က ခါးခါး သီးသီး ဝင်ပြော၏။

"ငါ့အခြေအနေက ဒီလိုလုပ်မှ ဖြစ်တော့မယ် ကျော်ညွန့်ငါ ခင်လေးကို လက်လွှတ် ဆုံးရှုံးမခံနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ညွန့် ခေါင်းခါသည်။ ကျွန်တော့်မျက်လုံးများသည ဝါနီသောရွက်ခြောက်များ တဖွဲဖွဲကြွေကျနေသည့် ပိတော ပင်ကြီးများကို အသိမဲ့ ငေးနေမိသည်။ အသိထဲတွင်မူကာ ကျော်ညွန့် သည်ကိစ္စကို လက်ခံအောင် မည်သို့ ပြောရမည ဆိုသော ကိစ္စကို ခေါင်းချင်းရိုက် လုံးပန်းနေမိ၏။

ညာဘက် တင်းနစ်ကွင်းများတွင် ကစားနေသော ကွ တစ်ကွင်းမှ တင်းနစ်ဘောလုံးနှင့် ရိုက်သံတို့ ထိခတ်သ ဖောင်ခနဲ ကြားရ၏။ ဘောလုံးသည် တစ်ဘက် ကွင်းဆီ တစ်ရှိန်ထိုး ပြေးဝင်လာသည်။

"နှစ်ယောက်စလုံး ဘဝပျက်အောင် မလုပ်ချင်စမ်းပါ ထွန်းဝေရာ"

ကွင်းတစ်ဘက်မှ တစ်ရှိန်ထိုး ပြေးဝင်လာသော ဘောလ ကိုကျန်တစ်ဘက်မှ လူကရိုက်ထုတ်ဖြင့် အသာထိန်း၍ ကွင်းတစ် ဘက် ပြန်ပို့၏။

"အဲဒီလိုမဖြစ်အောင် ငါစီစဉ်ထားတာ မင်းကိုပြော ပြီးပြီပဲ ကျော်ညွန့်"

အင်အားဖျော့စွာဆောက်လာသော ဘောလုံးကိုတစ်ဘ မှ လူက အလွယ်တကူ ပြန်ရိုက်ခတ်ထုတ်လိုက်၏။

ကျော်ညွန့်ဆီမှ ရယ်သံအုပ်အုပ် ပေါ်လာသည်။

"ဘာလဲ ထွန်းဝေ၊ မင်းကျူရှင်ကရတဲ့ လခလေးရယ်ဆိုတ လေးကို စကားထဲထည့်ပြောမြန်ပြီလား၊ နေပါဦး၊ မတ် လမှာ စာမေးပွဲတွေစစ်ပြီးတော့ မင်း ကျောင်းလခတော





း မှာလား၊ အေပရယ်မှာ ကျောင်းပိတ်ထားတော့ကော င်းကို ဘယ်သူက အလကားပိုက်ဆံပေးထားမှာလဲ"

သည်တစ်ခါ ထောင်မတ်လာသော ဘောလုံးကို အင်အား ဖြင့် ဖိရိုက်သူက အားပြင်းပြင်းဖြင့် နှင်းရိုက်သည်။ တစ်ဘက် သည် ဘောလုံးကို မိအောင် မဖမ်းနိုင်တော့။ ကြည့်နေသူ းထံမှ လက်ခုပ်သံများ ပေါ်လာသည်။

ကျွန်တော့်မျက်လုံးများကို တင်းနစ်ကွင်းမှ ဘောလုံးကွင်း က် ရွှေ့ယူလိုက်၏။ သူ့စကားများက ကျွန်တော့်ကို ောင်းစွာ ထိုးနှက်လိုက်နိုင်ပြီး ကျွန်တော် သည်တစ်ချက်ကို တိလွှတ်နေ၏။

သူပြောမှ ဆရာဦးမြင့်မောင် ပြောသော စကားတစ်ခုကို န်သတိရလာသည်။

"ဆရာ့ကိုတော့ ကျွန်တော် ပြောထားရဦးမယ်၊ ကျွန် ာ်တို့ ကျူရှင်ထိုးစိမှာ စဖွင့်တဲ့ မေလနဲ့ စာမေးပွဲ မတ်ချိ မှာ ဝင်ငွေနည်းသွားပြီမို့ ဒီနှစ်လကိုတော့ ကျွန်တော် င်းနိုင်မှာ မဟုတ်ဘူးနော်၊ ဧပြီလဆိုတော့ ကျောင်းပိတ် ်ပဲ၊ ဒါတော့ ပြောစရာလိုမယ် မထင်ပါဘူး"

တစ်ဆက်တည်းမှာလဲ ခင်လေး စကားကို ပြန်သတိရ သည်။

"ခက်တာက၊ မတ်ချ်ဆိုတာက ရှေ့လ...ကိုကိုရဲ့၊ မေမေ ပြောပုံဆို မတ်ချ်လ ကျောင်းပိတ်ပိတ်ချင်း စီစဉ်မှာပဲ၊ ရက် ောင် ဆိုင်းချင်ပုံ မပေါ်ဘူး၊ ပိုခက်တာက ခင်လေးတို့ ကျောင်းကလဲ ပိတ်တော့မယ်၊ ဒါပေမယ့် ကိုကိုရယ်...မိုထိ



www.burmeseclassic.com

www.burmeseclassic.com



တောင် ဘာအစီအစဉ်တွေဆွဲလို့မှ မပြီးသေးတာ၊ ဖြန်… ကြီးတော့ ဖြစ်လိမ့်မယ် မထင်ဘူး၊ ဒါပေမယ့် ပြော… ပြောလို့မရဘူးလေ၊ ခင်လေးလဲ စိတ်ညစ်လိုက်တာ”

ထိုအခါ ပြောစရာစကားတစ်ခု ကျွန်တော်ရသည်။ … ကြောင့်…

“ချက်ချင်းကြီးတော့ ဖြစ်ချင်မှဖြစ်မှာပါ ကျော်ညွန့်… ငါက ဖြစ်လာခဲ့ရင်ဆိုပြီး ကြိုအသိပေးတာပါ”

ကျော်ညွန့်ကတော့ ကျွန်တော့် စကားကို ရယ်မြူရယ်သ… ကျွန်တော့် စကားသည် သူ့ အမြင်၌ မိုးကြိုးပစ်ရာ ထန်းလ… နှင့် ကာသလို ဖြစ်သွားသလား မဆိုင်နိုင်။

“အေးပါ၊ ငါလဲ အဲဒါပြောတာပဲ၊ မတ်ချ်မှာ ကျော… ပိတ်ပြီကွ၊ မေမှ ကျောင်းက ပြန်ဖွင့်မှာ၊ ဘာမှ မဖြစ်… မင်းရော ငါပါ အသုံးလုံးလုပ်အားပေး တစ်လလုံးလုံး သွ… ကြမှာ၊ ကဲ ဆိုပါတော့၊ ကျောင်းပိတ်ကာနီးမှာ မင်း ခ… ချင်း လုပ်မှ ဖြစ်ဖို့အခြေအနေ ဖြစ်လာပါပြီတဲ့၊ ချက်ခ… ဝန်းဒိုင်းဆို လက်ထပ်တော့မယ် ဆိုပါတော့၊ မင်း ဘာလ… မလဲ၊ ထားပါကွာ၊ မေလဆန်း ကျောင်းမဖွင့်ခင်လေးအ… အတောအတွင်းမှာပဲ လုပ်မယ်ပဲ ထားပါ။ မင်း ဘာလ… မလဲ”

ဘီအိုစီကောလိပ်နှင့် ပုဂံဆောင်ကြား သထုံလမ်းပေါ်… ခရေပင်များရိပ်တွင် တစ္ဆေများစွာ စုပြုံ ခြောက်လှန့်သ… ခံစားလိုက်ရ၏။

အံကို တင်းတင်းကြိတ်လိုက်မိသည်။





“နောက်ဆုံး မတတ်သာရင် ဖြစ်ချင်ရာဖြစ်ဆိုပြီး ဇွတ်မှိတ် လုပ်ရမှာပဲ ကျော်ညွန့်၊ ခင်လေးနဲ့ကွဲရင် ငါ့ဘဝဟာ ဘာမှ အဓိပ္ပာယ်ရှိမှာ မဟုတ်တော့ဘူး”

“တော်စမ်းကွာ”

ကျော်ညွန့်ထံမှ ပြတ်တောင်းသော လေသံကြောင့် ကျွန်တော် အံ့အားတသင့် လှည့်ကြည့်လိုက်သည်။ အတန်ငယ် ကျယ်သွားသော သူ့ အသံကြောင့် ခရေပင်တန်းဘက်မှ လမ်းလျှောက်သွားသော ကျောင်းသူတစ်ချို့ပင် လှည့်ကြည့်သည်။

ကျော်ညွန့်က လေသံကို လျှော့လိုက်ပြီး

“ငါ့ကို အဲဒီစကားမျိုးတွေ လာမပြောစမ်းပါနဲ့ ထွန်းဝေရာ၊ နားကြားမြင်း ကပ်လှန်းလို့၊ နေပါဦး၊ ခင်လေးနဲ့ မင်း မတွေ့ခင်က မင်းဘဝဆိုတာ ဒီလိုပဲ အဓိပ္ပာယ်မဲ့ ဖြစ်ခဲ့လို့လား”

သည်စကားနှင့် ပတ်သက်၍မူ ကျော်ညွန့်ကို ပြိုင်မငြင်းသည်မှာ အကောင်းဆုံးဖြစ်မည်ဟု တွေးမိသည်။

သို့သော် စိတ်တွင်းမှာတော့ စကားလေးတစ်ခု သူမကြားအောင် ပြောလိုက်မိသည်။

“ခင်လေးနဲ့ မတွေ့ခင်တုန်းက ငါ့ဘဝမှာ အချစ်ဆိုတာမှ မရှိသေးဘဲ ကျော်ညွန့်ရယ်၊ အချစ်ဆိုတာမရှိသေးတဲ့ ငယ်ဖြူဘဝနဲ့ အချစ်ဆိုတဲ့အရာနဲ့ သိပ်ချစ်စရာကောင်းတဲ့ ချစ်သူကို တွေ့ပြီးနေတဲ့ ခုလိုအချိန် ဘယ်တူပါ့မလဲ”

သူကတော့ သူပြောချင်သည့် စကားများကိုသာ ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ဆိုတာ ဘဝမှာ ဘာမှမဟုတ်တဲ့ ဇိမ်ခံပစ္စည်းသေ
တစ်ခုပါကွာ၊ ထမင်းဝတ်ရင် ဘယ်သူမှ အသည်းကွဲမနေနိုင်
ပါဘူး"

သူ့စကားကို ကျွန်တော် နားမဝင်နိုင်။ ထို့အတူ ကျွ
တော် ပြန်လည်ရှင်းပြလျှင်လည်း သူ မည်သို့မျှ လက်ခံနိုင်မ
မဟုတ်သဖြင့် ဘာမှ ပြန်မပြောတော့။ သို့သော် ဘာပဲဖြစ်ဖြ
သူ့ထံမှ စကားတစ်ခွန်းတလေ အကြံအဖြစ် ရကောင်းရမည
မျှော်လင့်၍

"ဒါဖြင့် ငါ ဘာလုပ်ရမလဲ ကျော်ညွန့်၊ ကိုယ့်ချစ်သူ ဓ
ပါးသူ လက်ထဲ ပါသွားတာကို ဒီအတိုင်းပဲ ကြည့်နေလိုက်
မလား"

ကျော်ညွန့်က ကျွန်တော့်ကို သေကာနီး လူမမာ တစ်
ယောက်ကို ကြည့်နည်းမျိုးဖြင့် ကြည့်ရင်း

"နို့ မင်းက ဘာများလုပ်နိုင်တာရှိလို့ လဲ ထွန်းဝေ၊ အေး
ပေါ့ကွာ၊ မင်းဆိုတဲ့ကောင်က အချစ်တစ်ခုမှ ဘဝလို့ ထင်ပြီး
အနာဂတ် ကိုယ့်ဘဝ၊ အနာဂတ် ကိုယ်ချစ်သူဘဝ၊ ပြီးတော့
မင်းရွာ၊ မင်းအမေ၊ မင်းပတ်ဝန်းကျင် ဆိုတာတွေ မစဉ်းစား
ဘဲ ပေါင်းရပြီးရော၊ ထမင်းရည် အဘူလျက် ဆိုမယ်ရင်တော့
လုပ်စရာတွေ ရှိတာပေါ့"

သူ့စကားက ကျွန်တော့် စိတ်ကို ပုံလဲကျသွားအောင်
မလုပ်နိုင်သော်လည်း ကျွန်တော့်ရင်ကိုမူ ခါးဖြတ်ရိုက်လိုက်
သလို ဖြစ်သွား၏။





သို့သော် သူပြောမှ ကျွန်တော်အဓိက ဖွင့်ဟ တိုင်ပင်သင့်
သည့် လူတစ်ယောက်ကို မြေးမြင်သည်၊ အမေ....
ကျွန်တော် အမေ့ကို ဘာမှ မပြောရသေးပါလား။

*

"မထူးပါဘူးကွာ၊ ခိုးမယ် ကိုစ္စကတော့ ခိုးမှာသာခိုးပါ၊
တော့ နေဖို့ ထိုင်ဖို့ သိပ်အဆင်မပြေသေးရင် ငါ့ဆီ ခေ
ကောင်မလေးကို ပေါင်ထားပေါ့၊ မင်း ကျောင်းစရိတ်
ာ၊ ကောင်မလေးကျောင်းစရိတ်ကော ငါထောက်မယ်၊
ကျောင်းပြီးတော့မှ ပြန်ယူပေါ့၊ ငွေပြန်ဆပ်စရာ မလို
ဘူး"

"ရွေးမသား"

စန်းလွင် စကားအဆုံး အားလုံးပွဲကျသွားသည်။ ကျွန်
တော်က ပါးစပ်မှ ဆဲရင်း လက်ထဲရှိသည့် သစ်သား မီးခြစ်
ကောက်ပေါက်လိုက်သည်။ စန်းလွင်က မီးခြစ်ကို ခေါင်း
ရှောင်လိုက်ကာ

"မ သိ ဘူး လေ၊ မင်း အကြံအိုက်နေတယ်ဆိုလို့ ငါက
ကောင်းပြောရတာ၊ ဒါတောင် ခင်လေးမို့၊ တိုသောက်
ကောင်မလေး ခိုင်မာအေး ဆိုရင် အပေါက်ဆိုးလွန်းလို့
ထားပေးဘာတောင် လက်မခံဘူး"

"သေလိုက်ပါလား"

အောင်လင်းက သူ့ထိသာသဖြင့် စောစောကလို မရယ်
တော့ဘဲ စန်းလွင် နရင်းကို ထအုပ်၏။ အားလုံး ဝိုင်းရယ်ကြ
သည်။



www.burmeseclassic.com

www.burmeseclassic.com



လူပုံက ဖြူဖြူနွဲ့နွဲ့နှင့် ဝင်းနိုင်ကမူ ဒေါင့်တစ်ဒေ
ကုတ်ထိုင်နေရာက

"နေစမ်းပါကွာ၊ ဟိုကောင်ညစ်နေရတဲ့အထဲ သေ
ရမ်းတွေ လှောင်မနေစမ်းနဲ့၊ ဒီမှာ ထွန်းဝေ မင်းကို ငါမေး
ပြမယ်"

အခိုက်အတန့်အားဖြင့်တော့ သူ့ အတည်စကားကြော
အားလုံး၏ အာရုံများသည် သူ့ ဆီစုရုံးသွားသည်။
လေသံ အေးအေးဖြင့်

"မင်း....အက်ဖ်ဒဗလျူ၊ဗောဒီလုံဆိုတဲ့ ကဗျာ ဆရာ
ဖူးလား"

ကျွန်တော် ခေါင်းခါပြလိုက်သည်။ စန်းလွင်ကမူ မှင်
သေနှင့် ဝင်၍

"သိသားပဲကွ၊ အရင်က တို့အိမ်နားမှာ ရေထမ်းနေ
ကုလားပဲ"

ဝင်းနိုင်၏ အကြည့်သည် ဒိုင်းခနဲရောက်သွား၏။

"စန်းလွင် ဝင်မရှုပ်နဲ့ကွာ၊ ဟိုကောင်က အကော
ပြောနေတာ၊ ရှီးတဲ့မှ နင့်အမေနဲ့ ကြာကူရီရိုက်ခဲ့တဲ့ ကုလ
အကြောင်းပဲ ထည့်ထည့်ပြောနေ"

"သေချင်းဆိုး"

ကြားမှ အသားလွတ် ဝင်ခုပ်လိုက်သော အောင်လှင်
စန်းလွင် ပက်ပက်စက်စက် တီးထည့်လိုက်သည်။

ပေါ်ဦးက အသာငြိမ်၍ ကြည့်နေရာက





"ဟေ့ ကောင်တွေ တော်တော့၊ ဝင်းနိုင် ဆက်ပြော
ာ၊ အဲဒီကောင်က ဘာဖြစ်လို့လဲ"

ကျွန်တော်က သူတို့ကို ပြုံးကြည့်ရင်း ဝင်းနိုင် စကားကို
ားစွင့်သည်။ ဝင်းနိုင်က သူ့ လေသံ အေးအေးနှင့်ပင်

"အဲဒီကဗျာဆရာရဲ့ အလင်းရောင်ဆိုတဲ့ ကဗျာလေးတစ်ပုဒ်
ဖူးတယ်၊ မူရင်း နာမယ်က "လိုက်တ်"....တဲ့"

"အော်....ဒါလား၊ ငါသိသားပဲ၊ အင်္ဂလန်မှာ ရေနံဆီ
ားတုန်းက ရေးခဲ့တာ ငါမှတ်မိတယ်"

ပေါ်ဦးက ဘာမပြော ညာမပြော သူ့ ခေါင်းအုံးဖြင့်
ရိုက်သည်။ စန်းလွင် ကုပ်သွား၏။ ဝင်းနိုင်က ဆက်၍

"အေး....အဲဒီ ကဗျာထဲမှာပါတဲ့ စာပိုဒ်လေး ငါအမြဲ
ောင်ထားတယ်၊ ရော့....ငါ့ဖာသာငါ တတ်သလို ဘာ
ာပြန်ထားတာ၊ ဖတ်ကြည့်"

သူက သူ့ အိတ်ထဲမှ ပန်းရောင် စာရွက်လေး တစ်ရွက်
ထုတ်ယူလိုက်ပြီး၊ ကျွန်တော့်ကို ကမ်းပေးသည်။ ကျွန်တော်က
ယ်ထွက်၍ ထိုကဗျာလေးကို ဖတ်လိုက်၏။

"ညမှာ မျက်လုံးပေါင်း တစ်ထောင်ရှိတယ်၊
ဒါပေမယ့်....
နေ့မှာတော့ တစ်ခုထဲ၊
သို့တိုင်အောင် နေသေသွားတဲ့အခါ
ကမ္ဘာတစ်ခုလုံးရဲ့ အလင်းရောင်ဟာလဲ ဆုံးပါးသွားမှာပဲ၊
အသိဉာဏ်မှာ မျက်လုံးပေါင်းတစ်ထောင်ရှိတယ်၊
ဒါပေမယ့်....



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားကတော့ တစ်ခုထဲ၊
သို့တိုင်အောင် အချစ်က ပြုလုပ်လိုက်တဲ့ အခါ
ဘဝတစ်ခုလုံးရဲ့ အလင်းရောင်ဟာလဲ ဆုံးပါးသွားမှာ

"ကောင်းတယ်ကွာ၊ ဒီကောင်ကို ငါ့မင်္ဂလာဆောင်က ဩဘာစာဖတ်ခိုင်းမယ်၊ ရတုပိုဒ်စုံတစ်ပုဒ်လဲ ဗိုလ်လိုရေး မယ်၊ ဘယ်သူ့အက်ဖ်ဒဗလျူဗောတလုံး ဟုတ်လား"

ဇာတိပုညု ဂုဏ်မာနကိုက မရှုတ်ရလျှင် မနေနိုင်သော စန်းလွင်က ဝင်လောင်ဖြစ်အောင် လောင်သည်။ ကျွန်တော ပင် ပြုံးစေ့စေ့ ဖြစ်သွား၏။ အောင်လင်းကလည်း ဝင်၍

"အေး....ဟုတ်တယ်၊ မင်းပြောတဲ့ ဗောတလုံးနဲ့ ခံစားချက်ချင်း သိပ်တူတယ်"

"ဘာလဲ၊ မင်းလဲ နတ်ကပ်ပဲ့လား"

ဝါးခနဲ ရယ်သံများ တစ်ခန်းလုံး ဆူညံသွား၏။ ပေါ ကမူ တဟားဟားနှင့် သဘောကျနေ၏။ ဝင်းနိုင်ပါ ရော နေတော့၏။ ကျွန်တော်က လိုရင်း မြန်မြန် ရောက်စေ သဖြင့် ဝင်းနိုင်ကို လှမ်းပြီး

"ဒီကဗျာရဲ့ ဆိုလိုချက်ကို ငါနားလည်တယ် ဝင်းနိုင် အချစ်မရှိရင် ဘဝလဲ သေသွားမယ်ပေါ့၊ ဒီတော့ မင်း ဘာပြောချင်တာလဲ"

ဝင်းနိုင်က ချက်ချင်းမပြောသေးဘဲ ကျွန်တော် ကမ်းပေး သော စာရွက်ကို အိတ်ထဲခေါက်ထည့်လိုက်သေး၏။ ပြီး ဆေးလိပ်တစ်လိပ်ကိုယူ၍ ခေါင်းဆိတ်ဖဲ့ကာ....





"ဘာပြောစရာလိုသေးလဲ လွန်းဝေရာ၊ တခြား ဘာမှ တွေးမနေနဲ့၊ မင်းလုပ်ရမယ့်အလုပ်ကို ပြတ်အောင်လုပ်၊ ဘာမှ ဝိုးရိမ်မနေနဲ့၊ အချစ်ရှိရင် အားလုံး ပြည့်စုံတယ်၊ သခင် ကိုယ်တော်မှိုင်းပြောတာ မကြားဖူးဘူးလား၊ ဗမာပြည်မှာ သမင်းတစ်လုပ်ကို ထင်းခုတ်စားတာနဲ့ ရပါတယ် ဆိုတာ"

ရင်ထဲမှ ဆန္ဒမီးတောက်သည် လောင်စာထပ်ဖြည့်ခြင်း ခံရသဖြင့် ဝုန်းခနဲ ထတောက်၏။

"ငါလဲ ဒီလိုပဲ ဆုံးဖြတ်ထားတာပဲ ဝင်းနိုင်"

ပေါဦးက ကျွန်တော့်ကို အကဲခတ်သလို တချက်လှမ်း ကြည့်၏။ ဝင်းနိုင်က ခေါင်းညိတ်ရင်း

"ဒါဖြင့် ဘာလိုတွေဝေနေသေးလဲကွာ၊ ဟိုမေး ဒီမေးနဲ့ မင်းကြာရင် ပိုခေါင်းရှုပ်လာမှာပေါ့"

ကျွန်တော် သူ့စကားကို ခေါင်းတဆတ်ဆတ်ညိတ်၍ နားထောင်နေမိသည်။ ထိုစဉ် စန်းလွင်က ဝင်၍

"အေး....ဝင်းနိုင်ပြောတာ ဟုတ်တယ်"

သူစကား စလိုက်သည်ဆိုလျှင် အားလုံး၏ မျက်လုံးများ သူ့ဆီပြုံရောက်လာ၏။ နောက်ရင်တော့ အမှတ်ပဲ ဆိုသော မျက်လုံးများ။

သူကသည်း သဘောပေါက်ဟန် တူပါသည်။

"ငါနောက်မလို့မဟုတ်ပါဘူး၊ အတည်ပြောမလို့၊ ဟိုကွာ မင်း တက္ကသိုလ် ရောက်စတုန်းက အိမ်သာထဲမှာ ဖြစ်တဲ့ အကြောင်း တို့ကို ပြန်ပြောပြထားတာ မှတ်မိလား"



www.burmeseclassic.com

www.burmeseclassic.com



ဟိုတုန်းက အိမ်သာထဲမှာ ဖြစ်ခဲ့သော အဖြစ်ကလေး နှင့် ကို တပြိုင်နက် သတိရသည်။ ဒီကောင် နောက်ဦးမှာပဲ ရှ သော အတွေး ချက်ချင်းလိုက်လာ၏။

"ဟော့ ကောင် စကားကောင်း ပြောနေရင် မနောက်နဲ့ တော့ကွာ"

ကျွန်တော့်လိုပင် တွေးမိဟန်တူသော အောင်လှိုင်းက လည်း ဝင်ဟန့်၏။ စန်းလွင်က ခေါင်းခါရင်း

"ငါ မနောက်ပါဘူးလို့ ပြောပြီးပြီးကွာ။ သူ့ဟာသူ ဖြစ် တာက ရယ်စရာက ရယ်စရာပဲ၊ ငါမြင်တာက ယူတတ်ရင် အဘဝအသိ တစ်ခုရဖို့ကောင်းတယ်"

ကျွန်တော် မျက်မှောင်ကျုံ့၍ သူ့စကားဆီ အာရုံစိုက် သည်။ သူက ဆက်၍

"အိမ်သာထဲက ဟိုကြည့်လိုက်အုံး၊ ဒီကြည့်လိုက်အုံးဆိုပြီး လျှောက်ညွှန်ပြီးမှ သူများပြောတိုင်း လျှောက်လုပ်တဲ့ သူဟာ ငပေါလို့ ရေးထားတဲ့ ကိုစ္စကို စဉ်းစားကွာ"

အဖြစ်အပျက်ကိုလည်း မှတ်မိ၏။ သူပြောလိုရင်းကိုလည်း ရိပ်မိလိုက်သည်။ ထို့ကြောင့် ဝင်ထောက်ခံပေးလိုက်၏။

"အင်း....အင်း....မင်းပြောတာ ငါ နားလည်ပြီ"

စန်းလွင်က ခေါင်းညိတ်ပြီး

"အေး....ဒါပဲကွ၊ လူဆိုတာ သူ့အယူအဆနဲ့ သူ တူတာ မဟုတ်ဘူး၊ ဟိုက ဒါဖြင့် ဟုတ်တယ် ပြောလိုက်၊ ဒီလူက ဒါ မဟုတ်ဘူးပြောလိုက်နဲ့၊ မင်းက ဟိုဟာဟုတ်နိုး၊ ဒီဟာဟုတ်





လျှောက်တွေးရင်း နောက်ဆုံးကျတော့ ဘာမှ မဟုတ်ဘဲ ကျန်ရစ် ဖြစ်တာပဲ အဖတ်တင်မှာ"

သူစကားအဆုံး ကျွန်တော့်ရင်ထဲမှ ဆုံးဖြတ်ချက်ကလေး သည် အင်္ဂတေလောင်းပြီးသား ဖြစ်သွား၏။ ခိုင်သွားလေပြီ သည်။

*

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၅)

www.burmeseclassic.com

www.burmeseclassic.com

၁။

နောက်ဘက်မှ ခေါ်သံကြားရ၍ ဖျတ်ခနဲ လှည့်ကြည့်သည်။

ကျွန်တော်တို့ မြန်မာစာဌာနမှ ကျောင်းသားဖြစ်၍ အနုပညာအသင်းဝင် မြန်မာစာအသင်း အမှုဆောင်အဖွဲ့ဝင် ကိုတင်မောင်ငွေးဖြစ်၏။ သူက ရပ်စောင့်ရန် လက်ပြသဖြင့် ကျွန်တော် လမ်းမလယ်မှနေ၍ ဘေးဘက် အုတ်တိုင်နားတွင် စင်ရပ်လိုက်သည်။

''ဆို....ကိုငွေး''

ကိုတင်မောင်ငွေးက သူ့အကျင့်အတိုင်း တော်ကိုင်း မျက်မှန်နက်ကို လက်ဖြင့် ပင့်တင်လိုက်ရင်း

''မင်းမှာ တဗျာရေးပြီးသားတွေ ရှိလား''

ကျွန်တော်က ခေါင်းညိတ်ပြသည်။

''ရှိတယ် ကိုငွေး၊ ဘာဖြစ်လို့လဲ''

''ဒါဖြင့် ငါ့ကို တစ်ပုဒ် ပေးစမ်းကွာ၊ တို့မြန်မာစာအသင်းက စာအုပ်လေးတစ်အုပ် စုထုတ်မလို့၊ အဲဒါ မင်းကို သတိရတာနဲ့''



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ရင်ထဲ နည်းနည်း ဝမ်းသာသလို ဖြစ်သွား၏။ ဘာပြောပြော ကဗျာလေး စာလေး ရေးစပြုနေသော သူ့အတွက် ကဗျာသမား၊ စာသမား အချင်းချင်း ဂရုတစိုက်ပြုခံရခြင်းသည် အတော်ကြည်နူးစရာ ဖြစ်ပါသည်။

"ဘာ အကြောင်းအရာမျိုး လိုချင်လို့လဲ"

သူက တစ်ချက်စဉ်းစားဟန်ပြုပြီး

"ဘာဖြစ်ဖြစ်ပေါ့ကွာ၊ မင်းကြိုက်တာပေါ့"

ကျွန်တော့် စိတ်ထဲတွင် တစ်ပုဒ်သော ကဗျာကို ပြေးသတိရသည်။ ကျွန်တော့်ကဗျာ တော်တော်များများမှာ အချစ်နှင့်ပတ်သက်သော ခံစားမှုများ ဖြစ်သည်။ သည့်ထဲမှ ထူးထူးခြားခြား ဘဝအမြင်လေးတစ်ခုကို ရေးထားခဲ့မိသည့် ကဗျာလေးကို အမှတ်ရသည်။

ထို့ကြောင့် လွယ်အိတ်ထဲမှ ကဗျာများစုပြီး ရေးထားသော စာအုပ်ကို ထုတ်လိုက်ပြီး ကျွန်တော် လိုချင်သော စာမျက်နှာကိုဖွင့်၍ ပေးလိုက်သည်။ ကိုဌေးက ခပ်ကြမ်းကြမ်း ဖတ်လိုက်ပြီး

"အရှိ...တို့ ဆိုပါလား၊ ကောင်းတယ်ဟေ့၊ အဲဒါလေး ပေး"

"ဖြုတ်ယူလိုက် ကိုဌေး၊ ကျွန်တော့်မှာ လက်ခံရှိပါတယ်၊ ဒါနဲ့ ဘယ်တော့လောက် ထွက်မလဲ"

ကိုဌေးက မျက်မှောင်ကျုံ့လိုက်ရင်း

"အားချင်းချမယ်ကွာ၊ ကျောင်းဖွင့်ဖွင့်ချင်း ထွက်အောင် လုပ်မလို့၊ ကျောင်းက နောက်အပတ်ထဲ ပိတ်တော့မှာမို့





န်းကိုတန်း စုဆောင်းနေရတာ၊ ဒီကြားထဲ အ,သုံးလုံး ဲ လိုက်ရဦးမယ်၊ မင်းကော"

"ကျွန်တော်တော့ အခြေအနေအရမဲ့ကိုဌေး၊ ကျွန်တော့် အရေးကြီးတဲ့ ပြဿနာတစ်ခု ရှိနေတယ်"

ကိုတင်မောင်ဌေးက ပြုံး၍

"မိန်းမ ခိုးဖို့တော့ မဟုတ်ပါဘူးနော်"

ကျွန်တော် ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ် ပြုံးလိုက်၏။ အင်း ွးပုံကတော့ အံ့ကိုက်ပဲဟု တွေးလိုက်သည်။

"ဒီလိုပေါ့ ကိုဌေးရာ၊ ကဲ...ကျွန်တော် သွားမယ်"

ကိုတင်မောင်ဌေးကပြုံး၍ ခေါင်းညိတ်ပြသည်။ ပြီးမှ စပ် ဖြီးလုပ်၍

"ဘယ်လဲကွ၊ ဓာတုကလျာဆီလား"

ကျွန်တော် ရယ်ရှင်း ခေါင်းညိတ်ပြလိုက်သည်။ ဓာတုဗေဒ ခိုကယူထားသော ခင်လေးနှင့် ကဗျာရေးသော ကျွန်တော် နှစ်ယောက်စလုံးနှင့် အကျုံးဝင်အောင် ပေးလိုက်သော မည်ဟု ထင်သည်။ ကျွန်တော်အလွန်သဘောကျသွား၏။

သည်အမည်လေးကို ခင်လေးနှင့် တွေ့လျှင် ပြောပြမည်ဟု တ်ကူးထားလိုက်သည်။

ရမည်၊ တောင်ငူဧပေါင်းကူး ကြိုလေးအတိုင်း သွား၍ တောင်ငူနောက်ပေါက်အနီးမှ အောက်ဘက်ဆင်းပြီး တွေ့နေ ခုံတန်းလျားဆီ လျှောက်လာခဲ့၏။

တောင်ငူဆောင်ကို ချိုးကွေ့လိုက်သောအခါ ခင်လေးနှင့် ဖြူသည် ကျွန်တော်လာသည့်ဘက်ကို ကြည့်နေရာက ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်ကို မြင်လိုက်မှ စိတ်သက်သာသွားသော အမူအရာ
ဖြစ်သွားသည်။

ခင်လေး မျက်နှာမှာ စူအောင့်အောင့် ဖြစ်နေပြီး
တော် ရောက်သွားသောအခါ ဆီး၍ ရန်တွေ့သည်။

"တကတဲ့ သူကလဲ ဘယ်သွားနေလဲ မသိဘူး၊ အရေး
လို့ စောင့်နေခါမှ"

သူ့မျက်နှာပေါ်တွင် တကယ် အရေးကြီးသောဟန်
နေသည့်အပြင် သူ့စကားကြောင့် ကျွန်တော့်ရင်ထဲ ထိတ်
ဖြစ်သွား၏။ အရေးကြီးပြီဆိုသော စကားသည် ကျွန်တေ
အထိတ်လန့်ဆုံးစကား။ ထို့ကြောင့် မျှာမျှာသလဲ

"ဘယ်လို၊ အရေးကြီးတယ် ဟုတ်လား ခင်လေး၊
ဖြစ်လို့လဲ၊ ဘာပြဿနာ တက်လာလို့လဲ"

"ပြဿနာကတော့ အကြီးအကျယ် ပြဿနာပဲ၊ ဘာလုပ်
မယ်မှန်းတောင် မသိတော့ဘူး"

သူက ခေါင်းကုတ်ရင်း ပြောသည်။ သူ့မျက်နှာမကောင်း
မဖြူမျက်နှာ လှမ်းကြည့်ပြန်တော့လည်း စိတ်မသက်မသာဖြ
နေသည့်ပုံ၊ ကျွန်တော် ရင်ပူလာသည်။

"ဘာဖြစ်လို့လဲ ခင်လေး၊ ကိုယ်တို့ကိစ္စကို အိမ်က သိသွား
လို့လား၊ ဒါမှ မဟုတ် ကိုကိုလတ် ဝင်ရှုပ်ပြန်ပလား၊
ပါပဲ ခင်လေးရယ်၊ ခင်လေး ကျောင်းပြန်တက်ခွင့် မရရ
တော့ ခက်ပြီ"

ကျွန်တော့် စကားကို သူမျက်မှောင်ကျုံ့၍ ခေါင်းခါ
သည်။





"မဟုတ်ပါဘူး၊ အိမ်ကြောင့် မဟုတ်ပါဘူး၊ ကိုကိုလတ်
လဲ မဆိုင်ပါဘူး"

သီးခြား ပြဿနာ တစ်ခုကို ကျွန်တော် စဉ်းစားသည်။
ဝ အစ ရှာ မရ။

"ဒါဖြင့်...ဘာပြဿနာလဲ ခင်လေး"

"အေးလေ၊ ခင်လေးကလဲ အစကနေ သေသေချာချာ
ပြလိုက်ပါလား"

မနေနိုင်သော မဖြူက ဝင်ပြောသည်။

"ခင်လေးတို့ ဒီနေ့ ဗေဒင်သွားမေးတယ်၊ အဲဒါ ခင်လေး
ကိုကို့ အကြောင်းတွေ အများကြီး ဟောလိုက်တယ်"

ရော်....အဲဒါမှ ပြဿနာပဲ။ မြွေပွေးရာတော့ ကင်းဝင်
မှောင့်ချေပြီ။ ဒီမှာ ကိုယ့်ပြဿနာနှင့်ကိုယ် လုံးချာလိုက်နေ
သည့်အထဲ အပိုဆုကာ ထပ်လောင်းလာပြန်ပြီ။

"ဟာ....ဒါပြဿနာမှ မဟုတ်ဘဲ ခင်လေးရာ၊ ခင်လေးတို့
လဲ ဆတ်ဆတ်ဆော့ဆော့ ဘာတွေလျှောက်လုပ်ရတာလဲ၊
အဲဒါတွေ ကိုယ်အယုံအကြည် မရှိဘူး"

ခင်လေး ကျွန်တော့်ကို ဖျတ်ခနဲ လှည့်ကြည့်သည်။ ကျွန်
တော့် စကားကို သူသိပ်ကျေနပ်ပုံမပေါ်။

"ဩော် ကိုကိုကတော့ ဘယ်ယုံမလဲ၊ ဟိုက ကိုကို့
အကြောင်းတွေ အကုန်လုံး ပြောလိုက်တာကိုး"

အဲ....သေပြီ။ ကျွန်တော့် နဖူးကို ကျွန်တော် လက်ဖမိုးနှင့်
ခေါက်မိလိုက်၏။

F. 24



www.burmeseclassic.com

www.burmeseclassic.com



"ဟာ....မဟုတ်တာ ခင်လေးကလဲ၊ ကဲပါ ထားပါ
ခင်လေးကို ဘယ်သူက ဘယ်လိုပြောလိုက်လို့လဲ"

ခင်လေး ကျွန်တော့်ကို သေသေချာချာ ကြည့်သည်။
အကြည့်မှာ သံသယမကင်း။

"ကိုကို့မှာ အချစ်ဦးရှိတယ်ဆို"

"အင်း...."

သူ့အမေးကို ကျွန်တော် နားမလည်သလို အင်းလို
လိုက်၏။

"ကဲ....တွေ့လား မဖြူ၊ ဟုတ်တယ်တဲ့၊ ဘယ်လော
မှန်လဲ တော်ပြီ၊ ဒါဆို ခင်လေး ကိုကို့ကို မချစ်တော့ဘူး
ခင်လေးက ကိုယ့်ချစ်သူဟာ ကိုယ့်တစ်ယောက်ထဲ ချစ်တယ်
ထင်တာ"

"ခင်လေး....ဘာတွေ ရှောက်ပြောနေတာလဲ၊ ကိုယ့်မှာ
အချစ်ဦးရှိတယ်ဆိုတာ ခင်လေးကို ပြောတာ၊ ခင်လေး
ကိုယ့်အချစ်ဦး မဟုတ်လို့ ဘာလဲ"

ခင်လေး မျက်နှာတွင် သံသယဖြင့် ပြုံးသော အင်
တစ်မျိုး ပေါ်လာပြန်သည်။

"မဟုတ်ပါဘူး၊ ခုမှ ကိုကို စကားလျှောမချပါနဲ့၊ ခင်လေး
ပြောတဲ့ အချစ်ဦးဆိုတာ ဒါမှဟုတ်ပါဘူး၊ ခင်လေး အ
အချစ်ဦးကိုပြောတာ၊ မေဒင်က သေသေချာချာ ပြောတာ
ရှိကို ရှိတယ်တဲ့"

ကျွန်တော် ခေါင်းကုတ်သိုက်မိသည်။ စိတ်ထဲတွင် မ
မလည်ကြီး ဖြစ်သွားပြီး





"ဟာ....မဟုတ်တာ ခင်လေးကလဲ၊ ကိုယ့်မှာ ဘာမှ မရှိ
ဘူး၊ ပေါ်ဦး သိပါတယ်၊ မယုံရင် သူ့မေးကြည့်"

"အစ်ကို့လဲမယုံဘူး၊ ယောကျ်ားလေး အချင်းချင်းပဲဟာ၊
နိုတော့ ခင်လေးတို့ကို ဘယ်ပြောမလဲ"

ခက်ပြီဟ ထင်လိုက်၏။ စိတ်ထဲ၌ ရှုပ်ထွေးသွားသည်။

"ကဲ...ဒီလိုဆို မခက်ဘူးလား ခင်လေး၊ ကိုယ် မဖြစ်ခဲ့
ဘူးတဲ့ ကိစ္စကို အတင်းကာရော စွပ်စွဲနေတော့ မခက်
လား"

ခင်လေး တွေသွားသည်။ ပြီးမှ ခေါင်းဆတ်၍

"ဒါဖြင့်လဲ ထားပါတော့၊ ကိုကို ခင်လေးကို မညာရင်
ကာပဲ၊ ဒါပေမယ့် သူပြောလိုက်တဲ့ အထဲမှာ ခင်လေးနဲ့
ကို ယူလို့ ဖြစ်မှာ မဟုတ်ဘူးတဲ့"

"အဲ....လုပ်ပြန်ပြီ"

"မလုပ်နဲ့ ကိုကို၊ သူက သေချာပြောတာ၊ ခင်လေးနဲ့
ကို ယူရင် သိပ်ဒုက္ခရောက်မှာတဲ့၊ ပြီးတော့ ခင်လေးက
နကွတ်၊ ကိုကိုက လူနကွတ်တဲ့၊ ကိုကို့မှာ အန္တရာယ်ရှိ
တယ်တဲ့"

ကျွန်တော် စိတ်ထဲ အတော် ဒေါကန်လာသည်။ ဒီကိစ္စကို
အောင်ပြောလျှင် ပိုကောင်းမည်ဟု တွေးမိသဖြင့်

"ခင်လေး.... ဘာတွေ ညာတွေ လျှောက်ပြောမနေနဲ့၊
ဒါတွေကို ကိုယ်လုံးဝမယုံဘူး၊ ခင်လေးနဲ့ ကိုယ်ယူလို့
ကိုယ့် အန္တရာယ်ရှိရင်လဲ သေချင် သေသွားပစေ၊ ဘာမှဟုတ်
မဟုတ်နဲ့ ဒီတိုင်းကြီး ကွဲမှာထက် စာရင် ကိုယ့်အစွမ်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အစရှိသလောက် ကိုယ်ကြိုးစားမယ်၊ ကျန်တာ
ခင်လေးသဘောပဲ''

ကျွန်တော့် စကားကြောင့် ခင်လေးရော မဖြူပါ
တော့်ကို စိုက်ကြည့်နေကြသည်။ အတန်ကြာမှ ခင်
စကားစသည်။

''ခင်လေး၊ ကိုကို တစ်ခုခုဖြစ်မှာ သိပ်စိုးရိမ်တာပဲ''

ကျွန်တော် ရယ်လိုက်သည်။ အဓိပ္ပာယ်မဲ့ စိုးရိမ်တတ်
သူ့ကို ပြုံး၍ ကြည့်ရင်း

''မဖြစ်ပါဘူး ခင်လေးရယ်၊ ဖြစ်တော့ကော အ
လား၊ ကဲပါ ဒါတွေ ထားလိုက်ပါတော့၊ ခင်လေးကို
တစ်ခု ပြောမလို့ လာခဲ့တာ၊ ကိုယ် စနေနေ့ကျရင်
ပြန်မယ်၊ အမေ့ကို အကျိုးအကြောင်း ပြောပြမလို့''

သူ ကျွန်တော့်ကိုတွေငေးငေးကြည့်သည်။ပြီးတော့
ညိတ်သည်။ ကျွန်တော်တို့ နှစ်ယောက်ကြားတွင် တခြား
ပြဿနာရှိသေးသနည်းဟု ကျွန်တော် စဉ်းစားသလို၊
စားနေပလားမဆိုနိုင်။ သည်နေ့ ကြာသပတေးနေ့။

*



သည်နေ့ သောကြာနေ့

''မင်းကဗျာလေး ကောင်းတယ်ကွ ထွန်းဝေ၊ မနေ့က
ငွေး ငါ့ကိုလာပေးတော့ ငါဖတ်ကြည့်လိုက်တယ်၊ ငါ့လူက
ပြီး အယူအဆမှာ တိုးတက်တာပဲ''

ဆရာ့ ချီးမွမ်းစကားကို ကျွန်တော် ပြုံး၍ လက်ခံနေလိုက်
ဆရာ့ စကားကြောင့် ကျွန်တော် ရင်ထဲ ကျေနပ်အား
သွားသည်။

ဆရာသည် ကျွန်တော်တို့ မြန်မာစာဌာနမှ ကထိက ဆရာ
ဦး ဖြစ်သည်သာမက ယနေ့ စာပေလောကတွင် နာမည်ရ
သော အောင်မြင်သည့် ဝေဖန်ရေးဆရာတစ်ဦး ဖြစ်သည်။
ရာ့ ဝေဖန်ရေးဆိုင်ရာ ပညာပေး ဆောင်းပါးများ၊ ဝတ္ထု
များနှင့် ပတ်သက်သော ဝေဖန်ရေး ဆောင်းပါးများ
အတတ်ပညာ ကုံလုံ၍ နိုင်ငံ၏ စရိုက်နှင့် အလွန်နီးစပ်
သည်။

''ကျွန်တော် ကတော့ တို့ရှိသည့်အတွက် ပြက္ခဒိန်မှာ နက်
ခါဟာ ရက်ရာဇာပဲဖြစ်ရမည်ဆိုတဲ့ အပိုဒ်လေးကို ပိုကြိုက်
ယ် ဆရာ''



www.burmeseclassic.com

www.burmeseclassic.com



မြန်မာစာ ဂျာနယ်တွင် စာတည်း အဖွဲ့ဝင် တစ်ဦး ဖြ
မဟာဝိဇ္ဇာ ကျောင်းသား အစ်ကိုကြီးတစ်ယောက်က ဆ
စကားကို ဝင်ထောက်ခံသည်။

ဆရာက ရယ်လိုက်ပြီး

"ငါကပိုတောင် ကြိုက်သေးတယ်၊ ကာရန်ကြောင့်
ခက်နေလို့ ဖြစ်နိုင်ရင် နေ့တိုင်းဟာ ရက်ရာဇာလို့ တော
ပြင်ချင်တယ်၊ နေ့ရက်တိုင်းဟာ ရက်ရာဇာဆိုရင် ပိုကော
မယ် ထင်နဲ့ဝေ"

ကျွန်တော်က ရယ်နေလိုက်သည်။ ဆရာက တစ်စုံတစ်
အမှတ်ရဟန်ဖြင့် ပြောပြန်သည်။

"ရက်ကောင်း ရက်မြတ် ဆိုတဲ့ ရက်ရာဇာ ရွေးနည်း
ဘုရား အလိုတော်နဲ့ ကြည့်ရင် ဒီအတိုင်းပဲကွ၊ ငါငါးရာ
ဆယ် နိပါတ်တော်မှာ ဖတ်ဖူးတယ်"

"လုပ်ပါအုံးဆရာ၊ ဗဟုသုတအနေနဲ့ ကော၊ လိုက်နာ
အနေနဲ့ ကော မှတ်ရတာပေါ့"

ကျွန်တော်က ဆရာ့ထံမှ အသိအမြင်သစ်လေးများ
သဖြင့် ဆရာအား ဝင်တောင်းပန်သည်။ ဆရာက ခေ
ညိတ်၍

"ငါပြောမယ်၊ ငါးရာ့ငါးဆယ် ဇာနိပါတ်ထဲက နက္ခ
ဇာတ်ဟာ ရက်ကောင်းရွေးနေတာနဲ့ မိန်းမရတနာမှ
ရတဲ့အကြောင်းဆိုတဲ့ ဇာတ်လေးပဲ၊

တစ်ခါတုန်းက ယောကျ်ားတစ်ယောက်ဟာ မိန်းမ
တစ်ယောက်ကို တောင်းရမ်းပြီး မင်္ဂလာဆောင်ဖို့ ရက်





တ်ပြီးမှ သူ့ဆရာဖြစ်တဲ့ အာဇီဝကကို အဲဒီနေ့ နက္ခတ်
ကောင်း မကောင်း မေးတယ်၊

အာဇီဝကလဲ ဒီလူဟာ ငါ့ကို အရင်မှမေးဘဲ သူတို့စိတ်
ကြိုက်ရွေးပြီးမှ ငါ့ကို မေးရမလားဆိုပြီး ဒေါသထွက်တာနဲ့
အဲဒီနေ့ နက္ခတ်မကောင်းဘူး၊ အဲဒီနေ့ မင်္ဂလာဆောင် ရင်
ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်မယ်ဆိုပြီး ပြောလိုက်
တယ်၊

အဲဒီယောကျ်ားလဲ အာဇီဝက စကားကို ယုံတာနဲ့ နေ့လွှဲ
သွားမယ်ဆိုပြီး ချိန်းတဲ့နေ့ မသွားဘဲ နေလိုက်တယ်၊ ဟိုဘက်
ကတော့ စောင့်တာပေါ့ကွာ၊ နောက်ဆုံး ကျတော့ မိန်း
ကလေးရှင်တွေက ဒီလိုကတိပျက်တဲ့လူနဲ့ ဘယ်ပေးစားနိုင်မှာ
လဲ ဆိုပြီး တခြား ယောကျ်ားပျို တစ်ယောက်နဲ့ ပေးစား
လိုက်တယ်။

နောက်ရက်ကျတော့ စောစောက နေ့လွှဲတဲ့ယောကျ်ားလဲ
သူ့လူအုပ်နဲ့သူ လာတာပေါ့၊ ဒီရောက်တော့ ဘာပြောလဲ
ဆိုတော့ မင်းတို့အရှက်အကြောက် မရှိကြဘူးပေါ့၊ ချိန်းပြီးမှ
ကတိမတည်ဘဲ တို့သမီးကို တခြားလူနဲ့ ပေးစားလိုက်ပြီ၊ ပြန်
တော့လို့ ပြောတာပေါ့။

ဒီတော့မှ ဒီလူက သူ့ဆရာက နေ့မကောင်းဘူး ဆိုလို့
ရက်ရွှေ့ပြီး လာခဲ့တာဆိုပြီး အငြင်းအခုံ ဖြစ်ကြတာပေါ့။

ဒီတော့ အနားက ပညာရှိတစ်ဦးက နက္ခတ်ဆိုတာ အဘယ်
အကျိုးရှိသနည်း၊ သတို့သမီးကို ရခြင်းသာလျှင် နက္ခတ်
ကောင်းမဟုတ်လော၊ ထိုသူမိုက်သည် နေ့ကောင်းရွေးသော



www.burmeseclassic.com

www.burmeseclassic.com



ရွေးနေသည်နှင့် အမျိုးသမီးမှ ယုတ်လေပြီတကားလို့
တယ်တဲ့”

ကျွန်တော်တို့အားလုံး ရယ်လိုက်ကြသည်။ ဆရာက လ
ကာ၍

“မရယ်နဲ့ကိုယ့်လူ၊ အဲဒါ မြတ်စွာဘုရားကိုယ်တိုင် ဇေတ
ကျောင်းမှာ ဟောခဲ့တဲ့ဇာတ်၊ နက္ခတ္တဇာတ်လို့ခေါ်တ
အဲဒီဇာတ်တော်ထဲက ပညာရှိတစ်ဦးဆိုတာလဲ ဇာတ်ပေါ
တော့ ဘုရားဖြစ်တဲ့သူပဲ”

ဆရာ့စကားအဆုံး အနားမှာ ထိုင်နေသော ပေါ်ဦး
ဝင်၍

“ဟေ့ကောင် ဘယ်လိုလဲ၊ မင်း ကော ရက် ရွေး
သလား”

ကျွန်တော်က ပေါ်ဦးဘက်သို့ မျက်စောင်းထိုး၍ တ
တစ်ခုကို ပြောမည်အပြု ဦးချစ်ဆိုင်အဝတွင် ခင်လေးနှင့် မ
ရောက်နေသည်ကို ဖျတ်ခနဲ တွေ့လိုက်သည်။

ကျွန်တော် စကားမစနိုင်တော့ဘဲ ဆတ်ခနဲ ထ,ရပ်လိုက်
ပေါ်ဦးကို လက်ကုပ်လိုက်ပြီး

“ဟေ့ကောင် ဟိုမှာခင်လေးတို့ အရေးကြီးတယ်နဲ့
တယ်”ဟု ဆိုကာ ဆရာတို့ဘက် လှည့်လိုက်ပြီး

“ဆရာ၊ ကျွန်တော်လဲ အချိန်ရွေးနေလို့ မဖြစ်တော့ဘူး
ဟိုမှာ လာခေါ်နေပြီ၊ ခွင့်ပြုပါဆရာ”

“အေး....အေး၊ အချိန်တို့ ရက်တို့ ရွေးမနေနဲ့ ကိုကိုရ
ပေါ့ကွာ”





ကျွန်တော်တို့ ထွက်လာခဲ့ကြစဉ် နောက်ဘက်မှ ရယ်သံ
များ လှိုင်ကျန်နေခဲ့၏။

*

“ဘယ်လို....ခင်လေး ပြန်ပြောစမ်းပါဦး”

ခင်လေးဆီမှ မမျှော်လင့်ဘဲ ကြားလိုက်ရသော စကားသံ
ကြောင့် ကျွန်တော့်ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ ခင်လေး
ကိုလည်း ပြန်ပြောခိုင်းရ၏။

“ဪ....ကိုကိုကလဲ၊ ခင်လေးတို့ သိပ်ကြာကြာဆိုင်းလို့
မဖြစ်တော့ဘူး၊ ကိုလိုလတ်မိဘတွေကလဲ ရောက်နေကြတယ်၊
ဖိတ်စာတွေ ဘာတွေရိုက်ဖို့၊ သတင်း စာ ထဲ တွေ ဘာ တွေ
ထည့်ဖို့ လုပ်နေကြပြီလို့ ပြောတာ”

သူ့စကားအဆုံး ပေါ်ဦးနှင့် မဖြူက ကျွန်တော့်ကို အကဲ
ခတ်သလို လှမ်းကြည့်သည်။ ကျွန်တော်က တစ်ယောက်စီ လှမ်း
ကြည့်ရင်း

“ဟာ....ဒါဆို မဖြစ်တော့ဘူး၊ ကိုယ်တို့ မြန်မြန်လစ်မှ ဖြစ်
တော့မယ်ခင်လေး၊ တော်ကြာ လူသိ ရှင်ကြား ဖြစ်ပြီးမှဆို
အန္တရာယ်လဲ များတယ်၊ လူကြီးတွေလဲ အရမ်းမျက်နှာပျက်
ကုန်မယ်၊ ဘယ်နေ့လောက် သူတို့ စ,မတဲ့လဲ”

ခင်လေးက မျက်နှာကလေး အပေါ်ကပ်၍

“ရှေ့အပတ်ထဲမှာ ဖိတ်စာတွေ ဝေမယ်ထင်တယ်၊အင်္ဂါနေ့
ဖိတ်စာရမယ် ပြောတယ်”



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ လှိုက်ခနဲ မောသွား၏။ ပေါဦးနှင့် မဖြူကမူ တစ်ခွန်းမှ ဝင်မပြောဘဲ ရပ်သာ ကြည့်နေတော့သည်။ ကျွန်တော်က

"ဒါဆိုရင်တော့ တနင်းလာနေ့လောက် ကိုယ်တို့လစ်တော့မယ်၊ ခုကတည်းက စီစဉ်စရာရှိတာတွေ စီစဉ်လိုက်တော့မယ်ခင်လေး၊ ခင်လေးလဲ အဆင်သင့်လုပ်လိုက်တော့၊ သိပ်စဉ်းစားမနေနဲ့တော့"

ခင်လေးမျက်နှာတွင် စိုးရိမ် ပူပန်ရိပ်ကလေး ပေါ်လာသည်။ လေသံ တုန်ရီရီနှင့် ပြောပြန်သည်။

"ဖြစ်ပါ့မလား ကိုကိုရယ်"

"ဖြစ်တယ် ခင်လေး၊ ဘာလို့ မဖြစ်ရမှာလဲ၊ ကိုယ်အားလုံး ဖြစ်အောင်လုပ်မယ်"

ထိုအခါမှ မဖြူဆီမှ စကားသံ ကြားရသည်။

"ဟုတ်သားပဲ ခင်လေး၊ ခုချိန်မှာတော့ ဘာမှစဉ်းစားမနေနဲ့တော့၊ တို့လဲရှိတာပဲ၊ အားလုံးဝိုင်းပြီး ဖြစ်အောင်လုပ်ရင် ဖြစ်ပါတယ်"

ပေါဦးကလည်း ဝင်ပြောသည်။

"ဟုတ်တယ် ခင်လေး၊ အစ်ကိုတို့လဲ ဝိုင်းကူညီမယ်၊ ဘာမှ ပူမနေနဲ့၊ ဒီလောက်ချစ်တဲ့ ချစ်သူနှစ်ယောက်ဟာ ဒီအတိုင်းတော့ အကွဲမခံနိုင်ဘူး၊ ရအောင် ခိုး၊ ဖြစ်အောင် စီစဉ်မယ်"

ခင်လေး အကြည့်သည် မဖြူဆီ ရောက်သွား၏။ ထို့မှ ပေါဦးဆီ၊ ထိုနောက် ကျွန်တော့်ဆီ။





"ဒါဖြင့် ကိုကို ဘယ်နေ့ခိုးမလဲ"

ကျွန်တော့်စိတ်ထဲတွင် ယတိပြတ် ဆုံးဖြတ်လိုက်ပြီး

"တနင်းလာနေ့ ခိုးမယ် ခင်လေး၊ မနက်ဖြန် ကိုယ် ရွာခဏ ပြန်မယ်၊ အမေ့ကို အသိပေးရုံ အသိပေးမယ်၊ တနင်္ဂနွေနေ့ ပြန်လာမယ်၊ ဆရာဦးမြင့်မောင်ဆီ ဝင်ပြောပြီး တနင်းလာနေ့အတွက် အားလုံး စီစဉ်လိုက်မယ်၊ ခင်လေး ဘာမှ မစိုးရိမ်နဲ့"

ခင်လေးက လှုပ်ရှားနေသောစိတ်ကို တည်ငြိမ်သွားစေရန် ထင်သည်။ ကျွန်တော့်လက်ကို လှမ်းဆုပ်ထားလိုက်ရင်း

"ခင်လေး ဘာလုပ်ထားရမလဲ"

ကျွန်တော် ခဏ စဉ်းစားသည်။

"ဒီလိုလုပ်၊ မနက်ဖြန်မနက်မှာ ခင်လေးနဲ့ ကိုယ်တွေ့မယ်၊ ကိုယ် အစီအစဉ်အသေးစိတ် ထပ်ပြောမယ်၊ အကြမ်းဖျင်းကတော့ တနင်းလာနေ့ မတိုင်ခင်မှာ ခင်လေး သယ်စရာ ပြစရာ အနည်းအကျဉ်းကို မဖြူဆီ ပို့ထား၊ တနင်းလာနေ့ကျတော့ ခါတိုင်း ကျောင်းလာသလိုပဲ လာ၊ ကျောင်းကနေ လစ်မယ်"

"အဲဒါ ကောင်းတယ်ခင်လေး၊ မနက်ဖြန်မှာ အဝတ်အစား တချို့ကို တိတ်တိတ်ယူလာခဲ့၊ မဖြူအိမ်မှာ သယ်ထားပေးမယ်"

ကျွန်တော်က ဖျတ်ခနဲဝင်၍

"အဆောင်မှာ ထားလဲ ရသားပဲ"



www.burmeseclassic.com

www.burmeseclassic.com



မဖြူက ကျွန်တော့် အကြံကို ခေါင်းညိတ် သဘောတူကြောင်း ပြ၍

"ဟုတ်သားပဲ ကိုထွန်းဝေ ရှာပြန်ပေမယ့် မှောင် ရှိတာပဲ မောင် သိမ်းထားပေး...."

ပေါ်ဦးက ရယ်၍

"ကောင်းသဗျာ၊ မောင်ကိုယ်တိုင် နှမ လင်နောက်လိုက်ရင် ထဘီထုပ် ထမ်းပေးပါမယ်"

ရယ်တော့ ရယ်ကြသည်။ လွတ်လပ်စွာတော့ မဟုတ်။ ရယ်သံလေးများမှာ တစ်ခုခု ငြိနေသည်။

"ကဲ ဒါဖြင့် ဒီအတိုင်းပဲ အိုကေနော်"

"အင်း"

ခင်လေးက ခေါင်းညိတ်သည်။

"ကဲ ဒါဖြင့် သွားမယ်ခင်လေး၊ တော်ကြာ ကားရောက်ရင် ခင်လေးကိုမှတွေ့လို့ ကျောင်းထဲလိုက်ရှာတာနဲ့ တိုးနေရင် ဒုက္ခများမယ်၊ ကဲ သွားမယ် ကိုထွန်းဝေ မောင်ကော"

ကျွန်တော်တို့နှစ်ယောက် ပြိုင်တူ ခေါင်းညိတ်သည်။

ကျွန်တော့် ရင်ထဲမှာ တလှပ်လှပ်ခုန်နေ၏။

"ကိုကို၊ ခင်လေးသွားမယ်နော်"

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

ခင်လေးတို့ ထွက်သွားသောအခါ ကျွန်တော်တို့ နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ကြ၏။ ပေါ်ဦးက ပြုံးလိုက်ပြီး





"ကဲ မခင်လေးကို ခိုးမယ်လို့တော့ ကြံလိုက်ပြီ၊ လာ ငါတို့ နှစ်ယောက်လဲ အဆောင်မှာ ရှိနေတဲ့ လူဆိုးတွေနဲ့ သွားတိုင်ပင်စို့"

ကျွန်တော်ပြုံး၍ ခေါင်းညိတ်ပြရပြန်သည်။

ဩော်–ရင်ခုန်လှန်းလှသည့် အပျော်လေးများပင်...

*

"မမလေးကို သည်မောင်ခိုးမယ်လို့
လူဆိုးတွေနဲ့မောင်တိုင်ပင်၊
မြင်းကိုယ်စီပြင်၊
လထွက်ကလေးရယ်တဲ့ မြင်းပေါ်တင်"

စန်းလွင်က ထုံးစံအတိုင်း ဒေါင့် တစ်ဒေါင့်တွင် အသံခွဲထိုင်ရင်း သီချင်း အော်ဆိုနေ၏။

"ဟေ့ ကောင်–နေစမ်းကွား ဒီမှာ အစီအစဉ်ဆွဲမလို့"

ဒါရိုက်တာ ပေါ်ဦးက ဝင်ဟောက်လိုက်မှ စန်းလွင် ပခုံးနှစ်ဘက် တွန့်လိုက်သည်။ သို့သော် ငြိမ်တော့မနေ။

"အမလေးကွာ၊ မိန်းမခိုးဖို့များ ဒီလောက် အစီအစဉ် ဆွဲနေရတယ်၊ ဒီမှာ ငါအလွယ်ဆုံးအကြံပေးမယ်၊ ကားတစ်စီးရှာ၊ ကောင်းတာက ဂျစ်ဖြစ်ဖြစ်၊ လင်းရိုဗာဖြစ်ဖြစ် တစ်ခုခု ဖြစ်ရမယ်၊ အမြန်မောင်းနိုင်ရမယ်၊ စက်ကောင်းရမယ်"

ပေါ်ဦးက ခေါင်းတဆတ်ဆတ် ညိတ်ရင်း

"ကားဘယ်လိုရှာမလဲ"



www.burmeseclassic.com

www.burmeseclassic.com



အောင်လင်းက လက်ကာပြ၍ လှဲနေသောနေရာမှ ထထိုင်ရင်း····

"နေဦး....နေဦး ကားအတွက်မပူနဲ့၊ ငါ့သူငယ်ချင်းဆီက ရမယ်၊ ဒီမှာ အစီအစဉ်ဆွဲပြီးရင် ငါ အေးလွင်ဆီ ဖုန်းဆက်မယ်၊ အေးလွင်ကားရ ရ၊ တစ်စီးစီးကတော့ သေချာတယ်၊ တခြား အစီအစဉ်ဆက်"

ကျွန်တော် သူတို့မျက်နှာ သူတို့စကားကြောင့် ရင်ထဲတွင် ကြည်နူး စိတ်နှင့် ကျေးဇူးတင်စိတ်များ လှုပ်ရှားလာသည်။ မျက်လုံးတွင်ပင် မျက်ရည်ကြည်များ ဝဲလာ၏။ ချစ်သူငယ်ချင်းများကို ကျေးဇူးတင်ပါတယ်။

"နောက်အစီအစဉ်က ဘယ်သွားမှာလဲ ဆိုတာပဲ"

စန်းလွင်၏ စကားအဆုံး ကျွန်တော်က ဝင်၍

"ငါ့ရွာကို ခေါ်သွားရမလား"

"နိုး....နိုး"

ပေါ်ဦးက ခေါင်းသွက်သွက်ခါပြီး ဝင်ကန့်ကွက်သည်။ ကျွန်တော်သူ့ကိုကြည့်လိုက်၏။ သူက ကျွန်တော့်ကိုကြည့်ရင်း

"မင်းရွာခိုးပြေးရင်ကွ ခနဲ မိသွားမှာပေါ့ကွ၊ ဟိုဘက်ကလဲ အထာကို နောနေအောင် သိတဲ့လူတွေ၊ ညတောင်ကူးမှာမဟုတ်ဘူး"

အောင်လင်းက ခေါင်းညိတ်၍ သဘောတူကြောင်း လက်ခံသည်။

"ဟုတ်တယ်၊ မင်းတို့ရွာကို ခေါ်သွားလို့မဖြစ်ဘူး၊ ဒီလို လုပ် တောင်ကြီးကို သွားမလား၊ ငါပါလိုက်ခဲ့မယ်၊ ငါ့အိမ်မှာနေ ဘယ်နဲ့လဲ"

"မဖြစ်ဘူးကွ"

စန်းလွင်က ဝင်ကန့်ကွက်ပြန်သည်။ ဆက်၍လည်း

"ဘာဖြစ်လို့လဲဆိုတော့ ဒီလောက် ခရီးဝေးကြီးသွားရင် လမ်းမှာ တစ်ညနေရာမဟုတ် တစ်နေရာမိသွားနိုင်တယ်၊ ငါ့အိမ် ခေါ်သွားတာက နီးစပ်တယ်"

ပေါ်ဦးနှင့် ကျွန်တော် အခြေအချာ စဉ်းစားသည်။

စန်းလွင်၏အကြံက မဆိုး။ သူက ညောင်လေးပင်မှာ နေသောသူဖြစ်ရာ သိပ်လည်း မဝေး။ တော်ရုံနှင့်လည်း ထင်စရာမရှိ။

"အေး....မင်းအိမ်ဆို အဆင်ပြေမယ်။ ဒါပေမယ့် မင်းအိမ်က လူကြီးတွေနဲ့ ဖြစ်ပါ့မလား၊ တော်ကြာ ရိုက်ထုတ်လို့ ခွေးပြေးဝက်ပြေး ပြေးနေရဦးမယ်"

"ဟာ....အတွေးအခေါ် က အောက်တန်းကျလိုက်တာ၊ ဒီလို မိဘမျိုး ငါက ကြာရှည်လက်ခံတားမလား၊ ငါ့မိဘကွ ငါ့ထက် လူရည်လည်တယ်၊ ငါ့ထက် ခေတ်မီတယ်၊ တစ်အိမ်လုံး ချော်တတ်တယ်၊ အဲ တစ်ခုပဲရှိတယ်၊ ငါနှမတစ်ယောက်ကို ကျွန်တဲ့ကောင်တွေထဲက ဆစ်ကောင်မှ မပိုဘူးလို့ ကတိပေးရမယ်"

သူ့စကားကြောင့် တစ်ခန်းလုံး ရယ်သံများ ဖုံးသွား၏။ အောင်လင်းက ဝင်ပြီး







www.burmeseclassic.com

www.burmeseclassic.com



"ဟဲ....ဟဲ သူကလေးက ငါ့ကို မြင်ပြီး ကိုအောင်လင်း
ကိုအောင်လင်း ဆိုရင်တော့ ငါတာဝန်မယူဘူးနော်"

စန်းလွင်က ဘုကြည့်ကြည့်၍

"ဒါတော့ စိတ်ချ၊ ငါ့အမျိုးထဲမှာ သွားခေါ်မှ ရွေးကြ
တဲ့လူမျိုး တစ်ယောက်မှ မပါဘူး၊ မျိုးသန့်တယ်"

"ခွေးမသား"

တစ်ယောက်နှင့်တစ်ယောက် အကွက်ရသမျှ နှိပ်နေလျ
ပြီးပုံမပေါ်နိုင်သော အရေးကို ကြိုမြင်သည့် ပေါ်ဦးက ဝင်၍

"တော်ပြီ ဟေ့ ကောင်တွေ၊ ရှုပ်မနေနဲ့၊ ကဲ ထွန်းဒေ
ဒီအစီအစဉ် ဘယ့်နှယ့်လဲ၊ အောင်လင်း ရှာတဲ့ ဂျစ်ကားနဲ
စန်းလွင်တို့အိမ် ညောင်လေးပင်သွားမယ်၊ ပိုစိတ်ချရအောင်
မနက်ထဲက ဝင်ပြီး အင်းစိန်ရုံးမှာ လက်မှတ်ထိုးသွားမယ်"

"ဟာ....ကောင်းတယ် ပေါ်ဦး"

"ဟိုကောင်တွေကော ဘယ့်နှယ့်လုပ် သဘောတူလား"

"ဟာ....သိပ်ကောင်းတာပေါ့၊ ဒီအတိုင်းအတည်ပြုလိုက်

"ဒီမယ်၊ သာအောင်ကွာ သာမောင်ကွာ၊ ပြီးတော့ ငါ
ပါသေး၊ ဒါမှမကောင်းရင်လဲ ရှိးမှ မတတ်နိုင်ဘူး"

ပေါ်ဦးက သူ့အငြိမ့်တုန်းက ပြက်လုံးအတိုင်း အား
ပါးရ ဝင်ပြောသည်။ အောင်လင်း ကလည်း လက်သ
လက်မောင်း တန်း၍

"ဘဲရိုးဂွတ်.... သိပ်ကြိုက်သွားပြီ၊ ငါ့ကိုစွကျလဲ အဲဒီ
လုပ်ပေး"





"အေး လုပ်ပေးမယ်၊ ဦးပန်းချောဆီက ကားနဲ့ကြံ့တာကို
တစ်ခါတည်း ခိုးပြေး၊ ပိုစိတ်ချရအောင် မီးသဂြိုဟ်တဲ့စက်မှာ
စာရင်းတွေ့ပေးထားမယ်"

"ဟာ ခွေးမသား နမိတ်မရှိ၊ နမာမရှိ ဖွဟဲ့"

စန်းလွင်က ဝင်ချွတ်လိုက်သည့်အတွက် အောင်လင်း ဒေါ
ကန်ပြီး ခေါင်းအုံးဖြင့် ထရိုက်၏။

"အော်....တစ်ခုရှိသေးတယ်ကွ"

စန်းလွင်က ခေါင်းငုံ့၍ အရိုက်ခံနေရာမှ လက်ကာ၍ ထ
ရင်း ကမန်းကတမ်း အော်ပြောသည်။ အားလုံး ငြိမ်သွားကြ
၏။ အောင်လင်းသည် ခေါင်းအုံးကြီးကို ကိုင်၍ တိုးလိုး တန်း
လန်းကြီး ရပ်သွားသည်။

"ဘာတုန်း"

ပေါ်ဦးက လှမ်းမေးသည်။

"အကြိုမင်္ဂလာပွဲအဖြစ် ဒီည ရှိစုမဲ့ စုတေ့ အကုန်စု၊ မြေနီ
ကုန်းသွားမယ်၊ အစသောက်မယ်၊ အာဝ ပျော်မယ်၊ ဒါ
အရေးအကြီးဆုံး အစီအစဉ်ပဲ"

သူ့စကားအဆုံး အောင်လင်းက ခေါင်းအုံးကြီးကို ခုတင်
ပေါ် ဘုန်းဆို ပစ်ချပြီး စန်းလွင်ကိုဖက်၍

"မင်း သိပ်တော်တယ်စန်းလွင်၊ ဒါကြောင့် မင်းကို အစ်ကို
ကြီးကဲ ချစ်ရတာကွ၊ ငှဲ....ငှဲ"

ပြောလည်းပြော စန်းလွင်ပါးကိုလည်း ရွှတ်ခနဲ နမ်း၏။

"မအေပေး"

စန်းလွင်က ဒေါပွပွနှင့် သူ့ပါးသူ လက်ဖြင့် ပွတ်ဖိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ရှိုးတဲ့မှပဲ၊ ဒီပါးက ငါ့အချစ်ဆုံးသူနမ်းဖို့ ပ
လုပ်ထားတာ၊ ခုတော့ စားတော်ပွဲ ခွေး ဝင် ဆွဲ သွား
သေချင်းဆိုး"

ကျွန်တော်တို့အားလုံး ဝိုင်းရယ်လိုက်ကြ၏။

မျှော်လင့်ထားသောစိတ်ဖြင့် ကျွန်တော့်ရင်မှာ အ
လေးများ ဆူလောင်နေပေသည်။ ရင်တော့ ခုန်လိုက်
ဖြစ်ခြင်း။

*



စနေနေ့....

ကံ့ကော်တောသို့ ဝင်ဝင်ချင်း ခင်လေးတစ်ခါက ပြော
သည့် ကံ့ကော်ရွက်ရေကို သတိရလိုက်၏။ သည်အခြေအနေ
င်မှ သူပြောသည့် ကံ့ကော်ရွက်ရေ၏ အနက်သည် လွဲပြီဟု
န်တော် တွေးလိုက်သည်။

သူ့ကိုတော့ ဘာမှမပြောဖြစ်။

အရေးတကြီး ပြောစရာစကားများ ရှိနေသေးသည်။

"ကိုကို၊ ဘယ်လို စီစဉ်ထားလဲ"

ကျွန်တော် ညတုန်းက တိုင်ပင်ထားသည့်အတိုင်း ခင်
လေးက ကျောင်းကို ခါတိုင်းကျောင်းလာသကဲ့သို့ လာခဲ့ရန်
န်တော်တို့က ကားဖြင့် စောင့်နေမည်။ ညောင်လေးပင်ကို
မြန်ဆုံးရောက်အောင် သွားမည်။ အသွားတွင် အင်းစိန်ဒို
င်၍ လက်မှတ်ထိုးမည်။

တစ်ပတ်လောက်ကြာလျှင် တစ်နေရာပြောင်း၍ ရန်ကုန်
င်ခြေပုန်းတစ်နေရာရာသို့ ရွှေ့မည်။ ကျူရှင်မှ ခလေးများ
ာမေးပွဲပြီးသည်နှင့် လောလောဆယ် ရှာပြန်မည်။ အခါနိမ်၍



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေလျှင် အသုံးလုံးကို နှစ်ယောက်စလုံး လိုက်သွား မည်။ အဆင်မပြေလျှင် ပေါ်ဦးရှိရာ မန္တလေးသို့ သွားမည် ထိုနောက် ကျောင်းမဖွင့်ခင် ပြန်လာ၍ ကျောင်းကို ယောက်သား တက်ဖြစ်အောင် တက်မည် စသည်ဖြင့် တော လျှောက် အစီအစဉ်ကို ပြောပြလိုက်သည်။

ခင်လေးကပြုံး၍

"အင်း....ကိုကို့ အစီအစဉ်ကတော့ ချောနေတာပဲ အတိုင်းဖြစ်ပါ့မလား ကိုကိုရယ်၊ ခင်လေးဖြင့် ကြောက်လို့ တာ"

ကျွန်တော်က သူ့ပခုံးလေးကို သိုင်းဖက်၍

"မကြောက်ပါနဲ့ ခင်လေးရယ်၊ ကိုယ်က ယောကျ်ား ဘာပဲဖြစ်ဖြစ် ခင်လေးဟာ ကိုယ့်တစ်မျက်နှာ ဘစ်ရှာထင် လိုက်လာခဲ့တယ်ဆိုတာ ကိုယ်မမေ့ပါဘူး၊ ခင်လေး ဘာ မစိုးရိမ်ပါနဲ့၊ ကိုယ်ဆိုတဲ့ကောင်က ဖြစ်ချင်တာရှိရင် တဲ့နေရာကနေ ရအောင်လုပ်ယူတတ်တဲ့လူပါ"

ခင်လေးက ကျွန်တော့်ပခုံးပေါ်တွင် သူ့ခေါင်းလေး မှီလိုက်သည်။ ပြီးမှ လေသံတိုးတိုးဖြင့်

"ခင်လေးတို့ တကယ်ပေါင်းရတော့မှာပေါ့နော်"

ကျွန်တော် သူ့ဆံစလေးများကို လက်ဖြင့်သပ်ရင်း သူ့ ညင်သာစွာ ပြောလိုက်သည်။

"တကယ် ပေါင်းရတော့မှာပေါ့ ခင်လေးရယ်၊ ဒီတစ် မှာတော့ ဘယ်သူဖျက်ဖျက် မပျက်တော့ပါဘူး၊ ကိုယ် တွေးထားတဲ့ထဲမှာ ဘာလိုသေးလို့လဲ"





ခင်လေး မျက်နှာလေး ကျွန်တော့်ဘက် ခပ်စောင်းစောင်း လာသည်။

"ခင်လေးတော့ ပျော်လဲပျော်တယ်၊ ကြောက်လဲကြောက် ယ် ကိုကိုရယ်၊ ဖေဖေဒင်ကလဲ ကိုကို့ကို ဒုက္ခပေးမယ် ပြော ားတော့"

ကျွန်တော် သူ့ပါးစပ်ကို ကျွန်သည့် လက်တစ်ဘက်ဖြင့် မ်းပိတ်သည်။

"သွားစမ်းပါ ခင်လေးရယ်၊ ဒါတွေ အယုံအကြည် မရှိ မ်းပါနဲ့၊ အလကား ဥပါဒါန်ကြောင့် ဥပါဒ်ရောက်၊ ကိုယ် ပြောပြီးပါပကော၊ သူ့ ဖေဒင်မှန်လွန်းသို့ ကိုယ် ဘယ်လောက် ရောက်မလဲ၊ သေသွားမလား၊ ဒါကြောင့်တော့ နောက် ဆုတ်နိုင်ဘူး ခင်လေး၊ ကိုယ့်အသက်ထက် ခင်လေးကို ပိုချစ် ယ်"

သူ့မျက်နှာပေါ်တွင် ကျေနပ်ပြုံးလေး ပေါ်လာသည်။ သိ ချစ်စဖွယ်အပြုံး၊

"တကယ်ပြောတာနော်–ကိုကို"

"တကယ်ပြောတာပေါ့ ခင်လေးရယ်၊ ခင်လေးဟာ ကိုယ့် ၁၊ ခင်လေးသာ ကိုယ့်အသက်ပဲ၊ ချစ်တယ်ဆိုတာတွေ များကြီး မပြောချင်ဘူး အချစ်ရယ်၊ ချစ် တယ် ဆို ရင် လောက်ပါတယ်နော် ခင်လေး"

ခင်လေးက မျက်နှာလေးသိမ်း၍ ခေါင်းညိတ်ပြသည်။

"ယုံပါတယ် ကိုကိုရယ်၊ ဒါကြောင့် ခင်လေးလေ ကိုကို့ကို သိပ်ချစ်တာပဲ သိလား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်ထဲတွင် နွေးခနဲ ဖြစ်သွား၏။ မျက်လွှာ ချထားသော ခင်လေး၏ မျက်နှာလေးအနီးသို့ တဖြည်းဖြ ကပ်ယူသည်။

"အို"

ငှက်ကလေး တစ်ကောင်သည် ဖျတ်ခနဲ ကံ့ကော်ကိ ပေါ်မှ ခုန်ထ၏။ ကျွန်ရစ်သော ကိုင်းလေးသည် ကျွန်တော့် နှစ်ယောက်၏ ရင်များကဲ့သို့ တဆတ်ဆတ် တုန်ခါနေ သည်။

*

"ခင်လေးလဲ ဘာလုပ်ထားရမလဲဆိုတာပြောဦးလေကိုက ကျွန်တော် ခဏမျှ စဉ်းစားသည်။ ပြီးမှ

"ခင်လေး ဒီနေ့ အဝတ်အစားတွေ ပါသေးလား"

ခင်လေး ခေါင်းခါသည်။

"မပါဘူးကိုကို၊ မနက်ကအိမ်မှာ လူမလစ်လို့ ဘယ်လို သယ်လို့မရဘူး၊ သေတ္တာတစ်လုံးထဲမှာတော့ စုထည့်ပြီးသား မနက်ကျရင် နေ့လည်လောက် မဖြူ့ဆီ သွားမလားလို့"

ကျွန်တော် ခေါင်းညိတ်သည်။ ခင်လေး ဆက်ပြောပြ သည်။

"အဲဒါ ဒီနေ့မနက်ကပဲ ခင်လေးစဉ်းစားမိလို့ အိမ်က မနက်ဖြန်ကျရင် မဖြူနဲ့ ရုပ်ရှင်ကြည့်မယ်ဆိုပြီး ပြောထာ တယ်၊ အိမ်က ကားနဲ့သွားမှာဆိုတော့ အိမ်က သွားလို ခွင့်ပေးတယ်"





ကျွန်တော်က တစ်စုံတစ်ခုကို စဉ်းစားမိပြီး

"အဲဒီအချိန်မှာ ယူသွားလို့ မရရင် ဘယ့်နှယ် လုပ်မလဲ င်လေး"

ခင်လေး ခေါင်းညိတ်၍

"အဲဒါ ခင်လေး တွေးပြီးသားပါ၊ တစ်ခါတည်းယူလို့ ရရင် အပြန်မှာ မဖြူကို အိမ်ခေါ်လာခဲ့မယ်၊ မဖြူကို ပြန် ့ရင်းနဲ့ ယူသွားမယ်၊ သေတ္တာက သိပ်မကြီးပါဘူး၊ နောက်ဆုံး ထုတ်လို့မရမချင်း မဖြူနဲ့ ထိုင် စကားပြောနေ ယ် ကိုကိုရယ်"

"အင်း၊ ဒါဆိုမဆိုးဘူး၊ နောက်ဆုံး ခင်လေးရယ်၊ ဘယ် ိမှ ထုတ်မရလဲ မယူခဲ့နဲ့တော့ပေါ့၊ အရေးကြီးတာက ဝတ်အစားထက် ခင်လေးပါ၊ အဝတ်အစားက ဘယ်မှာ ယ်ဝယ် ရပါတယ်"

ခင်လေးက ပြုံး၍

"မရဆိုတာ မရှိပါဘူးကိုကိုရဲ့၊ ခင်လေးကလဲ ဖြစ်ချင်တာ ိုရင် ဖြစ်တဲ့ နေရာကနေ ဖြစ်အောင် လုပ်တတ်ပါတယ်၊ ိုကို့ ခင်လေးပဲဥစ္စာ"

ကျွန်တော့် လေသံကိုယူ၍ ပြောလိုက်သော ခင်လေး၏ အမူအရာကြောင့် နှစ်ယောက်သား ရယ်လိုက်ကြသည်။

ထိုစဉ် ကျွန်တော် တစ်ခု သတိရလိုက်သည်။

"ဪ...ခင်လေး၊ အရေးကြီးတာ တစ်ခု ပြောမလို့"

ခင်လေးအံ့အားတသင့် မော့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်လေး အိမ်က ထွက်လာတဲ့အခါ လက်ဝတ်လက်စား တွေ အကုန်ထားခဲ့၊ ပြီးတော့ အဝတ်အစား အသင့်အ ကလဲ့လို့ အဖိုးတန်ပစ္စည်းတွေ၊ အဖိုးတန်အဝတ်တွေ အ မှယူခဲ့နဲ့၊ ခင်လေးကလဲ့လို့ တခြား ဘာမှ အဖိုးတန်သ မှဝါစေနဲ့"

ခင်လေးက ကျွန်တော့်ကို အရည်လဲ့နေသော မျက်ဝ လေးများဖြင့် အတန်ကြာခန့် စိုက်ကြည့်သည်။ ပြီးမှ ကျွ တော့်ကို လှမ်းဖက်၍

"ကိုကိုရယ်"

ကျွန်တော့်ရင်ခွင်တွင် မျက်နှာကပ်လာသော ခင်လေး၏ ပူနွေးနွေးအရည်အဝတ္တေကို ရသည်။ အို.... ခင်လေး ငိုနေပ လား။

"အို ဘာလို့ငိုရတာလဲ ခင်လေးရဲ့"

ခင်လေးက ပြောလိုက်တာမှ ပို၍ရှိုက်သည်။ အငိုမငေ သော်လည်း ကျွန်တော့်ရင်ခွင်ကို မျက်နှာကပ်၍ သူပြော သည်။ လေသံသည် လုံးနေသော်လည်း ပီသပါ၏။

"ခင်လေး ငိုတာ ဝမ်းနည်းလို့မဟုတ်ပါဘူး ကိုကိုရယ် ဝမ်းသာလွန်းလို့ပါ၊ ခင်လေး ကိုကို့ကို သိပ်ချစ်သလို သိ လေးစားပါတယ်၊ ကိုကို ခင်လေးကို တစ်သက်လုံး ချစ်သွား မယ်နော်၊ ခင်လေးလေ ကိုကို့ကို သိပ်ချစ်တာပဲ"

သူ့အငိုကို ချော့ရန်ပြင်သော ကျွန်တော်သည် ကျွန်တော့် မျက်လုံးအိမ်မှ ဝဲ၍ကျလာသော မျက်ရည်စကို မထိမ်းနိုင် တော့။





ဩြ်....အချစ်ဆိုတော ဖြူစင်သန့်ရှင်း မှန်မြတ်လှသည့် အာကလေးသည် ဝမ်းသာလွန်းသော မျက်ရည်များကိုလည်း ခန့်တီး ပေးတတ်ပါ၏။

တကယ့်ကို မလှမ်းသော မျက်ရည်များပါတကား။

*



www.burmeseclassic.com

www.burmeseclassic.com

၄။

"အဲဒါပဲ အမေ၊ အမေ့သဘော ဘယ်လို ရှိသလဲဆိုတာ သား သိချင်လို့ပါ"

ကျွန်တော့်စကား ဆုံးသောအခါ အမေ မျက်မှောင်ကျုံ့သည်။ အမေ့မျက်နှာပေါ်တွင် ကျွန်တော် အဓိပ္ပာယ်မဖော်နိုင်သော အရိပ်များ လွှပ်ရှားသွားသည်။ အမေ့ထံမှ ပေါ်ထွက်လာမည့်စကားသံကို ကျွန်တော် စိုးရိမ်တကြီး စောင့်မျှော်နေမိ၏။

အမေ့မျက်လုံးများသည် ဆိုင်ခေါင်းရင်းတွင် ချိတ်ထားသော အဖေ့ဓာတ်ပုံကို အတန်ကြာ စူးစိုက်ကြည့်နေ၏။

အမေ ကျွန်တော်ဘက်လှည့်လာသည်။ အမေ့နှုတ် ခမ်းများ လှုပ်ရှားရန် ပြင်လိုက်သောအခါ ကျွန်တော့်ရင်သည် တထိတ်ထိတ်ခုန်လျက်၊ အမေ့ထံမှ မမျှော်လင့်စဖွယ် ထူးဆန်းသောစကားကို ကြားရသည်။

"ယုပ်ပေါ့သား၊ ဘာဖြစ်လဲ။ ကျန်တဲ့ကိစ္စတွေ အားလုံးက နောက်လုပ်ယူရင် ရတာပဲ၊ အချစ်ဆိုတာကို ဘယ်လိုလုပ်ပြီး





ထပ်ရှာလို့ ရမလဲ၊ သားမှာ အခက်အခဲရှိရင် အမေ့ကြိုး စားပြီး ထပ်ရှာမှာပေါ့"

ရင်ထဲတွင် ဝမ်းသာတုန်ရီသော စိတ်ဖြင့် မျက်လုံးတွင် မျက်ရည်များ ရစ်ဝိုင်းလာသည်။ အမေ ဆက်ပြောပြန်သည်။

"သား....ပညာရေးတော့ မထိခိုက်စေချင်ဘူးကွယ်၊ လောလောဆယ် အမေ့မှာရှိသမျှလေး ထုခွဲပြီး အဆင်ပြေအောင် လုပ်ယူတာပေါ့။ သားလဲ နောက်ဆို ဝင်ငွေရှိမယ့် ဉစ္စာပဲ"

အမေ့ စကားသံနှင့်အတူ ဈေးတောင်ဘက် ဂူကျောင်းပြင်ကြီးဆီမှ ဥသြငှက်သံသဲ့သဲ့ကို ကြားရ၏။ နွေဦး၏ ဥသြသံသည် တက်ကြွရွှင်လန်းသော နိမိတ်ကို ဆောင် နေ သည် ဟု ခံစားရသည်။

ခင်လေးကို ပြန်ပြောပြလျှင် ခင်လေးမည်မျှ ဝမ်းသာလိုက်လေမည်နည်း။ ကျွန်တော်တွေးမိ၏။

*

လရောင်သည် အိမ်တံစက်မြိတ်တွင် ချိတ်နေ၏။

ပြန့်ကျဲသွားသော လရောင်အပိုင်းအစများသည် သစ်ရွက်အကြိုအကြား ကြားတွင် ဟိုတစ်ကွက် သည်တစ်ကွက် စွန်းပတ် ဝင်ရောက်နေ၏။

ဆောင်းလက်ကျန် အအေးဖျော့ဖျော့နှင့်အတူ နွေဦး၏ အငွေ့အသက်များကို ခံစားရသည်။ အိမ်ရှေ့ရှိ ဗန်ဒါပင်သည် လေပွေ့လိုက်တိုင်း ဝါရွှေသော ရွက်ကျင်များ တဖြုတ်ဖြုတ် ပြုတ်၍ လွင့်ဝဲလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်ဒါရိပ်မှ အမေ့လက်ရာ မြေတလင်း ပြောင်ပြောင်ခေ

သည် လရောင်အောက်တွင် ဖြူးနေ၏။

လက်ထဲမှ ဆေးပေါ့လိပ်ကို ပြာခြွေလိုက်ပြီး ပြာကြွေသွားသော ဆေးလိပ်ကိုယူ၍ တစ်ဖွာခန့် ရှိုက်သွင်းလိုက်သည်၊ မီးခိုးများကို ပြန်ထုတ်လိုက်သောအခါ လရောင်ထဲတွင် မီးခိုးဖြူများသည် ခင်လေးဖြစ်၍ ပျောက်ကွယ်သွား၏။

ကျွန်တော် သက်ပြင်းတစ်ချက် ဟင်းခနဲ ချမိသည်။

ကျွန်တော့် ခေါင်းထဲတွင် အချစ်နှင့်ပတ်သက်၍ အခုအခါ ဖြစ်တတ်သည့် ပြဿနာအလုံးစုံကို သက်ငြိမ် ပန်းချီကားတစ်ချပ် ရှေ့တွင်ချ၍ ကိုယ့် အခြေအနေကိုယ် ပြန်စမ်းစစ်ကြည့်သလို စဉ်းစားနေမိ၏။ အချစ်နှင့်ပတ်သက်၍ အခုအခါဖြစ်တတ်သော ပြဿနာများကို တွက်ကြည့်သည်။ ပြဿနာတစ်၊ နှစ်ယောက်ကြားရှိ အချစ်ပြဿနာ၊ ခင်လေးကို ကျွန်တော် ချစ်သည်။ ကျွန်တော်ချစ်သကဲ့သို ခင်လေးကလည်း ကျွန်တော့်ကို နှစ်နှစ်ကာကာ သစ္စာရှိရှိ ချစ်သည်။ ကျွန်တော့်ဘက်က ခင်လေးနှင့် ပတ်သက်လာလျှင် ခေါင်းရှေ့ကဆီး၍ ဘီလူးတစ်သောင်း စောင့်စေဦး၊ ရှေ့ကခံ၍ ဂုမ္ဘာန်တစ်ထောင် စောင့်ကြပ်ဦး၊ ကျွန်တော်ကတော့ လျှော့တော့မည်မဟုတ်၊ ခင်လေးကလည်း ကျွန်တော်က လက်ကမ်းလျှင် သမုဒ္ဒရာတစ်ဘက်ကမ်းမှ ဖြစ်စေ ပြေးလာမည့်သူ၊ ထားတော့ ပြဿနာတစ် ပြေလည်ပြီ။

ပြဿနာနှစ်၊ ဘဝအဆင့်အတန်း ကွာခြားချက်ပြဿနာ။ ဒါကလည်း သိပ်စဉ်းစားစရာတောင်မလိုပါ။ ခင်လေး၏အဆုံးအဖြတ်၊ ခင်လေးရဲ့ ရဲဝံ့ပြတ်သားမှု၊ ခင်လေး၏ အချစ်သစ္စာ





ရှိမှုနှင့် ကျွန်တော်၏ ယုံကြည်မှုတို့ကြားတွင်ပင် မှုန်မှုန် ညက်ညက် ကြေ၍ ပျောက်ပျက်သွားပြီ။ ပြဿနာနှစ် ရှင်းသွားပြီ။

ပြဿနာသုံး၊ လူမျိုးရေး၊ ဘာသာရေး၊ ဝင် ဆောက်ဖက်မှုပြဿနာ။ ဒါကတော့ ရှင်းပါသည်။ ကျွန်တော်တို့တွင် ဒီကိစ္စများနှင့် ပတ်သက်၍ ကံကောင်း ထောက်မစွာပင် တစ်ချက်တစ်လေမျှ မရှိ၊ ပြဿနာသုံး ကိုယ်နှင့် မဆိုင်။

ပြဿနာလေး၊ ဘဝကိုတည်ဆောက်ရမည့် စီးပွားရေးပြဿနာ။ သည်တစ်ချက်ကဖြင့် ကျွန်တော့်နှင့် တည့်တည့်ဝင်တိုးနေပြီဖြစ်၏။ လက်ရှိအနေအထားအတိုင်းတွင် ကျွန်တော်တို့မှာ ပညာရှာဆဲ ကျောင်းတစ်ပိုင်းတစ်စ၊ တွက်ကြည့်လျှင် နောက်ထပ် သုံးနှစ်ကျော်ကျော် ဘွဲ့ရအောင် လုပ်ရဦးမည်။

ဟူးခနဲ လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်မိ၏။

အချစ်သည် သမီးရည်းစားဘဝ၌ အဖိုးတန်လှပဆုံးသောအရာဖြစ်သော်လည်း အိမ်ထောင်မှုအတွက်ပါ စဉ်းစားသောအခါ အချစ် တည်တံ့ရပ်တည်နိုင်ရေးအတွက် စီးပွားရေးပြဿနာက ရှေ့တန်း တက်လာ၏။

အချစ်တစ်ခု တည်တံ့ခိုင်မြဲရေးနှင့် အိမ်ထောင်သည်ဘဝ သာယာရေးကိုတွက်လျှင် ပထမ စားစရာဖူလုံဖို့ကိစ္စ၊ ဒုတိယ ဝတ်စရာ ဆင်စရာ သင့်တင့်ရုံ၊ တတိယ နေစရာ ထိုင်စရာ၊ အနည်းဆုံးအားဖြင့် အခန်းလေးတစ်ခန်း၊ ကျွန်တော်တို့အတွက်မူ ပိုလာသည်က ပညာသင်စရိတ်။

www.burmeseclassic.com



နိုင်ငံတော်မှ ထောက်ပံ့ထားသော ပညာသင်ထောက်ပံ့ကြေးစတိုင်ပင်မှာ အိမ်ထောင်ပြုပြီးသည်အထိ ဆက်လက်စားခွင့်ရှိမရှိ မသေချာ။ စာမေးပွဲကျလျှင် မရတော့တာတော့ သေချာသည်။ သို့သော် စည်းကမ်းချက်အမှတ်ကိုးမှ အကယ်၍ ပညာသင်ထောက်ပံ့ကြေးရရှိပြီး ယင်းထောက်ပံ့ကြေးကို ဆက်လက်၍ ပေးရန်မလိုသည့် အချက်အလက်များ တွေ့ရှိပါက ရပ်ဆိုင်းပစ်မည်ဆိုသော စကားသည် မှည်မျှအထိ အကျုံးဝင်သနည်း ကျွန်တော်မသိ။

အဲ...တစ်ခုတော့ရှိသည်။ ကျူရှင်မှရသည့် လခလေးသည် ကျောင်းပြန်ဖွင့်ချိန် မေလမှစ၍ အဆင်ပြေနိုင်သည်။ အမေ့ထံမှ လောလောဆယ် ရနိုင်သော ငွေကို မလိုချင်သော်လည်း ကျွန်တော့်အတွက်တော့ ယာယီပမာ အထောက်အပံ့အဖြစ် ထားနိုင်သည်။

အင်း....ကျူရှင်ဆိုမှသတိရသည်။ မတ်ချိလသည် ကျောင်းသားများ စာမေးပွဲရာသီ၊ သည်ရက်များမှာ ကလေးတွေစာမေးပွဲ မပြီးသေးလျှင် ကျွန်တော် တစ်နေရာရာ ထွက်သွား၍ ဖြစ်မှဖြစ်ပါမလား။

ဘာပဲဖြစ်ဖြစ် မိန်းမခိုးပြီဆို အနည်းဆုံးတစ်ပတ်၊ နှစ်ပတ်ထားပါလေ.... တစ်ပတ်ပဲတွက်ပါဦး၊ ဖြစ်ပါ့မလား၊ ကလေးတွေများ ကသိလင်တဖြစ်များကုန်မလား။

အေးလေ...ထားပါတော့။ ဒါကတော့ ဆရာဦးမြင့်မောင်နှင့် ညှိယူကြည့်ပေါ့။ တစ်ခုခုတော့ဖြစ်အောင် စီစဉ်ရမှာပဲ





ပေါ့၊ ဖြစ်ချင်တာတွေ ဖြစ်ချင်သလောက်မဖြစ်ရင် ဖြစ်နိုင်သလောက်တော့ ဖြစ်ရပေမပေါ့။

"ယောကျ်ားပဲကွာ၊ မင်းမှာရှိနေတဲ့ လုံ့လတွေ၊ ဝီရိယတွေငွေတွေ၊ သတ္တိတွေ ဘယ်သွားထားပစ်ရမလဲ၊ ဆရာတစ်ယောက်ပြောဖူးသလိုပေါ့၊ ရှက်မရှိရင် တက်နဲ့လှော်မယ်၊ တက်မရှိလဲ လက်နဲ့ လှော်ရမှာပေါ့၊ အလကားရေနစ် ရေစုန်မျောတာတော့ ဘယ်ခံနိုင်မလဲ၊ မင်း ဆိုဆိုနေတဲ့ကိုယ့်ဒူးကိုယ်ချွန်ဆိုတဲ့ သီချင်းလေးလဲ အားနာပါဦး"

ကိုယ်တွင်းမှ ဒုတိယအသံသည် ကျွန်တော့်ကို ပြတ်ပြတ်သားသား ဝင်ပြော၏။ စဉ်းစားမိသလောက် ပြဿနာတွေကုန်ပြီ ထင်လိုက်သည်။

အို ဘာပဲတွေ့တွေ့ပေါ့။ ရအောင်ရင်ဆိုင်မယ်။ ရအောင်အနိုင်ယူမယ်။ ပြဿနာရှိသေးရင်လဲ ဖွတ်ကြား ပြဿနာပဲကျွန်တော့မှာ ဟု တွေးသည်။

ကျွန်တော့်မှာ ကျွန်တော်ဆိုတဲ့ ယောကျ်ားတစ်ယောက်သဲရှိပြီ။ ကျွန်တော့်ကို သိပ်ချစ် သိပ်အားကိုးတဲ့ ချစ်သူတစ်ယောက်လဲရှိပြီ၊ ကျွန်တော့်ကို ခင်မင်ယုံကြည်ပြီး ကျွန်တော့်ကို အဆမတန် ကူညီကြတဲ့ သူငယ်ချင်းတွေလဲရှိပြီ။ ပြီးတော့ သူငယ်တွေရဲ့ အချစ်ကို နားလည်ပြီး ကိုယ်ချင်းစာတတ်တဲ့ အမေလဲရှိပြီ၊ ဘာလိုသေးသနည်း။ အောင်ပွဲသည် ရှေ့မှာရောက်နေပြီကော။



www.burmeseclassic.com

www.burmeseclassic.com



အတွေးနှင့်အတူ တစ်ခါက ခေတ်သုံးခေတ် အငြိမ့်သ
ဇာတ် ကတုန်းက ပေါ်ဦးပြုတ်ခဲ့သည့် ပြက်လုံးလေးကို
မဆိုင် တွေးလိုက်မိသည်။

"သာအောင်ကွာ၊ သာမောင်ကွာ၊ ပြီးတော့ ငါပါ
ဒါမှမကောင်းဘူးဆိုရင်လဲ ရီးမှမတတ်နိုင်တော့ဘူး" ဟူ

ကိုယ့်အတွေးနှင့်ကိုယ် ပြုံးလိုက်မိသည်။

ထိုင်နေရာမှ ညောင်းလာသဖြင့် ထရပ်လိုက်သည်။ နေ
ကူး လေအေးကို တဝရှူသွင်းလိုက်၏၊ ရင်ထဲတွင် အားမ
သစ်များ ပြည့်လာသလို ခံစားလိုက်ရသည်။

ရင်သည် ထူမတ်လာ၏။

ဈေးနား ရဲစခန်းမှ သံချောင်းခေါက်သံ ဆယ့်တစ်ချ
ပေါ်ထွက်လာ၏။ တက်လာသော လမင်းကို ရှင်လန်းတက်
စွာ ကြည့်လိုက်မိသည်။

လမင်းသည် ပြုံး၍ကြည့်နေ၏။

ရင်ထဲတွင် လန်းဆန်းလာသဖြင့် စိတ်လက်ပေါ့ပါးသည်
နောက်တစ်နေ့မနက်ကို ခရီးပြန်ထွက်ရဦးမည်ဖြစ်ရာ အိပ်ဖို့သ
ပြီဟု တွေး၍ အိမ်ရှေ့ ရေကပြင်ပေါ်သို့ ခြေလှမ်းတက်လို
သည်။

တက်လိုက်သော ခြေလှမ်းနှင့်အတူ ကျွန်တော် နှစ်သက်
လန်းခဲ့သော ဆရာမနုဖြူကျော်ထွန်း၏ တိုက်ပွဲပျော်ကဗျာ
မှ နောက်ဆုံးပိုဒ်လေးကို အားရပါးရ ရေရွတ်လိုက်၏။





ရှေ့ကဆီး၍ ခရီးလမ်း ထဲ
သစ်ပင်လှဲမလား။
ရှေ့က ကန့်၍ အထန့်အတား
ဆူးတွေထားမလား။
ယောက်ျားတော့ နော်
တိုက်ပွဲပျော်
ကျွန်တော်တိုက်ရင်း တက်မှာပဲ။
ခေါင်းကိုမော့ပစ်လိုက်၏။
နက်ဖြန့်တိုင်းဟာ ရက်ရာဇာသာတကား။

*



www.burmeseclassic.com

www.burmeseclassic.com

# နိဂုံးပိုင်း

ကဲ့ တော်ရွှတ်ဖရ

www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေနေ့-နံနက် ၈ နာရီ။

အပြန်တွင် ဆရာဦးမြင့်မောင်ထံ ဝင်ရဦးမည် ဖြစ်သဖြင့် ...မှ ခပ်စောစော ထွက်ခဲ့သည်။

ကားပေါ်တွင် အခမဲ့စကားသံများ တစ်ရစ် ဝဲဝဲ ကြား ...ောင်နေမိသည်။ အမေသည် ကျွန်တော့်ကို ကားထွက်သည် ...ထိ မဟန့်။

"သား ယောကျ်ားနော်၊ ဖြစ်ချင်တာရှိရင်ဖြစ်အောင်လုပ်၊ ...မှားသာ မလုပ်မိစေနဲ့"

"ပြီးတော့ ဖြစ်ချင်တာတွေ ဖြစ်မလာရင်လဲ စိတ်မလျှော့ ...အားမငယ်နဲ့၊ လူဆိုတာ အစမှာ ဘယ်တော့မှ လိုချင် ...သလို ဖြစ်မလာဘူး၊ အခက်အခဲမျိုးစုံတွေမှာပဲ၊ သား ဒါ ...တွေကို ကျော်နိုင်ပါ၊ ပြီးတော့ လောကဓံကို ခံနိုင်ပါ၊ ကံ ...ယုံပါ၊ ဉာဏ်နဲ့ ဝီရိယကို အမြဲ ယှဉ်သုံးပါ၊ လောကမှာ ...ယ်ဖြစ်ချင်သလိုတော့ ဘယ်တော့မှ မဖြစ်ဘူး သား၊ ဒါ ...မယ့် ကိုယ်လုပ်ရမယ့် အလုပ်ကိုတော့ လုပ်ကိုလုပ်ရမှာပဲ"

ကျွန်တော့် နားထဲတွင် ခင်လေးကို ပြောခဲ့သည့် စကား ...ားကို ပြေးသတိရလိုက်သည်။

စေတနာ စာပေ

www.burmeseclassic.com

www.burmeseclassic.com



"နှစ်ယောက်စလုံး ကျောင်းဆက်တက်နိုင်ရင် မ
ဘူးလား ခင်လေး"

တစ်ဆက်တည်းမှာပင် ခင်လေး၏ စကားလေး တ
လည်း အမှတ်ရသည်။

"ခင်လေးကြောင့် ကိုကို့ ပညာရေးကို မထိခိုက်ပ
ကိုကိုရယ်"

ရင်ထဲကလည်း တိုးတိုးလေး ပြန်ပြောမိ၏။

"ကိုကို့ ပညာရေးလဲ မထိခိုက်စေရဘူး၊ ခင်လေး
ရေးလဲ မထိခိုက်စေရဘူး ခင်လေး၊ ကိုယ် ယောကျ်ား
ကိုယ် ကြိုးစားပါ့မယ်၊ လောကမှာ လူမတတ်နိုင်တဲ့
မရှိသေးပါဘူး"

ရင်ထဲ ကျေနပ်သွား၏။

တက်ကြွသော စိတ်ဖြင့် ပြန်လာသော ကျွန်တော့်မှာ
စရာ အလုပ်တစ်ခုသာ ကျန်တော့၏။ ဦးမြင့်မောင်နှင့် တိုင
ပြီး ကလေးများ ကျောင်းစာမေးပွဲတွင် မထိခိုက်စေဘဲ ကျ
တော် မည်သို့ လှုပ်ရှားရမည်ကို ညှိရန်သာ။

*



၂။

တနင်္ဂနွေနေ့ နံနက် ၁၁ နာရီ။

ဆရာ ဦးမြင့်မောင်ထံမှ ကြားလိုက်ရသော စကားကြောင့် ရင်ထဲ မောခနဲဖြစ်သွား၏။

"ဆရာ့ကိုယ်ရေးကိုယ်တာ ကိစ္စဖြစ်နေတော့ ကျွန်တော်လဲ ပြောရခက်တယ်ဆရာ၊ ဒါပေမယ့် ဒီအချိန်ဟာ ကလေးတွေ အတွက် အရမ်း အရေးကြီးနေတဲ့ အချိန်ပဲ"

ကျွန်တော် သက်ပြင်း ချလိုက်မိသည်။ ကျွန်တော့်မျက်လုံးထဲတွင် ကလေးများ၏ မျှော်လင့်တက်ကြွနေသော မျက်နှာကို မြင်လာ၏။ ဘာလုပ်ရမည်နည်း။ ဘာလုပ်ရမည်နည်း ဆိုသော အတွေးများ ရင်တွင်း၌ ပဲ့တင်ထပ်လျက်....

"ဆရာက ဘယ် ရက်လောက် မှန်းထားလဲ"

ကျွန်တော် ခေါင်းခါရင်း

"ဒါတော့ ကျွန်တော် တိတိကျကျပြောလို့ မရသေးဘူး ဆရာ၊ ကျွန်တော်တို့ ကျောင်းမပိတ်ခင်တော့ ဖြစ်မှာအမှန်ပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျောင်းပိတ်သွားရင် ကျွန်တော် ဘာလုပ်လို့ လုပ်ရမယ်မှန်း သိမှာမဟုတ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဆရာက စားပွဲကို လက်ဖြင့် တတောက်တောက်ခေါက်ရင်း စဉ်းစားသည်။ ကျွန်တော့်ခေါင်းထဲတွင် အကြံတစ်ခု ပေါ်လာ၍

"အဲဒီရက်ထဲမှာ ကျွန်တော် တစ်ယောက်ယောက်ကို အစားထိုးထားလို့ မရဘူးလားဆရာ"

ဆရာ ဦးမြင့်မောင်က ခေါင်းညိတ်၍

"ကျွန်တော်လဲ ဒါကိုပဲ စဉ်းစားတာပဲ ကိုထွန်းဝေ၊ ဆရာကိုထွန်းဝေက ဘယ်နှစ်ရက်လောက် ရှောင်တိမ်းနေမှာမို့လဲ"

ရှောင်တိမ်း ဆိုသော စကားသည် သူက အလှပဆုံးစကားလုံးဖြင့် ရွေးချယ်ပြောလိုက်သော်လည်း ကျွန်တော့်ရင်ထဲတွင် နင့်ခနဲဖြစ်သွား၏။ သို့သော် တခြားစကား ရွေးချယ်သုံးစရာလည်း မရှိ။ မှန်လည်းမှန်နေသည်။ ထို့ကြောင့် စကားလုံးထက် သူ့အမေးကို အမြန်ဆုံးပြန်ဖြေနိုင်ရန် တွက်ချက်မှုလေးတစ်ခု ကပျာကရာ ပြုလုပ်ရသည်။

"အလွန်ဆုံး တစ်ပတ်ပေါ့ဆရာ"

"ဟုတ်ပါ့မလား ဆရာ၊ တကယ်လို့ဟိုဘက်က မိဘတွေက အပူတပြင်း ပြဿနာလိုက်ရှာရင် ဘယ့်နှယ်လုပ်မလဲ"

သူ့မေးခွန်းသည် ကျွန်တော် ကြို မ စဉ်းစား ထား သော ကိစ္စများဖြစ်သဖြင့် ကျွန်တော့်ဆီမှ အဖြေစကားသည် ရုတ်ချည်းမတုန့်ပြန်နိုင်။ ခေါင်းထဲတွင် ဖျတ်ခနဲ ပေါ်လာသော အဖြေကိုသာ မေးမိ၏။

"ကျွန်တော်တို့ ချက်ချင်း လက်မှတ်ထိုးလိုက်မှာပဲ ဆရာ။ သူတို့ ဘာလုပ်လို့ ရမှာမို့လဲ"





ဆရာ ဦးမြင့်မောင် ပွင့်ပွင့်လင်းလင်း ရယ်သည်။ အရယ်ရပ်၍ ပြောသော စကားတွင်မူ အားနာသံ ပါနေ၏။

"ကျွန်တော် ရယ်တာကိုတော့ စိတ်မဆိုးနဲ့နော်၊ ဆရာ ကလေးတွက် တွက်သလိုများဖြစ်နေမလားလို့၊ မိန်းမခိုးတယ် ဆိုတဲ့ကိစ္စမှာ နှစ်ယောက် လက်မှတ်ထိုးပြီးရုံနဲ့ စိတ်ချရပြီလို့ ပြောနိုင်ပါ့မလား"

ကျွန်တော် စဉ်းစားတွေးနေဆဲ သူဆက်ပြောပြန်သည်။

"ကျွန်တော်ပြောတာ ဆရာစိတ်ဓာတ်ကျသွားအောင်ပြောတာ မဟုတ်ဘူးနော်၊ ဒါမျိုးဆိုတာ ကိုယ့်ဘက်က ပိုင်ပိုင်နိုင်နိုင်လုပ်နိုင်မှ၊ တစ်ယောက်နဲ့ တစ်ယောက် ရုံးတက် လက်ထပ်ပြီးမှ မယ်တစ်မြို့ မောင်တစ်ရွာတွေ တပုံကြီး၊ အဝေးကြီးသွားမကြည့်နဲ့၊ ကျွန်တော်တို့ လင်မယားကိုပဲကြည့်"

စားပွဲ မျက်နှာပြင်ပေါ် ရောက်နေသော အကြည့်သည် သူ့ထံ ချက်ချင်းကူးသွား၏။ ကျွန်တော့်အဖို့လောကကြီးတွင် တွေ့သမျှ အရာအားလုံး တူးဆန်းနေပြီလားမဆိုနိုင်။ သူက ခနဲ့တတ်သော အပြုံးကိုပြုံးရင်း ဆက်ပြောသည်။

"ကျွန်တော်လဲ ဆရာ ကိုထွန်းဝေလို အဖြစ်မျိုးနဲ့ ကြုံပြီးရအောင်ခိုးခဲ့တာပဲ ဆရာ၊ ဒါပေမယ့် လက်မှတ်ထိုးပြီး ပထမမင်္ဂလာဦးညနဲ့ ဒုတိယ မင်္ဂလာဦးည ကြားမှာ သုံးနှစ်လောက် ကြာခဲ့တယ်၊ ကျွန်တော် ဘယ်လိုက်လို့ ဘယ်လိုက်ရှာရမှန်း မသိတဲ့ အချိန်မှာ ကျွန်တော့် အမျိုးသမီးက ကျွန်တော်နဲ့ မိုင်တစ်ထောင်နီးပါးဝေးတဲ့ အရပ်မှာ မျက်ရည်ကျရှုံ့ပြီး ဘာမှ မလုပ်တတ် ဖြစ်နေခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖြစ်က ကျွန်တော် တွေးလိုက်သည်ထက်ပင် နည်းနည်း ပိုနေသေး၏။ ကျွန်တော့်မှာ ပြောစရာတစ်ခုသာ ရှိတော့သည်။

"ကျွန်တော် ကလေးတွေကို သံယောဇဉ်ကြီးပါတယ် ဆရာ၊ ကျွန်တော် မျှော်မှန်းတဲ့ အချိန် အတော အတွင်းမှာ ကျွန်တော့် ကိစ္စ မပြီးရင် ကျွန်တော့် ကိစ္စထက် ကလေးတွေ့ ကိစ္စကို အရင်လာလုပ်ပါမယ်၊ ကလေးတွေ စာမေးပွဲကထဲ လိုတော့တာမှ မဟုတ်ဘဲ"

ဦးမြင့်မောင်က ပြုံး၍ ကျွန်တော့်ကို ကြည့်ရင်း

"ဆရာ့ စိတ်ဓာတ်ကို ကျွန်တော် သဘောပေါက် ပါတယ် ဆရာ၊ ကျွန်တော်လဲ ဆရာနေရာမှာ နေရင်တော့ ဆရာ့လိုပဲ လုပ်ရမှာပဲ၊ တာဝန်ရှိတယ် ဆရာရေ၊ လုပ်မယ် ဆိုရင်တော့ စောစောယာလုပ်၊ နည်းနည်းစောရင် ဆရာ့ အတွက် နည်းနည်းပိုအဆင်ပြေမှာပဲ၊ ပြီးတော့ ကျွန်တော် ဘာကူရမလဲ ပြော"

"ဟာ ရပါတယ် ဆရာ၊ အခုလို အဆင်ပြေအောင် ကြံဖန် စီစဉ်ပေးမယ်ဆိုတာလဲ ကျေးဇူးတင်ပါတယ်"

ဆရာ့ကို နှုတ်ဆက်၍ ပြန်လာချိန်တွင် ကျွန်တော့် ခန္ဓာကိုယ်သည် တိမ်ပေါ်၌ လမ်းလျှောက်ရသကဲ့သို့ ဖြစ်နေ၏။

မနက်ဖြန် ခင်လေးကို ပြောစရာ စကားတွေ အများကြီး ဖြစ်နေပါပကော။

*



၃။

တနင်္ဂနွေနေ့၊ နေ့လယ် ၂-နာရီ

နွေဦး....လေရူးတွေလဲ မြူးပြီလေ....ကံ့ကော်ပွင့်လဲ ဖူးလို့နေ....သစ်ရွက်တွေ မြေမှာလူးကာ....ဥဩငှက်တွေ တွေတော့....ချစ်ရက်တွေရှည်ရှည်....

ရာမညဆောင်ရှေ့ ဝင်းတံခါးမှ ဝင်လိုက်သောအခါ အမရ ဆောင် ရှေ့ဘက် ပိတောက်ပင်ကြီးများဆီမှ ဥဩငှက်သံကို ကြားရပြန်သည်။ သည်နှစ် နွေဦးသည် အစောကြီး ရောက်လာသည် ထင်မိ၏။

စိတ်ထဲတွင် ရှင်နေသောစိတ်ကြောင့်တွ တေးသိန်းတန်၏ ချစ်ရက်ရှည်ရှည် အင်းယားမြေ သီချင်း တစ်ပိုင်းတစ်စ လေးကို ခပ်တိုးတိုး ဆိုနေမိသည်။

သို့သော် ဆက်ဆိုရမည့် အပိုဒ်လေးကိုမူ နှုတ်သည် တုန့်ခနဲ ဖြစ်သွား၏။ ဆက်ရမည့် နေရာက

"သည်အခါ သည်သမယ ခွဲကြရမယ့်အခြေ၊ အချိန်တန် အိမ်ပြန် ရပေမယ့်၊ ကိုယ့်လိပ်ပြာက မင်းရဲ့ ထံမှာနေ့....အင်းယားကိုလဲ မမေ့နိုင်ပေ...." တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မဆိုချင်ပါ။ ခုလို မင်္ဂလာယူသော အချိန်တွင် ကျွန်တော် နိမိတ်မရှိ နမောမရှိ စကားလုံးများ မသုံးချင်ပါ။

တက္ကသိုလ်မှ ကံ့ကော်ရွက်လေးများသည် အလွမ်းကို ကြိုသော ကံ့ကော်ရွက်ရေ မဖြစ်ချင်ပါ။ အချစ်ကိုဖွဲ့သော၊ အပျော်ကိုကြိုသော ကန့်ကော်ရွက်ရေသာ ဖြစ်ချင်ပါ၏။

ကံ့ကော်ရွက်ရေ ဆိုသော စကားလုံးလေးကို အထပ်ထပ် ရွတ်ကြည့်နေမိသည်။ သည်စကားက ခင်လေးဆီမှ ကြားရသော စကား၊ အလှပဆုံး စကားလေးပင်။

ကံ့ကော် စပွင့်သော နေ့က အဖြစ် ကလေးကို သတိရမိ၏။

ထိုနေ့က ခင်လေးတို့ လက်တွေ့လုပ်ရသည့်နေ့၊ ခင်လေးက အိမ်ကို ညာတာပါတေးလုပ်၍ ကျောင်းကို စောစော လာသည်။ ကျွန်တော်တို့ နှစ်ယောက်က သိပ္ပံခန်းမဆင်ဝင် အောက်မှ ဗဟိုစာကြည့်တိုက်ဘက်သို့ လျှောက်လာခဲ့ကြသည်။

ဗဟိုစာကြည့်တိုက်ရှေ့ ရောက်သောအခါ ခင်လေးက အလန့်တကြား ပြောသည်။

"ဟယ်....ဟိုမှာ ကံ့ကော်တွေ ကိုကို"

ကျွန်တော် အပင်ပေါ် လှမ်းကြည့်သည်။ အပင်များပေါ်တွင် ကံ့ကော် တစ်ပွင့် တလေမျှပင် မရှိတော့။ တချို့နေရာတွင် အဖူးလေးများသာ ရှိသည်။

"ဘယ်မှာလဲ၊ ခင်လေးရဲ့"





ကျွန်တော် ယောင်ချာချာ ဖြစ်နေခြင်းကို ခင်လေးက အားမလို အားမရဟန်ဖြင့် ကျွန်တော့် လက်မောင်း အင်္ကျီ စကို ဆွဲရင်း

"ခြော်....ကိုကိုကလဲ့ တလွဲတွေ လျှောက်ကြည့်နေတယ် ဟိုမှာ"

သူပြသည့်နေရာက ကျွန်တော် ကြည့်သည့်နေရာနှင့် မိလွှာ ကျွန်တော် ကြည့်နေသည့်နေရာက ကျွန်တော်တို့၏ အနောက် အရပ် ကံ့ကော်ပင်ပေါ် အမြင့်၊ သူပြသည့်နေရာက အရှေ့ အရပ်၊ တက္ကသိုလ်စာကြည့်တိုက် လှေကားအေား အုတ် ပေါ်မှ ဗန်းကလေးနှင့် ထည့်ရောင်းနေသော ကံ့ကော် ပွင့်များ၊ အနိမ့်။

"ဝယ်ရအောင်"

ခင်လေးသည် ကံ့ကော်ပွင့်များကို ကြည့်ရင်း ကလေး တစ်ယောက်လို မြူးတူးနေသည်။

"လာ....ကိုယ် ဝယ်ပေးမယ်"

ကျွန်တော်က စာကြည့်တိုက်ဘက် ခြေလှမ်းလိုက်ရင်း ဗန်းထဲမှ ကံ့ကော်ပွင့်လေးတစ်ပွင့်ကိုယူ၍

"ဘယ်လောက်လဲ ညီမ"

"တမတ်"

အင့်ကနဲတော့ ဖြစ်သွား၏။ သို့သော် တန်ပါသည်။ ကံ့ ကော်ဦးမဟုတ်လား၊ ပြီးတော့ ခင်လေးဖို့ ဝယ်ရမည့်

ခင်လေးက ဘာမှမပြောဘဲ ကျွန်တော့် လုပ်ရှားမှုကို အကဲခတ်သလို ပြုံးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နှစ်ပွင့် ယူမယ် ညီမ၊ ရော့....ကျပ်တန်အမ်း"

"ဘာလုပ်ဖို့ နှစ်ပွင့်လဲ ကိုကို၊ တစ်ပွင့်က ဘယ်သူ့ဖို့လဲ"

ဖျတ်ခနဲ ဝင်မေးလိုက်သော ခင်လေး စကားကြောင့် ကျွန်တော် သူ့ကို စောင့်ကြည့်ရင်း

"ဘယ်သူ့ဖို့ ရှိရမလဲ ခင်လေးရဲ့၊ ခင်လေးဖို့ချည်းပေါ့"

"ဟင့်အင်း၊ ဒါဖြင့် တစ်ပွင့်ထဲပဲဝယ်၊ ခင်လေး ဘယ်တော့မှ ပန်းနှစ်ပွင့် မပန်ဘူး"

ကျွန်တော်ရယ်လိုက်သည်။ လက်ထဲမှ ဒုတိယ ပွင့်ကို ပြန်ချလိုက်ရင်း

"ကဲ....ညီမရေ၊ တစ်ပွင့်ပဲတဲ့"

ကလေးမလေးကလည်း သဘောကျသလို ရယ်ရင်း သုံးမတ် ပြန်အမ်းသည်။

ပန်းပွင့်လေးယူပြီးသောအခါ ကျွန်တော်တို့ နှစ်ယောက် ကံ့ကော်တောဘက် လျှောက်ခဲ့ကြသည်။ စောသေးသဖြင့် ကံ့ကော်တောတွင် လူရှင်းနေသည်။ မြူနှင်းပွင့်များ အနည်းအပါးနှင့် ကံ့ကော်ပန်းနုံ့လေးများအပြင် ခုံတန်းလျားဗလာလေးများသာ ရှိ၏။

"ကိုယ်ပန်ပေးမယ်လေ"

ခင်လေးပါးပြင်တွင် ပါးချိုင့်လေး ခွက်သွား၏။ ကျွန်တော့်ဘက်ကိုလည်း ခေါင်းငဲ့ပေးရင်း ကလစ်ကလေး တစ်ချောင်း ကမ်းပေးသည်။





ကံ့ကော်ပွင့်လေးကို ကျွန်တော်ပန်ပေးနေစဉ် သူ့လက်ကလေးများသည် ကျွန်တော့်လက်များကို ဝိုင်းကူ၍ ပန်ပေးသည်။ ကျွန်တော်က သူ့ပါးနားကပ်ရင်း

"ဒါက ကံ့ကော်စာချုပ် ဒုတိယတွဲ"

ပြောရင်းနှင့်မှင် ကျွန်တော့်မျက်နှာသည် ဖျတ်ခနဲ နီးကပ်သွား၏။

"အိုး....လူတွေမြင်ပါ့မယ် ကိုကို....ရဲ့"

ခင်လေးပါးပြင်တွင် ပန်းရောင်သွေးလေး ဖျတ်ခနဲ ကူးသည်။ နှစ်ယောက်သား ခုံတန်းလေးပေါ်မှာ ထိုင်မိသည်အထိ အပြုံးလေးများ မပြတ်။

ခင်လေးက ကံ့ကော်ရွက်လေးတစ်ရွက်ကို ကောက်ယူရင်း ခပ်တိုးတိုးပြောသည်။

"မတော်တဆ ခင်လေးနဲ့ ကိုကိုများဝေးရင် ခင်လေးတော့ ကံ့ကော် ရွက်လေးတွေရေပြီး စောင့်ရင်း တမျှော်မျှော်နဲ့ နေရမှာပဲ ကိုကိုရယ်"

"ကိုကိုနဲ့ခင်လေးက ဘာလို့ဝေးရမှာလဲ ခင်လေးရဲ့၊ ကိုကိုက ခင်လေးနားက ဘယ်မှ သွားမယ့်သူမှ မဟုတ်တာ"

ခင်လေး ကျွန်တော့်ကိုမကြည့်၊ ကံ့ကော်ရွက်လေးကိုသာ ယုတယ ပွတ်သပ်ရင်း

"ပြောနိုင်ဘူး ကိုကိုရေ.... လောကဆိုတာ စိတ်ချရတာ မဟုတ်ဘူး၊ ဟိုတုန်းက စစ်သားတွေ စစ်ထွက်သွားရင်း ကျန်ရစ်တဲ့ ချစ်သူဟာ သပြေရွက်လေးတွေ ရေပြီး လွမ်းရှာသတဲ့၊ သပြေရွက်ဆိုတဲ့ သီချင်းတောင်ရှိသေး၊ ခင်လေးက



www.burmeseclassic.com

www.burmeseclassic.com



တော့ ကံ့ကော်ရွက်လေးတွေနဲ့ ကံ့ကော်ရွက် ရေလွှမ်းရွှေ
ခင်လေးတို့ ဘာဖြစ်မယ်ဆိုတာ ဘယ်ပြောနိုင်မလဲ"

ထိုစဉ်တုန်းက ခင်လေး စိတ်သက်သာရုံ အလွယ်တကူ
သိမ့်ခဲ့မိသော်လည်း ခုအခါတွင် ခင်လေးအတွက် စကား
တစ်ခွန်းကို စိတ်ထဲမှ ရည်စူး၍ ပြောလိုက်မိသည်။

"ဒီတစ်ခါ ကံ့ကော်ရွက်ရေကတော့ လက်ထပ်ရက်
အတွက် ကံ့ကော်ရွက်ရေပဲ ဖြစ်မယ် ခင်လေးရေ၊ လွှ
မဟုတ်တော့ဘူး"

လောကကြီးသည် ကျွန်တော့်ကို အရူးတစ်ကောင်
စောင့်ကြည့်နေမလား ကျွန်တော် မဝေခွဲတတ်။

အဘယ်ကြောင့်ဆိုသော်

နောက်တစ်စက္ကန့်ကျော်ကျော်တွင်ဖြစ်လာမည့်ကိုစွဲဆို
ကိုသာသိပါက ကျွန်တော် သည်ကဲ့သို့ ပျော်နိုင်မည် မဟု
သည်ကဲ့သို့ ကြည်နူးနိုင်လိမ့်မယ်မဟုတ်။ သည်ကဲ့သို့ ရွှင်
ချမ်းမြေ့နိုင်မည် မဟုတ်။

*



၅။

နောက်တစ်စက္ကန့်အကြာတွင် ရွှေဘိုဆောင်ဘေး တည့်တည့်
ကျွန်တော်ရောက်သည်။

လောနေသောစိတ်ကြောင့် ကံ့ကော်ပင်တန်းများကြားမှ
ဖြတ်၍ ရွှေဘိုဆောင်ဘက် ချိုးဝင်သည်။

"ဟင်"

စိတ်ထဲတွင် ဒိတ်ခနဲဖြစ်သွား၏။

အဆောင်ရှေ့ ဆင်ဝင်အောက်တွင် ဆီဒင်ကားအနီလေး၊
နံပါတ်မှာ ခင်လေးတို့ကားနံပါတ်။ သေချာသည်။ သည်
ကားသည် ခင်လေးတို့ကား။

ရင်ထဲတွင် အလိုလိုသိတတ်သော အာရုံကြောင့်လား မသိ၊
ခင်လေးတို့ကားကို မြင်လိုက်သည့်အခါ ရင်ထဲတွင်ဒိန်းခနဲတုန်
လှုပ်သည်။ ပျော်စရာအဖြစ်တစ်ခု သို့မဟုတ် ခင်လေးများ
ရောက်နေမလား ဆိုသောအတွေးထက် ဘာများလဲ ဘာများ
ဖြစ်လို့ပါလိမ့် ဆိုသောစိတ်သည် ရုတ်တရက် ရင်ကိုပူလောင်
သွားစေ၏။ ချက်ချင်း အဆောင်ထဲ ပြေးဝင်ချင်စိတ် ပေါ်
လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲတွင် ရထားခုတ်မောင်းသံလို တဒိတ်ဒိတ်ခုန်၍ ရင်တခုလုံး ပုဇဉ်းတောင်ပံလို တလှုပ်လှုပ်တုန်လာသည်။

သိလိုဇောဖြင့် အဆောင်လှေကားကို ခုန်ကျော်တက်ရင်း ခပ်သွက်သွက် အပြေးအလွှား လှမ်းဝင်လိုက်သည်။

"ဟော…ထွန်းဝေ"

ကျွန်တော် အဆောင်တွင်း ရောက်ရောက်ချင်း ပေါ်ဦးက ဧည့်ခန်းတွင်းမှ ဖျတ်ခနဲ ထွက်လာသည်။ သူ့မျက်နှာမှာ သိသာသာ ပျက်နေသည်။ ကျွန်တော့်ရင်ထဲမှ စိုးရိမ်စိတ်သည် အရှိန်အဟုန်ပြင်းစွာ လိုက်ခုန်လာသည်။

"လာ ထွန်းဝေ မင်းကို စောင့်နေကြတယ်"

ပေါ်ဦး၏ အသံမှာ တစ်မျိုးဖြစ်နေကြောင်း သတိထားမိသည်။ ကျွန်တော် ဧည့်ခန်းတွင်းသို့ လျင်မြန်သော ခြေလှမ်းများဖြင့် လှမ်းဝင်လိုက်သည်။ မြင်ရသော မြင်ကွင်းကြောင့် ကျွန်တော် အရမ်းအံ့ဩသွားသည်။

ကျွန်တော်လုံးဝ မမျှော်လင့်သော မြင်ကွင်း။

ထိုနောက် ကျွန်တော် လုံးဝ မမျှော်လင့်ထားခဲ့သော အဖြစ်….

*



"ကိုထွန်းဝေ….ခင်လေးမရှိတော့ဘူး"

ကျွန်တော့်ကို မြင်မြင်ချင်း မဖြူသည် ဒရောသောပါးပြေးကာလာပြီး ကျွန်တော့ကို ဖက်၍ငိုသည်။

ကျွန်တော့် တစ်ကိုယ်လုံးမှ သွေးများရပ်တန့် သွားသည်။ ဝန်းကျင်ကိုလည်း ဂယောင် ချောက်ချား ကြည့်မိသည်။

ဧည့်ခန်းထဲမှ ကုလားထိုင်များရှေ့တွင် ကျွန်တော်ဝင်ဝင်ချင်း ထရပ်လိုက်သော လူသုံးဦးရှိနေသည်။ ခင်လေး၏ ဖေဖေ၊ မေမေနှင့် ကိုကိုလတ်။

ခင်လေး၏ မိခင်က မျက်နှာကို လက်ဝါးနှင့် အုပ်ရင်း ကြီးတငင် ငိုချလိုက်သည်။ ခင်လေး၏ ဖခင်က မျက်ရည်များ ရစ်ဝဲလျက် မျက်နှာကြီးတစ်ခုလုံး နီညိုနေပြီး အံကိုကြိတ်ထားသည်။

"ခင်လေးမရှိတော့ဘူး ကိုထွန်းဝေရဲ့၊ ခင်လေးမရှိတော့ဘူး သိလား၊ ခင်လေးသေပြီ"

ကျွန်တော့် အသိအာရုံ အားလုံး ရပ်ဆိုင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မဖြူအသံကနားထဲကို သံရည်ပူများ စီးဆင်းလာသ
ပူပြင်းလောက်မြိုက်စွာ ဝင်လာ၏။

သူ့စကားများ နားထဲတွင် ပဲ့တင်ရိုက်ခတ်နေသည်။

"ခင်လေးမရှိတော့ဘူး....ခင်လေး....သေပြီ....ခင်လေး
တော့ဘူး....ခင်လေးသေပြီ....ခင်လေးမရှိတော့ဘူး.... ခင်
သေပြီ၊ ခင်လေး...."

ကျွန်တော့်မျက်လုံးအစုံသည် လွန်မင်းစွာ ကျယ်ဝင်
သည်။

"ဘယ်လို....မဖြူ၊ ဘာဖြစ်တယ်"

"ခင်လေးမရှိတော့ဘူး၊ ခင်လေးဆုံးသွားပြီ၊ ကိုထွန်း
သိပ်ချစ်တဲ့ ခင်လေး လောကမှာ မရှိတော့ဘူး သိရဲ့လာ
ရိုက်သံငိုသံများသည် တစ်ခန်းလုံးထဲတွင် ပဲ့တင်ရိုက်နေ

ဧည့်ခန်းကြီးတစ်ခုလုံးသည် သုသာန်တစပြင်သကဲ့သို့
နေသည်။

လောကကြီးကို ကျွန်တော် ချောက်ချားစွာ ကြည့်
၏။

ကျွန်တော့်နားကို ကျွန်တော်မယုံ။ ရင်တွင်းက သံ
သည် မဖြူ၏စကားများကို ခါးခါးသီးသီး ငြင်းဆန်နေသ

ပေါ်ဦးကို ဖျတ်ခနဲကြည့်သည်။ ဆောက်တည်ရာမဲ့သေ
အကြည့်။

ပေါ်ဦး ကျွန်တော့်ကို စူးစူးစိုက်စိုက် ကြေကွဲစွာကြည့်
အောက်နှုတ်ခမ်းကို ကိုက်လိုက်သည်။ ပြီးမှ တုန်ရီသော
သံဖြင့်





"ဟုတ်တယ် ထွန်းဝေ၊ ခင်လေး နေ့လယ်က ဆုံးသွား
ယ်၊ ခုမဖြူက မင်းကို အတင်းလာခေါ်ခိုင်းလို့ လာကြတာ၊
င်လေးမရှိတော့ဘူး"

ကျွန်တော့်တစ်ကိုယ်လုံး နှတ်ပူးသကဲ့သို့ တုန်ရီလှုပ်ရှားလာ
သည်။ ရင်ထဲတွင် လှိုင်းတံပိုးများဖြောင်းဆန်ကျလာ၏။ တစ်
ကိုယ်လုံး ချာချာလည်နေသည်။

မမျှော်လင့်သောအဖြစ်၊ လုံးဝ မယုံကြည်နိုင်စရာ အဖြစ်၊
ယ်တော့မှ ယုံစားလိမ့်မည်မဟုတ်သော မယုံနိုင်စရာအဖြစ်၊

အို....မယုံ....မယုံ....ကျွန်တော်မယုံ။ စိတ်ထဲက ငြင်းဆန်နေ
သော်လည်း အသိက လက်ခံနေ၏။ မျက်လုံးထဲတွင် လောက
ကြီးသည် တအားလင်းထိန်လာသည်။ တဖန် ရုတ်ချည်း မည်း
မှောင်သွားပြန်သည်။ လင်းလိုက်မှိန်လိုက်နှင့် ကျွန်တော့် အာရုံ
များ ထွေပြားလာသည်။ မယုံဘူး....မယုံဘူး၊ သည်မြင်ကွင်း
များအားလုံးကို ကျွန်တော်မယုံနိုင်။

ကျွန်တော့်မျက်နှာကို မော့ကြည့်၍ မဖြူ ဆတ်ခနဲ ကိုယ်
ခွာသည်။

"ကိုထွန်းဝေ သတိထားနော်၊ ကိုပေါ်ဦး သူ့ကိုမြော
ဦး"

ကျွန်တော် ဘယ်သူ့ကိုမှ ဂရုမစိုက်နိုင်တော့။ ကျွန်တော့်
ခန္ဓာကိုယ်တွင် ထိန်းချုပ်ခြင်း လုံးဝမရှိတော့။ လက်သီးကို
တင်းတင်းဆုပ်လိုက်ပြီး အံကို ပြုတ်ထွက်မတတ် ကြိတ်၍
ခြင်း ပေါ်ဦးရှိရာ နံရံဘက် လျှောက်လာသည်။ ပေါ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ကြောင်ကြည့်နေ၏။ ကျွန်တော့် ကိုယ်တွင်းမှာ ဘာအသိ
မရှိ။

"ထွန်းဝေ သတိထားကွာ၊ တို့အားလုံးလဲ မင်းလိုပဲ ခံစား
နေကြရတာပါ"

သူ့အသံထဲ ငိုသံနှင့် ကြေကွဲသံ ရောနေ၏။

မျက်လုံးအစုံကို တအား မှိတ်လိုက်မိသည်။ မကြား
တော့။ နားထဲတွင် ဘာမှ မကြားချင်တော့။ ရင် တွင်း
ပေါက်ကွဲထွက်လာသော စကားများကို အသံကုန် အော်လို
မိသည်။

"မယုံဘူး၊ ငါမယုံဘူး၊ မင်းတို့အားလုံး ငါ့ကို ညာတာ
ခင်လေး မသေဘူး၊ ခင်လေး ဘယ်လိုမှ မသေဘူးကွ
ခင်လေးနဲ့ ငါပြောပြီးသား၊ ခင်လေးနဲ့ ငါယူတော့မယ်၊
အားလုံး စီစဉ်မြီးပြီ၊ ငါ အားလုံး စဉ်းစားပြီးပြီ၊ ခင်လေး
ငါလာခေါ်တာ၊ ခင်လေးရှိတယ်၊ ခင်လေးရှိတယ်၊ ဘာ
မလဲ ခင်လေး မသေဘူး၊ ဘယ်တော့မှ မသေဘူးကွ"

အော်လဲအော်....ပြေးလဲပြေး၊ နံရံကို ခေါင်းနဲ့ ပြေ
အတိုက် လှုပ်ရှားမှုအားလုံး တပြိုင်နက် ဖြစ်သွားသည်။

နံရံသည် ကျွန်တော် မျက်စိရှေ့တွင် ဝါးခနဲ က
သွား၏။

"ဟေ့ကောင်....ထွန်းဝေ"

ပေါ်ဦး၏ တအားအော်ခေါ်သံ ကြားသည်။ ဒိုင်း
ဆောင့်သံနှင့်အတူ ကျွန်တော့် မျက်လုံးထဲတွင် မိုက်ခနဲ ဖြ





သွား၏။ နဖူးတပြင်လုံး ဒုန်းခနဲ အသံနှင့်အတူ ကျင်ခနဲ
ဝူခနဲ ဖြစ်သွား၏။

နံရံ၏ အေးစက်သောအထိက ကျွန်တော့် မျက်နှာဖြင့်
တွေ့လိုက်သည်။ နဖူးတွင် စိုစွတ်စေးထန်းသော အတွေ့ကို
ရ၏။ ထိုးဘက်လာသော နာကြင်မှုကို ခံစားလိုက်ရသည်။

ကျွန်တော့် ခန္ဓာကိုယ်သည် ကြိုးမပြတ်သော ရုပ်သေးရုပ်
ကဲ့သို့ ခွေခနဲ ပုံကျသွား၏။

လောကလည်း အမှောင်ဖုံးပြီ။ ကျွန်တော် မှိုင်းသွားပါပြီ
ကော။

*



www.burmeseclassic.com

www.burmeseclassic.com

ပြီ။

ပတ်စန်းကျင်ကို သတိပြုမိသော အချိန်တွင် ကျွန်တော့် မျက်လုံးများထဲ မျက်ရည်တို့ဖြင့် ရွဲရွဲစိုနေသည်။

အားလုံး၏ စိုးရိမ်သော မျက်ရည်၊ ပြည့်လျှမ်း သော၊ ကြေကွဲသော၊ ယူကျုံးမရသော မျက်နှာများသည် ကျွန်တော့်ဆီ ဝိုင်းအုံနေ၏။

ကျွန်တော့်တစ်ကိုယ်လုံး ပေါ်ဦးရင်ခွင်ထဲရောက်နေသည်။ ကျွန်တော် ဖျတ်ခနဲ ထရပ်လိုက်၏။

"ပေါ်ဦး၊ ငါ့ကို သေချာပြောစမ်း ပေါ်ဦး၊ ခင်လေး ခု ဘယ်မလဲ၊ ဘာဖြစ်တာလဲ၊ မနေ့ကပဲ ခင်လေးနဲ့ ငါ တွေ့တယ်၊ ခု မရှိတော့ဘူးဆိုတာ ငါမယုံဘူး ပေါ်ဦး၊ မင်း ငါ့ကို မညာနဲ့၊ ခု ခင်လေး ဘယ်မလဲ၊ ခင်လေး ရှိကိုရှိတယ်"

ပေါ်ဦး ကျွန်တော့် လက်မောင်း နှစ်ခုကို သူ့လက် နှစ်ဖက်ဖြင့် ဆုပ်ကိုင်သည်။

"ထွန်းဝေ၊ မင်းစိတ်ကိုမင်း ထိန်းစမ်း ထွန်းဝေ၊ ငါ ပြောပြမယ်၊ အားလုံးကို မင်းနားလည်အောင်ပြောပြမယ်၊ လာ ခဏလေးထိုင်"





ကျွန်တော် ခေါင်းကို တအား ခါရမ်းပစ်သည်။

"မထိုင်ဘူး ပေါ်ဦး၊ မင်း ငါ့ကို ပြောစရာရှိတာ ပြော၊ ငါသိချင်တယ်၊ ငါ စိတ်မထိန်းနိုင်လို့ သေသွားသွား၊ ဒါ အရေးမကြီးဘူး၊ ခု ခင်လေး ဘယ်မလဲ ပြော"

ပေါ်ဦး မျက်လုံးအစုံကို မှိတ်သည်။ သက်ပြင်း တစ်ချက် ချလိုက်၏။ ပြန်ပွင့်လာသော သူ့မျက်လုံးများတွင် မျက်ရည် ကြည်များ ရစ်ဝိုင်းနေသည်။

"ဒီနေ့ နေ့လယ်က ဆယ်နှစ်နာရီခွဲပွဲ ရုပ်ရှင်ကြည့်မယ် ဆိုပြီး ခင်လေးကားနဲ့ ထွက်သွားတယ် ထွန်းဝေ၊ မဖြူနဲ့ သွားမလို့ ဆိုပြီး မဖြူဆီ သွားတာပဲ၊ လမ်းမှာ ကားတိုး ပေါက်တယ်၊ ဒါနဲ့ ခင်လေးက သူသိပ်နောက်ကျနေမယ်၊ မဖြူအိမ် သူသွားနှင့်မယ်၊ ဒရိုင်ဗာကို မဖြူအိမ်လိုက်ခဲ့ဆိုပြီး လမ်းမှာ မောင်းနှင်လာတဲ့ သုံးဘီးကားတစ်စီးကို တားတယ်၊ မင်းသိတယ် မဟုတ်လား၊ မင်းအကျင့် လုပ်ပေးလို့ ခင်လေး သုံးဘီးစီးတတ်နေတာလေ"

ပေါ်ဦးအသံပြောရင်းတိမ်ဝင်သွားသည်။ ကျွန်တော့် ရင်ထဲ နင့်ခနဲ ဖြစ်သွား၏။ ကျွန်တော်သူ့မျက်နှာကို စေ့စေ့ ကြည့်မိသည်။

ခင်လေးသည် ကျွန်တော်နှင့်သွားရန် အဝတ်အစားများ ကို မဖြူဆီပို့ရန်အတွက် သွားသော အသွားပါလား။ ခင် လေး၏ နောက်ဆုံးခရီးသည် ကျွန်တော့်ထံလာသော အသွား



www.burmeseclassic.com

www.burmeseclassic.com



ပါလား။ ကျွန်တော့် ရင်ထဲမှလည်း အူကလီစာများသည် ထ
စစီ ပျက်ကြွေလွင့်ကုန်ပြီ ထင်လိုက်ရ၏။

"အေး....သူတားစီးလိုက်တဲ့ကားမှာက အိမ်တွင်းစက်မှုလု
ငန်းတစ်ခုမှာသုံးဖို့ ဓာတ်ဆီ ပုံးသုံးပုံးသယ်လာတယ်၊ ဓာ
ဆီသုံးပုံးနဲ့ လူတစ်ယောက်ပဲပါလာတာမို့ ကားက ချောင်ချေ
တယ်၊ ခင်လေးနဲ့လဲလမ်းကြုံတာမို့ ဒီကားနဲ့စီးဖြစ်သွားတယ်"

သူဆက်ပြောမည့် ဖြစ်ပျက်ပုံကို ကြိုရိပ်မိလာသလို ဖြစ်လာ
သည်။ ရင်ထဲတွင်အပူလုံးတစ်ခု လှုပ်ရှားလာသည်။ နားထဲတွင်
ပေါ်ဦးအသံများ လျှံလာ၏။

"သူလိုက်သွားတဲ့ကားက ကုက္ကိုင်းမီးပွိုင့်ကျတော့ မီး
ဝါကို ဖြတ်ကူးတယ်၊ တစ်ချိန်ထဲမှာပဲ ရန်ကုန်ဘက်က တအား
မောင်းလာတဲ့ ဂျစ်ကားတစ်စီးက အရှိန်ထိန်းမရတော့ဘဲ ခင်
လေးတို့ သုံးဘီးကိုဝင်တိုက်တယ်၊ တိုက်တိုက်ချင်း သုံးဘီးကား
မှောက်သွားပြီး ဓာတ်ဆီပုံးတွေကမီးထလောင်တယ်၊ ခင်လေး
ရောကားပေါ်ပါလာတဲ့ လူတစ်ယောက်ရော၊ ဒရိုင်ဘာရော
တစ်ယောက်မှ အသက်မရှင်ဘူး"

"ငါမယုံဘူး"

ကျွန်တော့ပါးစပ်မှ ကျယ်လောင်သောအသံ ပေါက်ထွ
သွားသည်။ ရင်ထဲမှာ နာကျင်ဆို့ကျပ်သော ခံစားမှုဖြင့်လု
သည် တုန်တုန်လှုပ်လှုပ် ဖြစ်လာ၏။ ပေါ်ဦးက ကျွန်တော့်
စကားကို အရေးမယူပဲ သူပြောရမည့်စကားကို ဆက်ပြော
သည်။





"အဲဒါ ဆေးရုံကို မင်းလိုက်ကြည့်ဖို့ လာခေါ်တာ"

ကျွန်တော့် တစ်ကိုယ်လုံးဆတ်ခနဲ တုန်သွားသည်။

ဖျတ်ခနဲ ကျန်လူများဘက်သို့ ကြည့်လိုက်မိ၏။ မှန်ဝါး
သောအကြည့်တွင် အားလုံး၏ ကြေကွဲဖွယ်မျက်နှာများ
ရက်စက်လိုက်တဲ့ ကံကြမ္မာရယ်....

*



www.burmeseclassic.com

www.burmeseclassic.com

ရှ။

"အား"

ရင်ထဲတွင် နာကျင်စွာ ဆောင့်တက်လာသော ခံစားမှုနှင့် အတူ မျက်စိနှစ်ဘက်ကို တအား ပိတ်လိုက်မိသည်။ ဆိုးရွားလှသောမြင်ကွင်း၊ မမြင်ဝံ့စရာမြင်ကွင်း။

တစ်ခန်းလုံး ငိုသံများ ဆူညံသွား၏။

ကျွန်တော့် မျက်လုံးများမှ မျက်ရည်များရေသွန်သကဲ့သို့ စီးကျလာသည်။

ခင်လေးသည် မြင်ရက်စရာ မရှိတော့။

ခါးအထက်မှစ၍ တစ်ကိုယ်လုံး မီးလောင် ကျွမ်းထားသည့် ဒဏ်ကြောင့် မဲမှောင်ဖူးကြွကာ တချို့နေရာများ၌ အရိုးမျှ သာရှိတော့၏။

ခင်လေးနှင့်တူသောအရာ တစ်ခုမှမရှိတော့။ ပကတိ မဲနက်လောင်ကျွမ်းနေသောအသားစများ ကပ်ငြိနေသဖြင့် မီးသွေးသာသာ အရိုးမျှသာရှိတော့သည်။

ကျွန်တော့် စိတ်ထဲ တစ်စုံတစ်ခုကို သတိရလိုက်သည်။





ကျွန်တော့် မျက်လုံးများသည် ချက်ချင်းပင် ရှပ်ကလာပ်၏ ခြေထောက်ရှိရာ ရောက်သွား၏။ ဖြူဖွေးနုထွတ်၍ အစွန်းအတွ မရှိသော ခြေထောက်လေးသည် ပွန်းရာ ပဲ့ရာများဖြင့် အရှုပ် ဆိုးပျက်စီးနေသည်ကြားမှ နဂိုအလှကိုဖမ်းနိုင်သည်။ သိသိသာသာ ဖြူဆွတ်နေခြင်းသာ ပိုသည်။

ခင်လေးဖြစ်ကြောင်း သံသယဖြစ်စရာ မရှိတော့။

တစ် ကမ္ဘာ လုံး တွင် သည့် ခြေ ထောက် မျိုး လေး သည် ခင်လေးမှအပ မည်သူ့ထံမှမရှိ။

ကျွန်တော် မှတ်မှတ်မိမိ စွဲလန်းခဲ့သော ခြေထောက်လေးသာ မတွေ့ရလျှင် ခင်လေးဟု ကျွန်တော်မည်သို့ ယုံရမည်နည်း။

ကျွန်တော်နံရံကို ပြေးကန်၍ ရှိုက်ကြီးတငင် ငိုချလိုက်သည်။

တစ်ခန်းလုံးတွင် အသားကျွမ်းသည့် ညှော်နံ့များ မွှန်နေ၏။

ခင်လေး၏မိခင်သည် လက်ထဲတွင်တစ်စုံတစ်ခုကိုင်ရင်း ကျွန်တော့်နားသို့ ချဉ်းကပ်လာ၏။

"ဒါ...သမီးဆီက နောက်ဆုံးပြန်ရတဲ့ ပစ္စည်းကလေးပဲ ကလေး"

ငိုသံပါကြီးနှင့်ကျွန်တော့်ပခုံးကို ဖက်၍ ရှိုက်ရင်းခင်လေး၏ မိခင်ပေးသော ပစ္စည်းလေးကို လှမ်းကြည့်လိုက်သည်။

တခြမ်းကျွမ်းနေသော ဆလင်းဘက်ကလေး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကပျာကယာလှမ်းယူ၍ အိတ်ကို ဖွင့်လိုက်သည်။ အိတ်ထဲတွင် တစ်ပိုင်းတစ်စ ကျန်ရှိသော ပလပ်စတိတ်အိတ်က လေးကို ဆွဲထုတ်လိုက်သည်။

အတွင်းမှ ကံ့ကော်ရွက်မီးတခြမ်း ကျွမ်းလေး ထွက်လာ သည်။

ကျဆင်းနေသော မျက်ရည်စများကို မျက်တောင်ဖြင့် အသာခတ်၍ ကြည့်လိုက်သည်။

ကံ့ကော်ရွက်လေးပေါ်တွင် ကျန်နေသော လက်မှတ်လေး က ကျွန်တော့်လက်မှတ်။ ခင်လေးလက်မှတ်လေး မရှိတော့။

ခင်လေးသည် ကျွန်တော်တို့နှစ်ဦး ယုံကြည်စိတ်ချစွာ ချုပ် နှောင်ထားသော ကံ့ကော်စာချုပ်လေးကို တစ်ဘက်သတ် ချိုးဖောက်ခဲ့လေပြီတကား။

*

မြကျွန်းသာမှာ ကံ့ကော်တွေပွင့်နေကြပြီခင်လေး ရေ...

ကံ့ကော်တောတစ်ခုလုံး မွှေးထုံသင်းပျံ့ နေလေ ရဲ့....

ဒါပေမယ့် ကိုယ့်ရင်ထဲမှာတော့ ကံ့ကော်တောဆို တာရော၊ ကံ့ကော်ပန်းဆိုတာရော၊ ကံ့ကော်ရွက်ဆို တာရော မရှိတော့ပါဘူး။

ခင်လေးဆုံးခဲ့ပြီးတဲ့နောက် ကိုယ့်ဘဝသာ အကြီး မားဆုံး တုန်လှုပ် ချောက်ချားမှုကြီးနှင့်အတူ ဘယ်လို မှ ဖြေမဆည်နိုင်အောင် ဖြစ်ခဲ့ရတယ်။

ကိုယ် သိပ်ချစ်ခဲ့ရတဲ့၊ ကိုယ် သိပ်မျှော်မှန်းခဲ့ရတဲ့၊ ကိုယ် သိပ်ပျော်ခဲ့ရတဲ့ တက္ကသိုလ်ကြီး တစ်ခုလုံးကို ကိုယ်စွန့်ခွာဖို့အထိ ဆုံးဖြတ်မိခဲ့တယ်။

အဲဒီလိုဆုံးဖြတ်လိုက်တာနဲ့ တပြိုင်နက် တစ်ခါက ခင်လေး ပြောခဲ့ဘူးတဲ့ စကားလေး တစ်ခွန်းက ကိုယ့်အတွေးကို လာကန့်ကွက်တယ်။





www.burmeseclassic.com

www.burmeseclassic.com



"ခင်လေးကြောင့် ကိုကို့ပညာရေးကို မထိခိုက်ပါစေနဲ့ ကိုကိုရယ်"

ဆိုတဲ့ စကားလေးပေါ့ ခင်လေး။

ဒီစကားလေးဟာ တက္ကသိုလ် ပရဝုဏ်အတွင်းကနေ တစ်ခါတည်း အပြီးအပိုင် ထွက်သွားဖို့ ပြင်နေတဲ့ ကိုယ့်ခြေလှမ်းတွေကို ရှေ့ကနေ ဖမ်းတားထားလိုက်သလိုပဲ။

တကယ်လို့များ မမျှော်လင့်ဘဲ ကိုယ်နဲ့ဝေးခဲ့ရင် ကံ့ကော်ရွက်လေးတွေ ရေတွက်ပြီး စောင့်မျှော်နေမယ်လို့ မှန်းမှန်းဆဆ ပြောခဲ့တဲ့ ခင်လေးရဲ့ စကားလေးတွေဟာ ခင်လေးကိုယ်တိုင် ကံ့ကော်တောထဲကနေ လာပြောနေသလိုပဲ။

တကယ်တော့ ကိုယ် တက္ကသိုလ်ထဲမှာ မနေချင်တော့တာတော့ အမှန်ပဲ ခင်လေး။

တက္ကသိုလ်တစ်ခုလုံးမှာခင်လေးကိုတွေ့နေရတယ်။

ကံ့ကော်တောက ခုံတန်းလျားလေးမှာ ခင်လေးတစ်ယောက်တည်း ထိုင်ပြီး ကံ့ကော်ရွက်ကလေးတွေရေနေတာကို ကိုယ်တွေ့တယ်။

တောင်ငူနဲ့ မန္တလေးကြားက တောင်ပိန္နဲပင်ရိပ်ခုံတန်းလျားလေးမှာ ခင်လေး တစ်ယောက်တည်း ကံ့ကော်မွှင့်လေး ပန်နေတာ ကိုယ်တွေ့တယ်။





ဘွဲ့နှင်းသဘင်ခမ်းမကြီးနဲ့ အောင်မြင်သူတို့ လှေကားတစ်များမှာ တစ်ခါတစ်ရံ ခင်လေး တွေငေးငေးလေး ထိုင်နေတတ်တယ်။

အပုန်းဖြေရိပ်သာထဲက ချစ်စရာပစ္စည်းလေးများရောင်းတဲ့ ဆိုင်ခန်းလေးတွေမှာလဲ ခင်လေး ခအာခအာပို့စကပ်လေးတွေ ရွေးဝယ်နေတတ်တယ်။

အင်းယားရေစပ်က အကြော်ဆိုင်လေးတွေမှာလဲ ခင်လေး အမြဲတမ်းလိုလို ဘူးသီးကြော်လေးတွေကို ချဉ်ရည်နဲ့ တို့တို့နေတတ်တယ်။

တစ်ခါတစ်ခါတော့ အဓိပတိ လမ်းမကြီးပေါ်မှာ ခင်လေးတစ်ယောက် မျက်လွှာလေးသိမ်းပြီး လမ်းလျှောက်နေတတ်တယ်။

နောက်ဆုံး ခင်လေးရယ်၊ ဦးချစ်ဆိုင်က ရွက်လှပင်တွေကြားမှာ မြုပ်နေတဲ့ စားပွဲအလွတ်လေးမှာတောင် ခင်လေးကို ရှာတွေ့တယ်။

တက္ကသိုလ်မှာ ကိုယ်ဘယ်လိုနေရတော့မလဲ။

ခုဆိုရင် တက္ကသိုလ်မှာ ကံ့ကော်တွေ ပွင့်နေကြပြီ။

ကံ့ကော်တောကို ဥဩငှက်လေးတွေလဲ အလည်လာနေကြပြီ။

သတိရတယ် ခင်လေးရယ်။

ကမ္ဘာကြီးရဲ့ အပြင်ဘက်၊ တက္ကသိုလ်နဲ့ အဝေးဆုံးတစ်နေရာမှာ၊ တစ်ယောက်တည်း အားရပါးရ အော်ဟစ်ခပြေးလွှားပြီး ငိုပစ်လိုက်ချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ခင်လေးရယ်....

ဘဝဆိုတာ ကိုယ်လုပ်ချင်တိုင်း လုပ်လို့ရတဲ့အရာမျိုးမှ မဟုတ်တာ၊ မျှော်လင့်ထားတဲ့အရာဟာ မျှော်လင့်သလိုဖြစ်၊ ရည်ရွယ်ထားတဲ့အရာဟာ ရည်ရွယ်သလို ဖြစ်နေရမယ်ဆိုရင်လဲ ဘဝဆိုတာ ဘယ်လိုလုပ်အဓိပ္ပာယ်ရှိတော့မလဲ၊ လူတွေအားလုံးဟာ ဝိမုတ္တိရသပေးစွမ်းနိုင်တဲ့ နိဗ္ဗာန်ရွှေပြည်ကို ရောက်ကုန်ကြပြီပေါ့။

တကယ်တော့ တို့များဟာ ဘဝရဲ့မျှော်လင့်ချက်တွေ ရည်ရွယ်ချက်တွေ ဖန်တီးတည်ဆောက်မှုတွေအားလုံးကို အပိုဟာကွက်မရှိအောင် တိကျတဲ့ အစီအမံတွေ အကြံအစည်တွေ ပြုလုပ်တတ်ကြတယ်။ အနိုင်ရရေး၊ အစိုးပိုင်ရေး၊ အောင်ပွဲခံရေးဆိုတဲ့ ရည်မှန်းချက်ပန်းတိုင် ကိုယ်စီအတွက် တစ်ယောက်နဲ့ တစ်ယောက် လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ တရားတွေ မာန၊ အာဃာတ၊ မစ္ဆရိယဆိုတဲ့တရားတွေနဲ့ အလောတကြီး တွေးနေတတ်ကြတယ်၊ ကြံစည်နေတတ်ကြတယ်။

ဒါပေမယ့် သူတို့အားလုံးဟာ တနေ့မှာမလွဲမသွေရင်ဆိုင်ရမည့် ပြဿနာကြီးတစ်ခုကိုတော့ ပြဿနာလေး အသေးအမွှား တစ်ခုအနေနဲ့တောင် ထည့်မစဉ်းစားကြဘူး၊ ဒီပြဿနာကြီးဟာ မျက်စိတမှိတ်





လျှပ်တပျက် တစ်စက္ကန့်ရဲ့ ဆယ်ပုံ တစ်ပုံ အတွင်းမှာ ကိုယ့်ကို အနိုင်ယူသွားနိုင်တဲ့ အချက်ကို ဘယ်သူမှ ထည့်မစဉ်းစားကြဘူး။

ကိုယ်တို့ကိုယ်တိုင်တောင်မှ အပရိက ပြဿနာတွေကို အဓိကလုပ် စဉ်းစားပြီး အဓိက ပြဿနာကြီးဖြစ်တဲ့ သေခြင်း တရား ဆိုတာ ကိုတော့ သာမည ပြဿနာလေး အနေနဲ့တောင် ထည့်မစဉ်းစားမိကြဘူး။

ပြဿနာပေါင်းစုံကို ထောင့်စုံကနေ အကွက်စေ့အောင် စဉ်းစားခဲ့တဲ့ ကိုယ်ဟာ တကယ့်ရန်သူကြီးကျတော့ နဲနဲလေးလေးမှ ထည့်မစဉ်းစားမိအောင် မေ့နေခဲ့တယ်။

တကယ့် ပြဿနာကြီးကိုမှ စဉ်းစားဖို့ မေ့နေခဲ့တယ်လေ။

နောက် ဆုံး တော့ သည် မေ့ ပျောက် ထား တဲ့ အကြောင်းတရားတစ်ခုကြောင့်ပဲ ကိုယ်တစ်ယောက် ခင်လေးကို လက်လွှတ် ဆုံးရှုံးပြီး လောကကြီးကို အနိုင်ပေးလိုက်ရတယ်။

လူတွေဟာ ကိုယ်တို့ အဖြစ်ကလေးကို သိရရင် ဘယ်လောက်များကောင်းမလဲ ခင်လေး။

ဘယ်လောက်ပဲအစွမ်းထက်တဲ့လူမဆို တစ်နေ့တော့ သူ့ကို အရှုံးပေးရမှာပဲ ဆိုတဲ့ အသိလေးတွေဟာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သူတို့ရင်ထဲမှာ ရှိနေရင် တိုက်မွှာကြီးဟာ ဘယ်လောက်ငြိမ်းချမ်းပြီး မေတ္တာတရားတွေ ဖုံးလွှမ်းနေမလဲ....လို့။

ဒါက တမျိုးရှုဒေါင့်ကပေါ့ကွယ်။

ဒါဖြင့်ရင် တို့များဟာ သူ့ကို အမြဲ အရှုံးပေးနေရမလားဆိုတဲ့ အမေးများ မေးလာရင်တော့ တို့များ အနေနဲ့ တမျိုးတွေးကြရဦးမယ် ထင်တယ်။

တို့လုပ်နေတဲ့အလုပ်ဟာလူတွေအတွက်၊ လူတွေနေတဲ့ နိုင်ငံအတွက်၊ ဒါမှ မဟုတ်ရင်တော့ အများကို မထိခိုက်စေမယ့် ကိုယ့်ရိုးသားဖြူစင်တဲ့ ကြိုးစားမှုလေး အတွက် နေမယ်ဆိုရင်တော့ တို့များဟာ ဒီကြောက်စရာကောင်းတဲ့သေခြင်းတရားကို သူ့သဘောအတိုင်း သူဆောင်နေဖို့ လျစ်လျူရှုရလိမ့်ဦးမယ် ထင်တယ်။

ဘာဖြစ်လို့လဲဆိုတော့ တို့ဘဝကို တို့ချစ်ဖို့ လိုအပ်တဲ့ အတွက်ကြောင့်ပဲ။ အရာအားလုံးဟာ အပျက်အစီး အဆုံးအရှုံးနဲ့ လွတ်တယ်ဆိုတာ မရှိဘူးမဟုတ်လား။

ဒါက သေခြင်းတရားနဲ့ ဆက်နွှယ်လို့ ခံရစားတဲ့ အယူအဆ။

ကိုယ့်တစ်ဦးချင်း အဖြစ်ကတော့ တစ်မျိုးပေါ့။





ယောကျ်ားဆိုတာ မျက်ရည်ကျဖို့ မသင့်ဘူးဆိုပြီး ပညာရှိကြီးတွေက ပြဋ္ဌာန်းထားခဲ့ပေမယ့် ခင်လေးနဲ့ ပတ်သက်လို့ ကိုယ်မျက်ရည် ကျပါတယ်၊ ယောကျ်ားကောင်းဆိုတာ မလွှမ်းမဆွေးရဘူး ဆိုပေမယ့် ကိုယ် ခင်လေးနဲ့ပတ်သက်လို့ လွမ်းပါတယ် ခင်လေး။ ဆွေးလဲ ဆွေးရပါတယ်။ ပြီးတော့လဲ ဆုတောင်းမိပါတယ် ခင်လေးရယ်။

အချစ်နဲ့ပတ်သက်လို့ ကမ္ဘာတည်အောင် ရာဇဝင်တင်လောက်တဲ့အထိ ရဲဝံ့ပြတ်သားခဲ့တဲ့ ခင်လေး၊ ကောင်းသုဂတိကို ရောက်ပါစေ....လို့။

ဒါပေမယ့် ခင်လေးရယ်....

အဓိပတိလမ်းပေါ်မှာ မျက်ရည်ရစ်ဝိုင်းပြီး ရပ်နေတဲ့ ကိုယ်ဟာ ရှေ့ခရီးလမ်းကို လှမ်းကြည့်မိတဲ့အခါ....

ကြေကွဲရခြင်းရဲ့ အထိမ်းအမှတ်အဖြစ် ကျနေတဲ့ မျက်ရည်ကြားမှ အဓိပတိလမ်းမကြီးက ဖြောင့်တန်းနေပါတယ် ခင်လေး။

ခင်လေးဆန္ဒ ပြည့်ရပါစေ့မယ်၊
ဒါပေမယ့် ....
သတိရတယ် ခင်လေးရယ်။

မြကျွန်းသာမှာ ကံ့ကော်ရနံ့နဲ့အတူ ကံ့ကော်တောကို ဥသြငှက်လေးတွေ အလည်လာနေပြန်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းက တက္ကသိုလ်မှာ....ဒီလိုပဲ ကံ့ကော်လေးတွေ ပွင့်ခဲ့တယ် ဆိုတာကိုတော့ ကိုယ်သေတဲ့အထိ မေ့ပစ်လို့ ရနိုင်တော့မှာ မဟုတ်ပါဘူး၊ အချစ်ဆုံး ခင်လေးရယ်....လို့။

ကြိုးစားပါဦးမည်



နွမ်ဂျာသိုင်း
၅-၂-၀၁

နွမ်ဂျာသိုင်း
တိုက် ၆၊ အခန်း ၃
ကြို့ကုန်းရိပ်သာ၊ အင်းစိန်
ရန်ကုန်မြို့။



www.burmeseclassic.com